# သစ္စပါရဂူကျမ်း

၂၁၃၄၈

မုံရွာခရိုင်၊ ကန္နီမြို့
ရွှေသိမ်တော်တောရဆရာတော် ဘုရားကြီး
စီရင်ရေးသားတော်မူအပ်သော

# သစ္စပါရဂူကျမ်း

ကို

မင်းကွန်း-ဓမ္မနာဒတိုက်
တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်
ကြည့်ရှုမှန်းမံပြင်ဆင်၍

မန္တလေးမြို့၊ ဒါးတန်းရပ်
ဒါးတန်းရေခဲနှင့် ဘိလပ်ရေစက်ပိုင်ရှင်
**ဘုရားအမကြီး - ဒေါ်ဒေါ်သန်း**
(နှင့်)
သား, သမီး, မြေး တစုတို့က
ဓမ္မဒါနပြုပါသည်။

.........

''ကိုယ်စိတ်နှစ်ဖြာ-ချမ်းသာတော်မူကြပါစေ၊''

အုပ်ရေ (၁၀၀၀)

# ဓမ္မဒါန ရိုက်နှိပ်လှူဒါန်းခြင်း
# အကြောင်းအရာနိဒါန်း

(ဇိရံ တိဋ္ဌတု သဒ္ဓမ္မော)

"စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပ-
ဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ
တုမှာကဉ္စ= ရဟန်းတို့.... အရိယသစ္စာလေးပါးတို့ကို
အနုဗောဓသိအားဖြင့် မသိခြင်း, ပဋိဝေဓသိအားဖြင့် မသိ
ခြင်း ဤအကြောင်းရင်းများကြောင့် ငါဘုရားနှင့်တကွ
သင်ချစ်သားတို့ပါ သံသရာစက်ရဟတ်၌ မရပ်မနား ပြေး
သွားကျင်လည်ခဲ့ရလှလေပြီ"

ဟူသော (ဝိနည်းမဟာဝဂ္ဂ၊ကောဋိဂါမဝတ္ထု- စသည်လာ) တရားဒေသနာတော်အရ သစ္စာလေးပါး တရားကိုမသိလျှင် သံသရာစက်ရဟတ် မရပ်နားမည်ကိုရင်း, သစ္စာလေးပါး တရားကို သိမြင်က သံသရာစက်ရဟတ် ရပ်နားမည်ကိုရင်း, မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့်အတိုင်း ရဟန်း,ရှင်,လူ သူတော်စင် ဟူသမျှတို့ သစ္စာလေးချက် တရားနက်ကို ပြက်ပြက်ထင်ထင် သိမြင်ကြ၍ သံသရာစက်ရဟတ် လျှင်မြန်စွာ ရပ်တန့်စေရန် ရည်သန် တောင့်တတော်မူ၍ မုံရွာခရိုင်၊ ကန္နီမြို့ ရွှေသိမ်တော်တောရဆရာ တော်ဘုရားကြီးသည် အကြောင်းအရာ မာတိကာ ပိုဒ်ပေါင်း (၁၀၀) တရာ တို့ဖြင့် တန်းဆာဆင်၍ စာမျက်နှာ ၅၂၀၊ ကျော် ရှိသော "သစ္စပါရဂူကျမ်း" ကို ရေးသားဖွင့် ဆိုတော်မူခဲ့ပါ သည်။

## ဓမ္မဒါန ရိုက်နှိပ်လှူဒါန်းခြင်း အကြောင်းအရာနိဒါန်း

ဆရာတော်ဘုရားကြီး ရေးသားဖွင့်ဆိုအပ်သော ထိုသစ္စပါရဂူကျမ်းကို ကြည့်ရှုသုံးသပ်တော်မူကြသမျှသော ပရိယတ္တိဝန်ဆောင်ကျမ်းတတ်ဂန်တတ် ဆရာတော်တိုင်းပင် လက်ခံနှစ်သက်တော်မူကြသည့်ပြင်၊ အထူးအားဖြင့် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သံဃနာယက မစိုးရိမ် ဆရာတော်ဘုရားကြီး ကလည်း "သစ္စပါရဂူကျမ်းမှာ စကားခွန်းတိုင်းခွန်းတိုင်းမှာပင် ပါဠိ, အဋ္ဌကထာ, ဋီကာ အကိုး သာဓကတို့နှင့် ပြည့်ဝစုံလင်သောကျမ်း ဖြစ်ကြောင်း" ချီးမွမ်းထောက် ခံ စ ကားမိန့်ကြားတော်မူအပ်ပါသည်။

မှန်ပါသည်— ဤသစ္စပါရဂူကျမ်းကြီးမှာ သစ္စာလေးပါးနှင့် စပ်၍ သိမှတ်လိုက်နာဖွယ် အနက်အဓိပ္ပါယ် အသွယ်သွယ်တို့ကို ထိုထို ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းတို့မှ အချက်အလက်စုံလင်စွာ စုဆောင်း ဖွင့်ပြထားသော ကျမ်းကြီးဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသူ တိုင်းရင်းသားတို့အဖို့ရာ သစ္စာလေးပါး အကြောင်းအရာစုံ စုဆောင်းထားသည့် ဓမ္မဟင်းလေးအိုးကြီးသဖွယ် ဖြစ်ရကား ကြည့်ရှုလေ့လာသူတိုင်းအား သစ္စာလေးပါးအတွက် အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်အမြင်တို့ကို အစဉ်အတိုင်း ပေးသွားနိုင်မည်မှာ ကေန်ပင်ဖြစ်ပါ၍—

ပရိယတ်ဝန်ဆောင် ပဋိပတ်ဝန်ဆောင် ဆရာတော်ဘုရားများလည်း နှစ်သက်လက်ခံ ချီးမွမ်းအပ်၍၊ သာသနာတော်အားလည်း အထူးကျေးဇူးပြုမည့် ကျမ်းကြီးတဆူ ဖြစ်သည်ကို နှစ်သက်ကြည်ညိုလှပါသောကြောင့် ထို ကျမ်းကြီး၌ စကားအဖြတ်အတောက် မှစ၍ လိုအပ်သမျှကို ကြည့်ရှုတည်းဖြတ် မွမ်းမံပေးပါရန် ဓမ္မဒါနရှင်ဖြစ်သည့် ဘုရားဒါယိကာမကြီး မန္တလေးမြို့ ဒါးတန်းရပ်ရေခဲ နှင့် ဘိလပ်ရေစက်ပိုင်ရှင် ဒေါ်ဒေါ်သန်း က, တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်ကို တောင်းပန်လျှောက်ထားအပ်သည့်အတိုင်း၊ တိပိဋကဓရဆရာတော်ကလည်း

နှစ်သက်ဝမ်းမြောက်စွာ သာသနာတော်နှင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်တို့ကို ကြည်ရုံကော်ရော် ပူဇော်သောအားဖြင့် မိမိဥာဏ်စွမ်း သိမှီသမျှ ထိုသစ္စပါရဂူကျမ်းကြီးကို ကြည့်ရှု တည်းဖြတ် သုံးသပ်မွမ်းမံ ပြင်ဆင်ပေးခဲ့ပါသည်။

ထိုသို့ ဖေါ်ပြရာပါ အကြောင်းအင်္ဂါရပ်တို့နှင့်ပြည့်စုံ၍ သာသနာတော်အား မှချကျေးဇူးများမည့် ဤသစ္စပါရဂူကျမ်းကြီးကို တည်းဖြတ်မွမ်းမံ ပြင်ဆင်ပေးပါရန် တောင်ပန်ရင်း အဘိယာစက ပုဂ္ဂိုလ်ဖြစ်သည့် မန္တလေးမြို့ ဒါးတန်းရပ်၊ ဒါးတန်းရေခဲနှင့် ဘိလပ်ရေစက်ပိုင်ရှင်, ဘုရားအမကြီး ဒေါ်ဒေါ်သန်း ( နှင့် ) သား,သမီး,မြေး တစုတို့က, ဓမ္မဒါန ( အမြိုက်ဒါန )၏ ဒါယိကာ ခံကြ၍၊ မန္တလေးမြို့ ဆိုင်းတန်းရပ် မန်းခေတ်ပုံနှိပ်တိုက်မှ သိုက်မြိုက်သပ်ယပ် တင့်တယ်စွာ စက်တင်ပုံနှိပ်အပ်ပါသည်။

"ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြပါစေ"

ဦးလှရွှေ

မန်းခေတ်ပုံနှိပ်တိုက်၊

၂၆-အာဇာနည်လမ်း၊ ဆိုင်းတန်းရပ်

မန္တလေးမြို့။

၁၃၂၃-ခု၊သီတင်းကျွတ်လပြည့်(အဘိဓမ္မာ)နေ့

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁။ | ပဏ္ဍာမကို ပြခြင်း .... .... .... | ၁ |
| ၂။ | နိဒါန်းကို ပြခြင်းအကြောင်း .... .... | ၄ |
| ၃။ | သစ္စာလေးပါးကို ပြခြင်းအကြောင်း .... | ၇ |
| ၄။ | သစ္စာလေးပါး၏ နက်နဲခက်ခဲ သိမြင်နိုင်ခဲသည်၏ အဖြစ်ကို ပြခြင်းအကြောင်း .... .... | ၁၁ |
| ၅။ | ဒုက္ခသစ္စာကို ပုစ္ဆာ၇ရှစ်ချက်ဖြင့် အမေးကို ပြခြင်းအကြောင်း။ .... .... .... | ၁၄ |
| ၆။ | အဘယ့်ကြောင့် ဒုက္ခမည်သနည်း— ဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... | ၁၅ |
| ၇။ | အဘယ့်ကြောင့် သစ္စာမည်သနည်း— ဟူသော ဒုတိယပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... | ၁၇ |
| ၈။ | အဘယ့်ကြောင့် ဒုက္ခသစ္စာမည်သနည်း— ဟူသော တတိယပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... | ၁၈ |
| ၉။ | ဒုက္ခသစ္စာ၏ လက္ခဏာစသည်ကားအဘယ်နည်း— ဟူသော စတုတ္ထပုစ္ဆာကိုဖြေရှင်း၍ပြခြင်းအကြောင်း | ၁၉ |
| ၁၀။ | ဒုက္ခသစ္စာ၏အာကာရတို့ကား အဘယ်နည်း— ဟူသော ပဥ္စမပုစ္ဆာကိုဖြေရှင်း၍ပြခြင်းအကြောင်း | ၁၉ |
| ၁၁။ | ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခကိုပြခြင်းအကြောင်း | ၂၅ |
| ၁၂။ | ဝိသေသဒုက္ခကို ပြခြင်းအကြောင်း.... .... | ၂၉ |
| ၁၃။ | ဇရာဒုက္ခကို ပြခြင်းအကြောင်း .... .... | ၃၆ |
| ၁၄။ | ဗျာဓိဒုက္ခကို ပြခြင်းအကြောင်း .... .... | ၄၀ |
| ၁၅။ | သုံးဆဲ့နှစ်ပါးသော ကမ္မကာရဏာကိုပြခြင်း အကြောင်း .... .... .... | ၄၄ |
| ၁၆။ | နှစ်ဆဲ့ငါးပါးသောဘေးကို ပြခြင်းအကြောင်း.... | ၄၉ |
| ၁၇။ | မရဏဒုက္ခကို ပြခြင်းအကြောင်း .... .... | ၅၆ |
| ၁၈။ | သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသကို ပြခြင်းအကြောင်း .... .... .... | ၅၉ |
| ၁၉။ | အပ္ပိယသမ္ပယောဂကို ပြခြင်းအကြောင်း .... | ၆၃ |

ဦးစေရ အကြောင်းအရာ မျက်နှာနံပါတ်
၂၀။ ပိယဝိပ္ပယောဂကို ပြခြင်းအကြောင်း .... ၆၄
၂၁။ ယံပိစ္ဆံ နလဘတိ ဟူသော ဒုက္ခကိုပြခြင်းအကြောင်း ၆၆
၂၂။ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခကို ပြခြင်းအကြောင်း .... ၆၇
၂၃။ ထိုဒုက္ခသစ္စာ၏အပြားကား အဘယ်မျှရှိသနည်း—
ဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ပြခြင်း.... .... ၇၁
၂၄။ သင်္ခါရဒုက္ခစသည်ကို ပြခြင်းအကြောင်း .... ၇၄
၂၅။ ခန္ဓာငါးပါး၏သရုပ်ကို ပြခြင်းအကြောင်း .... ၈၁
၂၆။ အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်ကို
ပြခြင်းအကြောင်း .... .... .... ၈၇
၂၇။ ပုဂ္ဂိုလ်ကိုစွဲ၍ ဘုံ၌ဖြစ်သော ခန္ဓာ,အာယတန,
ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကိုပြခြင်းအကြောင်း ၉၁
၂၈။ ဌာနပရိစ္ဆေဒအားဖြင့် ခန္ဓာ,အာယတန,ဓာတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၉၆
၂၉။ ဒွါရပရိစ္ဆေဒအားဖြင့် ခန္ဓာ,အာယတန,ဓာတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၁၀၅
၃၀။ စက္ခုဒွါရ၌ ရထိုက်သော ပဋ္ဌာန်းပစ္စည်းတို့ကို
ပြခြင်းအကြောင်း .... .... .... ၁၁၁
၃၁။ သောတဒွါရ၌ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓါတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၁၁၅
၃၂။ ဃာနဒွါရ၌ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓာတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၁၂၀
၃၃။ ဇိဝှါဒွါရ၌ ရုပ်နာမ်,ခန္ဓာ, အာယတန,ဓာတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၁၂၅
၃၄။ ကာယဒွါရ၌ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓာတ်,
သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်းအကြောင်း .... ၁၃၀
၃၅။ ကာယဝိညာဏ်လေးပါးတို့၌ ရုပ်နာမ်, ခန္ဓာ,
အာယတန, ဓာတ်, သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ကို
ပြခြင်းအကြောင်း .... .... .... ၁၃၅

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၆။ | ဝစီဝိညတ်လေးပါးတို့၌ ရုပ်နာမ်, ခန္ဓာ, အာယတန,ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တို့ကို ပြခြင်းအကြောင်း .... .... | ၁၄၆ |
| ၃၇။ | မနောဒွါရလေးပါးတို့၌ ရုပ်နာမ်, ခန္ဓာ, အာယတန,ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တို့ကို ပြခြင်းအကြောင်း .... .... | ၁၅၂ |
| ၃၈။ | ထိုဒုက္ခသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်း— ဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။ .... | ၁၆၂ |
| ၃၉။ | ထိုဒုက္ခသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း၊ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း— ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း .... .... .... | ၁၆၂ |
| ၄၀။ | ဒုက္ခသစ္စာ၌ အတ္တဘာဝအာဝိဘာဝနာကာရ, အညဘာဝ အာဝိဘာဝနာကာရ နည်းတို့ကို ပြခြင်းအကြောင်း .... .... .... | ၁၇၂ |
| ၄၁။ | သမုဒယသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် အမေးကို ပြခြင်းအကြောင်း .... .... .... | ၁၈၂ |
| ၄၂။ | အဘယ့်ကြောင့် သမုဒယမည်သနည်း— ဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... | ၁၈၂ |
| ၄၃။ | ထိုသမုဒယသစ္စာ၏ လက္ခဏာ စသည်ကား အဘယ်နည်း— ဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၁၈၃ |
| ၄၄။ | ထိုသမုဒယသစ္စာ၏ အာကာရတို့ကား အဘယ် နည်း— ဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၁၈၃ |

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၄၅။ သမုဒယသစ္စာသည် ဥယျောဟဏ, ဩယောဟဏ, နေဝဥယျောဟဏ နဩယောဟဏ ဂုဏ်သုံးပါးတို့ကို ဆောင်ပုံကို ပြခြင်းအကြောင်း .... ၁၉၂

၄၆။ ထိုသမုဒယသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း— ဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... ၁၉၅

၄၇။ စက္ခုအစရှိသော ဒွါရခြောက်ပါးတို့၌ အာသဝေါတရား လေးပါးတို့၏ ဖြစ်ဟန်ကို ပြဆိုခြင်း အကြောင်း .... .... .... ၁၉၈

၄၈။ ဥပါဒါန်စသည်ကို ပြခြင်းအကြောင်း .... .... ၂၀၁

၄၉။ ဟေတု စသော နှစ်ဆယ်သော ပစ္စည်းတို့သည် သမုဒယသစ္စာကို ပြုတတ်ခြင်းအကြောင်း .... ၂၀၇

၅၀။ ထိုသမုဒယသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း— ဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... ၂၁၇

၅၁။ ထိုသမုဒယသစ္စာကို အဘယ်သို့ သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း၊ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း— ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... ၂၂၀

၅၂။ ဩယောဟဏဂုဏ်ကိုဆောင်သော သမုဒယသစ္စာ၌ အတ္တဘာဝအာဒီနဝါကာရသိခြင်း, အညဘာဝအာဒီနဝါကာရသိခြင်း, ကေပဋ္ဋိဝေမ အာဒီနဝါကာရသိခြင်း သုံးပါးတို့ကို ပြခြင်းအကြောင်း .... .... .... ၂၃၈

---

၅၃။ နိရောဓသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် အမေးကို ပြခြင်းအကြောင်း .... .... .... ၂၇၀

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၅၄။ | အဘယ်ကြောင့် နိရောဓမည်သနည်း— ဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... | ၂၇၁ |
| ၅၅။ | ထိုနိရောဓသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း— ဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၂၇၃ |
| ၅၆။ | ထိုနိရောဓသစ္စာ၏ အာကာရတို့ကား အဘယ်နည်း— ဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၂၇၄ |
| ၅၇။ | နိဗ္ဗာန်ကို အဆင်းအားဖြင့်၎င်း သဏ္ဌာန်အားဖြင့်၎င်း အလွန်နူးညံ့သောကြောင့် ပြနိုင်ရန် ခက်ခဲခြင်းအကြောင်း .... .... .... | ၂၀၀ |
| ၅၈။ | ထိုနိရောဓသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း— ဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၂၀၄ |
| ၅၉။ | အနုပါဒိသေသနိဗ္ဗာန်ကို ပြခြင်းအကြောင်း .... | ၂၀၉ |
| ၆၀။ | သုညတ,အနိမိတ္တ,အပ္ပဏိဟိတ နိဗ္ဗာန်တို့ကို ပြခြင်းအကြောင်း .... .... .... | ၂၉၅ |
| ၆၁။ | နိဗ္ဗာန်၏ပရိယာယ်ပုဒ်တို့ကို ပြခြင်းအကြောင်း.... | ၂၉၉ |
| ၆၂။ | ထိုနိရောဓသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်း— ဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၃၁၂ |
| ၆၃။ | ထိုနိရောဓသစ္စာကို အဘယ်သို့ သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း၊ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း— ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... .... | ၃၁၆ |
| ၆၄။ | နိရောဓသစ္စာ၌ အတ္တဘာဝအာဝီဘာဝနာကာရနည်း, အညဘာဝအာဝီဘာဝနာကာရနည်းတို့ကို ပြခြင်းအကြောင်း .... .... | ၃၂၃ |

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၆၅။ နိရောဓသစ္စာ၌ ကေပဋိဝေဓနည်းကို ပြခြင်းအကြောင်း .... .... .... ၃၃၄
၆၆။ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်ကို အမှတ်မရှိသောအရပ်ကနေ၍ သီလဝိသုဒ္ဓိနှင့် ပြည့်စုံသောသူတို့သည် မြင်နိုင်ကြခြင်းအကြောင်း .... ၃၄၄
၆၇။ နိဗ္ဗာန်ကို အကြောင်းလေးပါးနှင့် ပြည့်စုံမှမြင်နိုင်ခြင်းအကြောင်း .... .... .... ၃၄၉
၆၈။ နိဗ္ဗာန်ကို အာရုံပြုရခြင်း အကြောင်း .... ၃၅၄
၆၉။ ဝိဇ္ဇုပမမဂ် ဝဇိရူပမမဂ်တို့ကို ပြခြင်းအကြောင်း ၃၆၁
၇၀။ နိရောဓသစ္စာ၌ အတ္တဘာဝအာဝိဘာဝနာကာရနည်း, အညဘာဝအာဝိဘာဝနာကာရနည်းတို့ကို ပြခြင်းအကြောင်း .... .... ၃၇၀

---

၇၁။ မဂ္ဂသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် ပြခြင်းအကြောင်း ၃၇၄
၇၂။ အဘယ်ကြောင့် မဂ္ဂမည်သနည်း— ဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း .... ၃၇၄
၇၃။ ထိုမဂ္ဂသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း— ဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... ၃၇၆
၇၄။ ထိုမဂ္ဂသစ္စာ၏ အာကာရတို့ကား အဘယ်နည်း— ဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ပြခြင်းအကြောင်း ၃၇၉
၇၅။ သမ္မာဒိဋ္ဌိကို ပြခြင်းအကြောင်း .... .... ၃၈၂
၇၆။ သမ္မာသင်္ကပ္ပကို ပြခြင်းအကြောင်း .... .... ၃၈၇
၇၇။ သမ္မာဝါစာကို ပြခြင်းအကြောင်း .... .... ၃၉၃
၇၈။ သမ္မာကမ္မန္တကို ပြခြင်းအကြောင်း .... .... ၃၉၆
၇၉။ သမ္မာအာဇီဝကို ပြခြင်းအကြောင်း .... ၃၉၈
၈၀။ သမ္မာဝါယာမကို ပြခြင်းအကြောင်း .... ၄၁၀
၈၁။ သမ္မာသတိကို ပြခြင်းအကြောင်း .... .... ၄၁၅

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၂။ | သမ္မာသမာဓိကို ပြခြင်းအကြောင်း .... | ၄၁၆ |
| ၁၃။ | သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးတို့၏ အင်္ဂါကို ပြခြင်းအကြောင်း .... .... .... | ၄၂၆ |
| ၁၄။ | ထိုမဂ္ဂသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း— ဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၄၂၉ |
| ၁၅။ | ထိုမဂ္ဂသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း— ဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... .... | ၄၃၂ |
| ၁၆။ | ထိုမဂ္ဂသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း၊ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း— ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်းအကြောင်း .... .... | ၄၃၂ |
| ၁၇။ | သရဏဂုံသုံးပါးကို ပြခြင်းအကြောင်း .... | ၄၃၄ |
| ၁၈။ | လောကီသရဏဂုံ လောကုတ္တရာသရဏဂုံတို့ကို ပြခြင်းအကြောင်း .... .... .... | ၄၃၈ |
| ၁၉။ | အတ္တသန္နိယျာတန စသော သရဏဂုံလေးပါးတို့ကို ပြခြင်းအကြောင်း .... .... | ၄၄၀ |
| ၂၀။ | ဉာတိ,ဘယ - စသော ပဏိပါတသရဏဂုံ လေးပါးကို ပြခြင်းအကြောင်း .... .... | ၄၄၁ |
| ၂၁။ | ပဉ္စသီလ စသည်ကို ပြခြင်းအကြောင်း .... | ၄၅၁ |
| ၂၂။ | ဗြဟ္မစရိယပဉ္စမကသီလ စသည်ကို ပြခြင်းအကြောင်း .... .... .... | ၄၅၉ |
| ၂၃။ | သုရာမေရယသိက္ခာပုဒ် အဆုံးအဖြတ်ကို ပြခြင်းအကြောင်း .... .... .... | ၄၆၆ |
| ၂၄။ | ဝိကာလဘောဇနသိက္ခာပုဒ် အဆုံးအဖြတ်ကို ပြခြင်းအကြောင်း .... .... .... | ၄၇၈ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၉၅။ | နစ္စ,ဂီတ,ဝါဒိတ သိက္ခာပုဒ် အဆုံးအဖြတ်ကို ပြခြင်းအကြောင်း .... .... .... | ၄၀၀ |
| ၉၆။ | မာလာဂန္ဓ,ဝိလေပန သိက္ခာပုဒ် အဆုံးအဖြတ် ကို ပြခြင်းအကြောင်း .... .... .... | ၄၉၇ |
| ၉၇။ | ဥစ္စာသယနမဟာသယန သိက္ခာပုဒ် အဆုံးအဖြတ် ကို ပြခြင်းအကြောင်း .... .... .... | ၅၀၂ |
| ၉၈။ | ဇာတရူပရဇတ သိက္ခာပုဒ်ကို ဆုံးဖြတ်၍ပြခြင်း အကြောင်း .... .... .... | ၅၀၈ |
| ၉၉။ | ဤကျမ်း၌ အပြစ်ဒေါသတို့ကို ပညာရှင်ကြီး တို့အား တောင်းပန်ခြင်း .... .... | ၅၁၀ |
| ၁၀၀။ | ကျမ်းပြီးဆုံးခြင်း နိဂုံးစကားရပ်ကို ပြခြင်း အကြောင်း---- ---- ---- .... | ၅၁၀ |


သစ္စပါရဂူကျမ်း ၏ ( မာတိကာ )
ပြီး ၏ ။

# သစ္စပါရဂူကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁ - ပဏာမကို ပြခြင်း။

သစ္စံ သစ္စေန ဒဿေန္တံ၊ သစ္စဉာဏေဟိ သံပုဏ္ဏံ။
သစ္စိစ္ဆိတာနုဒ္ဒေန္တံ၊ တံ ဗုဒ္ဓံ စ နမာမဟံ။ ။
တတိယဝိပုလာဂါထာ။

သစ္စတော သစ္စံ ဒဿေန္တံ၊ သစ္စေန စ ပရိပုရံ။
သစ္ဆိကာနံ သစ္စံ ဖဿံ၊ တံ ဓမ္မံ စ နမာမဟံ။ ။
ဝိပုလာဂါထာ။

သစ္စံ သစ္စေန ပဿန္တံ၊ သစ္စေဟိ စ သမာပုဏ္ဏံ။
သစ္စဓမ္မာနံ သုပဿံ၊ တံ သံဃံ စ နမာမဟံ။ ။
တတိယဝိပုလာဂါထာ။

ထေရဝံသပဒီပါနံ၊ ဓိရာနံ ဝိနယက္ကမေ။
ဆေကာဝဟာနံ အဆေကံ၊ ဂါရဝါနံ နမာမဟံ။ ။
တတိယဝိပုလာဂါထာ။

သာဒရံ နမဿိတွာန၊ ကရိဿံ သစ္စပါရဂုံ။
ယာစိတော သီလသမ္ပန္နေ၊ ဓိတိယာ စ သမ္မာ ဋ္ဌိတော။ ။
ဝိပုလာဂါထာ။

ယော ထေရော ကေတုမာလာတိ၊
သုတေန စ သမာဂတော။
ဥဋ္ဌိတာ ဝေါ သစ္စံ သဒါ၊
သင်္ကာဝ ဂဏ္ဍန္တုတိ။ ။
ဝိပရီတပထျာဝတ္တဂါထာ။

အဟံ၊ ငါသည်။ သစ္စံ၊ ဘေးအပေါင်းတို့၏ ငြိမ်းရာအမှန်ဖြစ်သော နိဗ္ဗာန်ကြီးကို။ သစ္စေန၊ မဘောက်မပြန် မှန်သောအတိုင်းအားဖြင့်။ ဒဿေန္တံ၊ ပြတော်မူတတ်ထသော။ သစ္စဉာဏေဟိ၊

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ဝေဘန် အမှန်သိတတ်
သော ရှေးဉာဏ်တော်တို့နှင့်။ သံပုဏ္ဏံ၊ ကောင်းစွာ ပြည့်စုံထသော။
သစ္စိတ္တိတာနဉ္စ၊ သစ္စာလေးတန် မြတ်သည့်ဉာဏ်ကို အမှန်လိုလား
အမျိုးသားတို့အားလည်း။ ဒေန္တံ၊ ပေးတော်မူတတ်ထသော။
တံ ဗုဒ္ဓံ စ၊ ထိုမြတ်စွာဘုရားကြီးကိုလည်း။ နမာမိ၊ ရှိသေစွာရှိခိုး
ပါ၏။ ။

အဟံ၊ ငါသည်။ သစ္စံ၊ မဘောက်မပြန် အမှန်ငြိမ်းရာဖြစ်
သော နိဗ္ဗာန်ကြီးကို။ သစ္စတော၊ မှန်သောအားဖြင့်။ ဒသေန္တံ၊
ပြတော်မူတတ်ထသော။ သစ္စေန စ၊ မဘောက်မပြန် အမှန်ငြိမ်း
သော သန္တိသုခကြီးနှင့်လည်း။ ပရိပူရံ၊ ပြည့်စုံစွာထသော။ သစ္စံ၊
မဘောက်မပြန် မှန်သောနိဗ္ဗာန်ကြီးကို။ သစ္စကာနံ၊ ကေန်ဆတ်
ဆတ် မျက်မှောက် ပြုတော်မူကြကုန်သော သူတော်ကောင်းတို့
အား။ ဖဿံ၊ တွေ့ထိစွတ်စိုစေတတ်ထသော။ တံ ဓမ္မံ စ၊ ထိုမဂ်
လေးဘန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်
ပါးသော တရားတော်မြတ်အပေါင်းကိုလည်း။ နမာမိ၊ ရှိသေ
စွာရှိခိုးပါ၏။ ။

အဟံ၊ ငါသည်။ သစ္စံ၊ မီးဆယ့်တပါးတို့၏ ငြိမ်းရာ အမှန်
ဖြစ်သော နိဗ္ဗာန်ကြီးကို။ သစ္စေန၊ မဘောက်မပြန် မှန်သော အ
တိုင်းအားဖြင့်။ ပဿန္တံ၊ မြင်တော်မူတတ်ထသော။ သစ္စေဟိ စ၊
မဘောက်မပြန် မှန်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့နှင့်လည်း။ သမာ
ပုဏ္ဏံ၊ ကောင်းစွာပြည့်စုံတော်မူထသော။ သစ္စဓမ္မာနံ၊ သစ္စာလေး
ပါး မြတ်တရားအပေါင်းတို့ကိုလည်း။ သုပဿံ၊ ကောင်းစွာ မြင်
တော်မူထသော။ တံ သံဃံ စ၊ ထိုမဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်
လေးယောက်ဟုဆိုအပ်သော အရိယာ သံဃာတော်အပေါင်းကို
လည်း။ နမာမိ၊ ရှိသေစွာရှိခိုးပါ၏။ ။

အဟံ၊ ငါသည်။ ထေရဝံသပဒီပါနံ၊ အရှင်မဟာကဿပ အစ
ရှိကုန်သော ဆရာမြတ်ကြီးတို့၏ အနွယ်ကို ပြတတ်ကုန်ထသော။
ဝိနယက္ကမေ၊ သံဝရဝိနည်း ပဟာနဝိနည်း အစဉ်၌။ ဓီရာနံ၊
တည်ကြည်ခိုင်ခံ့ ကြန့်ကြန့်ရပ်သော နှလုံးလည်း ရှိကုန်ထသော။

အဆောကံ၊ မလိမ္မာမယဉ်ကျေးသော ငါစသော သူအပေါင်းကို။ ဆောကာဝဟာန်၊ မယဉ်ကျေးလျှင် ယဉ်ကျေးရအောင် သွေးဆောင် ဆုံးမတော်မူတတ်သော အလေ့လည်း ရှိကုန်ထသော။ မေ မမ၊ ငါ၏။ (ထည့်)။ ဂါရဝါန် စ၊ မြင်းမိုရ်တောင်ဦး မကကြူးသည့် ကျေးဇူးသခင် ဆရာချင်တို့အားလည်း။ နမာမိ၊ရိုသေစွာရှိခိုးပါ၏။ ။

နမဿိတွာန၊ရိုသေစွာရှိခိုးပြီး၍။ သီလသမ္ဗန္ဓော၊ပါတိမောက္ခသံဝရသီလစသော သီလတို့နှင့်လည်း ပြည့်စုံထသော။မိတိယာ စ၊ ခဏိကစသော သမာဓိတရားအပေါင်း၌လည်း။ သမ္မာ ဌိတော၊ ကောင်းစွာတည်ထသော။ သုတေန စ၊ လောကုတ်လောကီ နှစ်လီကျမ်းဂန် အဘန်တန်သော သုတမျိုးအပေါင်းဖြင့်လည်း။ သမာဂတော၊ ကောင်းစွာရောက်ထသော။ ကေတုမာလာတိ၊ ကေတုမာလာဟူ၍။ ဝိဿုတော၊ထင်ပေါ်သော။ (ထည့်)။ယောထေရော၊ အကြင်မထေရ်သည်။ အတ္ထိ၊ ရှိ၏။ တေန ထေရေန၊ ထိုမထေရ်သည်။ သာဒရံ၊ ရိုသေစွာ။ ယာစိတော၊ တောင်းပန်အပ်သောငါသည်။သစ္စပါရဂုံ၊မဘောက်မပြန် မှန်သော နိဗ္ဗာန်တည်းဟူသော ကမ်းကို ရောက်ရာရောက်ကြောင်းဖြစ်ခြင်းကြောင့် သစ္စပါရဂူအမည်ရှိသော ကျမ်းကြီးကို။ဝါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရာသိမြင်ကြောင်း ဖြစ်ခြင်းကြောင့် သစ္စပါရဂူအမည်ရှိသော ကျမ်းကြီးကို။ကရိဿံ ကရိဿာမိ၊ ပြုပေအံ့။ သစ္စံ၊ မဘောက်မပြန် မှန်သော နိဗ္ဗာန်ကြီးကို။ ဝါ၊မဘောက်မပြန် မှန်သော သစ္စာလေးပါး မြတ်တရားတော်ကြီးကို။ဇာနိတ္ထာ၊ လိုချင်တောင့်တ နှစ်သက်ကြကုန်သော။ ဝေါတုမှေဟိ၊ သင်သူတော်ကောင်း အပေါင်းတို့သည်။ သန္တိကာဝ၊ ငါ၏ အထံမှသာလျှင်။ ဝါ၊ သစ္စပါရဂူအမည်ရှိသော ကျမ်းကြီး၌သာလျှင်။ သဒါ၊ အခါခပ်သိမ်း။ ဂဏှန္တု၊ သင်ယူမှတ်သား နားကြား ကျင့်ဆောင်ကြစေကုန်သတည်း။ ဇာတိ အပယံ၊ ဤသည်ကား။ ပရိသမာပန်၊ ရတနတ္တယာဘိဓေယျာဒိ စသည့်ဥဿုံ အလုံးစုံကို ဆိုရာ ဆိုကြောင်း ဖြစ်သော စကားတရပ် အပြီးသတ်တည်း။

## ၂-နိဒါန်းကို ပြခြင်း။

တြိ ခေတ္တ၊ သုံးလောကလုံး၊ နှုန်းဘက်မမြင်၊ ယှဉ်ဘက် မရ၊ သုဂတပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ ဇိနော၊ တိလောကနာ္ထဂူ၊ သယမ္ဘူ ဘဝိဿရ၊ ဓမ္မသာမိ၊ မုနိပုင်္ဂဝ၊ ရာဇရာဇာ၊ ဒေဝါတိ ဒေဝိန်၊ သက္ကာတိ သက္ကိန်၊ ဗြဟ္မာတိဗြဟ္မိန်၊ ဂုဏ်မဟိန်တို့ဖြင့်၊ ဘုမ္မိ ဘောက်ထွက်၊ ဘဝဂ်ဝိစိ၊ ထုတ်ချင်းထိ ထုတ်ချင်းဖြာ၊ ဗိလာဘပတ်ရစ်၊ သုံးခေတ်တိုင်တိုင်၊ ပြန့်လှိုင်ကျော်ဟိုး၊ မြေနှင့်မိုဃ်းတို့၊ ကျိုးပျက်မလောက်၊ ထက်အောက်လျှံမျှ၊ ဂုဏ်နန္တတို့ကြောင့်၊ပုံစံမျှမယူနိုင်၍၊ လူမှိုင် နတ်ငေး၊ နိုး ဝေး နှိုင်းချိန်၊ သုခမိန်ဟူသမျှတို့၏၊ ဦးချညွှတ်ပျောင်း၊ ဦးခေါင်းဆံဖျား တို့ဖြင့်၊ ရွှေဘဝါးတော် ကြာပဒုံကို၊ ခိုလှုံဝပ်တွားခြင်းငှါ ထိုက်ပေသော သုံးတိုက်လုံးထွတ်ခေါင်၊ ငါးမာရ်အောင်ရာဇာ၊ စေသတ္တာ သည်…. သင်္ချေလေးမြွာ၊ ကမ္ဘာတသိန်း၊ တွက်ကိန်းနန္တ၊ ဘဝ ထိုထို၊ အဟိုဟိုဟူသမျှတို့၌။ ဝါ၊ နှစ်ဆယ်သင်္ချေ၊ ကပ္ပေတသိန်း၊ တွက်ကိန်းနန္တ၊ ဘဝထိုထို၊ အဟိုဟိုဟူသမျှတို့၌ —

ဒါနပါရမီ, သီလပါရမီ, နေက္ခမ္မပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီဟု ဆိုအပ်သော ပါရမီဆယ်ပါး။ ။၎င်းဆယ်ပါး တို့ဝယ် တပါးတပါး၌ ဒသပါရမီ, ဒသဥပပါရမီ, ဒသပရမတ္ထ ပါရမီ,ပြားရကား အပြားသုံးဆယ်သော ပါရမီ၊၎င်းသုံးဆယ်တို့ ဝယ် တပါးတပါးသောပါရမီ၌ ဟီန, မဇ္ဈိမ, ပဏီတပြားရကား အပြားကိုးဆယ်သောပါရမီ။တရားကိုယ်နှင့်တကွ ပါရမီဆယ်ပါး အပြားတရာသော ပါရမီ…. ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂဟု ဆိုအပ်သော စွန့်ခြင်း ကြီးငါးပါး…. လောကတ္ထစရိယ, ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထစရိယဟု ဆိုအပ်သော စရိယသုံးပါး။ ဤသို့အားဖြင့်၊ များစွာဝတ္ထု၊ ကောင်းမှုဒဗ္ဗ၊ သမ္ဘာရတို့ကို၊ ဆယ်စထက် ဆယ်ဆဖြာစေလျက်၊ ကဋ္ဌဝါလုလင်ဘဝမှသည်၊ အန္တိမပိုင်ပိုင်၊ မင်းဝေဿန်အဖြစ်တိုင် အောင်၊ မယိုင်မယိမ်း၊ မတိမ်းမစောင်း၊ အလောင်းမြတ်ဖျား၊

ကိုယ်တော်အားကို၊ သနားခြင်း ရောင်အရိပ်ဖြင့်၊ တံဆိပ်မထင်စေဘဲ၊ ဒီပင်မြတ်စွာ၊စေသဗ္ဗာ၏၊ရွှေဖျာတော် တံဆိပ်ရင်းဖြင့်၊ စိတ်တင်းဖြည့်ကျင့်တော်မူလျက်၊ဆူဆူမြတ်စွာ၊ဘဂဝါတို့၏၊ ဖြစ်ရာဒေသ၊ မဇ္ဈိမပိုင်၊ ခရိုင်ဌာနီ၊ ကပိနဂရ၊ ထိုဒေသ၌၊ ခတ္တိယဝံသာ၊ နေလာနွယ်ရင်း၊ အမင်းမင်းတို့၏၊ ဦးကင်း မကိုင်၊ တင်ထားလိုက်လှသော၊ ငါတို့ထွတ်စော၊ ဂေါတမကိုယ်တော်မြတ်သည် —

ဤကျွန်းရပ် ဇမ္ဗူတွင်၊ ပြိုင်မတူ ဘက်မရှိ၊ ဂုဏ်တန်ဆောင်ငြိရသော၊ သိရိမဟာ၊ မာယာဒေဝီ၊ဝမ်းစေတီမှ၊ ကွန့်ချီပွင့်မြန်းတော်မူသဖြင့်၊ လူ့ဘွင်အထူး၊ မမြင်ဘူးမကြုံတောင်း၊ ချီးသောင်း အံ့မော၊ ပြောပထိုက်လှသော၊ အစ္ဆရိယ· အဗ္ဘုတဂုဏ်ကို ခံလျက်၊ လူတန် ရှယ်သစ်၊ ဆယ့်ခြောက် နှစ်တိုင်၊ ဖြိုးနိုင်သောက်လွှ၊ ပြိုင်မဟော့သော၊ အိမ်ရွှေနန်းလျာ၊ ဥပရာအသွင်ဖြင့်၊ ပျော်ရွှင်မြူးထူးတော်မူ၍၊ လူတို့ရိပ်ငြိမ်၊ စည်းစိမ်စံလောက်၊ရွယ်ရောက်သောခါ၊ မဟာသုဒ္ဓေါ၊ မင်းကျော်ဘဘွားသည်၊ ငါ့သားရတနာ၊ လောင်းမြတ်စွာသည်၊ စကြာညီးညီး၊ ယာဉ်ပျံစီး၍၊ ကျွန်းကြီးလေးရပ်၊ ဝန်းကာပတ်သော၊ လောကဓာတ်တလွှားဝယ်၊ သိကြားမိုးဃ်းနတ်၊ မယှဉ်အပ်သော၊ မန္ဓာတ်မင်းစစ်၊ ဖြစ်သည်ကိုသာ၊ မြင်လိုပါသည်ဟု၊ ရမ္မ,သုဘ၊သုရမ္မ ဗိမာန်၊ ဝေယန်ပြောင်ပြောင်၊ နန်းရွှေတောင်ထက်၊ ဆင်းရောင်မြူတေ၊ ကြက်သရေစံပ၊ နတ်ဟန်လှသော၊သာကီယဝံသာ၊မဟာဆွေနွယ်၊သက်ရွယ်မကြီး၊ ရှုမငြီးသော၊ မင်းသမီးပေါင်း လေးသောင်းနှင့်တကွ၊ ဒေဝဒဟ၊ တိုင်းမပြည်သူ၊ဇမ္ဗူလုံး နှင်းဆီ၊ဤကာမဓာတ်၊ ဆယ့်တရပ်ဘုံလုံးဝယ်၊ အဆုံးသတ် အထွတ်တင်၊ အလှတွင် စံလွန်သော၊ မိန်းမမွန် ရတနာ၊ ဗိမ္ဗာရွှေလျော်၊ မင်းယသော်နှင့်၊ ဂဟောဆော်စပ်သကဲ့သို့၊ လက်ထပ်ထိမ်းမြားတော်မူ၍—

ဇမ္ဗူသိခ၊ ကပိလပရမေ၊ ပြည်ချက်ဗွေ၌၊ ကောရာဇ်မင်းဆုံး၊ ကျွန်းအလုံးကို၊ သိမ်းကျုံးပိုင်စိုး၊ ရှစ်ဆိုင်မိုး၍၊ နန်းရိုးစိုက်တော်

မူသဖြင့်၊ ပစ္စုကနက်၊ ဖြန့်ကြက်ရိပ်ငြိမ်၊ စည်းစိမ်ဆယ့်သုံးနှစ် အကြာတွင်၊ သုဒ္ဓါဝါစံ၊ အနာဂါမ်နတ်၊ ဗြဟ္မာနတ်တို့၊ ပြအပ်သော နိမိတ်လေးပါး၌၊ တရားသံဝေဂ၊ ယူဆပိုက်သိမ်းမိသဖြင့်၊ကိလေဝဋ်၊ တိဘဝ စက်၊ ဂရက် ဝဲမော်၊ သဲသဲအော်မျှ၊ ခုန်ကျော်ပျံလူး၊ ငါးလျှင်ကူး၍၊ မကူးမတက်၊ မထွက်နိုင်ကြ၊ ဝေနေယျကို၊ ခေမကမ်းစွယ်၊ မြှုက်ကျွန်းလယ်သို့၊ ငါကယ်တင်မည်ဟု၊ ကြံရည်တော်မူပြီးလျှင်၊ ညသန်းခေါင်းယံဝယ်၊သံသရာထိုထို၊အဟိုကမ္ဘာ၊ဆက်များစွာက၊ တနာရီနက်၊ မဥ္စါရက်အောင်၊ အသက်တမျှ၊ ကြင်ခဲ့ကြသော၊ ဘဒ္ဒကဥ္စနာ၊ လက်ယာကြင်သူ၊ မင်းရာဟုလ်ကို၊သည်းအူဆွေ့ဆွေ့၊ မေ့မျှမတတ်၊ ချစ်ကြိုးပတ်ကို၊ အဆုံးသတ်ဖြေတော်မူခြင်းငှါ၊ မတ်ဆန္န နောက်ပါ၊ ကဏ္ဍက ယဉ်သာနှင့်၊ မဟာဘိနိက္ခမဖြင့်၊ ထွက်ကြွတော်မူခဲ့၍၊သဲဖြူသာယာ၊ အနော်မာ၌၊ဗြဟ္မာဃဋိကာ၊ ကပ်လာ သသော၊ ကမ္ဘာ့တန်းဆာ၊ ရွှေကြာသင်္ကန်းဖြင့်၊ ရဟန်းပြုတော်မူပြီးလျှင်—

စိမ့်ကြီးရဂုံ၊ မြင့်ရိပ်မြိုင်သို့၊နိုလုံကပ်မှီ၍၊ တပသီအာဠာရ၊ဥဒကရသေ့တို့၊ လေ့ကြသော ရူပဈာန် အရူပဈာန်ကို၊အတံငယ် နည်းမှီ၍၊ ဝသီဘော်ငါးအင်ဖြင့်၊ ကျွမ်းကျင်အောင်ပြုသော်လည်း၊စတုက သစ္စာကို၊ မြင်ခြင်းငှါ မထိုက်သေးရကား···· လောကီရေးသဘာဝတ်၊ ဘိညာဉ်ရပ်တို့ကို၊ အလေးအမြတ်ပြု၍၊ဂရုမမူသာချေ၊ သဗ္ဗညုအခြေကို၊ ဖွေဦးမှသင့်မည်ဟု၊ ကြံရည်ဖန်လည်၍၊ ဝဂ္ဂငါးပါးတို့၊တည် နားသော တောယံသို့၊ တဖန်ကပ်ပြီးလျှင်၊ အနည်းနည်း အတန်တန်၊ မြိုးမြီခေါင်းပါး၊ အစားပစ် အအိပ်ပစ်၊ ခြောက်နှစ် လုံး လုံး၊ အဆုံး မရှိ၊ အတိ ဒုက္ကရ၊ ပဓာန ကျင့်တမ်းကို၊ ကြိုးပမ်း၍ ကျင့်သော်လည်း၊ ပွင့်ခြင်းသို့ မရောက်နိုင်ရကား၊ ထိုအမှားစရိုက်မှ ထွက်ပြန်၍၊ လေးတန်သော ဈာန်ဖြင့်၊ မျှခြင်းငှါ လည်လေသော်၊မရှည်စလှ၊ ရာသုံးခုအကြို၊ကဆုန်သပုဏ္ဏမေဝယ်၊ သေနနိဂုံး၊ လူလုံးခိုမှီသော၊ စေတီညောင်ရင်း၌၊ မှီတင်းစံနေရာ၊ ဘုရားလောင်းတကာ၊ ရမြဲသော ဓမ္မတာဖြင့်၊ ပါယာသဘတ်၊ ဃနာမြတ်ကို၊ တသိန်းခပ် ရွှေခွက်နှင့်တကွ၊ သူဌေးမ သုဇာတာ၊

လျှကပ်လာသော ကြောင့်၊ ခံယူကြွခဲ့၍၊ စိမ်းစိမ်းမြ ကြည်ရှင်သော၊ နေရဉ်မြစ်ကမ်း၌၊ အားရမ်းရှင်လန်း၊ ထန်းမှည့်စေ့ပမာဏ၊ ကဗဋ္ဌဖြင့်၊ နဝတာလီ၊ ဆွမ်းတော်မို၍၊ နေ့ယံဆိအခါဝယ်၊ ကာယဂတာ ကမ္မဋ္ဌာန်းဖြင့်၊ နေ့သန့်စမွယ်ခဲ့ပြီးမှ-

ညချမ်းသမယ ဝယ်၊ အဿတ္ထဒုမရာဇာ၊ ကမ္ဘာလုံး ကြက်သရေ၊ ညောင်ရွှေမဏ္ဍိုင်၊ ဦးကိုင်ပင်နန်းသို့ကပ်၊ အရှေ့လောက ဓါတ်သို့၊ ရည်မှတ်ရှေးရှု၊ နေတော်မူလျှင်၊ မိုဃ်းသူနေသား၊ များပြားအုန်းအင်း၊ ရှန်းရင်းအုတ်အုတ်၊ ရုတ်ရုတ်သောင်းညံ၊ ဗိုလ်ပေါင်း ရံလျက်၊ တိုက်လှန် စစ်မူလာသော၊ ဝသဝတ္တီ၊ ပုရိအုပ်ချို၊ မာရ်သူပုန်ကို။ ချက်ကုန် အောင်တော်မူပြီး၍၊ အတိံနန္တရ၊ ဖြစ်သမျှကို၊ နှိုင်းဆဆင်ခြင်၍၊ မြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ ကံ၏အလျောက်၊ ဘောက်ဘောက် ပြန်ပြန်၊ အဘန်တလဲလဲ၊ သေရ-ဖြစ်ရသော-စုတိပဋိသန္ဓေနှင့်တကွ၊ လောကအလုံးကို၊ ကျုံး၍မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ လေးတန်သော သစ္စာ၏၊ ဆယ့်ခြောက်ဖြာအနက်ကို၊ အချက်ကျ မြင်စေ၍၊ အာသဝေါ ခပ်သိမ်း၊ ကင်းငြိမ်း ကုန်စင် စေတတ်သော၊ အာသဝက္ခယဉာဏ်၊ ဤသုံးတန် ဝိဇ္ဇာနှင့်၊ ဆအသာဓာရဏ်၊ ဂုဏ်တော် အနန္တကို၊ တပြိုင်တည်း ရသဖြင့်၊ လပြည့်နေ့အထွက်၊ နံနက် အရုဏ်လာတွင်၊ မဟာ ရဟံ၊ ရွှေအောင်လံကို၊ ချွန်ချွန်စိုက်ထူ၍၊ သယမ္ဘူလျှံညီး၊ ဉာဏ်ကြီးမုံရင့်၊ အကုန်ပွင့်လျက်၊ နှိုင်းချင့်မဟဲ့၊ သုံးဆယ့်တခရိုင်၊ ပြည်မဏ္ဍိုင်၌၊ ဦးကိုင်ဓမ္မရာဇ်၊ မင်းဆုံးဖြစ်ပေသော၊ ရှင်ချစ် ကိုယ်တော်မြတ်သည်၊ တပ်အပ်ထင်စွာ၊ လေးသစ္စာကို၊ ငါလျှင်တစ်၊ သိသည်အလား၊ သို့မခြားဘဲ၊ များပြားဝေနေ၊ လူဗိုလ်ခြေကို၊ ခွဲဝေပိုင်းခြား၊ လွန်သနား၍၊ ဟောကြားတော်မူသည်ကား-

## ၃-သစ္စာလေးပါးကို ပြခြင်း။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိ
ဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ

တုမှာကဉ္စ။ ကတမေသံ စတုန္နံ၊ ဒုက္ခဿ ဘိက္ခဝေ အရိယ
သစ္စဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ
သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ၊ဒုက္ခသမုဒယဿ
အရိယသစ္စဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃ
မဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ၊ ဒုက္ခ
နိရောဓဿ အရိယသစ္စဿ အနနုဗောဓာ အပ္ပဋိဝေဓာ
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာ
ကဉ္စ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယအရိယသစ္စဿ
အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ
သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ။သစ္စသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။စတုန္နံ၊ လေးပါးကုန်သော။အရိယသစ္စာနံ
အရိယသစ္စာတို့ကို၊ အနနုဗောဓာ၊ လျှောက်ပတ်စွာမသိခြင်း
ကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိခြင်းကြောင့်။ မမဉ္စေဝ။
ငါဘုရားသည် လည်းကောင်း၊ တုမှာကဉ္စ၊ သင်တို့သည် လည်း
ကောင်း။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာ
ကာလပတ်လုံး။ သန္ဓာဝိတံ၊ တဘုံမှတဘုံသို့ သေ၍ပြေးသွားရလှ
လေပြီ။ သံသရိတံ၊ တဘုံတည်း၌ အထပ်ထပ်သေ၍ ကျင်လည်ရ
လှလေပြီ။ ကတမေသံ စတုန္နံ၊ အဘယ်လေးပါးကုန်သော အရိယ
သစ္စာတို့ကို။ အနနုဗောဓာ၊ လျှောက်ပတ်စွာမသိခြင်းကြောင့်။
အပ္ပဋိဝေဓာ၊ထိုးထွင်း၍မသိခြင်းကြောင့်။မမဉ္စေဝ၊ ငါဘုရားသည်
လည်းကောင်း။ တုမှာကဉ္စ၊သင်တို့သည်လည်းကောင်း။ဧဝံ၊ဤသို့။
ဣဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသောသံသရာကာလပတ်လုံး။ သန္ဓာ
ဝိတံ၊ တဘုံမှတဘုံသို့ သေ၍ ပြေးသွားရလေသနည်း။ သံသရိတံ၊
တဘုံတည်း၌၊ အထပ်ထပ်သေ၍ ကျင်လည်ရလေသနည်း။ ဘိက္ခ
ဝေ၊ ရဟန်းတို့။ ဒုက္ခဿ၊ဆင်းရဲဖြစ်သော။အရိယသစ္စဿ၊ အရိယ
သစ္စာကို။ အနနုဗောဓာ၊ လျှောက်ပတ်စွာမသိခြင်းကြောင့်။ အပ္ပဋိ
ဝေဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်၊ မမဉ္စေဝ၊ ငါဘုရားသည်
လည်းကောင်း။ တုမှာကဉ္စ၊ သင်တို့သည် လည်းကောင်း။ ဧဝံ၊

ဤသို့။ဋဒံ ဒီဃမဒ္ဓါနံ၊ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သန္ဓာဝိတံ၊တဘုံမှတဘုံသို့သေ၍ ပြေးသွားရလှလေပြီ။သံသရိတံ တဘုံတည်း၌ အထပ်ထပ်သေ၍ ကျင်လည်ရလှလေပြီ။ ဒုက္ခသမုဒယသ၊ ဆင်းရဲ၏အကြောင်းဖြစ်သော။ အရိယသစ္စသ၊ အရိယသစ္စာကို။ အနနုဗောဓာ၊ လျောက်ပတ်စွာမသိခြင်းကြောင့်၊ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။တုမှာကဉ္စ၊သင်တို့သည်လည်းကောင်း။ ဧဝံ၊ဤသို့၊ ဋဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သန္ဓာဝိတံ၊တဘုံမှတဘုံသို့ သေ၍ ပြေးသွားရလှလေပြီ။သံသရိတံ တဘုံတည်း၌ အထပ်ထပ်သေ၍ ကျင်လည်ရလှလေပြီ။ ဒုက္ခနိရောဓဿ၊ဆင်းရဲ၏ချုပ်ရာဖြစ်သော။အရိယသစ္စသ၊ အရိယသစ္စာကို။ အနနုဗောဓာ၊ လျောက်ပတ်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်တို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့၊ ဋဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သန္ဓာဝိတံ၊ တဘုံမှတဘုံသို့သေ၍ ပြေးသွားရလှလေပြီ။ သံသရိတံ၊ တဘုံတည်း၌အထပ်ထပ်သေ၍ ကျင်လည်ရလှလေပြီ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စသ၊အရိယသစ္စာကို။ အနနုဗောဓာ၊ လျောက်ပတ်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်တို့သည်လည်းကောင်း။ ဧဝံ၊ဤသို့၊ဋဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သန္ဓာဝိတံ၊ တဘုံမှတဘုံသို့ သေ၍ပြေးသွားရလှလေပြီ။ သံသရိတံ၊ တဘုံတည်း၌ အထပ်ထပ်သေ၍ ကျင်လည်ရလှလေပြီ။

ဤသို့ ဟောတော်မူရာ ဒေသနာမြတ်ဝယ် အဓိပ္ပါယ်သော်ကား။ ချစ်သားတို့ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာတည်းဟူသော ဤသစ္စာလေးပါး မြတ်တရားကို ကလျာဏပုထုဇ္ဇန်မှစ၍ မဂ်သို့ကျအောင် အနုဗောဓဉာဏ်အားဖြင့် လျော်စွာ

မသိခြင်းကြောင့်, သောတာပတ္တိမဂ်မှစ၍ အရဟတ္တမဂ်သို့ကျ အောင် ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့်, ငါဘုရားသည်လည်းကောင်း သင်ချစ်သားတို့သည်လည်းကောင်း အစ မထင်သော သံသရာကြီးမှစ၍ ဤဘဝသို့ ရောက်သည်တိုင်အောင် တဘဝမှသည် တဘဝ,တဘဝတည်း၌သော်လည်း အထပ်ထပ် အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ကျင်လည်ခဲ့ရလေပြီ။ ။ထို့ကြောင့် သင်ချစ်သားတို့သည် ထိုသစ္စာလေးပါး မြတ်တရားကို အနုဗောဓဉာဏ်အားဖြင့် လည်းကောင်း ပဋိဝေဓဉာဏ်အားဖြင့် လည်းကောင်း အဟုတ်အမှန်ထိုးထွင်း၍သိကြလေကုန်ဟု အဃာဒ-အာဒီနဝဂုဏ်တို့ကို ပြတော်မူပြီး၍ အဝုတ္တသိဒ္ဓိအားဖြင့် အာဏတ္တိ ဥပါယ ဖလ ဂုဏ်ကြီးတို့ကို ပြတော်မူပေသည်။

ထိုသို့ပြတော်မူအပ် ဒေသနာတော်မြတ်ကြီး၌ အနုဗောဓအားဖြင့်သိခြင်း ပဋိဝေဓအားဖြင့် သိခြင်း နှစ်ပါးတို့တွင် အနုဗောဓသိခြင်းဟူသည်ကား လောကီဉာဏ်ပင်တည်း။ အကြင်ပညာရှိတို့သည် ဆရာကောင်းတို့နှင့် ပေါင်းဖေါ်မိကြ၍ ထိုဆရာကောင်းတို့ဟောကြားသော အတိုင်းအားဖြင့် မှတ်သားကြရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို၌ ရော်ရမ်းမှန်းဆ၍ သိကြရခြင်းသည် အနုဗောဓသိခြင်းမည်၏။

ပဋိဝေဓအားဖြင့် သိခြင်းဟူသည်ကား လောကုတ္တရာဉာဏ်ပင်တည်း။ အကြင်ပညာရှိတို့သည် ဆရာကောင်းတို့နှင့် ပေါင်းဖေါ်မိကြ၍ ထိုဆရာကောင်းတို့ သင်ကြားသောအတိုင်းအားဖြင့် သီလဝိသုဒ္ဓိစသော-လောကီဝိသုဒ္ဓိခြောက်ပါးတို့ကို ပြီးစေလျက် အကြင်အခါ နိဗ္ဗာန်ကို အာရမ္မဏပဋိဝေဓဖြင့် မျက်မှောက်ပြုရ၍ ကျန်သစ္စာသုံးပါးကို ကိစ္စပဋိဝေဓဖြင့် ထိုးထွင်း၍ သိကြရခြင်းသည် ပဋိဝေဓသိခြင်းမည်၏။ ။

တတ္ထ အနုဗောဓဉာဏံ လောကိယံ အနုဿဝါဒိဝသေန နိရောဓေ မဂ္ဂေစ ပဝတ္တတိ၊ ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတွာ ကိစ္စတော စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ။ ။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အနုဗောဓဉာဏံ၊ သည်။ လောကိယံ၊ လောကီဖြစ်၍။ အနုဿဝါဒိဝသေန၊ ကြားနာရခြင်းစသော အစွမ်းအားဖြင့်။ နိရောဓေ စ၊ နိရောဓသစ္စာ၌၎င်း။ မဂ္ဂေ စ၊ မဂ္ဂသစ္စာ၌၎င်း။ ပဝတ္တတိ၊ ၏။ ပဋိဝေဓဉာဏံ၊ သည်။ လောကုတ္တရံ၊ လောကုတ္တရာတရားဖြစ်၍။ နိရောဓံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ ၍။ ကိစ္စတော၊ ပိုင်းခြား၍သိခြင်း, ပယ်ခြင်း, ပွားခြင်းကိစ္စအားဖြင့်။ စတ္တာရိ၊ ကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

## ၄-သစ္စာလေးပါး၏ နက်နဲ-ခက်ခဲ-သိမြင်နိုင်ခဲသည်၏ အဖြစ်ကိုပြခြင်း။

ထိုသိခြင်း နှစ်ပါးတို့ဘွင် ပဋိဝေဓသိခြင်းကို ထားဘိဦး။ အနုဗောဓ သိခြင်းဖြင့်ပင်လျှင် သိဘို့ရန် အလွန်ခဲယဉ်းလှ၏။ သိစေ အံ့····· သစ္စာလေးပါးတရားကို၎င်း သတ္တဝါတို့၏ဖြစ်ဟန်ကို၎င်း ပဋိသန္ဓေနေခြင်းကို၎င်း ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်ခြင်းကို၎င်း ထိုလေးပါးသော အခြင်းအရာတို့ကို အလွန်မြင်နိုင်ခဲ၏။ အလွန်ဟော ကြားနိုင်ခဲ၏။

သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သုဒုက္ကရာ။ ။
သမ္မောအဋ္ဌအကာ။

သစ္စံ၊ သစ္စာ လေး ပါး တ ရား ၏ ဖြစ် ဟန် အခြင်း အရာ၎င်း။ သတ္တော၊ သတ္တဝါသခ်ါရတို့၏ဖြစ်ဟန် အခြင်းအရာ၎င်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေစွဲနေကပ်ငြိဟန် အခြင်းအရာ၎င်း။ ပစ္စယာကာရမေဝ စ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ဖြစ်ဟန် အခြင်းအရာ၎င်း။ စတုရော ဓမ္မာ၊ သစ္စာ သတ္တဝါ ပဋိသန္ဓေ ပဋိစ္စသမုပ္ပါဒ်အားဖြင့် လေးပါး ကုန်သောတရားတို့သည်။ ဒုဒ္ဒသာ၊ ဉာဏ်ဖြင့် သိမြင်နိုင်ခဲကုန်၏။ ဒေသေတုဉ္စ၊ သူတပါးတို့ကို ဟောပြောခြင်းငှါလည်း။ သုဒုက္ကရာ၊ အလွန်ခဲယဉ်းကုန်၏။

ထိုသို့လွန်စွာခဲယဉ်းလှသည်၏ အဖြစ်ကြောင့် သစ္စာလေးပါး မြတ်တရားတို့၌ ရှေးဦးစွာအနုဗောဓအားဖြင့် ဆရာသွားတို့ထံ၌ ဒုက္ခသစ္စာ-သမုဒယသစ္စာ နှစ်ပါးတို့ကို အကျဉ်းအကျယ်အားဖြင့် သင်ကြားခြင်း ဥဂ္ဂဟ၊ အဖန်တလဲလဲမေးမြန်းခြင်း ပရိပုစ္ဆာ၊နာခံမှတ်သားခြင်း သဝန၊ ဆောင်ရွက်ခြင်း ဓာရဏ၊ သုံးသပ်ခြင်း သမ္မသနတို့ဖြင့် သိစေအပ်၏။ နိရောဓသစ္စာ-မဂ္ဂသစ္စာ နှစ်ပါးတို့ကား နာခံမှတ်သားခြင်းသဝနမျှဖြင့်သာလျှင် ထိုးထွင်း၍သိအပ်၏။ ဤကား အနုဗောဓဉာဏ်၏ အရာတည်း။ မဂ်သို့ရောက်သော အခါ၌ကား နိရောဓသစ္စာကို အာရမ္မဏပဋိဝေဓ,ကျန်သုံးပါးကို ကိစ္စပဋိဝေဓဖြင့် ထိုးထွင်း၍သိစေအပ်၏။

ဝေမဿ ပုဗ္ဗဘာဂေ ဒွီသု သစ္စေသု ဥဂ္ဂဟပရိပုစ္ဆာ သဝနဓာရဏသမ္မသနပဋိဝေဓော ဟောတိ၊ ဒွီသု သဝနပဋိဝေဓောယေဝ။ အပရဘာဂေ တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော။ ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဧဝံ၊ ဤသို့။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝါ၊ အား။ ပုဗ္ဗဘာဂေ၊မဂ်သို့မရောက်မီ ရှေးအဘို့၌။ ဒွီသု၊နှစ်ပါးကုန်သော။ သစ္စေသု၊ဒုက္ခသစ္စာ-သမုဒယသစ္စာတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ သမ္မသန ပဋိဝေဓော၊ သင်ကြားခြင်း မေးမြန်းခြင်း နာကြားခြင်း ဆောင်ခြင်း သုံးသပ်ခြင်းအားဖြင့် ထိုးထွင်း၍ သိခြင်း သည်။ ဟောတိ၊ ဖြစ်၏ ဒွီသု၊ နှစ်ပါးကုန်သော နိရောဓသစ္စာ-မဂ္ဂသစ္စာ တို့၌။ သဝန ပဋိဝေဓောယေဝ၊ နာကြားခြင်းဖြင့် ထိုးထွင်း၍ သိ ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အပရဘာဂေ၊ မဂ်သို့ ရောက်သောကာလ ခါသမယ၌။ တီသု၊ သုံးပါးကုန်သော ဒုက္ခ သစ္စာ-သမုဒယသစ္စာ-မဂ္ဂသစ္စာတို့၌။ ကိစ္စတော၊ ပရိညာကိစ္စအစ ရှိသောအားဖြင့်။ ပဋိဝေဓော၊ ထိုးထွင်း၍သိခြင်းသည်။ဟောတိ၊ ဖြစ်၏။ နိရောဓေ၊ နိရောဓသစ္စာ၌။ အာရမ္မဏပဋိဝေဓော၊ အာရုံ ပြုသောအားဖြင့် ထိုးထွင်း၍သိခြင်းသည်။ ဟောတိ၊ဖြစ်၏။

ထိုသို့ ပြတော်မူအပ်သော ဥဂ္ဂဟပဋိဝေဓ ပရိပုစ္ဆာပဋိဝေဓ သဝနပဋိဝေဓ ဓာရဏာပဋိဝေဓ သမ္မသနပဋိဝေဓ အာရမ္မဏာပဋိဝေဓ ကိစ္စပဋိဝေဓ ခုနစ်ပါးတို့တွင် အာရမ္မဏာပဋိဝေဓ ကိစ္စပဋိဝေဓနှစ်ပါးတို့ကို သစ္စာလေးပါးကိုသိရာ၌ ပဋိဝေဓဉာဏ်၌ ၎င်း သာဝကတို့အား ဘာဝနာမယဉာဏ်၌၎င်း ဘုရားပစ္စေကဗုဒ္ဓါတို့အား စိန္တာမယဉာဏ်၌၎င်း သင့်ကြိုက်အပ်၏။ ကြွင်းသော ဥဂ္ဂဟစသော ငါးပါးသော ပဋိဝေဓကိုကား အနုဗောဓဉာဏ်၌ ၎င်း သာဝကတို့အား သုတမယဉာဏ်၌၎င်း သင့်ကြိုက်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ။ ထိုသာဝကတို့အား သစ္စာလေးပါး သိခြင်း၌ ဆရာသမားတို့နှင့်ကင်း၍ မဖြစ်သောကြောင့်တည်း။

> ပရတော သုတွာ ပဋိလဘတီတိ ဧတ္ထ ကမ္မာယတနာဒီနိ ပရေန ကရိယမာနာနိ ဝါ ကတာနိ ဝါ ဒိသွာပိ ယဿ ကဿစိ ကထယမာနဿ ဝစနံ သုတွာပိ အာစရိယဿ သန္တိကေ ဥဂ္ဂဟေတွာပိ ပဋိလဒ္ဓါ သဗ္ဗာ ပရတော သုတွာယေဝ ပဋိလဒ္ဓါ နာမာတိ ဝေဒိတဗ္ဗာ။
>
> ဉာဏဝိဘင်္ဂအဋ္ဌကထာ။

ပရတော သုတွာ ပဋိလဘတီတိ ဧတ္ထ၊ ပရတော သုတွာ ပဋိလဘတိ ဟူသော၌ပုဒ်၌။ ကမ္မာယတနာဒီနိ၊ ကမ္မာယတနအစရှိသည်တို့ကို။ ပရေန၊သူတပါးသည်။ကရိယမာနာနိဝါ၊ပြုကုန်သည်တို့ကို၎င်း။ ကတာနိဝါ၊ ပြု၍ပြီးသည်တို့ကို၎င်း။ ဒိသွာပိ၊ မြင်၍ ၎င်း။ ယဿ ကဿစိ၊ တစုံတယောက်သော။ ကထယမာနဿ၊ ပြောဟောသောသူ၏။ ဝစနံ၊ စကားကို။ သုတွာပိ၊ ကြား၍၎င်း။ အာစရိယဿ သန္တိကေ၊ ဆရာ၏အထံ၌။ ဥဂ္ဂဟေတွာပိ၊ သင်၍ ၎င်း။ ယာ ပညာ၊ အကြင်ပညာကို။ ပဋိလဒ္ဓါ၊ ရအပ်၏။ သဗ္ဗာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ သာ ပညာ၊ ထိုပညာကို။ ပရတော၊ သူတပါးအထံမှ။ သုတွာယေဝ၊ ကြား၍သာလျှင်။ ပဋိလဒ္ဓါ နာမာတိ၊ ရအပ်သည်မည်၏ဟူ၍။ ဝါ၊ သုတမယဉာဏ်မည်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ် မှတ်အပ် ခံစားအပ်၏။ (ကမ္မာယတနာဒိနိ၌

အာဒိသဒ္ဒါကား သိပ္ပါယတန ဝိဇ္ဇာ ဌာန ကမ္မသကတာဉာဏ် သစ္စာနုလောမိကဉာဏ်ကိုယူ)။

ထို့ကြောင့် အနုဗောဓဉာဏ် သုတမယဉာဏ် စသည်တို့ ရင့်သန်ကြီးမားကြ၍ ပဋိဝေဓဉာဏ် ဘာဝနာမယဉာဏ်တို့ကို လျင်မြန်စွာ ရကြစေခြင်းအကျိုးငှါ ပါဠိအဋ္ဌကထာဋီကာစသော ကျမ်းတို့နှင့်အညီရင်း ဆရာသမားတို့ထံ၌ ရယူအပ်သော နယူပဒေသအားဖြင့်ရင်း ငါ၏ ဉာဏ်စွမ်းသတ္တိရှိသည်အား လျော်စွာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဘန်၍ ဧကန်ပြလိုက်ပေတော့အံ့။ အကြင်အကြင်ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အကြောင်းယုတ္တိ ရှိသည်အရာတို့၌ ယူ တော် မူ ကြ ပါ ကုန်။ အကြောင်းယုတ္တိမရှိသော နေရာတို့၌ ငါ့အားရင်း သူတပါးအားရင်း သနားသဖြင့် ပယ် ရှား စွန့် ပစ် တော် မူ ကြ ပါ စေ ကုန် သတည်း။

### ၅-ဒုက္ခသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် အမေးကိုပြခြင်း။

သစ္စာလေးပါးတို့တွင် ရှေးဦးစွာဒုက္ခသစ္စာ၌····

(၁) အဘယ်ကြောင့် ဒုက္ခမည်သနည်း။

(၂) အဘယ်ကြောင့် သစ္စာမည်သနည်း။

(၃) အဘယ်ကြောင့် ဒုက္ခသစ္စာမည်သနည်း။

(၄) ထိုဒုက္ခသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း။

(၅) ထိုဒုက္ခသစ္စာ၏ အာကာရတို့ကား အဘယ်နည်း။

(၆) ထိုဒုက္ခသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း။

(၇) ထိုဒုက္ခသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း။

(၈) ထိုဒုက္ခသစ္စာကို အဘယ်သို့သိရှိမျှနှင့် သံသရာမှ မလွတ်သနည်း။

အဘယ်သို့သိလျှင်- သံသရာမှ လွတ်သနည်း ဟူ၍— ပုစ္ဆာရှစ်ချက်တို့ဖြင့် မေးအပ်၏။

## ၆-အဘယ်ကြောင့် ဒုက္ခမည်သနည်းဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

ထိုသို့မေးအပ်သော ပုစ္ဆာရှစ်ချက်တို့ကို အစဉ်လိုက် ဖြေဆိုပေအံ့ —

(၁) အဘယ်ကြောင့် ဒုက္ခမည်သနည်း- ဟူသော ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ဤသို့တည်း —

> ဒုဋ္ဌုံ ခမာတီတိ ဒုက္ခံ။ ဒုဋ္ဌုံ ဝါ၊ ခါဒတီတိ ဒုက္ခံ။
> ဒုဝါခံအသာတိ ဒုက္ခံ။ ။

ယော သဘာဝေါ၊ အကြင် သ ဘော တ ရား သည်။ ဒုဋ္ဌု၊ မကောင်းစွာ။ ခနတိ အဝဒါရယတိ၊ တူးဖြိုတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ။ပဌမဝိဂ္ဂဟ်အနက်။

ဝါ၊ တနည်းကား။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ဒုဋ္ဌုံ၊ မကောင်းသဖြင့်။ အတ္တာနံ၊ မိမိဟုဆိုအပ်သော ခန္ဓာအစဉ်ကို။ ခါဒတိ ဘက္ခတိ၊ စားတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ။ဒုတိယဝိဂ္ဂဟ် အနက်။

ဝါ၊ တနည်းကား- အသာ ဝေဒနာယ၊ ထိုဝေဒနာအား။ ဒု၊ စက်ဆုပ်အပ်သော။ ခံ၊ အချည်းစည်းသောသဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ။တတိယဝိဂ္ဂဟ်အနက်။

ဎင်းဝိဂ္ဂဟ် သုံးပါးတို့တွင် ပဌမဝိဂ္ဂဟ်၌ ဒုပုဗ္ဗ၊ ခနုဓာတ်၊ ရပစ္စည်း။ ကတ္တုသာဓန။ ဎင်း၌ ခနုဓာတ်၏အရကား ရုပ်နာမ် ခန္ဓာ အာယတန စသော သဘောတရားအပေါင်းကို ဉပါဒ်ဌီ-ဘင် တို့ဖြင့် အစဉ်မပြတ်အောင် တူးဖြိုတတ်သော သဘောတရားကို မုချအားဖြင့်ရအပ်၏။ ရှေးရှေးသောအစဉ်၌ တူးဖြိုပြီးဖြစ်သော ဉပါဒ်- ဌီ- ဘင်တို့ကို ဖလူပစာအားဖြင့် ရအပ်ကုန်၏။ နောက်နောက်သော အစဉ်တို့၌ ဉပါဒ်- ဌီ- ဘင် တို့ဖြင့် တူးဖြို

လတ္တံ့သော သဘောတရားတို့ကို ကာရဏျပစာအားဖြင့် ရအပ်ကုန်၏။ ရပစ္စည်း၏ အရကား ထိုမှချ ဖလူ ကာရဏျပစာရတ္တ တို့ဖြင့် မှတ်အပ်သော သတ္တ-ပုဂ္ဂလပညတ်စသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော သန္တာနဒြဗ်အစဉ်ကိုရအပ်၏။

ဒုတိယဝိဂြိုဟ်၌လည်း ခါဒဓာတ်၊ ရပစ္စည်း၊ ကတ္တုသာဓန။ အရကောက်ဟန်ကား ရှေ့ဝိဂြိုဟ်နှင့်အတူတူတည်း။

တတိယဝိဂြိုဟ်၌ ဗဟုဗ္ဗီဟိသမာသ်၌ ဒုခံဟူသောသမသ်ပုဒ်၏ အရကား ဇာတိ ဇရာ မရဏတို့ဖြင့် လွှမ်းမိုးအပ်သော စက်ဆုပ်ဘွယ်ရှိသော ခန္ဓာအစဉ်ကြီးကို မှချအားဖြင့် ရအပ်၏။ စက်ဆုပ်အပ်သော ဒြဗ်ကြီး၏ အချည်းစည်းသုဉ်းသောသဘောနှင့် သာမိသံအဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကို ပ္ဗာနူပစာအားဖြင့် ရအပ်၏။ အဿာဟူသော အညပုဒ်၏ အရကား ထိုမှချ ဌာနူပစာရတ္တ တို့ဖြင့် မှတ်အပ်သော သတ္တ- ပုဂ္ဂလပညတ် စသည်တို့ဖြင့် လွှမ်းမိုးသော သန္တာနဒြဗ်အစဉ်ကြီးကို ရအပ်၏။

ထိုဝိဂြိုဟ်သုံးပါးတို့ဘွင် ပဌမ-ဒုတိယဝိဂြိုဟ်နှစ်ပါးတို့ကို ဆရာကြီးတို့ ဆိုကြခြင်းသည်ကား။ ။"ဒုက္ခံ ဘန္တေတိ အဘိဏှပဋိပီဠနာကာရေန ဒုက္ခံ၊ ဥပ္ပါဒဇရာဘင်္ဂဝသေန ဟိ ရူပဿ နိရန္တရံ ဗာဓနံ ဟောတိ"။ ။အနတ္တ သုတ္တဝဏ္ဏနာ။ ။ဒုက္ခံ ဘန္တေတိ၊ ဒုက္ခံဘန္တေ ဟူသည်ကား။ အဘိဏှပီဠနာကာရေန၊ အစဉ်မပြတ်ကပ်၍နှိပ်စက်တတ်သော အခြင်းအရာကြောင့်။ ဒုက္ခံ၊ဒုက္ခမည်၏။ ဟိ၊ ထိုစကားသင့်စွ။ ရူပဿ၊ ရုပ်တရားအပေါင်းအား။ ဝါ၊ ကို။ ဥပ္ပါဒဇရာဘင်္ဂဝသေန၊ ဥပါဒ်ဋ္ဌီ ဘင် တို့၏ အစွမ်းအားဖြင့်။ နိရန္တရံ၊ မပြတ်။ ဗာဓနံ၊ ညှဉ်းဆဲနှိပ်စက်တတ်သည်။ ဟောတိ၊ ဖြစ်၏။ ။နာမက္ခန္ဓာကိုလည်း ၎င်းအတိုင်းမှတ်။ ဤသို့သော အဋ္ဌကထာကို ထောက်၍ ဆိုတော်မူကြပေသည်။

တတိယဝိဂြိုဟ်ကား။ ။"ဠုမ ဒုဠုတိ အယံ သဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ၊ ကုစ္ဆိတဉှိ ပုတ္တံ ဒုပုတ္တောတိ ဝဒန္တိ။ ခံသဒ္ဒေါ ပန တုစ္ဆေ၊ တုစ္ဆဉှိ အာကာသံ ခန္တိဝုစ္စတိ"။ ။ဝိသုဒ္ဓိမဂ်။ ။ဠုမ၊ ဤဒုက္ခံ

ဟူသောပါဠိ၌။ ဒုဇ္ဇတိ အယံသဒ္ဒေါ၊ ဒုဟူသော ဤသဒ္ဒါသည်။ ကုစ္ဆိတေ၊ စက်ဆုပ်အပ်သော အနက်၌။ ဒိဿတိ၊ ထင်လာ မြင်လာ၏။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ ကုစ္ဆိတံ၊ ကဲ့ရဲ့အပ်-စက်ဆုပ်အပ်သော။ ပုတ္တံ၊ သား ဆိုး သား ကြမ်း သား သ ရမ်း ကို။ ဒုပုတ္တောတိ၊ ဒုပုတ္တဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ ပန၊ ထိုမှတပါး။ ခံသဒ္ဒေါ၊ ခံသဒ္ဒါသည်။ တုစ္ဆေ၊ အချည်းနှီးဟူသော အနက်၌။ ဒိဿတိ၊ ထင်၏။ ဟိ သစ္စံ၊ ထိုစကားမှန်စွ။ တုစ္ဆံ၊ အချည်းနှီးသော။ အာကာသံ၊ ရေးခြစ်မထင် ထက်ကောင်းကင်ကို။ ခန္တိ၊ ခံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ဆိုအပ်ပြီးသောဝစနတ္ထ အဋ္ဌကထာဆရာတို့နှင့်ညီစွာ စက်ဆုပ်အပ်သည်ဖြစ်၍ တူး ဖို တတ်သောအနက်,စားတတ်သောအနက်,အချည်းစည်းသုဉ်းသော အနက်တို့ကြောင့် ဒုက္ခမည်ပေ၏ဟုဖြေ။ ။ပဌမပုစ္ဆာ ပြီး၏။

### ၇-အဘယ်ကြောင့် သစ္စာမည်သနည်းဟူသော ဒုတိယပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၂) အဘယ်ကြောင့် သစ္စာမည်သနည်း-ဟူသော ဒုတိယ ပုစ္ဆာ၌။ ။"သတနံ သစ္စံ"။ ။သတနံ၊မှန်ခြင်း။ သစ္စံ၊ မှန်ခြင်း။ ။ သစ္စံကား သတဓာတ်၊ ဏျပစ္စည်း။ ဘာဝသာဓနတည်း။ သတဓာတ်၏အရကား ဘာဝဝါစကပုဒ်တို့၏ သဘောသည် ဓာတ် အရ ပစ္စည်းအရ အထူးမရှိသောကြောင့် အမှန်ဖြစ်ခြင်းသဘော ကို ရအပ်၏။ ။ထိုသစ္စာဟူသောသဘောသည် မဘောက်မပြန် မှန်သော သဘောလည်းရှိ၏။ မချွတ်ယွင်းသော သဘောလည်း ရှိ၏။ တပါးသော အခြင်းအရာအားဖြင့် မဖြစ်သော ဘာဝ လည်းရှိ၏။ ထိုသဘောသည် အဘယ်သည်တို့နည်း ဟူမူကား။ ဒုက္ခစသည်တို့ပင်တည်း။

စတ္တာရိမာနိ ဘိက္ခဝေ တထာနိ အဝိတထာနိ အနညထာနိ။ ကတမာနိ စတ္တာရိ။ ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထ မေတံ အဝိတထမေတံ အနညထမေတံ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ စတ္တာရိ၊ ဤလေးပါးကုန်သော တရားတို့သည်။ တထာနိ၊ မှန်ကုန်၏၊ အဝိတထာနိ၊ မချွတ်ယွင်းကုန်။ အနညထာနိ၊ တပါးသော အခြင်းအရာအားဖြင့်မဖြစ်ကုန်။ စတ္တာရိ၊ လေးပါးကုန်သောတရားတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားသည်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုစ္စတိ၊ ဆိုအပ်၏။ တေံ ဝစနံ၊ ထိုစကားသည်။ တထံ၊ မှန်၏။ တေံဝစနံ၊ ဤစကားသည်။ အဝိတထံ၊ မချွတ်ယွင်း။ တေံ ဝစနံ၊ ဤစကားသည်။ အနညထံ၊ တပါးသောအခြင်းအရာအားဖြင့်မဖြစ်။ ။ဤသို့ မှန်သောသဘော, မချွတ်ယွင်းသောသဘော, တပါးသောအခြင်းအရာအားဖြင့်မဖြစ်သော သဘောသည် သစ္စာမည်၏ဟုဖြေ။ ။ ဒုတိယပုစ္ဆာပြီး၏။

### ၈ အဘယ်ကြောင့် ဒုက္ခသစ္စာမည်သနည်းဟူသော တတိယပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၃) အဘယ်ကြောင့်ဒုက္ခသစ္စာမည်သနည်း-ဟူသောပုစ္ဆာ၌။ ။''ဒုက္ခဋ္ဌတံ သစ္စဋ္ဌာတိ ဒုက္ခသစ္စံ''။ ။ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဒုက္ခဋ္ဌ၊ စက်ဆုပ်အပ်သည်ဖြစ်၍ တူးဖြိုတတ်သည်လည်း။ဟောတိ၊ဖြစ်၏။သစ္စဋ္ဌ၊မှန်သောသဘောသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဒုက္ခသစ္စံ၊ဒုက္ခသစ္စမည်၏။ ။ ကမ္မဓာရယ်သမာသ်တည်း။ ၎င်းကမ္မဓာရယ်သမာသ်၌ ဒုက္ခံဟူသောရှေ့ပုဒ်အရကား ယခင်ဆိုသောအတိုင်းတေဘူမကတရားကို မုချအားဖြင့်ရ၏။ စက်ဆုပ် အပ်သည်ဖြစ်၍ တူးဖြိုခြင်းစသော ဂုဏ်နှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့်စပ်ခြင်းဟု ဆိုအပ်သောသမ္ဗန်ကို ဥာနူပစာအားဖြင့်ရ၏။ ဒုက္ခသစ္စံဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ ဥာနူပစာတို့ဖြင့် မှတ်အပ်သော တေဘူမကတရားတို့ မှန်သောသဘောကိုရအပ်၏။ တံကား နိပါတ်မျှသာတည်း။ ဝါ၊ မုချ-ဥာနူပစာတို့ဖြင့် ကောက်အပ်သောတရားတို့ကိုပင် ရအပ်ကုန်၏။ အာဂုံမလိုကော့ပြီ။ ။တတိယပုစ္ဆာပြီး၏။

### ၉-ဒုက္ခသစ္စာ၏လက္ခဏာစသည်ကား အဘယ်နည်းဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၄) ထိုဒုက္ခသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း ဟူရာ၌။ ။ထိုဒုက္ခသစ္စာ၌ နှိပ်စက်ခြင်းလက္ခဏာရှိ၏။ ပူပန်ခြင်း ကိစ္စရှိ၏။ ဖြစ်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။ ကံ, စိတ်, ဥတု, အာဟာရ,တို့သည် ယထာရဟ နီးစွာသောအကြောင်းရှိ၏။

လက္ခဏာဒိပ္ပဘေဒတောတိ ဧတ္ထ ဟိ ဗာဓနလက္ခဏံ
ဒုက္ခသစ္စံ သန္တာပနရသံ ပဝတ္တိပစ္စုပဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ်။

ဟိ၊ထိုစကားကို ထင်စွာဆိုဦးအံ့။ လက္ခဏာဒိပ္ပဘေဒတောတိ ဧတ္ထ၊ လက္ခဏာဒိပ္ပဘေဒတောဟူသော၌ပုဒ်၌။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ ကျင်လည်တတ်သော သတ္တဝါဟု သမုတ်အပ်သော ခန္ဓာအစဉ်ကို နှိပ်စက်တတ်ခြင်း လက္ခဏာရှိ၏။ သန္တာပနရသံ၊ မီးဆယ်တပါးတို့ဖြင့် ပူလောင်စေခြင်းကိစ္စ ရှိ၏။ ပဝတ္တိပစ္စုပဋ္ဌာနံ၊အသစ်အသစ်ဖြစ်ပေါ်လာ၏ဟု ယောဂီ၏ဉာဏ်ဝ၌ ရှေးရှုထင်ခြင်းရှိ၏။ ။ဘဝပစ္စယာဇာတိ-ဟူ၍ ဟောတော်မူရကား ကံစသောအကြောင်းသည် နီးစွာသောအကြောင်းရှိ၏။ ။ ယထာရဟ-ယှဉ်ဟန်ကား ပဋိသန္ဓေဝိညာဏ်မှာ ကံ၊ စိတ္တဇရုပ်တို့နှင့်တကွ နာမ်တို့မှာ စိတ်၊ သီတဥဏှတို့ကြောင့် ဘောက်ပြန်တတ်သော ရုပ်နာမ်တို့မှာ ဥတု၊ဩဇဋ္ဌမကရုပ်တို့မှာ အာဟာရ-စသည်တို့ကို ပဒဋ္ဌာန်ထား၍ယူကြလေ။ ။စတုတ္ထပုစ္ဆာပြီး၏။

### ၁၀-ဒုက္ခသစ္စာ၏အာကာရတို့ကား အဘယ်နည်းဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

ထိုဒုက္ခသစ္စာ၏ အာကာရတို့ကား အဘယ်နည်း-ဟူရာ၌။ ။ ''ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ''-ဟူ၍ ရှစ်ပါးသော

အခြင်းအရာ အာကာရတို့ကို ဟောတော်မူသည်။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော်။ ။အဋ္ဌကထာတို့၌ကား။ ။''ဇာတိအာဒီနံ နိဒ္ဒေသဝါရတိ ယေ တေ အရိယသစ္စာနိ နိဒ္ဒိသန္တေန ဘဂဝတာ ဇာ တိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဥ္စုပါဒါ နက္ခန္ဓာ ဒုက္ခာတိ ဒုက္ခ နိဒ္ဒေသေ ဒွါ ဒသ ဓမ္မာ''-ဟူ၍တဆယ့်နှစ်ပါးသောအခြင်းအရာကိုဟောတော် မူသည်။ ။ဝိသုဒ္ဓိမဂ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ နာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေ ရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏၊ အပ္ပိယေဟိ၊ မချစ်နှစ်လိုအပ် သည်တို့နှင့်။ သမ္ပယောဂေါ၊ ယှဉ်တွဲ၍ နေရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သည်တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း၍ နေရခြင်းသည်။ ဒုက္ခော၊ ဆင်ရဲ၏။ ယံပိစ္ဆံ၊ အကြင် အလိုရှိအပ်သောဝတ္ထုကို။ န လဗ္ဘတိ၊ မရ။ တမ္ပိ၊ ထိုသို့မရခြင်း သည်လည်း။ ဒုက္ခံ၊ဆင်းရဲ၏။ သံခိတ္တေန၊အကျဉ်းအားဖြင့်။ ပဥ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဇူဒံ ခေါ ပန၊ ဤပဋိသန္ဓေ နေခြင်း အစရှိသည်ကား။ ဒုက္ခံ၊ ဆင်းရဲဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။ ။ပါဠိတော်အနက်။

ဇာတိအာဒီနံ နိဒ္ဒေသဝါရတိ၊ ဇာတိအာဒီနံ နိဒ္ဒေသဝါ - ဟူသည် ကား။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ နိဒ္ဒိသန္တေန၊ အကျယ် ပြတော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဇာတိပိ ဒုက္ခာ၊ လ။ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာတိ၊ ဟူ၍။ ဒုက္ခနိဒ္ဒေသေ၊ ဒုက္ခနိဒ္ဒေသ၌။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ဒွါဒသ ဓမ္မာ၊ တဆယ့်နှစ်ပါးသောတရားတို့ကို။ ဘဂဝတာ၊သည်။ ဝုတ္တာ၊ဟော

ဟော်မူအပ်ကုန်၏။ ။သာကေအနက်ကား။ ။ဓာတိပိ၊ သည် လည်း။ ဒုက္ခာ၊၏။ ဇရာပိ၊သည်လည်း။ ဒုက္ခာ၊၏။ မရဏမ္ပိ၊သေရ ခြင်းသည်လည်း။ ဒုက္ခံ၊၏။ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါ ယာသာပိ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာ ခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အပ္ပိယေဟိ၊ မချစ်နှစ်လိုအပ်သည့်တို့နှင့်။ သမ္ပယောဂေါ၊ ယှဉ်တွဲ ၍နေရခြင်းသည်။ ဒုက္ခော၊၏။ ပိယေဟိ၊ချစ်နှစ်လိုအပ်သည့်တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း၍နေရခြင်းသည်။ ဒုက္ခော၊ ၏။ ယံပိစ္ဆံ၊ အကြင် အလိုရှိအပ်သော ဝတ္ထုကို။န လဗ္ဘတိ၊မရ။ တမ္ပိ၊ ထိုသို့ မရ ခြင်းသည်လည်း။ ဒုက္ခံ၊ ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ယေ တေ ဥပါဒါနက္ခန္ဓာ၊ အကြင်ဥပါဒါန်၏ အာရုံဖြစ်သော တရားတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ။ အဋ္ဌကကာအနက်။

ထိုသို့ပြတော်မူအပ်သော အာကာရရှစ်ပါး တဆယ်နှစ်ပါးတို့ တွင် ''ဇာတိပိဒုက္ခာ''ဟူသော ပုဒ်၌ ဇာတိသည် သာမည အား ဖြင့် တပါးသာတည်း။ ဝိသေသအားဖြင့်သော်ကား ရုပ်ဇာတိ နာမ်ဇာတိဟူ၍ နှစ်ပါး။ ကာမဇာတိ ရူပဇာတိ အရူပဇာတိဟူ၍ သုံးပါး။ ၎င်းနည်းတူ ဧကဝေါကာရဇာတိ စတုဝေါကာရဇာတိ ပဉ္စဝေါကာရဇာတိဟူ၍သုံးပါး။ သညီဇာတိ အသညီဇာတိ နေ ဝသညီနာသညီဇာတိဟူ၍ သုံးပါးအားဖြင့် ဇာတိကိုးပါး။ ။ ၎င်းဇာတိကိုးပါးတို့ဝယ် လူနတ်စသော အမည်အမျိုးအားဖြင့် ရေတွက်အပ်သည်ရှိသော် မရေမတွက်နိုင်သော ဇာတိတို့သည်ဖြစ် ကုန်၏။ ထိုမရေမတွက်နိုင်သော ဇာတိမျိုးတို့၌ ယောနိလေးပါး တို့ဖြင့် ပိုင်းခြား၍ဇာတိတို့ဖြစ်ဟန်ကို ဤသို့သိအပ်၏—

တတ္ထ ကတမာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိ နိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဇာတိ။ ။ဝိဘင်းပါဠိတော်။

...တော်တွင်းကားပြန်ရွာ ဦးစိုး...
...ကြည့်တိုက်
...ရန်ကုန်။
၂၁၇၃၈

တတ္ထ၊ ထိုဇာတိစသည် တို့တွင်။ ဇာတိ၊ဇာတိသည်။ ကတမာ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တ နိကာယေ၊ ထိုထို သတ္တဝါအပေါင်း၌။ ယာ ဇာတိ၊ အကြင်ဖြစ်ခြင်းသည်။ ယာ သဉ္ဇာတိ၊ အကြင်ပြည့်စုံသော အာယတန၏အစွမ်းဖြင့် ကောင်းမွန်စွာဖြစ်ခြင်းသည်။ ယာ ဩက္ကန္တိ၊ အကြင်ဥဒ္ဒွံတွင်း သူငယ်အိမ်တွင်းသို့ဝင်၍ ဖြစ်ခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြင်သံသေဒဇဥပပါတ်၏အစွမ်းဖြင့် ထင်ရှားဖြစ်ခြင်းသည်။ ခန္ဓာနံ၊ တခု လေးခု ငါးခုသော ခန္ဓာတို့၏။ ယော ပါတုဘာဝေါ၊ အကြင် ထင်ရှား ဖြစ်ခြင်းသည်။ အာယတနာနံ၊အာယတနတို့ကို။ ယော ပဋိလာဘော၊ အကြင်ရခြင်းသည်။ အတ္ထိ၊ရှိ၏။ အယံ၊ ဤဖြစ်ခြင်းအစရှိသည်ကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်၌ ''တေသံ တေသံ သတ္တာနံ'' ဟူသော ဝိစ္ဆာသဒ္ဒါဖြင့် သတ္တဝါအလုံးစုံကို အကုန်နှံ့စေ၍ အကျဉ်းအားဖြင့် သတ္တဝါအများတို့နှင့် ဆက်ဆံခြင်းကိုပြတော်မူသည်။ ''တမှိ တမှိ သတ္တနိကာယေ'' ဟူသော ဝိစ္ဆာသဒ္ဒါဖြင့် ဂတိဇာတိ၏ အစွမ်းဖြင့်နှံ့စေ၍ သတ္တဝါ အများတို့နှင့်ဆက်ဆံခြင်းကိုပြတော်မူသည်။ ''ဇာတိ''ဟူသောပုဒ်ဖြင့် အာယတနနှင့်မပြည့်မစုံဖြစ်ခြင်း သာမညကို ပြတော်မူသည်။ ''သဉ္ဇာတိ''ဟူသောပါဌ်ဖြင့် အာယတနနှင့် အပြည့်အစုံ ကောင်းစွာ ဖြစ်ခြင်းကိုပြတော်မူသည်။ ''ဩက္ကန္တိ''ဟူသောပါဌ်ဖြင့် အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့၏ ဥဒ္ဒွံတွင်း သူငယ်အိမ်ခွင်းသို့ ဝင်ရသကဲ့သို့ ဖြစ်ခြင်းကို ပြတော်မူသည်။ ''အဘိနိဗ္ဗတ္တိ''ဟူသော ပါဌ်ဖြင့် သံသေဒဇ ဩပပါတိက သတ္တဝါတို့၏ ကိုယ်ထင်ရှားဖြစ်ခြင်းကိုပြတော်မူသည်။''ခန္ဓာနံ ပါတုဘာဝေါ'' ဟူသောပါဌ်ဖြင့် ပရမတ္ထအားဖြင့် သတ္တဝါတို့သည် ထင်ရှားဖြစ်သည်မဟုတ်ကုန်။ ခန္ဓာတို့သာ ထင်ရှားဖြစ်ကုန်၏ဟူသော အနက်ကို ပြတော်မူသည်။''အာယတနာနံ ပဋိလာဘော''ဟူသော ပါဌ်ဖြင့် ထိုထိုဘဝ၌ဖြစ်သော အာယတနတို့၏ အစွမ်းဖြင့် အတ္တဘောကိုရခြင်းကိုပြတော်မူသည်။

ထိုစကားရပ်တို့၌ ယောနိလေးပါးဟူသော်ကား—

"စတဿော ယောနိယော အဏ္ဍဇယောနိ ဇလာဗုဇယောနိ သံသေဒဇယောနိ ဩပပါတိကယောနိ"-ဟု အရှင်သာရိပုတ္တရာ ဟောတော်မူ၏။ ။သင်္ဂီတိသုတ်ပါဠိတော်။

ယောနိယော၊ယောနိတို့သည်။အဏ္ဍဇယောနိ၊အဏ္ဍဇယောနိ ၎င်း။ ဇလာဗုဇယောနိ၊ ဇလာဗုဇယောနိ၎င်း။ သံသေဒဇ ယောနိ၊ သံသေဒဇယောနိ၎င်း။ ဩပပါတိကယောနိ၊ ဩပပါတိ ကယောနိ၎င်း။ ဣတိ၊ ဤသို့။ စတဿော၊ လေးပါးတို့တည်း။

ထိုလေးပါးတို့၏ အထူးကား။ ။"အဏ္ဍေ ဇာတာတိ အဏ္ဍ ဇာ"-ဟူသော ပါဠေယျအဋ္ဌကထာပါဌ်၌ ဝစနတ္ထနှင့်အညီ အဥ၌ ဖြစ်သော ငှက် မြွေ အစရှိသော သတ္တဝါတို့သည် အဏ္ဍဇမည်ကုန် ၏။ ။"ဇလာဗုမှိ ဇာတာတိ ဇလာဗုဇာ"-ဟူသော အဋ္ဌကထာ ပါဌ်၌ ဝစနတ္ထနှင့်အညီ သူငယ်အိမ်၌ဖြစ်သော လူအစရှိသော သတ္တ ဝါတို့သည် ဇလာဗုဇ မည်ကုန်၏။ ။"သံသေဒေ ဇာတာတိ သံသေဒဇာ"-ဟူသော ၎င်းအဋ္ဌကထာပါဌ်၌ ဝစနတ္ထနှင့်အညီ အညှိ၌ဖြစ်သော ပိုးလောက်အစရှိသောသတ္တဝါတို့သည် သံသေ ဒဇမည်ကုန်၏။ ။"ဝေဂေနအာဂန္တွာ ဥပပါတာဝိယာတိ ဩပ ပါတိကာ"-ဟူသော ၎င်းအဋ္ဌကထာပါဌ်၌ ဝစနတ္ထနှင့်အညီ လျင် သောအဟုန်ဖြင့်လာ၍ကျသကဲ့သို့ ဖြစ်ကုန်သော နတ်အစရှိသော သတ္တဝါတို့သည် ဩပပါတိကမည်ကုန်၏။

ထိုယောနိလေးပါးတို့၏ သတ္တဝါတို့၌ဖြစ်ဟန်ကို လက်သန်း အဋ္ဌကထာတို့၌လာသည်ကား—

ဘုမ္မဝဇ္ဇေသု ဒေဝေသု၊ ပေတေ နိဇ္ဈာမတဏှိကေ။
နိရယေသု စ သမ္ဘောတိ၊ ယောနေကာဝေါပပါတိကာ။
နာမရူပ ပရိစ္ဆေဒ။

ဘုမ္မဝဇ္ဇေသု၊ ဘုမ္မဇိုဝ်း နတ်သည် ကြဉ်အပ်ကုန်သော။ ဒေ ဝေသု၊ နတ်တို့၌၎င်း။ နိဇ္ဈာမတဏှိကေ၊ နိဇ္ဈာမတဏှိက အမည်

ရှိသော။ ပေတေစ၊ ပြိတ္တာ၌ဌင်း။ နိရယေသု စ၊ ငရဲတို့၌ဌင်း။ ဩပပါတိကာ၊ ဩပပါတိကအမည်ရှိသော။ ကောဝ၊ တခုသာလျှင်ဖြစ်သော။ ယောနိ၊ ယောနိသည်။ သမ္ဘောတိ၊ ဖြစ်၏။ ။ဂါထာ၏အဓိပ္ပါယ်ကား ထင်ရှားလှ၏။

ဘူမဒေဝမနုဿေသု၊ တိရစ္ဆာနေ ပရေတထာ။
ပေတေသု စာဝသေသေသု၊စတဿောပိစ ယောနိယော။
လက်သန်းအဋ္ဌကထာ။

ဘူမဒေဝမနုဿေသု၊ ဘူမဇိုင်းနတ်,လူတို့၌ဌင်း။ တထာ၊ ထိုမှတပါး။ အပရေ၊ တပါးသော။ တိရစ္ဆာနေ၊ တိရစ္ဆာန်၌ဌင်း။ အဝသေသေသု၊ နိဇ္ဈာမတဏှိကပြိတ္တာမှကြွင်းကုန်သော။ ပေတေသု စ၊ ပြိတ္တာတို့၌ဌင်း။ စတဿောပိ စ၊ လေးပါးလည်းဖြစ်ကုန်သော။ ယောနိယော၊ ယောနိတို့သည်။ သမ္ဘောန္တိ၊ဖြစ်ကုန်၏။ ။ဌင်းဂါထာ၏အဓိပ္ပါယ်လည်းထင်ရှား၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကိုယူ၍ အကျဉ်းအားဖြင့် ဆရာမြတ်တို့မှတ်ကြသည်ကား—

"ဘူမဇိုင်းပယ်၊ ကြွင်းဝယ်များစွာ၊ နတ်တကာနှင့်၊ နိဇ္ဈာမတဏှိက၊ နိရယတို့၊ နေကြလေရာ၊ ယောနိမှာ၊ တခုသာမှတ်၊ ဥပပါတ်။ ။ဘူမဇိုင်းလူ၊ ထို့တူများစွာ၊တိရစ္ဆာနှင့်၊ နိဇ္ဈာပယ်လျှင်း၊ ကြွင်းသည်ပြိတ္တာ၊ ယောနိမှာ၊ နေရာမလပ်၊ လေးပါးမှတ်"။

ထိုယောနိ လေးပါးတို့တွင် ဥပပါတ် သံသေဒဇ နေသော သူတို့တွင် သံသေဒဇမှာ တလသား-နှစ်လသားခန့်မျှဖြစ်၏။ဥပပါတ်မှာ တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ်ခန့်မျှဖြစ်၏။

တတ္ထ ဒေဝမနုဿေသု သံသေဒဇ ဩပပါတိကာနံ အယံ ဝိသေသော၊ သံသေဒဇာ မန္ဒာ ဒဟရာ ဟုတွာ နိဗ္ဗတ္တန္တိ၊ ဩပပါတိကာ သောဠသဝဿုဒ္ဒေသိကာ ဟုတွာ။
ပါထေယျအဋ္ဌကထာ။

တဏ္ဍ၊ ထိုသတ္တဝါတို့တွင်။ ဒေဝမနုဿေသု၊ နတ်လူတို့၌။ သံသေဒဇ ဩပပါတိကာနံ၊ သံသေဒဇ,ဩပပါတိက ပဋိသန္ဓေနေကုန်သောသူတို့၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိသေသော၊ အထူးတည်း။ သံသေဒဇာ၊ သံသေဒဇပဋိသန္ဓေနေကုန်သောသတ္တဝါတို့သည်။ မန္ဒာ၊ နည်းကုန်သည်။ ဒဟရာ၊ ငယ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဩပပါတိကာ၊ဥပပါတ် ပဋိသန္ဓေ နေကုန်သော သတ္တဝါတို့သည်။ သောဠသဝဿုဒ္ဒေသိကာ၊တဆယ့်ခြောက်နှစ်ဖြင့် ညွှန်းအပ်သောအရွယ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

ထိုယောနိလေးပါးတို့တွင် အဏ္ဍဇ ဇလာဗုဇ ပဋိသန္ဓေနေကြကုန်သောသတ္တဝါတို့သည် မိဘတို့၏ မေထုန်ဟု ဆိုအပ်သော အဇ္ဈာစာရကြောင့်လည်းနေကြကုန်သည်။ ကိုယ်လက်နှီးနှောခြင်း ကာယသံသဂ္ဂကြောင့်၎င်း, ပုဆိုးဖြင့်သုက်သွေးကိုယူခြင်း စောဠဂ္ဂဟဏကြောင့်၎င်း, သုတ်သွေးကိုသောက်ခြင်း အသုစိပါနကြောင့်၎င်း, ချက်ကိုသုံးသပ်ခြင်း နာဘိပရာမသနကြောင့်၎င်း, အဆင်းကိုမြင်ခြင်း ရူပဒဿနကြောင့်၎င်း,အသံကိုကြားခြင်း သဒ္ဒသဝနကြောင့်၎င်း, အနံ့ကိုနမ်းခြင်း ဂန္ဓဃာယနကြောင့်၎င်း, နေကြကုန်သည်။ ။ဤရှစ်ပါးသောအကြောင်းကြောင့် ပဋိသန္ဓေနေကြကုန်သည်ဟု ဝိနည်းအဋ္ဌကထာ၌လာသည်။

### ၁၁-ပဋိသန္ဓေနေရခြင်း၏ ဇာတိဒုက္ခကိုပြခြင်း။

ထိုရှစ်ပါးသော အကြောင်းတို့တွင် ရှေးဦးစွာသောအကြောင်းသည်သာလျှင် များသောအားဖြင့် မြဲသောပဋိသန္ဓေရှိ၏။ ကြွင်းသောအကြောင်း ခုနစ်ပါးတို့သည် များသောအားဖြင့် မြဲသောပဋိသန္ဓေမရှိ။ အနည်းငယ်မျှသာမြဲသည်။ ရှေးဦးစွာသော အကြောင်း၌ အမိအဘတို့သည် အညီအညွတ် စည်းဝေးကုန်သည်လည်း ဖြစ်စေ။ (၁)။ အမိ၏ ကြာတိုက် သည်လည်း ဥတုသက်ဆင်း၍သန့်ရှင်းသည်လည်းဖြစ်စေ။ (၂)။ ပဋိသန္ဓေနေသောသတ္တဝါသည်လည်းရှေ့ရှုကပ်ရောက်သည်လည်းဖြစ်စေ။ (၃)။ဤ

အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော အခါကာလဝယ် ကလလရုပ်ဟု ဆိုအပ်သော ဇလာဗုဇ အဏ္ဍဇပဋိသန္ဓေနေခြင်းသည်ဖြစ်၏။

ယိုပဋိသန္ဓေခဏ၌ ထင်ရှားဖြစ်သော ကလလရေကြည် ဟုဆိုအပ်သော ရုပ်အစဉ်လည်း ယင်ငယ်သည် တကြိမ်သောလုံ့လဖြင့် သောက်လောက်ရုံမျှ အတိုင်းအရှည်ရှိသည်ဖြစ်၍ နည်းလှစွာ၏။ ဤသို့ဆိုအပ်ပြီး၍ တဖန်ယင်ငယ်သောက်လောက်ရုံမျှ ပမာဏရှိသော ကလလရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီး၍ သိမ်မွေ့နူးညံ့လှစွာသော အပ်ကို ဆီ၌ ချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက် အပ်ဖျားဝယ် တည်သော ဆီပေါက်ပမာဏ ရှိ၏ဟုဆို၏။ ထိုအပ်ဖျား၌တည်သော ဆီပေါက်ပမာဏရှိသော ကလလရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီး၍ ဆံပင်တချောင်းကို ဆီ၌ ချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက် ဆံဖျားဝယ် တည်သော ဆီပေါက်ပမာဏ ရှိ၏ဟုဆို၏။ ထိုဆံဖျား၌တည်သော ဆီပေါက် ပမာဏရှိသော ကလလရေကြည်သည် အလွန်များသေး၏ဟု ပယ်ပြီး၍ ဤဇမ္ဗူဒိပါကျွန်းသူတို့၏ဆံကို ရှစ်စိတ်ခွဲပြီးလျှင် ထိုရှစ်စိတ်မှ, တစိတ်ပမာဏသည် ဥတ္တရကုရု ကျွန်းသူတို့၏ ဆံပင်တည်း၊ ထိုဥတ္တရကုရုကျွန်းသူတို့၏ ဆံကို ကြည်စွာသော ဆီ၌ ချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက် ဆံဖျားဝယ် တည်သော ဆီပေါက်ပမာဏ ရှိ၏ဟု ဆို၏။ ထိုဆံဖျား၌တည်သော ဆီပေါက်ပမာဏရှိသော ကလလရေကြည်သည် အလွန်များသေး၏ဟုပယ်ပြီးမှ ဇာတိဥဏ္ဏမည်သော သားကောင်၏ အမွေးသည် အလွန်သိမ်မွေ့၏၊ ထိုဇာတိဥဏ္ဏ မည်သော သားကောင်၏ အမွေးတချောင်းကို ကြည်စွာသော ဆီ၌ ချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက်အမွေးဖျားဝယ် တည်သော ဆီပေါက်ပမာဏရှိ၏ ဆို၏။

ဤသို့လျှင် —

" ယင်ငယ်သောက်လောက်၊ ထိုနောက်အပ်ဖျား၊
တောင်ကျွန်းသား၏၊ ဆံဖျားတသွယ်၊ မြောက်ဝယ်ကျွန်း-

သား၊ ဆံဖျားတင်ရှိ၊ ဇာတိဥဏ္ဏာ၊ သားမြတ်စွာ၏၊ မွေး
မှာတမျှင်၊ အဖျားတွင်၌၊ တင်သည့်ဆီမျှ၊ ပမာရသည်။ ။
ကလလရုပ်၏အတိုင်းအရှည်တည်း''။ ။ထို့ကြောင့်····

တိလတေလဿ ယထာ ဗိန္ဒု၊
သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏပဋိဘာဂံ၊
ကလလံ သမ္ဗုဝုစ္စတိ။

ဟု အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူ၏။

တိလတေလဿ၊ နှမ်းဆီ၏။ ဗိန္ဒု၊ ယထာ၊ အပေါက်ကဲ့သို့။ အ
နာဝိလော၊ နောက်ကျုခြင်း မရှိသော။ သပ္ပိမဏ္ဍော ယထာ၊
ထောပတ်ကြည်ကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ကလလံ၊ကလလရေ
ကြည်ကို။ ဝဏ္ဏပဋိဘာဂံ၊ တူသောအဆင်းသဏ္ဌာန် ရှိ၏ဟူ၍။
သမ္ဗုဝုစ္စတိ၊ ကောင်းစွာ အပြားအားဖြင့် ဆိုအပ်၏။

ထိုကြည်လင်လှစွာသော ကာလလရေကြည်ဖြင့် ခုနစ်ရက်၊
၎င်းနောက် အမြှုပ် ခုနစ်ရက်၊ ၎င်းနောက် သွေးခဲ ခုနစ်ရက်၊
၎င်းနောက် သားတစ် ခုနစ်ရက်၊ ၎င်းနောက် ခက်မ ငါးဖြာတို့
ခုနစ်ရက်၊ ဤသို့စသည်ဖြင့် တနေ့ထက်တနေ့ ရင့်၍ တဆယ့်တစ်
သတ္တာဟ၌။ စက္ခု, သောတ, ဃာန, ဇိဝှါတို့ ဖြစ်ကြလျက် လေး
ဆယ့်နှစ်သတ္တာဟ။ (၀၁) ကိုးလနှင့် နှစ်ဆယ့်လေးရက်တို့တိုင်တိုင်
ဖြစ်၍ဖွါးမြင်ရလေ၏။ ။ထို့ကြောင့် ရှင်တော်ဘုရားသည် —

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတီ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။

ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊မာတုကုစ္ဆိဂတော နရော။

ဟူသော အခွဲနှင့်တကွ သုံးဂါထာ (၂-ဂါထာခွဲ) ကို ဟောတော်
မူ၏။

သံယုတ်ပါဠိတော်။

ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတန ကာယာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ။

ကထာဝတ္ထုအဋ္ဌကထာ။

ဇာတော ပရံ ဆဋ္ဌသတ္တမာဒီနိ သတ္တာဟာနိ အတိက္ကမ္မ ဒေသနံ သံခိပိတွာ ဒွါစတ္တာလီသေ သတ္တာဟေ ပရိဏတ ကာလံ ဂဟေတွာ ဒဿေန္တော ကေသာတိ အာဒိမာဟ။ တတ္ထ ကေသာ လောမာ နခါပိစာတိ ဒွါစတ္တာလီသေ သတ္တာဟေ ဇာတာနိ ဇာယန္တိ။

သဂါထာဝဂ္ဂသံယုတ် ယက္ခသုတ်အဖွင့် အဋ္ဌကထာ။

ပဌမံ၊ ရှေးဦးစွာသောပဋိသန္ဓေဝိညာဏ်ဖြင့်။ ဝါ၊ ရှေးဦးစွာသော သတ္တာဟပတ်လုံး။ ကလလံ၊ ကလလရေကြည်သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ ကာလလရေကြည်မှ။ သတ္တာဟစ္စယေန၊ ခုနစ်ရက်လွန်သဖြင့်။ ( သတ္တာဟစ္စယေနကား ပါဌသေသ ) အဗ္ဗုဒံ၊ သားဆေးရေအဆင်းရှိသောအမြှုပ်သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်မှ။ သတ္တာဟစ္စယေန၊ ခုနစ်လွန်သဖြင့်။ ပေသိ၊ ကြည်စွာသော သလွဲနှင့်တူသောသားတစ်သည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ၊ သားတစ်မှ။ သတ္တာဟစ္စယေန၊ ခုနစ်ရက် လွန်သဖြင့်။ ဃနော၊ ကြက်ဥသဏ္ဍာန်ရှိသောအသားခဲသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဃနာ၊အသားခဲမှ။သတ္တာဟစ္စယေန၊ခုနစ်ရက် လွန်သဖြင့်။ ပသာခါ၊ လက်နှစ်ချောင်း ခြေနှစ်ချောင်း ဦးခေါင်း အကျိုးငါ ငါးဖြာသောအိုင်းအဖုတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ကေသာစ၊ ဆံတို့သည်၎င်း။ လောမာစ၊ အမွေးတို့သည်၎င်း။ နခါပိစ၊ လက်သည်းခြေသည်းတို့သည်၎င်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

အဿ၊ ထိုသူငယ်၏။ မာတာ၊အမိသည်။ ယဉ္စ အန္နံ၊ အကြင်ထမင်းကို၎င်း။ ယဉ္စ ပါနံ၊ အကြင်အဖျော်ကို၎င်း။ယဉ္စ ဘောဇနံ၊ အကြင်ဘောဇဉ်ကို၎င်း။ ဘုဉ္ဇတိ၊စား၏။ တေန၊ထိုအမိစားသော ထမင်း အဖျော် ဘောဇဉ်ဖြင့်။ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌

တည်သော။ သော နရော၊ ထိုသတ္တဝါသည်။ တတ္ထ၊ထိုအမိဝမ်း၌။ ယာပေတိ၊ မျှ၏။ ။ပါဠိတော်အနက်။

ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား။ အဋ္ဌတ္တိကာယတနေသု၊ အဋ္ဌတ္တိကာယတနခြောက်ပါးတို့တွင်။ မနာယတနကာယာယတနာနေဝ၊ မနာယတန ကာယာယတနတို့သည်သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သေသာနိ၊ ကြွင်းကုန်သော စက္ခာယတန,သောတာယတန,ဃာနာယတန, ဇိဝှါယတနတို့သည်။ သတ္တသတ္တတိရတ္တိမှိ၊ ခုနစ်ဆယ့်ခုနစ်ညဉ့်၌။ (ဝါ) ဧကာဒသမသတ္တာဟ၌။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။

ကထာဝတ္ထုအဋ္ဌကထာအနက်။

ဣတော၊ခက်မငါးဖြာဖြစ်ရာ ဤပဉ္စမသတ္တာဟမှ။ ပရိ၊နောက်၌။ ဆဋ္ဌသတ္တမာဒီနိ၊ ဆဋ္ဌသတ္တာဟ သတ္တမသတ္တာဟ အစရှိကုန်သော။ သတ္တာဟာနိ၊ သတ္တာဟတို့ကို။ အတိက္ကမ္မ၊လွန်တော်မူ၍။ ဝါ၊ ခုန်တော်မူ၍။ ဒေသနံ၊ပဌမံကလလံဟောတိစသည်ဖြင့်ဟောရာ ဒေသနာတော်ကို။ သံခိပိတွာ၊ အကျဉ်းချုံးတော်မူ၍။ ဒွါစတ္တာလီသေ သတ္တာဟေ၊ လေးဆယ့်နှစ်သတ္တာဟ၌။ ပရိဏတကာလံ၊ ကိုယ်ဝန်ရင့်ရာကာလကို။ ဂဟေတွာ၊ယူ၍။ ဒဿေန္တော၊ ပြတော်မူလိုသော မြတ်စွာဘုရားသည်။ ကေသာတိအာဒိံ၊ ကေသာ ဤသို့အစရှိသောစကားကို။ အာဟ၊ဟောတော်မူ၏။ တတ္ထ၊ ထိုကေသာစသော စကားရပ်၌။ ကေသာလောမာ နခါပိစာတိ၊ ကေသာ လောမာနခါပိစ ဟူသည်ကား။ ဒွါစတ္တာလီသေ သတ္တာဟေ၊ လေးဆယ့်နှစ်သတ္တာဟ၌။ တာနိ၊ ထိုဆံ, အမွေး, လက်သည်း, ခြေသည်းတို့သည်။ ဇာယန္တိ၊ဖြစ်ကုန်၏။ ။သဂါထာဝဂ္ဂ သံယုတ်ယက္ခသုတ်အဖွင့်အဋ္ဌကထာအနက်။

### ၁၂-ဝိသေသဒုက္ခကို ပြခြင်း။

ဤသို့ ဆိုအပ်ပြီးသော အဏ္ဍဇဇလာဗုဇပဋိသန္ဓေနှစ်ပါးတို့၌ ယထာရဟအားဖြင့် ဝိသေသဒုက္ခကို ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။

ဝိသေသဒုက္ခသည်ကား။ ။ဂဗ္ဘောဝေါက္ကန္တိကမူလကဒုက္ခ, ဂဗ္ဘပရိဟရဏမူလကဒုက္ခ, ဂဗ္ဘဝိပတ္တိမူလကဒုက္ခ, ဝိဇာယနမူလကဒုက္ခ, ဗဟိနိက္ခမနမူလကဒုက္ခ, အတ္တူပက္ကမမူလကဒုက္ခ, ပရူပက္ကမမူလကဒုက္ခ, အားဖြင့် ခုနစ်ပါးတို့တွင် ဤဆိုလတ္တံ့သည်ကား ဂဗ္ဘာဝေါက္ကန္တိကမူလကဒုက္ခတည်း ။ဤသတ္တဝါသည် အမိဝမ်းတိုက်၌ ဖြစ်ထိုက်သည်အလျောက် ဖြစ်ရသည်ရှိသော် ကြာညို ကြာနီ ကြာဖြူ ပဒုမာ ပုဏ္ဍရိက် အစရှိသည်တို့၌ ဖြစ်ရသည်မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ်၏အောက် အစာဟောင်းအိမ်၏အထက် နှစ်ဘက်သော ဝမ်းပျဉ်းလွှာ ကျောက်ဆူးရိုးတို့၏ အလယ် အလွန်ကျဉ်းမြောင်းသော တခဲနက်တက်သော အမိုက်တိုက်ရှိသော အထူးထူးသောပိုးလောက်တို့၏ အနံ့ဖြင့် ထုံအပ်သော မစင်ကြွယ် အလွန်စက်ဆုပ်ဖွယ်သော အနံ့တို့၏ ညှီနံ့ ညှော်လှောင်း မကောင်းသော သွားရာဖြစ်သော အလွန်စက်ဆုပ်ဖွယ်ရှိသော အမိဝမ်းတိုက်၌ ငါးပုပ်အမဲပုပ် တန်စီးကျင်း အစရှိသည်တို့၌ ပိုးလောက်အများတို့သည် ကံအားလျော်စွာဆင်း၍ ဖြစ်ရကုန်သကဲ့သို့ ဖြစ်ရ၏။ ထိုအမိဝမ်းခေါင်း၌ အောင်းရသော သတ္တဝါတို့သည် ဆယ်လတို့ပတ်လုံး အမိဝမ်း၌ဖြစ်သော ပူစွာသော သုက်သွေးဖြင့် ချက်ပြုတ်အပ်သော ထမင်းထုပ်ကဲ့သို့ ပေါင်းအပ်သော မုံ့ညက်စိုင်ကဲ့သို့ ကွေးခြင်း ဆန့်ခြင်း ထိုမှဤမှ ရွေ့ရှားခြင်း အစရှိသည်မှ ကင်းလျက် ပြင်းပြသောဆင်းရဲကို အမြဲခံစားရ၏။ ဤဆင်းရဲကား ပစ္ဆိမဘဝိက- ဘုရားအလောင်းတော်မှတပါး ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်သည်သာတည်း။ သဗ္ဗညုတော်အား ကျောင်းဆောက်၍လှူဘူးသော သတ္တဝါတို့သည် ဇာတိနှင့်မကင်း၍ အမိဝမ်းတွင်း၌ ပဋိသန္ဓေ နေရသော်လည်း အမိဝမ်းခေါင်းသည် ကျဉ်းမြောက်ခြင်း မရှိ။ တဆယ့်နှစ်တောင် ရှိသော တိုက်ခန်း၌ နေရသကဲ့သို့ ဖြစ်သည်ဟု ဥဒါန်း အဋ္ဌကထာ-သံယုတ်အဋ္ဌကထာတို့၌ ဆိုသည်။ ။ကောင်းမှုထူးရှိသော သတ္တဝါတို့အား ကောင်းမှုအကျိုးကို ခံစားရသောအားဖြင့် ဖြစ်သောကြောင့် တပါးသော သတ္တဝါတို့လောက် ဆင်းရဲမရှိသည်ကို ရည်၍ဆို

သည်။ ထိုပဋိသန္ဓေဒုက္ခ အခြင်းခပ်သိမ်း မရှိသောကြောင့်ဆိုသည် မဟုတ်၊ ချမ်းသာစွာနေရခြင်းအကျိုးငှါ ဘုရားအလောင်းတော် ကို မယ်တော်ကြည့်သည်ရှိသော် ထက်ဝယ် ဖွဲ့ခွေနေသော ဘုရား အလောင်းကိုမြင်၏ဟုဆိုရကား တပါးသတ္တဝါတို့ကဲ့သို့ မဆင်းရဲ၊ ချမ်းသာစွာနေရသည်။

သုခဝါသတ္တံ ဗောဓိသတ္တံ ဩလောကယမာနာ ပလ္လင်္က
မာဘုဇိတွာ နိသိန္နံ ဗောဓိသတ္တံ ပဿတိ။
သုတ်မဟာဝါအဋ္ဌကထာ။

သုခဝါသတ္တံ၊ ချမ်းသာစွာ နေရခြင်း အကျိုးငှါ။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ဩလောကယမာနာ၊ ကြည့်လတ်သည်ရှိသော်။ ပလ္လင်္က၊ ထက်ဝယ်ကို၊ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ နိသိန္နံ၊ ထိုင်သော။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ပဿတိ၊ မြင်၏။

ဘုရားလောင်းတော်မှတပါး အခြားသော သတ္တဝါတို့လည်း အမိဝမ်း၌ တည်ကုန်သည်ရှိသော် အစာဟောင်းအိမ်ပေါ်ဝယ် ထိုင်လျက် အစာသစ်အိမ်ကိုရှက်လျက် အမိဝမ်းပျဉ်းလွှာကိုကျော ပေးလျက် ကျောက်ဆူးရိုးကိုရှေ့ရှုမှီလျက် ဆောင့်ကြောင့် ထိုင် ပြီးလျှင် နှစ်ခုသော လက်ဆုပ်တို့၌ မေးကိုထား၍ မိုဃ်းရွာသည် ရှိသော် သစ်ခေါင်း၌ မျောက်တို့ကဲ့သို့ နေရကုန်၏။

အညေ အန္တောကုစ္ဆိဂတာ ပက္ကာသယံ အဝတ္ထရိတွာ
အာမာသယံ ဥက္ခိပိတွာ ဥဒရပဋလံ ပိဋ္ဌိတော ကတွာ
ပိဋ္ဌိကဏ္ဍကံ နိဿာယ ဥက္ကုဋိကာ ဒွိသု မုဋ္ဌိသု ဟနုကံ
ထပေတွာ ဒေဝေ ဝဿန္တေ ရုက္ခသုသိရေ မက္ကဋာဝိယ
နိသီဒန္တိ။ ။မဟာပဒါနသုတ်အဋ္ဌကထာ။

အညေ၊ ဘုရားလောင်းမှ တပါးကုန်သော သတ္တဝါတို့သည်။ အန္တောကုစ္ဆိဂတာ၊ အမိဝမ်း၌တည်ကုန်သည်ရှိသော်။ ပက္ကာ သယံ၊ အစာဟောင်းအိမ်ကို။ အဝတ္ထရိတွာ၊ ဖိ၍။ အာမာသယံ၊ အစာသစ်အိမ်ကို။ ဥက္ခိပိတွာ၊ ရှက်၍။ ဥဒရပဋလံ၊ အမိ၏ဝမ်း

ပျဉ်းလှေ့ာကို။ ပိဋ္ဌိတော ကတွာ၊ နောက်မှီပြု၍။ ပိဋ္ဌိကဏ္ဍကံ၊ ကျောက်ဆူးရိုးကို။ နိဿာယ၊ ရှေ့မှီပြု၍။ ဥဿုင့်ကာ၊ ဆောင့်ကြောင့်ထိုင်ကုန်လျက်။ ဋ္ဌိသု၊ နှစ်ပါးကုန်သော။ မုဋ္ဌိသု၊ လက်ဆုပ်တို့၌။ ဟနုကံ၊ မေးကို။ ထပေတွာ၊ ထား၍။ ဒေဝေ၊ မိုဃ်းသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ရုက္ခသုသိရေ၊ သစ်ခေါင်း၌။ မက္ကဋာဝိယ၊ မျောက်တို့ကဲ့သို့။ နိသီဒန္တိ၊ နေကုန်၏။

ဘုရားအလောင်းတော်မှာမူကား အမိ၏ကျောက်ဆူးရိုးတို့ကို ကျောမှီပြု၍ တရားဟောပလ္လင်၌ တရားဟောပုဂ္ဂိုလ်ကဲ့သို့ ထက်ဝယ်ဖွဲ့ခွေ၍ အမိဝမ်းပျဉ်းလှေ့ာသို့ရှေ့ရှုနေတော်မူ၏။

မောဓိသတ္တော ပန ပိဋ္ဌိကဏ္ဍကံ ပိဋ္ဌိတော ကတွာ
ဓမ္မာသနေ ဓမ္မကထိကောဝိယ ပလ္လင်္ကမာဘုဇိတွာ ပုရတ္ထာ
ဘိမုခေါ နိသီဒတိ။
သုတ်မဟာဝါအဋ္ဌကထာ။

မောဓိသတ္တောပန၊ ဘုရားလောင်း သည်ကား။ ပိဋ္ဌိကဏ္ဍကံ၊ အမိ၏ ကျောက်ဆူးရိုးကို။ ပိဋ္ဌိတော ကတွာ၊ ကျောမှီပြု၍။ ဓမ္မာသနေ၊ တရားဟောပလ္လင်၌။ ဓမ္မကထိကောဝိယ၊ တရားဟောပုဂ္ဂိုလ်ကဲ့သို့။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ပုရတ္ထာဘိမုခေါ၊ အမိ၏အရှေ့ရပ်သို့ရှေ့ရှု။ နိသီဒတိ၊ ထိုင်တော်မူ၏။ ။ဤသည်ကားဂဗ္ဘာဝေါက္ကန္တိကမူလကဒုက္ခတည်း။

ဂဗ္ဘပရိဟရဏမူလကဒုက္ခ၌ ထိုအမိဝမ်းခေါင်း၌ အောင်းရသောသတ္တဝါသည် အမိ၏အဆောတလျင် ချော်ချွတ်ခြင်း သွားခြင်း ထိုင်ခြင်း ထခြင်း ပြန့်လှန်ခြင်း အစရှိသည်တို့၌ သေသောက်ကြူး၏ လက်သို့ရောက်သော ဆိတ်ငယ်ကဲ့သို့ရင်း အလမ္ပါယ် မြွေသမား၏ လက်တွင်းသို့ ဆင်းမိသောမြွေငယ်ကဲ့သို့ ၎င်း ရှေ့ရှုင်ခြင်း ယက်ဝန်းကျင် ထိုမှဤမှငင်ခြင်း အောက်သို့နှိပ်ခြင်း အထက်သို့လှန်ခြင်း အစရှိသော လုံ့လဖြင့် ပြုအပ်သော ဆင်းရဲကိုလည်း ခံစားရ၏။ အမိ၏ မြေသောရေကို သောက်သော

ကာလ မြေသော နရက်ငရဲ၌ ကျသကဲ့သို့, ပူသော ယာဂုထမင်း အစရှိသည်ကို စားမျိုသောကာလ အခိုးအလျှံကင်းသော မီးကျိုး တွင်းသို့ ဆွဲငင်ကာ ပစ်သကဲ့သို့, အငန်အချဉ် အစရှိသည်ကို စား မျိုသောကာလ လှံနှင့်ဆွ၍ ဆားမံခြင်း အစရှိသော ကမ္မကာ ရဏသို့ ရောက်သကဲ့သို့, ထက်စွာသော အကြင်ဆင်းရဲကိုလည်း ခံစားရ၏။ ဤဆင်းရဲသည် ကိုယ်ဝန်ဆောင်ခြင်းလျှင်အကြောင်း ရှိသောဆင်းရဲမည်၏။

ဂဗ္ဘဝိပတ္တိမူလကဒုက္ခ၌ တွေဝေနှောင့်ရှက်သော ကိုယ်ဝန် ရှိ သောအမိ၏ အဆွေအမျိုး အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ အစရှိသည်တို့ဖြင့် မြင်ခြင်းငှါ မထိုက်သော ဆင်းရဲဖြစ်ရာအရပ်၌ ဖြတ်ခြင်း ခွဲခြင်း အစရှိသည်တို့ကြောင့် အကြင်ဒုက္ခသည်ဖြစ်၏။ ဤဒုက္ခသည် ကိုယ်ဝန်ပျက်စီးခြင်းလျှင်အရင်းရှိသောဒုက္ခမည်၏။

ဝိဇာယန မူလက ဒုက္ခ၌ သားဖွားသော အမိ၏ ကမ္မဇလေတို့ သည် အောက်အထက်ပြန်လှန်၍ နရက်ချောက်သို့ ဦးစောက်ချ သကဲ့သို့ အလွန်ကြောက်မက်ဖွယ်သော ယောနိဝသို့ ပစ်ချအပ် သော ကျဉ်းမြောင်းစွာသော သံကောက်ပေါက်ဖြင့် တောင် လောက်ပမာဏ ကြီးမြင့်လှသော ဆင်ပြောင်ကြီးကို ငင်သကဲ့သို့ အလွန်တရာ ကျဉ်းမြောင်းလှစွာသော ယောနိဝဖြင့် ငင်အပ်သော နရက်ငရဲ၌ကျသော သတ္တဝါအား အရှေ့ အနောက် တောင် မြောက်မှ လာသော တောင်ကြီး လေးလုံးတို့ဖြင့် မုန့်မုန့် ညက် ညက် ပြုအပ်သော သတ္တဝါ၏ အကြင်ဆင်းရဲသည်ရှိ၏။ ဤဆင်းရဲ သည် အမိဝမ်းမှ ဖွါးပြီးသော နုသောအမာနှင့်တူသော အလွန် သိမ်မွေ့သော ကိုယ်ရှိသောသတ္တဝါအား လက်ဖြင့်ကိုင်ခြင်း ရေ ဖြင့်ဆေးကြောခြင်း ပုဆိုးဖြင့်သုတ်ခြင်း အစရှိသောကာလ၌ ထက် လှစွာသော အသွားရှိသော အပ်ဖျားသင်တုန်းသွားတို့ဖြင့် ထိုး ခြင်း ခွဲခြင်း ဖြတ်ဖြင်းနှင့်တူသော အကြင်ဒုက္ခသည်ဖြစ်၏။ ဤဒုက္ခ သည် အမိဝမ်းမှ အပသို့ထွက်ခြင်းလျှင် အရင်းရှိသော ဒုက္ခ မည်၏။

အတ္တုပက္ကမမူလကဒုက္ခ၌ အမိဝမ်းမှ အပထွက်သည်နောက် ပဝတ္တိအခါ၌ မိမိသည်ပင် မိမိကိုယ်ကိုသတ်သော သတ္တဝါအား ၎င်း, အစေလက အကျင့်အစရှိသည်တို့၏ အစွမ်းဖြင့် လွန်စွာ ပူပန်စေခြင်း ထက်ဝန်းကျင် ပူပန်စေခြင်း၌ အဘန်တလဲလဲ အားထုတ်ခြင်းကို လုံ့လပြုသော သတ္တဝါအား၎င်း, အမျက်၏ အစွမ်းဖြင့် မစားသောသူအား၎င်း, သေဆွဲမှုသောသူအား၎င်း, အကြင်ဒုက္ခသည် ဖြစ်၏။ ဤဒုက္ခသည် မိမိလုံ့လလျှင်အရင်းရှိသော ဒုက္ခမည်၏။

> ယံ တတော ပရံ ပဝတ္တိယံ အတ္တနာဝ အတ္တာနံ ဝဓန္တဿ,အစေလကဝတာဒိဝသေန အာတာပနပရိတာ ပနာနုယောဂ မနုယုတ္တဿ ကောဓဝသေန အဘုဉ္ဇန္တဿ ဥဗ္ဗန္ဓဿ စ ဒုက္ခံ ဟောတိ၊ ဣဒံ အတ္တုပက္ကမမူလကံ ဒုက္ခံ။
>
> ဝိဘင်းအဋ္ဌကထာ။

တတော၊ ထိုအမိဝမ်းက ထွက်ပြီးသည်မှ။ ပရံ၊ နောက်၌၊ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ အတ္တာနံ။ မိမိကိုယ်ကို။ ဝဓန္တဿ စ၊ သတ်သောသူအား၎င်း။ အစေလကဝတာဒိဝသေန၊ အဝတ်မဝတ်ဘဲ ကျင့်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ အာတာပနပရိတာပနာနုယောဂံ၊ လွန်စွာပူပန်စေခြင်း ထက်ဝန်းကျင်ပူပန်စေခြင်း၌ အဘန်တလဲလဲ အားထုတ်ခြင်းကို။ အနုယုတ္တဿ စ၊ အဘန်တလဲလဲ အားထုတ်သောသူအား၎င်း။ ကောဓဝသေန၊ အမျက်၏အစွမ်းဖြင့်။ အဘုဉ္ဇန္တဿ စ၊ မစား သောသူအား၎င်း။ ဥဗ္ဗန္ဓဿ စ၊ အထက်၌ကြိုးဖွဲ့၍ ဆွဲကြိုးချသော သူအား၎င်း။ ယံဒုက္ခံ၊ အကြင်ဒုက္ခသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ ဒုက္ခံ၊ ဤဒုက္ခသည်။ အတ္တုပက္ကမမူလကံ၊မိမိလုံ့လလျှင် အကြောင်း ရှိသော။ ဒုက္ခံ၊ ဒုက္ခမည်၏။

ပရူပက္ကမမူလကဒုက္ခ၌ သူတပါးမှသတ်ခြင်း နှောင်ဖွဲ့ခြင်း အစ ရှိသည်တို့ကို ခံစားရသောသူ၏ အကြင်ဒုက္ခသည် ရှိ၏၊ ဤဒုက္ခ သည် သူတပါးလုံ့လလျှင် အကြောင်းရှိသော ဒုက္ခမည်၏။

ယံ ပန ပရတော ဝဓဗန္ဓာဒီနိ အနုဘဝန္တဿ ဒုက္ခံ
ဥပ္ပဇ္ဇတိ၊ ဣဒံ ပရူပက္ကမမူလကံ ဒုက္ခံ။ ။သမ္မောအဋ္ဌကထာ။

ပရတော၊ သူတပါးမှ။ ဝါ၊ သူတပါးကြောင့်။ ဝဓဗန္ဓာဒီနိ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသည်တို့ကို။ အနုဘဝန္တဿ၊ ခံစားသောသူ၏။ ယံ ပန ဒုက္ခံ၊ အကြင်ဒုက္ခသည်ကား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံ၊ ဤဒုက္ခသည်။ ပရူပက္ကမမူလကံ၊ သူတပါးလုံ့လလျှင် အကြောင်းရှိသော။ ဒုက္ခံ၊ ဒုက္ခမည်၏။

ဤဇာတိသည် ယင်းသို့ ဆိုအပ်ပြီးသော အလုံးစုံသော ဒုက္ခ၏ တည်ရာအကြောင်းဖြစ်၏။

ဣတိ ဣမဿ သဗ္ဗဿာပိ ဒုက္ခဿ အယံ ဇာတိ ဝတ္ထုမေဝ ဟောတိ။ ။ဝိသုဒ္ဓိမဂ်။

ဣတိ ဣမဿ၊ ဤသို့ဆိုအပ်ပြီးသော။ သဗ္ဗဿာပိ၊ အလုံးစုံလည်းဖြစ်သော။ ဒုက္ခဿ၊ ဒုက္ခ၏။ အယံ ဇာတိ၊ ဤဇာတိသည်။ ဝတ္ထုမေဝ၊ တည်ရာအကြောင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤသဗ္ဗညုဘုရား၏ ဉာဏ်တော်ဖြင့်သော်လည်း ထုတ်ဖေါ်ပိုင်းခြား၍ ရေတွက်ခြင်းငှါ အရာမဟုတ်သော များစွာသော ဒုက္ခ၏ တည်ရာဖြစ်သောကြောင့်။ ။"ဇာတိယေဝ ဒုက္ခံ ဒုက္ခာနံ ဝတ္ထုတ္တာတိ ဇာတိဒုက္ခံ" ဟူသော ဝစနတ္ထနှင့်အညီ ဇာတိသည် ပင် များစွာသော ဒုက္ခတို့၏ တည်ရာအကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ဖလူပစာရအားဖြင့် ဇာတိဒုက္ခမည်သတည်း။ ။ဇာတိယေဝ၊ ဇာတိသည်သာလျှင်။ ဒုက္ခာနံ၊ များစွာသောဒုက္ခတို့၏။ ဝတ္ထုတ္တာ၊ တည်ရာအကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇာတိ ဒုက္ခံ၊ ဇာတိဒုက္ခမည်၏။

ဤသို့ဆိုအပ်ပြီးသော စကားအစဉ်ဖြင့် ဇာတိဒုက္ခ၏ အမှန်ဖြစ်သော သဘောသဘောကိုသိအပ်၏။ ။ဇာတိပိဒုက္ခာပုဒ်ပြီး၏။

## ၁၃-ဇရာဒုက္ခကို ပြခြင်း။

ဇရာပိဒ္ဓေ့သာဟူသောပုဒ်၌—

တတ္ထ ကတမာ ဇရာ။ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော အယံ ဝုစ္စတိ ဇရာ။ ။ဝိဘင်းပါဠိတော်။

တတ္ထ၊ ထိုဇာတိ အစရှိသည်တို့တွင်။ ကတမာ၊ အဘယ်တရားသည်။ ဇရာ၊ ဇရာမည်သနည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထို သတ္တဝါတို့၏။ တမှိ တမှိ သတ္တာနိကာယေ၊ ထိုထိုသော သတ္တဝါ အပေါင်း၌။ ယာ ဇရာ၊ အကြင် အရွယ်မှ ယုတ်ခြင်းသည်။ ယာ ဇီရဏတာ၊ အကြင် အရွယ်မှ ယုတ်သောအဖြစ်သည်။ ယံ ခဏ္ဍိစ္စံ၊ အကြင် လက်သည်း ခြေသည်း သွား တို့၏ ကျိုးသောအဖြစ်သည်။ ယံ ပါလိစ္စံ၊ အကြင် ဆံအမွေးတို့၏ ဖြူသောအဖြစ်သည်။ ယာ ဝလိတ္တစတာ၊ အကြင် အရေ၏ တွန့်လိပ်သောအဖြစ်သည်။ အာယုနော၊ အသက်၏။ ယာ သံဟာနိ၊ အကြင်ယုတ်ခြင်းသည်။ ဝါ၊ ယုတ်ကြောင်းသည်။ ဣန္ဒြိယာနံ၊ စက္ခုစသော ဣန္ဒြေတို့၏။ ယော ပရိပါကော၊ အကြင် ရင့်ကျက်ခြင်းသည်။ (ဝါ) အကြင်ရင့်ကြောင်း သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအရွယ်မှ ယုတ်ခြင်း အစရှိသည်ကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်၌ "တေသံ တေသံ သတ္တာနံ" ဟူသော ဝိစ္ဆာ သဒ္ဒါဖြင့် ဤဇရာကို ဒေဝဒတ်၏ဇရာ သောမဒတ်၏ဇရာ အစရှိ သည်ဖြင့် သတ္တဝါတို့၏ အမည်နာမကို ထုတ်ဖေါ်၍ ဆိုအပ်သည် ရှိသော် ရက် လ နှစ် များစွာပင် ဆိုသော်လည်း ကုန်နိုင်ရာ သော သဘော မရှိသောကြောင့် ဤနှစ်ပုဒ်ဖြင့် သတ္တဝါအလုံးစုံကို ကုန်စေ၍ သတ္တဝါအများနှင့် ဆက်ဆံခြင်းကို ပြတော်မူသည်။ ။ "တမှိ တမှိ သတ္တနိကာယေ" ဟူသော ဝိစ္ဆာသဒ္ဒါဖြင့် ဒုဂ္ဂသ ဘောအားဖြင့် များစွာသော သတ္တဝါတို့နှင့် ဆက်ဆံခြင်းကို ပြ တော်မူသည်။ ။"ဇရာ" ဟူသောပါဌ်ဖြင့် ဤဇရာကို အသီး

သော သဘောဖြင့်ပြအပ်၏။ ။''ဇီရဏတာ'' ဟူသော ပါဠိဖြင့် အခြင်းအရာအားဖြင့်ပြအပ်၏။ ။''ခဏ္ဍိစ္စံ''ဟူသောပါဠိဖြင့် ပျိုနုသောအခွယ်ကာလကို လွန်သည်ရှိသော် သွား,လက်သည်း, ခြေသည်း တို့၌ ကျိုးသောအဖြစ်ကို ပြုခြင်းကိစ္စဖြင့် ပြုအပ်၏။ ။''ပါလိစ္စံ'' ဟူသောပါဠိဖြင့် ဆံအမွေးတို့၏ ဖြူသော အဖြစ်ကိုပြုခြင်းကိစ္စအားဖြင့် ပြအပ်၏။ ။''ဝလိတ္တစတာ'' ဟူသောပါဠိဖြင့် အသားကိုညှိုးစေ၍ အရေ၌ တွန့်လိပ်သောအဖြစ်ကို ပြုခြင်းကိစ္စအားဖြင့် ပြအပ်၏။

ဤသွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်လိပ်ခြင်းဟုဆိုအပ်သော ဘောက်ပြန်ခြင်းတို့ကို မြင်သဖြင့် ဇရာတရားကိုသိအပ်၏။ ဥပမာကား။ ရေ လေ မီး တို့၏ သွားရာလမ်းခရီးသည် မြက် သစ်ပင်အစရှိသည်တို့၏ ကျိုးပြတ်သည်၏ အဖြစ်ကြောင့်၎င်း ကျွမ်းလောင်သည်၏ အဖြစ်ကြောင့်၎င်း အကယ်၍ကား ထင်ရှား၏ရှင့်၊ ယင်းသို့ထင်ရှားသော်လည်း ထိုသွားရာလမ်းခရီးသည် ရေ လေ မီး မဟုတ်။ သွားရာလမ်းခရီးကို မြင်သဖြင့်သာ ရေ လေ မီး တို့ကို သိအပ်ကုန်သကဲ့သို့ ဤအတူ ဇရာ၏သွားရာလမ်းခရီးသည် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်လိပ်ခြင်းကြောင့် အကယ်ထင်ရှား၏ရှင့်၊ ယင်းသို့ ထင်ရှားသော်လည်း ထိုသွားရာဖြစ်သော သွားကျိုးခြင်းအစရှိသော လမ်းခရီးသည် ဇရာမဟုတ်။ သွားကျိုးခြင်း အစရှိသည်ကို စက္ခုဝိညာဏ်ဖြင့်မြင်ကောင်း၏။ ဇရာကိုကား စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်း။ မနောဝိညာဏ်ဖြင့်သာ ဆ၍ သိအပ်၏။

အိုခြင်းသို့ ရောက်သောသူအား အကြင်ကြောင့် အသက်သည် ယုတ်၏။ ထို့ကြောင့် ဇရာကို အာယုနော သံဟာနိ-ဟု ဖလူပစာရအားဖြင့် ဟောတော်မူအပ်၏။ ။ပဌမအခွယ် ငယ်စဉ်ကာလ အလွန်ကြည်လင်ကုန်သော သိမ်မွေ့သော မိမိအာရုံကိုလည်း ချမ်းသာ လွယ်ကူသဖြင့် ယူခြင်းငှါ စွမ်းနိုင်ကုန်သော စက္ခုအစရှိသော ဣန္ဒြေတို့သည် အိုခြင်းသို့ ရောက်သောသူအား မှည့်ကုန် ချောက်

ချားကုန် မသန့်ရှင်းကုန်သည်ဖြစ်၍ ရုန့်ရင်းသော မိမိအာရုံကို သော်လည်း ယူခြင်းငှါမစွမ်းနိုင်ကုန်။ ထို့ကြောင့် ဇာန္ဒြိယာနံ ပရိ ပါကော-ဟု ဖလူပစာရအားဖြင့် ဟောတော်မူသည်။

ထိုဇရာသည် ပါကဋဇရာ-ပဋိစ္ဆန္နဇရာဟူ၍ ဇရာနှစ်မျိုး နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သွားအစရှိသည်တို့၌ ကျိုးခြင်း စသောအဖြစ်ကို မြင်ခြင်းကြောင့် ရုပ်တရားတို့၌ ဇရာကား ပါကဋ ဇရာ မည်၏။ နာမ်တရားတို့၏ ဇရာကား ထိုသို့သဘောရှိသော ဘောက်ပြန်ခြင်းကိုမမြင်ရသောကြောင့်ပဋိစ္ဆန္နဇရာမည်၏။ အကြင် သွားကျိုးခြင်း စသော အဖြစ်သည် ထင်၏၊ ထိုသွားကျိုးခြင်း စသောအဖြစ်သည် သွားအစရှိသည်တို့၏ သိလွယ်သည်၏ အဖြစ် ကြောင့် အဆင်းရူပါရုံသာတည်း။ ထိုရူပါရုံကို စက္ခုဒွါရဖြင့်ကြည့် ၍ မနောဒွါရဖြင့် ကြံဆပြီးလျှင် ဤသွားတို့ကို ဇရာတရားသည် ပုတ်ခတ်အပ်ကုန်၏ဟု ဇရာကိုသိ၏။ အကြေ၌ ရေလာသည်ကို မြင်သဖြင့် အညာ၌မိုးရွာသည်ကိုငှင်း,အထက်၌ အခိုးအလျှံကို မြင်သဖြင့် အောက်၌မီးကိုငှင်း, ကာရဏာနုဖလာနုမာနဉာဏ် ဖြင့် ဆ၍သိအပ်၏။

သဝီစိဇရာ အဝီစိဇရာဟူ၍လည်း နှစ်ပါး အပြားရှိ၏။ ထိုနှစ် ပါးတို့တွင် ရွှေ, ငွေ, ပတ္တမြား, သန္တာ, လ, နေ,အစရှိသည်တို့၏ ဇရာသည် အကြားအကြား၌ အဆင်းထူး အစရှိသည်တို့ကို သိနိုင် ခဲသည်၏ အဖြစ်ကြောင့် အဝီစိဇရာမည်၏။အထူးမထင်သောဇရာ ဟု ဆိုလိုသည်။ ထို ရွှေ,ငွေ စသည်တို့မှ တပါးကုန်သော အကြင် အကြင် ဟောတော်မူအပ်ကုန်သော သွားအစရှိသည်တို့၌ ဇရာ သည် အကြားအကြား၌ အဆင်းထူးအစရှိသည်တို့ကို သိလွယ် သည်၏ အဖြစ်ကြောင့် သဝီစိဇရာမည်၏၊ အထူးထင်သော ဇရာ ဟု ဆိုလိုသည်။

ထိုနှစ်ပါးတို့တွင် သဝီစိဇရာကို ဥပါဒိန္နက အနုပါဒိန္နက၏ အစွမ်းဖြင့် ဤသို့သိအပ်၏။ သူငယ်တို့အား ရှေးဦးစွာ နို့သွား တို့သည် ပေါက်ကုန်၏။ ထို နို့သွားတို့သည် မမြဲကုန်သေး။ ထို

နို့သွားတို့သည် ကြွေကျကုန်သည်ရှိသော် သွားတို့သည် တဘန် ပေါက်ပြန်ကုန်၏။ ထိုသွားတို့သည် ပဌမအရွယ် ငယ်စဉ်ကာလ ဖြူကုန်၏။ ဇရာလေဖြင့် တိုက်ဖျက်သောအခါ မည်းနက်ကုန်၏။ ဆံပင်တို့သည် ပဌမအရွယ် ငယ်စဉ်ကာလ အချို့သောသူတို့အား နီကုန်၏။ အချို့သောသူတို့အား မည်းနက်ကုန်၏။ ဇရာလေဖြင့် တိုက်ဖျက်သောအခါ နီဖွေးဖွေးဖြူကုန်၏။ အရေအသားတို့သည် ပဌမအရွယ် ငယ်စဉ်ကာလ တွန့်လိပ်ခြင်းမရှိ။ အချို့သော သူတို့အား နီကုန်၏။ အချို့သောသူတို့အား ဖြူကုန်၏။ အချို့သော သူတို့အား မည်းနက်ကုန်၏၊ ဇရာလေဖြင့် တိုက်ဖျက်သောအခါ အတွန့်အလိပ်ကို ယူကုန်၏။

ထိုဇရာသည် ခန္ဓာတို့၏ရင့်ခြင်းလက္ခဏာရှိ၏၊ မရဏာသို့ရှေ့ရှု ဆောင်ခြင်းကိစ္စရှိ၏၊ အရွယ်နှင့်ပြည့်စုံခြင်းကို ဖျက်ဆီးခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ ဇာတိလျှင် နီးစွာသောအကြောင်း ရှိ၏။ ။ဇရာ၏ ဒုက္ခသဘော၌ကား ဤဇရာသည်လည်း မိမိကား ဒုက္ခမဟုတ်။ စင်စစ်ကား ဒုက္ခ၏တည်ရာအကြောင်း ဖြစ်သော ကြောင့်သာ ဒုက္ခဟုဟောတော်မူသည်။

အယံပိ သယံ န ဒုက္ခာ၊ ဒုက္ခဿ ပန ဝတ္ထုဘာဝေန ဒုက္ခာတိ ဝုတ္တာ။ ။သမ္မောအဋ္ဌကထာ။

အယံပိ၊ ဤဇရာသည်လည်း။ သယံ၊ မိမိသည်။ န ဒုက္ခာ၊ ဒုက္ခ မဟုတ်။ ပန၊ စင်စစ် သော်ကား။ ဒုက္ခဿ၊ ဒုက္ခ၏။ ဝတ္ထုဘာ ဝေန၊ တည်ရာအကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခာတိ၊ ဒုက္ခဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

"ဇရာယေဝ ဒုက္ခံ ဒုက္ခဿ ဝတ္ထုတ္တာတိ ဇရာဒုက္ခံ" ဟူသော ဝစနတ္ထကြောင့် ဇရာဒုက္ခမည်၏ ဟူလိုသည်။ ။ဇရာယေဝ၊ ဇရာ သည်ပင်လျှင်။ ဒုက္ခဿ၊ ဒုက္ခ၏၊ ဝတ္ထုတ္တာ၊ တည်ရာအကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်သတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဇရာဒုက္ခံ၊ ဇရာဒုက္ခမည်၏။ ။ဤသို့လျှင် ဇရာဒုက္ခ၏ သစ္စာဖြစ် ကြောင်းကို သိအပ်၏။ ။ဇရာဒုက္ခပြီး၏။

## ၁၄-ဗျာဓိဒုက္ခကို ပြခြင်း။

ဗျာဓိပိဒုက္ခာဟူသောပါဠ်၌ ဗျာဓိဟူသည်ကား—

စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှါ ရောဂေါ ကာယရောဂေါ သီသရောဂေါ တဏ္ဍုရောဂေါ မုခရောဂေါ ဒန္တရောဂေါ ကာသော သာသော ပိနာ သော ဍာဟော ဇရော ကုစ္ဆိရောဂေါ မုစ္ဆာ ပက္ခန္ဒိကာ သူလာ ဝိသူစိကာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော ဒဒ္ဒု ကဏ္ဍု ကစ္ဆု နခသာ ဝိတစ္ဆိကာ လော ဟိတပိတ္တံ မဓုမေဟော အရိသာ ပိဠကာ ဘဂန္ဒလာ။

အင်္ဂုတ္တိုရ်ပါဠိတော် ။ ။မဟာနိဒ္ဒေသလည်း နည်းတူပင် ဟော တော်မူ၏။

စက္ခုရောဂေါ၊ မျက်စိ၌ဖြစ်သောအနာ။သောတရောဂေါ၊ နား ၌ဖြစ်သောအနာ။ ဃာနရောဂေါ၊ နှာခေါင်း၌ဖြစ်သောအနာ။ ဇိဝှါရောဂေါ၊ လျှာ၌ဖြစ်သောအနာ။ ကာယရောဂေါ၊ ကိုယ်၌ဖြစ် သောအနာ။ သီသရောဂေါ၊ ဦးခေါင်း၌ဖြစ်သောအနာ။ ကဏ္ဍု ရောဂေါ၊ နားရွက်၌ဖြစ်သောအနာ။ မုခရောဂေါ၊ ခံတွင်းပါးစပ် ၌ဖြစ်သောအနာ။ ဒန္တရောဂေါ၊ သွားတံကျင်နာ။ ကာသော၊ ချောင်းဆိုးနာ။ (ပေါင်း ၁၀) သာသော၊ ကြို့ထိုးသောအနာ။ ပိနာသော၊ နှာခေါင်းပုပ်သောအနာ။ ဍာဟော၊ ကိုယ်တွင်း ပူသောအနာ။ ဇရော၊ ဖျားနာ။ ကုစ္ဆိရောဂေါ၊ ဝမ်း၌ဖြစ်သော အနာ။ မုစ္ဆာ၊ မူးဝေသောအနာ။ ပက္ခန္ဒိကာ၊ သွေးအန်သော အနာ။ သူလာ၊ ဝမ်းလေထိုးကျင့်သော အနာ။ ဝိသုစိကာ၊ ဝမ်း ကျသော အနာ။ ကုဋ္ဌံ၊ နူနာ။ (ပေါင်း ၁၀) ဂဏ္ဍော၊ ထွတ်မြင်း နာ၊ ကိလာသော၊ ပြောက်ကြားညွင်းနာ။ သောသော၊ အသား ခန်းခြောက်စေတတ်သောအနာ။ အပမာရော၊ ဘီလူးဖမ်းသော ဝက်ရူးနာ။ ဒဒ္ဒု။ ဝဲကြီးဝဲစိုနာ။ ကဏ္ဍု၊ ဝဲခြောက်နာ။ ကစ္ဆု၊ ပွေး နာ။ နခသာ၊ လက်သည်းတို့ဖြင့်ခြစ်မိရာ၌ဖြစ်သောအနာ။ ဝိတစ္ဆိ ကာ၊ လက်ဖဝါးခြေဖဝါးကွဲသောအနာ။ လောဟိတပိတ္တံ၊ ပိတ်

ကိုက်နာ (ပေါင်း ၁၀) မဓုမေဟော၊ မြင်းသရိုက်နာ။ အရိသာ၊ အရိယိုသောအနာ။ ပိဠကာ၊ ကိုယ်ယောင်သော အနာ။ ဘဂန္ဒလာ၊ ဘဂန္ဒြုလ်နာ (ပေါင်း ၄ ပါး) ။ အလုံးစုံ ပေါင်းသော် (၃၄) ပါးရှိ၏။

အကြောင်းကြောင့် ဖြစ်သော အနာရှစ်ပါးရှိသည်ကို ဤသို့ ဟောတော်မူ၏—

> ပိတ္တသမုဋ္ဌာနာ အာဗာဓာ,သေမှသမုဋ္ဌာနာ အာဗာဓာ, ဝါတသမုဋ္ဌာနာ အာဗာဓာ, သန္နိပါတိကာ အာဗာဓာ, ဥတု ပရိဏာမဇာ အာဗာဓာ, ဝိသမ ပရိဟာရဇာ အာဗာဓာ, ဩပက္ကမိကာ အာဗာဓာ,ကမ္မ ဝိပါကဇာ အာဗာဓာ,
> သံယုတ်ပါဠိတော်။

ပိတ္တသမုဋ္ဌာနာ၊ သည်းခြေကြောင့်ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ သေမှသမုဋ္ဌာနာ၊ သလိပ်ကြောင့်ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ ဝါတသမုဋ္ဌာနာ၊ လေကြောင့်ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ သန္နိပါတိကာ၊ သည်းခြေ သလိပ် လေတို့ စုဝေးခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ ဥတုပရိဏာမဇာ၊ ဥတုရင့်ခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ ဝိသမပရိဟာရဇာ၊ ကိုယ်ကို မညီမညွတ်ဆောင်ခြင်းကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ ဩပက္ကမိကာ၊ လုံ့လကြောင့် ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။ ကမ္မဝိပါကဇာ၊ ကံ၏အကျိုး ဖြစ်ကုန်သော။ အာဗာဓာ၊ အနာတို့။

> သည်ကိုရည်၍ ရှေးဆရာတို့လည်း။ ။''ပိတ္တ, သေမှ၊ ဝါတ,သန္နိပါတ်၊ မှတ်လေ တခု၊ ဥတု,ဝိသမ၊ ပက္က,ကမ္မာ၊ ဤရှစ်ဖြာကြောင့်၊ ရောဂါ ဥပဒ်၊ ဖြစ်တို့တတ်သည်။ ။ ကျမ်းမြွတ်ဖေါ်ထုတ်၊ ပြသံယုတ်က''ဟု မိန့်ကုန်၏၊

ထိုရှစ်ပါးတို့တွင် ရှေးဖြစ်သော ခုနစ်ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော အနာတို့ကိုကား ဆေးပရိတ်ဖြင့်လည်း ပယ်

ခြင်း၄ါ တတ်ကောင်း၏။ ကံကြောင့်ဖြစ်သော အနာတို့ကိုကား ဆေးပရိတ်ဖြင့်လည်း ပယ်ခြင်း၄ါ မတတ်နိုင်ကုန်။ ထိုကြောင့် အဂ္ဂတ္တိုရ်ငှီကာ၌။ ။'' တတ္ထ ပုရိမေဟိ သတ္တဟိ ကာရဏေဟိ ဥပ္ပန္နေ သက္ကာ ပဋိဗာဟိတုံ၊ ကမ္မဝိပါကဇာ ပန သဗ္ဗဘေသဇ္ဇာနိပိ သဗ္ဗပရိတ္တာနိပိ နာလံ ပဋိဃာတာယ '' ဟု မိန့်အပ်၏။ ။တတ္ထ၊ ထိုရှစ်ပါးတို့တွင်။ ပုရိမေဟိ၊ ရှေး၌ဖြစ်ကုန်သော။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော အနာတို့ကို။ ပဋိဗာဟိတုံ၊ ဆေးပရိတ်တို့ဖြင့် ပယ်ခြင်း၄ါ။ သက္ကာ၊ တတ်ကောင်း၏။ ကမ္မဝိပါကဇာပန၊ ကံကြောင့်ဖြစ်သော အနာတို့ကိုကား။ သဗ္ဗဘေသဇ္ဇာနိပိ၊ အလုံးစုံသော ဆေးတို့သည်၎င်း။ သဗ္ဗပရိတ္တာနိပိ၊ အလုံးစုံသောပရိတ်တို့သည်၎င်း။ ပဋိဃာတာယ၊ ပယ်ခြင်း၄ါ။ နာလံ၊ မစွမ်းနိုင်ကုန်။

အစ္ဆေ ဝ ကိစ္စံ အာတပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။
ဥပရိပဏ္ဏာသပါဠိတော်။

အဇ္ဇေဝ၊ ယနေ့သာလျှင်။ အာတပံ၊အားထုတ်ခြင်းအမှုကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေခြင်းကို။ ကော၊အဘယ် သူသည်။ ဇညာ၊ သိနိုင်ချိမ့်နည်း။ ဟိ သစ္စံ၊ မှန်၏။ နော၊ ငါတို့ အား။ မဟာသေနေန၊ များသောစစ်သည် ရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ သင်္ကရံ၊ နေ့ရက်အချိန်မှတ်၍ ဆုံးဖြတ်ခြင်းသည်။ န ဟိ-န ဝေ၊ မရှိသည်သာလျှင်တည်း။

ထိုပါဠိတော်၌ မဟာသေနေနပုဒ်ကို။ ။''မဟာသေနေနာတိ ပဉ္စဝီသတိဘယ ဒွတ္တိံသကမ္မကာရဏာ အဌနဝုတိရောဂ ပမုခါဒိ ဝသေန ပုထုသေနေန'' ဟု တေမိဇာတ်အဋ္ဌကထာ၌ဖွင့်သည်။ ။ မဟာသေနေနာတိ၊မဟာသေနေန ဟူသည်ကား။ပဉ္စဝီသတိဘယ ဒွတ္တိံသကမ္မကာရဏာ အဌနဝုတိရောဂ ပမုခါဒိဝသေန၊ ၂၅ ပါး သော ဘေး, ၃၂ ပါးသော ကံကြမ္မာ, ၉၈ ပါးသောအနာ,အမှူး

ရှိသည်တို့၏ အစွမ်းဖြင့်။ ပူထုသေနေန၊ များသောစစ်သည် ရှိသော။

ဤအဋ္ဌကထာ၌ အဋ္ဌနဝုတိရောဂါ၏အရ သရုပ်ကို ပါဠိ အဋ္ဌကထာဋီကာတို့၌ မပြ။ မဟာနိဒ္ဒေသအဋ္ဌကထာ၌။ ။''ပိတ္တသမုဋ္ဌာနာတိ ပိတ္တေန သမုဋ္ဌာနံ ဥပ္ပတ္တိ ဧတေသန္တိ ပိတ္တသမုဋ္ဌာနာ၊ တေ ကိရ ဒွတ္တိံသ ဟောန္တိ။ သေမှသမုဋ္ဌာနာဒီသုပိ ဧသေဝနယော'' ဟု မိန့်၏။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လည်း နည်းတူပင် မိန့်၏ ။ ။ ပိတ္တသမုဋ္ဌာနာတိ၊ ပိတ္တသမုဋ္ဌာနာ ဟူသည်ကား။ ဧတေသံ၊ ထိုအနာတို့အား။ ပိတ္တေန၊ သည်းခြေကြောင့်။ သမုဋ္ဌာနံ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ထိုကြောင့်။ပိတ္တသမုဋ္ဌာနာ၊ ပိတ္တသမုဋ္ဌာနမည်ကုန်၏။ တေ၊ ထိုသည်းခြေကြောင့် ဖြစ်သော အနာတို့သည်။ ဒွတ္တိံသ၊ သုံးဆယ့်နှစ်ပါးတို့သည်။ ဟောန္တိ ကိရ၊ ဖြစ်ကုန်သတတ်။ သေမှသမုဋ္ဌာနာဒီသုပိ၊ သလိပ်ကြောင့်ဖြစ်သောအနာ အစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းသာလျှင်နည်းရှိ၏။

ဤသို့ ဒွတ္တိံသဟု သရူပဝန္တ သင်္ချာကိုသာ ဆို၍ သရုပ်သရေ်ယျသည် အဋ္ဌကထာ၌မရှိ။ ယုတ္တိအားဖြင့်ဆိုသော် အောက်က ပြဆိုအပ်ပြီးသော အနာမျိုး သုံးဆယ့်လေးပါးတို့တွင် အပမာရောနှင့် နခသာကို နုတ်၍ သုံးဆယ့်နှစ်ပါးကို ဒွတ္တိံသအရယူရမည်။ ထိုသုံးဆယ့် နှစ်ပါးကို ပိတ္တ, သေမှ, ဝါတ, သုံးပါးနှင့်မြှောက်ပွါး၍ ကိုးဆယ့်ခြောက်ပါးသော အနာကိုယူရမည်။ ဤ ကိုးဆယ့်ခြောက်ပါးကိုရည်၍ အချို့ဇာတ်အဋ္ဌကထာတို့၌ ဆနဝုတိရောဂါဟုရှိသည်။ များစွာသော အဋ္ဌကထာတို့၌ကား အဋ္ဌနဝုတိရောဂါဟု ရှိသည်။ မဟာနိဒ္ဒေသအဋ္ဌကထာ၌လည်း ဤနည်းတူပင်ရှိသည်။ ၎င်းအရှိအတိုင်းယူမူ ကိုးဆယ့်ခြောက်ပါးတွင် ယခင်နုတ်ထားအပ်သော အပမာရောနှင့် နခသာ အနာနှစ်ပါးကိုထည့်၍ ကိုးဆယ့်ရှစ်ပါးယူရမည်။

အဘယ်ကြောင့် ထိုအနာနှစ်ပါးကို နုတ်ထားသနည်းဟူမူကား။ ။''အပမာရောတိ အမနုဿဂါဟော ဝေရိယက္ခာ

ဗာဓော" ဟု မဟာနိဒ္ဒေသအဋ္ဌကထာ မိန့်သည်နှင့်အညီ ရန်သူ ဘီလူးဖမ်းသော အနာဖြစ်ရကား သည်းခြေသလိပ်လေ ဟူသော အကြောင်းကြောင့် ဖြစ်သည်မဆို ။ ။ "နခသာတိ နခေဟိ လိခိတဋ္ဌာနေ ဥပ္ပန္နကစ္ဆာရောဂေါ" ဟု အဋ္ဌကထာမိန့်သည်နှင့်အညီ လက်သည်းတို့နှင့် ခြစ်မိကုပ်မိသော အရာ၌ ဖြင်သောအနာဖြစ်ရကား သည်းခြေ သလိပ် လေ ဟူသော အကြောင်းကြောင့် ဖြစ်သည်မဆိုသာ။ လုံ့လကြောင့်သာဖြစ်သည်။ ထို့ကြောင့် နှတ်ထားရသတည်း။

ဤကိုးဆယ့်ရှစ်ပါးသော အနာဟူသည် ဒုက္ခဝေဒနာအထူးတို့ပင်တည်း။ ၎င်းဒုက္ခဝေဒနာသည် အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ သမ္ပယုတ်တရားတို့၏ ညှိုးငယ်စေခြင်းကိစ္စရှိ၏၊ ကိုယ်ကျင်နာခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ကာယိန္ဒြေလျှင် နီးစွာသောအကြောင်းရှိ၏။

> အနိဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ၊ သမ္ပယုတ္တာနံ မိလာပနရသံ၊ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကာယိန္ဒြိယပဒဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ်။

ဒုက္ခံ၊ ဒုက္ခသည်။ အနိဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ၊ အနိဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို၊ မိလာပနရသံ၊ ညှိုးကြုံစေခြင်းကိစ္စရှိ၏။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ကာယ၌ ဖြစ်၍ နှိပ်စက်တတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေ့ရှု ထင်တတ်၏။ ကာယိန္ဒြိယပဒဋ္ဌာနံ၊ ကာယိန္ဒြေလျှင်နီးသောအကြောင်းရှိ၏။

### ၁၅-သုံးဆဲ့နှစ်ပါးသောကမ္မကာရဏာကို ပြခြင်း။

ဤရှစ်ပါးသောရောဂါနှင့် အလားတူသော ၃၂ ပါးသောကံကြမ္မာ, ၂၅ ပါးသောဘေး, ၁၆ ပါးသောဥပဒ္ဒဝေါ, ၁၀ ပါးသောအပြစ်, ၈ ပါးသောဒဏ်, တို့ဟူသည်ကား— ဒွတ္တိံသကမ္မကာရဏာအရကိုလည်း ပါဠိ, အဋ္ဌကထာ, ဋီကာ, တို့၌ အစဉ်

အတိုင်းသရုပ် သန့်ချာ စေ့အောင်မဆို။ အသင့်ယုတ္တိအားဖြင့် ဆိုပေအံ့။

တမေန် ရာဇာနော ဂဟေတွာ ဝိဝိဓာ ကမ္မကာရဏာ ကာရေန္တိ၊ ကသာဟိပိ တာဠေန္တိ၊ ဝေတ္တေဟိပိ တာဠေန္တိ၊ အဍ္ဎဒဏ္ဍကေဟိပိ တာဠေန္တိ၊ ဟတ္ထံပိ ဆိန္ဒန္တိ၊ ပါဒံပိ ဆိန္ဒန္တိ၊ ဟတ္ထပါဒံပိ ဆိန္ဒန္တိ၊ ကဏ္ဏံပိ ဆိန္ဒန္တိ၊ နာသံပိ ဆိန္ဒန္တိ၊ ကဏ္ဏနာသံပိ ဆိန္ဒန္တိ၊ ဗိလင်္ဂထာလိကံပိ ကရောန္တိ၊ သင်္ခမုဏ္ဍိကံပိ ကရောန္တိ၊ ရာဟုမုခံပိ ကရောန္တိ၊ ဇောတိမာလိကံပိ ကရောန္တိ၊ ဟတ္ထပဇ္ဇောတိကံပိ ကရောန္တိ၊ ဧရကပတ္တိကံပိ ကရောန္တိ၊ စီရကဝါသိကံပိ ကရောန္တိ၊ ဧဏေယျကံပိ ကရောန္တိ၊ ဗလိသမံသိကံပိ ကရောန္တိ၊ ကဟာပဏကံပိ ကရောန္တိ၊ ခါရာပတစ္ဆိကံပိ ကရောန္တိ၊ ပလိဃပရိဝတ္တိကံပိ ကရောန္တိ။ ပလာလပီဌကံပိ ကရောန္တိ၊ တတ္တေနပိ တေလေန ဩသိဉ္စန္တိ၊ သုနခေဟိပိ ခါဒါပေန္တိ၊ ဇီဝန္တံပိ သူလေ ဥတ္တာသေန္တိ၊ အသိနာပိ သီသံ ဆိန္ဒန္တိ။

မဟာနိဒ္ဒေသပါဠိတော်။

အင်္ဂုတ္တိုရ်ဒွလည်း နည်းတူပင်ဟောတော်မူ၏။

တမေန်၊ ထိုသူ့ကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်း၍။ ဝိဝိဓာ၊ အထူးထူးအပြားပြားကုန်သော။ ကမ္မကာရဏာ၊ ညှဉ်းဆဲခြင်းအမှုတို့ကို။ ကာရေန္တိ၊ ပြုစေကုန်၏။ ကသာဟိပိ၊ အဆူးရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်နှက်ကုန်၏။ ဝေတ္တေဟိပိ၊ အဆူးမရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်နှက်ကုန်၏။ အဍ္ဎဒဏ္ဍကေဟိပိ၊ လေးတောင်ထက်ဝက် နှစ်တောင်မျှလောက်သော တုတ်လှံတံတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်နှက်ကုန်၏။ ဟတ္ထံပိ၊ လက်ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ပါဒံပိ၊ ခြေကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဟတ္ထပါဒံပိ၊ လက်ခြေကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ကဏ္ဏံပိ၊ နားကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။

နာသံပိ၊ နှာခေါင်းကိုလည်း။ ဆိန္နန္တိ၊ဖြတ်ကုန်၏။ ကဏ္ဏနာသံပိ၊ နား နှာခေါင်းကိုလည်း။ ဆိန္နန္တိ၊ဖြတ်ကုန်၏။ ဗိလင်္ဂထာလိကံပိ၊ ဗိလင်္ဂထာလိကမည်သော ကမ္မကာရဏာကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏာကိုကား ဦးခေါင်းခွံကိုခွါ၍ လော လောပူသော သံတွေသံခဲကို ညှပ်ဖြင့် ကိုင်ယူ၍ ဦးခေါင်းထဲ၌ ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပအုံးရည်အိုးသဖွယ် ရှိသည် ကိုဖြစ်စေ၍ပြုကုန်၏]။ ။(ပေါင်း ၁၀)။

သင်္ခမုဏ္ဍိကံပိ၊ သင်္ခမုဏ္ဍိက မည်သော ကမ္မကာရဏာကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤ ကမ္မကာရဏာ ကိုကား အထက်နှုတ်ခမ်း နားပန်းဆံ နောက်ဆံတိုင်အောင် အရေကိုဖြတ်၍ ဆံပင်တို့ကို တပေါင်းတည်း လုံ့တံဖြင့် ရစ်ပတ်ပြီးလျှင် အရေနှင့်တကွ ဆုပ်ခွါ၍ ကြမ်းတမ်းသော အိုးခြမ်း ကျောက်စရစ်နှင့် ပွတ်တိုက်၍ ခရုသင်းသဖွယ် ဦးခေါင်းခွံရှိသည်ဖြစ်၍ ပြုကုန်၏]။ ။ရာဟုမုခံပိ၊ ရာဟုမုခမည်သော ကမ္မကာရဏာကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏာကိုကား သံတံသင်းဖြင့် ခံတွင်းကိုဖွင့်၍ ခံတွင်းထဲ၌ ဆီမီး ညှိထွန်းသဖြင့်၎င်း, နားပန်းဆံ မှစ၍ မျက်နှာကို ဆောက်နှင့်ရွေ၍ ခံတွင်းပြည့်အောင် သွေးယိုစေသဖြင့်၎င်း, နေကိုငုံသဖြင့် ရာဟုသဖွယ်ဖြစ်စေ၍ ပြုကုန်၏]။ ။ဇောတိမာလိကံပိ၊ ဇောတိမာလိက အမည်ရှိသော ကမ္မကာရဏာ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ။[ဤ ကမ္မကာရဏာ ကိုကား တကိုယ်လုံးကို ဆီစိမ်သော ပုဆိုးကြမ်းဖြင့် ရစ်ပတ်၍ မီးတိုက်သဖြင့် အလျှံကိုဖြစ်စေ၍ ပြုကုန်၏]။ ။ဟတ္ထပဇ္ဇောတိကံပိ၊ ဟတ္ထပဇ္ဇောတိက မည်သော ကမ္မကာရဏာကိုလည်း။ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏာကိုကား လက်၌ ဆီစိမ်သော ပုဆိုးကို ရစ်ပတ်၍ မီးညှိသဖြင့် ဆီမီးတောက်သဖွယ်ရှိသည်ကိုဖြစ်စေ၍ပြုကုန်၏]။ ။ဧရကပတ္တိကံပိ၊ ဧရကပတ္တိက မည်သော ကမ္မကာရဏာ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏာကိုကား ရေမျိုအောက် မှစ၍ အရေအလွှာကိုခွါပြီးလျှင် ဖမျက်၌ကျစေပြီးမှ ကြိုးဖြင့်ဖွဲ့၍ ငင်ကုန်လတ်သော် မိမိအရေ၌ နင်း၍ လည်းစေသဖြင့် ပိန်းမြက်

ရှက်သဖွယ် အရေကွာခြင်းကို ဖြစ်စေ၍ ပြုကုန်၏]။ ။စီရကဝါသိကံပိ၊ စီရကဝါသိက မည်သော ကမ္မကာရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏကိုကား လည်မှစ၍ အရေကိုခွါပြီးလျှင် ဖျက်၍ထားသဖြင့် လျှော်တေဝတ်သဖွယ်ရှိသည်ကိုဖြစ်စေ၍ ပြုကုန်၏]။ ။ဧဏေယျကံပိ၊ ဧဏေယျက မည်သော ကမ္မကာရဏ ကိုလည်း။ ကရောန္တိ၊ပြုကုန်၏။ ။[ဤကမ္မကာရဏကိုကား တတောင်နှစ်ဘက် မြင်းခေါင်းနှစ်ဘက်တို့၌ သံခြေကျဉ်း သံကွင်း ခတ်လျှို၍ သံချောင်းနှက်ပြီးသော် ထက်ဝန်းကျင်မီးတည့်၍ ဧဏီ မည်သော သားကဲ့သို့ လေးဘက်တွားလျက် ရှိသည်ကို ဖြစ်စေ၍ ပြုကုန်၏]။ ။ဗလိသမံသိကံပိ၊ ဗလိသမံသိက မည်သော ကမ္မကာရဏ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤ ကမ္မကာရဏကိုကား နှစ်ဘက်အသွားရှိသော သံမျှားချိတ်ဖြင့် ချိတ်၍ အရေ အသား အကြောတို့ကို လျှောစေ၍ အရိုးကျဲတဲသာ တည်စေလျက် ပြုကုန်၏]။ ။ကဟာပဏိကံပိ၊ ကဟာပဏိက မည်သော ကမ္မကာရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ဤကမ္မကာရဏကိုကား ထက်လှစွာသော ခဲမ ပဲခွပ် စသည်တို့ဖြင့် ရွေ၍ တသပြာ တသပြာမျှသော အသားတစ်ကို ကျစေသဖြင့် ပြုကုန်၏]။ ။ခါရာပဋိစ္ဆကံပိ၊ ခါရာပဋိစ္ဆကမည်သော ကမ္မကာရဏကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ ဤကမ္မကာရဏ ကိုကား ထိုထိုကိုယ်အစိတ်၌ လှံစသော လက်နက်ဖြင့် ခတ်ပြီးလျှင် ဝက်မှင်ဘီးဖြင့် အသား အရေ အကြော တို့ကို လျှော့စေ၍ အရိုးကျဲတဲသာ တည်စေလျက် ပြုကုန်၏ ]။ ။(ပေါင်း ၂၀)

ပလိဃပရိဝတ္တကံပိ၊ ပလိဃ ပရိဝတ္တက မည်သော ကမ္မကာရဏ ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ [ ဤကမ္မကာရဏ ကိုကား နံပါးတဘက်စောင်း အိပ်စေ၍ နားဌိသံတံကျင် မြေနှင့်စပ်အောင် နှက်ပြီးမှ ခြေကိုကိုင်၍ တံခါးကျင်ကို လည်စေသကဲ့သို့ ပြုကုန်၏]။ ။ပလာလပီဌကံပိ၊ ပလာလပီဌက မည်သော ကမ္မကာရဏကိုလည်း။ ကရောန္တိ၊ပြုကုန်၏။ ။[ ဤကမ္မကာရဏကိုကား အရေ အသားတို့ကို မစုတ်မပဲ့စေဘဲ ကျောက်ဖြင့် အရိုးတို့ကို ထုပြီးသော်

ဆံကိုကိုင်၍ အသားစုသာ ကျန်အောင်ခါပြီးမှ ဆံဖြင့်ပတ်၍ ကောက်ရိုးခွေကဲ့သို့ ပြုကုန်၏]။ ။တဗ္ဗေန၊ ပူစွာသော။ တေလေနာပိ၊ ဆီဖြင့်လည်း။ ဩသိဉ္စန္တိ၊ လောင်းကုန်၏။ သုနခေဟိပိ၊ နှစ်ရက် သုံးရက် အစာမကျွေးသော ခွေးတို့ကိုလည်း။ခါဒါပေန္တိ၊ စားစေကုန်၏။ဇီဝန္တံပိ၊ အသက်ရှည်စဉ်လည်း။ သူလေ၊တံကျင်၌။ ဥတ္တာသေန္တိ၊ လျှိုကုန်၏။ အသိနာပိ၊ သန်လျက်ဖြင့်လည်း။သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ။[ ပေါင်း ၆ ပါး ]။ ။အားလုံးပေါင်းသော် (၂၆) ပါးဖြစ်၏။

ပဉ္စဝိဓဗန္ဓနံနာမ ကမ္မကာရဏံ ကရောန္တိ၊တတ္တံ အယောခိလံ ဟတ္ထေ ဂမေန္တိ၊ တတ္တံ အယောခိလံ ဒုတိယေ ဟတ္ထေ ဂမေန္တိ၊ တတ္တံ အယောခိလံ ပါဒေ ဂမေန္တိ၊ တတ္တံ အယောခိလံ ဒုတိယေ ပါဒေ ဂမေန္တိ၊ တတ္တံ အယောခိလံ မဇ္ဈေဥရသ္မိံ ဂမေန္တိ။ ။ဒေဝဒူတသုတ်ပါဠိတော်။

ပဉ္စဝိဓဗန္ဓနံနာမ၊ ငါးပါးသောအပြားရှိသော နှောင်ဖွဲ့ခြင်းမည်သော။ ကမ္မကာရဏံ၊ ညှဉ်းဆဲခြင်းအမှုကို။ ကရောန္တိ၊ ပြုကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ဟတ္ထေ၊ လက်ဝဲလက်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ဒုတိယေ ဟတ္ထေ၊ လက်ယာလက်၌။ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို၊ ပါဒေ။ လက်ဝဲခြေ၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ဒုတိယေ ပါဒေ၊ လက်ယာခြေ၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ မဇ္ဈေဥရသ္မိံ၊ ရင်လယ်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။

ယခင် (၂၆) ပါး၌ ဤပဉ္စဝိဓဗန္ဓနကို ထည့်သော် သုံးဆယ့်တပါးဖြစ်၏။ ၎င်း(၃၁)ပါး၌။ ။"ကုဓာရီဟိ တစ္ဆန္တိ ဝါသီဟိ တစ္ဆန္တိ" ဟုဒေဝဒူတသုတ်၌ဟောတော်မူအပ်သော ဤနှစ်ပါးကို တခုပြု၍ ထည့်သော် (၃၂) ပါးသော ကမ္မကာရဏတို့သည် ဖြစ်

ကုန်၏။ ။ကုခါရိဟိ၊ ခါးမတို့ဖြင့်။ တစ္ဆန္တိ၊ ရွေကုန်၏။ ဝါသိဟိ၊ ဝဲခွပ်တို့ဖြင့်။ တစ္ဆန္တိ၊ ရွေကုန်၏။

### ၁၆-နှစ်ဆဲ့ငါးပါးသောဘေးကို ပြခြင်း။

ပဋိသမ္ဘိဒါမဂ်ဟူသော သရုပ်ဝန္တသရုပ်ချ၏ သရုပ်သင်္ချေယျ ကိုလည်း အစဉ်အတိုင်း အဋ္ဌကထာဋီကာတို့၌ ပေါင်း၍ ပြသော အရာမရှိ၊ မဟာနိဒ္ဒေသ, အင်္ဂုတ္တိုရ်ပါဠိတော်, မိလိန္ဒပဉှာ- အစ ရှိသော ထိုထိုကျမ်းများ၌ လာသောဘေးတို့ကို ပေါင်း၍ အသင့် ယုတ္တိအားဖြင့် ပြပေအံ့ —

> ဉာတိဗျသနံ ရောဂဗျသနံ ဘောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ ရာဇဘယံ စောရဘယံ ဝေရိဘယံ ဒုဗ္ဘိက္ခဘယံ အဂ္ဂိဘယံ ဥဒကဘယံ ဦမိဘယံ အာဝဋ္ဋဘယံ ကုမ္ဘီလဘယံ သုသုကာဘယံ အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယံ ပရိသသာရဇ္ဇဘယံ အာဇီဝကဘယံ ဇာတိဘယံ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ။

ဉာတိဗျာသနံ၊ ဆွေမျိုးပျက်စီးခြင်းဘေး။ ရောဂဗျသနံ၊ အနာ ကြောင့်ပျက်စီးခြင်းဘေး။ ဘောဂဗျသနံ၊ စည်းစိမ်ပျက်စီးခြင်း ဘေး။ သီလဗျသနံ၊ သီလပျက်စီးခြင်းဘေး။ ဒိဋ္ဌိဗျသနံ၊အယူပျက် စီးခြင်းဘေး။ ရာဇဘယံ၊ မင်းဘေး။ စောရဘယံ၊ ခိုးသူဘေး။ ဝေရိဘယံ၊ ရန်သူဘေး။ ဒုဗ္ဘိက္ခဘယံ၊ ငတ်မွတ်သောဘေး။ အဂ္ဂိ ဘယံ၊ မီးဘေး။ ဥဒကဘယံ၊ ရေဘေး။ ဦမိဘယံ၊ လှိုင်းတံပိုး ဘေး။ အာဝဋ္ဋဘယံ၊ ဝဲဘေး။ ကုမ္ဘီလဘယံ၊ မိကျောင်းဘေး။ သုသုကာဘယံ၊ ငါးရဲဘေး။ အတ္တာနုဝါဒဘယံ၊ မိမိကိုယ်ကို မိမိ စွပ်စွဲသောဘေး။ ပရာနုဝါဒဘယံ၊ မိမိကိုယ်ကို သူတပါးစွပ်စွဲ သောဘေး။ ဒဏ္ဍဘယံ၊ပုတ်ခတ်သောဒဏ် ဥစ္စာဒဏ်ဘေး။ ဒုဂ္ဂတိ ဘယံ၊ ဒုဂ္ဂတိဘေး။ ပရိသသာရဇ္ဇဘယံ၊ ပရိသတ်၌ ရှုံ့ကြောက် သောဘေး။ အာဇီဝကဘယံ၊ သူတပါးကိုမှီ၍ အသက်မွေးရခြင်း ဘေး။ ဇာတိဘယံ၊ ပဋိသန္ဓေနေရခြင်းဘေး။ ဇရာဘယံ၊ အိုရခြင်း

ဘေး။ ဗျာဓိဘယံ၊ နာရခြင်းဘေး။ မရဏဘယံ၊ သေရခြင်းဘေး။ ။ပေါင်း (၂၅) ပါးသောဘေး။

သည်မှတပါး ပရိတ်ကြီး၌ ရာဇတောဝါစသည်ဖြင့် ဝါကျပြု၍ ပြအပ်သောဘေး တဆယ့်လေးပါး၊ စဏ္ဍဟတ္ထိ စသည်ဖြင့် သမာသ်ပြု၍ ပြအပ်သောဘေး တဆယ့်လေးပါး၊ ပေါင်းနှစ်ဆယ့်ရှစ်ပါး တို့တွင် အဂဟိတ ဂဟဏနည်း ပါရိသေသနည်းအားဖြင့် စဏ္ဍမဏိသပ္ပဘေးကို စဏ္ဍအဟိဘေး၌ သင်္ဂြိုဟ်၍ စဏ္ဍယက္ခရက္ခသ နှစ်ပါးကို အမနုဿဘေး၌ သင်္ဂြိုဟ်၍ ကြွင်း နှစ်ဆယ့်ငါးပါးကို ပဉ္စဝီသတိဘယာ အရယူရမည်။

ရာဇဘယံ၊ မင်းဘေး။ စောရဘယံ၊ ခိုးသူဘေး။ မနုဿဘယံ၊ လူဘေး။ အမနုဿဘယံ၊ နတ်ဘီလူးဘေး။ အဂ္ဂိဘယံ၊ မီးဘေး။ ဥဒကဘယံ၊ရေဘေး။ပိသာစဘယံ၊တစ္ဆေမြေဘုတ်ဘေး။ခါဏုကဘယံ၊ သစ်ငုတ်ခလုတ်ဘေး။ ကဏ္ဍကဘယံ၊ ဆူးငြောင့်ဘေး။ နက္ခတ္တဘယံ၊ မကောင်းသောနက္ခတ်ဘေး။ ဇနပဒရောဂဘယံ၊ ဇနပုဒ်၌ဖြစ်သော အနာရောဂါဘေး။ အသဒ္ဓမ္မဘယံ၊ မသူတော်တရားဘေး။ အသန္ဒိဋ္ဌိဘယံ၊ အမြင်မှားသောဘေး။ အသပ္ပုရိသဘယံ၊ သူတော်မဟုတ် သူယုတ်ဘေး။ စဏ္ဍဟတ္ထိဘယံ၊ ဆင်ကြမ်းဘေး။ စဏ္ဍဿဘယံ၊ မြင်းကြမ်းဘေး။ စဏ္ဍဂေါဏဘယံ၊ နွားကြမ်းဘေး။ စဏ္ဍကုက္ကုရဘယံ၊ ခွေးကြမ်းဘေး။ စဏ္ဍအဟိဘယံ၊ မြွေကြမ်းဘေး။ စဏ္ဍဝိစ္ဆိကဘယံ၊ ကင်းမြီးကောက်ကြမ်းဘေး။ စဏ္ဍဒီပိဘယံ၊ သစ်ကြမ်းဘေး။ စဏ္ဍအစ္ဆဘယံ၊ ဝံကြမ်းဘေး။ စဏ္ဍတရစ္ဆဘယံ၊ အောင်းကြမ်းဘေး။ စဏ္ဍသူကရဘယံ၊ ဝက်ကြမ်းဘေး။ စဏ္ဍမဟိံသဘယံ၊ ကျွဲကြမ်းဘေး။ ။ပေါင်းနှစ်ဆယ့်ငါးပါး။

သောဠသဥပဒ္ဒဝါအရ ဥပဒ္ဒဝေါ (၁၆) ပါး ဟူသော်ကား—

ကတမာနိ စတ္တာရိ ဘယာနိ။ ဇာတိဘယံ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ။ဣမာနိ စတ္တာရိ ဘယာနိ။ ။ကတ

မာနိ အပရာနိပိ စတ္တာရိ ဘယာနိ။ ရာဇဘယံ စောရဘယံ အဂ္ဂိဘယံ ဥဒကဘယံ၊ ဣမာနိ စတ္တာရိ ဘယာနိ။ ။ကတမာနိ အပရာနိပိ စတ္တာရိ ဘယာနိ။ ဥမိဘယံ ကုမ္ဘီလဘယံ အာဝဋ္ဋကဘယံ သုသုကာဘယံ။ ဣမာနိ စတ္တာရိဘယာနိ။ ။ကတမာနိ အပရာနိပိ စတ္တာရိ ဘယာနိ။ အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယံ။ ဣမာနိ စတ္တာရိ ဘယာနိ။ ။ခုဒ္ဒကဝတ္ထုပိဘင်းပါဠိတော်။

အနက်ကား အောက်က ဆိုအပ်ပြီးသောနည်းကိုမှီး၍ သိသာပြီ။ ဤစတုက္ကလေးပါးကို ပေါင်း၍ (၁၆) ပါးသော ဥပဒ္ဒဝေါဟု ဆိုသည်။

ဣမေဟိ စတူဟိ စတုက္ကေဟိ သောဠသ မဟာဘယာနိ နာမ ကထိတာနိ။ ။သမ္မောအဋ္ဌကထာ။

ဣမေဟိ စတူဟိ စတုက္ကေဟိ၊ ဤလေးပါးသောစတုက္ကတို့ဖြင့်။ သောဠသ မဟာ ဘယာနိ နာမ၊ တဆယ့်ခြောက်ပါးသော ဘေးကြီး မည်သည်တို့ကို။ ကထိတာနိ၊ ဆိုအပ်ကုန်၏။ ။ဘယနှင့် ဥပဒ္ဒဝကား ပရိယာယ်ဖြစ်၍ ဥပဒ္ဒဝကို ဘယဟု ဟောတော်မူသည်။ ဤနည်းဖြင့် သောဠသဥပဒ္ဒဝ၏ အရသည် ပဌမိသတိ အတွင်း၌ဝင်သည်။

တနည်း —

ပရိဘာသတိ၊အန္ဒုဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ ရဇ္ဇုဗန္ဓနေန ဝါ ဗန္ဓာပေယ်၊သင်္ခလိကဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ဝေတ္တဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ လတာဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ ပက္ခေပဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ ပရိခါဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ဂါမဗန္ဓနေန ဝါ ဗန္ဓာပေယ်၊နိဂမဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ နဂရဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ ရဋ္ဌဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ ဇနပဒဗန္ဓနေန ဝါ ဗန္ဓာပေယ်၊ သဝစနီယမ္ပိ ကရောန္တိ၊ တယာ ခန် သတံ ဝါ သဟဿံ ဝါ သတ

သဟာယံ ဝါ ဟရာပေသိ၊ တပ္ပစ္စယာဝိ ဒုက္ခဒေါမနဿံ
ပဋိသံဝေဒေတိ။

မဟာနိဒ္ဒေသပါဠိတော်။

ပရိဘာသတိ၊ ရေရွတ်၏။ အန္ဓပုဗန္ဓနေန ဝါ၊ ထိတ်ပင်းတံခါး အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ ရဇ္ဇုဗန္ဓနေန ဝါ၊ ကြိုးအနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ သင်္ခလိကာဗန္ဓနေန ဝါ၊သံခြေကျဉ်း အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ ဝေတ္တဗန္ဓနေန ဝါ၊ ကြိမ်အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ လတာဗန္ဓနေန ဝါ၊ နွယ် အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ ပက္ခေပဗန္ဓနေန ဝါ၊ တိုက်ဘွင်း လှောင်ခြင်း အနှောင်အဖွဲ့ဖြင့် မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ ပရိခါဗန္ဓနေန ဝါ၊ ကျုံးအနှောင်အဖွဲ့ ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ ဂါမဗန္ဓနေန ဝါ၊ ရွာ အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ နိဂမဗန္ဓနေ န ဝါ၊ နိဂုံးအနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ နဂရဗန္ဓနေန ဝါ၊ မြို့အနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာပေသိ၊နှောင် ဖွဲ့စေ၏။ ရဋ္ဌဗန္ဓနေနဝါ၊ တိုင်းအနှောင်အဖွဲ့ဖြင့်မူလည်း။ ဗန္ဓာ ပေသိ၊ နှောင်ဖွဲ့စေ၏။ ဇနပဒဗန္ဓနေန ဝါ၊ ဇနပုဒ်အနှောင်အဖွဲ့ ဖြင့်မူလည်း၊ ဗန္ဓာပေသိ၊ နှောင်ဖွဲ့စေ၏။ သဝစနီယံပိ၊ သင်အား ပြုဘွယ်ရှိ၏၊ အရပ်တပါးသို့ တဖဝါးမျှ မသွားမရွေ့လင့်ဟု ဆို ခြင်းရှိသည်ကိုမူလည်း။ ကရောန္တိ၊ ပြုကုန်၏။ တဿ၊ ထိုသူ၏။ ဓနံ၊ ဥစ္စာကို။ သတံ ဝါ၊ အရာကိုဗင်း။သဟဿံ ဝါ၊အထောင်ကိုဗင်း။ သတသဟဿံ ဝါ၊ အသိန်းကိုဗင်း။ ဟရာပေသိ၊ ဆောင်စေ၏။ တပ္ပစ္စယာပိ၊ ထိုရေရွတ်ခြင်း စသော အကြောင်းကြောင့်လည်း။ ဒုက္ခဒေါမနဿံ၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းကို။ ပဋိသံဝေ ဒေတိ၊ ခံစားရ၏။ ။ ဤနည်းကား ပဉ္စဝိသတိဘာယ၏ အရနှင့် မရောမယှက် သက်သက်တည်း။

ဒသဒဏ္ဍာ၏အရကို အောက်ဃောသကဝတ္ထုနှင့်ပြခဲ့ပြီ။

ဤ၌လည်း ပြဦးအံ့—

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။

ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။

အထဿ စ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။
ဓမ္မပဒပါဠိတော်။

ယော၊ အကြင်သူသည်။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ ဒဏ်မထိုက်ကုန်သော။ အပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော သူတို့၌။ ဒုဿတိ၊ပြစ်မှား၏။ သော၊ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သော ဒဏ်တို့တွင်။ အညတရံ၊ အမှတ်မရှိသော။ ဌာနံ၊ ဒဏ်ဟူသော အကြောင်းကို။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ နိဂစ္ဆတိ၊ ရောက်၏။

ဇာနိံ၊ အသွေးအသားကို ဆုတ်ယုတ်စေတတ်သော။ ဖရုသံ၊ ကြမ်းကြုတ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာသို့ရင်း။ သရီရဿ၊ ခန္ဓာကိုယ်၏။ ဘေဒနဉ္စ၊ ပျက်ခြင်းသို့ရင်း။ ဂရုကံ၊ သည်းမခံနိုင်အောင် လေးသော။ အာဗာဓံဝါပိ၊အနာသို့ရင်း။ စိတ္တက္ခေပဉ္စ၊စိတ်ပြန့်လွင့်ခြင်းသို့ရင်း။ ပါပုဏေ၊ ရောက်၏။

ရာဇတော ဝါ၊ မင်းမှုလည်း။ ဥပသဂ္ဂဉ္စ၊ ဘေးရန်သို့ရင်း၊ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဉ္စ၊စွပ်စွဲခြင်းသို့ရင်း။ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယဉ္စ၊ ကုန်ခြင်းသို့ရင်း။ ဘောဂါနံ၊ စည်းစိမ်တို့၏။ ပဘင်္ဂုနဉ္စ၊ ပျက်စီးခြင်းသို့ရင်း။ ပါပုဏေ၊ ရောက်ရာ၏။
အထ၊ထိုမှတပါး။ အဿ၊ထိုမပြစ်မှားအပ်သောသူကို ပြစ်မှားသောသူ၏။ အဂါရာနိ၊ အိမ်တို့ကို။ ပါဝကော၊ ပါဝကဟုဆိုအပ်

သော။ အဂ္ဂိ၊ မီးသည်။ ဥယှတိ၊ လောင်၏။ ကာယဿ၊ ဥပါဒိန္နက ခန္ဓာကိုယ်၏၊ ဘေဒါ၊ ပျက်သည်မှ နောက်၌။ ဒုပ္ပညော၊ ပညာမဲ့သော။ သော၊ ထိုမပြစ်မှားအပ်သောသူကို ပြစ်မှားသောသူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဒသ၏သရုပ်ကား ဒုတိယဂါထာ၌ လေးပါဒအရေအတွက်အားဖြင့်လေးပါး၊ တတိယ ဂါထာ၌လည်း လေးပါဒ အရေအတွက်အားဖြင့် လေးပါး၊ စတုတ္ထဂါထာ၌ ပုဗ္ဗဍ္ဎပရဍ္ဎ အရေအတွက် အားဖြင့် နှစ်ပါး၊ ပေါင်း (၁၀) ပါး။

အချို့ဓမ္မပဒနိသျည်း၌ ဇာနိံ၏အရကို ဥစ္စာစည်းစိမ်၏ ဆုံးရှုံးခြင်းဟု အနက်သမ္ဗန်၌ အသီးအခြား တပါးယူပြီးလျှင် နိရယံ သောပပဇ္ဇတိ၏ အရကို ဤပစ္စုပ္ပန်ဘ၀ကို မမှီသောကြောင့် အသီးအခြားမယူရဟု မှာဆိုတော်မူကုန်၏။ ဇာနိံ၏အရကို ဥစ္စာ စည်းစိမ်၏ ဆုံးရှုံးခြင်းဟု သမ္ဗန်သောအနက်သည် ဘောဂါနဉ္စ ပဘင်္ဂုနံ၏ အရနှင့် မထူးသောကြောင့် ထိုနိသျည်းဆရာ၏ စကားကို ဆင်ခြင်အပ်၏။

အဋ္ဌဒေါသ၏အရကား—

အဋ္ဌ ခေါ ဂါမဏိ ဟေတူ အဋ္ဌ ပစ္စယာ ကုလာနံ ဥပဃာတာယ။ ရာဇတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ စောရတော ဝါ ကုလာနိ ဥပဃာတံဂစ္ဆန္တိ၊ အဂ္ဂိတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ ဥဒကတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ၊ နိဟိတံ ဝါ ဌာနာ ဝိဂစ္ဆတိ၊ ဒုပ္ပယုတ္တာ ဝါ ကမ္မန္တာ ဘိဇ္ဇန္တိ၊ ကုလေ ဝါ ကုလင်္ဂါရော ဥပပဇ္ဇတိ၊ ယော တေသံ ဘောဂေ ဝိကိရတိ ဝိဓမတိ ဝိဒ္ဓံသေတိ၊ အနိစ္စတာယေဝ အဋ္ဌမီ။ ဣမေ ခေါ ဂါမဏိ အဋ္ဌ ဟေတူ အဋ္ဌ ပစ္စယာ ကုလာနံ ဥပဃာတာယ။

ဂါမဏိသံယုတ်ပါဠိတော်။

ဂါမဏိ၊ အသိဗန္ဓ- မည်သောသူ၏ သားဖြစ်သော ဂါမဏိ။ ကုလာနံ၊ အမျိုးတို့၏။ ဥပဃာတာယ၊ ပျက်စီးခြင်းငှါ။ ဟေတူ၊ အကြောင်းတို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့တည်း။ ပစ္စယာ၊ အထောက်အပံ့တို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့တည်း။ ရာဇတော ဝါ၊ မင်းကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စောရတော ဝါ၊ ခိုးသူကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အဂ္ဂိတော ဝါ၊ မီးကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ။ ပျက်စီး ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဥဒကတော ဝါ၊ ရေကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ နိဟိတံ ဝါ၊ မြှုပ်ထားအပ်သော ဥစ္စာသည်လည်း။ ဌာနာ၊ ထားရာအရပ်မှ။ ဝိဂစ္ဆတိ၊ အရပ်တပါးသို့ ရွေ့ရှားပြောင်းသွား၏။ ဒုပ္ပယုတ္တာ၊ မကောင်းသဖြင့် ယှဉ်အပ်ကုန်သည်ဖြစ်၍။ ကမ္မန္တာ ဝါ၊ အမှုကြီးငယ်တို့သည်လည်း။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယော၊ အကြင် အမျိုးအား နှောင့်ရှက်ခြင်းကို ပြုတတ်သောသူသည်။ တေသံ၊ ထိုအမျိုးတို့၏။ ဘောဂေ၊ စည်းစိမ်တို့ကို။ ဝိကိရတိ၊ ဖရိုဖရဲကြဲ၏။ ဝိဓမတိ၊ မှုတ်လွှင့်၏။ ဝိဓံသေတိ၊ ဖျက်ဆီး၏။ သော ကုလဃာတ်ရော၊ ထိုအမျိုးတို့၏ နှောင့်ရှက်ခြင်းကို ပြုတတ်သောသူသည်။ ကုလေ၊ အမျိုး၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။ အနိစ္စတာယေဝ၊ အမြဲမရှိသောအဖြစ်သည်သာလျှင်။ အဋ္ဌမီ၊ ရှစ်ခုမြောက်တည်း။ ဂါမဏိ၊ ဂါမဏိ။ ကုလာနံ၊ အမျိုးတို့၏။ ဥပဃာတာယ၊ ပျက်စီးခြင်းငှါ။ ဟေတူ၊ အကြောင်းတို့သည်။ ဣမေ ခေါ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ပစ္စယာ၊ အထောက်အပံ့တို့သည်။ ဣမေ ခေါ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ ။ဤကား သာသနာတော်ကျမ်းဂန်တို့၌လာသော အဋ္ဌဒေါသ သရုပ်တို့တည်း။

လောကီကျမ်းဂန်တို့၌ကား—

ပထဝီ သံသုမာရောစ၊ ယကျွော နာဝါ စ အသနိ။

ဇုဗ္ဗေါ လောဟိတုမ္မတ္တကော၊ အဋ္ဌ ဒေါသာ ဣမေ မတာ။

ဟု ဂါထာဖြင့် အဋ္ဌဒေါသ၏ သရုပ်ကိုဆို၏။

ပထဝီ၊ မြေမျိုခြင်းငှင်း။ သံသုမာရော စ၊ မိကျောင်းမျိုခဲခြင်းငှင်း။ ယက္ခော၊ ဘီလူးဖမ်းခြင်းငှင်း။ နာဝါ စ၊ လှေနစ်ခြင်းငှင်း။ အသနိ၊ မိုးကြိုးလောင်မီးကျခြင်းငှင်း။ ဗျဂ္ဃော၊ ကျားစားခြင်းငှင်း။ လောဟိတံ၊ သွေးအန်ခြင်းငှင်း။ ဥမ္မတ္တကော၊ ရူးသွပ်ခြင်းငှင်း။ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့ကို။ ဒေါသာ၊ အပြစ်တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။

ဤသို့ဆိုအပ်ပြီးသော အဋ္ဌနဝုတိရောဂါစသည်တို့သည် အထူးထူးအပြားပြား များစွာသောဒုက္ခကို ဆောင်တတ် စီရင်တတ်သောကြောင့် ဗျသနမည်ကုန်၏။ ထိုဗျသနသည် မိမိကား ဒုက္ခမဟုတ်၊ စင်စစ်သော်ကားများစွာသော ဒုက္ခ၏တည်ရာအကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ။"ဗျသန်ယေဝ ဒုက္ခံ အနေကေသံ ဒုက္ခာနံ ဝတ္ထုဘူတတ္တာတိ ဗျသနဒုက္ခံ" ဟူသော ဝစနတ္ထနှင့်အညီ ဗျသနဒုက္ခမည်၏။ ။ဗျသနံယေဝ၊ ပျက်စီးခြင်းသည်သာလျှင်။ အနေကေသံ၊ များစွာကုန်သော။ ဒုက္ခာနံ၊ ဒုက္ခတို့၏။ ဝတ္ထုဘူတ္တာ၊ တည်ရာအကြောင်း ဖြစ်သည်၏အဖြစ်ကြောင့်။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဗျသနဒုက္ခံ၊ ဗျသနဒုက္ခမည်၏၊

အဘယ်ဒုက္ခတို့၏တည်ရာ အကြောင်းဖြစ်သနည်းဟူမူကား။ ။ကာယိကဒုက္ခ စေတသိကဒုက္ခတို့၏တည်ရာ အကြောင်းဖြစ်သည်ဟူလို။ ။ဤသို့လျှင် ဗျာဓိဒုက္ခ၏ သစ္စာဖြစ်ကြောင်းကို သိအပ်၏။

### ၁၇-မရဏဒုက္ခကို ပြခြင်း။

မရဏမ္ပိဒုက္ခံ ဟူသော ပါဠိအရ—

တတ္ထ ကတမံ မရဏံ။ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ

ကမ္မေဝရသ နိက္ခေပေါ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ ဣဒံ
ဝုစ္စတိ မရဏံ —

ဟူ၍ ဝိဘင်းပါဠိတော်၌ ဟောတော်မူ၏။

တတ္ထ၊ ထိုဇာတိအစရှိသည်တို့တွင်။ မရဏံ၊ မရဏာသည်။ ကတမံ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှာတမှာ သတ္တနိကာယာ၊ ထိုထိုသတ္တဝါအပေါင်းမှ။ ယာ စုတိ၊ အကြင်ရွေ့ခြင်းသည်။ ယာ စဝနတာ၊ အကြင်ရွေ့သော အဖြစ်သည်။ ယော ဘေဒေါ၊ အကြင်ပျက်ခြင်းသည်။ ယံ အန္တရဓာနံ၊ အကြင်ကွယ်ခြင်းသည်။ ယော မစ္စု၊ အကြင်သေခြင်းသည်။ ယံ မရဏံ၊ အကြင်သေခြင်းသည်။ ယာ ကာလကိရိယာ၊ အကြင် အဆုံးကာလကို ပြုခြင်းသည်။ ယော ခန္ဓာနံ ဘေဒေါ၊ အကြင်ခန္ဓာတို့၏ ပျက်ခြင်းသည်။ ယော ကမ္မေဝရဿ နိက္ခေပေါ၊ အကြင်ကိုယ်ကောင်ကို ပစ်ချခြင်းသည်။ ယော ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ အကြင် ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤရွေ့ခြင်းအစရှိသည်ကို။ မရဏံ၊ မရဏာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်၌ ကိုယ်ကောင်ကိုပစ်ချခြင်း၏ အကြောင်းဖြစ်သောကြောင့် မရဏာကို ဖလူပစာရအားဖြင့် ကမ္မေဝရဿ နိက္ခေပေါ- ဟု ဟောတော်မူအပ်၏။

ဧတ္ထ စ ကမ္မေဝရဿ နိက္ခေပကာရဏတော မရဏံ
ကမ္မေဝရဿ နိက္ခေပေါတိ ဝုတ္တတိ။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဧတ္ထ စ၊ ဤပါဠိတော်၌ကား။ ကမ္မေဝရဿ၊ ကိုယ်ကောင်ကို။ နိက္ခေပကာရဏတော၊ ပစ်ချခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မရဏံ၊ မရဏာကို။ ကမ္မေဝရဿ နိက္ခေပေါတိ၊ ကမ္မေဝရဿ နိက္ခေပေါဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏ ။ ။ အဋ္ဌကထာကား။
“နိက္ခေပနံ နိက္ခေပေါ” ဟု ဘာဝသာဓနပြုသည့်အနိုက်ကိုရည်

သည်။ ။''နိက္ခိပတိ ဌပေတိ နိက္ခိပေါ'' ဟု ကရဏသာဓန ပြုမှု မှချပင်သင့်၏။

ဇီဝိတိန္ဒြိယသည် ဥပစ္ဆေဒေါ- ဟူသောပါဠ်ဖြင့် ဇူန္ဒြိယဗဒ္ဓ သဝိ ညာဏကဓာတ်၏သာလျှင် သေခြင်းမည်သည်ဖြစ်၏၊ အနိန္ဒြိယဗဒ္ဓ အဝိ ညာဏကအား သေခြင်းမည်သည်မရှိဟု ပြတော်မူ၏။ ။ကောက် ပင်သည်သေ၏၊သစ်ပင်သည်သေ၏ဟူသော စကားတို့ကား ဝေါ ဟာရမျှသာ၊ အနက်အားဖြင့် ဤသို့သဘောရှိသော စကားတို့ သည် ကောက်ပင် သစ်ပင်တို့၏ ကုန်ခြင်း ပျက်ခြင်း သဘောကို ပြကုန်၏။

မရဏသည် ခဏိကမရဏ သမ္မုတိမရဏ သမုစ္ဆေဒမရဏ ဟူ၍ သုံးပါး အပြားရှိ၏။ ထိုတွင် ပဝတ္တိအခါ ရုပ်နာမ်တို့၏ပျက်ခြင်း သည် ခဏိကမရဏမည်၏။ တိဿသည်သေ၏၊ ဖုဿသည် သေ၏ဟုဆိုခြင်းသည် သမ္မုတိမရဏမည်၏။ ရဟန္တာပုဂ္ဂိုလ်၏ တဖန် ပဋိသန္ဓေ မနေသောအားဖြင့် သေခြင်းသည် သမုစ္ဆေဒ မရဏမည်၏။ ထိုသုံးပါးတို့တွင် ဤအရာ၌ သမ္မုတိမရဏကို အလိုရှိအပ်၏။

ထိုမရဏသည် ရွေ့ခြင်းလက္ခဏာရှိ၏၊ ဘဝ၌ မယှဉ်ခြင်း ကိစ္စရှိ၏၊ ကွေကွင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊ ဇာတိ လျှင် နီးစွာသောအကြောင်းရှိ၏။ ။ဤမရဏသည်လည်း မိမိကား ဒုက္ခမဟုတ်၊ စင်စစ်သော်ကား ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါး၏ တည်ရာဖြစ် သောကြောင့် ဒုက္ခဟု ဟောတော်မူ အပ်၏။

ဇုဒံပိ သယံ န ဒုက္ခံ၊ ဒုက္ခဿ ပန ဝတ္ထုဘာဝေန ဒုက္ခန္တိ ဝုတ္တံ။ ။ဝိဘင်းအဋ္ဌကထာ။

ဇုဒံပိ၊ ဤမရဏသည်လည်း။ သယံ၊ မိမိသည်။ န ဒုက္ခံ၊ ဒုက္ခ မဟုတ်။ ပန၊ စင်စစ် သော်ကား။ ဒုက္ခဿ၊ ကာယိကဒုက္ခ စေတ သိကဒုက္ခ၏။ ဝတ္ထုဘာဝေန၊ တည်ရာအကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

" မရဏံယေဝ ဒုက္ခံ ဒုက္ခဿ ဝတ္ထုတ္တာတိ မရဏဒုက္ခံ " ဟူသော ဝစနတ္တကြောင့် မရဏဒုက္ခမည်၏ဟုပြသည်။ ။မရဏံယေဝ၊ မရဏသည်သာလျှင်။ ဒုက္ခဿ၊ ဒုက္ခ၏။ ဝတ္ထုတ္တာ၊တည်ရာအကြောင်း၏ အဖြစ်ကြောင့်။ဒုက္ခံ၊ဒုက္ခတည်း။ ဣတိ၊ထိုကြောင့်။ မရဏဒုက္ခံ၊ မရဏဒုက္ခမည်၏။ ။မရဏဒုက္ခဟူသော သစ္စာပြီး၏။

### ၁၈-သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသကိုပြခြင်း။

သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာပိဒုက္ခာ ဟူသော ပါဠ်တို့၌ သောက ဟူသည်ကား ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန တပါးပါးတို့သည် နှိပ်စက်အပ်သော တပါးပါးသော ဆင်းရဲခြင်း၏အကြောင်းသည် တွေ့သောသူ၏ စိုးရိမ်ခြင်းစသောအဖြစ်သည် သောကမည်၏။

> ကတမော စ ဘိက္ခဝေ သောကော။ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော။ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။
>
> မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမောစ၊ အဘယ်တရားသည်လျှင်။ သောကော၊ သောကမည်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ အကြင်အမှတ်မဲ့ တပါးပါးသော။ ဗျသနေန၊ဆွေမျိုး ပျက်စီးခြင်း စသည်သည်။ သမန္နာဂတဿ အဘိဘူတဿ၊ နှိပ်စက်အပ်သော။ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲခြင်း၏ အကြောင်းသည်။ ဝါ၊ ဆင်းရဲခြင်းသဘောသည်။ ဖုဋ္ဌဿ၊ တွေ့အပ်သော။ သတ္တဿ၊ သတ္တဝါ၏။ ယော သောကော၊ အကြင်စိုးရိမ်ခြင်းသည်။ ယာ သောစနာ၊ အကြင်စိုးရိမ်သော အခြင်းအရာသည်။ ယံ သောစိတတ္တံ၊ အကြင်

စိုးရိပ်သည့်၏ အဖြစ်သည်။ ယော အန္တော သောကော၊ အကြင် အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းသည်။ယော အန္တော ပရိသောကော၊ အကြင်အတွင်း၌ အဘန်တလဲလဲ စိုးရိမ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သောကော၊ သောက ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသောကသည် အတွင်း၌ပူလောင်ခြင်းလက္ခဏာ,စေတသိက်တို့ ထက်ဝန်းကျင်မှ ပူလောင်ခြင်းကိစ္စ, အဘန်တလဲလဲစိုးရိမ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ပရိဒေဝဟူသည် တပါးပါးဗျသန နှိပ်စက်အပ်သော အမှတ်မဲ့ ဒုက္ခဖြင့်တွေ့သောသူ၏ ငိုမြည်တမ်းခြင်းစသော သဘောတရား သည် ပရိဒေဝမည်၏။

ကတမော စ ဘိက္ခဝေ ပရိဒေဝေါ။ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အည တရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။ ။ဂုင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်တရားသည်ကား။ ပရိဒေဝေါ၊ ပရိဒေဝမည်သနည်း။ ဘိက္ခဝေ၊ရတန်းတို့။ အညတရ ညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုးပျက်စီးခြင်း စသည်ဖြင့်။ သမန္နာဂတဿ အဘိဘူတဿ၊ နှိပ်စက်အပ် သော၊ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ဒုက္ခဓမ္မေန၊ ဆင်းရဲ၏ အကြောင်းဖြင့်။ ဖုဋ္ဌဿ၊တွေ့အပ်သော။သတ္တဿ၊ သတ္တ ဝါ၏။ ယော ခေါ အာဒေဝေါ၊ အကြင်သားသမီး စသည်ကို ရည် ညွှန်း၍ ငိုမြည်တမ်းခြင်းသည်။ ယော ပရိဒေဝေါ၊ အကြင်ဂုဏ်ကို ဆို၍ ငိုမြည်တမ်းခြင်းသည်။ယာ အာဒေဝနာ၊ အကြင်ရည်ညွှန်း၍ ငိုမြည်တမ်းသော အခြင်းအရာသည်။ ယာ ပရိဒေဝနာ၊ အကြင် ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည်တမ်းသော အခြင်းအရာသည်။ ယံ အာဒေဝိတတ္တံ၊ အကြင် ရည်ညွှန်း၍ ငိုမြည်တမ်းသည်၏ အဖြစ်

သည်။ ယံ ပရိဒေဝိတတ္တံ၊ အကြင် ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည် တမ်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ပရိဒေဝေါ၊ ပရိဒေဝ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပရိဒေဝသည် မြည်တမ်းခြင်းလက္ခဏာ, ဂုဏ်အပြစ်ကို ကြားခြင်းကိစ္စ, စိတ်မူးနှောက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ဒုက္ခဟူသည်ကား ကာယပသာဒ၌မှီသော အကြင်ဆင်းရဲခြင်း အကြင်မသာယာခြင်း စသောဝေဒနာသည် ဒုက္ခမည်၏။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ။ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ ကာယိကံ အသာတံ ကာယသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။ ။ရင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံ၊ ကိုယ်၏ဆင်းရဲခြင်းသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယိကံ၊ ကာယ ပသာဒ၌မှီသော။ ယံ ခေါ ဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ ကာယိကံ၊ ကာယပသာဒ၌မှီသော။ ယံ အသာတံ၊ အကြင်မသာယာ ခြင်းသည်။ ကာယသမ္ဖဿဇံ၊ ကာယပသာဒ၌ မှီသောဖဿ ကြောင့် ဖြစ်သော။ အသာတံ၊ မသာယာအပ်သော။ ယံ ဝေဒ ယိတံ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒုက္ခံ၊ ကိုယ်၏ဆင်းရဲခြင်းဟူ၍။ ဝုစ္စတိ၊ ၏။

ဤဒုက္ခသည် ကိုယ်ကိုနှိပ်စက်ခြင်း လက္ခဏာ, ပညာမဲ့သောသူ တို့အား နှလုံးမသာယာခြင်းအကြောင်းရှိသောကိစ္စ, ကိုယ်ပင်ပန်း ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ဒေါမနဿ ဟူသည်ကား စိတ်၌မှီသောဆင်းရဲခြင်း စိတ်၌မှီ သော မသာယာခြင်း စသည်တို့တည်း။

ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ။ ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။ ။ရင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စေတသိကံ၊ စိတ်၌မှီသော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ စေတသိကံ၊စိတ်၌မှီသော။ အသာတံ၊မသာယာအပ်သော။ မနောသမ္ဖဿဇံ၊ စိတ်၌ မှီသောဖဿကြောင့် ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ အသာတံ၊ မသာယာအပ်သော။ ယံ ဝေဒယိတံ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒေါမနဿံ၊ ဒေါမနဿဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဒေါမနဿသည် စိတ်ကိုနှိပ်စက်ခြင်း လက္ခဏာ, စိတ်ကို ညှဉ်းဆဲခြင်းကိစ္စ, နှလုံး၌ဖြစ်သော အနာဟူ၍ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ဥပါယာသဟူသည်ကား ဗျသနတရားတပါးပါးဖြင့် နှိပ်စက်အပ်သော အမှတ်မဲ့သော ဒုက္ခဖြင့် တွေ့သောသူအား စိတ်၏ ပင်ပန်းခြင်း လွန်စွာပင်ပန်းခြင်း စသည်တို့တည်း။

> ကတမော စ ဘိက္ခဝေ ဥပါယာသော။ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။
>
> မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပါယာသော၊ စိတ်၏ ပင်ပန်းခြင်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့၊ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုး၏ ပျက်စီးခြင်းစသည်ဖြင့်။ သမန္နာဂတဿ အဘိဘူတဿ၊ နှိပ်စက်အပ်သော။ အညတရညတရေန၊အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲခြင်း သဘောဖြင့်။ ဖုဋ္ဌဿ၊ တွေ့အပ်သော။ သတ္တဿ၊ သတ္တဝါ၏။ ယော ခေါ အာယာသော၊ အကြင်စိတ်၏ ပင်ပန်းခြင်းသည်။ ယော ဥပါယာသော၊ အကြင်စိတ်၏ လွန်စွာ

ပင်ပန်းခြင်းသည်။ ယံ အာယာသိတတ္တံ၊ အကြင်စိတ်၏ ပင်ပန်းသည်၏ အဖြစ်သည်။ ယံ ဥပါယာသိတတ္တံ၊ အကြင်စိတ်၏ လွန်စွာ ပင်ပန်းသည်၏အဖြစ်သည်။အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ဥပါယာသော၊ ဥပါယာသဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။

ဤဥပါယာသသည် စိတ်ကို ထက်ဝန်းကျင်မှ ပူလောင်ခြင်း လက္ခဏာ, ငြိုးတွားခြင်းကိစ္စ, စိတ်၏နစ်ခြင်းကိုဖြစ်စေခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

### ၁၉-အပ္ပိယသမ္ပယောဂကို ပြခြင်း။

အပ္ပိယသမ္ပယောဂ ဟူသည်ကား ဤလောက၌ မနှစ်သက်အပ်သော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ဟု ဆိုအပ်သော သဝိညာဏက အဝိညာဏကတို့နှင့် ပေါင်းဘော် ယှဉ်တွဲရခြင်း စသည်တို့တည်း။

ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ အဟိတကာမာ အဖါသုက ကာမာ အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိံ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

ရင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပိယေဟိ၊ မချစ်အပ်ကုန်သောသတ္တဝါ အာရုံတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဘော်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဆင်းရဲသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဣဓ၊ ဤလောက၌။ ယေ ရူပါ၊ အကြင်မြင်အပ်သော ရူပါရုံတို့သည်။ ယေ သဒ္ဒါ၊ အကြင်ကြားနာအပ်သော သဒ္ဒါရုံတို့သည်။ယေ ဂန္ဓာ၊

အကြင်နံ့အပ်သော ဂန္ဓာရုံတို့သည်။ ယေ ရသာ၊ အကြင်စားအပ်သော ရသာရုံတို့သည်။ ယေ ဖောဋ္ဌဗ္ဗာ၊ အကြင် တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေ ဓမ္မာ၊ အကြင်သိအပ်သော ဓမ္မာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံခြောက်ပါးတို့သည်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အနိဋ္ဌာ၊ အလိုမရှိအပ်သော အာရုံတို့သည်။ အကန္တာ၊ မနှစ်သက်အပ်ကုန်သော အာရုံတို့သည်။ အမနာပါ၊ နှလုံးကို မပွါးစေတတ်သော အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယေ ဝါ ပန သတ္တာ၊ အကြင်သတ္တဝါတို့သည်မူလည်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ အဿ၊ ထိုသူ၏။ အနတ္ထကာမာ၊ အကျိုးမဲ့ကို အလိုရှိကုန်သည်။ အဟိတကာမာ၊ အစီးအပွါးမဲ့ကို အလိုရှိကုန်သည်။ အဖါသုကကာမာ၊ မချမ်းသာခြင်းကို အလိုရှိကုန်သည်။ အယောဂက္ခေမကာမာ၊ ဘေးမကင်းခြင်းကို အလိုရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုမချစ်အပ်ကုန်သော သတ္တဝါအာရုံတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ယာ သင်္ဂတိ၊ အကြင်တပေါင်းတည်း ဖြစ်ခြင်းသည်။ ယော သမာဂမော၊ အကြင်အတူစည်းဝေးခြင်းသည်။ ယံ သမောဓာနံ၊ အကြင်ပေါင်းဘော်ခြင်းသည်။ ယော မိဿီဘာဝေါ၊ အကြင် ရောနှောခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ အပ္ပိယေဟိ၊ မချစ်အပ်သော သတ္တဝါအာရုံတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဘော်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအပ္ပိယသမ္ပယောဂ၌ အနိဋ္ဌာရုံနှင့် တွေ့ကြုံရခြင်းလက္ခဏာ, စိတ်ပင်ပန်းခြင်းကိစ္စ, ကိုယ်စိတ်နှစ်ပါးတို့၏ အကျိုးမဲ့ကို ထင်ရှားခြင်းပစ္စုပဋ္ဌာန်ရှိ၏။

## ၂၀-ဝိယဝိပ္ပယောဂကို ပြခြင်း။

ပိယဝိပ္ပယောဂ ဟူသော်ကား ဤလောက၌ နှစ်သက်အပ်ကုန်သော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ဟု ဆိုအပ်ကုန်

သော အဝိညာဏက သဝိညာဏကတို့နှင့် ကွေကွင်းရခြင်းစသည်တို့တည်း။

ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ ကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အတ္ထကာမာ ဟိတကာမာ ဖါသုကကာမာ ယောဂက္ခေမကာမာ မာတာ ဝါ ပိတာ ဝါ ဘာတာ ဝါ ဘဂိနီ ဝါ ကနိဋ္ဌာ ဝါ မိတ္တာ ဝါ အမစ္စာ ဝါ ဉာတိသာလောဟိတာ ဝါ၊ ယာ တေဟိ သဒ္ဓိံ အသင်္ဂတိ အသမာဂမော အသမောဓါနံ အမိဿီဘာဝေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ။၎င်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပိယေဟိ၊ ချစ်အပ်ကုန်သော သတ္တဝါ အာရုံတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာရခြင်းကြောင့် ဖြစ်သော။ ဒုက္ခော၊ ဒုက္ခသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဣဓ၊ ဤလောက၌။ ယေ ရူပါ၊အကြင်ရူပါရုံတို့သည်။ ယေ သဒ္ဒါ၊အကြင်သဒ္ဒါရုံတို့သည်။ ယေ ဂန္ဓာ၊အကြင် ဂန္ဓာရုံတို့သည်။ ယေ ရသာ၊ အကြင် ရသာရုံတို့သည်။ ယေ ဖောဋ္ဌဗ္ဗာ၊ အကြင် ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေ ဓမ္မာ၊ အကြင် ဓမ္မာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံခြောက်ပါးတို့သည်။ အဿ၊ ထိုသူ၏။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော အာရုံတို့သည်။ ကန္တာ၊ နှစ်သက်အပ်ကုန်သော အာရုံတို့သည်။ မနာပါ၊ နှလုံးကို ပွါးစေတတ်သော အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မာတာ ဝါ၊ အမိမူလည်း ဖြစ်သော။ ပိတာ ဝါ၊ အဘမူလည်း ဖြစ်သော။ ဘာတာ ဝါ၊ ညီအစ်ကို မောင် မူလည်းဖြစ်သော။ ဘဂိနီ ဝါ၊ ညီမ အမ မူလည်း ဖြစ်သော။ မိတ္တာ ဝါ၊ အဆွေခင်ပွန်းမူလည်း ဖြစ်ကုန်သော။ မစ္စာ ဝါ၊ တကျွ ဖြစ်ဘက်မူလည်း ဖြစ်ကုန်သော။ ဉာတိသာလောဟိတာ ဝါ၊ မိဖွေးမိကြီး စသော အမိမျိုး, ဘထွေး ဘကြီး စသော အဘမျိုးလည်းဖြစ်ကုန်သော။ ယေ ဝါ ပန သတ္တာ၊အကြင် သတ္တဝါ

တို့သည်မှုလည်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုမိဘစသော သတ္တဝါ တို့သည်။ အဿ၊ ထိုသူ၏။ အတ္ထကာမာ၊ အကျိုးကို အလိုရှိကုန် သည်။ ဟိတကာမာ၊ အစီးအပွါးကို အလိုရှိကုန်သည်။ ဖါသုက ကာမာ၊ချမ်းသာခြင်းကို အလိုရှိကုန်သည်။ ယောဂက္ခေမကာမာ၊ ဘေးကင်းခြင်းကိုအလိုရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တေသံ၊ ထိုချစ်အပ်ကုန်သော သတ္တဝါအာရုံတို့နှင့်။ ယာ အသင်္ဂတိ၊အကြင် တပေါင်းတည်း မဖြစ်ခြင်းသည်။ ယော အသမာဂမော၊ အကြင် အတူမစည်းဝေးရခြင်းသည်။ ယံ အသမောဓါနံ၊ အကြင် မပေါင်း ဘော်ရခြင်းသည်။ ယော အမိဿီဘာဝေါ၊ အကြင် မရောနှော သည်၏ အဖြစ်သည်။ အယံ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ပိယေဟိ၊ ချစ်အပ်ကုန်သော သတ္တဝါအာရုံတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းကင်းကွာခြင်းကြောင့် ဖြစ်သော။ ဒုက္ခော၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤ ပိယဝိပ္ပယောဂ၌ ဇာဌာရုံဝတ္ထုနှင့် ကွေကွင်းရခြင်း လ(ျှ)ဏာ, သောကဖြစ်စေခြင်းကိစ္စ, ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည် ဖြစ်၏ဟု ရှေးရှုထင်ခြင်း ပစ္စုပဌာန်ရှိ၏။

### ၂၁-ယမ္ပိစ္ဆံ နလဗ္ဘတိဟူသောဒုက္ခကို ပြခြင်း။

ဇာဌ-အလဗ္ဘ-၌ ဇာတိတရား ဇရာတရား မရဏတရား အစရှိ သည် ရောက်လာကုန်သောသတ္တဝါတို့အား ငါတို့သည် ဤဇာတိ အစရှိကုန်သော သဘောရှိသူတို့ မဖြစ်ပါကုန်ငြားအံ့ ကောင်း လေစွ။ ငါတို့သို့ ဤဇာတိအစရှိသော သဘောတရားအပေါင်း သည် မလာပါမူကား ကောင်းလေစွ၊ ဤသို့သော အလိုသည် ဖြစ်၏။ ထိုအလိုသည် လိုတိုင်းမရအပ်သောကြောင့် ''ယံ ပိစ္ဆံ န လဗ္ဘတိ, တမ္ပိ ဒုက္ခံ'' မည်၏။

ကတမဉ္စ ဘိက္ခဝေ ယံ ပိစ္ဆံ န လဗ္ဘတိ, တမ္ပိ ဒုက္ခံ။ ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ၊ န စ ဝတ

နေသ ဇာတိ အာဂစ္ဆေယျာတိ။ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ။ ဣဒံပိ ယံပိစ္ဆံ န လဗ္ဘတိ, တံပိ ဒုက္ခံ။
ဝှင်းပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ပိ-ယေန ပိ စေမ္မန၊ အကြင် မင်ကို ပွါးစေခြင်းမှ တပါးသော တောင့်တခြင်းဟူသော အကြောင်းဖြင့်လည်း။ အလဗ္ဘနေယျဝတ္ထုံ၊ မရအပ်သော ဝတ္ထုကို။ ဣစ္ဆံ ဣစ္ဆန္တော၊ အလိုရှိသောသူသည်။ န လဗ္ဘတိ၊ မရအပ်။ တမ္ပိ ဣစ္ဆနံ၊ ထိုမင်ကိုပွါးစေခြင်းမှ တပါးသောတောင့်တခြင်းကို အလိုရှိသည်လည်းဖြစ်သော။ ဒုက္ခံ ဒုက္ခသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဇာတိဓမ္မာနံ၊ ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ ဇာတိဓမ္မာ၊ ပဋိသန္ဓေ နေခြင်းသဘော ရှိကုန်သည်။ န အဿာမ၊ မဖြစ်ပါကုန်ငြားအံ့။ အဟော ဝတ၊ ဩော်ကောင်းလေစွ။ နေသ၊ ငါတို့သို့။ ဇာတိ၊ပဋိသန္ဓေနေခြင်းသည်။ န စ ဝတ အာဂစ္ဆေယျ၊ စင်စစ် မလာသည်မူလည်း ဖြစ်ငြားအံ့။ အဟော ဝတ၊ ဩော်ကောင်းလေစွ။ ဣတိ ဧဝံ ဣစ္ဆာ၊ ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ၊ ထိုပဋိသန္ဓေနေခြင်းသဘော၏ မရှိခြင်းဟူသော မရအပ်သောဝတ္ထုကို။ န ခေါ ပန ပတ္တဗ္ဗံ၊ မရအပ်သည်သာတည်း။ ဣဒံပိ၊ ဤမရအပ်သည်ကို တောင့်တခြင်းသည်လည်း။ ယံ ပိစ္ဆံ န လဗ္ဘတိ,တံပိ ဒုက္ခံ၊မရအပ်သည်ကို တောင့်တခြင်းဒုက္ခမည်၏။

ဤဣစ္ဆာ န လဗ္ဘတိ ၌ တောင့်တ၍ မရကောင်းသော ဝတ္ထုကို လိုခြင်းလက္ခဏာ, ထိုမရကောင်းသောဝတ္ထုကို ရှာခြင်းကိစ္စ, ထိုမရကောင်းသောဝတ္ထုကို မရနိုင်သည်ဖြစ်၍ ညှဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

## ၂၂-ပဉ္စုပါဒါနက္ခန္ဓာဒုက္ခကိုပြခြင်း။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ ဟူသည်ကား····ရှင်တော်ဘုရားသည် ဘုံသုံးဆယ်တစ် သုံးခေတ်တိုင်တိုင် ပြန့်လှိုင်ကျော်

ကြား မျှားပြားလှစွာသော သဘာဝတရားအစုတို့ကို ငါးခုသော သခေ်ပနှင့်တကွ ဟောတော်မူအပ်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်ကား ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ အားဖြင့် ငါးပါး အပြားရှိကုန်၏။ ဤငါးပါးသော တရားအပေါင်းတို့သည် စင်စစ် ဒုက္ခလည်းဖြစ် သစ္စာလည်းဖြစ်၏ဟူ၍ ဟောတော်မူသည်။

ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
သတိပဋ္ဌာန်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါး ပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သောခန္ဓာ ဟု ဆိုအပ်ကုန်သော။ ဒုက္ခာ၊ ဒုက္ခတို့သည်။ ကတမေစ၊ အဘယ် သည်တို့နည်း။ ဣဒံ-ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်ကုန်သောခန္ဓာတို့သည်။သေယျထာ = ကတ မေ၊ အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ရုပ်ဟူသော ဥပါ ဒါန်၏ အာရုံဖြစ်သော ခန္ဓာလည်းကောင်း။ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနာဟူသော ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာလည်းကောင်း။ သညုပါဒါနက္ခန္ဓော၊ သညာဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာလည်းကောင်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရဟူသော ဥပါ ဒါန်၏ အာရုံဖြစ်သော ခန္ဓာလည်းကောင်း။ ဝိညာဏုပါဒါ နက္ခန္ဓော၊ ဝိညာဏ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ လည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ၊ ဤသည်တို့ကို။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ပြီးသော တရားအပေါင်းကို။

ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့သော သဒ္ဒါအစဉ် အနက်အစဉ်အားဖြင့် ဇာတိအစ,ဥပါ ဒါနက္ခန္ဓာအဆုံးရှိသော ဒေသနာတော်တို့ကို ရှင်ပင်ဘုရားကြီး သည် သဒ္ဒေပအားဖြင့် ဟောတော်မူပေ၏။ ထိုသို့သောဟော ကြားခြင်းသည် ဥပါဒါနက္ခန္ဓာတခုကိုသာ ဟောတော်မူသည်။ ထိုစကားသင့်စွ ဥပါဒါနက္ခန္ဓာတို့၏ အစကား ဇာတိတည်း။ အလယ်ကား ဇရာတည်း။ အဆုံးကား မရဏတည်း။ မရဏန္တိက ဒုက္ခကြောင့် လွန်စွာစိုးရိမ်ရခြင်းသည် သောက မည်၏။ ထို သောက ကြောင့် ငိုကြွေးရခြင်းသည် ပရိဒေဝ မည်၏။ ထိုပရိဒေဝ ကြောင့် ခတ်တို့၏ ချောက်ချားခြင်း ပြင်းပြသည်ဖြစ်၍ ကိုယ်၏ ဆင်းရဲခြင်းသည် ဒုက္ခ မည်၏။ ထိုဒုက္ခသည် လွန်စွာနှိပ်စက်အပ် ကုန်သော ပုထုဇ္ဇန်တို့အား ဒေါသ၏ ဖြစ်ခြင်းကြောင့် စိတ်နာ ကျင်ခြင်းသည် ဒေါမနဿ မည်၏။ ထိုဒေါမနဿကြောင့် အတွင်း ၌ လွန်စွာပင်ပန်းခြင်း ဆင်းရဲခြင်းစသည်တို့ကြောင့် မြည်ကမ်း ခြင်းသည် ဥပါယာသ မည်၏။ ဤသို့စသော အကြောင်းတို့နှင့် မပေါင်းဘက်လိုဘဲလျက်နှင့် ပေါင်းဘက်ရခြင်းသည် အပ္ပိယ သမ္ပ ယောဂ လည်းမည်၏။ ပိယဝိပ္ပယောဂ လည်းမည်၏။ ဣစ္ဆိတ အလဗ္ဘ လည်းမည်၏။ ဤသို့ အထူးထူးအပြားပြားသော ဒုက္ခချိုး တို့သည် ဥပါဒါနက္ခန္ဓာမျှတို့သည်သာလျှင်တည်း။

ဥပါဒါနက္ခန္ဓာနဋ္ဌ အာဒိဒုက္ခံ ဇာတိ၊ မဇ္ဈေဒုက္ခံ ဇရာ၊ ပရိယောသာနဒုက္ခံ မရဏံ၊ မရဏန္တိကဒုက္ခာဘိဃာတေန ပရိဍယှနဒုက္ခံ သောကော၊ တဒသဟနတော လာလပ္ပန ဒုက္ခံ ပရိဒေဝေါ၊ တတော ခါတုက္ခောဘသင်္ခါတအနိဋ္ဌ ဖောဋ္ဌဗ္ဗသမာယောဂတော ကာယဿ အာဗာဓနေ ဒုက္ခံ ဒုက္ခံ၊ တေန ဗာဓိယမာနာန် ပုထုဇ္ဇနာနံ တတ္ထ ပဋိဃုပ္ပတ္တိ တော စေတောဗာဓနကံ ဒုက္ခံ ဒေါမနဿံ၊ သောကာဒိ ဝုဒ္ဓိယာ ဇနိတဝိသာဒါနံ အနုတ္ထုနနဒုက္ခံ ဥပါယာသော၊

မနောရထဝိဃာတပစ္စာနံ့ ဇုဠ္ဌာဝိဃာတဒုက္ခံ ဇုဠ္ဌိတာ
လာဘောတိ ဇဝံ့ နာနပ္ပကာရတော ဥပပရိက္ခိယမာနာ
ဥပါဒါနက္ခန္ဓာ၀ ဒုက္ခာတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဧ၊ ဆက်၍ဆိုဦးအံ့။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့၏။ အာဒိဒုက္ခံ၊ အစဖြစ်သော ဆင်းရဲသည်။ ဇာတိ၊ ဇာတိတည်း။ မဇ္ဈေဒုက္ခံ၊ အလယ်ဖြစ်သော ဆင်းရဲသည်။ ဇရာ၊ ဇရာတည်း။ ပရိယောသာနဒုက္ခံ အဆုံးဖြစ်သော ဆင်းရဲသည်။ မရဏံ၊ မရဏတည်း။ မရဏန္တိကဒုက္ခာဘိဃာတေန၊ သမား လက်ချ ခွင့်မရ၍ ပြင်းပြလွန်မင်း သေရခြင်း၏ အနီး၌ဖြစ်သော ဒုက္ခသည် အလွန် နှိပ်စက်ခြင်းကြောင့်။ ပရိဍယှနဒုက္ခံ၊ စိုးရိမ် ပူလောင်သော ဒုက္ခသည်။ သောကော၊ သောကမည်၏။ တဒ သဟနတော၊ ထိုသေ၀ပါးနိုး အားကြီးသော ဆင်းရဲကို သည်း မခံနိုင်ခြင်းကြောင့်။ လာလပ္ပနဒုက္ခံ၊ အထွေထွေ မြည်တမ်းခြင်း ဟူသော ဆင်းရဲသည်။ ပရိဒေဝေါ၊ ပရိဒေ၀မည်၏။ တတော၊ ထိုပရိဒေ၀မှ။ ဥဒ္ဓံ၊ အထက်၌။ ဝါ၊တတော၊ ထိုပရိဒေ၀ထက်။ ဥဒ္ဓံ၊ အလွန်။ ဓာတုက္ခောဘသင်္ခါတအနိဋ္ဌဖောဋ္ဌဗ္ဗသမာယော ဂတော၊လည်ချောင်းခြောက်သွေ့ခြင်းစသည် ရိုးဆက်တို့၏အစပ် ကိုဖြတ်ခြင်းစသည်ကို ဖြစ်စေတတ်သော သလိပ်သည်းခြေ သွေး လေမည်သီ ပထဝီ စသော ဓာတ်ချောက်ချားခြင်းဟု ဆိုအပ်သော အလိုမရှိအပ်သောဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ကြုံခြင်းကြောင့်။ကာယဿ၊ ခန္ဓာကိုယ်၏။ အာဗာဓနဒုက္ခံ၊နာကျင်ခြင်းဆင်းရဲသည်ကား။ဒုက္ခံ၊ ဒုက္ခမည်၏။ တေန၊ ထိုကာယိကဒုက္ခသည်။ ဗာဓိယ မာနာနံ၊ နှိပ်စက်အပ်ကုန်သော။ ပုထုဇ္ဇနာနံ၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား။ တတ္ထ၊ ထိုကာယိကဒုက္ခ၌။ ပဋိဃုပ္ပတ္တိတော၊ ဒေါသ၏ဖြစ်ခြင်းကြောင့်။ စေတောဗာဓနကံ ဒုက္ခံ၊ စိတ်၏ နာကျင်ခြင်း ဆင်းရဲသည်။ ဝါ၊ စိတ်ကိုနှိပ်စက်တတ်သော ဒုက္ခသည်။ ဒေါမနဿံ၊ ဒေါမနဿ မည်၏။ သောကာဒိဝုဒ္ဓိယာ၊ သောက စသည်တို့၏ ပွါးခြင်း သည်။ ဇနိတဝိသာဒါနံ၊ ဖြစ်စေအပ်သော ပင်ပန်းခြင်းရှိသော

သူတို့၏။ ဝါ၊ ဖြစ်စေအပ်သော ပြင်းပြစွာ နှစ်ကုန်သောသူတို့၏။ အနုဋ္ဌုနနဒုက္ခံ၊ အတွင်း၌လောင်ကျွမ်းခြင်း ဆင်းရဲသည့်ကား။ ဝါ၊ငြိုးတွားခြင်း ဆင်းရဲသည်ကား။ ဥပါယာသော၊ ဥပါယာသ မည်၏။ မနောရထဝိဃာတပစ္စာနံ၊ နှလုံးအလို ပင်ပန်းခြင်းသို့ ရောက်ကုန်သော သူတို့အား။ ဝါ၊နှလုံးအလို ပျက်ခြင်းသို့ ရောက်ကုန်သောသူတို့အား။ ဣစ္ဆာဝိဃာတဒုက္ခံ၊ အလိုမပြည့် ပျက်ခြင်းကြောင့်ဖြစ်သော ဒုက္ခသည်။ ဣစ္ဆိတာလာဘော၊ အလိုရှိအပ်သည်ကိုမရခြင်းမည်၏။ ဝါ၊ မရစကောင်းသည်ကို အလိုရှိသည် မည်၏။ ဣတိ ဧဝံ၊ ဤသို့။ နာနပ္ပကာရတော၊ အထူးထူး အပြားပြားအားဖြင့်။ ဥပပရိက္ခိယမာနာ၊ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်အပ်ကုန်သည်ရှိသော်။ ဥပါဒါနက္ခန္ဓာ၀၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်သာလျှင်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ။ပဌမပုစ္ဆာပြီး၏။

## ၂၃-ထိုဒုက္ခသစ္စာ၏အပြားကား အဘယ်မျှရှိသနည်းဟူသော ဆင္ဃပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၆) ထိုဒုက္ခသစ္စာ၏ အပြားကား အဘယ်မျှ ရှိသနည်းဟူရာ၌— ဒုက္ခတို့သည် ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ, ပရိယာယဒုက္ခ, နိပ္ပရိယာယဒုက္ခဟူ၍ (၇) ပါး အပြားရှိ၏။

ထိုတွင် ကိုယ် စိတ် နှစ်ပါးတို့ကို ဆင်းရဲစေတတ်သော ဒုက္ခဝေဒနာကို ဒုက္ခဒုက္ခ ဟု ဆိုအပ်၏။

> ဒုက္ခဒုက္ခံ ဝိပရိဏာမဒုက္ခံ သင်္ခါရဒုက္ခံ ပဋိစ္ဆန္န ဒုက္ခံ အပ္ပဋိစ္ဆန္နဒုက္ခံ ပရိယာယဒုက္ခံ နိပ္ပရိယာယဒုက္ခန္တိ။ တတ္ထ ကာယိကစေတသိကာ ဒုက္ခာ ဝေဒနာ သဘာဝတော စ နာမတော စ ဒုက္ခတ္တာ ဒုက္ခဒုက္ခန္တိ ဝုစ္စတိ။ ။ဝိသုဒ္ဓိမဂ်။

ဒုက္ခဒုက္ခံ၊ ဒုက္ခဒုက္ခရင်း။ ဝိပရိဏာမဒုက္ခံ၊ ဝိပရိဏာမဒုက္ခရင်း။ သင်္ခါရဒုက္ခံ၊ သင်္ခါရဒုက္ခရင်း။ ပဋိစ္ဆန္နဒုက္ခံ၊ ပဋိစ္ဆန္နဒုက္ခရင်း။ အပ္ပ

ဋ္ဌိဋ္ဌန္နဒုက္ခံ၊ အပ္ပဋ္ဌိဋ္ဌန္နဒုက္ခငင်း။ ပရိယာယဒုက္ခံ၊ ပရိယာယဒုက္ခငင်း။ နိပ္ပရိယာယဒုက္ခံ၊နိပ္ပရိယာယဒုက္ခငင်း။ ဇာတိ ဇာမာနိ၊ ဤသည်တို့တည်း။ တတ္ထ၊ ထိုဒုက္ခဒုက္ခ စသည်တို့တွင်။ ကာယိကစေတသိကာ၊ ကာယိကစေတသိက ဖြစ်သော။ ဒုက္ခာ၊ ဆင်းရဲသော။ ဝေဒနာ၊ ဝေဒနာကို။ သဘာဝတော စ၊ ဒုက္ခဝေဒနာ၏အဖြစ်ဟူသော သဘောအားဖြင့်ငင်း။ နာမတော စ၊ ထိုသဘောအားဖြင့်ပင်လျှင် ရအပ်သောအမည်အားဖြင့်ငင်း။ တနည်း၊ နာမတော စ၊ ဖြစ်ခြင်းပျက်ခြင်း ရှိသည်၏အဖြစ်ဖြင့် ဒုက္ခဟုရအပ်သော အမည်အားဖြင့်ငင်း။ ဒုက္ခတ္တာ၊ ဒုက္ခမည်သည်၏ အဖြစ်ကြောင့်။ ဒုက္ခဒုက္ခန္တိ၊ ဒုက္ခဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သုခဝေဒနာသည် ဖြစ်ပေါ် လာသော်လည်း တမုဟုတ္တမျှ ဖြစ်၍ ဘောက်ပြန် ပျက်စီးလတ်သော် ဒုက္ခ၏ အကြောင်း ဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခ မည်၏။

''သုခါ ဝေဒနာ ဝိပရိဏာမေ ဒုက္ခုပ္ပတ္တိဟေတုတော ဝိပရိဏာမဒုက္ခံ။'' ။ဝိသုဒ္ဓိမဂ်။ ။သုခါ၊ သုခဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝိပရိဏာမေ၊ ဘောက်ပြန် ပျက်စီးခြင်းသည်။ သတိ၊ ရှိသော်။ ဒုက္ခုပ္ပတ္တိဟေတုတော၊ အဟောဝတ မေတံ နာဟောသိ ဟူသောစေတသိကဒုက္ခဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ ဝိပရိဏာမဒုက္ခံ၊ ဝိပရိဏာမဒုက္ခမည်၏။

ဥပေက္ခာဝေဒနာသည်ငင်း, သုခ ဒုက္ခ ဥပေက္ခာမှ ကြွင်းကုန်သော တေဘူမကဖြစ်ကုန်သော ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သော သင်္ခါရတရားဟူသမျှ သည် ငင်း, သင်္ခါရဒုက္ခ မည်၏။

''ဥပေက္ခာ ဝေဒနာစေဝ အဝသေသာစ တေဘူမကာ သင်္ခါရာ ဥဒယဗ္ဗယပဋိပီဠိတတ္တာ သင်္ခါရဒုက္ခံ''။ ။ဝိသုဒ္ဓိမဂ်။ ။ဥပေက္ခာဝေဒနာစေဝ၊ ဥပေက္ခာဝေဒနာသည်ငင်း။ အဝသေသာ၊ သုခဒုက္ခ ဥပေက္ခာမှ ကြွင်းကုန်သော။ တေဘူမကာ၊ ဘုံသုံးပါး၌ဖြစ်

ကုန်သော။ သဠိရာ စ၊ သဠိရတရားတို့သည်ရင်း။ ဥဒယဗ္ဗယပဋိ ဗိဋ္ဌိတတ္တာ၊ ဖြစ်ခြင်းပျက်ခြင်းသည် အဘန်တလဲလဲ နှိပ်စက်အပ် သည်၏ အဖြစ်ကြောင့်။ သဠိရဒုက္ခံ၊ သဠိရဒုက္ခမည်၏။

နားကိုက်ခြင်း, သွားကိုက်ခြင်း, ရာဂကြောင့်ဖြစ်သော ပူပန် ခြင်း, ဒေါသကြောင့်ဖြစ်သော ပူပန်ခြင်း အစရှိသော ကိုယ်,စိတ် နှစ်ပါးတို့၏ အနာသည် မေးမြန်းမှသာလျှင် သိရသောကြောင့် ပဋိစ္ဆန္နဒုက္ခမည်၏။

ကဏ္ဏသူလ,ဒန္တသူလ,ရာဂဇပရိဠာဟ,ဒေါသဇပရိဠာ ဟာဒိ ကာယိကစေတသိကော အာဗာဓော ပုစ္ဆိတွာ ဇာ နိတဗ္ဗတော ဥပက္ကမဿ စ အပါကဋဘာဝတော ပဋိစ္ဆန္န ဒုက္ခံနာမ။ အပါကဋဒုက္ခန္တိပိ ဝုစ္စတိ။ ။ဝိသုဒ္ဓိမဂ်။

ကဏ္ဏသူလ,ဒန္တသူလ,ရာဂဇပရိဠာဟ, ဒေါသဇပရိဠာဟာဒိ၊ နားကိုက်ခြင်း, သွားကိုက်ခြင်း, ရာဂကြောင့်ဖြစ်သော ပူပန်ခြင်း, ဒေါသကြောင့်ဖြစ်သောပူပန်ခြင်း အစရှိသော။ ကာယိကစေတသိ ကော၊ ကိုယ်ကိုမှီ စိတ်ကိုမှီသော။ အာဗာဓော၊ အနာသည်။ ပုစ္ဆိတွာ၊ မေးမြန်း၍။ ဇာနိတဗ္ဗတော စ၊ သိအပ်သည်၏အဖြစ် ကြောင့်ရင်း။ ဥပက္ကမဿ၊ ညှဉ်းဆဲနှိပ်စက်ခြင်း ပယောဂ၏၊ အပါကဋဘာဝတော စ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်ရင်း။ ပဋိစ္ဆန္နဒုက္ခံနာမ၊ ဖုံးလွှမ်းအပ်သော ဒုက္ခမည်၏။ အပါကဋ ဒုက္ခန္တိပိ၊ မထင်ရှားသောဒုက္ခဟူ၍လည်း။ ဝုစ္စတိ။ ဆိုအပ်၏။

သူတပါးတို့သည် မမေးမြန်းမူ၍ သိအပ်သောရောဂါ, ကမ္မ ကာရဏာဘေးဘျမ်း, ဥပဒ္ဒဝေါ, ဒဏ် စသည်တို့ဖြင့် ညှဉ်းဆဲနှိပ် စက်အပ်သောဒုက္ခသည် အပ္ပဋိစ္ဆန္နဒုက္ခမည်၏။

ဒွတ္တိံသကမ္မကာရဏာဒိသမုဋ္ဌာနော အာဗာဓော အပုစ္ဆိတွာဝ ဇာနိတဗ္ဗတော ဥပက္ကမဿ စ ပါကဋဘာဝ တော အပ္ပဋိစ္ဆန္နဒုက္ခံနာမ၊ ပါကဋဒုက္ခန္တိပိ ဝုစ္စတိ။
ဝိသုဒ္ဓိမဂ်။

No: 10

ဒွတ္တိံသကမ္မကာရဏာဒိသမုဋ္ဌာနေ၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာအလျောက် ညှဉ်းဆဲခြင်း အစရှိသည်ကြောင့် ဖြစ်သော။ အာဗာဓော။ အနာသည်။ အပုန္တိတွာဝ၊မမေးဘဲသာ၍လျှင်။ ဇာနိတဗ္ဗတော စ၊သိအပ်သောကြောင့်ငင်း။ ဥပက္ကမသ၊ညှဉ်းဆဲသော ပယောဂ၏။ ပါကဋဘာဝတော စ၊ထင်ရှားသည်၏အဖြစ်ကြောင့်ငင်း။ အပ္ပဋိစ္ဆန္နဒုက္ခံနာမ၊ မဖုံးလွှမ်းအပ်သော ဒုက္ခမည်၏။ ပါကဋဒုက္ခန္တိ ပိ၊ ထင်ရှားသော ဒုက္ခဟူ၍လည်း။ ဝုစ္စတိ၊ဆိုအပ်၏။

ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့နှင့်ယှဉ်သော ခန္ဓာတို့၏ဒုက္ခကိုထား၍ ကြွင်းသော ဇာတိအစရှိသောဒုက္ခအပေါင်းသည် ထိုထိုသို့သော ဒုက္ခအပေါင်း၏တည်ရာ ဖြစ်သောကြောင့် ပရိယာယဒုက္ခမည်၏။ ။ဒုက္ခ ဒုက္ခသည် နိပ္ပရိယာယဒုက္ခမည်၏။

ထပေတွာ ဒုက္ခဒုက္ခံ သေသံ ဒုက္ခသစ္စဝိဘင်္ဂေ အာဂတံ
ဇာတိအာဒိသဗ္ဗမ္ပိ တဿ တဿ ဒုက္ခဿ ဝတ္ထုဘာဝတော
ပရိယာယဒုက္ခံ၊ ဒုက္ခဒုက္ခံ ပန နိပ္ပရိယာယဒုက္ခန္တိ ဝုစ္စတိ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဒုက္ခဒုက္ခံ၊ ဒုက္ခ ဒေါမနဿ ဥပါယာသကို။ ထပေတွာ၊ချန်ထား၍။ သေသံ၊ ဒုက္ခဒုက္ခမှ ကြွင်းသော။ ဒုက္ခသစ္စဝိဘင်္ဂေ၊ ဒုက္ခသစ္စာဝိဘင်း၌။ အာဂတံ၊ ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ စသည်ဖြင့် လာသော။ ဇာတိအာဒိသဗ္ဗမ္ပိ၊ဇာတိအစရှိသော အလုံးစုံသည်လည်း။ တဿ တဿ ဒုက္ခဿ၊ ထိုထိုဒုက္ခ၏။ ဝတ္ထုဘာဝတော၊ တည်ရာ၏ အဖြစ်ကြောင့်။ ပရိယာယဒုက္ခံ၊ ပရိယာယဒုက္ခမည်၏။ ပန၊ ထိုမှတပါး။ ဒုက္ခဒုက္ခံ၊ ဒုက္ခဒုက္ခကို။ နိပ္ပရိယာယဒုက္ခန္တိ၊ နိပ္ပရိယာယဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤ (၇) ပါးသောဒုက္ခတို့သည်လည်း စင်စစ်အမှန်ဖြစ်သောကြောင့် မုချအားဖြင့်ငင်း။ပရိယာယ်အားဖြင့်ငင်း ဒုက္ခသစ္စာမည်၏။

## ၂၄-သင်္ခါရဒုက္ခစသည်ကို ပြခြင်း။

တနည်း ဒုက္ခသည် သင်္ခါရဒုက္ခ ဒုက္ခမဒုက္ခ ဒုက္ခဝတ္ထုကဒုက္ခ သုခပဋိက္ခေပဒုက္ခ-ဟူ၍ လေးပါးအပြားရှိ၏။

ထိုတွင်- ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခတို့ဖြင့် သတ္တဝါတို့၏ ခန္ဓာအစဉ်ကိုမြစ်ရေအယဉ် ဆီးပိတ်လျှိုတိုက်ကဲ့သို့ အရှိန်မစဲ တဟုန်းဟုန်း နှိပ်စက်ပူလောင်ခြင်းသည် သင်္ခါရဒုက္ခ မည်၏။ ထိုသင်္ခါရဒုက္ခဘို့ဖြင့် ပူလောင်သောကြောင့် အလွန် သည်းခံခက်သည်၏ အဖြစ်ကြောင့် ဒုက္ခမဒုက္ခမည်၏။ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ ဟုဆိုအပ်သော ဒုက္ခတာတို့၏ငှင်း သံသရာဒုက္ခ၏ငှင်း တည်ရာအဖြစ်ကြောင့် ဒုက္ခဝတ္ထုကဒုက္ခ မည်၏။ ဤသို့ ဆိုအပ်ပြီးသော သင်္ခါရစသော ဒုက္ခမျိုးတို့သည် စင်စစ် သုခဟု ဆိုအပ်သော ချမ်းသာသော သဘောတရားမရှိခြင်းကြောင့်။ ဝါ၊ ဘုရားပစ္စေကဗုဒ္ဓါစသော သူတော်ကောင်းတို့သည် သမုတ်သော ချမ်းသာသည် မျက်စိတမှိတ်ခန့်မျှမရှိသည်၏ အဖြစ်ကြောင့် သုခပဋိက္ခေပဒုက္ခမည်၏။

> အထဝါ သင်္ခါရဋ္ဌေန ဒုက္ခမဋ္ဌေန ဒုက္ခဝတ္ထုကဋ္ဌေန သုခပဋိက္ခေပဋ္ဌေနာတိ စတူဟိ ကာရဏေဟိ ဒုက္ခံ။ ဧတ္ထ စ သင်္ခါရပေါနာမ ဒုက္ခဒုက္ခတာဒိဝသေန သင်္ခါရနံ၊ တတော ဧဝ ဒုက္ခမသဟနတာယ ဒုက္ခမတာ၊ တိဿန္နံ ဒုက္ခတာနံ သံသာရဒုက္ခဿစ အဓိဋ္ဌာနတာယ ဒုက္ခဝတ္ထုကတာ၊ သုခဘာဝါဘာဝေါဧဝ သုခပဋိက္ခေပေါ။
>
> အနုတ္တရလက္ခဏာသုတ်အဋ္ဌကထာ။

အထဝါ၊ တနည်းသော်ကား။ သင်္ခါရဋ္ဌေနစ၊ ပူလောင်စေတတ်သော အနက်သဘောသတ္တိကြောင့်ငှင်း။ ဒုက္ခမဋ္ဌေနစ၊ သည်းခံနိုင်ခက်သော အနက်သဘော သတ္တိကြောင့်ငှင်း။ ဒုက္ခဝတ္ထုကဋ္ဌေနစ၊ ဒုက္ခ၏တည်ရာ အနက်သဘော သတ္တိကြောင့်ငှင်း။ သုခပဋိက္ခေပဋ္ဌေနစ၊ သုခ၏ ဆန့်ကျင်ဘက်ဖြစ်သော အနက်သဘော သတ္တိကြောင့်ငှင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤလေးပါးတို့တွင်။ သင်္ခါရပေါနာမ၊ သင်္ခါရ ဒုက္ခမည်သည်ကား။ ဒုက္ခဒုက္ခတာဒိဝသေန၊ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ

ဝိပရိဏာမဒုက္ခတို့၏ အစွမ်းအားဖြင့်။ သန္တာပန်၊ ပူလောင်ခြင်းတည်း။ တတောဝေ၊ ထိုပူလောင်တတ်သော ကြောင့်သာလျှင်။ ဒုက္ခမသဟနတာယ၊ သည်းခံနိုင်ခက်သည်၏ အဖြစ်ကြောင့်။ ဒုက္ခမတာ၊ သည်းခံနိုင်ခက်သည်အဖြစ်ကြောင့် ဒုက္ခမဒုက္ခမည်၏။ တိဿန္နံ၊ သုံးပါးကုန်သော။ ဒုက္ခတာနဉ္စ၊ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခတို့၏၎င်း။ သံသာရဒုက္ခဿ စ၊ သံသရာဒုက္ခဆင်းရဲ၏၎င်း။ အဓိဋ္ဌာနတာယ၊ တည်ရာ၏အဖြစ်ကြောင့်။ ဒုက္ခဝတ္ထုကတာ၊ ဒုက္ခ၏တည်ရာအကြောင်း၏အဖြစ်ကြောင့် ဒုက္ခဝတ္ထုက ဒုက္ခမည်၏။ သုခဘာဝါဘာဝေါဧဝ၊ သုခ၏မရှိခြင်းသည်သာလျှင်။ သုခပဋိက္ခေပေါ၊ သုခပဋိက္ခေပဒုက္ခ မည်၏။

တနည်း ''သဗ္ဗေ သင်္ခါရာအနိစ္စာ''ဟူ၍၎င်း,''သဗ္ဗေ သင်္ခါရာ ဒုက္ခာ''ဟူ၍၎င်း, ''ယဒနိစ္စံ၊ တံ ဒုက္ခံ'' ဟူ၍၎င်း ရှင်ပင်ဘုရားသည် ဟောတော်မူသည်၏ အဖြစ်ကြောင့်၎င်း, ''အနိစ္စန္တိ ကိံ အနိစ္စံ၊ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ကေနဋ္ဌေန အနိစ္စာ၊ ဥဒယဝယဋ္ဌေန အနိစ္စာ'' ဟူ၍ ရှင်သာရိပုတ္တရာ ဟောတော်မူသောကြောင့်၎င်း, ဘုံသုံးပါးလုံးအတွင်း၌ ရှိရှိသမျှသော ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်စသည်တို့သည် မုချဥပစာအားဖြင့် ဒုက္ခသစ္စာချည်း မည်ကုန်၏။

ထိုဒုက္ခသစ္စာ ကိုလည်း ကျေးဇူးရှင် ဘုရားကြီးသည် ဘုမ္မိပရိစ္ဆေဒ,ဌာနပရိစ္ဆေဒ, ဒွါရပရိစ္ဆေဒ ဤပရိစ္ဆေဒသုံးပါးတို့ဖြင့် ပိုင်းခြားဝေဘန်၍ ဓမ္မဒေသကဖြစ်တော်မူသော ကိုယ်တော်မြတ်ကြီးသည် ဒေသေတဗ္ဗဖြစ်သော ခန္ဓာစသည်တို့ကို ပုဂ္ဂလဇ္ဈာသယအားလျော်စွာ ယထာရဟထားတော်မူ၍ ဟောကြားတော်မူသည်။ ။သတိထား၍ကြည့်ကြပါ။ ။အဘယ်သို့ ယထာရဟထား၍ ဟောတော်မူသနည်းဟူမူကား—

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

ဒွါဒသာယတနာနိ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ မနာယတနံ, ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ။

အဋ္ဌာရသဓာတုယော စက္ခုဓာတု သောတဓာတု ဃာနဓာတု ဇိဝှါဓာတု ကာယဓာတု, ရူပဓာတု သဒ္ဒဓာတု ဂန္ဓဓာတု ရသဓာတု ဖောဋ္ဌဗ္ဗဓာတု, စက္ခုဝိညာဏဓာတု သောကဝိညာဏဓာတု ဃာနဝိညာဏဓာတု ဇိဝှါဝိညာဏဓာတု ကာယဝိညာဏဓာတု, မနောဓာတု မနောဝိညာဏဓာတု ဓမ္မဓာတု။

စတ္တာရိအရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ, ဒုက္ခသမုဒယော အရိယသစ္စံ, ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ—

ဟူ၍ ဘုမ္မိပရိစ္ဆေဒအားဖြင့် ယထာရဟထား၍ ဟောတော်မူသည်။

ရူပက္ခန္ဓောစ၊ ရုပ်နှစ်ဆယ့်ရှစ်ခုဟုဆိုအပ်သော ရူပက္ခန္ဓာဂုင်း။ ဝေဒနာက္ခန္ဓောစ၊ ဝေဒနာစေတသိက်ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာဂုင်း။ သညာက္ခန္ဓောစ၊ သညာစေတသိက်ဟုဆိုအပ်သော

သညာက္ခန္ဓာ၎င်း။ သင်္ခါရက္ခန္ဓော စ၊ (ဝေဒနာသညာမှကြွင်းသော) စေတသိက်ငါးဆယ်ဟုဆိုအပ်သော သင်္ခါရက္ခန္ဓာ၎င်း။ ဝိညာဏက္ခန္ဓော စ၊ စိတ်တခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာ၎င်း။ ဣတိ၊ ဤသို့။ ခန္ဓာ၊ ခန္ဓာတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။

စက္ခာယတနဉ္စ၊ စက္ခုပသာဒရုပ်ဟုဆိုအပ်သော စက္ခာယတန၎င်း။ သောတာယတနဉ္စ၊ သောတပသာဒရုပ်ဟုဆိုအပ်သော သောတာယတန၎င်း။ ဃာနာယတနဉ္စ၊ ဃာနပသာဒရုပ်ဟုဆိုအပ်သော ဃာနာယတန၎င်း။ ဇိဝှါယတနဉ္စ၊ ဇိဝှါပသာဒရုပ်ဟုဆိုအပ်သော ဇိဝှါယတန၎င်း။ ကာယာယတနဉ္စ၊ ကာယပသာဒရုပ်ဟုဆိုအပ်သော ကာယာယတန၎င်း။ ရူပါယတနဉ္စ၊ ရူပါရုံဟုဆိုအပ်သော ရူပါယတန၎င်း။ သဒ္ဒါယတနဉ္စ၊ သဒ္ဒါရုံဟုဆိုအပ်သော သဒ္ဒါယတန၎င်း။ ဂန္ဓာယတနဉ္စ၊ ဂန္ဓာရုံဟုဆိုအပ်သော ဂန္ဓာယတန၎င်း။ ရသာယတနဉ္စ၊ ရသာရုံဟုဆိုအပ်သော ရသာယတန၎င်း။ ဖောဋ္ဌဗ္ဗာယတနဉ္စ၊ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာယတန၎င်း။ မနာယတနဉ္စ၊ စိတ်တခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော မနာယတန၎င်း။ ဓမ္မာယတနဉ္စ၊ သုခုမရုပ်တဆဲ့ခြောက်ခု, စေတသိက်ငါးဆယ့်နှစ်ခု,နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာယတန၎င်း။ ဣတိ၊ ဤသို့။ အာယတနာနိ၊ အာယတနတို့သည်။ ဒွါဒသ၊ တဆဲ့နှစ်ပါးတို့တည်း။

စက္ခုဓာတု စ၊ စက္ခာယတနဟုဆိုအပ်သော စက္ခုဓာတ်၎င်း။ သောတဓာတု စ၊ သောတာယတနဟုဆိုအပ်သော သောတဓာတ်၎င်း။ ဃာနဓာတု စ၊ ဃာနာယတနဟုဆိုအပ်သော ဃာနဓာတ်၎င်း။ ဇိဝှါဓာတုစ၊ ဇိဝှါယတနဟုဆိုအပ်သော ဇိဝှါဓာတ်၎င်း။ ကာယဓာတု စ၊ ကာယာယတနဟုဆိုအပ်သောကာယဓာတ်၎င်း။ ရူပဓာတု စ၊ ရူပါယတနဟု ဆိုအပ်သော ရူပဓာတ်၎င်း။ သဒ္ဒဓာတု စ၊ သဒ္ဒါယတနဟုဆိုအပ်သော သဒ္ဒဓာတ်၎င်း။ ဂန္ဓဓာတု စ၊ ဂန္ဓာယတနဟုဆိုအပ်သော ဂန္ဓာဓတ်၎င်း။ ရသဓာတု စ၊

ရသာယတနဟုဆိုအပ်သော ရသဓာတ်ငင်း။ ဖောဋ္ဌဗ္ဗဓာတု စ၊ ဖောဋ္ဌဗ္ဗာယတနဟုဆိုအပ်သော ဖောဋ္ဌဗ္ဗဓာတ်ငင်း။စက္ခုဝိညာဏဓာတု စ၊ စက္ခုဝိညာဏ်ခွေးဟုဆိုအပ်သော စက္ခုဝိညာဏဓာတ်ငင်း။ သောတဝိညာဏဓာတု စ၊ သောတဝိညာဏ်ခွေးဟုဆိုအပ်သော သောတဝိညာဏဓာတ်ငင်း။ဃာနဝိညာဏဓာတု စ၊ဃာနဝိညာဏ်ခွေးဟုဆိုအပ်သော ဃာနဝိညာဏဓာတ်ငင်း။ဇိဝှါဝိညာဏဓာတုစ၊ ဇိဝှါဝိညာဏ်ခွေးဟုဆိုအပ်သော ဇိဝှါဝိညာဏဓာတ်ငင်း။ ကာယဝိညာဏဓာတု စ၊ ကာယဝိညာဏ်ခွေးဟု ဆိုအပ်သော ကာယဝိညာဏဓာတ်ငင်း။မနောဓာတု စ၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းခွေးဟုဆိုအပ်သော မနောဓာတ်ငင်း။ မနောဝိညာဏဓာတု စ၊ (ခွေးပဉ္စဝိညာဏ် ၁၀- ပဉ္စဒွါရာဝဇ္ဇန်း- သမ္ပဋိစ္ဆိုင်းတို့မှ ကြွင်းကုန်သော) စိတ်- ၇၆ ပါးဟုဆိုအပ်သော မနောဝိညာဏဓာတ်ငင်း။ ဓမ္မဓာတု စ၊ သုခုမရုပ် ၁၆ ခု, စေတသိက် ၅၂ ခု, နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မဓာတ်ငင်း။ ဣတိ၊ ဤသို့။ ဓာတုယော၊ ဓာတ်တို့သည်။ အဋ္ဌာရသ၊တဆယ့်ရှစ်ပါးတို့တည်း။

ဒုက္ခံ အရိယသစ္စံ၊ စိတ်တခု ယုတ်ကိုးဆယ်, (လောဘကြဉ်သော) စေတသိက် ၅၁ ခု, ရုပ် ၂၈ ခုဟုဆိုအပ်သော ဒုက္ခဖြစ်သော အရိယသစ္စာငင်း။ ဒုက္ခသမုဒယော အရိယသစ္စံ၊ လောဘစေတသိက်ဟုဆိုအပ်သော သမုဒယဖြစ်သော အရိယသစ္စာငင်း။ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဟုဆိုအပ်သော အရိယသစ္စာငင်း။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော အရိယသစ္စာငင်း။ ဣတိ၊ ဤသို့။ အရိယသစ္စာနိ၊ အရိယသစ္စာတို့သည်။ စတ္တာရိ၊လေးပါးတို့တည်း။

အဝိဇ္ဇာပစ္စယာ၊ သစ္စာလေးပါးကို မသိခြင်းလက္ခဏာရှိသော မောဟဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပြုပြင်ခြင်း လက္ခဏာရှိသော ကာမကုသိုလ် ရူပကုသိုလ်စေတနာ ၁၃ ခုဟုဆိုအပ်သော ပုညာဘိသင်္ခါရ,အကုသိုလ်စေတနာ ၁၂ ခု ဟုဆိုအပ်သော

အပုညာဘိသင်္ခါရ, အရူပကုသိုလ်စေတနာ လေးခုဟုဆိုအပ်သော
အာနေဉ္ဇာဘိသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရ
ပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ အာရုံ၏
သဘောကိုသိခြင်း လက္ခဏာရှိသော ပဋိသန္ဓေစိတ် ၁၉ ခုဟုဆို
အပ်သော ပဋိသန္ဓေဝိညာဏ်, လောကီဝိပါက် ၃၂ ခုဟု ဆိုအပ်
သော ပဝတ္တိဝိညာဏ်သည်။ သမ္ဘောတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊
ဝိညာဏ်ဟူသောအကြောင်းကြောင့်။ နာမရူပံ၊ အာရုံသို့ညွတ်ခြင်း
လက္ခဏာရှိသော ဝေဒနာ သညာ သင်္ခါရဟု ဆိုအပ်သောနာမ်,
အချမ်း အပူ ဟူသော ဝိရောဓိ ပစ္စည်းတို့ကြောင့် ဖောက်ပြန်ခြင်း
လက္ခဏာရှိသော အဋ္ဌဝိသ ဟုဆိုအပ်သောရုပ်သည်။ သမ္ဘဝတိ၊
ဖြစ်၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့်။
သဠာယတနံ၊ ဝိညာဏ်စသည်တို့၏ တည်ရာမှီရာဟူသော လက္ခ
ဏာရှိသော စက္ခာယတန,သောတာယတန,ဃာနာယတန,ဇိဝှါ
ယတန,ကာယာယတန,မနာယတန ဟုဆိုအပ်သော အာယတန
ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ သဠာ
ယတနဟူသောအကြောင်းကြောင့်။ ဖဿော၊ အာရုံ၏သဘောကို
တွေ့ထိခြင်းလက္ခဏာရှိသော စက္ခုသမ္ဖဿ,သောတသမ္ဖဿ,ဃာ
နသမ္ဖဿ,ဇိဝှါသမ္ဖဿ,ကာယသမ္ဖဿ,မနောသမ္ဖဿဟုဆိုအပ်
သော ဖဿခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊
ဖဿဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ အာရုံ၏အရသာကို
ခံစားခြင်းလက္ခဏာရှိသော စက္ခုသမ္ဖဿဇာဝေဒနာ, သောတ
သမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာ
ဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ
ဟူသော ဝေဒနာခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေ
ဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ ဝဋ္ဋ
ဆင်းရဲ၏ အကြောင်းရင်းဟူသော လက္ခဏာရှိသော ရူပတဏှာ,
သဒ္ဒတဏှာ, ဂန္ဓတဏှာရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ
ဟူသော တဏှာခြောက်ပါးသည်။ ဝါ၊ ကာမတဏှာ, ဘဝ
တဏှာ,ဝိဘဝတဏှာဟူသော တဏှာသုံးပါးသည်။ သမ္ဘဝတိ၊

ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ အာရုံကို ပြင်းစွာယူခြင်း လက္ခဏာရှိသော ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟုဆိုအပ်သော ဥပါဒါန်လေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ အမြဲမတည် ကျင်လည်ခြင်း လက္ခဏာရှိသော ပုညာဘိသင်္ခါရ- အပုညာဘိသင်္ခါရဟုဆိုအပ်သော ကမ္မဘဝ, (ဝါ) လောကီကုသိုလ် အကုသိုလ် ၂၀ ဟုဆိုအပ်သော ကမ္မဘဝ, ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဟု ဆိုအပ်သော ဥပပတ္တိဘဝ,သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေ၌ ရှေးဦးစွာဖြစ်ခြင်းလက္ခဏာရှိသောရုပ်ဇာတိ နာမ်ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာမရဏံ၊ခန္ဓာတို့၏ ရင့်ခြင်းလက္ခဏာရှိသောဇရာ, ပဋိသန္ဓေဘဝမှ ရွေ့ခြင်းလက္ခဏာရှိသောမရဏသည်။သမ္ဘဝတိ၊ ဖြစ်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အတွင်း၌ ပူလောင်ခြင်း လက္ခဏာရှိသော သောက, မြည်တမ်းခြင်း လက္ခဏာရှိသော ပရိဒေဝ, ကိုယ်၏ပင်ပန်းခြင်းလက္ခဏာရှိသော ကာယိကဒုက္ခ,စိတ်၏ ပင်ပန်းခြင်း လက္ခဏာရှိသော စေတသိကဒုက္ခ, နှိပ်စက်ခြင်း လက္ခဏာရှိသော ဒေါမနဿ, ထက်ဝန်းကျင်မှ ပူလောင်ခြင်း လက္ခဏာရှိသော ဥပါယာသတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာခြင်းနှင့် မရော သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၂၅-ခန္ဓာငါးပါး၏သရုပ်ကို ပြခြင်း။

ဤဆိုအပ်ပြီးသော ခန္ဓာစသော သဘောတရား အပေါင်းတို့တွင် ခန္ဓာငါးပါး၌ ရုပ်(၂၈)ပါးဟူသော်ကား။ ။ပထဝီ၊ အာ

ပေါ၊ တေဇော၊ ဝါယော ဟူသော ဘူတရုပ် (၄) ခု။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော ပသာဒရုပ် (၅) ခု။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ (အာပေါဓာတ်ကြဉ်သော) ဘူတရုပ် (၃) ခုဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗ၊ ပေါင်းဂေါစရရုပ် (၇) ခု။ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဘာဝရုပ် (၂) ခု။ ဟဒယဝတ္ထု (၁) ခု။ ဇီဝိတရုပ် (၁) ခု။ အာဟာရရုပ် (၁) ခု။ ပေါင်းနိပ္ဖန္နရုပ် (၁၈) ခု။

အာကာသဓာတ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ပေါင်းဝိကာရရုပ် (၅) ခု။ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ၊ ပေါင်းလက္ခဏာရုပ် (၄) ခု။ ပေါင်း အနိပ္ဖန္နရုပ် (၁၀) ခု။ ။ဤကား ရုပ် (၂၈) ခု။ ။ဤရုပ်အပေါင်းသည် ရူပက္ခန္ဓာ မည်၏။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ။ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)။ ။ဝိတက္က၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ။ ပကိဏ်းစေတသိက် (၆)။ ပေါင်း အညသမာန်း စေတသိက် (၁၃)။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ အကုသိုလ် စေတသိက် (၁၄)။

သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ၊ သောဘဏသာဓာရဏစေတသိက် (၁၉)။ ။သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဝိရတိ စေတသိက် (၃)။ ။ကရုဏာ၊ မုဒိတာ။ အပ္ပမညာစေတသိက် (၂)။ ။ပညိန္ဒြေ။ ။သောဘဏစေတသိက် (၂၅)။

အားလုံးပေါင်း စေတသိက် (၅၂)။ ။ဤ (၅၂) ပါးတို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာ စေတ

သိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ-သညာမှ ကြွင်းသော စေတသိက်(၅၀)သည် သင်္ခါရက္ခန္ဓာမည်၏။

သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် (၁)၊ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် သသင်္ခါရိက စိတ် (၂)၊ သောမနဿ သဟဂုတ် ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက စိတ် (၃)၊ သောမနဿ သဟဂုတ် ဉာဏ ဝိပ္ပယုတ် သသင်္ခါရိက စိတ် (၄)၊ ဥပေက္ခာသဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိက စိတ် (၅)၊ ဥပေက္ခာသဟဂုတ် ဉာဏ သမ္ပယုတ် သသင်္ခါရိက စိတ် (၆)၊ ဥပေက္ခာသဟဂုတ် ဉာဏ ဝိပ္ပယုတ် အသင်္ခါရိကစိတ် (၇)၊ ဥပေက္ခာသဟဂုတ် ဉာဏ ဝိပ္ပယုတ် သသင်္ခါရိကစိတ် (၈)။ ။လောဘမူစိတ်(၈)။

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် (၁)၊ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် (၂)။ ။ဒေါသမူစိတ် (၂)၊

ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်(၁)၊ ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ် (၂)။ ။မောဟမူစိတ် (၂)။ ။ပေါင်းအကုသိုလ်စိတ် (၁၂)၊

ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်စိတ်(၁)၊ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်(၂)၊ ဥပေက္ခာ သဟဂုတ် ဃာန ဝိညာဏ်စိတ်(၃)၊ ဥပေက္ခာ သဟဂုတ် ဇိဝှါဝိညာဏ်စိတ်(၄)၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် (၅)၊ ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်(၆)၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်(၇)။ ။အကုသလဝိပါက်(၇)။

ဥပေက္ခာ သဟဂုတ် ကုသလဝိပါက် စက္ခုဝိညာဏ်စိတ် (၁)၊ ဥပေက္ခာသဟဂုတ် ကုသလဝိပါက် သောတဝိညာဏ်စိတ် (၂)၊ ဥပေက္ခာသဟဂုတ် ကုသလဝိပါက် ဃာနဝိညာဏ်စိတ် (၃)၊ ဥပေက္ခာသဟဂုတ် ကုသလဝိပါက် ဇိဝှါဝိညာဏ်စိတ်(၄)၊ သုခ သဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ်စိတ် (၅)၊ ဥပေက္ခာ

သဟဂုတ် ကုသလဝိပါက် သန္တီရဏစိတ်(၆)၊ သောမနဿ သဟဂုတ်ကုသလဝိပါက် သန္တီရဏစိတ်(၇)၊ ဥပေက္ခာသဟဂုတ် ကုသလဝိပါက် သန္တီရဏ စိတ် (၈)။ ။ကုသလစိတ်(၈)။

ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် (၁)၊ ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်(၂)၊ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် (၃)။ ။အဟိတ်ကြိယာ (၃)။ ။အားလုံး ပေါင်း အဟိတ်စိတ်(၁၈)။

အကုသိုလ်စိတ်(၁၂)၊ အဟိတ်စိတ်(၁၈)၊ ပေါင်းအသော ဘဏစိတ်(၃၀)။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်(၁)၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်(၂)၊ သော မနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်(၃)၊ သော မနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်(၄)၊ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်(၅)၊ ဥပေက္ခာသဟ ဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် (၆)၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် (၇)၊ ဥပေက္ခာသဟဂုတ် ဉာဏ ဝိပ္ပယုတ် သသင်္ခါရိကစိတ်(၈)။ ။ကာမာဝစရကုသိုလ်(၈)။

သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်(၁)၊ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် (၂)၊ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် (၃)၊ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် (၄)၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် (၅)၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် (၆)၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိကစိတ်(၇)၊ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် (၈)။ ။ကာမာ ဝစရဝိပါက်(၈)။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်(၁)၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် (၂)၊

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ( ၃ )၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ( ၄ )၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ( ၅ )၊ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ( ၆ )၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်( ၇ )၊ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်( ၈ )။ ။ကာမာဝစရကြိယာ( ၈ )။

ကာမသောဘဏစိတ်ပေါင်း ( ၂၄ )။

ဝိတက္က-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ်( ၁ )၊ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသောဈာန် အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်( ၂ )၊ ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ( ၃ )၊ သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ( ၄ )၊ ဥပေက္ခာ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ( ၅ )။ ။ရူပါဝစရ ကုသိုလ်စိတ် ( ၅ )။

ဝိတက္က-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် ဝိပါက်စိတ် ( ၁ )၊ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ် ( ၂ )၊ ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယဈာန် ဝိပါက်စိတ်( ၃ )၊ သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သောစတုတ္ထဈာန်ဝိပါက်စိတ် ( ၄ )၊ ဥပေက္ခာ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ဝိပါက်စိတ် ( ၅ )။ ။ရူပါဝစရ ဝိပါက်စိတ် ( ၅ )။

ဝိတက္က-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် ကြိယာစိတ် (၁)၊ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ကြိယာစိတ် (၂)၊ ပီတိ-သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယဈာန် ကြိယာစိတ် (၃)၊ သုခ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန် ကြိယာစိတ် (၄)၊ ဥပေက္ခာ-ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကြိယာစိတ် (၅)။ ။ရူပါဝစရကြိယာစိတ် (၅)။ ။ပေါင်း ရူပါဝစရစိတ်(၁၅)။

အာကာသာနဉ္စာယတနကုသလစိတ္တံ၊ အာကာသာနဉ္စာယတနကုသိုလ်စိတ်(၁)၊ ဝိညာဏဉ္စာယတန ကုသလစိတ္တံ၊ ဝိညာဏဉ္စာယတန ကုသိုလ်စိတ် (၂)၊ အာကိဉ္စညာယတန ကုသလစိတ္တံ၊ အာကိဉ္စညာယတန ကုသိုလ်စိတ်(၃)၊ နေဝသညာနာသညာ ယတန ကုသလစိတ္တံ၊ နေဝသညာနာသညာယတန ကုသိုလ်စိတ်(၄)။ ။အရူပါဝစရကုသိုလ်စိတ်(၄)။

အာကာသာနဉ္စာယတန ဝိပါကစိတ္တံ၊ အာကာသာနဉ္စာယတန ဝိပါက်စိတ်(၁)၊ ဝိညာဏဉ္စာယတနဝိပါကစိတ္တံ၊ ဝိညာဏဉ္စာယတန ဝိပါက်စိတ်(၂)၊ အာကိဉ္စညာယတနဝိပါကစိတ္တံ၊ အာကိဉ္စညာယတနဝိပါက်စိတ် (၃)၊ နေဝသညာ နာသညာယတန ဝိပါကစိတ္တံ၊ နေဝသညာနာသညာယတန ဝိပါက်စိတ် (၄)။ ။အရူပါဝစရဝိပါက်စိတ်(၄)။

အာကာသာနဉ္စာယတနကြိယစိတ္တံ၊ အာကာသာနဉ္စာယတန ကြိယာစိတ် (၁)၊ ဝိညာဏဉ္စာယတန ကြိယစိတ္တံ၊ ဝိညာဏဉ္စာယတန ကြိယာစိတ် (၂)၊ အာကိဉ္စညာယတန ကြိယစိတ္တံ၊ အာကိဉ္စညာယတန ကြိယာစိတ် (၃)၊ နေဝသညာ နာသညာယတန ကြိယစိတ္တံ၊ နေဝသညာနာသညာယတန ကြိယာစိတ် (၄)။ ။အရူပါဝစရကြိယာစိတ် (၄)။ ။ပေါင်း အရူပါဝစရစိတ် (၁၂)။

သောတာပတ္တိမဂ္ဂစိတ္တုံ၊ သောတာပတ္တိမဂ်စိတ်(၁)၊ သကဒါဂါမိမဂ္ဂစိတ္တုံ၊ သကဒါဂါမိမဂ်စိတ်(၂)၊ အနာဂါမိမဂ္ဂစိတ္တုံ၊ အနာဂါမိမဂ်စိတ်(၃)၊ အရဟတ္တမဂ္ဂစိတ္တုံ၊ အရဟတ္တမဂ်စိတ်(၄)၊ ။လောကုတ္တရာကုသိုလ်စိတ်(၄)။

သောတာပတ္တိဖလစိတ္တုံ၊ သောတာပတ္တိဖိုလ်စိတ်(၁)၊ သကဒါဂါမိဖလစိတ္တုံ၊ သကဒါဂါမိဖိုလ်စိတ်(၂)၊ အနာဂါမိဖလစိတ္တုံ၊ အနာဂါမိဖိုလ်စိတ်(၃)၊ အရဟတ္တဖလစိတ္တုံ၊ အရဟတ္တဖိုလ်စိတ်(၄)။ ။လောကုတ္တရာဝိပါက်စိတ်(၄)။ ။ပေါင်းလောကုတ္တရာစိတ်(၈)။

အားလုံးပေါင်း သောဘဏစိတ် တခုယုတ်(၆၀)၊အာသောဘဏစိတ်(၃၀) နှစ်ခုပေါင်း စိတ်တခုယုတ်(၉၀)သည် ဝိညာဏက္ခန္ဓာမည်၏။

## ၂၆-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ဤ၄င်း စိတ်တခုယုတ်(၉၀) စေတသိက် ဒွေပညာသ(၅၂)ရုပ် အဋ္ဌဝီသ(၂၈)တို့၌ အာယတန(၁၂)ပါး ဓာတ်(၁၈)ပါး သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်(၁၂)ပါးတို့ကို ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ်ကုန်၏။

အာယတန၌ စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။သောတပသာဒရုပ်သည် သောတာယတနမည်၏။ ၄င်းနည်းတူ ဃာနာယတန, ဇိဝှါယတန၊ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ စိတ်တခု ယုတ်(၉၀)သည် မနာယတနမည်၏။ သုခုမရုပ်(၁၆) စေတသိက်(၅၂) နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။ ၄င်းအာယတန(၁၂)ပါးတို့တွင် နိဗ္ဗာန်ကို အသီးထား၍ယူအပ်၏၊ ဒုက္ခမဟုတ်။ ။ဤအာယတန(၁၂)ပါးတို့ကို ဖွဲ့သည်မှကြွင်းသောရုပ်တို့ကိုကား—

"ဝုတ္တမှိ ကေစမ္မေ၊
ယေ ဓမ္မာ ကေလက္ခဏာ ကေစိ၊
ဝုတ္တာ ဘဝန္တိ သမ္မေ၊
သောဟာရော လက္ခဏောနာမ"

ဟု နေတ္တိပါဠိတော်၌ဟောတော်မူရကား— စက္ခုအစရှိသော ရုပ်တခုတခုတို့ကို ယူလျှင် ဒုက္ခသဘောအားဖြင့် တူကြကုန်သော ကြွင်းသော ရုပ်နာမ် စသည်တို့ကို လက္ခဏာဟာရနည်းအားဖြင့် တပေါင်းတည်းယူရမည်။ နောက်ဆိုလတ္တံ့တို့၌ ၎င်းနည်းတူမှတ်။

ဓာတ်(၁၈)ပါး၌ စက္ခာယတနသည် စက္ခုဓာတ်မည်၏။ ၎င်းနည်းတူ သောတဓာတ် ဃာနဓာတ် ဇိဝှါဓာတ်၊ ကာယာယတနသည် ကာယဓာတ်မည်၏။ ရူပါယတနသည် ရူပဓာတ်မည်၏။ သဒ္ဒဓာတ် ဂန္ဓဓာတ် ရသဓာတ်၊ ဖေါဋ္ဌဗ္ဗာယတနသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏၊ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ်မည်၏။ (ဒွေပဉ္စဝိညာဏ်(၁၀) ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးမှ ကြွင်းကုန်သော) စိတ်(၇၆)ခုတို့သည် မနောဝိညာဏဓာတ်မည်၏။သုခုမရုပ် (၁၆)ခု စေတသိက်(၅၂)ခု နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။ ကြွင်းသော ရုပ်တို့ကိုကား လက္ခဏာဟာရနည်းဖြင့်သိအပ်၏။

သစ္စာလေးပါး၌ စိတ်တခုယုတ် (၉၀) လောဘကြဉ်သော စေတသိက်(၅၁) ရုပ်(၂၈)ခုသည် ဒုက္ခသစ္စာမည်၏။ လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ပဋိစ္စသမုပ္ပါဒ်(၁၂)ပါး၌ ဤအဝိဇ္ဇာပစ္စယာစသော ဝါရသည် လောဘဝါရသာတည်း။ ၎င်းဝါရကိုမြင်လျှင် ကြွင်းသောဝါရကိုလည်း သိအပ်၏။ ၎င်းလောဘဝါရ၌ မောဟ စေတသိက်သည်

အဝိဇ္ဇာ မည်၏။ စေတနာစေတသိက်သည် သင်္ခါရနှင့်ဘဝမည်၏။ ရှေးရှေးသောဘဝနှင့်စပ်၍ ကောက်မူ ပဋိသန္ဓေစိတ် ( ၁၉ )ခု လောကီဝိပါက်စိတ် (၃၂ )ခု တို့သည် ဝိညာဏ်မည်၏။ လောဘ ၁ါရ သက်သက်ကောက်မူ၊ လောဘစိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ လောဘစေတသိက်စသည်ကား နာမ်မည်၏။ ၎င်းနာမ်တရားတို့နှင့်တကွ ရှေ့နောက်ဘောက်ပြန်တတ်သော ရုပ် အပေါင်းသည် ရုပ်မည်၏။ ထိုရုပ်နာမ်အပေါင်းအစုတို့၏ တည်ရာဖြစ်သော အာယတနတို့သည် သဠာယတနမည်၏။ ထိုအာယတန(၄)ပါး အာယတန(၆)ပါး စသည်တို့၏ ဖြစ်ပေါ်လာခြင်းသည် ဇာတိမည်၏။ ဦသို့ရောက်ခြင်းသည် ဇရာမည်၏။ ဘင်သို့ရောက်ခြင်းသည် မရဏမည်၏။ ကြွင်းသောသဘောကို လက္ခဏာဟာရနည်းဖြင့် မှတ်အပ်၏။

ဤသို့ ဟောတော်မူခြင်းကား ကာမလောက (အသညသတ်ကြဉ်သော) ရူပလောကတို့၌ ခန္ဓာငါးပါးတို့၏ အပြည့်အစုံ ဖြစ်ခြင်းကိုရည်၍ ဟောတော်မူ၏။ အာယတန စသည်တို့ကိုကား ဒွန္ဒြေနှင့်ပြည့်စုံသော ကာမလောကဓာတ်၌ ဖြစ်ကုန်သော သူတို့ကိုသာ ရည်၍ ဟောတော်မူသည်။

ရူပလောကဓာတ် စသည်တို့၌ကား ဤသို့ ယထာရဟယူအပ်၏ (အသညသတ်ကြဉ်သော) ရူပလောက၌ စက္ခာယတန ရူပါယတန, သောတာယတန သဒ္ဒါယတန, မနာယတန ဓမ္မာယတန, ဤခြောက်ပါးကို ရအပ်၏။ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ်, သောတဓာတ် သဒ္ဒဓာတ် သောတဝိညာဏဓာတ်, မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်, ဤဓာတ်ကိုးပါးကို ရအပ်၏။ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ ဤသစ္စာသုံးပါးတို့ကို ရအပ်ကုန်၏။ ပဋိစ္စသမုပ္ပါဒ်ကိုကား (၁၂) ပါးလုံးကိုပင် ရအပ်၏။

အရူပလောက၌ကား နာမက္ခန္ဓာလေးပါးတို့ကိုသာ ရအပ်

ကုန်၏။ မနာယတန ဓမ္မာယတန ဤအာယတန နှစ်ပါးတို့ကိုသာ ရအပ်ကုန်၏။ မနောဝိညာဏဓာတ် ဓမ္မဓာတ် ဤဓာတ် နှစ်ပါး တို့ကိုသာ ရအပ်ကုန်၏။ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ ဤသစ္စာ သုံးပါးတို့ကိုသာ ရအပ်ကုန်၏။ အရူပလောက၌ ပဋိစ္စ သမုပ္ပါဒ်ဝယ် ရုပ်ကိုပယ်၍ယူအပ်၏။ ။ဤကား သာမညနည်း တည်း။

ဝိသေသသော်ကား— ကာမလောကဓာတ်၌ ပဋိသန္ဓေအခါ ဝယ် ခပ်သိမ်းသောသူတို့အား ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ ။ အချို့သော ကာမာဝစရနတ်တို့အားငှင်း ကင်ဦးသူတို့အားငှင်း ဥပပါတ်ပြိတ္တာတို့အားငှင်း ဥပပါတ်အသုရာတို့အားငှင်း ဥပ ပါတ်တိရစ္ဆာန်တို့အားငှင်း ငရဲသူတို့အားငှင်း စက္ခာယတန ရူပါ ယတန သောတာယတန ဃာနာယတန ဂန္ဓာယတန ဇိဝှါ ယတန ရသာယတန ကာယာယတန ဖေါဋ္ဌဗ္ဗာယတန မနာ ယတန ဓမ္မာယတန ဤ(၁၁)ပါးသော အာယတနတို့ကို ရအပ် ကုန်၏။ ။ငှင်းနည်းတူ ကာမလောကဓာတ်၌ ပဋိသန္ဓေအခါ ဝယ် ဥပပါတ် ပြိတ္တာ အသုရာ တိရစ္ဆာန် ငရဲသူတို့အားငှင်း ဇစ္စန္ဓ ပုဂ္ဂိုလ်တို့အားငှင်း ရူပါယတန သောတာယတန ဃာနာယတန ဂန္ဓာယတန ဇိဝှါယတန ရသာယတန ကာယာယတန ဖေါ ဋ္ဌဗ္ဗာယတန မနာယတန ဓမ္မာယတန ဤ(၁၀)ပါးသော အာ ယတနတို့ကို ရအပ်ကုန်၏။ ။ဤကား စက္ခုချို့သောအရာ၌ ယူ ပုံတည်း။ ။ငှင်းနည်းတူ သောတချို့သောအရာ၌ကား စက္ခာ ယတနထည့်၍ သောတ သဒ္ဒကို နုတ်ပြီးလျှင် ( ၁၀ ) ပါးသော အာယတနတို့ကို ရအပ်ကုန်၏။ ။ငှင်းနည်းတူ စက္ခု-သောတ ချို့သောသူတို့အား စက္ခာယတန-သောတာယတန-သဒ္ဒါယတန သုံးပါးကိုနုတ်၍ (၉)ပါးသော အာယတနတို့ကို ရအပ်ကုန်၏။ ။ ငှင်းနည်းတူ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ရူပါယတန ဂန္ဓာ ယတန ရသာယတန ကာယာယတန ဖေါဋ္ဌဗ္ဗာယတန မနာ ယတန ဓမ္မာယတန ဤ(၇)ပါးသော အာယတနတို့ကို ရအပ် ကုန်၏။ ။ဓာတ်အားဖြင့် သော်ကား ဥပပါတ် ပုဂ္ဂိုလ်လေးဦးတို့

အားငှင်း ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အားငှင်း အာယတနနှင့် နည်းတူ (၁၁)ပါး (၁၀)ပါး (၁၀)ပါး (၉)ပါး (၇)ပါး တို့ကို ရအပ်ကုန်၏။ ။စက္ခာယတန စသည်တို့နေရာမှာ စက္ခု ဓာတ်စသည် ဆိုရုံမျှထူးသည်။

ရူပလောကဓာတ်၌ကား ပဋိသန္ဓေအခါ၀ယ် စက္ခာယတန ရူပါယတန သောတာယတန မနာယတန ဓမ္မာယတန ဤငါး ပါးသော အာယတနတို့သည် ဖြစ်ကုန်၏။ ။ဓာတ်လည်း ငှင်း နည်းတူ ငါးပါးတို့သည်ဖြစ်ကုန်၏။ ။အသညသတ်ပြဟ္မာတို့အား ကား ခန္ဓာအားဖြင့် ရူပက္ခန္ဓာတခုကိုသာရအပ်ကုန်၏။ အာယ တနအားဖြင့် ရူပါယတန ဓမ္မာယတန၊ ဓာတ်အားဖြင့် ရူပဓာတ် ဓမ္မဓာတ်တို့ကို ရအပ်ကုန်၏။

အရူပလောက၌ ခန္ဓာအားဖြင့် နာမက္ခန္ဓာလေးပါးတို့ကို ရအပ် ကုန်၏။ အာယတနအားဖြင့် မနာယတန ဓမ္မာယတနတို့ကို ရအပ်ကုန်၏၊ ဓာတ်အားဖြင့် မနောဝိညာဏဓာတ် ဓမ္မဓာတ်တို့ ကို ရအပ်ကုန်၏။

သစ္စာအားဖြင့်သော်ကား အလုံးစုံသော ကာမ ရူပ အရူပ တို့၌ ဒုက္ခသစ္စာတခုကိုသာ ရအပ်ကုန်၏။ ။ပဋိစ္စသမုပ္ပါဒ်အားဖြင့် သော်ကား နုတ်အပ်သော သဘာဝတရားတို့ကို နုတ်၍ ယူအပ်၏။ ငှင်းတို့ နုတ်ခြင်း ပယ်ခြင်းစသည်ကို ဧွှဝိနိစ္ဆယတို့၌ တွေ့လတ္တံ့။ အာဂမ်ကိုလိုမူ ဓမ္မဟဒယဝိဘင်းမှာ ယူလေ။ ။ဤကား ဘုံကိုစွဲ၍ ပုဂ္ဂိုလ်တို့၌ ခန္ဓာစသော ဒုက္ခသစ္စာမျိုးတို့ကို ပြအပ်သောနည်း တည်း။

## ၂၇-ပုဂ္ဂိုလ်ကိုစွဲ၍ ဘုံ၌ဖြစ်သော ခန္ဓာ-အာယတန-ဓာတ်-သစ္စာ- ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ပုဂ္ဂိုလ်ကိုစွဲ၍ ဘုံတို့၌ပြအပ်သောနည်းကား ဤသို့တည်း—

ပုဂ္ဂိုလ်တို့သည် ဒုဂ္ဂတိ အဟိတ်, သုဂတိ အဟိတ်, ဒွိဟိတ်, တိဟိတ်, မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် အား

ဖြင့် တကျိပ်နှစ်ယောက်ရှိ၏။ ထိုတွင် အပါယ်ဘုံ၌ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်ကိုသာ ရအပ်၏။ လူ့ပြည်-စတုမဟာရာဇ်၌ ဒုဂ္ဂတိ အဟိတ် ကြဉ်သော (၁၁)ယောက်သော ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏။ တာဝတိံသာ အစရှိသော နတ်ပြည်ငါးထပ်၌ ဒု-သု-ကြဉ်သော တကျိပ်သော ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏။ ဗြဟ္မပါရိသဇ္ဇာ အစ ဝေဟပ္ဖိုလ် အဆုံးရှိသော ဗြဟ္မာ(၁၀)ဘုံတို့၌ တိဟိတ်, အရိယာရှစ်ယောက်တို့ကို ရအပ်ကုန်၏။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုဂ္ဂိုလ်တယောက်ကိုသာ ရအပ်၏။ သုဒ္ဓါဝါသ ငါးဘုံ၌ အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် သုံးယောက်တို့ကိုသာ ရအပ်ကုန်၏။ တိဟိတ် သောတာပတ္တိဖိုလ် စသော အရိယာ ခုနစ်ယောက်တို့ကို အရူပလေးဘုံတို့၌ ရအပ်ကုန်၏။ အားလုံးပေါင်းသော် (၂၁၄)ယောက်သော ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏။

ဆောင်ရန်ကား—

ပုဂ္ဂိုလ်အပြား၊ ဝါကရား၊ ခြားနားသိစိမ့်ငှါ။
ဒု-သု-ဒွိ-တိ၊ ယာအရိ၊ ပေါင်းညှိဒွါဒသာ။
အပါယမှိ၊ ဒုဂ္ဂတိ၊ ဧတိတယောက်သာ။
လူမဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြဉ်ပစ်ဒုဂ္ဂတာ။
ဒု-သု-မဝင်၊ တကျိပ်လျှင်၊ ထက်ခွင်ငါးဘုံမှာ။
တိဟိတ်ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန်ဗြဟ္မာ့ရွာ။
သုဂတိတစ်၊ ရပြန်လစ်၊ ရပ်ပစ်အသညာ။
သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျားအရိယာ။
မဂ်သောတာဖျောက်၊ တိဟိတ်လျောက်၊ ရှစ်ယောက်အရူပါ။
ပေါင်း၍မနွေး၊ ဘုံလိုက်မေး၊ တွက်ရေးဝါကရာ။
နှစ်ရာ့တဆယ်၊ လေးယောက်ကယ်၊ ဉာဏ်ဝယ်ခွဲစိတ်ဖြာ။

ထိုပုဂ္ဂိုလ်တို့တွင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အကုသိုလ်စိတ်(၁၂) မဟာကုသိုလ်စိတ်(၈)၊ (ဟသိတုပ္ပါဒ်ကြဉ်သော) အဟိတ်စိတ်

(၁၇)၊ ၎င်းစိတ်တို့နှင့်ယှဉ်သော စေတသိက် ( ဒွေပဉ္စာသ ) ရုပ်(အဋ္ဌဝီသ)ဟုဆိုအပ်သော ခန္ဓာငါးပါး။ ဥပပါတ် ပုဂ္ဂိုလ်တို့အား သဒ္ဒကြဉ်သော အာယတန(၁၁)ပါး၊ ဇစ္စန္ဓပုဂ္ဂိုလ်တို့အား စက္ခုသဒ္ဒကြဉ်သော အာယတန (၁၀)ပါး၊ သောတသဒ္ဒကြဉ်သော အာယတန(၁၀)ပါး၊ စက္ခု သောတ သဒ္ဒကြဉ်သော အာယတန (၉) ပါး၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခု သောတ ဃာန ဇိဝှါ သဒ္ဒကြဉ်သော အာယတန ( ၇ ) ပါး၊ ဒုက္ခသစ္စာ (၁)ပါး၊ ပဋိစ္စသမုပ္ပါဒ် ( ၁၀ ) ပါးတို့ကို ရအပ်ကုန်၏။ ဓာတ်လည်း အာယတနနှင့်အတူတူကောက်ယူလေ။

လူ့ပြည် စတုမဟာရာဇ် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်ရသောစိတ်(၃၇)ပါးတွင် မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခုထည့်၍ စိတ်လေးဆယ်တစ် စေတသိက် ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး။ ဥပပါတ်တို့အား ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ ဆိုအပ်ခဲ့ပြီးသော အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် တို့ကို အစဉ်အတိုင်း ရအပ်ကုန်၏။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အားလည်း ရှေးနည်းအတူ။

တိဟိတ်ပုဂ္ဂိုလ်တို့အား ဒွိဟိတ်ပုဂ္ဂိုလ်ရသောစိတ်(၄၁) ပါးတွင် မဟာဝိပါက် ဉာဏသမ္ပယုတ် လေးခုထည့်၍ စိတ် (၄၅)ခု စေတသိက် ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊ ဥပပါတ် ဂဗ္ဘသေယျက တို့အားလည်း ရှေးနည်းအတူ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို ရအပ်ကုန်၏။

ဈာန်မရသော တာဝတာပန် သကဒါဂါမိပုဂ္ဂိုလ်တို့အား တိဟိတ်ပုဂ္ဂိုလ်တို့ ရသောစိတ် ( ၄၅ ) ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ် လေးခု ဝိစိကိစ္ဆာကို နုတ်၍ မိမိတို့၏ ဖိုလ်တခုစီ ထည့်လျက် စိတ် (၄၁)ခု စေတသိက် ဒွေပဉ္စာသ ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ခန္ဓာငါးပါး။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို ရှေးနည်းအတိုင်း ရအပ်ကုန်၏။

ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်တို့အား သကဒါဂါမ်ရသော စိတ် (၄၁) ခုတို့တွင် ဒေါသမူဒွေးကို နုတ်၍ ဖိုလ်ချင်းလဲလျက် စိတ် (၃၉)ခု (ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စကြဉ်သော) စေတသိက်(၄၀)ခု ရုပ်အဋ္ဌဝိသဟု ဆိုအပ်သော ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကိုလည်း ရှေးနည်းအတိုင်း ယထာရဟ ယူအပ်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့အား ကာမဝိပါက်စိတ် တေဝိသ ကာမကြိယာစိတ် ကောဒသ အရဟတ္တဖိုလ်စိတ်တခုဟု ဆိုအပ်သော စိတ်(၃၅)ခု စေတသိက်(၃၈)ခု ရုပ်အဋ္ဌဝိသဟု ဆိုအပ်သော ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို ရှေးနည်းအတိုင်း ယထာရဟယူအပ်ကုန်၏။

ဈာန်ရသော တိဟိတ် အောက်အရိယာပုဂ္ဂိုလ်တို့မှာ မူကား ယခင်ဆိုအပ်ခဲ့ပြီးသော စိတ်ရအစဉ်တို့တွင် မဟဂ္ဂုတ်ကုသိုလ် (၉) ခုကို ထည့်၍ယူကြလေ။ ရဟန္တာပုဂ္ဂိုလ်မှာမူကား မဟဂ္ဂုတ်ကြိယာ(၉)ခုကို ထည့်၍ ယူရမည်။ ဤလှူ့ပြည် စတုမဟာရာဇ်ကို ပြသဖြင့် ကာမလောက၌ အကုန်သိရာ၏။

ရူပတိဟိတ် ပုဂ္ဂိုလ်တို့၌ကား ကာမဈာန်ရ တိဟိတ်ပုဂ္ဂိုလ်တို့ ရအပ်သော (၅၄) ပါးသော စိတ်တို့တွင် ဒေါသမူဒွေး ဃာနာ ဒိတ္တယ မဟာဝိပါက်တို့ကို နုတ်၍ ရူပဝိပါက်တို့ကို ထည့်လျက် (၄၃) ခုသောစိတ်, စေတသိက် (၄၀) (ဃာနပသာဒ ဇိဝှါ ပသာဒ ကာယပသာဒ ဘာဝတို့သည် ကြဉ်အပ်သော) (၂၃) ပါးသော ရုပ်ဟုဆိုအပ်သော ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ အာယတန စသည်တို့မှာမူကား စက္ခာယတန ရူပါယတန သောတာယတန မနာယတန ဓမ္မာယတန ဤအာယတနငါးပါးတို့ကို ရအပ်ကုန်၏။ ဓာတ်လည်း ၎င်းနည်း ရအပ်၏။ သစ္စာလည်း ဒုက္ခသစ္စာ(၁)ခုတည်းကို ရအပ်၏။ ပဋိစ္စသမုပ္ပါဒ်လည်း ရှေးနည်းအတူ(၁၁) ပါးတို့ကို သဂြိုဟ်အပ်ကုန်၏။

အောက်ဖလဋ္ဌာန်သုံးယောက်၌ ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာတို့ကို နုတ်၍ မိမိတို့၏ ဖိုလ်ကိုထည့်လျက် စိတ်(၃၉)ခု စေတသိက်(၄၃) ရုပ်(၂၃)ခုဟု ဆိုအပ်သော ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့မှာ ရုပတိဟိတ် ပုဂ္ဂိုလ်နှင့်အတူတူပင်တည်း။

ရဟန္တာပုဂ္ဂိုလ်တို့မှာ အဟိတ်စိတ်(၁၂)ခု မဟာကြိယာစိတ်(၈)ခု ရူပဝိပါက်(၅)ခု မဟဂ္ဂုတ်ကြိယာ(၉)ခု အရဟတ္တဖိုလ်အားဖြင့် စိတ်(၃၅)ခု စေတသိက်(၄၈)ခု ရုပ်(၂၃)ခုဟု ဆိုအပ်သော ခန္ဓာငါးပါးတို့ကို ရအပ်ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့မှာ ရှေးနည်းနှင့်အတူပင်တည်း။

အသညသတ်ပုဂ္ဂိုလ်တို့၌ကား ခန္ဓာအားဖြင့် ရူပက္ခန္ဓာ၊ အာယတနအားဖြင့် ရူပါယတန ဓမ္မာယတန၊ ဓာတ်အားဖြင့် ရူပဓာတ် ဓမ္မဓာတ်၊ သစ္စာအားဖြင့် ဒုက္ခသစ္စာ၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့် ဇာတိ ဇရာ မရဏတို့ကိုသာ ရအပ်ကုန်၏။

အရူပတိဟိတ် ပုဂ္ဂိုလ်၌ကား (ဒေါသမူကြဉ်သော)အကုသိုလ်(၁၀) မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် အရူပကုသိုလ် ဝိပါက်၌(၂၇)ခုသောစိတ် စေတသိက်(၄၀)ခုဟု ဆိုအပ်သော ခန္ဓာလေးပါးတို့ကို ရအပ်ကုန်၏။ အာယတန စသည်တို့၌ကား မနာယတန ဓမ္မာယတန၊ မနောဝိညာဏဓာတ် ဓမ္မဓာတ်၊ ဒုက္ခသစ္စာတခုတည်းကိုသာ ရအပ်ကုန်၏။

အောက်ဖလဋ္ဌာန် သုံးယောက်တို့၌ကား အရူပတိဟိတ် ရအပ်သော စိတ်(၂၇)တို့တွင် ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာတို့ကို နုတ်၍ (၂၃)ခုသောစိတ် စေတသိက်(၄၀)ခုဟု ဆိုအပ်သော ခန္ဓာလေးပါးတို့ကိုသာ ရအပ်ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့မှာ ရှေးနည်းနှင့် အတူတူပင်တည်း။

ရဟန္တာပုဂ္ဂိုလ်၌ကား မနောဒွါရာဝဇ္ဇန်း မဟာကြိယာ အရူပဝိပါက်ကြိယာ အရဟတ္တဖိုလ်ဟု ဆိုအပ်သော (၁၈)ပါးသော စိတ် စေတသိက်(၄၀)ခုဟုဆိုအပ်သော ခန္ဓာလေးပါးတို့ကိုရအပ်

ကုန်၏။ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့မှာ ရှေးနည်းနှင့် အတူတူပင်တည်း။

မဂ်စိတ်တို့၌ကား ပစ္စတ္တိသက်သက်ဖြစ်၍ မဖွဲ့လိုက်တော့ပြီ။ ဤကား ပုဂ္ဂိုလ်ကိုစွဲ၍ ဘုံတို့၌မှတ်အပ်သော ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်ဟုဆိုအပ်သော ဒုက္ခသစ္စာတို့၏ ဖြစ်ခြင်းအစဉ်တို့ပေတည်း။ ဤခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ယူနည်းကား သက်သက် ပုထုဇ္ဇန်အရိယာတို့အား ပဋိသန္ဓေအခါတို့ကို ယူအပ်ကုန်၏။ ။အရိယာတို့မှာမူကား ခန္ဓာ အာယတန ဓာတ်တို့ကို ပဝတ္တိအခါတို့၌လည်း ရအပ်ကုန်၏။ ။ ပဝတ္တိသက်သက် ယူနည်းတို့မှာ ဒွါရပရိစ္ဆေဒ၌ တွေ့လတ္တံ့။ ။ ဘုမ္မိပရိစ္ဆေဒပြီး၏။

## ၂၈-ဌာနပရိစ္ဆေဒအားဖြင့် ခန္ဓာ-အာယတန-ဓါတ် သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ဌာနပရိစ္ဆေဒ ဟူသော်ကား ကာမ ရူပ အရူပ ဖြစ်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် တ ယောက် ယောက် သော ပုဂ္ဂိုလ်၏ သန္တာန်၌ တည်ဆဲဖြစ်သော ရုပ်နာမ်ခန္ဓာ စသည်တို့၏ အခိုက်အတန့်သည် မုချဥပစာအားဖြင့် ဒုက္ခသစ္စာမည်၏၊ ထိုဒုက္ခသစ္စာတို့တွင် ယခုအခါ လူတို့၏သန္တာန်၌ တည်ဆဲဖြစ်သော ဌာနပရိစ္ဆေဒကိုသာလျှင် ရှေးဦးစွာ သိအပ်သည်ဖြစ်၍ ပဓာနပြု၍ ပြပေအံ့—

ကတမေ ဓမ္မာ အကုသလာ၊ ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ၊ ယံယံ ဝါ မနာရဗ္ဘ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊ သညာ ဟောတိ၊ စေတနာ ဟောတိ၊ စိတ္တံ ဟောတိ။ ဝိတက္ကော ဟောတိ၊ ဝိစာရော ဟောတိ၊

ပီတိ ဟောတိ၊ သုခံ ဟောတိ၊ စိတ္တဿေကဂ္ဂတာ ဟော
တိ၊ ဝီရိယိန္ဒြိယံ ဟောတိ၊ သမာဓိန္ဒြိယံ ဟောတိ၊ မနိန္ဒြိယံ
ဟောတိ၊ သောမနဿိန္ဒြိယံ ဟောတိ၊ ဇီဝိတိန္ဒြိယံ ဟောတိ၊
မိစ္ဆာဒိဋ္ဌိ ဟောတိ၊ မိစ္ဆာသင်္ကပ္ပေါ ဟောတိ၊ မိစ္ဆာဝါ
ယာမော ဟောတိ၊ မိစ္ဆာသမာဓိ ဟောတိ၊ ဝီရိယဗလံ
ဟောတိ၊ သမာဓိဗလံ ဟောတိ၊ အဟိရိကဗလံ ဟောတိ၊
အနောတ္တပ္ပဗလံ ဟောတိ၊ လောဘော ဟောတိ၊ မော
ဟော ဟောတိ၊ အဘိဇ္ဈာ ဟောတိ၊ မိစ္ဆာဒိဋ္ဌိ ဟောတိ၊
အဟိရိကံ ဟောတိ၊ အနောတ္တပ္ပံ ဟောတိ၊ သမထော
ဟောတိ၊ ပဂ္ဂါဟော ဟောတိ၊ အဝိက္ခေပေါ ဟောတိ၊
ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ
အရူပိနော ဓမ္မာ၊ ဣမေ ဓမ္မာ အကုသလာ။

ဓမ္မသင်္ဂဏီပါဠိတော်။

ကတမေ၊ အဘယ်မည်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ အကုသလာ၊ အကုသိုလ်မည်ကုန်သနည်း။ ယသ္မိံသမယေ၊ အကြင်အခါ၌။ သောမနဿသဟဂတံ၊ သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသော အပြားအားဖြင့် ဖြစ်သော။ တနည်း၊ သောမနဿ ဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ မိစ္ဆာဒိဋ္ဌိနှင့် အညီအညွတ် ဧကုပ္ပါဒ အစရှိသော အပြားတို့ဖြင့် ယှဉ်သော။ အကုသလံ၊ အကုသိုလ်မည်သော။ စိတ္တံ၊ စိတ်သည်။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါရမ္မဏံ ဝါ၊ သဒ္ဒါရုံကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ ဖြစ်၏။ ဂန္ဓာရမ္မဏံ ဝါ၊ ဂန္ဓာရုံကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ ဖြစ်၏။ ရသာရမ္မဏံ ဝါ၊ ရသာရုံကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ ဖြစ်၏။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း။

အာရဗ္ဘ၊ အာရုံပြု၍၊ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ဖြစ်၏။ ဓမ္မာရမ္မဏံဝါ၊ ဓမ္မာရုံကိုလည်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ဖြစ်၏။ယံ ယံ ဝါ ပန၊အကြင်အကြင်သို့ သဘောရှိသော ရူပါရုံအစရှိသည်တို့တွင် အမှတ်မရှိ တပါးပါးသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဥပါဒ်ဆဲသည်။ ဟောတိ၊ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော၊ ဖဿသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာ၊ ဝေဒနာသည်။ ဟောတိ၊ဖြစ်၏။ သညာ၊ သညာသည်။ ဟောတိ၊ဖြစ်၏။ စေတနာ၊စေတနာသည်။ ဟောတိ၊ဖြစ်၏။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိတက္ကော၊ ဝိတက်သည်။ ဟောတိ၊ ဖြစ်၏။ ဝိစာရော၊ ဝိစာရသည်။ ဟောတိ၊ဖြစ်၏။ ပီတိ၊ ပီတိသည်။ ဟောတိ၊ဖြစ်၏။ သုခံ၊ သုခသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တဿေကဂ္ဂတာ၊ စိတ်၏တည်ကြည်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိန္ဒြိယံ၊သမာဓိန္ဒြေသည်။ ဟောတိ၊ ဖြစ်၏။ မနိန္ဒြိယံ၊ မနိန္ဒြေသည်။ ဟောတိ၊ ဖြစ်၏။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေသည်။ ဟောတိ၊ဖြစ်၏။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဟောတိ၊ ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူသည်။ ဟောတိ၊၏။ မိစ္ဆာသင်္ကပ္ပေါ၊ မှားသောအကြံအစည်သည်။ ဟောတိ၊ ၏။ မိစ္ဆာဝါယာမော၊ မှားသောလုံ့လသည်။ ဟောတိ၊ ၏။ မိစ္ဆာသမာဓိ၊ မှားသော တည်ကြည်ခြင်းသည်။ ဟောတိ၊၏။ ဝီရိယဗလံ၊ ဝီရိယဗိုလ်သည်။ ဟောတိ၊ ၏။ သမာဓိဗလံ၊ သမာဓိဗိုလ်သည်။ ဟောတိ၊ဖြစ်၏။ အဟိရိကဗလံ၊အဟိရိကဗိုလ်သည်၊ ဟောတိ၊ ဖြစ်၏။ အနောတ္တပ္ပဗလံ၊ အနောတ္တပ္ပဗိုလ်သည်။ ဟောတိ၊ဖြစ်၏။ လောဘော၊ လောဘသည်။ ဟောတိ၊ ဖြစ်၏။ မောဟော၊ မောဟသည်။ ဟောတိ၊ဖြစ်၏။ အဘိဇ္ဈာ၊ အဘိဇ္ဈာသည်။ ဟောတိ၊ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူသည်။ ဟောတိ၊ဖြစ်၏။ အဟိရိကံ၊ အဟိရိကသည်။ ဟောတိ၊ ဖြစ်၏။ အနောတ္တပ္ပံ၊ အနောတ္တပ္ပသည်။ ဟောတိ၊ ဖြစ်၏။ သမထော၊ သမထသည်။ ဟောတိ၊ဖြစ်၏။ ပဂ္ဂါဟော၊ ပဂ္ဂါဟသည်။ ဟောတိ၊ ဖြစ်၏။ အဝိက္ခေပေါ၊ အဝိက္ခေပသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ

သမယေ၊ ထိုအခါ၌။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ ပဋိစ္စ သမုပ္ပန္နာ၊ မိမိအား လျောက်ပတ်သော အကြောင်းကိုစွဲ၍ ဖြစ်ကုန် သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ယေ ဝါ ပန ဓမ္မာ၊ သ ဘောအားဖြင့် ရအပ်ကုန်သောဆန္ဒအစရှိကုန်သော အကြင်တရား တို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ အကုသလာ၊ အကုသိုလ်မည်ကုန်၏။

ဤသို့ဟောတော်မူအပ်သော ဒေသနာတော်မြတ်ဝယ် မှတ် ဘွယ်အဓိပ္ပါယ်သော်ကား။ အကြင်သတ္တဝါ၏သန္တာန်၌ လောဘ စိတ်သည် ရူပါရုံ အစရှိသော ခြောက်ပါးသော အာရုံတို့တွင် တပါးပါးသော အာရုံကိုစွဲ၍ အကြင်အခါ၌ဖြစ်၏။ ထိုအခါ ဖဿ အစရှိသော သဗ္ဗစိတ္တသာဓာရဏ စေတသိက်မျိုး မောဟအစရှိ သော အကုသိုလ်စေတသိက်မျိုးတို့သည် ဣန္ဒြေဗိုလ် မဂ္ဂင်ဟူသော အမည်ကိုခံကြကုန်လျက် တပြိုင်နက်တချက်တည်း ဖြစ်ပေါ်လာကြ ကုန်၏။ ။(သာမညနည်းတည်း)။

ဝိသေသသော်ကား ထိုလောဘစိတ်ဖြစ်ပေါ်လာသောအခါ၌ အညသမာန်းစေရသ အကုသလသာဓာရဏ(၄) လောဘဒိဋ္ဌိ (၂) ဤတခုယုတ်(၂၀)သော စေတသိက်တို့သည် တကွဖြစ် သောစိတ် တကွဖြစ်သောရုပ် တို့နှင့်အတူ ခန္ဓာဟူသောအမည် အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ဣန္ဒြေ ဗိုလ် မဂ္ဂင် အစရှိ သော အမည်တို့ကို ခံယူ၍ ဖြစ်ပျက်ကြကုန်၏။ အဘယ်မျှဖြစ်၍ အ ဘယ်မျှ ပျက်ကြကုန်သနည်းဟူမူ။ လောဘမူပဌမ အသင်္ခါရိက အခိုက်၌ လောဘစိတ်နှင့်တကွ စေတသိက်တခုယုတ် (၂၀) တို့ သည် တပြိုင်နက်ဖြစ်၍ တပြိုင်နက် ပျက်ကြကုန်၏။ ဤနာမက္ခန္ဓာ တရား (၄) ပါးတို့သည် သာလျှင် ဖြစ်ပျက်ရကုန်သည် မဟုတ် သေး။ စင်စစ်မှာမူ ပဋ္ဌ ဝေါကာရ ဘုံသားတို့အား နာမ်ပျက် သည်ရှိသော် ရုပ်ပျက်မြဲ ရုပ်ပျက်သည်ရှိသော် နာမ်ပျက်မြဲဖြစ်၍ ရုပ်နာမ်နှစ်ပါးစုံသည် ခဏမတ္တမျှတည်၍ ပျက်ကြရကုန်၏။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။
ဝိသုဒ္ဓိမဂ်။

နာမဉ္စ၊ နာမ်ရင်း။ ရူပဉ္စ၊ ရုပ်ရင်း။ ဣတိ၊ ဤသို့။ ယမကံ၊ အစုံ ဖြစ်သော။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ (ထည့်)၊ တေ ဥဘော၊ ထိုနှစ်ပါးစုံသောတရားတို့သည်။ အညော ည နိဿိတာ၊ တပါးသည်တပါးကိုမှီ၍ ဖြစ်ကုန်၏။ တတောဝေ၊ ထိုကြောင့်သာလျှင်။ ဧကသ္မိံ၊ တပါးပါးသော တရားသည်။ ဘိဇ္ဇ မာနသ္မိံ၊ ပျက်သည်ရှိသော်။ ဥဘော၊ နှစ်ပါးစုံသော ရုပ်နာမ်တို့ သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယ္ဘာယံ-ယော အယံ ဘင်္ဂေါ၊ အကြင် ရုပ်နာမ်၏ ပျက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သွာယံ-သော အယံ ဘင်္ဂေါ၊ ထိုရုပ်နာမ်၏ ပျက်ခြင်းသည်။ ပစ္စယာ-ပစ္စယနိရောဓေန၊ အကြောင်းတရား ချုပ်ခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။

ဤသို့ နာမ်တရားဖြစ်လျှင် ရုပ်တရားသည် တကွဖြစ်တတ်သော ကြောင့်ရင်း, နာမ်တရားပျက်လျှင် ရုပ်တရားပျက်တတ်သော ကြောင့်ရင်း, ဥတုဇ အဟာရဇ တို့မှာမူ ထိုစိတ္တဇတို့နှင့် ရှေ့ နောက်အတူ ဖြစ်ပျက်တတ်သောကြောင့်ရင်း, တည်ဆဲခဏ၌ ဖြစ် ကြကုန်သော ရုပ်နာမ်ခန္ဓာစသည် တို့သည် ဒုက္ခသစ္စာချည်းမည် ကုန်၏။ ။ထိုဒုက္ခသစ္စာ၏ တည်ခြင်းအကြောင်းကား။ ယခင်ဆိုခဲ့ သော လောဘစိတ်-စေကသိက် (၁၉) ခုတို့ ဖြစ်ပေါ်လာရာ၌ ပဉ္စ ဝေါကာရ ဘုံသားတို့အား နာမ်ချည်းသက်သက် မဟုတ်၊ စိတ် ကြောင့်ဖြစ်သော စိတ္တဇရုပ်, ထောက်ပံ့ ရင့်ကျက်စေတတ်သော ဥတုဇရုပ်, အဟာရဇရုပ်, စောင့်ရှောက်တတ်သော ကမ္မဇရုပ် တို့ သည် ရှေ့နောက်အတူ ဖြစ်ကြကုန်၏။

ဖြစ်ဟန်ကား— ဣန္ဒြေနှင့် ပြည့်စုံသော သူတို့အား အကျဉ်း အားဖြင့် (၂၇) ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ အကျယ်အား ဖြင့်သော်ကား—

( ကရိယ၊ ဥဒရိယ ကြဉ်သော ) ပထဝီခေတ် (၁၀) ခု၊ ဝိတ္တ သေမှ လောဟိတ မေဒ ဝသာ လသိကာ အားဖြင့် အာပေါ ခေတ်(၆)ပါး— ပေါင်း(၂၄)ပါးသော ကောဋ္ဌာသတို့သည် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်ရကား (၂၄) ပါးကုန်သော အစုတို့တွင် တခုတခုသော အစု၌ ကာယဒသက ကလာပ် ဘာဝဒသက ကလာပ်အားဖြင့် နှစ်ပါးကုန်သော ကံကြောင့် ဖြစ် ကုန် သော ဒသကကလာပ်တို့သည် ဖြစ်ကုန်ရကား (၄၀) ပါး ကုန် သော ဒသကကလာပ်တို့သည် ဖြစ် ကုန် ၏ ။ ။ စက္ခုဒသကကလာပ် သောတဒသက ကလာပ် ဃာနဒသက ကလာပ် ဇိဝှါဒသက ကလာပ် ဝတ္ထုဒသကကလာပ် အားဖြင့် ပဒေသ ဒသကကလာပ် လည်း ငါးခုဖြစ်ရကား ဒသကကလာပ်ပေါင်း (၅၃) ခု ဖြစ်၏။

သန္တပ္ပနတေဇော ဇီရဏတေဇော ဒါဟတေဇော ဥဒ္ဓင်္ဂမ ဝါတာ အဓောဂမဝါတာ ကုစ္ဆိဋ္ဌဝါတာ ကောဋ္ဌာသယဝါတာ အင်္ဂမင်္ဂါနုသာရိဝါတာ ဤရှစ်ပါးကုန်သော ကောဋ္ဌာသတို့သည် လည်း ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်ရကား ထိုရှစ်ခုသော ကောဋ္ဌာသတို့၌ ဇီဝိတ နဝကကလာပ် (၈) ခု၊ ပါစကဂ္ဂိ၌ ဇီဝိတနဝကကလာပ် (၁) ခု၊ (စိတ္တဇဖြစ်သော) သဒ္ဒနဝကကလာပ် (၁) ခု၊ (ဥတုဇ ဖြစ်သော) သဒ္ဒနဝကကလာပ် (၁) ခုအားဖြင့် နဝကကလာပ် ပေါင်း (၁၁) ခု ဖြစ်၏။

သန္တပ္ပနတေဇော အစရှိသော ( ရှေးဖေါ်ပြရာပါ ) ရှစ်ပါး ကုန်သော ကောဋ္ဌာသတို့၌ စိတ္တဇသုဒ္ဓဋ္ဌကကလာပ်(၈)ခု၊ဥတုဇ သုဒ္ဓဋ္ဌကကလာပ်(၈)ခု၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်(၈)ခုဖြစ် သောကြောင့် အဋ္ဌကကလာပ်ပေါင်း(၂၄)ခုဖြစ်၏။ (တရပ်)

ဆိုအပ်ခဲ့ပြီးသော (ကရိယ၊ ဥဒရိယ ကြဉ်သော) ပထဝီ ကော ဋ္ဌာသ အာပေါကောဋ္ဌာသ (၂၄) ပါးတို့၌လည်း စိတ္တဇသုဒ္ဓဋ္ဌက ကလာပ် (၂၄) ခု၊ ဥတုဇသုဒ္ဓဋ္ဌကကလာပ် (၂၄) ခု၊ အာဟာရဇ

သုဒ္ဓဋ္ဌကကလာပ် ( ၂၄ ) ခု ဖြစ်သောကြောင့် အဋ္ဌကကလာပ် ပေါင်း(၇၂)ခု ဖြစ်၏။ (တရပ်)

ဒွိဇဖြစ်သော သေဒ သံသေဒဇ အဿ ခေဋ ဉ(၄)ခုသော ကောဋ္ဌာသတို့တွင် တခုတခု၌ စိတ္တဇသုဒ္ဓဋ္ဌကကလာပ် ( ၁ ), ဥတုဇသုဒ္ဓဋ္ဌကကလာပ်(၁)အားဖြင့် အဋ္ဌကကလာပ် (၂) ခုစီ ရသောကြောင့် ထို (၄) ခုသော ကောဋ္ဌာသတို့၌ အဋ္ဌကကလာပ် ပေါင်း(၈)ခုဖြစ်၏။ (တရပ်)

ဧကဇဖြစ်သော ပုဗ္ဗ မုတ္တ ကရီသ ဥဒရိယ ဟူသော လေးပါးသော ကောဋ္ဌာသတို့၌ ဥတုဇသုဒ္ဓဋ္ဌကကလာပ်(၄)ခု၊ အဿာသပဿာသ၌ စိတ္တဇသုဒ္ဓဋ္ဌကကလာပ်(၁)ခု အားဖြင့် အဋ္ဌကကလာပ်ပေါင်း(၅)ခုဖြစ်၏၊ (တရပ်)။ လေးရပ်ပေါင်းသော် အဋ္ဌက ကလာပ်ပေါင်း ( ၁၀၉ )ခု ဖြစ်၏။

ထို့ကြောင့် ဒသကကလာပ် (၅၃) ခုတို့၌ ရုပ်သေးပေါင်း (၅၃၀)ဖြစ်၏၊ နဝကကလာပ် (၁၁)ခုတို့၌ ရုပ်သေးပေါင်း (၉၉)ဖြစ်၏၊ အဋ္ဌကကလာပ်ပေါင်း (၁၀၉)ခု တို့၌ ရုပ်သေး ပေါင်း (၈၇၂) ဖြစ်၏၊ အလုံးစုံပေါင်းသော် ရုပ်သေးပေါင်း (၁၅၀၁) တထောင့်ငါးရာတခုဖြစ်၏။

ထို့ကြောင့် သစ္စသံခေပကျမ်း ပဌမပရိစ္ဆေဒ ရူပသံခေပ၌—

သေကပဉ္စသတံ ကာယေ၊ သဟဿံ တံ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်သောဣန္ဒြေရှိသော။ ကာယေ၊ ကိုယ်၌။ နိပ္ဖန္နံ၊ ဖြစ်သော။ တံရူပံ၊ ထိုရုပ်သည်။ ဓာတုဘေဒတော၊ ဓာတ် အပြားအားဖြင့်။ သေကပဉ္စသတံ၊ ငါးရာတခုနှင့် တကွသော။ သဟဿံ၊ တထောင်သည်။ ပဝတ္တတိ၊ ဖြစ်၏။

" လက္ခဏာဘာကာသရူပါနိ၊ ကလာပေသု တဟိံ တဟိံ " ဟု

ကျမ်းဆရာတို့ မိန့်ဆိုသောကြောင့် (၁၇၃) ခု သော ရုပ်ကလာပ်တို့၌ လက္ခဏာရုပ်လေးခု အာကာသဓာတ်တို့သည် ဖြစ်ကုန်ရကား (၁၇၃)ခု ကို ငါးခုဖြင့်မြှောက်သော(၈၆၅)ခုသော ရုပ်တို့သည် ဖြစ်ကုန်၏။ ။လက္ခဏာကာသရူပါနိ၊ လက္ခဏာရုပ်လေးခု အာကာသဓာတ်တို့သည်။ တဟိံ တဟိံ ကလာပေသု၊ ထိုထိုသို့သော ကလာပ်တို့၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤရုပ်အကျယ်(၁၅၀၁) ခုနှင့်တကွ လောဘစိတ် စေတသိက်တို့တည်ခိုက်၌ ဖြစ်သင့်ရကား (၁၅၂၁)ခုသော ရုပ်နာမ်တို့ကို ရအပ်ကုန်၏။

ငင်းတို့ကို ခန္ဓာစသည် ဖွဲ့သော်(၁၅၀၁)ခုသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာ စေတသိက်သည် သညာက္ခန္ဓာ မည်၏။ (ဝေဒနာ သညာမှကြွင်းသော) စေတသိက် (၁၇) ခုသည် သင်္ခါရက္ခန္ဓာမည်၏။ လောဘစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ။ခန္ဓာဘို့။

အာယတန၌ကား ရူပါရုံသည် ရူပါယတနမည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတနမည်၏။ လောဘစိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၉)ခုသည် ဓမ္မာယတနမည်၏။ ဤသို့ အာယတနအားဖြင့်(၅)ပါးတို့ကို ရအပ်ကုန်၏။ ဤ ရုပ်အာယတနသုံးခုခွဲမှ ကြွင်းကုန်သော ရုပ်ကလာပ်အပေါင်းတို့ကား လက္ခဏာဟာရနည်းအားဖြင့် သိမ်းကျုံး၍ ယူအပ်ကုန်၏။ စက္ခုဒသကစသော ပဒေသကလာပ်မျိုးတို့ကိုကား စက္ခုဝိညာဏ်ဖြစ်ခိုက် စသည်တို့၌ ယူအပ်ကုန်၏။ ။အာယတနဘို့။

ဓာတ်၌ကား ရူပါရုံသည် ရူပဓာတ်မည်၏။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။ ရသာရုံသည် ရသဓာတ်မည်၏။ လောဘစိတ်သည် မနောဝိညာဏဓာတ် မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၁၉)ခုသည် ဓမ္မဓာတ်မည်၏ ကြွင်းသော စကားရပ်တို့ကား အာယတနနှင့် နည်းတူပင်တည်း။ ။ဓာတ်ဘို့။

သစ္စာအားဖြင့်သော်ကား အလုံးစုံသော ရုပ်နာမ်ဓမ္မတို့သည်

ဒုက္ခသစ္စာချည်း မည်ကုန်၏။ ။လောဘစိတ် စေတသိက်တို့သည် သမုဒယထိုက်သည့် မဟုတ်လောဟူမူ။ ။" ဝတ္တမာနခန္ဓပရိယာပန္နတ္တာ သံခါရဘာဝတောစ ဒုက္ခသစ္စံ" ဟူ၍ သာရတ္ထဒီပနီဋီကာဆရာ မိန့်မှာတော်မူရကား ပဉ္စုပ္ပန်ခန္ဓာမျိုး၌ ၎င်းလောဘ စေတသိက်သည် အကျုံးဝင်သောကြောင့်၎င်း သံခါရက္ခန္ဓာဖြစ်သောကြောင့်၎င်း ဒုက္ခသစ္စာ မည်ထိုက်ပေ၏။ သဘောအတိုင်းယူမူ လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏။ ကြွင်းသော စိတ်-စေတသိက် ရုပ်တို့သည် ဒုက္ခသစ္စာ မည်ကုန်၏။ ။သစ္စာဘို့။

ပဋိစ္စသမုပ္ပါဒ်အားဖြင့်သော်ကား လောဘစိတ်နှင့် ယှဉ်သောမောဟစေတသိက်သည် အဝိဇ္ဇာမည်၏။ စေတနာစေတသိက်သည် သံခါရနှင့်ဘဝမည်၏။ လောဘစိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာ စေတသိက်သည် ဝေဒနာမည်၏။ လောဘစေတသိက်သည် တဏှာဥပါဒါန်မည်၏။ ကြွင်းသော စေတသိက်သည် နာမ်မည်၏။ တည်ဆဲဖြစ်သောရုပ်သည် ရူပမည်၏။ ထိုအခိုက်၌တည်သော အာယတနငါးပါး စသည်သည် သဠာယတန မည်၏။ ထိုအာယတနတို့၏ ဖြစ်ပေါ်လာခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ အာယတနတို့၏ ပျက်ခြင်းသည် မရဏမည်၏။ ။ပဋိစ္စသမုပ္ပါဒ်ဘို့။

ဤသို့ လောဘစိတ်အခိုက်၌ တည်ဆဲဖြစ်သော ရုပ်နာမ်တို့ကို ပြလျှင် ကြွင်းသော အကုသိုလ်စိတ် ကုသိုလ်စိတ် ဝိပါက်စိတ် ကြိယာစိတ်တို့နှင့် တကွတည်၍ ပျက်ကြကုန်သော ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို သိအပ်ကုန်၏။ ။အထူးမှာမူကား တခုတခုသော နာမ်အခိုက်၌ ၎င်းစိတ်နှင့်တကွဖြစ်သော စေတသိက် တကိုယ်တည်းသောရုပ်တို့ကို ပေါင်းစု၍ခန္ဓာ စသည်ကို ဖွဲ့အပ်ကုန်၏။ အာယတန ဓာတ် စသည်တို့၌ မပါသေးသော ရုပ်နာမ်တို့ကို လက္ခဏာဟာရနည်းအားဖြင့် ယူအပ်ကုန်၏။ အာယတန စသည်တို့ ဖြစ်ဟန်သည် အောက်၌ ထင်ရှားလတ္တံ့။ ။ဌာနပရိစ္ဆေဒ ပြီး၏။

## ၂၉-ဒွါရပရိစ္ဆေဒအားဖြင့် ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ဒွါရပရိစ္ဆေဒ ဟူသော်ကား စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ,ဇိဝှါဒွါရ,အစောပနကာယဒွါရ စောပနကာယဒွါရ,မနောဒွါရ အားဖြင့် ဒွါရရင်းခြောက်ပါး၊ စောပနကာယ၌ ကာယဝိညတ် ဝစီဝိညတ်ကို ရရကား သံဝရဒွါရအားဖြင့်(၈)ပါးတို့ကို ရအပ်ကုန်၏။

ထို(၆)ပါး စသည်တို့တွင် စက္ခုဒွါရ၌ ဖြစ်ထိုက်သော ခန္ဓာ-အာယတန စသော ဒုက္ခသစ္စာ၏ ဖြစ်ခြင်းကို ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။ ။စက္ခုဒသက(၁၀) ကာယဒသက(၁၀) ဘာဝဒသက(၁၀) စိတ္တဇ(၈) ဥတုဇ(၈) အာဟာရဇ(၈) ပေါင်း စက္ခုပသာဒ၌ ရအပ်သော ရုပ်(၅၄) ရူပါရုံ၌ရအပ်သော သုဒ္ဓဋ္ဌ(၈) ပေါင်း(၆၂)ပါးသောရုပ်ကို ရအပ်၏။ စက္ခုဝိညာဏ် (၁) ဖဿ(၂) ဝေဒနာ(၃) သညာ(၄) စေတနာ(၅) ဧကဂ္ဂတာ(၆) ဇီဝိတိန္ဒြေ(၇) မနသိကာရ(၈)အားဖြင့် နာမ် ပေါင်း(၈) ရုပ်ပေါင်း(၆၂) နှစ်ခုပေါင်း(၇၀)သော သဘော တရားတို့ ပေါင်း၍ဖြစ်ခြင်းတည်း။

> စက္ခုဒွါရသ္မိံဟိ စက္ခုကာယဘာဝဒသကဝသေန တိံသ
> ကမ္မဇရူပါနိ ဥပတ္ထမ္ဘကာနိ ပန တေသံ ဥတုစိတ္တာဟာရ-
> သမုဋ္ဌာနနိ စတုဝီသတိတိ စတုပဏ္ဏာသာ ဟောန္တိ၊
> တထာ သောတ ဃာန ဇိဝှါ ဒွါရေသု။ ။ဝိသုဒ္ဓိ။

''အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ။ ။ဒွိပဉ္စဝိညာဏော ပကိဏ္ဏကဝဇ္ဇိတာ''ဟူသော သင်္ဂြိုဟ်ကိုထောက်၍ ဖွဲ့အပ်သည်။

ဤ(၇၀)သော ရုပ်နာမ်တရားတို့တွင် ရုပ်(၆၂)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက်(၅)ပါးအပေါင်းသည် သင်္ခါရက္ခန္ဓာ မည်၏။ စက္ခုဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤခန္ဓာ

ငါးပါးတို့ အညီအမျှ ပေါင်းဆုံကြသောအခါ၌ တည့်တည့် ကြည့်ခြင်း, စောင်း၍ ကြည့်ခြင်း စသည်တို့သည် ထင်ခဲ့၏။ ထိုသို့ တည့်တည့် ကြည့်ရာ, စောင်း၍ကြည့်ရာ၌ အဘယ်တယောက်သောသူသည် တည့်တည့်ကြည့်သနည်း၊ စောင်း၍ကြည့်သနည်း၊ ရုပ်ချင်းချင်းထိခိုက်၍ နာမ်ကမြင်ရခြင်းကြောင့် ကြည့်တတ်သောသူ နတ် လူ ဗြဟ္မာ သတ္တဝါ မရှိသည် သာလျှင်တည်း။ ထို့ကြောင့် တခါမြင်၍ချုပ်ခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ နှလုံးသွင်းကြရမည်။

ဧတ္ထ ဟိ စက္ခုစေဝ ရူပဉ္စ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော၊ ဧဝမေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ အာလောကန ဝိလောကနံ ပညာယတိ၊တတ္ထ ကော ဧကော အာလောကေတိ၊ ကော ဝိလောကေတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ ဧတ္ထ၊ ဤစကားရပ်၌။ စက္ခုစေဝ၊ စက္ခုပသာဒ ရုပ်သည်၎င်း။ ရူပဉ္စ၊ ရူပါရုံသည် ၎င်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ဒဿနံ၊ ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ တံ သမ္ပယုတ္တာ၊ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်သော။ ဝေဒနာ၊ဝေဒနာစေတသိက်သည်။ ဝေဒနက္ခန္ဓော၊ ဝေဒနက္ခန္ဓာမည်၏။ သညာ၊ သညာစေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ၊ ဖဿ အစရှိသော ငါးပါးသော စေတသိက်တို့သည်။သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤငါးပါးကုန်သော ခန္ဓာတို့၏။ သမဝါယေ၊ ပေါင်းဆုံ စည်းဝေးကြသောအခါ၌။ အာလောကန ဝိလောကနံ၊ တည့်တည့်ကြည့်မှု တစောင်းကြည့်မှုသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုတည့်တည့်ကြည့်ရာ တစောင်းကြည့်ရာ၌။ကော ဧကော၊ အဘယ်သတ္တဝါ တယောက်သည်။ အာလောကေတိ၊

တည့်ဘည့်ကြည့်သနည်း။ ဝိလောကေတိ၊ စောင်း၍ကြည့်သနည်း၊ နတ္ထေဝ၊ ကြည့်တတ်မြင်တတ်သော သတ္တဝါသည် မှန်စွာစင်စစ် မရှိသည်သာလျှင်တည်း။ ခန္ဓာတို့။

အာယတနဉ္စသော်ကား စက္ခုပသာဒရုပ်သည် စက္ခာယတန မည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ စက္ခုဝိညာဏ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၇)ပါးသည် ဓမ္မာယတနမည်၏။ ဤအာယတနလေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် တည့်တည့် ကြည့်ခြင်း စောင်း၍ကြည့်ခြင်း စသည်သည် ထင်၏။ ထိုတည့်တည့်ကြည့်ခြင်း စသည်၌ အဘယ်နတ်လူဗြဟ္မာ တယောက်သည် တည့်တည့်စသည် ကြည့်သနည်း။ ကြည့်တတ်သော လူနတ်ဗြဟ္မာ မရှိသည်သာလျှင်တည်း။

> တထာ စက္ခုံ စက္ခာယတနံ၊ ရူပံ ရူပါယတနံ၊ ဒဿနံ မနာယတနံ၊ ဝေဒနာဒယော သမ္ပယုတ္တာ ဓမ္မာ ဓမ္မာယတနံ၊ ဧဝ မေတေသံ စတုန္နံ အာယတနာနံ သမဝါယေ အာလောကန ဝိလောကနံ ပညာယတိ၊ တတ္ထ ကော ဧကော အာလောကေတိ၊ ကော ဝိလောကေတိ။
>
> မူလပဏ္ဏာသအဋ္ဌကထာ။

တထာ၊ ထိုအတူ။ စက္ခုံ၊ စက္ခုပသာဒရုပ်သည်။ စက္ခာယတနံ၊ စက္ခာယဘနမည်၏။ ရူပံ၊ ရူပါရုံသည်။ ရူပါယတနံ၊ ရူပါယတနမည်၏။ ဒဿနံ၊ ရူပါရုံကိုမြင်တတ်သော စက္ခုဝိညာဏ်စိတ်သည်။ မနာယတနံ၊ မနာယတနမည်၏။ သမ္ပယုတ္တာ၊ စက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာ အစရှိကုန်သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတနမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ ဤလေးပါးကုန်သော အာယတန တို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသောအခါ၌။ အာလောကန ဝိလောကနံ၊ တည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်းသည်။ ပညာယတိ၊ ထင်

ရှား၏။ တတ္ထ၊ ထိုတည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်း၌၊ ကော၊ အဘယ်မည်သော။ ကော၊ တယောက်ယောက်သော နတ်လူဗြဟ္မာ သတ္တဝါသည်။ အာလောကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ နတ်နှင့်လူဝယ် အဘယ်သူသည်။ ဝိလောကေတိ၊ တစောင်းကြည့်သနည်း။ နတ္ထေဝ၊ ကြည့်တတ်မြင်တတ်သော နတ်လူဗြဟ္မာ သတ္တဝါ မှန်စွာစင်စစ် မရှိသည်သာလျှင်တည်း။ ။ကြွင်းသော ဩဋ္ဌာဒိကရုပ်တို့ကိုကား လက္ခဏာဟာရနည်းအားဖြင့် သိအပ်၏။ ။အာယတနဘို့။

ဓာတ်၌သော်ကား စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။ ရူပါရုံသည် ရူပဓာတ်မည်၏။ စက္ခုဝိညာဏ်သည် စက္ခုဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၅၂)ပါးသည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် တည့်တည့်ကြည့်ခြင်း စောင်း၍ကြည့်ခြင်းသည် ထင်ခဲ့၏။ ထိုတည့်တည့်ကြည့်ခြင်း စသည်၌ အဘယ် နတ်လူဗြဟ္မာတယောက်သည် တည့်တည့်စသည် ကြည့်သနည်း။ ကြည့်တတ်သော နတ်လူဗြဟ္မာ သတ္တဝါမရှိသည်သာလျှင်တည်း။

> တထာ စက္ခု စက္ခုဓာတု၊ ရူပံ ရူပဓာတု၊ ဒဿနံ ဝိညာဏဓာတု၊ တံသမ္ပယုတ္တာ ဝေဒနာဒယော ဓမ္မာ ဓမ္မဓာတု၊ ဧဝမေတေသံ စတုန္နံ ဓာတူနံ သမဝါယေ အာလောကနဝိလောကနံ ပညာယတိ၊ တတ္ထ ကော ဧကော အာလောကေတိ၊ ကော ဝိလောကေတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

တထာ၊ ထိုအာယတနအတူ။ စက္ခု၊ စက္ခုပသာဒရုပ်သည် စက္ခုဓာတု၊ စက္ခုဓာတ်မည်၏။ ရူပံ၊ ရူပါရုံသည်။ ရူပဓာတု၊ ရူပဓာတ်မည်၏။ ဒဿနံ၊ ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည်။ ဝိညာဏဓာတု၊ ဝိညာဏဓာတ်မည်၏။ တံသမ္ပယုတ္တာ၊ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက် တရား

တို့သည်။ ဓမ္မဓာတု၊ ဓမ္မဓာတ်မည်၏။ ဇဝံ၊ ဤသို့။ ဝေဒသံ စတုန္နံ ဓာတူနံ၊ ဤလေးပါးကုန်သော ဓာတ်တို့၏။ သမဝါယေ၊ အညီအမျှ ပေါင်းဆုံစည်းဝေးကြသောအခါ၌။ အာလောကေန ဝိလောကနံ၊ တည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုဘည့်တည့်ကြည့်ရာ တစောင်းကြည့်ရာ၌။ ကော၊ အဘယ်မည်သော။ ဧကော၊ တယောက်ယောက်သော နတ် လူ ဗြဟ္မာသည်။ အာလောကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ နတ်နှင့်လူဝယ် အဘယ်သူသည်။ ဝိလောကေတိ၊ တစောင်းကြည့်သနည်း။ နတ္ထေဝ၊ ကြည့်တတ် မြင်တတ်သော နတ်လူဗြဟ္မာ သတ္တဝါ မှန်စွာစင်စစ် မရှိသည်သာလျှင်တည်း။ ။ဓာတ်ဘို့။

သစ္စာအားဖြင့်သော်ကား ဤ(၇၀)သော ရုပ်နာမ်တရားတို့ သည် ဒုက္ခသစ္စာချည်းမည်ကုန်၏။ ။သစ္စာဘို့။

ပဋိစ္စသမုပ္ပါဒ်အားဖြင့်သော်ကား: သင်္ခါရ, ဝိညာဏ်, နာမ်, သဠာယတန, ဖဿ,ဝေဒနာ,ဘဝ,ဇာတိ,ဇရာမရဏ ဤ(၉)ပါး တို့ကို ရအပ်ကုန်၏။

> ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ၊ တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမ ပစ္စယာ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ၊ ဘဝပစ္စ ယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
>
> ဝိဘင်းပါဠိတော်။

ယသ္မိံ သမယေ၊ အကြင်အဖျာကတဖြစ်သောအခါ၌။ ကာမာဝစရဿ၊ ကာမာဝစရဖြစ်သော။ ကုသလဿ ကမ္မဿ၊ ကုသိုလ်ကံ၏။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊

ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးဖြစ်သော။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ရူပါရမ္မဏံ၊ ရူပါရုံကို။ အာရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနသည်။ ဝါ၊အာယတနလေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊ ဆဋ္ဌာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ ဘဝေါ၊ဘဝသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ထိုစက္ခုအခိုက်၌ (၁၁)ပါးသော ပဋိစ္စသမုပ္ပါဒ်တို့တွင် စေတနာစေတသိက်သည် သင်္ခါရနှင့် ဘဝမည်၏။ စက္ခုဝိညာဏ်စိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ ကြွင်းသောစေတသိက် (၄)ပါးသည် နာမ်မည်၏။ ။အနုဝသေသနည်းအားဖြင့် ဆဋ္ဌာယတနံဟူ၍ ဟောတော်မူသည်။ သာဝသေသနည်းအားဖြင့် အာယတနလေးပါးကိုသာ ရအပ်၏။ ထိုအာယတန လေးပါးသည် အာယတန မည်၏။ ထိုအာယတနတို့ ဖြစ်ပေါ်လာခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ ပျက်ခြင်းသည် မရဏ

မည်၏။ ။ပဋိစ္စသမုပ္ပါဒ် ဒေသနာမျိုး၌ နာမ်ရုပ်နှစ်စုံကို ဟော ရာဝယ် ရုပ်ကို နာမရူပဖြင့် သင်္ဂြိုဟ်၍ ဟောတော်မူ၏။ နာမ်သက် သက်ကို ဟောတော်မူရာဝယ် ရုပ်ကိုအာယတနဖြင့် သင်္ဂြိုဟ်၍ ဟောတော်မူ၏။ ဤဝါရ၌လည်း ရုပ်ကို အာယတနဖြင့် သင်္ဂြိုဟ် ၍ ဟောတော်မူသည်။ ။ပဋိစ္စသမုပ္ပါဒ်ဘို့။

### ၃၀-စကျွဒွါရ၌ ရထိုက်သော ပဌာန်းပစ္စည်းတို့ကို ပြခြင်း။

ပဌာန်းနည်းအားဖြင့်သော်ကား စက္ခုပသာဒရုပ်သည် နိဿယ ပစ္စည်းမည်၏။ ရူပါရုံသည် အာရမ္မဏပစ္စည်းမည်၏။ ပဉ္စဒွါရာ ဝဇ္ဇန်းသည် အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ပစ္စည်း မည်၏။ အာလောကသည် ဥပနိဿယပစ္စည်းမည်၏။ ဝေဒနာ စသော စေတသိက်တို့သည် သဟဇာတပစ္စည်းမည်၏။ ဤ(၉) ပါးသော ပစ္စည်းတို့ အညီအမျှ ပစ္စယုပ္ပန်တရားတို့နှင့် ပေါင်းဆုံ ကြသည်ရှိသော် အာလောကနဝိလောန စသည်တို့သည် ဖြစ်ပေါ် လာ၏။ တစုံတယောက်သောသူ ဖြစ်ပေါ်လာသည်မဟုတ်။

> တထာ စက္ခု နိဿယပစ္စယော၊ ရူပံ အာရမ္မဏပစ္စယော၊ အာဝဇ္ဇနံ အနန္တရ သမနန္တရူပနိဿယ နတ္ထိ ဝိဂတပစ္စယော၊ အာလောကော ဥပနိဿယပစ္စယော၊ ဝေဒနာဒယော သဟဇာတပစ္စယော၊ ဧဝမေတေသံ ပစ္စယာနံ သမဝါယေ အာလောကနဝိလောကနံ ပညာယတိ၊ တတ္ထ ကော ဧကော အာလောကေတိ၊ ကော ဝိလောကေတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

တထာ၊ ထိုအတူ။ စက္ခု၊ စက္ခုပသာဒရုပ်သည်။ နိဿယပစ္စယော၊ နိဿယပစ္စည်းမည်၏။ ရူပံ၊ ရူပါရုံသည်။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်းမည်၏။ အာဝဇ္ဇနံ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် သည်။ အနန္တရ သမနန္တရူပ-နိဿယ နတ္ထိ ဝိဂတ ပစ္စယော၊ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတပစ္စည်းမည်၏။ အာ လောကော၊ အာလောကသည်။ ဥပနိဿယော၊ ဥပနိဿယ

ပစ္စည်းမည်၏။ ဝေဒနာဒယော၊ ဝေဒနာ အစရှိကုန်သော စေတသိက်တရားတို့သည်။ သဟဇာတပစ္စယော၊ သဟဇာတ ပစ္စည်း မည်၏။ ဝံ၊ ဤသို့။ ဧတေသံ ပစ္စယာနံ၊ ဤပစ္စည်းတို့၏။ သမဝါယေ၊ အညီအမျှ ပေါင်းဆုံကြသည် ရှိသော်။ အာလောကန ဝိလောကနံ၊ တည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်း သည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုတည့်တည့်ကြည့်ရာ စောင်း၍ကြည့်ရာ၌။ ကော ဧကော၊ အဘယ်မည်သော တ ယောက်ယောက်သော နတ် လူ ဗြဟ္မာ သတ္တဝါသည်။ အာလော ကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ အဘယ်သူသည်။ ဝိလောကေတိ၊ စောင်း၍ကြည့်သနည်း။ နတ္ထေဝ၊ ကြည့်တတ် သော နတ် လူ ဗြဟ္မာ သတ္တဝါ မှန်စွာစင်စစ် မရှိသည်သာလျှင် တည်း။

ဤသို့ပြခြင်းကား ယောဂါဝစရပုဂ္ဂိုလ်တို့ ကမ္မဋ္ဌာန်းစီးဖြန်း တတ်ရုံမျှသာ အကျဉ်းအားဖြင့် အဋ္ဌကထာရှင်ကြီးတို့ ပြတော်မူ သည်။ ဤ စက္ခုဝိညာဏ်အခိုက်၌ ရအပ်သော (၇၀)သော ရုပ် နာမ်ဓမ္မတို့တွင် ပဓာနဖြစ်သော စက္ခုဝိညာဏ် ၎င်း၌ယှဉ်သော စေတသိက်(၇)ပါးတို့ဝယ် ရထိုက်သော ပစ္စည်းတို့ကို အဋ္ဌကထာ ဆရာကြီးတို့ ပဋ္ဌာနယ(၁၀)ပါးတို့တွင် ဧကဓမ္မ အနေကပစ္စယ ဖြစ်ဟန်ကို အတံငယ်ပြလိုက်ဦးအံ့—

စက္ခုဝိညာဏ်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟ ဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက အာ ဟာရ ဣန္ဒြိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ ဤ(၁၈)ပစ္စည်းတို့ကို ရအပ်ကုန်၏။

စက္ခုဝိညာဏ်၌ ယှဉ်သောစေတသိက် (၇) ပါးတို့တွင် ဖဿ စေသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက အာဟာရ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ ဤ(၁၇)ပစ္စည်း တို့ကို ရအပ်ကုန်၏။

ဝေဒနာစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက ဈာနိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ (၁၇) ပါး ရ၏။

သညာစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ (၁၆)ပါးရ၏။

စေတနာစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ကမ္မ ဝိပါက အာဟာရ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ (၁၈)ပါးရ၏။

ဧကဂ္ဂတာစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက ဈာနိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ (၁၇)ပါးရ၏။

ဇီဝိတိန္ဒြိယစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက ဈာနိယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ (၁၇)ပါးရ၏။

မနသိကာရစေတသိက်၌ အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပစ္ဆာဇာတ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ(၁၆) ပါးရ၏။ ။ဤစေတသိက် (၇)ပါးတို့၌ ပစ္စည်းပေါင်း (၁၁၀) တို့ကို ရအပ်ကုန်၏။

ရူပါရုံ၌ရထိုက်သော ပစ္စည်းကား ဘူတရုပ်လေးပါးတွင် အာရမ္မဏ အဓိပတိ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ(၉) ပစ္စည်းရ၏။ ။ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၌ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ (၆) ပစ္စည်းရ၏။ ဤ(၁၅)ပစ္စည်းတို့ရအပ်ကုန်၏။

စက္ခုဒသကဝယ် အဝိနိဗ္ဘောဂ၌ ရုပ ါရုံ က ဆို အပ် ပြီးသော (၁၅)ပစ္စည်း။ ။ဇီဝိတ၌ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ ဣန္ဒြိယ အတ္ထိ အဝိဂတ (၇)ပစ္စည်း။ ။စက္ခုပသာဒ၌ အာရမ္မဏအဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ(၉)ပစ္စည်း။ ။ဤ(၃၁)ပါးသော ပစ္စည်းတို့ကို ရအပ်ကုန်၏။

ငင်းစက္ခုဒသက ကလာပ်နှင့် တကွဖြစ်သော ကာယဒသက ကလာပ်၌လည်း (၃၁)ပါးသော ပစ္စည်းတို့ကို ရအပ်ကုန်၏။

ဘာဝဒသက ကလာပ်၌လည်း ကာယဒသက ကလာပ်ဝယ် ပသာဒရုပ်၏ပစ္စည်း (၉)ခုကိုနုတ်၍ ဘာဝရုပ်၌ရအပ်သော အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ ဤ(၆) ပစ္စည်းကို ထည့်၍ (၂၈)ပစ္စည်းတို့ကို ရအပ်ကုန်၏။

ငင်း ကမ္မဇ ကလာပ်တို့နှင့် တကွဖြစ်သော စိတ္တဇ ကလာပ် ဥတုဇ ကလာပ် အာဟာရဇ ကလာပ် သုံးစည်းတို့၌ ရူပါရုံ၌ ရအပ်သော (၁၅)ပစ္စည်းသုံးလီ (၄၅) ပစ္စည်းတို့ကို ရအပ်ကုန်၏။

ဤစက္ခုဝိညာဏ်အခိုက်၌ ကျေးဇူးပြုထိုက်သော ပစ္စည်းတို့တွင် နာမ်၌ကျေးဇူးပြုထိုက်သော ပစ္စည်းတို့ကား(၁၃၆)ပစ္စည်း။ရုပ်၌ ကျေးဇူးပြုထိုက်သော ပစ္စည်းတို့ကား (၁၅၀)ပစ္စည်း။ ။ရူပါရုံက စက္ခုဝိညာဏ်အား ကျေးဇူးပြုသော အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ (၄) ပစ္စည်း။ ။ပသာဒရုပ်က စက္ခုဝိညာဏ်အား ကျေးဇူးပြုသော ဝိပ္ပယုတ္တ ပုရေဇာတ အတ္ထိ အဝိဂတ နိဿယ ဣန္ဒြိယ (၆) ပစ္စည်း။ ။ငင်းတို့ကိုပေါင်းသော် (၂၉၆)ပစ္စည်းတို့ကိုရအပ်ကုန်၏။ ။ထို (၂၉၆)ပစ္စည်း ပေါင်းဆုံသော အခါကာလ၌ ရူပါရုံကို စက္ခုဝိညာဏ်က မြင်ခြင်းဖြစ်လေသည်။ ဤပဋ္ဌာန်းနည်းကိုကား နည်းရရုံမျှသာ သွတ်သွင်း လိုက် ရသည်။ သိနိုင်ခဲစွ။ နောက်နောက် ဥါရတို့၌ကား ပဋိစ္စသမုပ္ပါဒ်နည်းတိုင်ရုံမျှသာရေးတော့အံ့။ ။စက္ခုဒွါရဘို့။

## ၃၁-သောတဒွါရ၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

သောတဒသက(၁၀) ကာယဒသက(၁၀) ဘာဝဒသက (၁၀) စိတ္တဇ(၈) ဥတုဇ (၈) အာဟာရဇ(၈) သဒ္ဒနဝက(၉) ပေါင်း ရုပ်သေး(၆၃), သောတဝိညာဏ်(၁) သဗ္ဗစိတ္တ သာဓာရဏစေတသိက်(၇) ပေါင်းနာမ် (၈), ဤသို့ အပေါင်းအားဖြင့်(၇၁)ပါးဖြစ်၏။

ထိုတွင် ရုပ်(၆၃)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက်ငါးပါးသည် သင်္ခါရက္ခန္ဓာမည်၏။ သောတဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးတို့ အညီအမျှ ပေါင်းဆုံကြသည်ရှိသော် ကြားခြင်း တဖန်ကြားခြင်းသည် ထင်ခဲ့၏။ ထိုသို့ ကြားခြင်း တဘန်ကြားခြင်း၌ အဘယ်တယောက်သော နတ် လူ ဗြဟ္မာ သည် ကြားသနည်း တဘန်ကြားသနည်း။ ရုပ်ချင်းချင်း ခိုက်၍ နာမ်ကကြားသည် အဖြစ်ကြောင့် ကြားတတ်သူ မရှိသည် သာလျှင်တည်း။ ထို့ကြောင့် တခါကြား၍ ချုပ်ခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မှတ်။ အာဂုံကို စက္ခုဒွါရ၌ ဆောင်၍ ကာယတိုင်အောင် သိကြလေ။

> ဧတ္ထ ဟိ သောတဥ္စေဝ သဒ္ဒေါ စ ရူပက္ခန္ဓော၊ သဝန့် ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော၊ ဧဝမေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ သဝနအနုသဝနံ ပညာယတိ၊ တတ္ထ ကော ဧကော သဝတိ၊ ကော အနုသဝတိ။ ။
>
> မူလပဏ္ဏာသအဋ္ဌကထာနယဂ္ဂါဟ။

ဟိ သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤစကားရပ်၌။ သောတဥ္စေဝ၊ သောတပသာဒရုပ်သည်၎င်း။ သဒ္ဒေါစ၊ သဒ္ဒါရုံသည်၎င်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ သဝနံ၊ ကြားခြင်းသည်။ ဝိညာဏက္ခန္ဓော၊ ဝိညာ

ဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ၊ ထိုသောတဝိညာဏ်နှင့် ယှဉ်သော။ ဝေဒနာ၊ ဝေဒနာ စေတသိက်သည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။ သညာ၊ သညာ စေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ၊ ဖဿအစရှိကုန်သော ငါးပါးသော စေတသိက်တို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤငါးပါးကုန်သော ခန္ဓာတို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသောအခါ၌။ သဝနအနုသဝနံ၊ ကြားခြင်း တဘန်ကြားခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုကြားခြင်း တဖန်ကြားခြင်း၌။ ကော ဧကော၊ အဘယ် တယောက်ယောက်သောသူသည်။ သဝတိ၊ ကြားသနည်း။ ကော၊ အဘယ်သူသည်။ အနုသဝတိ၊ တဘန်ကြားသနည်း။ နတ္ထေဝ၊ ကြားတတ်သော နတ်လူဗြဟ္မာ မရှိသည်သာလျှင်တည်း။ ။ခန္ဓာဘို။

အာယတန၌ သောတပသာဒရုပ်သည် သောတာယတနမည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ သောတ ဝိညာဏ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့် တကွ စေတသိက် (၇) ပါးသည် ဓမ္မာယတန မည်၏။ ။ဤအာယတန လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် ကြားခြင်း တဘန်ကြားခြင်း စသည်တို့သည် ထင်ကုန်၏။ ထိုကြားခြင်း တဘန်ကြားခြင်း စသည်၌ အဘယ် နတ်လူတယောက်သည် ကြားသနည်း။ ကြားတတ်သော နတ်လူဗြဟ္မာ မရှိသည်သာလျှင်တည်း။

တထာ သောတံ သောတာယတနံ၊ သဒ္ဒေါ သဒ္ဒါယတနံ၊ သဝနံ မနာယတနံ၊ ဝေဒနာဒယော သမ္ပယုတ္တာ ဓမ္မာ ဓမ္မာယတနံ၊ ဧဝမေတေသံ စတုန္နံ အာယတနာနံ သမဝါယေ သဝနအနုသဝနံ ပညာယတိ၊ တတ္ထ ကော ဧကော သဝတိ၊ ကော အနုသဝတိ။

မူလပဏ္ဏာသအဋ္ဌကထာနယဂ္ဂါဟ။

တထာ၊ ထိုအတူ။ သောတံ၊သောတပသာဒရုပ်သည်။ သောတာယတနံ၊ သောတာယတန မည်၏။ သဒ္ဒေါ၊ သဒ္ဒါရုံသည်။ သဒ္ဒါယတနံ၊ သဒ္ဒါယတနမည်၏။ သဝနံ၊ ကြားခြင်းသည်။ မနာယတနံ၊ မနာယတနမည်၏။ သမ္ပယုတ္တာ၊ သောတဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတနမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ ဤလေးပါးသော အာယတနတို့၏။သမဝါယေ၊အညီအမျှ ပေါင်းဆုံကြရာ၌။ သဝနအနုသဝနံ၊ ကြားခြင်း အဘန်တလဲလဲကြားခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုကြားခြင်း အဘန်တလဲလဲကြားခြင်း၌။ ကော ဇကော၊ အဘယ်တယောက်ယောက်သည်။ သဝတိ၊ ကြားသနည်း။ ကော၊ အဘယ်သူသည်။ အနုသဝတိ၊ အဘန်တလဲလဲ ကြားသနည်း။ နတ္ထေဝ၊ကြားတတ်သော နတ် လူ ဗြဟ္မာသတ္တဝါ မရှိသည်သာလျှင်တည်း။ ။ကြွင်းသော ဩဠာရိက ရုပ်တို့ကိုကား လက္ခဏာဟာရနည်းအားဖြင့် သိအပ်၏။ ။(အာယတနဘို့)။

ဓာတ်အားဖြင့်သော်ကား သောတပသာဒရုပ်သည် သောတဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။ သောတဝိညာဏ်သည် သောတဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၇)ပါးသည် ဓမ္မဓာတ်မည်၏။ ။ဤဓာတ်လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် ကြားခြင်း အဘန်တလဲလဲကြားခြင်း စသည်ထင်ခဲ့၏။ ထိုကြားခြင်း အဘန်တလဲလဲကြားခြင်းစသည်၌ အဘယ် နတ် လူ တယောက်သည် ကြားခြင်းစသည် ဖြစ်သနည်း။ ကြားတတ်သော နတ်လူဗြဟ္မာသတ္တဝါ မရှိသည်သာလျှင်တည်း။

တထာ သောတံ သောတဓာတု၊ သဒ္ဒေါ သဒ္ဒဓာတု၊
သဝနံ သောတဝိညာဏဓာတု၊ တံသမ္ပယုတ္တာ ဝေဒနာ
ဒယော ဓမ္မာ ဓမ္မဓာတု၊ ဧဝမေတေသံ စတုန္နံ ဓာတူနံ

သမဝါယေ သဝနအနုသဝနံ ပညာယတိ၊ တတ္ထ ကော
ကောသတိ၊ ကော အနုသဝတိ။
အဋ္ဌကထာ၏နယဂ္ဂါဟ။

တထ း၊ ထိုအတူ။ သောတံ၊ သော းတပသာဒရုပ်သည်။ သော
တဓာတု၊ သောတဓာတ်မည်၏။ သဒ္ဒေါ၊သဒ္ဒါရုံသည်။သဒ္ဒဓာတု၊
သဒ္ဒဓာတ်မည်၏။ သဝနံ၊ ကြားခြင်းသည်။ သောတဝိညာဏ
ဓာတု၊ သောတဝိညာဏဓာတ်မည်၏။တံသမ္ပယုတ္တာ၊ ထိုသောတ
ဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော း၊ ဝေဒနာအစရှိကုန်
သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။
ဓမ္မဓာတု၊ ဓမ္မဓာတ်မည်၏။ ဧငံ၊ ဤသို့။ တေသံ စတုန္နံ ဓာတူနံ၊
ဤလေးပါးကုန်သော ဓာတ်တို့၏။ သမဝါယေ၊ အညီအမျှ ပေါင်း
ဆုံကြရာ၌။ သဝနအနုသဝနံ၊ကြားခြင်း အဘန်တလဲလဲကြားခြင်း
သည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုကြားရာ၌။ ကော
ကော း၊ အဘယ်တယောက်ယောက်သော သူသည်၊ သဝတိ၊
ကြားသနည်း။ ကော၊ အဘယ်သူသည်။ အနုသဝတိ၊ တဘန်
ကြားသနည်း။ နတ္ထေဝ၊ ကြားတတ်သော နတ်လူဗြဟ္မာ သတ္တဝါ
မှန်စွာစင်စစ် မရှိသည်သာလျှင်တည်း။ ။(ဓာတ်ဘို)။

သစ္စာအားဖြင့်သော်ကား သောတဒွါရ၌ဖြစ်ထိုက်သော(၇၁)
ပါးသော ရုပ်နာမ်တို့သည် ဒုက္ခသစ္စာချည်းမည်၏။ ။(သစ္စာဘို)။

ပဋိစ္စ သမုပ္ပါဒ်အားဖြင့်သော်ကား သင်္ခါရ, ဝိညာဏ်, နာမ်,
သဠာယတန, ဖဿ, ဝေဒနာ, ဘဝ,ဇာတိ,ဇရာမရဏ (၉)ပါး
တို့ကို ရအပ်ကုန်၏။

ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ
ကတတ္တာ ဥပစိတတ္တာ ဝိပါကံ သော းတဝိညာဏံ ဥပ္ပန္နံ
ဟောတိ ဥပေက္ခာသဟဂတံ သဒ္ဒါရမ္မဏံ၊တသ္မိံ သမယေ
သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမ
ပစ္စယာ ဆဠာယတနံ၊ဆဠာ းယတနပစ္စယာ ဖဿော၊ဖဿ

ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ
ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝ
လဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
ဝိဘင်းပါဠိတော်။

ယသ္မိံ သမယေ၊ အကြင်အဗျာကတဖြစ်သောအခါ၌။ ကာမာ
ဝစရဿ၊ ကာမာဝစရဖြစ်သော။ ကုသလဿ ကမ္မဿ၊ ကုသိုလ်
ကံ၏။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊
ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးဖြစ်သော။
ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ သောတ
ဝိညာဏံ၊ သောတဝိညာဏ်သည်။ သဒ္ဒါရမ္မဏံ၊ သဒ္ဒါရုံကို။ အာ
ရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊
ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူ
သော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊
ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။
နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော
အကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနသည်။ ဝါ၊ အာယ
တန ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊
ဆဋ္ဌာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။
သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသောအကြောင်းကြောင့်။
ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊
ဝေဒနာဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘ
ဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။
ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိ
ဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘ
ဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ
ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။
ဟောတိ၊ ဖြစ်၏။

ဤသောတအခိုက်၌ ဤ(၉)ပါးသော ပဋိစ္စသမုပ္ပါဒ်တို့တွင်

စေတနာ စေတသိက်သည် သင်္ခါရနှင့်ဘဝ မည်၏။ သောတ
ဝိညာဏ် စိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿ
မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ ကြွင်းသော
စေတသိက် လေးပါးသည် နာမ်မည်၏။ အနဝသေသနည်းအား
ဖြင့် ဆဋ္ဌာယတနံ ဟူ၍ ဟောတော်မူသည်။ သာဝသေသ
နည်းအားဖြင့်သော်ကား အာယတန လေးပါးကိုသာ ရအပ်၏။
ထိုအာယတနလေးပါးသည် အာယတနမည်၏။ ထိုအာယတန
တို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။
ပျက်ခြင်းသည် မရဏမည်၏။ ။ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မျိုး၌
နာမ်ရုပ်နှစ်ပါး အစုံကို ဟောရာ၌ ရုပ်ကို နာမရူပဖြင့် သဂြိုဟ်၍
ဟောတော်မူ၏။ နာမ်သက်သက်ကို ဟောတော်မူရာ၌ ရုပ်ကို
အာယတနဖြင့် သဂြိုဟ်၍ ဟောတော်မူ၏။ ။ဤဝါရ၌လည်း
ရုပ်ကို အာယတနဖြင့် သဂြိုဟ်၍ ဟောတော်မူသည်။ ။( ပဋိစ္စ
သမုပ္ပါဒ်သောတဘို့)။

### ၃၂-ဃာနဒွါရ၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-
### သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ဃာနဒသက(၁၀)ကာယဒသက(၁၀)ဘာဝဒသက(၁၀)
စိတ္တဇ(၈) ဥတုဇ(၈) အဟာရဇ(၈) ဂန္ဓာရုံ(၈) ပေါင်း
ရုပ်သေး(၆၂)ပါး။ ။ဃာနဝိညာဏ်(၁) သဗ္ဗစိတ္တသာဓာရဏ
စေတသိက်(၇) ပေါင်းနာမ် (၈)။ ။ဤသို့ အပေါင်းအားဖြင့်
(၇၀) ဖြစ်၏။

ထိုတွင် ရုပ်(၆၂)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာ စေတ
သိက်သည် ဝေဒနက္ခန္ဓာမည်၏။ သညာစေတသိက်သည် သ
ညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်းသော (၅) ပါးသော
စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်၏။ဃာနဝိညာဏ်စိတ်သည်
ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးတို့၏ အညီအမျှ ပေါင်းဆုံ
ကြသည်ရှိသော် နံ့ခြင်း တဘန်နံ့ခြင်းသည် ထင်ခဲ့၏။ ထိုသို့နံ့ခြင်း
တဘန်နံ့ခြင်း၌ အဘယ်မည်သော နတ်လူတယောက်သည် နံ့သ

နည်း တဘာန်နံသနည်း။ ရုပ်ချင်းချင်းထိခိုက်၍ နာမ်က နံအပ်သည့် အဖြစ်ကြောင့် နံတတ်သောသူ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် နံ၍ချုပ်ခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍မှတ်။

> တတ္ထ ဟိ ဃာနဉ္စေဝ ဂန္ဓော စ ရူပက္ခန္ဓော၊ ဃာယနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော၊ ဧဝမေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ ဃာယနအနုဃာယနံ ပညာယတိ၊ တတ္ထ ကော ဧကော ဃာယတိ၊ ကော အနုဃာယတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ၏နယဂ္ဂါဟ။

ဟိ၊ ထိုစကားမှန်၏။ တတ္ထ၊ ထိုစကားရပ်၌။ ဃာနဉ္စေဝ၊ ဃာနပသာဒရုပ်သည်၎င်း။ ဂန္ဓော စ၊ ဂန္ဓာရုံသည်၎င်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ဃာယနံ၊ နံတတ်သော ဃာနဝိညာဏ်စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ၊ ထိုဃာနဝိညာဏ်နှင့်ယှဉ်သော။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ သညာ၊ သညာစေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ၊ ဖဿအစရှိကုန်သော ငါးပါးသော စေတသိက်တို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤငါးပါးကုန်သော ခန္ဓာတို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသောအခါ၌။ ဃာယန အနုဃာယနံ၊ နံခြင်း တဘာန်နံခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုနံခြင်း တဘာန်နံခြင်း၌။ ကော ဧကော၊ အဘယ် သတ္တဝါ တယောက်သည်။ ဃာယတိ၊ နံသနည်း။ ကော၊ အဘယ်သူသည်။ အနုဃာယတိ၊ တဘာန်နံသနည်း။ နတ္ထေဝ၊ နံတတ်သော ပုဂ္ဂိုလ်သတ္တဝါ မှန်စွာစင်စစ် မရှိသည်သာလျှင်တည်း။ ။(ခန္ဓာဘို့)။

အာယတန၌ ဃာနပသာဒရုပ်သည် ဃာနာယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ဃာနဝိညာဏ်သည် မနာ

ယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၇) ပါးသည် ဓမ္မာယတန မည်၏။ ဤအာယတနလေးပါးတို့၏ ပေါင်းဆုံကြ ခြင်းကြောင့် နံ့ခြင်း တဘန်နံ့ခြင်း စသည်သည် ထင်၏။ ထိုနံ့ခြင်း စသည်၌ အဘယ်နတ်လူတယောက်သည် နံ့သနည်း။ နံ့တတ် သော နတ်လူ မရှိသည်သာတည်း။

> တထာ ဃာနံ့ ဃာနာယတနံ၊ ဂန္ဓော ဂန္ဓာယတနံ၊ ဃာယနံ မနာယတနံ၊ ဝေဒနာဒယော သမ္ပယုတ္တာ ဓမ္မာ ဓမ္မာယတနံ၊ ဧဝမေတေသံ စတုန္နံ အာယတနာနံ သမ ဝါယေ ဃာယန အနုဃာယနံ ပညာယတိ၊ တတ္ထ ကော ဇကော ဃာယတိ၊ ကော အနုဃာယတိ။
>
> မူလပဏ္ဏာသအဋ္ဌကထာ၏နယဂ္ဂါဟ။

တထာ၊ ထို့အတူ။ ဃာနံ၊ ဃာနပသာဒရုပ်သည်။ ဃာနာယ တနံ၊ ဃာနာယတနမည်၏။ ဂန္ဓော၊ ဂန္ဓာရုံသည်။ ဂန္ဓာယတနံ၊ ဂန္ဓာယတနမည်၏။ ဃာယနံ၊ နံ့တတ်သော ဃာနဝိညာဏ် စိတ် သည်။ မနာယတနံ၊ မနာယတန မည်၏။ သမ္ပယုတ္တာ၊ ဃာန ဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန် သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတနမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ ဤလေးပါးကုန်သော အာယတနတို့၏။ သမ ဝါယေ၊ ပေါင်းဆုံ စည်းဝေးကြသောအခါ၌။ ဃာယန အနုဃာ ယနံ၊ နံ့ခြင်း တဘန်နံ့ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုနံ့ခြင်း တဘန်နံ့ခြင်း၌။ ကော ဧကော၊ အဘယ်မည်သော သတ္တဝါတယောက်သည်။ ဃာယတိ၊ နံ့သနည်း။ ကော၊ အဘယ် သူသည်။ အနုဃာယတိ၊ တဘန်နံ့သနည်း။ နတ္ထေဝ၊နံ့တတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။ ။(အာယတနဘို့)။

ခေတ်၌ ဃာနပသာဒရုပ်သည် ဃာနခေတ်မည်၏။ ဂန္ဓာရုံ သည် ဂန္ဓခေတ် မည်၏။ ဃာန ဝိညာဏ် စိတ် သည် ဃာန

ဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၇)ပါး
သည် ဓမ္မဓာတ်မည်၏။ ဤဓာတ်(၄)ပါးတို့၏ ပေါင်းဆုံကြခြင်း
ကြောင့် နံခြင်း တဘန်နံခြင်း စသည်တို့သည် ထင်၏။ ထိုနံခြင်း
စသည်တို့၌ အဘယ်နတ်လူတယောက်သည် နံသနည်း။ နံတတ်
သော နတ်လူသတ္တဝါ မရှိသည်သာလျှင်တည်း။

တထာ ဃာနံ ဃာနဓာတု၊ဂန္ဓော ဂန္ဓဓာတု၊ဃာယနံ
ဃာနဝိညာဏဓာတု၊ တံသမ္ပယုတ္တာ ဝေဒနာဒယော
ဓမ္မာ ဓမ္မဓာတု၊ ဧဝမေတာသံ စတုန္နံ ဓာတူနံ သမဝါယေ
ဃာယန အနုဃာယနံ ပညာယတိ၊ တတ္ထ ကော ဧကော
ဃာယတိ၊ ကော အနုဃာယတိ။

ငင်းအဋ္ဌကထာ၏ နယဂ္ဂါဟ။

တထာ၊ ထို့အတူ။ ဃာနံ၊ဃာနပသာဒရုပ်သည်။ဃာနဓာတု၊
ဃာနဓာတ်မည်၏။ ဂန္ဓော၊ ဂန္ဓာရုံသည်။ ဂန္ဓဓာတု၊ ဂန္ဓဓာတ်
မည်၏။ ဃာယနံ၊နံတတ်သော ဃာနဝိညာဏ် စိတ်သည်။ ဃာန
ဝိညာဏ ဓာတု၊ ဃာနဝိညာဏဓာတ် မည်၏။ တံသမ္ပယုတ္တာ၊
ထိုဃာနဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ဝေဒနာ
အစရှိကုန်သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့
သည်။ ဓမ္မဓာတု၊ ဓမ္မဓာတ်မည်၏။ ဧဝံ၊ ဤသို့။ ဧတာသံ စတုန္နံ
ဓာတူနံ၊ ဤလေးပါးကုန်သော ဓာတ်တို့၏။ သမဝါယေ၊ အညီ
အမျှ ပေါင်းဆုံ စည်းဝေးကြသောအခါ၌။ ဃာယန အနုဃာယနံ၊
နံခြင်း အဘန်တလဲလဲ နံခြင်းသည်။ ပညာယတိ၊ ယင်ရှား၏။
တတ္ထ၊ ထိုနံခြင်း တဘန်နံခြင်း၌။ကော ဧကော၊အဘယ်မည်သော
တယောက်ယောက်သော သူသည်။ ဃာယတိ၊နံသနည်း။ ကော၊
အဘယ်မည်သော သူသည်။ အနုဃာယတိ၊ တဘန်နံသနည်း။
နတ္ထေဝ၊ နံတတ်သော နတ်လူသတ္တဝါ မရှိသည်သာ တည်း။ ။
(ဓာတ်ဘို့)။

သစ္စာအားဖြင့်သော်ကား ဤ (၇၀)သော ရုပ်နာမ်တရားတို့
သည် ဒုက္ခသစ္စာချည်းမည်ကုန်၏။ ။(သစ္စာဘို့)။

ပဋိစ္စသမုပ္ပါဒ်၌ကား။ သင်္ခါရ, ဝိညာဏ်,နာမ်,ဆဋ္ဌာယတန, ဖဿ, ဝေဒနာ, ဘဝ, ဇာတိ, ဇရာမရဏ (၉) ပါးတို့ကို ရအပ်ကုန်၏။

> ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ ဃာနဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ဂန္ဓာရမ္မဏံ၊ တသ္မိံ သမယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။
>
> ဝိဘင်းပါဠိတော်။

ယသ္မိံ သမယေ၊ အကြင်အဖို့ကာလဖြစ်သော အခါ၌။ ကာမာဝစရဿ၊ ကာမာဝစရဖြစ်သော။ ကုသလဿ ကမ္မဿ၊ ကုသိုလ်ကံ၏။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊ ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးဖြစ်သော။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်စိတ်သည်။ ဂန္ဓာရမ္မဏံ၊ ဂန္ဓာရုံကို။ အာရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရ ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ဝိညာဏ်သည်။သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနသည်။ ဝါ၊အာယတန လေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊ ဆဋ္ဌာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ဖဿသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဖဿပစ္စယာ၊ဖဿဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေ

ဒနာဟူသော အကြောင်းကြောင့်။ ဘဝေါ၊ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်၊ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။သမ္ဘဝတိ၊ဖြစ်၏။ ဧဝံ၊ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ။ (ပဋိစ္စသမုပ္ပါဒ်ဘွဲ့)။

## ၃၃-ဇိဝှါဒွါရ၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ဇိဝှါဒသက(၁၀) ကာယဒသက(၁၀) ဘာဝဒသက(၁၀) စိတ္တဇ(၈) ဥတုဇ(၈) အာဟာရဇ(၈) ရသာရုံ(၈) ပေါင်း ရုပ်သေး(၆၂)။ ။ဇိဝှါဝိညာဏ်(၁) သဗ္ဗစိတ္တသာဓာရဏ(၇) ပေါင်း(၈)။ ။ဤသို့ အပေါင်းအားဖြင့် (၇၀)ဖြစ်၏။

ထိုတွင် ရုပ်(၆၂)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသောစေတသိက်ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ မည်၏။ဇိဝှါဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးတို့၏ အညီအမျှပေါင်းဆုံကြသည်ရှိသော် လျက်ခြင်း တဘန်လျက်ခြင်းသည် ထင်ခဲ့၏။ ထိုသို့လျက်ခြင်း တဘန်လျက်ခြင်း၌ အဘယ် မည် သော နတ်လူတယောက်သည် လျက်သနည်း တဘန်လျက် သနည်း။ ရုပ် ချင်း ချင်း ထိ ခိုက် ၍ နာမ်က အရသာကို သိသည်အဖြစ်ကြောင့် လျက်တတ်သောသူ မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါလျက်၍ ချုပ်ခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍မှတ်။

ဧတ္တ ဟိ ဇိဝှါစ ရသောစ ရူပက္ခန္ဓော၊သာယနံ ဝိညာဏက္ခန္ဓော၊တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊သညာ သညာက္ခန္ဓော၊ ဖဿဒိကာ သင်္ခါရက္ခန္ဓော၊ ဝေမေတေသံ

ပဉ္စန္နံ ခန္ဓာနံ သမဝါယေ သာယနအနုသာယနံ ပညာယတိ၊ တတ္ထ ကော ဧကော သာယတိ ကော အနုသာယတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂါဟ။

ဟိ သစ္စံ၊ မှန်၏။ တွေ၊ ဤစကား၌။ ဇိဝှါ စ၊ ဇိဝှါပသာဒရုပ်သည်၎င်း။ ရသော စ၊ ရသာရုံသည်၎င်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ သာယနံ၊ လျက်တတ်သော ဇိဝှါဝိညာဏ်စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ၊ ထိုဇိဝှါဝိညာဏ်နှင့် ယှဉ်သော။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။ သညာ၊ သညာစေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာ မည်၏။ ဖဿာဒိကာ၊ ဖဿ အစရှိကုန်သော ငါးပါးသော စေတသိက်တို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤငါးပါးကုန်သော ခန္ဓာတို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသော အခါ၌။ သာယနအနုသာယနံ၊ လျက်ခြင်း တဘန်လျက်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုလျက်ရာ၌။ ကော ဧကော၊ အဘယ် တယောက်ယောက်သော သူသည်။ သာယတိ၊ လျက်သနည်း။ ကော၊ အဘယ်သူသည်။ အနုသာယတိ၊ တဘန်လျက်သနည်း။ နတ္ထေဝ၊ လျက်တတ်သော နတ် လူ သတ္တဝါ မရှိသည်သာတည်း။ ။(ခန္ဓာဘို့)။

အာယတန၌ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတနမည်၏။ ရသာရုံသည် ရသာယတန မည်၏။ ဇိဝှါဝိညာဏ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၇) ပါးသည် ဓမ္မာယတနမည်၏။ ဤအာယတန (၄) ပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် လျက်ခြင်းစသည်သည် ထင်၏။ ထိုလျက်ခြင်း တဘန်လျက်ခြင်းစသည်၌ အဘယ် နတ်လူတယောက်သည် လျက်သနည်း။ လျက်တတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။

တထာ ဇိဝှါ ဇိဝှါယတနံ၊ ရသော ရသာယတနံ၊ သာယနံ မနာယတနံ၊ ဝေဒနာဒယော သမ္ပယုတ္တာ ဓမ္မာ

ဓမ္မာယတနံ၊ ဧဝမေတေသံ စတုန္နံ အာယတနာနံ သမ
ဝါယေ သာယန အနုသာယနံ ပညာယတိ၊ တတ္ထ ကော
ကော သာယတိ၊ ကော အနုသာယတိ။

မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂ္ဂါဟ။

တထာ၊ထိုအတူ။ ဇိဝှါ၊ဇိဝှါပသာဒရုပ်သည်။ ဇိဝှါယတနံ၊ဇိဝှါယတနမည်၏။ ရသော၊ရသာရုံသည်။ ရသာယတနံ၊ရသာယတနမည်၏။ သာယနံ၊လျက်တတ်သော ဇိဝှါဝိညာဏ်စိတ်သည်။မနာယတနံ၊ မနာယတနမည်၏။ သမ္ပယုတ္တာ၊ ဇိဝှါဝိညာဏ်နှင့် ယှဉ်ကုန်သော။ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတန မည်၏။ ဧဝံ၊ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ ဤလေးပါးကုန်သော အာယတနတို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသော အခါ၌။ သာယနအနုသာယနံ၊ လျက်ခြင်း တဘန်လျက်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုလျက်ခြင်းတဘန်လျက်ခြင်း၌။ကော ကော၊ အဘယ်မည်သော တယောက်ယောက်သော သူသည်။ သာယတိ၊လျက်သနည်း။ ကော၊အဘယ်သူသည်။ အနုသာယတိ၊ တဘန်လျက် သနည်း။ နတ္ထေဝ၊ လျက်တတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။ ။(အာယတနဘို့)။

ဓာတ်၌ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်မည်၏။ ရသာရုံသည် ရသဓာတ်မည်၏။ ဇိဝှါဝိညာဏ်သည် ဇိဝှါဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၇)ပါးသည် ဓမ္မဓာတ်မည်၏။ ဤဓာတ် လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် လျက်ခြင်း တဘန် လျက်ခြင်း စသည်သည် ထင်၏။ ထိုလျက်ခြင်း အဘန်တလဲလဲ လျက်ခြင်း စသည်၌ အဘယ် နတ်လူတယောက်သည် လျက်သနည်း။ လျက်တတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။

တထာ ဇိဝှါ ဇိဝှါဓာတု၊ ရသော ရသဓာတု၊ သာယနံ
ဇိဝှါဝိညာဏဓာတု၊ တံသမ္ပယုတ္တာ ဝေဒနာဒယော ဓမ္မာ

ဓမ္မဓာတု၊ ဓေဝမေတေသံ စတုန္နံ ဓာတူနံ သမဝါယေ သာ
ယန အနုသာယနံ ပညာယတိ၊တတ္ထ ကောဝ ကောဝ သာ
ယတိ၊ ကော အနုသာယတိ။
မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂ္ဂါဟ။

တထာ၊ထိုအတူ။ ဇိဝှါ၊ဇိဝှါပသာဒရုပ်သည်။ ဇိဝှါဓာတု၊ ဇိဝှါ
ဓာတ်မည်၏။ ရသော၊ရသာရုံသည်။ ရသဓာတု၊ ရသဓာတ်မည်
၏။ သာယနံ၊လျက်ခြင်းသည်။ ဇိဝှါဝိညာဏဓာတု၊ ဇိဝှါဝိညာဏ
ဓာတ်မည်၏။ တံသမ္ပယုတ္တာ၊ ထိုဇိဝှါဝိညာဏ်နှင့် ယှဉ်ကုန်သော။
ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊သုခုမရုပ်တို့နှင့်
တကွ စေတသိက်တရားတို့သည်။ ဓမ္မဓာတု၊ ဓမ္မဓာတ်မည်၏။
ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ ဓာတူနံ၊ ဤလေးပါးကုန်သော ဓာတ်
တို့၏။ သမဝါယေ၊ အညီအမျှ ပေါင်းဆုံကြရာ၌။ သာယနအနု
သယနံ၊ လျက်ခြင်း တဘန် လျက်ခြင်းသည်။ ပညာယတိ၊ ထင်ရှား
၏။ တတ္ထ၊ ထိုလျက်ခြင်း တဘန်လျက်ခြင်း၌။ ကော ကော၊ အ
ဘယ်မည်သော တယောက်ယောက်သော သူသည်။ သာယတိ၊
လျက်သနည်း။ ကော၊ အဘယ်သူသည်။ အနုသာယတိ၊ တဘန်
လျက်သနည်း။ နတ္ထေဝ၊ လျက်တတ်သော နတ်လူသတ္တဝါ မရှိ
သည်သာတည်း။ ။(ဓာတ်ဘို)။

သစ္စာ၌ ရင်းဇိဝှါဒွါရ၌ ဖြစ်ထိုက်သော (၇၀) သော ရုပ်နာမ်
တို့သည် ဒုက္ခသစ္စာချည်းမည်ကုန်၏။ ။(သစ္စာဘို)။

ပဋိစ္စသမုပ္ပါဒ်၌ကား သင်္ခါရ, ဝိညာဏ်, နာမ်, သဠာယတန,
ဖဿ, ဝေဒနာ, ဘဝ, ဇာတိ, ဇရာမရဏ(၉)ပါးတို့ကို ရအပ်
ကုန်၏။

ယသ္မိံ သမယေ ကာမာဝစရေဿ ကုသလဿ ကမ္မဿ
ကတတ္တာ ဥပစိတတ္တာ ဝိပါကံ ဇိဝှါဝိညာဏံ ဥပ္ပန္နံ
ဟောတိ ဥပေက္ခာသဟဂတံ ရသာရမ္မဏံ၊ တသ္မိံ သမ
ယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏပစ္စယာ နာမံ၊နာမ

ပစ္စယာ ဆဠာယတနံ၊ ဆဠာယတနပစ္စယာ ဖဿော၊ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေ ဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဝိဘင်းပါဠိတော်။

ယသ္မိံ သမယေ၊အကြင်အဖျာကာတ ဖြစ်သောအခါ၌။ ကာမာ ဝစရဿ၊ ကာမာဝစရဖြစ်သော။ ကုသလဿ ကမ္မဿ၊ ကုသိုလ် ကံ၏။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊ ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးဖြစ်သော။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ ဇိဝှါ ဝိညာဏံ၊ ဇိဝှါဝိညာဏ်စိတ်သည်။ ရသာရမ္မဏံ၊ရသာရုံကို။ အာ ရဗ္ဘ၊အာရမ္မဏံ ကတွာ၊အာရုံပြု၍။ ဥပ္ပန္နံ၊ဖြစ်သည်။ဟောတိ၊ဖြစ်၏။ တသ္မိံသမယေ၊ ထိုအခါ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အ ကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အ ကြောင်းကြောင့်။ ဆဠာယတနံ၊ဆဠာယတနသည်။ဝါ၊အာယတန လေးပါးသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဆဠာယတန ပစ္စယာ၊ ဆဠာ ယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ဖဿသည်။ သမ္ဘ ဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ဝေဒနာသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေ ဒနာဟူသော အကြောင်းကြောင့်။ ဘဝေါ၊ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။(ပဋိစ္စသမုပ္ပါဒ်ဘဲ့)။

### ၃၄-ကာယဒွါရ၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ကာယဒွါရ၌ကား။ ။"ကာယဒွါရေ ကာယ ဘာဝ ဒသက ဝသေန စေဝ ဥတုသမုဋ္ဌာနာဒိဝသေန စ စတုစတ္တာလီသ" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာတော်မူသောကြောင့် ကာယဒသက (၁၀) ဘာဝဒသက(၁၀) စိတ္တဇ(၈) ဥတုဇ (၈) အာဟာရဇ (၈) ဖေါဋ္ဌဗ္ဗာရုံ(၈) ပေါင်းရုပ်သေး (၅၂)ပါး ။ ။ကာယ ဝိညာဏ်(၁) သဗ္ဗစိတ္တသာဓာရဏ (၇) ပေါင်းနာမ်(၈)ပါး။ ။ ဤသို့အပေါင်းအားဖြင့်(၆၀)ဖြစ်၏။

ထိုတွင် ရုပ် (၅၂) ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေ တသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ငါးပါးတို့သည် သင်္ခါရက္ခန္ဓာမည်၏။ ကာယဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးတို့၏ အညီအမျှ ပေါင်းဆုံ ကြသည်ရှိသော် တွေ့ထိခြင်း တဘန်တွေ့ထိခြင်းသည် ထင်ခဲ့၏။ ထိုသို့တွေ့ထိခြင်း တဘန်တွေ့ထိခြင်း၌ အဘယ်မည်သော နတ်လူ တယောက်သည် တွေ့ထိသနည်း တဘန်တွေ့ထိ သနည်း။ ရုပ်ချင်း ချင်းထိခိုက်၍ နာမ်ကတွေ့မှန်းသိသည်အဖြစ်ကြောင့် တွေ့ထိတတ် သောသူသည် မရှိသည်သာလျှင်တည်း။ ထို့ကြောင့် တခါတွေ့ ထိ၍ ချုပ်ခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ ဟုမှတ်။

> ဧတ္ထ ဟိ ကာယောစ ဖေါဋ္ဌဗ္ဗဉ္စ ရူပက္ခန္ဓော၊ ဖုသန် ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော၊ ဧဝ မေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ ဖုသနအနုဖုသနံ ပညာယတိ၊ တတ္ထ ကော ဧကော ဖုသတိ၊ ကော အနု ဖုသတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂ္ဂါဟ။

ဟိ သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤစကားရပ်၌။ ကာယောစ၊ ကာယ ပသာဒရုပ်သည်၎င်း။ ဖေါဋ္ဌဗ္ဗဉ္စ၊ ဖေါဋ္ဌဗ္ဗာရုံသည်၎င်း။ ရူပက္ခန္ဓော၊

ရူပက္ခန္ဓာမည်၏။ ဖုသနံ၊ တွေ့ထိတတ်သော ကာယဝိညာဏ်စိတ်သည်။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ၊ ထိုကာယဝိညာဏ်နှင့် ယှဉ်သော။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာမည်၏။ သညာ၊ သညာစေတသိက်သည်။ သညာက္ခန္ဓော၊ သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ၊ ဖဿအစရှိကုန်သော ငါးပါးသော စေတသိက်တို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ထိုငါးပါးကုန်သော ခန္ဓာတို့၏။ သမဝါယေ၊ ပေါင်းဆုံစည်းဝေးကြသောအခါ၌။ ဖုသနအနုဖုသနံ၊ တွေ့ထိခြင်း တဘန်တွေ့ထိခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုတွေ့ထိတဘန်တွေ့ထိရာ၌။ ကော ကော၊ အဘယ်မည်သော သတ္တဝါတယောက်သည်။ ဖုသတိ၊ တွေ့ထိသနည်း။ ကော၊ အဘယ်မည်သော သတ္တဝါသည်။ အနုဖုသတိ၊ တဘန် တွေ့ ထိ သ နည်း။ နတ္ထေဝ၊ တွေ့ထိတတ်သော နတ်လူသတ္တဝါမရှိသည်သာတည်း။ ။ (ခန္ဓာတို့)။

အာယတန၌ကား ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ ကာယဝိညာဏ်စိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၇)ပါးသည် ဓမ္မာယတနမည်၏။ ဤအာယတနလေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် တွေ့ထိခြင်း တဘန်တွေ့ထိခြင်းစသည်သည် ထင်၏။ ထိုတွေ့ထိခြင်း တဘန်တွေ့ထိခြင်း၌ အဘယ်နတ်လူတယောက်သည် တွေ့ထိသနည်း။ တွေ့ထိတတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။

တထာ ကာယော ကာယာယတနံ၊ ဖေါဋ္ဌဗ္ဗံ ဖေါဋ္ဌဗ္ဗာယတနံ၊ ဖုသနံ မနာယတနံ၊ ဝေဒနာဒယော သမ္ပယုတ္တာ ဓမ္မာ ဓမ္မာယတနံ၊ ဧဝမေတေသံ စတုန္နံ အာယတနာနံ သမဝါယေ ဖုသနအနုဖုသနံ ပညာယတိ၊ တတ္ထ ကော

ကော ဖုသတိ၊ ကော အနုဖုသတိ။
မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂ္ဂါဟာ။

တထာ၊ ထိုအတူ။ ကာယော၊ ကာယပသာဒရုပ်သည်။ ကာယာယတနံ၊ ကာယာယတနမည်၏။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံသည်။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာယတနမည်၏။ ဖုသန့်၊ တွေ့ထိတတ်သော ကာယဝိညာဏ်စိတ်သည်။ မနာယတနံ၊ မနာယတနမည်၏။ သမ္ပယုတ္တာ၊ ကာယဝိညာဏ်စိတ်နှင့် ယှဉ်ကုန်သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊ သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတနမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ ဤလေးပါးကုန်သော အာယတနတို့၏။ သမဝါယေ၊ ပေါင်းဆုံကြသောအခါ၌။ ဖုသနအနုဖုသနံ၊ တွေ့ထိခြင်း တဘန်တွေ့ထိခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုတွေ့ထိခြင်း တဘန်တွေ့ထိခြင်း၌။ ကော ကော၊ အဘယ်မည်သော တယောက်ယောက်သော နတ်လူ သတ္တဝါသည်။ ဖုသတိ၊ တွေ့ထိသနည်း။ ကော၊ အဘယ်မည်သောသူသည်။ အနုဖုသတိ၊ တဘန်တွေ့ထိသနည်း။ နတ္ထေ၀၊ တွေ့ထိတတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။ ။ ကြွင်းသော ဩဠာရိကရုပ်တို့ကား လက္ခဏာဟာရနည်းအားဖြင့် သိအပ်၏။ ။(အာယတနတို့)။

ဓာတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ် မည်၏။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။ ကာယဝိညာဏ်စိတ်သည် ကာယဝိညာဏဓာတ် မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၇)ပါးသည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် ထိခြင်း တဘန်ထိခြင်း စသည်သည် ထင်၏။ ထိုထိခြင်းစသည်၌ အဘယ်နတ်လူတယောက်သည် ထိသနည်း။ ထိတတ်သော နတ်လူသတ္တဝါ မရှိသည်သာတည်း။

တထာ ကာယော ကာယဓာတု၊ ဖောဋ္ဌဗ္ဗံ ဖောဋ္ဌဗ္ဗဓာတု၊
ဖုသန့် ကာယဝိညာဏဓာတု၊ တံသမ္ပယုတ္တာ ဝေဒန

ဒယော ဓမ္မာ ဓမ္မဓာတု၊ ဝေဓမေတေသံ စတုန္နံ ဓာတူနံ သမဝါယေ ဖုသနအနုဖုသနံ ပညာယတိ၊ တတ္ထ ကော ကော ဖုသတိ၊ ကော အနုဖုသတိ။

မူလပဏ္ဏာသအဋ္ဌကထာ၏ နယဂ္ဂါဟ။

တထာ၊ထို့အတူ။ ကာယော၊ကာယပသာဒရုပ်သည်။ ကာယ ဓာတု၊ ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗံ၊ ဖေါဋ္ဌဗ္ဗာရုံသည်။ ဖေါဋ္ဌဗ္ဗ ဓာတု၊ ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ ဖုသနံ၊ တွေ့ထိတတ်သော ကာယ ဝိညာဏ်စိတ်သည်။ ကာယဝိညာဏဓာတု၊ ကာယဝိညာဏဓာတ် မည်၏။ တံသမ္ပယုတ္တာ၊ထိုကာယဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဝေ ဒနာဒယော၊ဝေဒနာ အစရှိကုန်သော။ဓမ္မာ၊သုခုမရုပ်တို့နှင့်တကွ စေတသိက်တရားတို့သည်။ ဓမ္မဓာတု၊ဓမ္မဓာတ်မည်၏။ ဧဝံ၊ဤသို့။ ဧတေသံ စတုန္နံ ဓာတူနံ၊ ဤလေးပါးကုန်သော ဓာတ်တို့၏။ သမ ဝါယေ၊ အညီအညွှ ပေါင်းဆုံကြသောအခါ၌။ ဖုသနအနုဖုသနံ၊ တွေ့ထိခြင်း တဖန်တွေ့ထိခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ တတ္ထ၊ ထိုတွေ့ထိခြင်း တဖန်တွေ့ထိခြင်း၌။ကော ကော၊အဘယ် မည်သော တယောက်ယောက်သော နတ် လူ သတ္တဝါသည်။ ဖုသတိ၊ တွေ့ထိသနည်း။ ကော၊ အဘယ်မည်သောသူသည်။ အနု ဖုသတိ၊ တဖန်တွေ့ထိသနည်း။ နတ္ထေဝ၊တွေ့ထိတတ်သော နတ် လူသတ္တဝါ မရှိသည်သာတည်း။ ။(ဓာတ်ဘို့)။

သစ္စာအားဖြင့်သော်ကား ဤ(၆၀)သော ရုပ်နာမ်တရားတို့ သည် ဒုက္ခသစ္စာချည်းမည်ကုန်၏။ ။(သစ္စာဘို့)။

ပဋိစ္စသမုပ္ပါဒ်၌ကား သင်္ခါရ,ဝိညာဏ်, နာမ်, သဠာယတန, ဖဿ, ဝေဒနာ, ဘဝ, ဇာတိ, ဇရာမရဏ (၉)ပါးတို့ကို ရအပ် ကုန်၏။

ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ ကာယဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ဖေါဋ္ဌဗ္ဗာရမ္မဏံ၊တသ္မိံ သမ ယေ သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏပစ္စယာ နာမံ၊နာမ

ပစ္စယာ ဆဠာယတနံ၊ ဆဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာမရဏံ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဝိဘင်းပါဠိတော်။

ယသ္မိံ သမယေ၊ အကြင်အဖျာကတဖြစ်သောအခါ၌။ ကာမာဝစရဿ၊ ကာမာဝစရဖြစ်သော။ ကုသလဿ ကမ္မဿ၊ ကုသိုလ်ကံ၏။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဥပစိတတ္တာ၊ ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးဖြစ်သော။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ ကာယဝိညာဏံ၊ ကာယဝိညာဏ်စိတ်သည်။ ဖေါဋ္ဌဗ္ဗာရမ္မဏံ၊ ဖေါဋ္ဌဗ္ဗာရုံကို။ အာရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ဝိညာဏံ၊ဝိညာဏ်သည်။သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အကြောင်းကြောင့်။ ဆဠာယတနံ၊ ဆဠာယတနသည်။ ဝါ၊အာယတနလေးပါးသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဆဠာယတနပစ္စယာ၊ဆဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ဝေဒနာသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ (ပဋိစ္စသမုပ္ပါဒ်ဘွဲ့)။

ဤကာယဒွါရ၌ ဤသို့ပြခြင်းသည်ကား ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကို မလှုပ်ရှားစေဘဲ ဝိညတ်သို့ မရောက်စေဘဲ ဖြစ်သော ကာယကံ၌ ပြသော အခြင်းအရာတည်း။

အစောပနကာယပြီး၏။

### ၃၅-ကာယဝိညတ်စေလးပါးတို့၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ကာယင်္ဂဝါစင်္ဂတို့ကို စောပနဖြစ်စေလျက် ဝိညတ်သို့ရောက်သောအခါ၌ကား အကြင်အကြင်သူသည် ငါသည် ရှေ့သို့တက်အံ့ နောက်သို့ဆုတ်အံ့ စသည်ဖြင့် စိတ်သည်ရှေးဦးစွာဖြစ်၍ ထိုနောင် ဝိညတ်ရုပ်သည် ကိုယ်ကိုပြည့်စေလျက် ရှေ့သို့မူလည်း တက်၏။ နောက်သို့မူလည်း ဆုတ်၏။ ဤကြိယာအတွင်း၌ သမ္ဘန္ဓဖြစ်သော ရုပ်နာမ်တို့ကား စိတ်သည် ဝတ္ထုရုပ်၌ မှီရသည်ဖြစ်၍ ဝတ္ထုဒသက (၁၀) ဘာဝဒသက(၁၀) ကာယဒသက(၁၀) စိတ္တဇ(၈) ဥတုဇ (၈) အာဟာရဇ(၈) ပေါင်းဝတ္ထုရုပ်၌ ရအပ်သော ရုပ် (၅၄)။ နောက်ကိုလည်း နည်းတူမှတ်။ ။ထိုဝတ္ထုရုပ်၌ပါသော ဝါယောဓာတ်သည် ကာယဝိညတ္တိနဝကကို ဖြစ်စေ၏။ ထိုဝိညတ်၌ပါသော ဝါယောဓာတ်သည် ရူပကာယ၌ တည်သော ကာယဒသက(၁၀) ဘာဝဒသက (၁၀) စိတ္တဇ (၈) ဥတုဇ(၈) အာဟာရဇ(၈) ဟူသော ရုပ်သေး (၄၄) ပါး၌ပါသော ဝါယောဓာတ်တို့ကို အဆက်ဆက်ထောက်ပံ့၏။ ပေါင်းရုပ် (၁၀၇)။ ။စိတ်မှာ ဝုဋ္ဌော ကာမဇောတခု ယုတ်သုံးဆယ် အဘိညာဏ်ခွေး တို့သည် ရုပ်ဣရိယာပုထ်ဝိညတ်တို့ကို ဖြစ်စေနိုင်ရကား သွားလိုသော လောဘစိတ်(၁) အကုသလသာဓာရဏစေတသိက်(၄) အညသမာန်းစေတသိက်(၁၃) လောဘဒိဋ္ဌိ(၂)ပါးအားဖြင့် စေတသိက်(၁၉)ပါး။ စိတ်နှင့်ရောသော် နာမ်(၂၀)ရ၏။ သရုပ်ကို ကြွင်းသောစိတ်တို့နှင့်တကွ မနောဒွါရ၌ တွေ့လတ္တံ့။ ဤသို့ အပေါင်းအားဖြင့်(၁၂၇)ပါး ဖြစ်၏။

ထိုတွင် ရုပ်ပေါင်း(၁၀၇)ပါးသည် ရူပက္ခန္ဓာမည်၏။ဝေဒနာ

စေတသိက်သည် ဝေဒနက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှကြွင်းသော စေတသိက် (၁၇) ပါးသည် သင်္ခါရက္ခန္ဓာမည်၏။ လောဘစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးတို့၏ အညီအမျှပေါင်းဆုံကြသည် ရှိသော် ရှေ့သို့တက်ခြင်း- နောက်သို့ ဆုတ်ခြင်း စသည် ထင်ခဲ့၏။ ထိုသို့ရှေ့သို့တက်ခြင်း- နောက်သို့ဆုတ်ခြင်း၌ အဘယ်တယောက် ယောက်သော နတ်လူမြဟ္မာသည် ရှေ့သို့တက်သနည်း။နောက်သို့ ဆုတ်သနည်း။ ရှေ့သို့တက်သောသူ နောက်သို့ဆုတ်သောသူ မရှိ သည်သာလျှင်တည်း။ထိုကြောင့် ရှေ့သို့တခါတက်၍ငြိမ်းလျှင်ရင်း နောက်သို့ တခါဆုတ်၍ ငြိမ်းလျှင်ရင်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မှတ်ရမည်။

ဤနည်းကိုမှီး၍ သွားခြင်း လာခြင်း ထိုင်ခြင်း ရပ်ခြင်း ကိုယ်လှုပ်ခြင်း ခြေလှုပ်ခြင်း မျက်စိမှိတ်ခြင်း နှုတ်ခမ်းလှုပ်ခြင်း လျှာလှုပ်ခြင်း စသည်တို့၌ တခါလှုပ်၍ တခါငြိမ်းလျှင် ခန္ဓာငါးပါး ချုပ်သည်အဖြစ်ကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍မှတ်။

> ဂန္တိဿာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။ ဌာနာဒီသုပိ ဧသေဝ နယော။
>
> မူလပဏ္ဏာသအဋ္ဌကထာ။

ဋီကာ- ၎င်းနည်းတူ အဋ္ဌသာလိနီ၊ သုတ်မဟာဝါ၊ နိပါတ်အဋ္ဌကထာတို့၌လည်း ရှိသေး၏။

အဟံ၊ငါသည်။ ဂန္တိဿာမိ၊သွားအံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ ဝါယံ၊စိတ္တဇဝါယောဓာတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယော၊ စိတ္တဇ ဝါယောဓာတ်သည်။ ဝိညတ္တိံ၊ဝိညတ္တိနဝကကလာပ်ကို။ ဇနေတိ၊ဖြစ်စေ၏။စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကြောင့်ဖြစ်သော ဝါယော

ခေတ်နှံ့သဖြင့်။ သကလကာယဿ၊ အလုံးစုံသောကိုယ်ကို။ ပုရ တော၊ ရှေ့သို့။ အဘိနီဟာရော၊ ရှေ့ရှုဆောင်ခြင်းကို။ ဂမနန္တိ၊ သွားခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်း အစရှိ သည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။ ။ တပါးသောစိတ် လဟုတာဒိတို့မှာ ပျော်စွာထည့်။ ။ဤကား လောဘနှင့်တကွဖြစ်သော ကာယဝိညတ်အတွက်များသာတည်း။

ဒေါသကာယဝိညတ်၌သော်ကား ဒေါသစိတ်(၁)အကုသလ သာဓာရဏစေတသိက်(၄) ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ (၄)ပါး ဝိတိကြဉ်သော အညသမာန်း(၁၂) စိတ်နှင့်တကွ စေ တသိက်ပေါင်း(၂၁) နာမ်(၂၁)။ လောဘကာယဝိညတ်၌ ဆို အပ်ပြီးသောရုပ်(၁၀၇)ပါး။ ပေါင်း(၁၂၈)ပါးသော ရုပ်နာမ် တို့ကို ရအပ်ကုန်၏။

၎င်းတို့တွင် ရုပ်(၁၀၇)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာ သညာမှ ကြွင်းသောစေတသိက် (၁၈)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ ဒေါသစိတ်သည် ဝိညာ ဏက္ခန္ဓာမည်၏။ ဤခန္ဓာငါးပါးတို့၏ အညီအမျှပေါင်းဆုံကြသည် ရှိသော် ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည် ထင်ခဲ့၏။ ထိုသို့ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း၌ အဘယ်တယောက် ယောက်သော နတ် လူ ဗြဟ္မာ သည် ရှေ့သို့တက်သနည်း နောက် သို့ ဆုတ်သနည်း။ ရှေ့သို့ တက်သောသူ နောက်သို့ ဆုတ်သောသူ မရှိသည်သာလျှင်တည်း။ ထိုကြောင့် ရှေ့သို့ တခါတက်၍ငြိမ်းလျှင် ၎င်း နောက်သို့ တခါဆုတ်၍ငြိမ်းလျှင်၎င်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မှတ်ရမည်။ ဤနည်းကိုမှီး၍ သွားခြင်း, လာခြင်း, ထိုင်ခြင်း, ရပ် ခြင်း, ကိုယ်လှုပ်ခြင်း, ခြေလှုပ်ခြင်း, မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ် ခြင်း, လျှာလှုပ်ခြင်း စသည်တို့၌ တခါလှုပ်၍ တခါငြိမ်းလျှင် ခန္ဓာ ငါးပါးချုပ်သည်အဖြစ်ကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍မှတ်။ ။ အာဂုံကို လောဘကာယဝိညတ်ကိုမှီး၍ သိကြလေ။ ၎င်းဒေါသ

ကာယဝိညတ်၌လည်း ခန္ဓာငါးပါးဖွဲ့ဟန်ကို လောဘကာယဝိညတ်နှင့်အတူ ဖွဲ့ယူကြလေ။ သင်္ခါရက္ခန္ဓာသာ ထူးသည်။ သတိရှိကြစေ။ ။(ဒေါသကာယဝိညတ်ဘွဲ့)။

မောဟကာယဝိညတ်၌လည်း မောဟစိတ် (၁) အကုသလသာဓာရဏစေတသိက်(၄) ဆန္ဒပီတိကြဉ်သော အညသမာန်းစေတသိက် (၁၁) ပေါင်းမောဟစိတ်နှင့်တကွ နာမ်(၁၆) ရ၏။ ၎င်းနာမ် (၁၆) ပါးနှင့် ယခင်ရုပ် (၁၀၇) ပါးနှင့် ပေါင်းသော် (၁၂၃) ပါးသော ရုပ်နာမ်တို့ကို ရအပ်ကုန်၏။ ၎င်းရုပ်နာမ်တို့ကို ခန္ဓာဖွဲ့ယူလေ၊ (ဥဒ္ဒစ္စဘွဲ့)၊ ။ဝိစိကိစ္ဆာ၌ကား မောဟစိတ်(၁) အကုသလသာဓာရဏ စေတသိက် (၄) ဆန္ဒ ပီတိ အဓိမောက္ခကို ကြဉ် ဝိစိကိစ္ဆာကိုထည့်၍ စေတသိက် (၁၅) စိတ်နှင့်တကွ(၁၆) ပါးရ၏။ ၎င်းနာမ် (၁၆) ပါး ရုပ်(၁၀၇)ပါး ပေါင်းသော် ရုပ်နာမ်(၁၂၃)ပါးကို ရ၏။ ခန္ဓာ ကို ရှေးနည်း အတူ ဖွဲ့လေ။ ။(မောဟဘွဲ့)။

ကုသိုလ်စိတ်၌ကား ကာမာဝစရကုသိုလ်စိတ် (၁) ၎င်းနှင့်ယှဉ်သော အညသမာန်း စေတသိက် (၁၃) သောဘဏ စေတသိက် (၂၅) ပေါင်းစေတသိက် (၃၈) စိတ်နှင့်တကွ နာမ်(၃၉) ပါးကို ရအပ်ကုန်၏။ ၎င်းနာမ်(၃၉)ပါး ယခင်ရုပ်(၁၀၇)ပါး ပေါင်းရုပ်နာမ်(၁၄၆)ပါးရ၏။

၎င်းတို့တွင် ရုပ်(၁၀၇)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာ သညာမှကြွင်းသော စေတသိက် (၃၆)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ ကာမာဝစရကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာတို့၏ ပေါင်းဆုံကြခြင်းကြောင့် ရှေ့သို့တက်ခြင်း စသည်ဖြစ်၏။ ငါသူ ဖြစ်သည်မဟုတ်။ ဤသို့ လောဘ, ဒေါသ, မောဟ, ကုသိုလ် ဤစိတ်တို့၏ ကာယဝိညတ်ဖြစ်ဟန်ကိုပြလျှင် ကြွင်းသောဝိညတ် ဖြစ်ထိုက်သော စိတ်

တို့၌ ဤနည်းအတူ သိအပ်၏။ ။ဤကာယဝိညတ်စသည်တို့၌ နာမ်တရားတို့ကို မနောဒွါရ၌သာ ပြခန်း၍ ခန္ဓာစသည် ဖွဲ့ရာ၏။

အဘယ်ကြောင့် ပဉ္စဝိညာဏ်တို့ကို ပြခန်း၍ ခန္ဓာစသည် မဖွဲ့ရာသနည်းဟူမူ။ ။"ကာမာဝစရတော ဟိ အဋ္ဌ ကုသလာနိ မနောဓာတုဝဇ္ဇာ ဒသ ကြိယာ ကုသလကြိယတော ဒွေ အဘိညာ စိတ္တာနီတိ ဒွတ္တိံသ စိတ္တာနိ ရူပိရိယာပထံ ဝိညတ္တိဉ္စ ဇနေန္တိ" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာတော်မူသောကြောင့် ဒွေပဉ္စဝိညာဏ် တဆယ်တို့သည် ဝိညတ်ကို မဖြစ်စေနိုင်ရကား မနောဒွါရ၌ဖြစ်ထိုက်သော ဇောစသည်တို့ကိုသာ ဖွဲ့ယူအပ် ကုန်၏။ ။(ခန္ဓာဘို့)။

အာယတန၌ လောဘကာယဝိညတ်ဝယ် ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတန မည်၏။ လောဘစိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၉)ပါးသည် ဓမ္မာယတန မည်၏။ (ရုပ်အာယတန နှစ်ခုခွဲ နာမ်အာယတန တခုခွဲ) ပေါင်း အာယတန လေးပါးတို့ကို ရအပ်ကုန်၏။ ထိုအာယတန လေးပါးတို့ ဖြစ်ခြင်းကြောင့် ရှေ့သို့တက်ခြင်းစသည် ဖြစ်၏။ ကြွင်းသော ရုပ်နာမ်တို့ကိုကား လက္ခဏာဟာရနည်းအားဖြင့် သိမ်းယူအပ်ကုန်၏။ နောက်ကိုလည်း နည်းတူမှတ်။ ။(လောဘကာယဝိညတ်ဘို့)။

ဒေါသကာယဝိညတ်၌ ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ ဒေါသစိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် ၁၇ ပါး သည် ဓမ္မာယတန မည်၏။ ။(ဒေါသကာယဝိညတ်ဘို့)။

မောဟကာယဝိညတ်၌ ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ မောဟစိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် ပန္နရသသည် ဓမ္မာယတန မည်၏။ ။(မောဟနှစ်ခုဘို့)။

ကုသိုလ်ကာယဝိညတ်၌ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ ကာမာဝစရကုသိုလ်စိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်အဋ္ဌတိံသသည် ဓမ္မာယတနမည်၏။ ။ (ကုသိုလ်ဘို့)။

အာယတနတို့ အတွက်။

ဓာတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာဓာတ်မည်၏။ လောဘစိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၉) ပါးသည် ဓမ္မဓာတ်မည်၏။ (ရုပ်ဓာတ်နှစ်ခုခွဲ နာမ်ဓာတ်တခုခွဲ) ပေါင်း ဓာတ်လေးပါးတို့ကို ရအပ်ကုန်၏။ ထိုဓာတ်လေးပါးတို့ဖြစ်သောကြောင့် ရှေ့သို့တက်ခြင်းစသည် ဖြစ်၏။ ကြွင်းသောရုပ်နာမ်တို့ကိုကား လက္ခဏာဟာရနည်းဖြင့် သိမ်းယူအပ်ကုန်၏။ နောက်ကိုလည်း နည်းတူမှတ်။ ။ (လောဘကာယဝိညတ်ဘို့)။

ဒေါသကာယဝိညတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ ဒေါသစိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်ဝီသသည် ဓမ္မဓာတ်မည်၏။ ။(ဒေါသကာယဝိညတ်ဘို့)။

မောဟကာယဝိညတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ မောဟစိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်ပန္နရသသည် ဓမ္မဓာတ်မည်၏။ ။(မောဟနှစ်ခုဘို့)။

ကုသိုလ်ဝိညတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ ကာမာဝစရကုသိုလ်စိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်အဋ္ဌတိံသသည် ဓမ္မဓာတ်မည်၏။ ။(ကုသိုလ်ဘို့)။ ။

ဓာတ်တို့အတွက်။

သစ္စာ၌ အလုံးစုံသောဝိညတ်ဖြစ်ထိုက်သော ရုပ်နာမ်ဟူသမျှ သည် ဒုက္ခသစ္စာချည်း မည်၏။ ။(သစ္စာဘို့)။

ပဋိစ္စသမုပ္ပါဒ်၌ သုတ္တန္တဘာဇနီယနည်းအားဖြင့် နာမ်ရုပ် နှစ်ပါး အစုံထား၍ ဟောတော်မူသည်။ အဘိဓမ္မာနည်းအားဖြင့် ရုပ်ကို အာယတနဖြင့်သင်္ဂြိုဟ်၍ နာမဝါရအားဖြင့် ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်သော်ကား ဤလောဘစသော ကာယဝိညတ်၌- အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်, သဠာယတန,ဖဿ,ဝေဒနာ, တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။

ယူဟန်ကား လောဘကာယဝိညတ် အတွင်း၌ (၁၂၇) ပါးသော ရုပ်နာမ်တို့တွင် မောဟစေတသိက်သည် အဝိဇ္ဇာ မည်၏။ စေတနာစေတသိက်သည် သင်္ခါရနှင့်ဘဝ မည်၏။ လောဘစိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ လောဘစေတသိက်သည် တဏှာနှင့် ဥပါဒါန် မည်၏။ ကြွင်းသော စေတသိက် တဆယ့်လေးပါးသည် နာမ်မည်၏။ အာယတနခြောက်ပါးသည် သဠာယတန မည်၏။ ဝါ၊ အာယတနလေးပါးသည် သဠာယတန မည်၏။ ထိုအာယတနတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာ မည်၏။ ပျက်ခြင်းသည် မရဏ မည်၏။ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးတို့ ဖြစ်ပေါ်ခြင်းကြောင့် ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း စသည် ထင်ရှား၏။ နတ်လူဖြစ်သည် မဟုတ်။

ကတမေ ဓမ္မာ အကုသလာ။ ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ရူပါရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါ ဂန္ဓာရမ္မဏံဝါ ရသာရမ္မဏံဝါ ဖောဋ္ဌဗ္ဗာရမ္မဏံဝါ ဓမ္မာရမ္မဏံဝါ ယံယံဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊

သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ ဆဠာယတနံ၊ ဆဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။ဝိဘင်းပါဠိတော်။

ကတမေ ဓမ္မာ၊ အဘယ်မည်သောတရားတို့သည်။ အကုသလာ၊ အကုသိုလ် မည်ကုန်သနည်း။ ယသ္မိံ သမယေ၊ အကြင်အကုသိုလ်ဖြစ်သောအခါ၌။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုဂုဏ်း။ သဒ္ဒါရမ္မဏံ ဝါ၊ သဒ္ဒါရုံကိုဂုဏ်း။ ဂန္ဓာရမ္မဏံ ဝါ၊ ဂန္ဓာရုံကိုဂုဏ်း။ ရသာရမ္မဏံ ဝါ၊ ရသာရုံကိုဂုဏ်း။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကိုဂုဏ်း။ ဓမ္မာရမ္မဏံ ဝါ၊ ဓမ္မာရုံကိုဂုဏ်း။ ယံ ယံ ဝါ ပန အာရမ္မဏံ၊ အကြင်အကြင်သို့သော အာ ရုံ ကို ဂုဏ်း။ အာရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ သောမနဿသဟဂတံ၊ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအကုသိုလ်စိတ် ဖြစ်သောအခါ၌။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အကြောင်းကြောင့်။ ဆဠာယတနံ၊ ဆဠာယတနသည်။ ဝါ၊ အာယတနလေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဠာယတနပစ္စယာ၊ ဆဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အ

ကြောင်းကြောင့်။ တဏှာ၊တဏှာသည်။ သမ္မာ ဝတိ၊ဖြစ်၏။တဏှာ ပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန် သည်။ သမ္မာ ဝတိ၊ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အ ကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္မာ ဝတိ၊ ဖြစ်၏။ ဘဝ ပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္မာ ဝတိ၊ဖြစ်၏။ဇာတိပစ္စယာ၊ဇာတိဟူသောအကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္မာ ဝတိ၊ ဖြစ်၏။ ဧဝံ၊ဤသို့။ ကေ ဝလဿ၊ ချမ်းသာ နှင့် မ ရော သက် သက် သော။ တေဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ဖြစ်ခြင်းသည်။ဟော တိ၊ ဖြစ်၏။

လောဘကာယဝိညာဏ်၌ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ပြသည်ကား အသင်္ခါရိကစိတ်၌ ဖြစ်သော သဘောကိုသာလျှင် ပြသည်။ သသင်္ခါရိကစိတ်မျိုး၌ အဝိဇ္ဇာ,သင်္ခါရ, ဝိညာဏ်, နာမ်, ဆဠာယတန, ဖဿ,ဝေဒနာ, တဏှာ,အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။(လောဘဘို့)။

ဒေါသကာယဝိညာဏ်၌ကား အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ပဋိဃ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။(ဒေါသဘို့)။

မောဟကာယဝိညာဏ်ဥဒ္ဓစ္စ၌ကား အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ဥဒ္ဓစ္စ, အဓိမောက္ခ, ဘဝ, ဇာ တိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကိုရအပ်ကုန်၏။ ။(ဥဒ္ဓစ္စဘို့)။ မောဟကာယဝိညာဏ်ဝိစိကိစ္ဆာ၌ အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်, ဆဠာယတန ဖဿ, ဝေဒနာ, ဝိစိကိစ္ဆာ, ဘဝ,ဇာတိ,ဇရာမရဏ ဤတဆယ့်တပါးတို့ကို ရအပ်ကုန်၏။ ။(မောဟဘို့)။ ။ဤသို့ လောဘ ကာယ ဝိညာဏ် ဒေါသ ကာယ ဝိညာဏ် မောဟ ကာယ ဝိညာဏ်တို့၌ ပဋိစ္စသမုပ္ပါဒ်တို့ ဖွဲ့ယူဟန်ကို သိအပ်၏။

ကုသိုလ်ကာယဝိညာဏ်၌ကား ကုသလမူလ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ပသာဒ, အဓိမောက္ခ, ဘဝ,

ဇာတိ, ဇရာမရဏ တို့ကို ရအပ်ကုန်၏။ ၎င်းတို့တွင် အလောဘ အဒေါသ အမောဟ စေတသိက်တို့သည် ကုသလမူလမည်၏။ စေတနာစေတသိက်သည် သင်္ခါရနှင့် ဘဝ မည်၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်သည် ဝိညာဏ်မည်၏။ ဖဿ စေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ သဒ္ဓါစေတသိက်သည် ပသာဒမည်၏။ အဓိမောက္ခ စေတသိက်သည် အဓိမောက္ခ မည်၏။ ကြွင်းသော စေတသိက် သုံးဆယ်သည် နာမ်မည်၏။ အာယတန ခြောက်ပါးသည် ဆဠာယတန မည်၏။ ဝါ၊ အာယတနလေးပါး မည်၏။ ထိုအာယတန တို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိ မည်၏။ ရင့်ခြင်းသည် ဇရာ မည်၏။ ပျက်ခြင်းသည် မရဏ မည်၏။ ထို ပဋိစ္စသမုပ္ပါဒ်တဆယ့် နှစ်ပါးတို့ ဖြစ်ပေါ်ခြင်းကြောင့် လက်အုပ်ချီခြင်း ဝပ်တွားခြင်း စသည်တို့သည် ဖြစ်ကုန်၏။

> ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ၊ ဂန္ဓာ ရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖေါဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ ယံယံ ဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ကုသလမူလပစ္စယာ သင်္ခါရော၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ၊ နာမပစ္စယာ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ပသာဒေါ၊ ပသာဒပစ္စယာ အဓိမောက္ခော၊ အဓိမောက္ခပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။ဝိဘင်းပါဠိတော်။

**ကတမေ ဓမ္မာ**၊ အဘယ်မည်သော တရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သနည်း။ ယသ္မိံ သမယေ၊ အကြင်ကုသိုလ်စိတ် ဖြစ်သော အခါ၌။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုလည်း။ သဒ္ဒါရမ္မဏံ ဝါ၊

သဒ္ဒါရုံကိုင်း။ ဂန္ဓာရမ္မဏံ ဝါ၊ ဂန္ဓာရုံကိုင်း။ ရသာရမ္မဏံ ဝါ၊ ရသာရုံကိုင်း။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကိုင်း။ ဓမ္မာရမ္မဏံ ဝါ၊ ဓမ္မာရုံကိုင်း။ ယံ ယံ ဝါ ပန အာရမ္မဏံ၊ အကြင်အကြင်သို့သော အာရုံကို။ အာရဗ္ဘ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ သောမနဿ သဟဂတံ၊ သောမနဿဝေဒနာနှင့်တကွ ဖြစ်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်ယှဉ်သော။ ကာမာဝစရံ၊ ကာမာဝစရ ဖြစ်သော။ ကုသလံ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုကုသိုလ်စိတ် ဖြစ်သောအခါ၌၊ ကုသလမူလပစ္စယာ၊ ကုသိုလ်မူလဟူသော အကြောင်းကြောင့်။ သင်္ခါရော၊ သင်္ခါရသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ နာမ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ နာမ်ဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊ ဆဋ္ဌာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊ ဆဋ္ဌာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ ပသာဒေါ၊ ပသာဒသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ပသာဒပစ္စယာ၊ ပသာဒဟူသော အကြောင်းကြောင့်။ အဓိမောက္ခော၊ အဓိမောက္ခသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဓိမောက္ခပစ္စယာ၊ အဓိမောက္ခဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာနှင့် မရော သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤပဋိစ္စသမုပ္ပါဒ် ဝါရတို့ကား ဉာဏသမ္ပယုတ္တဝါရတည်း။ ဉာဏဝိပ္ပယုတ္တဝါရကိုလည်း ကုသလမူလ၌

အမေ ာဟကိုကြည့်၍ ၎င်းအတိုင်း ဝါရတို့ကို ယုတ်အပ်ကုန်၏။အာဂုံ ကိုလိုမူ ဝိဘင်းပါဠိတော်မှာယူလေ။ ။(ကာယဝိညတ်ဘို့)။

## ၃၆-ဝိဝိညတ်စလေးပါးတို့၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

ငါသည် စကားဆိုအံ့ဟု စိတ်သည်ဖြစ်၏။ ထိုနောင် ဝိညတ်သည် ကိုယ်ကို ပြည့်စေလျက် စကားဆိုခြင်းသည်ဖြစ်၏။ဤကြိယာအတွင်း၌ သမ္ဗန္ဓဖြစ်သော ရုပ်နာမ်တို့ကား စိတ်သည် ဝတ္ထုရုပ်၌မှီရသည်ဖြစ်၍ ဝတ္ထုရုပ်၌ရအပ်သောရုပ် (၅၄) ပါး, ထိုရုပ်၌ ပါသော ပထဝီဓာတ်သည် ဥပါဒိန္နကကာယပသာဒဟုဆိုအပ်သော ၅ာန်ငါးပါး၌ရှိသော ကမ္မဇပထဝီဓာတ်ကို ခတ်လျက် စိတ္တဝိပ္ပါရသဒ္ဒ ကို ဖြစ်စေ၍ ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်ရုပ်သေး(၁၀) ပါးသည် ဘုတ်အဆက်ဆက်ကို ထောက်ပံ့၍ ဖြစ်စေ၏။ ပေါင်း (၁၀၈)ပါးရ၏။ စိတ်မှာ ကာယဝိညတ်နှင့် တူစွာ(၂၀) စသည် ဖြစ်၍ ဤသို့အပေါင်းအားဖြင့် (၁၂၈)ပါး ဖြစ်၏။

၎င်းတို့တွင် ရုပ်ပေါင်း (၁၀၈) ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသောစေတသိက် (၁၇) ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ လောဘစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသည်ရှိသော် စကား တခွန်းဆိုခြင်း စကား နှစ်ခွန်းဆိုခြင်း စသည် ထင်ခဲ့၏။ ထိုသို့ တခွန်းဆိုခြင်း နှစ်ခွန်းဆိုခြင်း စသည်၌ အ ဘယ် တ ယောက် ယောက်သော နတ် လူ ပြဟ္မာ သည် ဆိုအံ့နည်း။ ဆိုတတ်သော နတ်လူပြဟ္မာ မရှိသည်သာတည်း။ ထိုကြောင့် တခွန်းဆို၍ ငြိမ်း ရာ၌၎င်း နှစ်ခွန်းဆို၍ ငြိမ်းရာ၌၎င်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍မှတ်။ ဤနည်းကိုမှီး၍ တခွန်းတခွန်း၌ ခန္ဓာငါးပါးငါးပါးချုပ်ပုံကို သိကြလေ။

ဣဒံ ဝကွာမိ,တော် ဝက္ခာမီတိ ဥပ္ပန္နမာနံ ပန စိတ္တံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယော

ဓာတု ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ၊ တေသံ အဗ္ဘန္တရေ စိတ္တသမုဋ္ဌာနာ ပထဝီဓာတု ဥပါဒိန္နကံ သံဃဋ္ဋယမာနာဝ ဥပ္ပဇ္ဇတိ၊ တေန ဓာတုသံဃဋ္ဋနေန သဟေဝ သဒ္ဒေါ ဥပ္ပဇ္ဇတိ၊ အယံ စိတ္တသမုဋ္ဌာန သဒ္ဒေါ နာမ၊ အယံ န ဝိညတ္တိ။ တဿာ ပန စိတ္တသမုဋ္ဌာနာယ ပထဝီဓာတုယာ ဥပါဒိန္နကဃဋ္ဋနဿ ပစ္စယဘူတော ဧကော အာကာရဝိကာရော အတ္ထိ၊ အယံ ဝစီဝိညတ္တိ နာမ။ ။အဋ္ဌသာလိနီ။

ပန တံ ပါကဋံ ကရောမိ၊ ထိုစကားကို ထင်ရှားအောင် ပြုဦးအံ့။ ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ ဧတံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ ဣတိ၊ ဤသို့။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ပထဝီဓာတု၊ ပထဝီဓာတ်၎င်း။ အာပေါဓာတု၊ အာပေါဓာတ်၎င်း။ တေဇောဓာတု၊ တေဇောဓာတ်၎င်း။ ဝါယောဓာတု၊ ဝါယောဓာတ်၎င်း။ ဝဏ္ဏော၊ အဆင်း၎င်း။ ဂန္ဓော၊ အနံ့၎င်း။ ရသော၊ အရသာ၎င်း။ ဩဇာ၊ ဩဇာ၎င်း။ ဣတိ ဣမာနိ အဋ္ဌ ရူပါနိ၊ ဤရှစ်ပါးသော ရုပ်တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တေသံ၊ ထိုရှစ်ပါးသော ရုပ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့် ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဥပါဒိန္နကံ၊ ဥပါဒိန္နက ဖြစ်သော။ ပထဝီဓာတုံ၊ ပယဝီဓာတ်ကို။(ထည့်)။ သံဃဋ္ဋယမာနာဝ၊ ထိခိုက်သည်ဖြစ်၍သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေန ဓာတုသံဃဋ္ဋနေန၊ ထိုစိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းနှင့်။ သဟေဝ၊ တကွသာလျှင်။ သဒ္ဒေါ၊ အသံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ သဒ္ဒေါ၊ ဤအသံသည်။ စိတ္တသမုဋ္ဌာနသဒ္ဒေါ နာမ၊ စိတ်ကြောင့်ဖြစ်သော အသံမည်၏။ အယံ စိတ္တသမုဋ္ဌာနသဒ္ဒေါ၊ ဤစိတ်ကြောင့်ဖြစ်သော အသံသည်။ န ဝိညတ္တိ၊ ဝိညတ်မမည်။ ပန၊ အလျော်ကို ဆိုဦးအံ့။ စိတ္တသမုဋ္ဌာနာယ၊ စိတ်ကြောင့်ဖြစ်သော။ တဿာ ပထဝီဓာတုယာ၊ ထိုပထဝီဓာတ်၏။ ဥပါဒိန္နကဃဋ္ဋနဿ၊ ကမ္မဇပထဝီကို ထိခိုက်ခြင်း၏။ ပစ္စယဘူတော၊ အကြောင်းဖြစ်၍

ဖြစ်သော။ စိတ္တ သမုဋ္ဌာန မဟာဘူတာနံ၊ စိတ်ကြောင့် ဖြစ်သော မဟာဘုတ်တို့၏။ (ထည့်)။ ကောၤတခုသော။ အာကာရဝိကာရော၊ သည်။ [ ဋီကာအနည်း အာကာရဝိသေသော၊ ရှိသည် ]။ အတ္တိ၊ရှိ၏။ အယံ အာကာရဝိကာရော၊ သည်။ ဝစီဝိညတ္တိ နာမ၊ ဝစီဝိညတ် မည်၏။ ။ရုပ် (၁၀၈)ပါးယူဟန်ကို ကာယဝိညတ်၌ ကြည့်၍ ယူလေ။ ။(လောဘဝစီဝိညတ်ဘို့)။

ဒေါသဝစီဝိညတ်၌ ရုပ် (၁၀၈)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာ စေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၁၈)ပါး သည် သင်္ခါရက္ခန္ဓာ မည်၏။ ဒေါသစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤခန္ဓာငါးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် ဆိုခြင်း ဆဲခြင်း စသည်ဖြစ်၏။ နတ်လူဖြစ်သည်မဟုတ်။ ။(ဒေါသဝစီဝိညတ်ဘို့)။

မောဟဝစီဝိညတ်၌ ရုပ်(၁၀၈)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၁၃)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ မောဟစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤခန္ဓာငါးပါးတို့ ပေါင်း ဆုံ ကြ ခြင်း ကြောင့် ဆိုမှန်းမသိဆို၏။ ပြောမှန်းမသိပြော၏။ နတ်လူဆိုသည် ပြောသည်မဟုတ်။ ။(မောဟဝစီဝိညတ်ဘို့)။

ကုသိုလ်ဝစီဝိညတ်၌ ရုပ်(၁၀၈)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ဝေဒနာသညာမှ ကြွင်းသော စေတသိက်(၃၆)ပါးသည် သင်္ခါရက္ခန္ဓာမည်၏။ ကာမကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤခန္ဓာငါးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် တရားဟောခြင်း စာသရဇ္ဈာယ်ခြင်း စသည် ဖြစ်၏။ နတ်လူဖြစ်သည်မဟုတ်။ ။(ကုသိုလ်ဝစီဝိညတ်ဘို့)။ ။ ခန္ဓာပြီး၏။

အာယတန၌ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတန မည်၏။ လောဘစိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၁၉)ခုသည် ဓမ္မာယတန မည်၏။ ဤအာယတန လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် ပေးပါ ယူပါ စသည်ဆို၏။ နတ်လူဆိုသည်မဟုတ်။ ကြွင်းသောရုပ်နာမ်တို့ကို လက္ခဏာဟာရနည်းအားဖြင့် သိအပ်၏။ ။(လောဘတို့)။

ဒေါသ၌ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတန မည်၏။ ဒေါသစိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၂၀) သည် ဓမ္မာယတနမည်၏။ ဤအာယတနလေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် ဆိုခြင်း ဆဲခြင်း စသည်ဖြစ်၏။ နတ် လူ ဆို သည် ဆဲသည် မဟုတ်။ ။(ဒေါသတို့)။

မောဟ၌ ကာယပသာဒရုပ်သည် ကာယာယတနမည်၏။ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတန မည်၏။ မောဟစိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၁၅) ခုသည် ဓမ္မာယတနမည်၏။ ဤအာယတန လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် မသိ၍ ဆိုခြင်း ပြောခြင်း စသည်ဖြစ်၏။ နတ်လူဆိုသည် ပြောသည် မဟုတ်။ ။(မောဟနှစ်ခုတို့)။

ကုသိုလ်၌ ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာယတနမည်၏။ ကုသိုလ်စိတ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၃၈)ခုသည် ဓမ္မာယတန မည်၏။ ဤအာယတန လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် တရားဟောခြင်း စာသရဇ္ဈာယ်ခြင်း စသည်ဖြစ်၏။ နတ်လူ ဟောသည် သရဇ္ဈာယ်သည်မဟုတ်။ ။(ကုသိုလ်တို့)။ ။ အာယတနပြီး၏။

ဓာတ်၌ ကာယပသာဒရုပ်သည် ကာယဓာတ် မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗာဓာတ် မည်၏။ လောဘစိတ်သည် မနော

ဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၉) ခုသည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် ပေးပါ ယူခဲ့ပါ စသည်ဆို၏။ နတ်လူဆိုသည် မဟုတ်။ ကြွင်းသော ရုပ်နာမ်တို့ကို လက္ခဏာဟာရနည်းအားဖြင့် သိအပ်၏။ ။(လောဘတွဲ)။

ဒေါသ၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ ဒေါသစိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၂၀)သည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် ဆိုခြင်း ဆဲခြင်း စသည်ဖြစ်၏။ နတ်လူ ဆိုသည်မဟုတ်။ ။(ဒေါသတွဲ)။

မောဟ၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ မောဟစိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၅)သည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် မသိ၍ ဆိုခြင်း ပြောခြင်းစသည် ဖြစ်၏။ နတ်လူဆိုသည် မဟုတ်။ ။(မောဟတွဲ)။

ကုသိုလ်၌ ကာယပသာဒရုပ်သည် ကာယဓာတ်မည်၏။ ဖေါဋ္ဌဗ္ဗာရုံသည် ဖေါဋ္ဌဗ္ဗဓာတ်မည်၏။ ကုသိုလ်စိတ်သည် မနောဝိညာဏဓာတ်မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၃၈)သည် ဓမ္မဓာတ်မည်၏။ ဤဓာတ်လေးပါးတို့၏ ပေါင်းဆုံကြခြင်းကြောင့် တရားဟောခြင်း စာသရဇ္ဈာယ်ခြင်း စသည်ဖြစ်၏။ နတ်လူ ဟောသည် သရဇ္ဈာယ်သည် မဟုတ်။ ။(ကုသိုလ်တွဲ)။ ဓာတ်ပြီး၏။

သစ္စာ၌ အလုံးစုံ ဝစီဝိညတ်ဖြစ်ထိုက်သော ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် တို့သည် ဒုက္ခသစ္စာချည်း မည်ကုန်၏။

လောဘဝစီဝိညတ်စသော ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,

ဘဝ, ဇာတိ,ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။ ယူဟန်ကား လောဘဝစီဝိညတ် (၁၂၀)ပါးသော ရုပ်နာမ်တို့တွင် မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။ စေတနာစေတသိက်သည် သင်္ခါရနှင့် ဘဝ မည်၏။ လောဘစိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ လောဘစေတသိက်သည် တဏှာနှင့် ဥပါဒါန်မည်၏။ ကြွင်းသောစေတသိက် (၁၄) ပါးသည် နာမ်မည်၏။ အာယတန(၆)ပါးသည် သဠာယတနမည်၏။ ဝါ၊ အာယတနလေးပါးသည် အာယတနမည်၏။ ထိုအာယတနတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ ပျက်ခြင်းသည် မရဏမည်၏။ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးတို့ ဖြစ်ပေါ်ခြင်းကြောင့် ပေးပါ ယူခဲ့ပါ စသည်ဆိုခြင်းသည် ဖြစ်၏။ နတ်လူ ဖြစ်သည်မဟုတ်။ ။အာဂုံကို ကာယဝိညတ်မှာယူလေ။

လောဘဝစီဝိညတ်၌ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ပြသည်ကား အသင်္ခါရိကစိတ်နှင့် ဖြစ်သော သဘောကိုသာလျှင် ပြသည်။ သသင်္ခါရိကစိတ်မျိုး၌မှာမူ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်,ဆဠာယတန, ဖဿ,ဝေဒနာ, တဏှာ, အဓိမောက္ခ, ဘဝ, ဇာတိ,ဇရာမရဏ ဤ တဆယ့် နှစ် ပါး တို့ကို ရ အပ် ၏။ ။ (လောဘဘို့)။

ဒေါသဝစီဝိညတ်၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ပဋိဃ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်၏။ ။(ဒေါသဘို့)။

မောဟဝစီဝိညတ်၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ဥဒ္ဓစ္စ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်၏။ ။ ( ဥဒ္ဓစ္စဘို့ )။ ။ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ဝိစိကိစ္ဆာ, ဘဝ, ဇာတိ, ဇရာမရဏ ဤ တ ဆယ့် တ ပါး တို့ကို ရအပ်၏။ ။(မောဟဘို့)။ ။ဤသို့ လောဘဝစီဝိညတ် ဒေါသ

ဝစီဝိညတ် မောဟာဝစီဝိညတ်တို့၏ ပဋိစ္စသမုပ္ပါဒ်တို့ ဖွဲ့ယူဟန်ကို သိအပ်၏။

ကုသိုလ်ဝစီဝိညတ်၌ ကုသလမူလ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဋ္ဌာယတန,ဖဿ,ဝေဒနာ, ပသာဒ, အဓိမောက္ခ,ဘဝ, ဇာတိ, ဇရာမရဏတို့ကို ရအပ်ကုန်၏။ ၎င်းတို့တွင် အလောဘ အဒေါသ အမောဟ စေတသိက်တို့သည် ကုသလမူလ မည်၏။ စေတနာ စေတသိက်သည် သင်္ခါရနှင့်ဘဝမည်၏။ မဟာကုသိုလ်ဉာဏ သမ္ပယုတ် အသင်္ခါရိကစိတ်သည် ဝိညာဏ်မည်၏။ ဖဿစေတ သိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။ သဒ္ဓါစေတသိက်သည် ပသာဒမည်၏။ အဓိမောက္ခစေ တသိက်သည် အဓိမောက္ခမည်၏။ ကြွင်းသောစေတသိက်(၃၀) သည် နာမ်မည်၏။ အာယတနခြောက်ပါးသည် ဆဋ္ဌာယတန မည်၏။ အာယတန လေးပါးသည် အာယတနမည်၏။ ထိုအာယ တနတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာ မည်၏။ ပျက်ခြင်းသည် မရဏမည်၏။ ထိုပဋိစ္စသမုပ္ပါဒ်တဆယ့် နှစ်ပါးတို့ ဖြစ်ပေါ်ခြင်းကြောင့် တရားဟောခြင်း စာသရဇ္ဈာယ် ခြင်း စသည်ဖြစ်၏။နတ်လူဟောသည် သရဇ္ဈာယ်သည်မဟုတ်။ ။ ဤပဋိစ္စသမုပ္ပါဒ်ဝါရတို့ကား ဉာဏသမ္ပယုတ္တဝါရတည်း။ ဉာဏ ဝိပ္ပယုတ္တဝါရကိုလည်း ကုသလမူလ၌ အမောဟကိုကြဉ်၍ ၎င်းအ တိုင်း ဝါရတို့ကိုထုတ်အပ်ကုန်၏။ ။အာဂုံကိုယူလိုမူ ဝိဘင်းမှာ ယူလေ။

### ၃၇-မနောဒွါရလေးပါးတို့၌ ရုပ်-နာမ်-ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်တို့ကို ပြခြင်း။

မနောဒွါရ၌ကား အလွန်အရာကျယ်၏။ သုံးပါးသော မနော ဓာတ် (၇၆)ပါးသော မနောဝိညာဏဓာတ်တို့၏ ကျက်စားရာ ဖြစ်၍ ယောဂီပုဂ္ဂိုလ်တို့၏ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှါ နည်းရရုံမျှ ဖြစ်သော လောဘဋ္ဌာန ဒေါသဋ္ဌာန မောဟဋ္ဌာန ကုသိုလ်ဋ္ဌာန ဤ(၄)ခုတို့ကိုသာလျှင် ပြပေအံ့။

ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို မလှုပ်ရှားစေမူ၍ မနောဒွါရဖြင့် သာလျှင် ဖြစ်သောကံသည် မနောကံမည်၏။ ။"စေတပနံ အပတ္တံ အကုသလံ မနောကမ္မမေဝ" ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ နှင့် အညီတည်း။ ထိုမနောကံဟူသမျှသည် ဝတ္ထုရုပ်၌သာလျှင် နိဿယပစ္စည်းဖြစ်၍ ဝတ္ထုဒသက(၁၀) ကာယဒသက(၁၀) ဘာဝဒသက(၁၀) ဥတုဇ(၈)စိတ္တဇ(၈)အာဟာရဇ(၈)တို့၏ အစွမ်းအားဖြင့် ငါးဝတ္ထုရုပ်၌ (၅၄)ပါးသော ရုပ်တို့ကို ရအပ် ကုန်၏။

မနောဒွါရေ ဟဒယဝတ္ထုကာယဘာဝဒသကဝသေန
စေဝ ဥတုသမုဋ္ဌာနာဒိဝသေနစ စတုပဏ္ဏာသမေဝ။ ။
ဝိသုဒ္ဓိမဂ်။

ယံ ဝတ္ထုံ နိဿာယ မနောဓာတု စ မနောဝိညာဏ
ဓာတု စ ဝတ္တန္တိ၊ တံ ဝတ္ထု မနောဓာတုယာ စ မနောဝိ
ညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ နိဿယ
ပစ္စယေန ပစ္စယော။ ။ပဋ္ဌာန်း။

မနောဒွါရေ၊မနောဒွါရ၌။ ဟဒယဝတ္ထု ကာယ ဘာဝ ဒသက ဝသေနစေဝ၊ ဝတ္ထုဒသက ကာယဒသက ဘာဝဒသကတို့၏ အစွမ်းအားဖြင့် ငင်း။ ဥတုသမုဋ္ဌာနာဒိဝသေနစ၊ ဥတုသမုဋ္ဌာန် စသည်တို့၏ အစွမ်းအားဖြင့်ငင်း။ ဧတိ၊ ဤသို့။ (ထည့်)။ စတု ပဏ္ဏာသမေဝ၊ ငါးဆယ့်လေးပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ် ကုန်၏။ ။ဝိသုဒ္ဓိမဂ်အနက်။

ယံ ဝတ္ထုံ၊ အကြင်ဝတ္ထုကို။ နိဿာယ၊ မှီ၍။ မနောဓာတု စ၊ မနောဓာတ်သုံးခုသည်ငင်း။ မနောဝိညာဏဓာတု စ၊ (၇၆)ပါး သော မနောဝိညာဏဓာတ်သည်ငင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ဝတ္ထု၊ ထိုဝတ္ထုသည်။ မနောဓာတုယာ စ၊ မနောဓာတ်သုံးခုအား ငင်း။ မနောဝိညာဏဓာတုယာ စ၊ (၇၆)ပါးသော မနော ဝိညာဏဓာတ်အားငင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်

မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊တရားတို့အား ၎င်း။ နိဿယ ပစ္စယေန၊ နိဿယပစ္စည်းဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏။ ။ပဋ္ဌာန်းအနက်။

စိတ်မှာမူကား။ ။လောဘစိတ်ဖြစ်ခိုက် ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ ဟူသော အညသမာန်းစေတသိက် (၁၃)၊ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ဟူသော အကုသလ သာဓာရဏစေတသိက်(၄)ပါး လောဘဒိဋ္ဌိတို့နှင့်တကွ(၁၉)ခု သော စေတသိက်တို့ကို ရေတွက်အပ်ကုန်၏။

> အကုသလေသု ပန လောဘမူလေသု တာဝ ပဌမေ
> အသင်္ခါရိကေ အညသမာနာ တေရသ စေတသိကာ
> အကုသလသာဓာရဏာ စတ္တာရော စာတိ သတ္တရသ
> လောဘဒိဋ္ဌီဟိ သဒ္ဓိံ ဧကူနဝီသတိ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။
> သင်္ဂြိုဟ်။

ပန၊ ကာမာဝစရသောဘဏစိတ်၌ သင်္ဂဟနည်းမှတပါး အကုသိုလ်စိတ်၌ သင်္ဂဟနည်းကို ဆိုဦးအံ့။ အကုသလေသု၊ အကုသိုလ်စိတ် တဆယ့်နှစ်ခုတို့တွင်။ လောဘမူလေသု၊ဘောဘမူစိတ် ရှစ်ခုတို့၌။ တာဝ၊ ရှေးဦးစွာ။ သင်္ဂဟော၊သင်္ဂဟနည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ပဌမေ၊ပဌမဖြစ်သော။ အသင်္ခါရိကေ၊ လောဘမူအသင်္ခါရိကစိတ်၌။ အညသမာနာ၊အညသမာန်း အမည်ရှိကုန်သော။ တေရသ၊ တဆယ့်သုံးပါး ကုန်သော။ စေတသိကာ၊ စေတသိက်တို့၎င်း။ စတ္တာရော၊ လေးပါးကုန်သော။ အကုသလသာဓာရဏာ စ၊ အကုသလသာဓာရဏစေတသိက်တို့၎င်း။ဣတိ၊ ဤသို့။ သတ္တရသ၊ တဆယ့်ခုနစ်ပါး ကုန်သော။ လောဘဒိဋ္ဌီဟိ၊ လောဘဒိဋ္ဌိတို့နှင့်။ သဒ္ဓိံ၊တကွ။ ဧကူနဝီသတိ၊ တခုယုတ်နှစ်ဆယ်သော။ ဓမ္မာ၊စေတသိက်တို့သည်။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဝါ၊ ရေတွက်အပ်သည်အဖြစ်သို့။ ဝါ၊ပေါင်းခြင်းသို့။ ဝါ၊ ပေါင်းအပ်သည်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤသို့အပေါင်းအားဖြင့် (၇၄)ပါးသော ရုပ်နာမ်တို့ကို ရအပ်ကုန်၏။ ထိုတွင် ရုပ်ပေါင်း(၅၄)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက် (၁၇)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ လောဘစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာပါးပါးတို့၏ အညီအမျှ ပေါင်းဆုံကြသည်ရှိသော် ငါလိုချင်သည် သူလိုချင်သည် စသည်ထင်ခဲ့၏။ ထိုငါလိုချင်ခြင်း သူလိုချင်ခြင်းစသည်၌ အဘယ်တယောက်ယောက်သော လူနတ်ဗြဟ္မာသည် လိုချင်သနည်း တဘန်လိုချင်သနည်း။ လိုချင်သောသူ နတ် လူ ဗြဟ္မာ မရှိသည်သာလျှင်တည်း။ ထိုကြောင့် တဘန်လိုချင်၍ တဘန်ငြိမ်းလျှင်လည်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ မှတ်ရမည်။ ဤနည်းကိုမှီ၍ ငါလိုချင်သည် သူလိုချင်သည်, ငါရွှေလိုချင်သည် သူရွှေလိုချင်သည်, ငါငွေလိုချင်သည် သူငွေလိုချင်သည် စသည်တို့၌ ဒိဋ္ဌိဂတသမ္ပယုတ်အရာဝယ် ဤ(၇၄)ပါးသော ရုပ်နာမ်ဓမ္မသင်္ခါရတို့ ဖြစ်ပုံကို မှတ်ရမည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်၌ကား ဒိဋ္ဌိကိုဖယ်၍ မာနကို သွတ်သွင်းလျက် ၎င်းနည်းတူပင်မှတ်။ ။(လောဘဘုံ)။

ဒေါသဖြစ်သော အခါ၌ကား ဝတ္ထုရုပ်မှာ(၅၄)ပါးရ၏။ ဒေါသစိတ် (၁) ပီတိကြဉ်သော အညသမာန်းစေတသိက် (၁၂) အကုသလသာဓာရဏစေတသိက် (၄) ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ အားဖြင့် စေတသိက်(၂၀)တို့ကို ရအပ်ကုန်၏။

ပဋ္ဌမေ ပန ပဋိဃသမ္ပယုတ္တေ အသင်္ခါရိကေ ဒေါသော
ဣဿာ မစ္ဆရိယံ ကုက္ကုစ္စဥ္စာတိ စတူဟိ သဒ္ဓိံ ပီတိဝဇ္ဇိတာ
တေဧဝ ဝီသတိ ဓမ္မာ သင်္ဂယှန္တိ။ ။သင်္ဂြိုဟ်။

ပန၊ လောဘမူအသင်္ခါရိကမှ တပါး ဒေါသမူ အသင်္ခါရိကကို ဆိုဦးအံ့။ ပဋိဃသမ္ပယုတ္တေ၊ ဒေါသနှင့်ယှဉ်သော။ ပဋ္ဌမေ၊ ပဌမဖြစ်သော။ အသင်္ခါရိကေ၊ အသင်္ခါရိကစိတ်၌။ ဒေါသော စ၊ ဒေါသစေတသိက်၎င်း။ ဣဿာ စ၊ ဣဿာစေတသိက်၎င်း။ မစ္ဆရိယဥ္စ၊ မစ္ဆရိယစေတသိက်၎င်း။ ကုက္ကုစ္စဥ္စ၊ ကုက္ကုစ္စစေတသိက်၎င်း။

ဇုတိ၊ ဤသို့။ စတုဟိ၊လေးပါးကုန်သော စေတသိက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ပီတိ ဝဇ္ဇိတာ၊ ပီတိသည် ကြဉ်အပ်ကုန်သော။ ဝိသတိ၊ နှစ်ဆယ်သော။တေဇဝ မဗ္ဗာ၊ထိုအညသမာန်း အကုသိုလ်စေတသိက်တို့ကိုသာလျှင်။ သင်္ဂယှန္တိ၊ ရေတွက်အပ်ကုန်၏။

ဤသို့အပေါင်းအားဖြင့် (၇၅)ပါးသော ရုပ်နာမ်တို့ကို ရအပ်ကုန်၏။

ထိုတွင် ရုပ်ပေါင်း (၅၄) ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ကြွင်းသော စေတသိက် (၁၈)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ ဒေါသစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးတို့ အညီအမျှ ပေါင်းဆုံကြသည်ရှိသော် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း စသည်ဖြစ်၏။ အာဃာတ ဝတ္ထုကိုးပါး အဋ္ဌာနကောပနှင့်တကွ ဒေါသဖြစ်၏ဟူလို။ ထိုအမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းစသည်၌ အဘယ် တယောက်ယောက်သော လူနတ်သည် အမျက်ထွက်သနည်း ရန်ငြိုးဖွဲ့သနည်း။ အမျက်ထွက်သောသူ ရန်ငြိုးဖွဲ့သောသူ နတ်လူမရှိသည်သာလျှင်တည်း။ ထိုကြောင့် တဘန်အမျက်ထွက်၍ တဘန် ငြိမ်းခဲ့လျှင် တဘန် ရန်ငြိုးဖွဲ့၍ တဘန် ငြိမ်းလျှင် (အာရုံတခါဖြစ်သည်ကိုယူ) အနိစ္စ ဒုက္ခ အနတ္တဟူ၍မှတ်လေ။ ။(ဒေါသဘို)။

မောဟ၌ ဆန္ဒပီတိကြဉ်သော အညသမာန်း(၁၁) အကုသလသာဓာရဏစေတသိက်(၄) ၎င်းစေတသိက် (၁၅)ပါးနှင့်တကွ ဥဒ္ဓစ္စ၌(၁၆)ပါးရ၏။ ဝတ္ထုရုပ်(၅၄)ပါးနှင့်ပေါင်းသော် (၇၀) ရ၏။ ။ထိုတွင် ရုပ်(၅၄)ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှကြွင်းသော စေတသိက် (၁၃)ပါးသည် သင်္ခါရက္ခန္ဓာမည်၏။ ဥဒ္ဓစ္စသည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးတို့ပေါင်းဆုံကြခြင်းကြောင့် ကာမဝိတက်သို့ရောက်အောင် ပျံ့လွင့်ခြင်း စသည်ဖြစ်သည်။ ဗျာပါဒဝိတက်သို့

ရောက်အောင် ပျံ့လွင့်ခြင်း ဝိဟိံသာဝိဘက်သို့ ရောက်အောင် ပျံ့လွင့်ခြင်း စသည်ဖြစ်သည်။ နတ် လူ ဗြဟ္မာ ပျံ့ လွင့် သည် မဟုတ်။ ။(ဥဒ္ဓစ္စတို့)။ ။ဝိစိကိစ္ဆာ၌ကား ၎င်းဥဒ္ဓစ္စဝယ် အဝိမောက္ခကိုဖယ်၍ ဝိစိကိစ္ဆာ ထည့်ပြီးလျှင် ၎င်း(၇၀) အတိုင်း ခန္ဓာဖွဲ့ယူလေ။ အလို့လို့ဖြစ်သည်သာထူးသည်။ ။(မောဟတို့)။

ကုသိုလ်စိတ်၌ကား ကာမာဝစရကုသိုလ်စိတ် (၁) အညသမာန်းစေတသိက် (၁၃) သောဘဏစေတသိက် (၂၅)ပါး စိတ်နှင့်တကွ နာမ်ပေါင်း(၃၉)ပါး ဝတ္ထုရုပ် (၅၄) ဤသို့ အပေါင်းအားဖြင့်(၉၃)ပါးသော ရုပ်နာမ်တို့ကို ရအပ်ကုန်၏။ ။ ထိုတွင် ရုပ်(၅၄)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည်ဝေဒနက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှကြွင်းသော စေတသိက်(၃၆)ပါးသည် သင်္ခါရက္ခန္ဓာ မည်၏။ ကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ထိုခန္ဓာငါးပါးတို့ ပေါင်းဆုံကြခြင်းကြောင့် လှူလိုသည် လှူသည်, သီလကျင့်လိုသည် ကျင့်သည်, ဘာဝနာစီးဖြန်းလိုသည် စီးဖြန်းသည် စသည်ဖြစ်သည်။ တစုံတယောက်သော နတ်လူဗြဟ္မာ ဖြစ်သည်မဟုတ်။ ထိုကြောင့် တကြိမ်လှူလို၍ တကြိမ်ချုပ်လျှင် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သည်ဟူ၍ မှတ်။ ။ ၎င်းကာမကုသိုလ်အခိုက်၌ ဝဋ္ဋနိဿိတ ဝိဝဋ္ဋ နိဿိတ နှစ်နည်းခွဲ၍ ယူကြလေ။ ရူပကုသိုလ် အရူပကုသိုလ်တို့၌လည်း ၎င်းနည်းကိုမှီး၍ ဖွဲ့ယူကြလေ။ မခဲယဉ်းလှ။ ။(ခန္ဓာတို့)။

အာယတန၌ကား ဝတ္ထုရုပ်ကိုသာလျှင် ပဓာနပြု၍ဖွဲ့အပ်သောကြောင့် ၎င်းမနောဒွါရအတွင်း၌ လောဘစိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၁၉) ခုသည် ဓမ္မာယတနမည်၏။ ဤအာယတနနှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် လိုချင်ခြင်း စသည်ဖြစ်သည်။ နတ်လူဗြဟ္မာ လိုချင်သည်မဟုတ်။

ဒေါသ၌ ဒေါသစိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၂၀)သည် ဓမ္မာယ၏တနမည်။ ဤအာယ

တန နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့်။အမျက်ထွက်ခြင်း စသည်ဖြစ်သည်။ နတ်လူပြုဟွာဖြစ်သည်မဟုတ်။

မောဟ၌ မောဟစိတ်သည် မနာယတနမည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၅)ခုသည် ဓမ္မာယတနမည်၏။ ဤအာယတန နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် ပျံ့လွင့်ခြင်းစသည်ဖြစ်သည်။ နတ်လူပြုဟွာဖြစ်သည်မဟုတ်။ (မောဟနှစ်ခုတို့)။

ကုသိုလ်စိတ်၌ကား ကာမကုသိုလ်သည် မနာယတန မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၃၈)ပါးသည် ဓမ္မာယတန မည်၏။ ဤအာယတနနှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့်။ လှူလိုခြင်း လှူခြင်း စသည်ဖြစ်သည်။ နတ်လူပြုဟွာဖြစ်သည်မဟုတ်။ ။ (အာယတနတို့)။

ဓာတ်၌ကား လောဘစိတ်သည် မနောဝိညာဏဓာတ် မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၁၉) ခုသည် ဓမ္မဓာတ် မည်၏။ ဤဓာတ်နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် လိုချင်ခြင်း စသည်ဖြစ်သည်။ နတ်လူပြုဟွာ လိုချင်သည်မဟုတ်။

ဒေါသ၌ ဒေါသစိတ်သည် မနောဝိညာဏဓာတ်မည်၏။သုခုမရုပ်တို့နှင့်တကွ စေတသိက်(၂၀)သည် ဓမ္မဓာတ်မည်၏။ဤဓာတ်နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် အမျက်ထွက်ခြင်း စသည် ဖြစ်သည်။ လူနတ်ပြုဟွာ ဖြစ်သည်မဟုတ်။

မောဟ၌ မောဟစိတ်သည် မနောဝိညာဏဓာတ် မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက်(၁၅)သည် ဓမ္မဓာတ် မည်၏။ ဤဓာတ်နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် ပျံ့လွင့်ခြင်း စသည်ဖြစ်သည်။ နတ်လူပြုဟွာ ဖြစ်သည်မဟုတ်။ ။(မောဟနှစ်ခုတို့)

ကုသိုလ်စိတ်၌ ကာမကုသိုလ်စိတ်သည် မနောဝိညာဏဓာတ် မည်၏။ သုခုမရုပ်တို့နှင့်တကွ စေတသိက် (၃၈) ခုသည် ဓမ္မဓာတ် မည်၏။ ဤဓာတ်နှစ်ပါးတို့ ပေါင်းဆုံကြခြင်းကြောင့် လှူလိုခြင်း လှူခြင်း စသည်ဖြစ်သည်။ နတ် လူ ပြုဟွာ ဖြစ် သည် မ ဟုတ်။ ။ (ဓာတ်တို့)။

သစ္စာအားဖြင့်ကား မနောဒွါရ၌ ဖြစ်ထိုက်သော ရုပ်နာမ် ဟူသမျှတို့သည် မုချအားဖြင့်၎င်း ဥပစာအားဖြင့်၎င်း ဒုက္ခသစ္စာချည်း မည်ကုန်၏။ ။(သစ္စာဘို့)။

ပဋိစ္စသမုပ္ပါဒ်၌ကား လောဘမနောအတွင်း၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။ ထိုတွင် မောဟသည် အဝိဇ္ဇာမည်၏။ စေတနာစေတသိက်သည် သင်္ခါရနှင့်ဘဝ မည်၏။ လောဘစိတ်သည် ဝိညာဏ်မည်၏။ဖဿစေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ လောဘစေတသိက်သည် တဏှာနှင့် ဥပါဒါန် မည်၏။ ကြွင်းသော စေတသိက်(၁၄)ပါးသည် နာမ်မည်၏။ အာယတန(၆)ပါးသည် သဠာယတနမည်၏။ ဝါ၊ အာယတနနှစ်ပါးသည် အာယတန မည်၏။ ထိုအာယတနတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ ပျက်ခြင်းသည် မရဏမည်၏။ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးတို့ ဖြစ်ပေါ်ခြင်း ကြောင့် လိုချင်ခြင်း စသည်ဖြစ်၏။ နတ်လူပြဟ္မာ ဖြစ်သည်မဟုတ်။ ။အာဂုံကို ကာယဝိညတ်မှာယူလေ။

လောဘမနော၌ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးကို ပြသည်ကား အသင်္ခါရိကစိတ်နှင့် ဖြစ်သောသဘောကိုသာလျှင် ပြသည်။ သသင်္ခါရိက စိတ်မျိုး၌မှာမူကား အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကိုရအပ်ကုန်၏။ ။(လောဘဘို့)။

ဒေါသမနော၌ကား အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ပဋိဃ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။(ဒေါသဘို့)။

မောဟ မနော၌ကား အဝိဇ္ဇာ, သင်္ခါရ ဝိညာဏ်,နာမ်, ဆဠာယတန, ဖဿ, ဝေဒနာ, ဥဒ္ဓစ္စ, အဓိမောက္ခ, ဘဝ, ဇာတိ, ဇရာမရဏ ဤတဆယ့်နှစ်ပါးတို့ကို ရအပ်ကုန်၏။ ။(ဥဒ္ဓစ္စဘို့)။ ။

ဝိစိကိစ္ဆာ၌ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်, ဆဋ္ဌာယတန, ဖဿ, ဝေဒနာ,ဝိစိကိစ္ဆာ,ဘဝ,ဇာတိ,ဇရာမရဏ ဤတဆယ့်တပါးတို့ကို ရအပ်ကုန်၏။ ။(မောဟဒွိ)။ ။ဤသို့ လောဘမနော ဒေါသမနော မောဟမနောတို့၌ ပဋိစ္စသမုပ္ပါဒ်တို့ ဖွဲ့ယူဟန်ကိုသိအပ်၏။

ကုသိုလ်မနော၌ကား ကုသလမူလ, သင်္ခါရ, ဝိညာဏ်, နာမ်, ဆဋ္ဌာယတန, ဖဿ, ဝေဒနာ, ပသာဒ, အဓိမောက္ခ,ဘဝ,ဇာတိ, ဇရာမရဏ တို့ကို ရအပ်ကုန်၏။ ထိုတွင် အလောဘ အဒေါသ အမောဟ စေတသိက်တို့သည် ကုသလမူလမည်ကုန်၏။ စေတနာ စေတသိက်သည် သင်္ခါရနှင့် ဘဝ မည်၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်သည် ဝိညာဏ်မည်၏။ ဖဿ စေတသိက်သည် ဖဿမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ သဒ္ဓါစေတသိက်သည် ပသာဒမည်၏။ အဓိမောက္ခ စေတသိက်သည် အဓိမောက္ခမည်၏။ ကြွင်းသော စေတသိက် (၃၀)သည် နာမ်မည်၏။ အာယတနခြောက်ပါးသည် ဆဋ္ဌာယတနမည်၏။ ဝါ၊ အာယတနနှစ်ပါးသည် အာယတနမည်၏။ ထိုအာယတနတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိမည်၏။ ရင့်ခြင်းသည် ဇရာမည်၏။ ပျက်ခြင်းသည် မရဏမည်၏။ ဤပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါးတို့ ဖြစ်ပေါ်ခြင်းကြောင့် လှူလိုခြင်း ကျင့်လိုခြင်း စသည်ဖြစ်၏။ နတ်လူဗြဟ္မာ ဖြစ်သည်မဟုတ်။ ဤပဋိစ္စသမုပ္ပါဒ် ဝါရကား ဉာဏသမ္ပယုတ္တဝါရတည်း။ ဉာဏဝိပ္ပယုတ္တ ဝါရကိုလည်း ကုသလမူလ၌ အမောဟကိုကြဉ်၍ ၎င်းအတိုင်းဝါရကို ထုတ်အပ်၏။ ။အာဂုံကိုလိုမူ ဝိဘင်းမှာယူလေ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဒွါရပရိစ္ဆေဒ၌ရအပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို အကျဉ်းအားဖြင့်ယူသော် (၁၇)ဝါရ။ အစိတ်အစိတ်အားဖြင့် ယူသော် ဒွေပဉ္စဝိညာဏ်တဆယ်၌ (၅၀) ဝိညတ်ဒွေး၌ (၃၂၀) မနောဓာတ် မနောဝိညာဏ်ဓာတ်၌ (၃၉၅) အားလုံးပေါင်းသော်(၇၆၅)ဝါရတို့ကို ရအပ်ကုန်၏။ ။အာရုံခြောက်ပါး ကာလ

သုံးပါး သန္တာန်နှစ်ပါး စသည်တို့နှင့် မြောက်ပွါး ရေတွက်အပ်သည်ရှိသော် မရေမတွက်နိုင်သော သဗ္ဗညုတဉာဏ်တော်၏ အာရုံသာလျှင် ကျက်စားရာဖြစ်သော ခန္ဓာ,အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကိုသာလျှင် ရအပ်ကုန်၏။ ။(ဒွါရပရိစ္ဆေဒ)။

ဤဒုက္ခသစ္စာဟူသည် အကျဉ်းအားဖြင့် တေဘူမကတရားတို့၏ ဖြစ်တတ်သော လက္ခဏာ ရှိသည်ဖြစ်၍ ဖြစ်ခြင်း လက္ခဏာ အားဖြင့် တပါး။ ဖြစ်တတ်သော သဘော ဟူသမျှတို့သည် နာမ်ရုပ်မျှသာ ရှိသည်ဖြစ်၍ နာမ်ရုပ်အားဖြင့် နှစ်ပါး။ ထိုဖြစ်တတ်သော နာမ်ရုပ်တို့သည် ကာမ ရူပ အရူပ ဘဝသုံးပါးကို မလွန်မူ၍ ဖြစ်တတ်သောကြောင့် ဘဝ အားဖြင့် သုံးပါး။ ထိုဘဝသုံးပါးတို့၌ ဖြစ်တတ်သော ရုပ်နာမ်တို့သည် အာဟာရ တည်းဟူသော အကြောင်းနှင့် မကင်းရကား အာဟာရအားဖြင့် လေးပါး။ ထိုအာဟာရကြောင့်ဖြစ်သော ရုပ်နာမ်တို့ကို အာသဝဥပါဒါန် မကင်းကြသေးသော ပုထုဇ္ဇန်မိုက်တို့၏ စွဲလမ်းအပ်သော ငါးပါးအဘို့အစုတို့ရှိခြင်းကြောင့် ဥပါဒါနက္ခန္ဓာ အားဖြင့် ငါးပါးသာရှိသည်။

သဗ္ဗမေဝ စေတ္ထ ဒုက္ခံ ဧကဝိဓံ ပဝတ္တိဘာဝတော၊ ဒုဝိဓံ နာမရူပတော၊တိဝိဓံ ကာမရူပါရူပူပပတ္တိဘဝဘေဒတော၊ စတုဗ္ဗိဓံ စတုအာဟာရဘေဒတော၊ ပဉ္စဝိဓံ ပဉ္စုပါဒါနက္ခန္ဓဘေဒတော။ ။ဝိသုဒ္ဓိမဂ်။

ဧတ္ထ၊ ဤသစ္စာလေးပါးတို့တွင်။ သဗ္ဗမေဝ၊အလုံးစုံသာလျှင်ဖြစ်သော။ ဒုက္ခံ၊ဒုက္ခသည်။ သံသာရဃ၊သံသရာ၏။(ထည့်)။ ပဝတ္တိဘာဝတော၊ တလုံးလဲလဲ မစဲမပြတ် ဖြစ်ခြင်းသဘော အားဖြင့်။ ဝါ၊ မပြတ်ဖြစ်တတ်သော သဘော၏ အဖြစ်ကြောင့်။ ဧကဝိဓံ၊ တပါးအဘို့ရှိသည်။ ဟောတိ၊ဖြစ်၏။ နာမရူပတော၊နာမ်ရုပ်အားဖြင့်။ ဒုဝိဓံ၊နှစ်ပါးအဘို့ရှိ၏။ ကာမရူပါရူပူပပတ္တိဘဝဘေဒတော၊ ကာမ ရူပ အရူပဟူသော ဥပပတ္တိဘဝ အပြားအားဖြင့်။ တိဝိဓံ၊ သုံးပါးအဘို့ရှိ၏။ စတုအာဟာရဘေဒတော၊ လေးပါးသော အာဟာရ၏ အပြားအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအဘို့ရှိ၏။ ပဉ္စုပါဒါ

နက္ခန္တဘောဒတောၤငါးပါးသော ဥပါဒါနက္ခန္ဓာ၏ အပြားအားဖြင့်။ ပဉ္စဝိဓံၤငါးပါးအဘို့ရှိသည်။ ဟောတိၤဖြစ်၏။ ။ဆင္ဌပုစ္ဆာပြီး၏။

၃၈-ထိုဒုက္ခသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်းဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၇) ထိုဒုက္ခသစ္စာ၏ နယ်ကား အဘယ်မျှ ကျယ်သနည်း ဟူရာ၌— ဤဒုက္ခသစ္စာဟူသည် သမုဒယသစ္စာနှံ့သကဲ့သို့ နှံ့၏။ သမုဒယသစ္စာကျယ်သကဲ့သို့ ကျယ်၏။ သမုဒယသစ္စာရှိသမျှ ရှိ၏။ ထို့ကြောင့် ၎င်းပုစ္ဆာ၏အဖြေကို သမုဒယသစ္စာ၌ ထင်စွာပြလတ္တံ့။ ဤ၌မရေးတော့ပြီ။ ။သတ္တမပုစ္ဆာပြီး၏။

၃၉-ထိုဒုက္ခသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှမလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှလွတ်သနည်း-ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၈) ထိုဒုက္ခကို အဘယ်သို့ သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။အဘယ်သို့ သိလျှင် သံသရာမှလွတ်သနည်း-ဟူရာ၌—

ထိုဒုက္ခသစ္စာကို သိခြင်းသည်လည်း အတ္တဘာဝ-အာဝိဘာဝနာကာရနည်းအားဖြင့် သိခြင်း, အညဘာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်း, ကေပဋိဝေဓ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်း, အားဖြင့် (၃) ပါးအပြားရှိ၏။ ထိုတွင်အစနည်းနှစ်ပါးသည် ကေပဋိဝေဓ နည်းကို အစိုးမရ။ ကေပဋိဝေဓ နည်းသည် အစနည်းနှစ်ပါးကို အစိုးရ၏။

ထင်စွာဆိုဦးအံ့။ အကြင်ယောဂီသည် ထိုနည်းသုံးပါးတို့တွင် အတ္တဘာဝအာဝိဘာဝနာကာရနည်းအားဖြင့် ဒုက္ခသစ္စာကို သိလိုအံ့။ ထိုဒုက္ခသစ္စာထိုက်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို ရှေးဦးစွာ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့်တကွ သဘာဝလက္ခဏာတို့ကို သိအောင် ဆရာကောင်းတို့ထံ၌ သင်ကြားရာ၏။

''ဣမဿ စ ဘိက္ခုနော ပုဗ္ဗေ ပရိဂ္ဂဟတော ဒုက္ခံ ပရိဇာနာမိ''။ ။သမ္မော။ ။ဣမဿ စ ဘိက္ခုနောၤ ဤရဟန်းအားကား။

ပုဗ္ဗေ၊ မဂ်သို့မရောက်မီ ရှေ့အဘို့၌။ ပရိဂ္ဂဟတော၊ ဆရာကောင်းတို့ထံ၌ သင်ကြားသော အခါကာလမှ။ ပဋ္ဌာယ၊ စ၍။ ဒုက္ခံ၊ ဒုက္ခသစ္စာ၏သဘောကို။ ပရိဇာနာမိ၊ သိ၏။

ဤသို့ သင်ကြားပြီး၍ ထိုဒုက္ခသစ္စာ၌ သိထိုက်သော ဉာဏ်အားဖြင့် ဇာတိအစရှိသော သဘောအမျိုးမျိုး ဘုမ္မိပရိစ္ဆေဒ ဌာနပရိစ္ဆေဒ ဒွါရပရိစ္ဆေဒ ရုပ်နာမ် ခန္ဓာ စသည်တို့ဖြစ်သမျှ၌ ဤသို့သိအပ်၏။ အကြင်အခါ အပါယ် အစရှိသော ဇာတိစသော ဒုက္ခအမျိုးမျိုးတို့တွင် တခုသော ဇာတိကို အောက်မေ့လျက် ဤဇာတိဟူသည် ကြောက်ဘွယ်ကောင်းလှစွာ၏။ အဘယ်ကြောင့် နည်းဟူမူ။ ဤဇာတိတခုကို သိကြားဗြဟ္မာ ဘုရား စသောသူတို့သည် ပြု၍ပေးနိုင်သည် မဟုတ်ကုန်။ စင်စစ်မှာမူ မိမိ၏ အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဇာတိတခုဖြစ်သည့် အခါမှစ၍ ထိုသတ္တဝါအား လွန်စွာနှိပ်စက်တတ်သော သဘောရှိသည်ဖြစ်ရကား **ပီဠန**ဂုဏ်လည်းရှိ၏။ ထိုသို့နှိပ်စက်တတ်သော ဇာတိသည် ရှေးရှေးသောဘဝတို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား **သင်္ခတ**ဂုဏ်လည်း ရှိ၏။ ထိုသို့ ပြုပြင်အပ်သောကြောင့် ဥပါဒ် ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤဇာတိသည် သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ဇာတိဇရာမရဏ တို့ဖြင့် ပူပန်စေခြင်း, ရာဂဒေါသ အစရှိသော ကိလေသာ တို့ဖြင့် ပူပန်စေခြင်း, ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား **သန္တာပ**ဂုဏ်လည်းရှိ၏။ ထိုသို့ အရှိန်မစဲ တသဲသဲ နှိပ်စက်သော ဤဇာတိဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သဘော မရှိရကား **ဝိပရိဏာမ**ဂုဏ်လည်းရှိ၏။ ဤသို့လျှင် ဇာတိတခု၏ နှိပ်စက်တတ်သော ပီဠန, သင်္ခတ, သန္တာပ, ဝိပရိဏာမ, တို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တဘာဝ-အာဝီဘာဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။

ဒုက္ခသ ပိဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော တထဋ္ဌော။ ။ပဋိသမ္ဘိဒါမဂ်။

ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပိဠနဋ္ဌော၊ ဇာတိဇရာမရဏာတို့ဖြင့် နှိပ်စက်တတ်သော သဘောသည်။ တထဋ္ဌော၊ မဘောက်မပြန် မှန်သော အနက် မည်၏။ သင်္ခတဋ္ဌော၊ နှိပ်စက်ခံရအောင် ပြုပြင်အပ်သော သဘောသည်။ တထဋ္ဌော၊ မဘောက်မပြန် မှန်သော အနက်မည်၏။ သန္တာပဋ္ဌော၊ နှိပ်စက်အပ်သည်ဖြစ်၍ ပူလောင်စေတတ်သော သဘောသည်။ တထဋ္ဌော၊ မဘောက်မပြန် မှန်သော အနက်မည်၏။ ဝိပရိဏာမဋ္ဌော၊ နှိပ်စက်ခြင်းအစဉ်၌ တမုဟုတ္တမျှ မဘောက်ပြန်ခြင်းမရှိသော သဘောသည်။ တယဋ္ဌော၊မဘောက်မပြန် မှန်သောအနက်မည်၏။

ဤသို့ နှိပ်စက်တတ်သောအနက်, ပြုပြင်အပ်သောအနက်, ပူပန်စေတတ်သောအနက်,ဘောက်ပြန်စေတတ်သောအနက် ဤအနက်လေးပါးတို့ကို တခုတခုသော ဇာတိ၌ အတ္တဘာဝ-အာဝီဘာဝနာကာရ နည်းအားဖြင့် သိအပ်ကုန်၏။

အညဘာဝ- အာဝီဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား— ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပိဠနဋ္ဌ ကို ဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။ သင်္ခတ အစရှိသော အနက်သုံးပါးတို့ကို အဘယ်ကို မြင်တော်မူသောကြောင့် ဟောတော်မူသနည်း။ ဤဇာတိ အစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဋ္ဌီ ဘင် တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတယောက်သော နတ် လူ ဗြဟ္မာ စသော သူတို့ကြောင့်မဟုတ်။ စင်စစ်မှာမူ သမုဒယဟူသော အကြောင်းကြောင့် ခံရသည်။ ထိုကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂ စသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင် စေတတ်သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့်

တစုံတခု ဘောက်ပြန်ပျက်စီးအပ်သော သဘောမရှိသော နိရောဓ သစ္စာကို မြင်တော်မူသဖြင့် ဖောက်ပြန်ပျက်စီးတတ်သော စတုတ္ထ ဝိပရိဏာမဋ္ဌ ကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟု ဆိုအပ်သော ပီဠနု သင်္ခတ သန္တာပ ဝိပရိဏာမ သဘောတို့ကို တပါးသော သမုဒယ အစရှိသော သစ္စာတို့ကို မြင်သဖြင့် သိအပ် သောကြောင့် အညဘာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိ အပ်ကုန်၏။

ဒုက္ခဒုက္ခတာတံနိမိတ္တာဟိ အနိဋ္ဌတာ ပီဠနဋ္ဌော၊ဒွိဓာပိ ပရိဒဟနံ ကိလေသဒါဟသမာယောဂေါဝါ သန္တာပဋ္ဌော တိ အယမေတေသံ ဝိသေသော။ ပုဂ္ဂလဟိံသနံ ဝါ ပီဠနံ၊ အတ္တနော ဝေ တိခိဏဘာဝေါ သန္တာပနံ သန္တာပေါတိ။ ဧတ္ထ စ ပီဠနဋ္ဌော ဒုက္ခဿ သရသေနေဝ အာဝိဘာဝနာ ကာရော၊ ဣတရေ ယထာက္ကမံ သမုဒယ မဂ္ဂ နိရောဓ ဒဿနေဟိ အာဝိဘာဝနာကာရာတိ အယံ စတုန္နမ္ပိ ဝိသေ သော။ ။သမ္မောဟဝိနောဒနီဋီကာ။

ဒုက္ခဒုက္ခတာ တံနိမိတ္တာဟိ၊ ဒုက္ခဒုက္ခ၏အဖြစ် ထိုဒုက္ခဒုက္ခ၏ အကြောင်း၏ အဖြစ်တို့ဖြင့်။ အနိဋ္ဌတာ၊ အလိုမရှိအပ်သည်၏ အ ဖြစ်သည်။ပီဠနဋ္ဌော၊ ပီဠနဋ္ဌမည်၏။ ဒွိဓာပိ၊ ဒုက္ခဒုက္ခ၏အဖြစ် ထို ဒုက္ခဒုက္ခ၏ အကြောင်း၏ အဖြစ်ဟူသော နှစ်ပါးသော အခြင်း အရာဖြင့်လည်း။ ပရိဒဟနံ၊ ပူပန်စေခြင်းသည်။ သန္တာပဋ္ဌော၊ သန္တာပဋ္ဌ မည်၏။ ဝါ၊ တနည်းကား။ ကိလေသ ဒါဟ သမာ ယောဂေါ၊ ကိလေသာတည်းဟူသော ပူပန် ခြင်းနှင့် ယှဉ်ခြင်း သည်။ သန္တာပဋ္ဌော၊ သန္တာပဋ္ဌ မည်၏။ ဣတိ အယံ၊ ဤဆိုအပ်ပြီး သည်ကား။ ဧတေသံ၊ ထိုပီဠနဋ္ဌ သန္တာပဋ္ဌ တို့၏။ ဝိသေသော၊ အ ထူးတည်း။ ဝါ၊ တနည်းကား။ ပုဂ္ဂလဟိံသနံ၊ ပုဂ္ဂိုလ်ကို ညှဉ်းဆဲ ခြင်းသည်။ ပီဠနံ၊ ပီဠန မည်၏။ အတ္တနော ဝေ၊ မိမိ၏ သာလျှင်။ တိခိဏဘာဝေါ၊ ထက်မြက်သည်အဖြစ်ဟု ဆိုအပ်သော။ သန္တာ ပနံ၊ ပူပန်စေခြင်းသည်။ သန္တာပေါ၊သန္တာပ မည်၏။ ဣတိ အယံ၊

ဤသည်ကား။ ဧတေသံ၊ ထိုပိဋ္ဌနှင့် သန္တာပဋ္ဌတို့၏။ ဝိသေသော၊ အထူးတည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤပိဋ္ဌနှင့် စသည်တို့တွင်။ ပိဋ္ဌနဋ္ဌော၊ ပိဋ္ဌနဋ္ဌသည်။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ သရသေနေဝ၊ မိမိသဘောအားဖြင့်ပင်လျှင်။ အာဝိဘာဝနာကာရော၊ ထင်ရှားသော အခြင်းအရာတည်း။ဣတရေ၊ ဤမှတပါးကုန်သော သန်တဋ္ဌ စသည်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သမုဒယ မဂ္ဂ နိရောဓ ဒဿနေဟိ၊ သမုဒယသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာကို မြင်ခြင်းတို့ဖြင့်။ အာဝိဘာဝနာကာရာ၊ ထင်ရှားသော အခြင်းအရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ အယံ၊ဤသည်ကား။ စတုန္နမ္ပိ၊လေးပါးလည်းဖြစ်ကုန်သော သန်တဋ္ဌ စသည်တို့၏။ ဝိသေသော၊ အထူးတည်း။

ဤဇာတိဘခုကိုပြသဖြင့် အပါယ်လေးဘုံ၌ ဖြစ် သော ဇာ တိ လူ့ပြည် နတ်ပြည်၌ ဖြစ်သောဇာတိ ဗြဟ္မာပြည်၌ ဖြစ်သောဇာတိ ပဋိသန္ဓေအခိုက်၌ ဖြစ်သောဇာတိ ပဝတ္တိအခါ၌ ဖြစ်သောဇာတိ ဤသို့အစရှိသောနည်းဖြင့် ဘုမ္မိပရိစ္ဆေဒ ဌာနပရိစ္ဆေဒ ဒွါရပစ္ဆေဒ အာရုံအာရမ္မဏိက ဖြစ်ဖြစ်သမျှသော တေဘူမကတရားတို့၌ တခု တခုသော ရုပ်တရား နာမ်တရား ခန္ဓာစသည်တို့ဝယ် ပိဋ္ဌန သန်တ သန္တာပ ဝိပရိဏာမ ဤသဘောလေးပါးတို့သည် မုချဖြစ်လာရ သည် အဖြစ်ကြောင့် ကြောက် ဘွယ် ကောင်း လှ ချေ ၏။ အလွန် ကြောက် ဘွယ် ကောင်း လှ ချေ ၏။ အထူးသဖြင့် ကြောက်ဘွယ် ကောင်းလှချေ၏။ အထူးသဖြင့် အလွန်ကြောက်ဘွယ် ကောင်းလှ ချေ၏ ဟု မိမိ၏စိတ်ကို မြဲမြံစွာ သန္နိဋ္ဌာန်ချ၍ နိဗ္ဗာန်တိုင်အောင် အဓိမုတ္တအားဖြင့် လွတ်ကြကုန်ရာသည်။

ဇရာတရား၌ကား။ ။ဤဇရာဟူသည် ကြောက်ဘွယ်ကောင်း လှစွာ၏။ အဘယ်ကြောင့် နည်းဟူမူ။ ဤဇရာတခုကို သိကြား ဗြဟ္မာ ဘုရား စသော သူတို့သည် ပြုပြင်၍ ပေး နိုင် သည် မဟုတ်။ စင်စစ်မှာမူ မိမိအကြောင်းကြောင့် ဖြစ်ပေါ်လာသော ဇရာတခု ဖြစ်သည် အခါမှစ၍ ထိုသတ္တဝါအား လွန်စွာနှိပ်စက်တတ်သော သဘောရှိသည်ဖြစ်ရကား ပိဋ္ဌနဂုဏ်လည်း ရှိ၏။ ထိုသို့ နှိပ်စက်

သော ဇရာသည် ရှေးရှေးသော ဘဝ တို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား **သင်္ခတဂုဏ်**လည်း ရှိ၏။ ထိုသို့ပြုပြင်သောကြောင့် ဥပါဒ် ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤဇရာသည် သတ္တဝါတို့၏ ခန္ဓာ အစဉ်ကို ဇာတိဇရာမရဏ တို့ဖြင့် ပူပန်စေခြင်း ရာဂဒေါသအစ ရှိသော ကိလေသာတို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား **သန္တာပဂုဏ်**လည်းရှိ၏။ ထိုသို့ အရှိန်မစဲ တသဲသဲ နှိပ်စက်သော ဤဇရာဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သဘောမရှိရကား **ဝိပရိဏာမဂုဏ်**လည်း ရှိ၏။ ဤသို့လျှင် ဇရာ၏နှိပ်စက်အပ်သော ပီဠန သင်္ခတ သန္တာပ ဝိပရိဏာမ တို့၏သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တဘာဝ-အာဝိဘာဝနာကာရနည်းအားဖြင့် သိခြင်းမည်၏။ ။(အာဂုံကို ဇာတိမှ ယူလေ)။ ။ဤသို့ နှိပ်စက်တတ်သောအနက် ပြုပြင်တတ်သောအနက် ပူပန်စေတတ်သောအနက် ဘောက်ပြန်တတ်သောအနက် ဤအနက်လေးပါးတို့ကို တခုတခုသော ဇရာ၌ အတ္တဘာဝ-ဘာဝိဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။

အညဘာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပီဠနဋ္ဌ ကို ဟောတော်မူခြင်းသည် သဘောအားဖြင့်ဟုတ်ပေ၏။ သင်္ခတအစရှိသော အနက်သုံးပါးတို့ကို အဘယ်ကို မြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤဇရာ အစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင် တို့ဖြင့် ခံခက်ခြင်းကို ခံရသည်ကား တစုံတယောက်သော နတ် လူ ဗြဟ္မာ စသော သူတို့ကြောင့်မဟုတ် စင်စစ်မှာမူ သမုဒယ ဟူသော အကြောင်းကြောင့် ခံရသည်။ ထိုကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယ သင်္ခတဋ္ဌ ကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂစသော မီးတို့သည် မပူလောင်စေ

တတ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေတတ်သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံ တခု ဘောက်ပြန် ပျက် စီး စေ အပ် သော သ ဘော မ ရှိ သော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဘောက်ပြန် ပျက် စီး တတ် သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိ တို့၏ သဘောဟု ဆိုအပ်သော ပီဠန သခ်တ သန္တာပ ဝိပရိဏာမ သဘောတို့ကို တပါးသော သမုဒယအစရှိသော သစ္စာတို့ကို မြင် သဖြင့် သိအပ်သောကြောင့် အညဘာဝ-အာဝိဘာဝနာကာရနည်း ဖြင့် သိအပ်၏။ ။(အာဂုံကို ဇာတိမှာယူလေ)။

ဤဗျာဓိ ဟူသည် ကြောက်ဘွယ် ကောင်းသှစ္စာ၏။ အဘယ့် ကြောင့်နည်းဟူမူ။ ဤဗျာဓိ တခုကို သိကြား မြဟ္မာ ဘုရား စသော သူတို့သည် ပြု၍ပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိ၏ အ ကြောင်းကြောင့် ဖြစ်ပေါ်လာသော ဗျာဓိတခုဖြစ်သည် အခါမှစ၍ ထိုသတ္တဝါအား လွန်စွာ နှိပ်စက်တတ်သော သဘောရှိသည်ဖြစ်ရ ကား ပီဠနဂုဏ်လည်း ရှိ၏။ ထိုသို့နှိပ်စက်သော ဗျာဓိ သည် ရှေး ရှေးသောဘဝတို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါ ဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက် ခြင်းကို ခံရရကား သခ်တဂုဏ်လည်းရှိ၏။ ထိုသို့ ပြုပြင်အပ်သော ကြောင့် ဥဒါဒ် ဋ္ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက် တတ်သော ဤဗျာဓိသည် သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ဇာတိဇရာ မရဏတို့ဖြင့် ပူပန်စေခြင်း ရာဂ ဒေါသ အစရှိသော ကိလေသာ တို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား **သန္တာပ** ဂုဏ်လည်းရှိ၏။ ထိုသို့ အရှိန်မစဲ တသဲသဲနှိပ်စက်သော ဤဗျာဓိ ဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သ ဘောမရှိရကား **ဝိပရိဏာမ**ဂုဏ်လည်းရှိ၏။ ဤသို့လျှင် ဗျာဓိတခု ၏ နှိပ်စက်အပ်သော ပီဠန သခ်တ သန္တာပ ဝိပရိဏာမ တို့၏ ဘဘောကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တ သာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိ ခြင်း မည် ၏။ ။

(အာဂုံကိုလိုမူ ဇာတိမှာ ယူလေ)။ ။ဤသို့ နှိပ်စက်တတ်သော အနက် ပြုပြင် အပ်သော အနက် ပူပန် စေတတ်သော အနက် ဖောက်ပြန်တတ်သော အနက် ဤအနက် လေးပါးတို့ကို တခု တခုသောဗျာဓိ၌ အတ္တဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။

အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိ အစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပီဠနဋ္ဌကို ဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။ သင်္ခတ အစရှိသော အနက်သုံးပါးတို့ကို အဘယ်ကို မြင်သောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤဗျာဓိ အစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင် တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခုသော နတ် လူ ဗြဟ္မာ စသောသူတို့ကြောင့် မဟုတ်၊ စင်စစ်မှာမူ သမုဒယဟူသော အကြောင်းကြောင့် ခံရသည်။ ထို့ကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂ စသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေတတ်သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခု ဖောက်ပြန် ပျက်စီးစေတတ်သော သဘောမရှိသော နိရောဓ သစ္စာကို မြင်တော်မူသဖြင့် ဖောက်ပြန် ပျက်စီးစေတတ်သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟုဆိုအပ်သော ပီဠန, သင်္ခတ, သန္တာပ, ဝိပရိဏာမသဘောတို့ကို တပါးသော သမုဒယ အစရှိသော သစ္စာတို့ကို မြင်သဖြင့် သိအပ်သောကြောင့် အညဘာဝအာဝိဘာဝနာကာရ နည်းဖြင့် သိအပ်၏။ ။(အာဂုံကိုသိလိုမူ ဇာတိမှာ ယူလေ)။

ဤမရဏဟူသည် ကြောက်ဘွယ်ကောင်းလှစွာ၏။ အဘယ်ကြောင့်နည်းဟူမူ။ ဤမရဏတခုကို သိကြားဗြဟ္မာ ဘုရား စသောသူတို့သည် ပြု၍ပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိ၏ အ

ကြောင်းကြောင့် ဖြစ်ပေါ်လာသော မရဏတခု ဖြစ်သည်အခါမှ စ၍ ထိုသတ္တဝါအား လွန်စွာနှိပ်စက်တတ်သော သဘောရှိသည် ဖြစ်ရကား ပီဠနဂုဏ်လည်းရှိ၏။ ထိုသို့နှိပ်စက်သော မရဏသည် ရှေးရှေးသောဘဝတို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား သင်္ခတဂုဏ်လည်းရှိ၏။ ထိုသို့ ပြုပြင် အပ်သောကြောင့် ဥပါဒ် ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်ဘတ်သော ဤမရဏသည် သတ္တဝါတို့၏ခန္ဓာအစဉ်ကို ဇာတိဇရာ မရဏ တို့ဖြင့် ပူပန်စေခြင်း ရာဂဒေါသ အစရှိသော ကိလေသာတို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား သန္တာပဂုဏ် လည်းရှိ၏။ ထိုသို့ အရှိန်မစဲ တသဲသဲနှိပ်စက်သော ဤမရဏ ဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သဘောမရှိရကား ဝိပရိဏာမဂုဏ်လည်းရှိ၏။ ဤသို့လျှင် မရဏတခု၏နှိပ်စက်အပ်သောပီဠန,သင်္ခတ,သန္တာပ,ဝိပရိဏာမ တို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အညာဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။ ။ ( အာဂုံကိုလိုမူ ဇာတိမှာ ယူလေ )၊ ။ဤသို့ နှိပ်စက်တတ်သော အနက် ပြုပြင် အပ် သော အ နက် ပူ ပန် စေ တတ် သော အ နက် ဘောက်ပြန်စေတတ်သောအနက် ဤအနက်လေးပါးတို့ကို တခု တခုသောမရဏ၌ အတ္တဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။

အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပီဠနဋ္ဌကို ဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။ သင်္ခတအစရှိသော အနက်သုံးပါးတို့ကို အဘယ်ကို မြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤမရဏအစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင် တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခု နတ် လူ ဗြဟ္မာ စသော သူတို့ကြောင့် မဟုတ်။ စင်စစ်မှာမူ သမုဒယ ဟူသော အကြောင်းကြောင့် ခံရ

သည်။ ထို့ကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂ စသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင် စေ တတ် သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခု ဘောက်ပြန် ပျက်စီးစေအပ်သော သဘောမရှိသော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဘောက်ပြန် ပျက် စီး စေ တတ် သော တတိယဝိပရိဏာမဋ္ဌ ကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟု ဆိုအပ်သော ပီဠန,သင်္ခတ,သန္တာပ,ဝိပရိဏာမ သဘောတို့ကို တပါးသော သမုဒယ အစရှိသော သစ္စာတို့ကို မြင်သဖြင့် သိအပ်သောကြောင့် အညဘာဝအာဝိဘာဝနာကာရ နည်းဖြင့် သိအပ်၏။ ။(အာဂံကိုလိုမူ ဇာတိမှာ ယူလေ)။

ဤသို့လျှင် ဇာတိ ဇရာ ဗျာဓိ မရဏ တို့၌ အတ္တဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့်၎င်း အညဘာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့်၎င်း ဒုက္ခသစ္စာ၏သဘောကိုပြလျှင် ကြွင်းကုန်သော သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အပ္ပိယ သမ္ပယောဂ, ပိယဝိပ္ပယောဂ,ဣစ္ဆာအလဗ္ဘ,ဥပါဒါနက္ခန္ဓာ တို့၌၎င်း, ဘုံသုံးပါးလုံး၌ရှိသော ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် တို့၌၎င်း, တစုံတခုသော စိတ် စေတသိက် ရုပ် တို့၏ တည်ရာ ခန္ဓာ တို့၌၎င်း, စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ဟုဆိုအပ်သော ဒွါရခြောက်ပါး သံဝရဒွါရ အားဖြင့် ရှစ်ပါး တနည်း တဆယ့်ခုနစ်ပါး အကျယ်အားဖြင့်(၇၆၅)ပါးသောခန္ဓာ အာယတန စသည်တို့၌ ဆိုအပ်ခဲ့ပြီးသော ဇာတိအစရှိသော ဒုက္ခတို့ကို နည်းမှီး၍ တခုတခုသော ခန္ဓာစသည်တို့၌ အတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရ နည်းတို့ဖြင့် ပိုင်းခြားဝေဘန်၍ ပီဠန,သင်္ခတ, သန္တာပ,ဝိပရိဏာမ ဟုဆိုအပ်သော ဒုက္ခသစ္စာ၏ သဘောကို သိအပ်၏။ သိကြလေ။ အဆုံးကိုသာ ပြလိုက်အံ့—

### ၄၀ - ဒုက္ခသစ္စ ၌ အတ္တဘာဝအာဝီဘာဝနာကာရ · အညဘာဝ အာဝီဘာဝနာကာရ နည်း၊ တို့ကို ပြခြင်း။

ဤလောဘအခိုက်၌ ဖြစ် သော ခန္ဓာ ဟူသည် ကြောက်ဘွယ် ကောင်းလှစွာ၏။ အဘယ်ကြောင့်နည်းဟူမူကား။ ဤလောဘ အခိုက်၌ ဖြစ်သော ခန္ဓာတခုကို သိကြား ဗြဟ္မာ ဘုရား စသောသူ တို့သည် ပြု၍ပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိ၏ အကြောင်း ကြောင့် ဖြစ်ပေါ်လာသော လောဘအခိုက်၌ ဖြစ်သော ခန္ဓာတခု ဖြစ်သည်အခါမှစ၍ ထိုသတ္တဝါအား လွန်စွာ နှိပ်စက်တတ်သော သဘောရှိသည် ဖြစ်ရကား ပီဠန ဂုဏ်လည်းရှိ၏။ ထိုသို့ နှိပ်စက် သော လောဘအခိုက်၌ ဖြစ်သော ခန္ဓာသည် ရှေးရှေးသော ဘဝ တို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်း ဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား သင်္ခတဂုဏ်လည်းရှိ၏။ ထိုသို့ ပြုပြင်အပ်သောကြောင့် ဥပါဒ် ဌီ ဘင်တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤလောဘ အခိုက်၌ ဖြစ်သော ခန္ဓာသည် သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ဇာတိ ဇရာမရဏ တို့ဖြင့် ပူပန်စေခြင်း ရာဂဒေါသ အစရှိသော ကိလေ သာတို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူ ပန် စေ ရကား သန္တာပဂုဏ်လည်း ရှိ၏။ ထိုသို့ အ ရှိန် မ စဲ တသဲသဲနှိပ်စက်သော ဤလောဘအခိုက်၌ ဖြစ်သော ခန္ဓာဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သ ဘော မ ရှိ ရကား ဝိပရိဏာမ ဂုဏ်လည်းရှိ၏။ ဤသို့လျှင် လောဘအခိုက်ဖြစ်သော ခန္ဓာတခု၏ နှိပ်စက်အပ်သော ပီဠန သင်္ခတ သန္တာပ ဝိပရိဏာမတို့၏သဘော ကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တဘာဝ အာဝီဘာဝနာကာရနည်းအားဖြင့် သိခြင်းမည်၏။ ။( အာ ဂံ ကို လိုမူ ဇာတိမှာ ယူလေ)။ ။ဤသို့နှိပ်စက်တတ်သောအနက် ပြုပြင် အပ်သောအနက် ပူပန်စေတတ်သောအနက် ဘောက်ပြန်တတ် သောအနက် ဤအနက်လေးပါးတို့ကို တ ခု တ ခု သော လောဘ အခိုက်၌ဖြစ်သော ခန္ဓာ၌ အတ္တဘာဝအာဝီဘာဝနာကာရ နည်း အားဖြင့်သိအပ်၏။

အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပီဠနဋ္ဌ ကို ဟောတော်မူခြင်းသည် သဘောအားဖြင့်ဟုတ်ပေ၏။ သခ်တ အစရှိသော အနက် သုံးပါးတို့ကို အဘယ်ကို မြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤလောဘအခိုက်၌ ဖြစ်သော ခန္ဓာ အစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင်တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခုသော နတ်လူ ဗြဟ္မာ စသော သူတို့ကြောင့် မဟုတ်။ စင်စစ်မှာမူ သမုဒယ ဟူသော အကြောင်းကြောင့် ခံရသည်။ ထိုကြောင့် ပြုပြင်တတ်သော သမုဒယ သစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယ သခ်တဋ္ဌ ကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂ စသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေအပ်သော တတိယ သန္တာပဋ္ဌ ကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခု ဘောက်ပြန်ပျက်စီးစေအပ်သော သဘော မရှိသော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဘောက်ပြန် ပျက်စီးစေအပ်သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟု ဆိုအပ်သော ပီဠန, သခ်တ, သန္တာပ, ဝိပရိဏာမ သဘောတို့ကို တပါးသော သမုဒယ အစရှိသော သစ္စာတို့ကိုမြင်သဖြင့် သိအပ်သောကြောင့် အညဘာဝအာဝိဘာဝနာကာရ နည်းဖြင့် သိခြင်းမည်၏။ ။(အာဂုံကိုလိုမူ ဇာတိမှာ ယူလေ)။

ဤဒေါသအခိုက်၌ဖြစ်သော ခန္ဓာ ဟူသည် ကြောက်ဘွယ်ကောင်းလှစွာ၏။ အဘယ်ကြောင့်နည်းဟူမူ။ ဤဒေါသ၌ဖြစ်သော ခန္ဓာတခုကို သိကြား ဗြဟ္မာ ဘုရား စသောသူတို့သည် ပြု၍ပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိ၏အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဒေါသအခိုက်၌ဖြစ်သော ခန္ဓာတခုဖြစ်သည်အခါမှစ၍ ထိုသတ္တဝါအား လွန်စွာနှိပ်စက်တတ်သော သဘောရှိသည် ဖြစ်ရကား ပီဠနဂုဏ်လည်းရှိ၏။ ထိုသို့ ပြုပြင် အပ်သောကြောင့် ဥပါဒ် ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍နှိပ်စက်တတ်သော ဤဒေါသ

အခိုက်၌ဖြစ်သော ခန္ဓာသည် ရှေးရှေးသော ဘဝတို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား **သင်္ခတ**ဂုဏ်လည်းရှိ၏။ ထိုသို့ပြုပြင်အပ်သောကြောင့် ဥပါဒ် ဌီ ဘင် တို့ အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤဒေါသအခိုက်၌ ဖြစ်သော ခန္ဓာသည် သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ဇာတိဇရာမရဏ တို့ဖြင့် ပူပန်စေခြင်း ရာဂဒေါသ အစရှိသော ကိလေသာတို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား **သန္တာပ**ဂုဏ်လည်းရှိ၏။ ထိုသို့အရှိန်မစဲ တသဲသဲနှိပ်စက်သော ဤ ဒေါ သ အခိုက် ၌ ဖြစ်သော ခန္ဓာဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန်တည်နိုင်သော သဘောမရှိရကား **ဝိပရိဏာမ**ဂုဏ် လည်း ရှိ ၏။ ဤသို့လျှင် ဒေါသအခိုက်၌ဖြစ်သော ခန္ဓာတခု၏ နှိပ် စက် အပ် သော ပီဠန,သင်္ခတ,သန္တာပ,ဝိပရိဏာမ တို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တဘာဝ-အာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။ ။( အာဂုံကိုလိုမူ ဇာတိမှာယူလေ )။ ။ ဤသို့ နှိပ်စက်တတ်သောအနက် ပြုပြင်အပ်သောအနက် ပူပန်စေတတ်သောအနက် ဘောက်ပြန် စေ တတ် သော အနက် ဤလေးပါးတို့ကို တခုတခုသော ဒေါသအခိုက်ဖြစ်သော ခန္ဓာ၌ အတ္တဘာဝအာဝိဘာဝနာကာရ အားဖြင့် သိအပ်၏။

အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာအမျိုးမျိုးတို့၌ ပီဠနဋ္ဌကိုဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။ သင်္ခတ အာရှိသော အနက်သုံးပါးတို့ကို အဘယ်ကိုမြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤဒေါသအခိုက်၌ဖြစ်သော ခန္ဓာအစရှိသော ဒုက္ခသစ္စာအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင်တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခုသော နတ်လူဗြဟ္မာစသော သူတို့ကြောင့် မဟုတ်။ စင်စစ်မှာမူ သမုဒယ ဟူသော အကြောင်းကြောင့် ခံရသည်။ ထိုကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို

ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂစသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေတတ်သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခုဖောက်ပြန်ပျက်စီးတတ်သောသဘောမရှိသော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဖောက် ပြန် ပျက် စီး တတ်သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟုဆိုအပ်သော ပီဠန, သင်္ခတ, သန္တာပ, ဝိပရိဏာမသဘောတို့ကို တပါးသော သမုဒယအစရှိသော သစ္စာတို့ကို မြင်တော်မူသဖြင့် သိအပ်သောကြောင့် အညာဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။ ။( အာ ဂုံ ကို လို မူ ဇာ တိ မှာ ယူလေ)။

ဤ မော ဟ အ ခိုက် ၌ ဖြစ် သော ခန္ဓာသည် ကြောက် ဘွယ် ကောင်းလှစွာ၏။ အဘယ်ကြောင့် နည်းဟူမူ။ ဤမောဟအခိုက်၌ ဖြစ်သော ခန္ဓာတခုကို သိကြားဗြဟ္မာ ဘုရား စသောသူတို့သည် ပြုမျှပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိ၏ အကြောင်းကြောင့် ဖြစ်ပေါ်လာသော မောဟအခိုက်၌ဖြစ်သော ခန္ဓာတခုဖြစ်သည့်အခါမှစ၍ ထိုသတ္တဝါအား လွန်စွာ နှိပ်စက်တတ်သော သဘောရှိသည်ဖြစ်ရကား ပီဠနဂုဏ်လည်းရှိ၏။ ထိုသို့နှိပ်စက်တတ်သော မောဟအခိုက်၌ ဖြစ်သော ခန္ဓာတခုသည် ရှေးရှေးသောဘဝတို့၌ ပြုပြင်အပ်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ တည်းဟူသော အကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား သင်္ခတဂုဏ် လည်း ရှိ ၏။ ထိုသို့ ပြုပြင်အပ်သောကြောင့် ဥပါဒ် ဋ္ဌီ ဘင် တို့ဖြင့် ပူပန်စေခြင်း အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤမောဟအခိုက်၌ ဖြစ်သောခန္ဓာသည် သတ္တဝါတို့၏ခန္ဓာအစဉ်ကို ဇာတိဇရာမရဏ တို့ဖြင့် ပူပန်စေခြင်း ရာဂဒေါသအစရှိသော ကိလေသာတို့ဖြင့် ပူပန်စေခြင်း ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား သန္တာပဂုဏ် လည်း ရှိ ၏။ ထိုသို့ အရှိန်မစဲ တသဲသဲ နှိပ်စက်သော ဤမောဟ အခိုက်၌ဖြစ်သော ခန္ဓာသည် မျက်စိတမှိတ် ခဏမျှ မဖောက်မပြန် တည်နိုင်သောသဘော မရှိရကား ဝိပရိဏာမ

ဂုဏ်လည်းရှိ၏။ ဤသို့လျှင် မောဟအခိုက်၌ဖြစ်သော ခန္ဓာတခု၏ နှိပ်စက်အပ်သော ပီဠန, သင်္ခတ, သန္တာပ, ဝိပရိဏာမ တို့၏ သဘောကို မဘောက်မပြန်အမှန်သိခြင်းသည် အတ္တဘာဝအာဝီဘာဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။ ။(အာဂုံကိုလိုမူ ဇာတိမှာ ယူလေ)။ ။ဤသို့ နှိပ်စက်တတ်သောအနက် ပြုပြင်အပ်သော အနက် ပူပန် စေ တတ် သော အနက် ဘောက် ပြန် တတ် သော အနက် ဤအနက်လေးပါးတို့ကို တခုတခုသော မောဟအခိုက်၌ ဖြစ်သော ခန္ဓာ၌ အတ္တဘာဝအာဝီဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။

အညဘာဝအာဝီဘာဝနာကာရ နည်းအားဖြင့် သိလိုသော်ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာ အမျိုးမျိုးတို့၌ ပီဠနဌကို ဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။ သင်္ခတ အစရှိသော အနက်သုံးပါးတို့ကို အဘယ်ကို မြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤမောဟအခိုက်၌ ဖြစ်သော ခန္ဓာ အစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီ ဘင် တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခုသော နတ်လူဗြဟ္မာ စသော သူတို့ကြောင့်မဟုတ်။ စင်စစ်မှာမူ သမုဒယ ဟူသော အကြောင်းကြောင့် ခံရသည်။ ထို့ကြောင့် ပြုပြင်တတ်သော သမုဒယသစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂ ဒေါသ စသော မီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေတတ်သော သန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခု ဘောက်ပြန် ပျက်စီးသော သဘော မရှိသော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဘောက်ပြန် ပျက်စီးတတ်သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟု ဆိုအပ်သော ပီဠန,သင်္ခတ,သန္တာပ, ဝိပရိဏာမ သဘောတို့ကို တပါးသော သမုဒယအစရှိသောသစ္စာတို့ကို မြင်သဖြင့် သိအပ်သောကြောင့် အညဘာဝအာဝီဘာဝနာကာရ နည်းဖြင့် သိအပ်၏။ ။(အာဂုံကိုလိုမူ ဇာတိမှာ ယူလေ)။

ဤကုသိုလ်အခိုက်၌ ဖြစ်သော ခန္ဓာ ဟူသည် ကြောက် ဘွယ် ကောင်းသှစ္စာ၏။ အဘယ်ကြောင့်နည်းဟူမူ။ ဤကုသိုလ်အခိုက်၌ ဖြစ်သော ခန္ဓာတခုကို သိကြား မြဟ္မာ ဘုရား စသော သူတို့သည် ပြု၍ ပေးနိုင်သည်မဟုတ်။ စင်စစ်မှာမူ မိမိအကြောင်းကြောင့် ဖြစ် ပေါ်လာသော ကုသိုလ်အခိုက်၌ဖြစ်သော ခန္ဓာတခု ဖြစ်သည့်အ ခါမှစ၍ ထိုသတ္တဝါအား လွန်စွာ နှိပ်စက်တတ်သော သဘောရှိ သည်ဖြစ်ရကား ပီဠန ဂုဏ်လည်းရှိ၏။ ထိုသို့ နှိပ်စက်တတ်သော ကုသိုလ်အခိုက်၌ဖြစ်သော ခန္ဓာသည် ရှေးရှေးသော ဘဝတို့၌ ပြု ပြင်အပ်သော အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ ဟူသော အ ကြောင်းတို့ကြောင့် အလွန်နှိပ်စက်ခြင်းကို ခံရရကား သင်္ခတ ဂုဏ် လည်းရှိ၏။ ထိုသို့ပြုပြင်အပ်သောကြောင့် ဥပါဒ် ဋ္ဌီ ဘင် တို့ဖြင့် အစဉ်မပြတ် စပ်၍စပ်၍ နှိပ်စက်တတ်သော ဤကုသိုလ်အခိုက်၌ ဖြစ်သောခန္ဓာသည် သတ္တဝါတို့၏ ခန္ဓာအစဉ်ကို ဇာတိဇရာ မရဏတို့ဖြင့် ပူပန်စေခြင်း,ရာဂဒေါသ အစရှိသော ကိလေသာ တို့ဖြင့် ပူပန်စေခြင်း,ဤပူပန်စေခြင်းတို့ဖြင့် ပူပန်စေရကား သန္တာပ ဂုဏ်လည်းရှိ၏။ ထိုသို့ အရှိန်မစဲ တသဲသဲနှိပ်စက်သော ဤကုသိုလ် အခိုက်၌ ဖြစ်သောဒုက္ခသည် မျက်စိတမှိတ်ခန့်မျှ မဘောက်မပြန် တည်နိုင်သော သဘောမရှိရကား ဝိပရိဏာမ ဂုဏ်လည်းရှိ၏။ ဤသို့ လျှင် ကုသိုလ်အခိုက်၌ ဖြစ်သော ခန္ဓာတခု၏ သဘောကို မဘောက် မပြန် အမှန်သိခြင်းသည် ဒုက္ခသစ္စာ၌ အတ္တဘာဝအာဝိဘာဝနာ ကာရနည်းအားဖြင့် သိခြင်းမည်၏။ ။(အာဂံကိုလိုမူ ဇာတိမှာ ယူလေ)။ ။ဤသို့ နှိပ်စက်တတ်သောအနက်, ပြုပြင်အပ်သောအ နက်, ပူပန်စေတတ်သောအနက်, ဘောက်ပြန်တတ်သောအနက် ဤအနက် လေးပါးတို့ကို တခုတခုသော ကုသိုလ်အခိုက်၌ ဖြစ် သော ခန္ဓာ၌ အတ္တဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိ အပ်၏။

အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိ လို သော် ကား ရှင်တော်ဘုရားသည် ဇာတိအစရှိသော ဒုက္ခသစ္စာမျိုးတို့၌ ပီဠနဋ္ဌကို ဟောတော်မူခြင်းသည် သဘောအားဖြင့် ဟုတ်ပေ၏။

သင်္ခတအစရှိသော အနက်သုံးပါးတို့ကို အဘယ်အကြောင်းကို မြင်တော်မူသောကြောင့် ဟောတော်မူလေသနည်းဟူမူ။ ဤကုသိုလ်အနိုက်၌ဖြစ်သော ခန္ဓာအစရှိသော ဒုက္ခအမျိုးမျိုးတို့၌ ဥပါဒ် ဌီဘင်တို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ကား တစုံတခုသော နတ် လူ ဗြဟ္မာ စသောသူတို့ကြောင့်မဟုတ်။စင်စစ်မှာမူ သမုဒယ ဟူသောအကြောင်းကြောင့် ခံရသည်။ ထိုကြောင့် ပြုပြင်တတ်သော သမုဒယ သစ္စာကို မြင်တော်မူသဖြင့် ပြုပြင်အပ်သော ဒုတိယသင်္ခတဋ္ဌကို ဟောတော်မူသည်။ ဒုက္ခသစ္စာကြောင့် ရာဂစသောမီးတို့သည် မပူလောင်စေအပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ပူလောင်စေအပ်သော တတိယသန္တာပဋ္ဌကို ဟောတော်မူ၏။ ဒုက္ခသစ္စာကြောင့် တစုံတခု ဘောက်ပြန်ပျက်စီးသော သဘောမရှိသော နိရောဓသစ္စာကို မြင်တော်မူသဖြင့် ဘောက်ပြန်ပျက်စီးတတ်သော စတုတ္ထဝိပရိဏာမဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် မိမိတို့၏ သဘောဟုဆိုအပ်သော ပီဠန,သင်္ခတ,သန္တာပ,ဝိပရိဏာမသဘောတို့ကို တပါးသော သမုဒယ အစရှိသော သစ္စာတို့ကို မြင်သဖြင့် သိအပ်သောကြောင့် အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိအပ်၏။ ။( အာဂုံကိုလိုမူ ဇာတိမှာ ယူလေ )။ ။ကာမကုသိုလ်ကိုယူလျှင် ကြွင်းကျန်သော ကုသိုလ် ဝိပါက် ကြိယာတို့ကို ယူလေ။

ဤသို့ပြခြင်းကား ဒုက္ခ သစ္စာ၌ အတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရနည်း နှစ်ပါးတို့ဖြင့် သိခြင်းမျှသာတည်း။ ထိုသို့ သိခြင်းသည် အနုမာန အနုဗောဓ သိခြင်းမျှသာ ရှိသေးသည်။ သံသရာမှ ထွက်မြောက်နိုင်သေးသည် မဟုတ်။ စင်စစ်သော်ကား သံသရာမှ ထွက်မြောက်ကြောင်းကြီး ဥပနိဿယကိုကားရ၏။ သိစေအံ့။ သံသရာမှထွက်မြောက်အောင် သိခြင်းဟူသည် အာရမ္မဏ ပဋိဝေဓ အသမ္မောဟ ပဋိဝေဓ, အာရမ္မဏပဋိဝေဓ ကိစ္စပဋိဝေဓ, အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ထွက်မြောက်သော သူတို့၏ သိခြင်းမှာ သစ္စာလေးပါးကို တပြိုင်နက်သိသည်။ တနည်း နိရောဓသစ္စာကို အာရမ္မဏပဋိ

ဝေဓ, ကျန်သော သစ္စာသုံးပါးကို အသမ္မောဟပဋိဝေဓ, တို့ဖြင့် တပြိုင်နက် သိသည်။ သင်္ခတတရားကိုလည်း အာရုံမပြု။ ယခုသစ္စာမှာမူ ဒုက္ခသစ္စာကို အာရုံပြုရသေးသည်ဖြစ်၍ သံသရာမှ မထွက်မြောက်နိုင်။ ဤဒုက္ခသစ္စာဟူသည် ထွက်မြောက်သော သူတို့၏ အခိုက်၌ အသမ္မောဟပဋိဝေဓမျှသာ ရအပ်၏။ ထိုကြောင့် ဧကပဋိဝေဓ အာဝိဘာဝနာကာရ အားဖြင့် သံသရာမှ ထွက်မြောက်ထိုက်သောသူတို့သည် နိဗ္ဗာန်ကိုမျက်မှောက်ပြုသည်နှင့်တပြိုင်နက် ဤ အတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရနည်း နှစ်ပါးတို့ကို အစိုးရလျက် ကျန်သော ပရိညေယျ ပဟာတဗ္ဗ ဘာဝေတဗ္ဗ ထိုက်သော သစ္စာသုံးပါးကို တပြိုင်နက် ကိစ္စပြီးအောင် ဖဿ သန္တိကိရိယ ဖြင့် ဆောင်ရွက်တော်မူနိုင်သည်။

တဒ္ဓ နိရောဓသစ္စံ သန္တိကိရိယာဘိသမယဝသေန အဘိသမာနေန္တေန ဝိသယတော ကိစ္စတော စ အာရမ္မဏတော စ အာရမ္မဏပဋိဝေဓေန အသမ္မောဟပဋိဝေဓေန စ ပဋိဝိဒ္ဓံ၊ ယထာ ပရိညာဘိသမယဝသေန ဒုက္ခသစ္စံ, ဘာဝနာဘိသမယဝသေန မဂ္ဂသစ္စဉ္စ အသမ္မောဟတော ပဋိဝိဒ္ဓံ ဟောတိ၊ ဧဝံ ပဟာနာဘိသမယဝသေန အသမ္မောဟတောစ ပဋိဝိဒ္ဓါ တဏှာ ဟောတိ။ ။ဥဒါန်း အဋ္ဌကထာ။

တဒ္ဓ နိရောဓသစ္စံ၊ ထိုနိရောဓသစ္စာကိုလည်း။ သန္တိကိရိယာဘိသမယဝသေန၊ မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍သိခြင်း၏ အစွမ်းဖြင့်။ ဝိသယတော၊ အာရုံပြုသောအားဖြင့်။ အဘိသမာနေန္တေန၊ ထူးသောမဂ်ဉာဏ်ဖြင့် သိသောသူသည်။ ကိစ္စတော စ၊ ကိစ္စသိဒ္ဓိအားဖြင့်၎င်း။ အာရမ္မဏတော စ၊ အာရုံပြုသောအားဖြင့်၎င်း။ အာရမ္မဏပဋိဝေဓေန စ၊ အာရမ္မဏပဋိဝေဓအားဖြင့်၎င်း။ (အာရမ္မဏတော စ ကို ထပ်၍ဖွင့်ခြင်းဖြစ်သည်)။ အသမ္မောဟပဋိဝေဓေန စ၊ အသမ္မောဟပဋိဝေဓ အားဖြင့်၎င်း (ကိစ္စတောစ ကို ထပ်၍ဖွင့်ခြင်းဖြစ်သည်)။ ပဋိဝိဒ္ဓံ၊ ထိုထွင်း၍သိအပ်၏။ ဒုက္ခ

သဒ္ဒံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယဝသေန၊ ပရိညာဘိသမယ၏ အစွမ်းအားဖြင့်ရင်း။ မဂ္ဂသဒ္ဒံ၊ မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယ ဝသေန စ၊ ဘာဝနာဘိသမယ၏ အစွမ်းအားဖြင့် ၎င်း။ အသမ္မောဟတော၊ မတွေဝေသောအားဖြင့်။ ပဋိဝိဇ္ဈံ၊ ထိုးထွင်း၍ သိအပ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တဏှာ၊ သမုဒယသစ္စာ တဏှာလောဘ ကို။ ပဟာနာဘိသမယဝသေန၊ ပဟာနာဘိ သမယ၏ အစွမ်းအားဖြင့်။ အသမ္မောဟတော စ၊ မတွေဝေသောအားဖြင့်လည်း။ ပဋိဝိဇ္ဈ၊ ထိုးထွင်းသိအပ်သည်။ ဟောတိ၊ ဖြစ်၏။

ကောပဋိဝေဓ ကိုကား နိရောဓသစ္စာ စသည်၌ ထင်စွာ ဖြစ် လတ္တံ့။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ဒုက္ခသစ္စာကို အတ္တ ဘာဝ အာဝိဘာဝနာကာရ အညဘာဝ အာဝိဘာဝနာ ကာရ နည်းသို့တိုင်အောင် ဆရာကောင်းတို့၏ အထံ၌ ရုပ် နာမ် ခန္ဓာ အာယတန စသော သဘောတရားသည် ဒုက္ခသစ္စာတည်း။တဏှာ စသော တဘောတရားသည် သမုဒယသစ္စာတည်း။ဤသို့ အကျဉ်း အားဖြင့်ရင်း အကျယ်အားဖြင့်ရင်း သင်ကြား၍ အဘန်တလဲလဲ ရုပ် နာမ် စသော ဒုက္ခသစ္စာ ထိုက်သော သဘောတရားအပေါင်း ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတို့ဖြင့် ထင်အောင် မြင်အောင် မြဲအောင် အားယုတ်ရာ၏။ လက္ခဏာရေး တင်ဟန်ကို မဂ္ဂသစ္စာ၌ ထင်လတ္တံ့။

> ပုရိမာနိ ဟိ ဒွေ သစ္စာနိ "ပဉ္စက္ခန္ဓာ ဒုက္ခံ, တဏှာ သမုဒယော" တိဧဝံ သင်္ခေပေန စ "ကတမေ ပဉ္စက္ခန္ဓာ" တိ အာဒိနာ နယေန ဝိတ္ထာရေန စ အာစရိယသ္မ သန္တိ ကေ ဥဂ္ဂဏှိတွာ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော ယော ဂါဝစရော ကမ္မံ ကရောတိ။ ။သမ္မော။

ဟိ တဒေဝ သဒ္ဒံ၊ ထိုစကားသည်မှန်၏။ ပုရိမာနိ၊ ရှေး၌ဖြစ် ကုန်သော။ ဒွေ သစ္စာနိ၊ နှစ်ပါးသော သစ္စာတို့ကို။ ပဉ္စက္ခန္ဓာ ဒုက္ခံ,

တဗျာသမုဒယောတိ၊ ပဋ္ဌကန္တာဒုက္ခံ, တဗ္ဗာသမုဒယော ဟူ၍။ ဧဝံ၊ ဤသို့။ သင်္ခေပေန စ၊ အကျဉ်းအားဖြင့်၎င်း။ ကတမေ ပဋ္ဌကန္တာတိ အာဒိနာ၊ ကတမေ ပဋ္ဌကန္တာ ဤသို့ အစ ရှိသော။ နယေန၊ နည်းဖြင့်။ ဝိတ္ထာရေန စ၊ အကျယ်အားဖြင့်၎င်း။ အာစရိယဿ၊ ဆရာ၏။ သန္တိကေ၊ အထံ၌။ ဥဂ္ဂဟိတွာ၊ သင်၍။ ဝါစာယ၊ နှုတ်ဖြင့်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပရိဝတ္တေန္တော၊ တပြောင်းပြန်ပြန်။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ ကမ္မံ၊ စီးဖြန်းသော အမှုကို။ ကရောတိ၊ ပြု၏။

ဤသို့သော စကားအစဉ်ဖြင့် ဆိုခြင်းသည်ကား ဒုက္ခသစ္စာ၏ အကျဉ်းမျှဖြစ်သော စကားမျှသာတည်း။ အကျယ်တဝင့် ဘွင့်လှစ်၍ ဒုက္ခသစ္စာထိုက်သော အကြင် တခုတခုသော တရားကို ပြ၍ ဆိုအပ်သည်ရှိသော် အဘယ်အခါ ပြီးဆုံးနိုင်တော့အံ့နည်း။ ငါသို့သော သူကို ထားဘိဦး။ လေထု-ရေထု-မြေထုစက္ကဝါ လေးဖြာ ရောင်စို မြင်းမိုရ် သတ္တရဘ္ဘာန် တောင်ရံတို့နှင့် တကွဖြစ်သော အထုတို့ယက် ဆတက်ထောင်ရာ ကဲလွန်သာသော ပညာရှိကြီးတို့ သော်လည်း ၎င်းဒုက္ခသစ္စာ၏ အကျယ်ကို ကမ္ဘာ ရာ-ထောင်-သိန်း-သန်း-ဂဏန်းသင်္ချေ အစေ့နေ၍ ဘွင့်လေငြားသော်လည်း အပြီးအဆုံး နိဂုံးတိုင်အောင် ဘွင့်ခြင်းငှါမစွမ်းနိုင်ရာ။ အသဒိသ အပမိတ အနန္တရွှေဉာဏ်တော်ရှင်ကြီး၏ အရာတော် ပေတည်း။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်တို့အား သဲလွန်စမျှ နည်းရရုံသာ သင်္ခေပအားဖြင့် အကျဉ်းရုံး၍ နိဂုံးသတ်လိုက်တော့ပြီ။

"ယဒေတံ ဧကေကံ ဒဿေတွာ ဝုစ္စမာနံ အနေကေဟိ ကပ္ပေဟိ န သက္ကာ အသေသတော ဝတ္တုံ"။ ။သမ္ဗော။ ။ဧကေကံ၊ တခုတခုစီ။ ဒဿေတွာ၊ ပြ၍။ ဝုစ္စမာနံ၊ ဟောတော်မူအပ်သည်ရှိသော်။ အနေကေဟိ၊ များစွာကုန်သော။ ကပ္ပေဟိပိ၊ ကမ္ဘာတို့ဖြင့်လည်း။ ယဒေတံ-ယံ ဧတံ ဒုက္ခံ၊ အကြင်ဒုက္ခသစ္စာကို။ အသေသတော၊ အကြွင်း မ ရှိသော အား ဖြင့်။ ဝတ္တုံ၊ ဟောခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။

ဒုက္ခသစ္စကထာ ပဌမော နိဋ္ဌိတော။

## ၄၁-သမုဒယသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် အမေးကို ပြခြင်း။

(၁) အဘယ်ကြောင့် သမုဒယမည်သနည်း။
(၂) အဘယ်ကြောင့် သစ္စာမည်သနည်း။
(၃) အဘယ်ကြောင့် သမုဒယသစ္စာမည်သနည်း။
(၄) ထိုသမုဒယသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း။
(၅) ထိုသမုဒယသစ္စာ၏ အာကာရကား အဘယ်နည်း။
(၆) ထိုသမုဒယသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း။
(၇) ထိုသမုဒယသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်း။
(၈) ထိုသမုဒယသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း။

## ၄၂-အဘယ်ကြောင့် သမုဒယမည်သနည်း ဟူသော မူမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

ထိုသို့ မေးအပ်သော ပုစ္ဆာရှစ်ချက်တို့တွင် ရှေးဦးစွာသော (၁)အဘယ်ကြောင့် သမုဒယ မည်သနည်း ဟူသော ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ဤသို့တည်း။ ။''သမ္မာ ဥဒေတိ ဖလံ ဧတေနာတိ သမုဒယော''။ ။ဧတေန ကာရဏေန၊ ထိုတဏှာတည်းဟူသော အကြောင်းဖြင့်။ ဝါ၊ကြောင့်။ ဖလံ၊ ဒုက္ခသစ္စာတည်းဟူသော အကျိုးသည်။ သမ္မာ၊ပြည့်စုံစွာ။ ဥဒေတိ၊ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမုဒယော၊ သမုဒယမည်၏။ ။သမုဒယောကား ကရဏသာဓနေ၊ သံပုဗ္ဗ ဥဒ-ဓာတ် အယ-ပစ္စည်း။ ။ဥဒဓာတ်၏ အရကား ထိုဒုက္ခ မျိုး အပေါင်းကို ပြုကြောင်းဖြစ်သော လောဘစေတသိက် စသည်ကို မှုချအားဖြင့် ရ၏။ ကတ္တုတ္တ ကရဏတ္တ ဟေတုတ္တတို့ကား ထို ဒုက္ခသစ္စာတို့ကို ပြုကြောင်းဖြစ်သော အာရမ္မဏဥပနိဿယ ပစ္စည်းသည် ဖလူပစာ။ အားဖြင့်ရ၏။ အယပစ္စည်း၏အရကား ထိုမှုချဖလူပစာတို့ဖြင့် မှတ်အပ်သော အကြောင်းထိုက်သော

တရားမျိုးတို့ကို ရအပ်ကုန်၏။ ။ငင်းအကြောင်းထိုက်သော အာဂုံ ကိုကား ရှေး၌ထင်လတ္တံ့။ ။ပဌမ။

(၂)(၃) ဒုတိယပုစ္ဆာ တတိယပုစ္ဆာတို့ကိုကား ဒုက္ခသစ္စာ ကိုမှီ၍ သိအပ်၏။ ။ဒုတိယ၊ တတိယ။

၄၃-ထိုသမုဒယသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း ဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(၄) ထိုသမုဒယသစ္စာ၏ လက္ခဏာ စသည်ကား အဘယ် နည်း ဟူရာ၌ သမုဒယသစ္စာသည် ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း အ မှန်ဟူသော လက္ခဏာရှိ၏။ အဘန်တလဲလဲ ဒုက္ခကို ဖြစ်စေခြင်း ဒုက္ခ၏မပြတ်မစဲခြင်းကို ပြုခြင်းကိစ္စရှိ၏။ ဘဝမှထွက်မြောက်ခြင်း ကို တားမြစ်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။

ပဘဝလက္ခဏံ သမုဒယသစ္စံ၊ အနုပစ္ဆေဒကရဏရသံ၊
ပလိဗောဓပစ္စုပဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ်။

သမုဒယသစ္စံ၊ သမုဒယသစ္စာသည်။ ပဘဝလက္ခဏံ၊ ဒုက္ခ၏ မပြတ်မစဲဖြစ်ကြောင်း အမှန်အစ၏အဖြစ်တည်းဟူသော လက္ခ ဏာရှိ၏။ ဝါ၊ ပုရိမဘဝနှင့်စပ်၍ မပြတ်မစဲ ပစ္ဆိမဘဝ၏ ဖြစ် ကြောင်း အမှန်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ အနု ပစ္ဆေဒကရဏရသံ၊ အဘန်တလဲလဲ ဒုက္ခကို ဖြစ်စေခြင်း ဒုက္ခ၏ မပြတ်မစဲခြင်းကို ပြုခြင်းကိစ္စရှိ၏။ ပလိဗောဓပစ္စုပဋ္ဌာနံ၊ ဘဝမှ ထွက်မြောက်ခြင်းကို တားမြစ်ခြင်းလျှင် ဉာဏ်အားထင်သော အ ခြင်းအရာရှိ၏။ ဝါ၊ ဘဝမှထွက်မြောက်ကြောင်း အရိယမဂ်ကို နှောင့်ယှက်တားမြစ်ခြင်းလျှင် ဉာဏ်အားထင်သော အခြင်းအရာ ရှိ၏။ ။စတုတ္ထ။

၄၄-ထိုသမုဒယသစ္စာ၏ အာကာရကား အဘယ်နည်းဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၅) ထိုသမုဒယသစ္စာ၏ အာကာရကား အဘယ်နည်း ဟူ သောပုစ္ဆာ၌—

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ သာခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ။
သတိပဋ္ဌာန်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ယာယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဘန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ ပြင်းစွာတပ်စွန်းသောအားဖြင့် ဖြစ်၏။ တတြ တတြ၊ ထိုထို အတ္တဘောအာရုံ၌။ အဘိနန္ဒိနီ၊ လွန်စွာနှစ်သက်တတ်၏။ ဧဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ ကတမာ၊ အဘယ်နည်းဟူမူကား။ ကာမတဏှာ၊ ကာမဘုံ၌ တပ်တတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ ရူပဘဝ, အရူပဘဝ၌ တပ်တတ်သော တဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။ ဧတိ သော၊ ဤတရားတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သာခေါ ပနေသာ တဏှာ၊ ထိုတဏှာသည်။ ကတ္ထ၊ အဘယ်အာရုံ၌။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ကတ္ထ၊ အဘယ်အာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲ ဖြစ်သော အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်သနည်း။

ဤသို့ အာကာရသုံးပါးတို့ဖြင့် ဟောတော်မူအပ်၏။ ထိုတွင် ကာမတဏှာ ဟူသည်ကား ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် အကြင်အခါ ရူပါရုံ၌ ဤသူလှလေ၏ဟူ၍ သာယာ၏၊ ရူပါရုံမျှဟု အမှန်ကိုမသိ၊ ထိုအခါ ကာမတဏှာသည်ဖြစ်၏။ အကြင်အခါ ဤသူလှသည်ကား ကြာမြင့်ပြီဟု သဿတဒိဋ္ဌိနှင့် တကွယူ၍သာယာ၏၊ ရုပ်တို့၏အစဉ်မျှကိုမသိ၊ ထိုအခါ ဘဝတဏှာသည်ဖြစ်၏။ အကြင်

အခါ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်၏။ ထိုအခါ ဝိဘဝတဏှာသည် ဖြစ်၏။ ဤနည်းအတူ သဒ္ဒါရုံစသည်တို့၌လည်း သုံးပါးသုံးပါးစီ ပြားရကား တဆယ့်ရှစ်ပါးသော တဏှာတို့သည် ဖြစ်ကုန်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓတို့နှင့်ကား သုံးဆယ့်ခြောက်ပါး အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့နှင့်ကား တရာ့ရှစ်ပါးသော တဏှာတို့၏ အာကာရကို ယူအပ်၏။

ရူပတဏှာယေဝ ဟိ ယဒါ စက္ခုဿ အာပါထမာဂတံ ရူပါရမ္မဏံ ကာမဿာဒဝသေန အဿာဒယမာနာ ပဝတ္တတိ၊ တဒါ ကာမတဏှာ နာမ ဟောတိ။ ယဒါ တဒေဝါရမ္မဏံ ဓုဝံ သဿတန္တိ ပဝတ္တာယ သဿတဒိဋ္ဌိယာ သဒ္ဓိံ ပဝတ္တတိ၊ တဒါ ဘဝတဏှာ နာမ ဟောတိ၊ သဿတဒိဋ္ဌိသဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ။ ယဒါ ပန တဒေဝါရမ္မဏံ ဥစ္ဆိဇ္ဇတိ ဝိနဿတီတိ ပဝတ္တာယ ဥစ္ဆေဒဒိဋ္ဌိယာ သဒ္ဓိံ ပဝတ္တတိ၊ တဒါ ဝိဘဝတဏှာ နာမ ဟောတိ၊ ဥစ္ဆေဒဒိဋ္ဌိသဟဂတော ဟိ ရာဂေါ ဝိဘဝတဏှာတိ ဝုစ္စတိ။ ဧသနယော သဒ္ဒတဏှာဒိသုပီတိ ဧတာ အဋ္ဌာရသ တဏှာ ဟောန္တိ၊ တာ အဇ္ဈတ္တရူပါဒီသု အဋ္ဌာရသ, ဗဟိဒ္ဓရူပါဒီသု အဋ္ဌာရသာတိ ဆတ္တိံသ၊ ဣတိ အတီတာ ဆတ္တိံသ, အနာဂတာ ဆတ္တိံသ, ပစ္စုပ္ပန္နာ ဆတ္တိံသာတိ အဋ္ဌသတ တဏှာ ဟောန္တိ။ ။ဝိသုဒ္ဓိမဂ်။

ဟိ၊ ချဲ့အံ့။ ရူပတဏှာယေဝ၊ ရူပတဏှာသည်ပင်လျှင်။ ယဒါ၊ အကြင်အခါ၌။ စက္ခုဿ၊ မျက်စိအား။ အာပါထံ၊ ထင်ခြင်းသို့။ အာဂတံ၊ ရောက်သော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ ကာမဿာဒဝသေန၊ ကာမဂုဏ်ကို သာယာသည်၏ အစွမ်းအားဖြင့်။ အဿာဒယမာနာ၊ သာယာလျက်။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာမတဏှာနာမ၊ ကာမတဏှာမည်သည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ တဒေဝါရမ္မဏံ၊ ထိုစက္ခုအား ထင်ခြင်းသို့ ရောက်

သော ရူပါရုံကိုပင်လျှင်။ ခုဝံ၊ မဘောက်မပြန်နိုင်ခံ့၏။ သဿတံ၊ မပျက်မစီးမြဲ၏။ ဣတိ၊ ဤသို့။ ပဝတ္တာယ၊ ဖြစ်သော။ သဿတဒိဋ္ဌိ ယာ၊ သဿတဒိဋ္ဌိနှင့်။ သဒ္ဓိံ၊တကွ။ ပဝတ္တတိ၊ ဖြစ်၏။တဒါ၊ ထို အခါ၌။ ဘဝတဏှာနာမ၊ ဘဝတဏှာမည်သည်။ဟောတိ၊ဖြစ်၏။ ဟိ သစ္စံ၊မှန်၏။ သဿတဒိဋ္ဌိသဟဂတော၊ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော။ ရာဂေါ၊ရာဂကို။ ဘဝတဏှာတိ၊ ဘဝတဏှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ထိုမှတပါး။ ယဒါ၊အကြင်အခါ၌။တဒေဝ ရမ္မဏံ၊ ထိုစက္ခုအား ထင်ခြင်းသို့ရောက်သော ရူပါရုံကိုပင်လျှင်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ပျက်စီး၏။ ဣတိ၊ဤသို့။ ပဝတ္တာယ၊ ဖြစ်သော။ ဥစ္ဆေဒဒိဋ္ဌိယာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်။ သဒ္ဓိံ၊တကွ။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ထိုအခါ၌။ ဝိဘဝတဏှာ နာမ၊ ဝိဘဝတဏှာမည် သည်။ ဟောတိ၊ဖြစ်၏။ ဟိ သစ္စံ၊မှန်၏။ ဥစ္ဆေဒဒိဋ္ဌိသဟဂတော၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော။ ရာဂေါ၊ ရာဂကို။ ဝိဘဝတဏှာတိ၊ ဝိဘဝတဏှာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဒ္ဒတဏှာဒီသုပိ၊ သဒ္ဒ တဏှာ အစရှိသည်တို့၌လည်း။ ဧသနယော၊ ဤတရားသဘော ကို။ နေတဗ္ဗော၊ ဆောင်အပ်၏။ ဣတိ၊ ဤသို့။ ဧတာ အဋ္ဌာရသ တဏှာ၊ ဤတဆယ့်ရှစ်ပါးသော တဏှာတို့သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။ တာ၊ ထိုတဆယ့်ရှစ်ပါးသော တဏှာတို့သည်။ အဇ္ဈတ္တ ရူပါဒီသု၊ အဇ္ဈတ္တရူပါရုံ စသည်တို့၌။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါး တို့ရင်း။ ဗဟိဒ္ဓရူပါဒီသု၊ ဗဟိဒ္ဓရူပါရုံ စသည်တို့၌။ အဋ္ဌာရသ၊ တ ဆယ့်ရှစ်ပါးတို့ရင်း။ ဣတိ၊ဤသို့။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ပါး တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိ၊ဤသို့။ အတီတာ၊ အတိတ်ဖြစ် ကုန်သော။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ပါးတို့ရင်း။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ပါးတို့ရင်း။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ပါး တို့ရင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြား အားဖြင့်။ အဋ္ဌ သတ တဏှာ၊ တရာ့ရှစ်ပါး အပြားရှိသော တဏှာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤ တဏှာသုံးပါးတို့သည် ဒွါရခြောက်ပါးတို့၌ တွေ့ကြုံတိုင်း

ဖြစ်တတ်ကြကုန်၏။ အကြောင်းကား ထိုသမုဒယသစ္စာသည် ခဲလိုသောအဖြစ် စားလိုသောအဖြစ် စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသည် ထင်ရှားလှ၏။

"သမုဒယမ္ပိ ခါဒိတု ကာမတာဘုဉ္စိတုကာမတာဒိဝသေန ဥပ္ပတ္တိတော ပါကဋံ"။ ။သမ္ဗော။ ။သမုဒယမ္ပိ၊ သမုဒယသစ္စာသည်လည်း။ ခါဒိတုကာမတာဘုဉ္စိတုကာမတာဒိဝသေန၊ ခဲလိုသောအဖြစ် စားလိုသောအဖြစ်စသည်တို့၏ အစွမ်း အားဖြင့်။ ဥပ္ပတ္တိတော၊ ဖြစ်ခြင်းကြောင့်။ ပါကဋံ၊ထင်ရှား၏။

၎င်းအဋ္ဌကထာ၌ အာဒိသဒ္ဒါနှင့် ပြတော်မူရကား မြင်လိုသောအဖြစ်, ကြားလိုသောအဖြစ်, နံလိုသောအဖြစ်, လျက်လိုသောအဖြစ်, တွေ့ထိလိုသောအဖြစ်, လှုပ်ရှားလိုသောအဖြစ်, ပြောဆိုလိုသောအဖြစ်, ကြံစည်လိုသောအဖြစ်, အဖြစ်အမျိုးမျိုးစသည်တို့၌ ၎င်းတဏှာ သုံးပါးတို့သည် သမုဒယသစ္စာ၏ အစွမ်းအားဖြင့် ဖြစ်ကြကုန်၏။

ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ ကိဉ္စ လောကေ ပိယရူပံ သာတရူပံ၊ စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထနိဝိသမာနာ နိဝိသတိ။ ရူပါ လောကေ။ သဒ္ဒါ လောကေ။ ဂန္ဓာ လောကေ၊ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ စက္ခုဝိညာဏံ လောကေ။ သောတဝိညာဏံ လောကေ။ ဃာနဝိညာဏံ လောကေ။ ဇိဝှါဝိညာဏံ လော

ကေ။ ကာယဝိညာဏံ လောကေ။ မနောဝိညာဏံ လော
ကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ
ဥပ္ပဇ္ဇတိ၊ ဧတ္ထနိဝိသမာနာ နိဝိသတိ။

သတိပဋ္ဌာန်ပါဠိတော်။

လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသောလောက၌။ ယံ ပိယရူပံ၊ အကြင် ချစ်ဒးပ်သော သဘောရှိသော အာရုံသည်။ ယံ သာတရူပံ၊ အကြင် သာယာအပ်သော သဘောရှိသော အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤချစ်အပ်သာယာအပ်သော အာရုံ၌။ ဧသာ တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော အာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည် သည် ဖြစ် ၍။ နိဝိသတိ၊ တည်၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသောလောက၌။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံသည်။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံသည်။ ကိဥ္စ၊အဘယ်နည်း။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ စက္ခုံ၊စက္ခုပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ဤချစ်အပ် သာယာအပ်သော သဘောရှိသောစက္ခုပသာဒ၌။ဧသာ တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောရှိသော စက္ခုပသာဒ၌။ နိဝိသမာနာ၊ အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။ လောကေ၊ဥပါဒါ နက္ခန္ဓာဟူသော လောက၌။ သောတံ၊ သောတပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။လောကေ၊လောက၌။ဃာနံ၊ ဃာနပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။လောကေ၊ လောက၌။ ဇိဝှါ၊ ဇိဝှါပသာဒသည်။ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ လောကေ၊ လောက၌။ ကာယော၊ ကာယပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော

သဘောရှိသော အာရုံတည်း။ လောကေ၊လောက၌။ မနော၊စိတ်
သည်။ ပိယရူပံ၊ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာ
တရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံ တည်း။ ဧတ္ထ၊
ဤချစ်အပ် သာယာအပ်သော သဘောရှိသော စိတ်အာရုံ၌။သော
တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။
ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောရှိ
သော စိတ်အာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲဖြစ်သော အား
ဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။ လောကေ၊ လောက၌။
ရူပါ၊ ရူပါရုံတို့သည်။ သဒ္ဒါ၊သဒ္ဒါရုံတို့သည်။ ဂန္ဓာ၊ဂန္ဓာရုံတို့သည်။
ရသာ၊ရသာရုံတို့သည်။ ဖောဋ္ဌဗ္ဗာ၊ဖောဋ္ဌဗ္ဗာရုံတို့သည်။ဓမ္မာ၊ဓမ္မာရုံ
တို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။
သာတရူပံ၊သာယာအပ်သော သဘောရှိသော အာရုံတည်း။ဧတ္ထ၊
ဤချစ်အပ် သာယာအပ်သော သဘောရှိသော အာရုံ၌။ သော
တဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာ ဖြစ်သည်ဖြစ်၍။
ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဧတ္ထ၊ဤအာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲဖြစ်
သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊တည်၏။ လောကေ၊
လောက၌။ စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်သည်။ သောတဝိညာဏံ၊
သောတဝိညာဏ်သည်။ ဃာနဝိညာဏံ၊ဃာနဝိညာဏ်သည်။ဇိဝှါ
ဝိညာဏံ၊ ဇိဝှါဝိညာဏ်သည်။ ကာယဝိညာဏံ၊ ကာယဝိညာဏ်
သည်။ မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ပိယရူပံ၊ ချစ်အပ်
သော သဘောရှိသော အာရုံ တည်း။ သာတရူပံ၊ သာယာအပ်
သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ဤချစ်အပ်သာယာအပ်
သော သဘောရှိသောဝိညာဏ်အာရုံ၌။ သော တဏှာ၊ဤတဏှာ
သည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။
ဧတ္ထ၊ ဤဝိညာဏ် အာရုံ၌။ နိဝိသမာနာ၊အဘန်တလဲလဲ ဖြစ်သော
အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊တည်၏။

စက္ခုပသာဒရုပ် ရူပါရုံ စက္ခုဝိညာဏ် သုံးပါးကိုပြလျှင် ကြွင်း
သော ဖဿခြောက်ပါး,ဝေဒနာခြောက်ပါး,သညာခြောက်ပါး,
စေတနာခြောက်ပါး, တဏှာခြောက်ပါး, ဝိတက်ခြောက်ပါး,

ဝိစာရခြောက်ပါး,ပေါင်း လေးဆယ့်နှစ်ပါးသော သဘောတရား တို့၌လည်း ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးပါးတို့၏ ဖြစ်ဟန်ကို ကောန်သိအပ်၏။ တဏှာပေါင်း(၁၀၀)ရအပ်၏။

အဘယ်ကြောင့် ရှင်တော်ဘုရားသည် ဘုံသုံးပါးတို့၌ ဒေါသ အစရှိသော အကုသိုလ်အကြောင်း, သဒ္ဓါအစရှိသော ကုသိုလ် အကြောင်းတို့သည် ထင်ရှားရှိပါကုန်လျက် လောဘကိုသာလျှင် သမုဒယသစ္စာဟူ၍ ဟောတော်မူအပ်ပါသနည်းဟု မေးခဲ့သော် တပါးသော အကြောင်းတို့သည် ရှိပါကုန်သော်လည်း ဤလောဘ ကဲ့သို့ အကြောင်းအထူးမပြုတတ်။ လောဘသည်သာလျှင် အ ကြောင်းထူးတို့ကို ပြုတတ်သည်၏အဖြစ်ကြောင့် ဟောတော်မူအပ် သည်ဟုဖြေ။

ထင်စေအံ့။ မေဘဟသည် ဘဝတို့၌ အပြစ်ကို ဖုံးလွှမ်းရုံမျှသာ ရှိသည်။ ဒိဋ္ဌုပါဒါန်စသည်တို့သည် ကံတို့၏ အကြောင်းမျှသာ ဖြစ်သည်။ လောဘသည်ကား ထိုထိုသို့သော ဘဝ,ယောနိ,ဂတိ, ဝိညာဏဋ္ဌိတိ,သတ္တာဝါသ, အမျိုး, စည်းစိမ်, အစိုးရခြင်းစသော ဆန်းကြယ်သော ဂုဏ်အပေါင်းကို လွန် စွာ တောင့် တ တတ်၏။ ကံ၏ ဥပနိဿယ ကံ၏အဘော်လည်း ဖြစ်၏။ ထို့ကြောင့် ဒုက္ခ တရားကို အထူးပြုတတ်သည်၏အဖြစ်ကြောင့် လောဘကိုသာလျှင် သမုဒယသစ္စာဟူ၍ ဟောတော်မူ၏။

ကသ္မာ ပနေတ္ထ တဏှာဝ သမုဒယသစ္စံ ဝုတ္တာ၊ဝိသေသ ဟေတုဘာဝတော။ အဝိဇ္ဇာ ဟိ ဘဝေသု အာဒီနဝံ ပဋိစ္ဆာဒေတိ၊ ဒိဋ္ဌိအာဒိဥပါဒါနဉ္စ တတ္ထတတ္ထ အဘိနိဝိသ မာနံ တဏှံ အဘိဝဍ္ဎေတိ၊ ဒေါသာဒယောပိ ကမ္မဿ ကာရဏံ ဟောန္တိ။ တဏှာ ပန တံတံဘဝယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တ နိကာယ ကုလဘောဂိဿ ရိယာဒိဝိစိတ္တတံ အဘိပတ္ထေတိ၊ ကမ္မဝိစိတ္တတာယ ဥပ နိဿယတံ ကမ္မဿ စ သဟာယဘာဝံ ဥပဂစ္ဆတိ၊ ဘဝါဒိဝိစိတ္တဘံ နိယမေတိ၊ တသ္မာ ဒုက္ခဿ ဝိသေသ

ဟေတုဘာဝတော အညေသုပိ အဝိဇ္ဇာဥပါဒါနကမ္မာဒိသု
သုတ္တေ အဘိဓမ္မေ စ အဝသေသ ကိလေသကုသလ
မူလာဒီသု ဝုတ္တေသု ဒုက္ခဟေတူသု ဝိဇ္ဇမာနေသု တဏှာဝ
သမုဒယသစ္စန္တိ ဝုတ္တာတိ ဝေဒိတဗ္ဗံ။

တေရသကဏ္ဍဋီကာ။

ပန၊ စောဒနာနှင့်တကွ သောဓနာကိုဆိုဦးအံ့။ ထွေး၊ ဤသမုဒယ
သစ္စာ၌။ ဘာသ္မာ၊အဘယ်ကြောင့်။ တဏှာဝ၊ တဏှာကိုသာလျှင်။
သမုဒယသစ္စံ၊သမုဒယသစ္စာဟူ၍။ဝုတ္တံ၊ဟောတော်မူအပ်သနည်း။
အဇ္ဈတ္တိက သန္တာနေ၊ ကိုယ်တွင်းသန္တာန်၌။ (ထည့်)။ ဝိသေသ
ဟေတုဘာဝတော၊ အထူးပြုတတ်သော အကြောင်း၏ အဖြစ်
ကြောင့်တည်း။ ဟိ၊ထိုစကားကိုထင်စွာပြုဦးအံ့။ အဝိဇ္ဇာ၊ အဝိဇ္ဇာ
သည်။ ဘဝေသု၊ဘဝသုံးပါးတို့၌။ အာဒီနဝံ၊ အပြစ်ကို။ ပဋိစ္ဆာ
ဒေတိ၊ ဖုံးလွှမ်းတတ်၏။ ဒိဋ္ဌိအာဒိ ဥပါဒါနဉ္စ၊ ဒိဋ္ဌိ အစရှိသော
ဥပါဒါန်အပေါင်းသည်လည်း။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အာရုံ
ဘဝတို့၌။ အဘိနိဝိသမာနံ၊ သက်ဝင်သည်ဖြစ်၍။ တဏှံ၊ တဏှာ
ကို။ အဘိဝဍ္ဎေတိ၊ ပွါးစေတတ်၏။ ဒေါသာဒယောပိ၊ ဒေါသ
စသော သဘောတရား အပေါင်းတို့သည်လည်း။ ကမ္မသ၊ ကံ၏။
ကာရဏံ၊ အကြောင်းမျှသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဏှာပန၊
တဏှာသည်ကား။ တံ တံ ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာ
ဝါသ သတ္တနိကာယ ကုလ ဘောဂိဿရိယာဒိ ဝိစိတ္တတံ၊ ထိုထို
သော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာ
ယ, အမျိုး, စည်းစိမ်, အစိုးရခြင်း အစရှိကုန်သော အထူးထူးသော
ဂုဏ်အပေါင်းကို။ အဘိပတ္ထေတိ၊ အလွန်တောင့်တတတ်၏။ ကမ္မ
ဝိစိတ္တတာယ၊ ကံ ဆန်းကြယ်ခြင်း၏။ ဥပနိဿယတဉ္စ၊ ဥပနိဿယ
အဖြစ်သို့ရင်း။ ကမ္မသ၊ ကံ၏။ သဟာယဘာဝဉ္စ၊ အပေါင်းအဘော်
၏ အဖြစ်သို့ရင်း။ ဥပဂစ္ဆတိ၊ ကပ်တတ်၏။ တတော၊ ထိုဥပနိဿယ
စသည်တို့ကြောင့်။ (ထည့်)။ ဘဝါဒိဝိစိတ္တတံ၊ ဘဝ စသည်တို့၏
အထူးဖြစ်ခြင်းကို။ နိယမေတိ၊ မှတ်၏။ တသ္မာ၊ ထို့ကြောင့်။

ဒုက္ခသ၊ ဒုက္ခတရား၏။ ဝိသေသဟေတု ဘာဝတော၊ အထူးအ
ကြောင်း၏ အဖြစ်ကြောင့်။ အညေသုပိ၊ တပါးလည်း ဖြစ်ကုန်
သော။ အဝိဇ္ဇာဥပါဒါနကမ္မာဒီသု၊ အဝိဇ္ဇာ ဥပါဒါန် ကံ အစရှိ
ကုန်သော။ သုတ္တေ စ၊ ထိုထိုသော သုတ်၌၎င်း။ အဘိဓမ္မေ စ၊ သစ္စ
ဝိဘင်း၌၎င်း။ ဝုတ္တေသု၊ ဟောတော်မူအပ်ကုန်သော။ အဝသေသ
ကိလေသကုသလမူလာဒီသု၊ အဝသေသ ကိလေသာ ကုသလမူလ
အစရှိကုန်သော။ ဒုက္ခဟေတူသု၊ ဒုက္ခ၏အကြောင်းတို့သည်။ ဝိဇ္ဇ
မာနေသုပိ၊ ထင်ရှားရှိပါကုန်သော်လည်း။ တဏှာဝ၊ တဏှာကို
သာလျှင်။ သမုဒယသစ္စန္တိ၊ သမုဒယသစ္စာဟူ၍။ ဝုတ္တာ၊ ဟော
တော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

### ၄၅-သမုဒယသစ္စာသည် ဥစ္ဆေဒဂ္ဂါဟ-သဿတဂ္ဂါဟ-နေဝဥစ္ဆေဒဂ္ဂါဟ နသဿတဂ္ဂါဟဂါဟ်သုံးပါးတို့ကို ဆောင်ပုံကိုပြခြင်း။

ထိုသမုဒယသစ္စာသည် ဥစ္ဆေဒဂ္ဂါဟ ဂါဟ်ကို ဆောင်သော
သမုဒယသစ္စာလည်းတခု၊ သဿတဂ္ဂါဟဂါဟ်ကို ဆောင်သော
သမုဒယသစ္စာလည်းတခု၊ နေဝဥစ္ဆေဒဂ္ဂါဟ နသဿတဂ္ဂါဟ
ဂါဟ်ကို ဆောင်သော သမုဒယသစ္စာလည်းတခု၊ ဤသို့ သုံးပါး
သောဂါဟ်ရှိ၏။ ထိုတွင် အကြင်လောဘစသော အကြောင်းသည်
ခြံရံအပ်သော ဒါနစသော ပုညာဘိသင်္ခါရတို့ကို ဇာတိ ဇရာ ဗျာဓိ
မရဏ စသော အပြစ်တို့ဖြင့် ပြွမ်းသောကောင်းမှု၏ အကျိုးဟု ဆို
အပ်သော လူ နတ် ဗြဟ္မာ ၌ဖြစ်သော ဒုက္ခမျိုးအပေါင်းကို ဒုက္ခဟု
မသိသည်ဖြစ်၍ ထို လူ နတ် ဗြဟ္မာ တို့၏ စည်းစိမ်ချမ်းသာကို ရ
အောင် ကိုယ် နှုတ် စိတ် တို့ဖြင့် အားထုတ်အပ်၏။ နတ်သမီးကိုအလို
ရှိသောသူသည် အသူတရာနက်သော ကမ်းပါးပြတ်ကို ဆင်းရာတိ
သကဲ့သို့ မှားသောအားဖြင့် အားထုတ်၏။ ဤသူ၏အားထုတ်ခြင်း
သည် ထိုဒါန စသောကောင်းမှုတို့၌ ဒုက္ခကို တောင့်တသည်ဖြစ်၍
ပြုအပ်ရကား ဥစ္ဆေဒဂ္ဂါဟ ဂါဟ်ကို ဆောင်သော သမုဒယသစ္စာ
ကို ပြုသည်မည်၏။

အပိစ သော ယာ စတူသု သစ္စေသု အပ္ပဟီနာဝိဇ္ဇာ တာယ ဝိသေသတော ဇာတိဇရာ မရဏာဒိ အနေကာဒီနဝ ဝေါကိဏ္ဏမ္ပိ ပုညဖလသင်္ခါတံ ဒုက္ခံ ဒုက္ခတော အဇာနန္တော တဿ အဓိဂမာယ ကာယဝစီစိတ္တသင်္ခါရဘေဒံ ပုညာဘိသင်္ခါရံ အာရဘတိ၊ ဒေဝစ္ဆရကာမကော ဝိယ မရုပပါတံ။ ။ဝိသုဒ္ဓိမဂ်။

အပိစ၊ တနည်းလည်း။ သော၊ ထိုမောဟပိတ်ပင် ဉာဏ်အမြင်ကင်းသောသူသည်။ စတူသု သစ္စေသု၊ လေးပါးကုန်သော သစ္စာတို့၌။ တာယ အပ္ပဟီနာဝိဇ္ဇာတာယ၊ ထိုသို့မပယ်အပ်သော အဝိဇ္ဇာရှိသည်၏အဖြစ်ကြောင့်။ ဝိသေသတော၊ အထူးအားဖြင့်။ ဇာတိဇရာ မရဏာဒိ အနေကာဒီနဝ ဝေါကိဏ္ဏမ္ပိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း စသော တပါးမက များသောအပြစ်ဖြင့် ပြွမ်းသည်ဖြစ်လျက်လည်း။ ပုညဖလသင်္ခါတံ၊ ကောင်းမှု၏ အကျိုးဟုဆိုအပ်သော။ ဒုက္ခံ၊ ဒုက္ခအပေါင်းကို။ ဒုက္ခတော၊ ဒုက္ခဟူ၍။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ဝါ၊ မသိခြင်းကြောင့်။ တဿ၊ ထိုပုညဖလဟုဆိုအပ်သောဒုက္ခကို။ အဓိဂမာယ၊ ရခြင်းငှါ။ ကာယဝစီစိတ္တသင်္ခါရဘေဒံ၊ ကာယသင်္ခါရ,ဝစီသင်္ခါရ,စိတ္တသင်္ခါရအပြားရှိသော။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရကို။ အာရဘတိ၊ အားထုတ်၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ဒေဝစ္ဆရကာမကော၊ နတ်သွီးကို အလိုရှိသော သူသည်။ မရုပပါတံ၊ တောင်ဖျားမှခုန်ဆင်းခြင်းကို။ အာရဘတိ ဝိယ၊ အားထုတ်၏ သို့တည်း။

အကြင်သူသည် မကောင်းသောအကျိုးကို ဖြစ်စေတတ်ကုန်သော ကာမဂုဏ်ကိုမှီဝဲခြင်းစသည်တို့၌ အပြစ်ကိုမမြင်သည်ဖြစ်၍ ကောင်း၏ဟူသော အမှတ်ဖြင့်၎င်း ကိလေသာနှိပ်စက်သည်၏အဖြစ်ကြောင့်၎င်း ဥါရသုံးပါးတို့နှင့်စပ်သော ပါဏာတိပါတ အဒိန္နာဒါန အစရှိသော ဒုစရိုက်ဆယ်ပါးဟုဆိုအပ်သော အပုညာဘိသင်္ခါရကို မိုက်လှစွာသော သူငယ်သည် မစင်ကို ကစား

သကဲ့သို့ရင်း သေလိုသောသူသည် အဆိပ်ကိုစားသကဲ့သို့ရင်း အားထုတ်၏။ ထိုသူ၏အားထုတ်ခြင်းသည် မိမိ၏ခန္ဓာအစဉ်ကို အပါယ်အစရှိသော ဒုက္ခအမျိုးမျိုး မရလျှင် ရအောင် အားထုတ်ရကား ဩယောဟဏဂုဏ်ကိုဆောင်သော သမုဒယသစ္စာကို ပြသည်မည်၏။

ကာမူပသေဝနာဒီသု စ သဝိပါကေသု အာဒီနဝံ အပဿန္တော သုခသညာယ စေဝ ကိလေသာဘိဘူတတာယ စ ဒွါဒသဂ္ဂယပ္ပဝတ္တမ္ပိ အပုညာဘိသင်္ခါရံ အာရဘတိ၊ ဗာလော ဝိယ ဂူထကီဠနံ မရိတုကာမော ဝိယ စ ဝိသခါဒနံ။ ။ဝိသုဒ္ဓိမဂ်။

စ၊ ထိုမှတပါး။ သဝိပါကေသု၊ မကောင်းကျိုးရှိကုန်သော။ ကာမူပသေဝနာဒီသု၊ ကာမဂုဏ်ကိုမှီဝဲခြင်းအစရှိသည်တို့၌။ အာဒီနဝံ၊ ကာမဂုဏ်၏အပြစ်ကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ ဝါ၊ မမြင်သောကြောင့်။ သုခသညာယ စေဝ၊ သုခဟူသော အမှတ်ဖြင့်ရင်း။ ကိလေသာဘိဘူတတာယ စ၊ ကိလေသာနှိပ်စက်သည်၏ အဖြစ်ဖြင့်ရင်း။ ဒွါဒသဂ္ဂယပ္ပဝတ္တမ္ပိ၊ ဒွါဒသုံးပါးအပေါင်း၌ ဖြစ်သည်လည်းဖြစ်သော။ အပုညာဘိသင်္ခါရံ၊ အကုသိုလ်စေတနာဟူသော အပုညာဘိသင်္ခါရကို။ အာရဘတိ၊ အားထုတ်၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်း။ ဗာလော၊ သူငယ်သည်။ ဂူထကီဠနံ၊ မစင်ကစားခြင်းကို။ အာရဘတိ ဝိယ စ၊ အားထုတ်သကဲ့သို့ရင်း။ မရိတုကာမော၊ သေလိုသောသူသည်။ ဝိသခါဒနံ၊ အဆိပ်စားခြင်းကို။ အာရဘတိ ဝိယ စ၊ အားထုတ်သကဲ့သို့ရင်းတည်း။

''သေယျထာပိ စုန္ဒ ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂဂမနီယာ''။ ။သံလေခသုတ်ပါဠိတော်၌ဟောတော်မူ၏။ ။စုန္ဒ။ စုန္ဒရဟန်း။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊

ထိုတရားတို့သည်။ အ ဓော ဘာ ဂ ဂ မ နိ ယာ သေ ယျ ထာ ဝိ၊ အောက်အဘို့သို့သာ လားတတ်ကုန်သကဲ့သို့တည်း။

အကုသိုလ်ကံကို ဖြစ်စေ, ကုသိုလ်ကံကို ဖြစ်စေ, ပြုပြီး၍ ထိုကံ၏အကျိုးကို မခံစားရခြင်းသည် နေဝဥပယောဂဟဏ-နည်းယောဟဏဂုဏ်ကို ဆောင်သော သမုဒယသစ္စာကို ပြုသည်မည်၏။ ''အဟောသိ စေဝ ကမ္မံ န တဿ ဝိပါကော အဟောသိ အတ္ထိ ဘဝိဿတိ စာတိ ဧဝံ ဝတ္တဗ္ဗ ကမ္မံ အဟောသိကမ္မံ''။ ။ဋီကာကျော်။ ။အဟောသိ စေဝ၊ ဖြစ်ပြီးသည်သာလျှင်။ ကမ္မံ၊ ကံတည်း။ တဿ၊ ထိုကံ၏။ ဝိပါကော၊ အကျိုးသည်။ နအဟောသိ၊ မဖြစ်ပြီ။ န အတ္ထိ၊ မရှိဘဲ။ နဘဝိဿတိ၊ ဖြစ်လည်းမဖြစ်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့။ ဝတ္တဗ္ဗ ကမ္မံ၊ ဆိုအပ်သောကံသည်။ အဟောသိ ကမ္မံ၊ အဟောသိကံမည်၏။

သမုဒယသစ္စာဟုဆိုလျက် အဘယ်ကြောင့် ကံတို့ကို ဆိုသနည်းဟူမူ။ ဇာတိကို ဖြစ်စေတတ်သော ကံဟူသမျှသည် အဝိဇ္ဇာနုသယခြံရံခြင်း တဏှာနုသယ အကြောင်းရင်း မကင်းခြင်းရှိသော အဖြစ်ကို။ ။''အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယ မူလကေန သင်္ခါရေန ဇနိယမာနံ''-ဟူ၍ လက်သန်းအဋ္ဌကထာဆရာ မိန့်မှာတော်မူသောကြောင့် ဇနကဟူသမျှတို့၌ များသောအားဖြင့် အဝိဇ္ဇာတဏှာမကင်းသောကြောင့် ကံ၏အရာ၌သော်လည်း ဆိုအပ်၏။

၄၆-ထိုသမုဒယသစ္စာ၏အပြားကား အဘယ်မျှရှိသနည်းဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၆) ထိုသမုဒယသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း-ဟူရာ၌—

လောဘသည်လည်း သမုဒယမည်၏ (၁)။ လောဘမှကြွင်းသော ကိလေသာကိုးပါး သည်လည်း သမုဒယမည်၏ (၂)။ ကိလေသာမှ ကြွင်းသော အကုသိုလ်သည်လည်း သမုဒယမည်၏ (၃)။ အာသဝေါ၏ အာရုံဖြစ်ကုန်သော သုံးပါးကုန်သော

ကုသလမူလတို့သည်လည်း သမုဒယမည်၏ (၄)။ ကုသလမူလမှ ကြွင်းကုန်သော အာသဝေါ၏ အာရုံဖြစ်ကုန်သော ကုသိုလ် တရားတို့သည်လည်း သမုဒယမည်၏ (၅)။ ဤသို့ငါးပါး အပြား ရှိကုန်၏။

တတ္ထ ကတမော ဒုက္ခသမုဒယော။ တဏှာစ, အဝသေသာစ ကိလေသာ, အဝသေသာစ အကုသလာ ဓမ္မာ, တီဏိစ ကုသလမူလာနိ သာသဝါနိ, အဝသေသာစ သာသဝါ ကုသလာ ဓမ္မာ,။ အယံ ဝုစ္စတိ ဒုက္ခသမုဒယော။
ဝိဘင်းပါဠိတော်။

တတ္ထ၊ ထိုစကား၌။ ကတမော၊ အဘယ်တရားသည်။ ဒုက္ခ သမုဒယော၊ ဒုက္ခသမုဒယမည်သနည်း။ တဏှာ စ၊ တဏှာဝင်း။ အဝသေသာ၊ ထိုတဏှာမှ ကြွင်းကုန်သော။ ကိလေသာ စ၊ ကိ လေသာတို့ဝင်း။ အဝသေသာ၊ ကိလေသာမှ ကြွင်းကုန်သော။ အကုသလာ ဓမ္မာ စ၊ အကုသိုလ် တရားတို့ဝင်း။ သာသဝါနိ၊ အာသဝေါတရားတို့နှင့် တကွဖြစ်ကုန်သော။ တီဏိ စ ကုသလ မူလာနိ၊ သုံးပါးသော ကုသလမူလတို့ဝင်း။ အဝသေသာ၊ ကြွင်း ကုန်သော။ သာသဝါ၊ အာသဝေါ၏အာရုံဖြစ်ကုန်သော။ ကု သလာ ဓမ္မာ စ၊ ကုသိုလ်တရားတို့ဝင်း။ အယံ၊ ဤဆိုအပ်ပြီးသော တရားအပေါင်းကို။ ဒုက္ခသမုဒယော၊ ဒုက္ခသမုဒယဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤငါးပါးသော ဒုက္ခသမုဒယတို့တွင် လောဘမှ ကြွင်းသော ကိလေသာ ကိုးပါးဟူသော်ကား။ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိ ကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ တို့တည်း။ လောဘနှင့် ပေါင်းသော် ကိလေသာ ဆယ်ပါးဖြစ်၏။ ကိလေသာမှ ကြွင်း သော အကုသိုလ်ဟူသည် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မိဒ္ဓ တို့ တည်း။ အာသဝေါဟူသော်ကား ကာမာသဝ ဘဝါသဝ ဒိဋ္ဌာ သဝ အဝိဇ္ဇာသဝ တို့တည်း။ ကုသလမူလ ဟူသည်ကား အလော ဘ အဒေါသ အမောဟတို့တည်း။ ဤသို့ငါးပါးသော သမုဒယကို

ကိလေသာအာသဝေါတို့ဖြင့် ပြဓာန်း၍ ရှင်တော်ဘုရားဟောတော်မူအပ်သည်ကို မြင်လျှင် ဒိဋ္ဌိပရာမာသအားဖြင့် တပါး။ အဝိဇ္ဇာ တဏှာအားဖြင့် နှစ်ပါး၊ လောဘ ဒေါသ မောဟ ဟူသော မလ အားဖြင့် သုံးပါး၊ တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စအားဖြင့် သုံးပါး၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ ဟူသော အာသဝလေးပါး၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဟူသော ဩဃလေးပါး၊ ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ ဟူသော ယောဂလေးပါး အဘိဇ္ဈာကာယဂန္ထ ဗျာပါဒကာယဂန္ထ သီလဗ္ဗတပရာမာသကာယဂန္ထ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဟူသော ဂန္ထလေးပါး၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်လေးပါး၊ ဆန္ဒ ဒေါသ မောဟ ဘယ ဟူသော အဂတိလေးပါး၊ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏ ဟူသော နီဝရဏငါးပါး၊ ဝါ၊ ခုနစ်ပါး၊ ကာမရာဂ ပဋိဃ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဘဝရာဂ အဝိဇ္ဇာ ဟူသော အနုသယ ခုနစ်ပါး၊ အာဝါသမစ္ဆရိယ ကုလမစ္ဆရိယ လာဘမစ္ဆရိယ ဓမ္မမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ ဟူသော မစ္ဆရိယ ငါးပါး၊ လာဘ အလာဘ ယသ အယသ သုခ ဒုက္ခ နိန္ဒာ ပသံသ ဟူသော လောကဓံရှစ်ပါး၊ ကာမရာဂ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ပဋိဃ ဟူသော သံယောဇန်ဆယ်ပါး၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဟူသော ကိလေသာ ဆယ်ပါး၊ အနိစ္စေ နိစ္စ သညာ ဝိပလ္လာသ, ဒုက္ခေ သုခ သညာ ဝိပလ္လာသ, အနတ္တနိ အတ္တ သညာ ဝိပလ္လာသ, အသုဘေ သုဘ သညာ ဝိပလ္လာသ,၊ အနိစ္စေ နိစ္စစိတ္တဝိပလ္လာသ, ဒုက္ခေ သုခစိတ္တဝိပလ္လာသ, အနတ္တနိ အတ္တ စိတ္တ ဝိပလ္လာသ, အသုဘေ သုဘ စိတ္တ ဝိပလ္လာသ, အနိစ္စေ နိစ္စဒိဋ္ဌိဝိပလ္လာသ, ဒုက္ခေ သုခ ဒိဋ္ဌိဝိပလ္လာသ, အနတ္တနိ အတ္တ ဒိဋ္ဌိ ဝိပလ္လာသ, အသုဘေ သုဘ ဒိဋ္ဌိဝိပလ္လာသ, ဟူသော ဝိပလ္လာသ တဆယ့်နှစ်ပါး၊ မိစ္ဆာဒိဋ္ဌိ

မိစ္ဆာသက်ပ္ပ မိစ္ဆာဝါစာလေးပါး မိစ္ဆာကမ္မန္တလေးပါး မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏ ဟူသော မိစ္ဆတ္တ တဆယ့်ခြောက်ပါး၊ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဟူသော အကုသလကမ္မပထဆယ်ပါး၊ အကုသိုလ်စိတ် တဆယ့်နှစ်ပါး၊ ဤသို့အားဖြင့် များသောအပြားရှိ၏။ ထိုအပြားတို့တွင် ရှင်ပင်ဘုရားသည် ဟောတော်မူအပ်သော သမုဒယငါးပါးတို့၌ ကိလေသာ ဆယ်ပါး အာသဝေါ လေးပါတို့ကို ပြခေါန်း၍ ဟောတော်မူရကား အာသဝေါတို့၏ ဖြစ်ဟန်ကို နောင်လာ နောက်သားတို့ နည်းရစေခြင်း အကျိုးငှါလည်း တပါးသော အကုသိုလ်တရားတို့၌ ၎င်းနည်းကိုမှီး၍ သွတ်သွင်းလျက် ယူတတ်စေခြင်းအကျိုးငှါလည်း, အမြွက်မျှပြလိုက်ဦးအံ့။

### ၄၇-စက္ခုအစရှိသော ဒွါရခြောက်ပါးတို့၌ အာသဝေါတရား လေးပါးတို့၏ ဖြစ်ဟန်ကိုပြဆိုခြင်း။

အကြင်သူသည် လှပတင့်တယ်သော ရူပါရုံကိုမြင်၏။ ထိုသို့မြင်သောအခါ ရာဂဖြင့် သာယာသည်ဖြစ်၍ နှစ်သက်၏။ ထိုအခါ ကာမာသဝသည် ဖြစ်၏။ ဤအဆင်းကဲ့သို့ ဤဘဝ၌ဖြစ်စေ နောက်ဘဝ၌ဖြစ်စေ လှပါမူ ကောင်းလေစွဟု တောင့်တ၏။ ထိုအခါ ဘဝါသဝသည် ဖြစ်၏။ ဤသူသည် လှ၏ ဤဝတ္ထုသည် လှ၏ဟု ယူ၏။ ထိုအခါ ဒိဋ္ဌာသဝသည်ဖြစ်၏။ ထိုကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ တို့၏ ဖြစ်ခြင်းသဘောကိုလည်း သံသရာ၌ဖြစ်လတ္တံ့သော ဘေးကိုလည်း မသိမမြင်ခြင်းသည် အဝိဇ္ဇာသဝမည်၏။

စက္ခုဒွါရသ္မိံ ရူပါရမ္မဏံ အာပါထဂတံ ကာမဿာဒဝသေန အဿာဒယတော အဘိနန္ဒတော ကာမာသဝေါ ဥပ္ပဇ္ဇတိ၊ ဤဒိသံ အညသ္မိမ္ပိ သုဂတိဘဝေ လဘိဿာမိတိ ဘဝပတ္ထနာယ အဿာဒယတော ဘဝါသဝေါ

ဥပ္ပဇ္ဇတိ၊ သတ္တော အဿာတိ ဂဏှာတော ဒိဋ္ဌာသဝေါ
ဥပ္ပဇ္ဇတိ၊ သဗ္ဗေဟေဝ သဟဇာတံ အညာဏံ အဝိဇ္ဇာ
သဝေါတိ စတ္တာရော အာသဝါ ဥပ္ပဇ္ဇန္တိ။
အဂုံတ္တိုရ်အဋ္ဌကထာ။

စက္ခုဒွါရသ္မိံ၊ စက္ခုဒွါရ၌။ အာပါထဂတံ၊ ထင်ခြင်းသို့ရောက်သော။ ဣဋ္ဌာရမ္မဏံ၊ နှစ်သက်အပ်သောရူပါရုံကို။ ကာမဿာဒဝသေန၊ ဝတ္ထုကာမကို ကိလေသာကာမဖြင့် သာယာသည်၏ အစွမ်းအားဖြင့်။ အဿာဒယတော၊ သာယာသောသူအားငှင်း။ အဘိနန္ဒတော၊ နှစ်သက်သော သူအားငှင်း။ ကာမာသဝေါ၊ ကာမာသဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဤဒိသံ၊ ဤသို့သောအဆင်းကို။ အညသ္မိမ္ပိ၊ တပါးသောအတ္တို၌ငှင်း။ သုဂတိဘဝေပိ၊ သုဂတိဘဝ၌ငှင်း။ လဘိဿာမိ၊ ရပါလို၏။ ဣတိ၊ ဤသို့။ ဘဝပတ္ထနာယ၊ ဘဝကို တောင့်တခြင်းဖြင့်။ ဝါ၊ ဖြစ်ခြင်းကို တောင့်တခြင်းဖြင့်။ အဿာဒယတော၊ သာယာသောသူအား။ ဘဝါသဝေါ၊ ဘဝါသဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သတ္တော၊ သတ္တဝါသည်။ ဝါ၊ သူငါသည်။ ဝါ၊ လူနတ်ဗြဟ္မာသည်။ ဝါ၊ အဝတ်ပန်းစသည်သည်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဂဏှာတော၊ ယူသောသူအား။ ဒိဋ္ဌာသဝေါ၊ ဒိဋ္ဌာသဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဗ္ဗေဟေဝ၊ အလုံးစုံသော ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ တို့နှင့် သာလျှင်။ သဟဇာတံ၊ တကွဖြစ်သော။ အညာဏံ၊ အမှန်မသိခြင်း တည်းဟူသော။ အဝိဇ္ဇာသဝေါ၊ အဝိဇ္ဇာသဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤရူပါရုံနှင့်နည်းတူ တစုံတခုသော အသံကို ကြားရာ၌ သာယာမှု ကာမာသဝ၊ ဤအသံကဲ့သို့ဖြစ်လိုမှု ဘဝါသဝ၊ လူသံ ငှက်သံ မောင်းသံ စသည်ဖြင့်ယူမှု ဒိဋ္ဌာသဝ၊ ဤအာသဝေါသုံးပါးတို့ဖြစ်ခြင်းကိုငှင်း အပြစ်ကိုငှင်း မသိခြင်းသည် အဝိဇ္ဇာသဝမည်၏။

သာယာအပ်သော အနံ့ဟူသ မျှ၌ သာယာမှု ကာမာသဝ၊ ဤအနံ့ကဲ့သို့ဖြစ်လိုမှု ဘဝါသဝ၊ လူနံ့ ပန်းနံ့ စသည်ဖြင့်ယူမှု ဒိဋ္ဌာသဝ၊ ဤအာသဝေါသုံးပါးတို့ ဖြစ်ခြင်းကိုရင်း အပြစ်ကိုရင်း မသိခြင်းသည် အဝိဇ္ဇာသဝမည်၏။

နှစ်သက်အပ်သော အရသာဟူသမျှ၌ သာယာမှု ကာမာသဝ၊ ဤအရသာကို သုံးဆောင်လိုမှု ဘဝါသဝ၊ ထမင်း ဟင်းလျာ အဝတ်ပုဆိုး စသည်ဖြင့်ယူမှု ဒိဋ္ဌာသဝ၊ ဤအာသဝေါ သုံးပါးတို့ ဖြစ်ခြင်းကိုရင်း အပြစ်ကိုရင်း မသိခြင်းသည် အဝိဇ္ဇာသဝမည်၏။ ဤရသာရုံ၌ ရသသည် ရသရသ-ပရိဘောဂရသဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် စားသောက်အပ်သော ဘောဇဉ်ခဲဘွယ်စသည်သည် ရသရသမည်၏။ သုံးဆောင်အပ်သော အဝတ်ပုဆိုး စသည်သည် ပရိဘောဂရသမည်၏။

နှစ်သက်အပ်သော အတွေ့အထိ၌ သာယာမှု ကာမာသဝ၊ ၎င်းအတွေ့အထိကို ဖြစ်လိုမှု ဘဝါသဝ၊ မည်သူနူးသည် မည်သူအေးသည် ဤအဝတ်နူးသည် ဤအဝတ်အေးသည် စသည်ဖြင့်ယူမှု ဒိဋ္ဌာသဝ၊ ဤအာသဝေါ သုံးပါးတို့ ဖြစ်ခြင်းကိုရင်း အပြစ်ကိုရင်း မသိခြင်းသည် အဝိဇ္ဇာသဝမည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ဓမ္မာရုံထိုက်သော စိတ်စေတသိက်စသည်ကို သာယာမှု ကာမာသဝ၊ ဤသဘောအတိုင်းဖြစ်လိုမှု ဘဝါသဝ၊ ငါသိသည် သူသိသည် စသည်ဖြင့် ယူမှု ဒိဋ္ဌာသဝ၊ ဤအာသဝေါသုံးပါးတို့ ဖြစ်ခြင်းကိုရင်း အပြစ်ကိုရင်း မသိခြင်းသည် အဝိဇ္ဇာသဝမည်၏။

ထိုကြောင့် စူဠနိဒ္ဒေသ၌ အရှင်သာရိပုတ္တရာသည်။ ။''သဝန္တီတိ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ၊ စက္ခုတော ရူပေ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ၊ သောတတော သဒ္ဒေ သဝန္တိ၊ ဃာနတော ဂန္ဓေ သဝန္တိ၊ ဇိဝှါတော ရသေ သဝန္တိ၊ ကာယတော ဖောဋ္ဌဗ္ဗေ သဝန္တိ၊ မနတော ဓမ္မေ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ''-ဟူ၍ ဟောတော်မူသည်။

သဝန္တိတိ၊သဝန္တိဟူသည်ကား။သဝန္တိ၊ဖြစ်တတ်ကုန်၏။ အာသဝန္တိ၊ ဘဝဂ်တိုင်အောင် ဂေါတြဘူတိုင်အောင် အဘန်တလဲလဲ ဖြစ်တတ်ကုန်၏။ သန္ဒန္တိ၊ စီးတတ်ကုန်၏။ ပဝတ္တန္တိ၊ အဘန်တလဲလဲ စီးတတ်ကုန်၏။ စက္ခုတော၊ စက္ခုဒွါရမှ။ ရူပေ၊ ရူပါရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ အာသဝန္တိ၊ ဘဝဂ်တိုင်အောင်ဖြစ်တတ်ကုန်၏။ သန္ဒန္တိ၊ စီးတတ်ကုန်၏။ ပဝတ္တန္တိ၊ အဘန်တလဲလဲစီးတတ်ကုန်၏။ သောတတော၊ သောတဒွါရမှ။ သဒ္ဒေ၊ သဒ္ဒါရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဃာနတော၊ ဃာနဒွါရမှ။ ဂန္ဓေ၊ ဂန္ဓာရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဇိဝှါတော၊ ဇိဝှါဒွါရမှ။ ရသေ၊ ရသာရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ ကာယတော၊ ကာယဒွါရမှ။ ဖောဋ္ဌဗ္ဗေ၊ ဖောဋ္ဌဗ္ဗာရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ မနတော၊ မနောဒွါရမှ။ ဓမ္မေ၊ ဓမ္မာရုံတို့သို့။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ အာသဝန္တိ၊ ဘဝဂ်တိုင်အောင်ဖြစ်တတ်ကုန်၏။ သန္ဒန္တိ၊ စီးတတ်ကုန်၏။ ပဝတ္တန္တိ၊ အဘန်တလဲလဲ စီးတတ်ကုန်၏။

## ၄၇-ဥပါဒါနိစသည်ကိုပြခြင်း။

ဤအာသဝေါတရားလေးပါးတို့သည် အာရုံခြောက်ပါးတို့၌ ဖြစ်ကုန်သကဲ့သို့ ဩဃလေးပါး ယောဂလေးပါး တို့သည်လည်း ဖြစ်ကြကုန်၏။ ဤအစုမှ ကြွင်းသော ဥပါဒါနိအစရှိသော တရားတို့သည်လည်း ရူပါရုံ အနိဋ္ဌာရုံ မဇ္ဈတ္တာရုံတို့၌ ယထာရဟ ဖြစ်ကြကုန်၏။

အဘယ်သို့ဖြစ်သနည်းဟူမူ။ ။ဣဋ္ဌရူပါရုံ၌ စွဲလန်းမှု ကာမုပါဒါန်၊ ဤသူလှ၏ဟုယူမှု ဒိဋ္ဌုပါဒါန်၊ လှပသောအလေ့ဟုယူမှု သီလဗ္ဗတုပါဒါန်၊ ဤသူလှသည်ဟုယူမှု အတ္တဝါဒုပါဒါန်သည် ဖြစ်၏။ (ဥပါဒါန်ဘို့)။ ။ငင်းနည်းကိုမှီး၍ယူလေ။

အမြွက်မျှသာရေးအံ့။ ။ဣဋ္ဌရူပါရုံ၌ ဆန္ဒ, မောဟ ဖြစ်၏။ အနိဋ္ဌရူပါရုံ၌ ဒေါသ, မောဟ,ဘယ ဖြစ်၏။ (ဂတိဘို့)။

No. 26

ဣဋ္ဌရူပါရုံ၌ ကာမစ္ဆန္ဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စနီဝရဏ, တို့ဖြစ်ကုန်၏။ အနိဋ္ဌရူပါရုံ၌ ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတို့ ဖြစ်ကုန်၏။ မဇ္ဈတ္တာရုံ၌ ဥဒ္ဓစ္စ, ဝိစိကိစ္ဆာနီဝရဏတို့ဖြစ်ကုန်၏။ ။(နီဝရဏဘို့)။

ဣဋ္ဌာရုံ၌ ကာမရာဂ, မာန, ဒိဋ္ဌိ, ဘဝရာဂ, အဝိဇ္ဇာတို့ ဖြစ်ကုန်၏။ အနိဋ္ဌာရုံ၌ ပဋိဃ, မာန, အဝိဇ္ဇာတို့ဖြစ်ကုန်၏။ (အနုသယဘို့)။

ဣဋ္ဌာရုံ အနိဋ္ဌာရုံနှစ်ပါးစုံ၌ အာဝါသ, ကုလ, လာဘ, ဓမ္မ, ဝဏ္ဏ မစ္ဆရိယတို့ဖြစ်ကြကုန်၏။ ။(မစ္ဆရိယဘို့)။

ဣဋ္ဌာရုံ၌ လာဘ, ယသ, သုခ, ပသံသတို့ ဖြစ်ကြကုန်၏။ အနိဋ္ဌာရုံ၌ အလာဘ, အယသ, ဒုက္ခ, နိန္ဒာ တို့ဖြစ်ကြကုန်၏။ ။(လောကဓံဘို့)။

ဣဋ္ဌာရုံ၌ ကာမရာဂ, ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ, သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမာသတို့ ဖြစ်ကြကုန်၏။ အနိဋ္ဌာရုံ၌ ဥဒ္ဓစ္စ, အဝိဇ္ဇာ, ပဋိဃ တို့ဖြစ်ကြကုန်၏။ မဇ္ဈတ္တာရုံ၌ ဥဒ္ဓစ္စ, အဝိဇ္ဇာ, ဝိစိကိစ္ဆာတို့ဖြစ်ကြကုန်၏။ ။(သံယောဇဉ်ဘို့)။

ဣဋ္ဌာရုံ၌ လောဘ, မောဟ, မာန, ဒိဋ္ဌိ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တို့ဖြစ်ကြကုန်၏။ အနိဋ္ဌာရုံ၌ ဒေါသ, မောဟ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတို့ဖြစ်ကြကုန်၏။ မဇ္ဈတ္တာရုံ၌ မောဟ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တို့ဖြစ်ကြကုန်။ ။(ကိလေသာဘို့)။

ဣဋ္ဌာရုံ၌ နိစ္စ, သုခ, အတ္တ, သုဘ ဝိပလ္လာသတို့ ဖြစ်ကြကုန်၏။ အနိဋ္ဌာရုံ မဇ္ဈတ္တာရုံတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ထင်ကုန်သည်ဖြစ်၍ ဝိပလ္လာသလေးပါးတို့မှ လွတ်ကြကုန်၏။ (ဝိပလ္လာသဘို့)။

အချို့သော ဣဋ္ဌာရုံ အနိဋ္ဌာရုံ မဇ္ဈတ္တာရုံတို့၌ မိစ္ဆာဒိဋ္ဌိစသော မိစ္ဆတ္တဘရားတို့သည် ဖြစ်ကုန်၏။ အချို့သော အာရုံသုံးပါးတို့၌ မဖြစ်ကုန်။ ။(မိစ္ဆတ္တဘို့)။

ပါဏာတိပါတ စသော ဒုစရိုက်တရားတို့၌လည်း မိစ္ဆတ္တတရားနှင့်အတူတူပင် ယူအပ်၏။ ။(ဒုစရိုက်ဘို့)။

အကုသိုလ်စိတ်၌ လောဘ သည် ဧဋ္ဌာရုံကို ငဲ့တတ်သည်။ ဒေါသ သည် အနိဋ္ဌာရုံကို ငဲ့တတ်သည်။ မောဟ သည် မဇ္ဈတ္တာရုံကိုငဲ့တတ်သည်။ ။(အကုသိုလ်စိတ်ဘို့)။

ကုသိုလ်အရာ၌ဖြစ်သော ဣဋ္ဌာရုံ အနိဋ္ဌာရုံ မဇ္ဈတ္တာရုံတို့ကား မယူအပ်။ ။အကျဉ်းအားဖြင့် သမုဒယသစ္စာသည် ဒုက္ခကိုဖြစ်စေခြင်းအားဖြင့် တပါး၊ ဒိဋ္ဌိသမ္ပယုတ် ဒိဋ္ဌိဝိပ္ပယုတ် အားဖြင့် နှစ်ပါး၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ အားဖြင့် သုံးပါး၊ မဂ်လေးပါးပယ်သော အစဉ်အားဖြင့် လေးပါး၊ ခန္ဓာငါးပါးကို တပ်သော အစဉ်အားဖြင့် ငါးပါး၊ ရူပါရုံ စသည်ကို တပ်သောအားဖြင့် ခြောက်ပါး အပြားရှိ၏။

> သမုဒယောပိ ဧကဝိဓော ပဝတ္တကဘာဝတော၊ဒုဝိဓော ဒိဋ္ဌိသမ္ပယုတ္တာ သမ္ပယုတ္တတော၊တိဝိဓော ကာမဘဝဝိဘဝတဏှာဘေဒတော၊ စတုဗ္ဗိဓော စတုမဂ္ဂပ္ပဟေယျတော၊ ပဉ္စဝိဓော ရူပါဘိနန္ဒနာဒိဘေဒတော၊ဆဗ္ဗိဓော ဆတဏှာကာယဘေဒတော။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

သမုဒယောပိ၊ သမုဒယသစ္စာသည်လည်း။ ပဝတ္တကဘာဝတော၊ ပဝတ္တ ဟု ဆိုအပ်သော ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သဘောအားဖြင့်။ ဧကဝိဓော၊ တပါးအဘို့ရှိ၏။ ဒိဋ္ဌိသမ္ပယုတ္တာ သမ္ပယုတ္တတော၊ ဒိဋ္ဌိသမ္ပယုတ် ဒိဋ္ဌိဝိပ္ပယုတ် အားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအဘို့ရှိ၏။ ကာမ ဘဝ ဝိဘဝ တဏှာ ဘေဒတော၊ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ အပြားအားဖြင့်။ တိဝိဓော၊ သုံးပါးအဘို့ရှိ၏။ စတုမဂ္ဂပ္ပဟေယျတော၊ လေးပါးသော မဂ်တို့သည် ပယ်အပ်သည်၏ အဖြစ်အားဖြင့်။ စတုဗ္ဗိဓော၊လေးပါးအဘို့ရှိ၏။ ရူပါဘိနန္ဒနာဒိဘေဒတော၊ ရူပက္ခန္ဓာ၌ တပ်သော တဏှာ အစရှိသော အပြားအားဖြင့်။ ဝါ၊ရူပါရုံ၌တပ်သော တဏှာ အစရှိသော အပြားအားဖြင့်။ ပဉ္စဝိဓော၊ ငါးပါးအဘို့ရှိ၏။ ဆတဏှာ

ကာယဘေဒတော၊ ခြောက်ပါးသော တဏှာကာယ အပြားအားဖြင့်။ ဆဠ္ဌိမေ၊ ခြောက်ပါးအတို့ရှိ၏။

ဤသို့ အကျယ်အားဖြင့်ရင်း အကျဉ်းအားဖြင့်ရင်း ပြအပ်ပြီးသော ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ အစရှိကုန်သော သမုဒယသစ္စာမျိုးတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်းဟူမူကား။ အနိစ္စေ၌ နိစ္စ၊ ဒုက္ခေ၌ သုခ၊ အနတ္တေ၌ အတ္တ ဟူ၍ မသင့်မတင့် မလျော်ကန်သော အရိယာသူတော်ကောင်းတို့ စက်ဆုပ်အပ်သော အယောနိသော မနသိကာရကို အဘန်တလဲလဲ နှလုံးသွင်းကြခြင်းကြောင့် အဘန်တလဲလဲ သမုဒယဖြစ်ကြရကုန်၏။ အဘန်တလဲလဲ သမုဒယဖြစ်ကြရခြင်းကြောင့် အဘန်တလဲလဲ ဒုက္ခတို့သည် ဖြစ်ကြရကုန်၏။

အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ
စေဝ အာသဝါ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အာသဝါ ပဝဍ္ဎန္တိ။
မူလပဏ္ဏာသပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ အယောနိသော မနသိကရောတော၊ မသင့်သောအားဖြင့် နှလုံးသွင်းသောသူအား။ အနုပ္ပန္နာ၊ မဖြစ်ကုန်သေးသော။ အာသဝါ စေဝ၊ ယိုစီးခြင်း အာသဝေါတရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ အာသဝါစ၊ ယိုစီးခြင်း အာသဝေါတရားတို့ သည်လည်း။ ပဝဍ္ဎန္တိ၊ ပွါးများကုန်၏။

ဤသို့ အဘန်တလဲလဲ ဖြစ်သော အယောနိသောမနသိကာရကြောင့် အဘန်တလဲလဲဖြစ်သော သမုဒယ, အဘန်တလဲလဲ ဖြစ်သော ဒုက္ခတို့ အဘယ်သို့ အကြောင်းအကျိုးဆက်၍ ဖြစ်သနည်းဟူမူ။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် အဝိဇ္ဇာကိုရင်း တဏှာကိုရင်း ပြည့်စေသည်။ အဝိဇ္ဇာဖြစ်သည်ရှိသော် သင်္ခါရစသော ဆင်းရဲအစုတို့သည် ဖြစ်ကုန်၏။ တဏှာဖြစ်သည်ရှိသော် ဥပါဒါန် အစရှိသော ဆင်းရဲအစုတို့သည် ဖြစ်ကုန်၏။ ဤသို့ မသင့်မတင့်သော နှလုံးသွင်းခြင်းများသော ပုဂ္ဂိုလ်သည် အဝိဇ္ဇာ

တဏှာဟူသော အကြောင်းကြောင့် မဟာသမုဒ္ဒရာ ဗလဝါဝမုခ၌ လေအဟုန်ကြောင့် ပျက်စီးသော လှေသင်္ဘောတို့ကဲ့သို့ရင်း လည်၌ ကြိုးဖွဲ့လျက်ကျသော နွားစုကဲ့သို့ရင်း ဆီညှစ်ယန္တရား၌ ကအပ်သော နွားလားကဲ့သို့ရင်း အဘန်တလဲလဲ ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ,သတ္တာဝါသ ဘုံကိုးဝတို့၌လည်ခြင်း အဘန်တလဲလဲ လည်ခြင်းကို ဤအာယောနိသော မနသိကာရ သည် ပြုသည်မည်၏။

အယောနိသောမနသိကာရော ဟိ ဝဍ္ဍမာနော ဒွေ ဓမ္မေ ပရိပူရေတိ အဝိဇ္ဇံ စ ဘဝတဏှံ စ။ အဝိဇ္ဇာယ စ သတိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ တဏှာယ သတိ တဏှာပစ္စယာ ဥပါဒါနံ။ပ။ သမုဒယော ဟောတီတိ ဧဝံ အယံ အယောနိသောမနသိကာရဗဟုလော ဝါတဝေဂါဘိဃာတေန ဝိပန္နဋ္ဌနာဝါ ဝိယ ဂင်္ဂါဝဋ္ဋေ ပတိတဂေါကုလံ ဝိယ စက္ကယန္တေ ယုတ္တဗလိ ဗဒ္ဒေါ ဝိယ စ ပုနပ္ပုနံ ဘဝယောနိဂတိဝိညာဏဋ္ဌိတိ သတ္တာဝါသေသု အာဝဋ္ဋပရိဝဋ္ဋံ ကရောတိ။

မူလပဏ္ဏာသအဋ္ဌကထာ။

ဟိ၊ထိုစကားကို ထင်စွာဆိုဦးအံ့။ အယောနိသော မနသိကာရော၊ မသင့်သော အားဖြင့် နှလုံးသွင်းခြင်း သည်။ ဝဍ္ဍမာနော၊ ပွါးသည်ရှိသော်။ ဒွေ ဓမ္မေ၊နှစ်ပါးသောတရားတို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ အဝိဇ္ဇံ စ၊ အဝိဇ္ဇာကိုရင်း။ ဘဝတဏှံ စ၊ ဘဝတဏှာကိုရင်း။ ပရိပူရေတိ၊ ပြည့်စေ၏။အဝိဇ္ဇာယ စ၊အဝိဇ္ဇာသည်လည်း။ သတိ၊ရှိသော်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ပ။ ဒုက္ခက္ခန္ဓဿ၊ ဒုက္ခအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာယ၊တဏှာသည်။ သတိ၊ရှိသော်။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ဖြစ်၏။ ပ။ သမုဒယော၊ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဇာတိ ဇ၀ံ၊ ဤသို့။ အယောနိသော မနသိကာရဗဟုလော၊ မသင့်မတင့် နှလုံးသွင်းခြင်းများလေ့ရှိသော။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ဂင်္ဂါ၀ဋ္ဋေ၊ ဂင်္ဂါဝဲဂရက်၌။ ၀ါတ၀ေဂါဘိဃာတေန၊ လေ၏အဟုန် နှိပ်စက်သဖြင့်။ ၀ိပန္နဋ္ဌနာ၀ါ၀ိယ စ၊ ကျိုးပဲ့ပျက်စီးသောလှေသင်္ဘော တို့ကဲ့သို့ငှင်း။ ဂင်္ဂါ၀ဋ္ဋေ၊ ဂင်္ဂါမြစ်ထဲ ဝဲဇလုပ်၌။ ပတိတဂေါကုလံ၀ိယ စ၊ လည်၍ကြိုးဖွဲ့လျက် ကျသောနွားလားစု ကဲ့သို့ငှင်း။ စက္ကယန္တေ၊ ဆီညှစ်ယန္တရား၌။ ယုတ္တ ဗလိဗဒ္ဓါ၀ိယ၊ ကအပ်သော နွားလားကဲ့သို့ငှင်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဘ၀ယောနိ ဂတိ ၀ိညာဏဋ္ဌိတိ သတ္တာ၀ါသေသု၊ဘ၀ ယောနိ ဂတိ ၀ိညာဏဋ္ဌိတိ သတ္တာ၀ါသ ဘုံကိုး၀တ္ထို၌။ အာ၀ဋ္ဋ ပရိ၀ဋ္ဋံ၊ လည်ခြင်း အဘန်တလဲလဲလည်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။

အယောနိသောမနသိကာရကြောင့် အ၀ိဇ္ဇာတဏှာဖြစ်လျှင် အ၀ိဇ္ဇာတဏှာနှင့်အတူ သင်္ခါရ ဘ၀ တို့ကိုလည်း တပေါင်းတည်း ယူအပ်ကုန်၏။

အ၀ိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘ၀ါပိ ဂဟိတာ ဘ၀န္တိ၊ တထာ တဏှုပါဒါနဘ၀ဂ္ဂဟဏေနစ အ၀ိဇ္ဇာသင်္ခါရာ။ ။သင်္ဂြိုဟ်။

ပန၊အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤတဆယ့်နှစ်ပါးသော အင်္ဂါတို့တွင်။ အ၀ိဇ္ဇာသင်္ခါရဂ္ဂဟဏေန၊ အ၀ိဇ္ဇာသင်္ခါရကို ယူသဖြင့်။တဏှုပါဒါနဘ၀ါပိ၊တဏှာ ဥပါဒါန် ကမ္မဘ၀ တို့ကိုလည်း။ ၀ါ၊တို့သည်လည်း။ ဂဟိတာ၊ယူအပ်ကုန်သည်။ ဘ၀န္တိ၊ဖြစ်ကုန်၏။ တထာ၊ ထိုအတူ။ တဏှုပါဒါနဘ၀ဂ္ဂဟဏေနစ၊ တဏှာ ဥပါဒါန် ဘ၀ကို ယူသဖြင့်လည်း။ အ၀ိဇ္ဇာသင်္ခါရာ၊ အ၀ိဇ္ဇာ သင်္ခါရတို့ကို။ ၀ါ၊တို့သည်။ ဂဟိတာ၊ ယူအပ်ကုန်သည်။ ဘ၀န္တိ၊ ဖြစ်ကုန်၏။

ဤသို့ အယောနိသော မနသိကာရကြောင့် အ၀ိဇ္ဇာတဏှာဟူသော အကြောင်းနှစ်ပါးတို့သည် ဖြစ်ကုန်၏။ အ၀ိဇ္ဇာတဏှာ ဟူသော အကြောင်းနှစ်ပါးကြောင့် အ၀ိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်

ဘဝဟု ဆိုအပ်သော အကြောင်းငါးပါးတို့သည် တဘာန်ဒုက္ခသစ်ကို ရအောင် သမုဒယအမျိုးမျိုးတို့ကို ပြတတ်ကုန်၏။

ဇာတိ ဇာမသ္မိံ သတိ ဇာဒံ ဟောတိ၊ ဇာမဿုပ္ပါဒါ ဇာဒံ ဥပ္ပဇ္ဇတိ။ဇာမသ္မိံအသတိ ဇာဒံ န ဟောတိ၊ ဇာမဿ နိရောဓာ ဇာဒံ နိရုဇ္ဈတိ။ယဒိဒံအဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။လ။ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။နိဒါန ဝဂ္ဂ သံယုတ် ပါဠိတော်။

ဇာတိ၊ ဤသို့။ ဇာမသ္မိံ၊ ဤအဝိဇ္ဇာ အစရှိသော အကြောင်းတရားသည်။ သတိ၊ဖြစ်သည်ရှိသော်။ ဇာဒံ၊ ဤသင်္ခါရအစရှိသော အကျိုးတရားသည်။ ဟောတိ၊ဖြစ်၏။ ဇာမဿ၊ဤအဝိဇ္ဇာ အစရှိသော အကြောင်းတရား၏။ ဥပ္ပါဒါ၊ဖြစ်ခြင်းကြောင့်။ ဇာဒံ၊ဤသင်္ခါရ အစရှိသော အကျိုးတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဇာမသ္မိံ၊ ဤအဝိဇ္ဇာ အစရှိသော အကြောင်းတရားသည်။ အသတိ၊မဖြစ်သည်ရှိသော်။ ဇာဒံ၊ ဤသင်္ခါရ အစရှိသော အကျိုးတရားသည်။ နဟောတိ၊မဖြစ်။ ဇာမဿ၊ ဤအဝိဇ္ဇာ အစရှိသော အကြောင်းတရား၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဇာဒံ၊ဤသင်္ခါရ အစရှိသော အကျိုးတရားသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ယဒိဒံ-ယံ ဇာဒံ ဥပ္ပဇ္ဇနံ၊ အကြင်သို့သော ဖြစ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ တဒိဒံ-တံဇာဒံဥပ္ပဇ္ဇနံ၊ ထိုသို့သောဖြစ်ခြင်းသည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ လ။ ဧဝံ၊ဤသို့။ ကေဝလဿ၊ ချမ်းသာ အစရှိသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ၄၉ ဟေတုစသောပစ္စည်းသည် သမုဒယသစ္စာကိုပြတတ်ခြင်း။

ဤအဝိဇ္ဇာအစရှိသော အကြောင်းငါးပါးတို့သည် သမုဒယအမျိုးမျိုးတို့ကို ပြတတ်ကုန်သကဲ့သို့ ဟေတုအစရှိသော နှစ်ဆယ့်

လေးပစ္စည်း တို့သည်လည်း ယထာရဟ သမုဒယတို့ကို ပြတတ်ကုန်၏။ ထိုနှစ်ဆယ့်လေးပါးသော ပစ္စည်းတို့တွင် ကေန္တဒုက္ခ ဖြစ်အောင် ဇနကသတ္တိဖြင့် ကျေးဇူးပြုတတ်သော အနန္တရ သမနန္တရ အနန္တရူပနိဿယ ပကတူပနိဿယ အာသေဝန ကမ္မ နတ္ထိ ဝိဂတ ဤရှစ်ပစ္စည်းတို့သည် ဒုက္ခအမျိုးမျိုး တို့ကိုဖြစ်အောင် ဇနကသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်၏။ ပစ္ဆာဇာတပစ္စည်းသည်။ ထောက်ပံ့ ရုံမျှ ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုတတ်၏။ ကြွင်းကုန်သော ဟေတု, အာရမ္မဏ, အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာရမ္မဏူပနိဿယ, ပုရေဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ,ပစ္စည်းတို့သည် ရံခါဇနက လည်းဖြစ်၏။ ရံခါအဇနက လည်းဖြစ်၏။ ဥပထမ္ဘက လည်းဖြစ်၏။

> ဇနကာဇနကတောတိ ဧတေသု စ အနန္တရ သမနန္တရာနန္တရူပနိဿယပကတူပနိဿယာသေဝနပစ္စယာ နာနာက္ခဏိကော ကမ္မပစ္စယော နတ္ထိဝိဂတ ပစ္စယာတိ ဣမေ ပစ္စယာ ဇနကာယေဝ၊ န အဇနကာ၊ ပစ္ဆာဇာတ ပစ္စယော ကေဝလံ ဥပထမ္ဘကောယေဝ၊ န ဇနကော။ သေသာ ဇနကာစ အဇနကာစ ဥပထမ္ဘကာစာတိ အတ္တော။ ။ပဋ္ဌာန်းအဋ္ဌကထာပါဌ်။

ဇနကာဇနကတောတိ၊ ဇနကာဇနကတော ဟူသော မာတိကာပုဒ်၏။ ဝါ၊ ပုဒ်၌။ အတ္တော၊ အနက်ကို။ ဝါ၊ ဝိနိစ္ဆယကို။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ထိုမှ တပါးလည်း။ ဧတေသု၊ ဤနှစ်ဆယ့်လေးပစ္စည်းတို့တွင်။ အနန္တရ သမနန္တရာ နန္တရူပနိဿယ ပကတူပနိဿယာသေဝနပစ္စယာ၊ အနန္တရပစ္စည်း သမနန္တရပစ္စည်း အနန္တရူပနိဿယပစ္စည်း ပကတူပနိဿယပစ္စည်း အာသေဝနပစ္စည်းတို့၎င်း။ နာနာက္ခဏိကော၊ နာနာက္ခဏိက ဖြစ်သော။ ကမ္မပစ္စယော၊ ကမ္မပစ္စည်း၎င်း။ နတ္ထိ ဝိဂတပစ္စယာ၊ နတ္ထိ ဝိဂတ ပစ္စည်းတို့၎င်း။ ဣတိ ဣမေ ပစ္စယာ၊

ဤပစ္စည်းတို့သည်။ ဇနကာယေဝ၊ ဇနကသတ္တိ ပြဋ္ဌာန်းကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဇနကာ၊ မဖြစ်စေတတ်သည် ဖြစ်၍ ဥပထမ္ဘကသတ္တိ ပြဋ္ဌာန်းကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတ ပစ္စည်းသည်။ ကေဝလံ၊ သက်သက်။ ဥပထမ္ဘကောယေဝ၊ ထောက်ပံ့ တတ် သည် သာ လျှင်။ ဟောတိ၊ ဖြစ်၏။ ဇနကော၊ဖြစ်စေတတ်သည်။ နဟောတိ၊ မဖြစ်။ သေသာ၊အနန္တရပစ္စည်း အစရှိသော ဆိုအပ်ပြီးသည်မှ ကြွင်းကုန် သော ဟေတု, အာရမ္မဏ,အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာရမ္မဏူပနိဿယ, ပုရေဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ ပစ္စည်း တို့သည်။ ဇနကာစ၊ ဖြစ်စေတတ်ကုန်သည်ရှင်း။ အဇနကာစ၊ဖြစ် စေတတ်သည် မဟုတ်ကုန်သည်ရှင်း။ ဥပထမ္ဘကာစ၊ ထောက်ပံ့ တတ်ကုန်သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ အယံ၊ ဤသည် ကား။ အတ္ထော၊ အနက်တည်း။

ဤသို့ ကာမတဏှာ အစ ရှိသော သမုဒယအမျိုးမျိုးတို့သည် အယောနိသော မနသိကာရဟူသောအကြောင်း, ပဋိစ္စသမုပ္ပါဒ် ဟူသောအကြောင်း, ဟေတုအစရှိသော ပဋ္ဌာနအကြောင်း ဤ အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ ထိုသို့ သမုဒယ တို့ ဖြစ်ရခြင်း သည် ကြောက်ဘွယ်ကောင်းလှ၏။ အလွန်ကြောက်ဘွယ်ကောင်း လှ၏၊ အထူးသဖြင့် ကြောက်ဘွယ် ကောင်းလှ၏၊ အထူးသဖြင့် အလွန်ကြောက်ဘွယ် ကောင်းလှ၏။ အဘယ်ကြောင့်နည်းဟူမူ။ ဤသမုဒယ အမျိုးမျိုးတို့ကို ပြုခြင်းသည် ဆိုအပ်ခဲ့ပြီးသော ဒုက္ခ သစ္စာ၌ ဒုက္ခအမျိုးမျိုးတို့ကို ကေန်ခံစားရခြင်းအကြောင်းရှိသော ကြောင့်တည်း။ထို့ကြောင့် သုံးလောကမှန်ကူ သယမ္ဘူထွတ်ထား ရှင်တော်ဘုရားကြီးသည် ထိုသမုဒယ၏ အပြစ်ကို ထင်စွာပြတော် မူခြင်းအကျိုးငှါ—

ရဇ္ဇော ခေါ ဗြဟ္မဏ ရာဂေန အဘိဘူတော ပရိယာ
ဒိန္နစိတ္တော အတ္တဗျာဗါဓါယပိ စေတေတိ၊ ပရဗျာဗါဓါ

ယပိ စေတေတိ၊ ဥဘယဗျာပါဒါယပိ စေတေတိ၊ စေတသိ
ကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ရာဂေ ပဟီနေ နေဝ
အတ္တဗျာပါဒါယ စေတေတိ၊ န ပရဗျာပါဒါယ စေတေတိ၊
န ဥဘယဗျာပါဒါယ စေတေတိ၊ န စေတသိကံ ဒုက္ခံ
ဒေါမနဿံ ပဋိသံဝေဒေတိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဗြာဟ္မဏ၊ ပုဏ္ဏားဿ ခေါ၊ စင်စစ်။ ရတ္တော၊ တပ်သောသူသည်။ ရာဂေန၊ ရာဂသည်။ အဘိဘူတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ ပရိယာဒိန္နစိတ္တော၊ အလုံးစုံ ထက်ဝန်းကျင် သိမ်းကျုံးအပ်သော စိတ်ရှိသည်ဖြစ်၍။ အတ္တဗျာပါဒါယပိ၊ မိမိကိုယ်ကို နှိပ်စက်ဖျက်ဆီးခြင်းငှါလည်း။ စေတေတိ၊ စေ့ဆော်၏။ ဝါ၊ လုံ့လပြု၏။ ပရဗျာပါဒါယပိ၊ သူတပါးကို နှိပ်စက်ဖျက်ဆီးခြင်းငှါလည်း။ စေတေတိ၊ စေ့ဆော်၏။ ဝါ၊ လုံ့လပြု၏။ ဥဘယဗျာပါဒါယပိ၊ နှစ်ပါးစုံကို နှိပ်စက်ဖျက်ဆီးခြင်းငှါလည်း။ စေတေတိ၊ စေ့ဆော်၏။ ဝါ၊ လုံ့လပြု၏။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ဒုက္ခံ၊ ဒုက္ခကို။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကို။ ပဋိသံဝေဒေတိ၊ ခံစား၏။ ရာဂေ၊ ရာဂကို။ ဝါ၊ ရာဂသည်။ ပဟီနေ၊ ပယ်အပ်ပြီးလတ်သော်။ ဝါ၊ ပျောက်ကင်းပြီးလတ်သော်။ အတ္တဗျာပါဒါယ၊ မိမိကိုယ်ကို နှိပ်စက်ဖျက်ဆီးခြင်းငှါ။ နေဝ စေတေတိ၊ မစေ့ဆော်။ ဝါ၊ လုံ့လမပြု။ ပရဗျာပါဒါယ၊ သူတပါးကို နှိပ်စက်ဖျက်ဆီးခြင်းငှါ။ န စေတေတိ၊ မစေ့ဆော်။ ဝါ၊ လုံ့လမပြု။ ဥဘယဗျာပါဒါယ၊ နှစ်ပါးစုံကိုနှိပ်စက်ဖျက်ဆီးခြင်းငှါ။ န စေတေတိ၊ မစေ့ဆော်။ ဝါ၊ လုံ့လမပြု။ စေတတိကံ၊ စိတ်၌ဖြစ်သော။ ဒုက္ခံ၊ ဒုက္ခကို။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကို။ န ပဋိသံဝေဒေတိ၊ မခံစား။

ဤနည်းအတူ တရားစစ်သူကြီးဖြစ်တော်မူပေသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်လည်း ထိုထိုသော နိကာယ်တို့၌ သမုဒယသစ္စာ၏ အပြစ်ကိုရင်း သမုဒယသစ္စာကြောင့် ဖြစ်သော ဒုက္ခသစ္စာ၏အပြစ်ကိုရင်း ဟောတော်မူကြောင်းကို မဟာနိဒ္ဒေသ၌ သက်သေပြတော်မူသည်ကား—

ဝုတ္တံ ဟေတံ ဘဂဝတာ၊တယော မေ ဘိက္ခဝေ အန္တရာ မလာ အန္တရာ အမိတ္တာ အန္တရာ သပတ္တာ အန္တရာ ဝဓကာ အန္တရာ ပစ္စတ္ထိကာ။ ကတမေ တယော။ လောဘော ဘိက္ခဝေ အန္တရာ မလံ အန္တရာ အမိတ္တော အန္တရာ သပတ္တော အန္တရာ ဝဓကော အန္တရာ ပစ္စတ္ထိကော။ ဒေါသော။ပ။ မောဟော ဘိက္ခဝေ အန္တရာ မလံ အန္တရာ အမိတ္တော အန္တရာ သပတ္တော အန္တရာ ဝဓကော အန္တရာ ပစ္စတ္ထိကော။ ဣမေ ခေါ ဘိက္ခဝေ တယော အန္တရာ မလာ အန္တရာ အမိတ္တာ အန္တရာ သပတ္တာ အန္တရာ ဝဓကာ အန္တရာ ပစ္စတ္ထိကာ။

အနတ္ထဇနနော လောဘော၊
လောဘော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။

လုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။

အနတ္ထဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။

ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ယံ ဒေါသော သဟတေ နရံ။

အနတ္ထဇနနော မောဟော၊မောဟော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။

မုဠှော အတ္ထံ န ဇာနာတိ၊မုဠှော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ မောဟော သဟတေ နရန္တိ။

ဧဝမ္ပိ တတြ သယာတိ ပရိယာယော။ဝုတ္တံပိ ဟေတံ ဘဂဝတာ၊ တယော ခေါ မဟာရာဇ ပုရိသဿ ဓမ္မာ အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇန္တိ အဟိတာယ ဒုက္ခာယ အဖါသုဝိဟာရာယ။ ကတမေ တယော။ လောဘော မဟာရာဇ ပုရိသဿ ဓမ္မော အဇ္ဈတ္တံ ဥပ္ပဇ္ဇ

မာနော ဥပ္ပဇ္ဇတိ အဟိတာယ ဒုက္ခာယ အဖါသုဝိဟာရာယ။ဒေါသော ခေါ မဟာရာဇ။ပ။ မောဟော ခေါ မဟာရာဇ ပုရိသဿ မမ္ဘော အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အဟိတာယ ဒုက္ခာယ အဖါသုဝိဟာရာယ။ ဣမေ ခေါ မဟာရာဇ တယော ပုရိသဿ ဓမ္မာ အဇ္ဈတ္တံ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇန္တိ အဟိတာယ ဒုက္ခာယ အဖါသုဝိဟာရာယ။

လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသံ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစသာရံဝ သဖလန္တိ။

ဝေမှိ တတြသယာတိပရိဿယာ။ဝုတ္တံပိ စေတံ ဘဂဝတော—

ရာဂေါ စ ဒေါသော စ ဣတောနိဒါနာ၊
အရတိ ရတိ လောမဟံသော ဣတောဇာ။
ဣတော သမုဋ္ဌာယ မနော ဝိတက္ကာ၊
ကုမာရကာ ဓင်္ကမိဝေါသဇန္တီတိ။

မဟာနိဒ္ဒေသပါဠိတော်။

ဟိ၊ ထိုစကားသည်သင့်စွ။ တော၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အန္တရာ၊ အတွင်း၌ဖြစ်ကုန်သော။ မလာ၊ အညစ်အကြေးတို့သည်လည်းကောင်း။ အန္တရာ၊ အတွင်း၌ဖြစ်ကုန်သော။ အမိတ္တာ၊ ရန်သူတို့သည်၎င်း။ အန္တရာ၊ အတွင်း၌ဖြစ်ကုန်သော။ သပတ္တာ၊ မနှစ်လိုအပ်သောသူတို့သည်၎င်း။ အန္တရာ၊ အတွင်း၌ဖြစ်ကုန်သော။ ဝဓကာ၊ သတ်တတ်ကုန်သောသူတို့သည်၎င်း။ အန္တရာ၊ အတွင်း၌ဖြစ်ကုန်သော။ ပစ္စတ္ထိကာ၊ ဆန့်ကျင်ဘက်တို့သည်၎င်း။ ဣမေ တယော၊ ဤသုံးပါးတို့တည်း။ တယော၊ သုံးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ လောဘော၊ လောဘသည်။ အန္တရာ၊ အတွင်း၌ဖြစ်သော။ မလံ၊ နေ၏အညစ်အကြေးဖြစ်သော တိမ်တိုက်ကဲ့သို့ အညစ်အကြေးဖြစ်၏။ အန္တရာ၊ အတွင်း၌ဖြစ်သော။ အမိတ္တော၊ နေ၏ အညစ်အကြေးဖြစ်သော အခိုးကဲ့သို့

ရန်သူဖြစ်၏။ အန္တရာ၊အတွင်း၌ဖြစ်သော။သပတ္တော၊နေ၏အညစ် အကြေးဖြစ်သော ဆီးနှင်းကဲ့သို့ ရန်သူဖြစ်၏။ အန္တရာ၊ အတွင်း၌ ဖြစ်သော။ ဝဓကော၊ နေ၏အညစ်အကြေး ဖြစ်သော မြူကဲ့သို့ ညှဉ်းဆဲတတ်၏။ အန္တရာ၊အတွင်း၌ဖြစ်သော။ ပစ္စတ္ထိကော၊နေ၏ အညစ်အကြေးဖြစ်သော ရာဟုကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်၏။ ဒေါ သော၊ ဒေါသသည်။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ မောဟော၊မောဟ သည်။ အန္တရာ၊ အတွင်း၌ဖြစ်သော။ မလံ၊ နေ၏ အညစ်အကြေး ဖြစ်သော တိမ်တိုက်ကဲ့သို့ အညစ်အကြေး ဖြစ်၏။ အန္တရာ၊အတွင်း ၌ဖြစ်သော။ အမိတ္တော၊ နေ၏အညစ်အကြေးဖြစ်သော အခိုးကဲ့သို့ ရန်သူဖြစ်၏။အန္တရာ၊အတွင်း၌ဖြစ်သော။ သပတ္တော၊နေ၏အညစ် အကြေးဖြစ်သော ဆီးနှင်းကဲ့သို့ ရန်သူဖြစ်၏။ အန္တရာ၊ အတွင်း၌ ဖြစ်သော။ ဝဓကော၊ နေ၏အညစ်အကြေးဖြစ်သော မြူကဲ့သို့ညှဉ်း ဆဲတတ်၏။ အန္တရာ၊ အတွင်း၌ဖြစ်သော။ ပစ္စတ္ထိကော၊ နေ၏ အညစ်အကြေးဖြစ်သော ရာဟုကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်၏။ ဘိက္ခ ဝေ၊ ရဟန်းတို့။ အန္တရာ၊အတွင်း၌ဖြစ်ကုန်သော။ မလာ၊ အညစ် အကြေး တို့သည်ငင်း။အန္တရာ၊အတွင်း၌ ဖြစ်ကုန်သော။ အမိတ္တာ၊ ရန်သူတို့သည်ငင်း။ အန္တရာ၊ အတွင်း၌ ဖြစ်ကုန်သော။ သပတ္တာ၊ မနှစ်လိုအပ်သော သူတို့သည်ငင်း။ အန္တရာ၊ အတွင်း၌ ဖြစ်ကုန် သော။ ဝဓကာ၊ သတ်တတ်ကုန်သော သူတို့သည်ငင်း။ အန္တရာ၊ အတွင်း၌ ဖြစ်ကုန်သော။ ပစ္စတ္ထိကာ၊ ဆန့်ကျင်ဘက်တို့သည်ငင်း။ ဣမေ ခေါ တယော၊ ဤသုံးပါးတို့တည်း။

လောဘော၊လောဘသည်။ အနတ္ထဇနနော၊ အကျိုးမဲ့ကို ဖြစ် စေတတ်၏။ လောဘော၊လောဘသည်။ စိတ္တပ္ပကောပနော၊ ကု သိုလ်စိတ်ကို ပိတ်ပင်တတ်၏။ အန္တရတော၊ကိုယ်တွင်း၌။ ဘယံ၊ ဘေးသည်။ ဇာတံ၊ဖြစ်၏။ တံ၊ထိုဘေးကို။ ဇနော၊ မိုက်သော လူ များသည်။ နာဝဗုဇ္ဈတိ၊သက်၍မသိ။

လုဒ္ဓေါ၊လောဘရှိသော ပုဂ္ဂိုလ်သည်။ အတ္ထံ၊ လောကီ လော ကုတ္တရာ အကျိုးကို။ န ဇာနာတိ၊မသိ။ လုဒ္ဓေါ၊ လောဘရှိသော

ပုဂ္ဂိုလ်သည်။ ဓမ္မံ၊အကြောင်းကို။ န ပဿတိ၊မမြင်။ တဒါ၊ထိုအခါ ၌။ အန္ဓတမံ၊အလွန်မိုက်သည်။ဟောတိ၊ဖြစ်၏။ ယံ ယသ္မာ၊အကြင် ကြောင့်။ လောဘော၊ လောဘသည်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။

ဒေါသော၊ဒေါသသည်။ အနတ္ထဇနနော၊ အကျိုးမဲ့ကို ဖြစ်စေ တတ်၏။ ဒေါသော၊ဒေါသသည်။ စိတ္တပ္ပကောပနော၊ကုသိုလ်စိတ် ကို ပိတ်ပင်တတ်၏။ အန္တရတော၊ ကိုယ်တွင်း၌။ဘယံ၊ဘေးသည်။ ဇာတံ၊ဖြစ်၏။ တံ၊ ထိုဘေးကို။ ဇနော၊ မိုက်သောလူများသည်။ နာဝဗုဇ္ဈတိ၊ သက်၍မသိ။

ကုဒ္ဓေါ၊အမျက်ရှိသော ပုဂ္ဂိုလ်သည်။ အတ္ထံ၊ လောကီ လော ကုတ္တရာ အကျိုးကို။ န ဇာနာတိ၊ မသိ။ ကုဒ္ဓေါ၊ အမျက်ရှိသော ပုဂ္ဂိုလ်သည်။ ဓမ္မံ၊အကြောင်းကို။ န ပဿတိ၊မမြင်။ တဒါ၊ထိုအခါ ၌။ အန္ဓတမံ၊ အလွန်မိုက်သည်။ ဟောတိ၊ဖြစ်၏။ ယံ ယသ္မာ၊အကြင် ကြောင့်။ဒေါသော၊ဒေါသသည်။ နရံ၊လူကို။သဟတေ၊နှိပ်စက်၏။

မောဟော၊မောဟသည်။ အနတ္ထဇနနော၊ အကျိုးမဲ့ကို ဖြစ်စေ တတ်၏။ မောဟော၊မောဟသည်။ စိတ္တပ္ပကောပနော၊ ကုသိုလ် စိတ်ကို ပိတ်ပင်တတ်၏။ အန္တရတော၊ကိုယ်တွင်း၌။ ဘယံ၊ ဘေး သည်။ ဇာတံ၊ဖြစ်၏။ တံ၊ထိုဘေးကို။ ဇနော၊ မိုက်သော လူများ သည်။ နာဝဗုဇ္ဈတိ၊ သက်၍မသိ။

မုဠှော၊ တွေဝေတတ်သောပုဂ္ဂိုလ်သည်။အတ္ထံ၊ လောကီ လော ကုတ္တရာ အကျိုးကို။ န ဇာနာတိ၊မသိ။ မုဠှော၊တွေဝေတတ်သော ပုဂ္ဂိုလ်သည်။ ဓမ္မံ၊အကြောင်းကို။ န ပဿတိ၊မမြင်။ တဒါ၊ထိုအခါ ၌။ အန္ဓတမံ၊အလွန်မိုက်သည်။ ဟောတိ၊ ဖြစ်၏။ ယံ ယသ္မာ၊ အ ကြင်ကြောင့်။ မောဟော၊ မောဟသည်။ နရံ၊ လူကို။ သဟတေ၊ နှိပ်စက်၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊ဟောတော်မူအပ်၏။

ဧဝမ္ပိ၊ ဤသို့သော အပြားအားဖြင့်လည်း။ တတြ သယာတိ ပရိဿယာတိပဒဿ၊ တတြသယာတိပရိဿယာ ဟူသောပုဒ်၏။

အတ္ထော၊အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊သင့်စွ။ တော်၊ ဤ
စကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်
မူအပ်၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ခေါ၊စင်စစ်။ ပုရိသဿ၊
ယောကျ်ားအား။ တယော၊သုံးပါးကုန်သော။ ဓမ္မာ၊ တရားတို့
သည်။ အဇ္ဈတ္တံ၊မိမိသန္တာန်၌။ ဥပ္ပဇ္ဇမာနာ၊ဖြစ်ကုန်သည်ရှိသော်။
အဟိတာယ၊ စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ ဒုက္ခာယ၊ကိုယ်
ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ အဖါသုဝိဟာရာယ၊ မချမ်းသာ
သော နေခြင်းငှါ။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တယော၊သုံးပါးတို့သည်။
ကတမေ၊ အဘယ်သည်တို့နည်း။ မဟာရာဇ၊မြတ်သောမင်းကြီး။
ပုရိသဿ၊ ယောကျ်ားအား။ လောဘော၊ လောဘ ဖြစ်သော။
ဓမ္မော၊တရားသည်။ အဇ္ဈတ္တံ၊မိမိသန္တာန်၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်
လတ်သော်။ အဟိတာယ၊ စိတ်ကိုမှီ၍ ဖြစ်သော ဆင်းရဲခြင်းငှါ။
ဒုက္ခာယ၊ ကိုယ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ အဖါသုဝိဟာ
ရာယ၊ မချမ်းသာသောနေခြင်းငှါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မဟာရာဇ၊
မြတ်သောမင်းကြီး။ ပုရိသဿ၊ယောကျ်ားအား။ ဒေါသော၊ ဒေါ
သဖြစ်သော။ ဓမ္မော၊တရားသည်။ အဇ္ဈတ္တံ၊မိမိသန္တာန်၌။ ဥပ္ပဇ္ဇ
မာနော၊ဖြစ်လတ်သော်။ အဟိတာယ၊စိတ်ကိုမှီ၍ဖြစ်သောဆင်းရဲ
ခြင်းငှါ။ ဒုက္ခာယ၊ ကိုယ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ အဖါသု
ဝိဟာရာယ၊ မချမ်းသာသော နေခြင်းငှါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မဟာ
ရာဇ၊ မြတ်သောမင်းကြီး။ပုရိသဿ၊ယောကျ်ားအား။မောဟော၊
မောဟဖြစ်သော။ ဓမ္မော၊တရားသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။
ဥပ္ပဇ္ဇမာနော၊ဖြစ်လတ်သော်။ အဟိတာယ၊ စိတ်ကိုမှီ၍ဖြစ်သော
ဆင်းရဲခြင်းငှါ။ ဒုက္ခာယ၊ ကိုယ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။
အဖါသုဝိဟာရာယ၊ မချမ်းသာသော နေခြင်းငှါ။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။
မဟာရာဇ၊ မြတ်သောမင်းကြီး။ ပုရိသဿ၊ ယောကျ်ားအား။
တယော၊ သုံးပါးကုန်သော။ ဣမေ ခေါ ဓမ္မာ၊ ဤတရားတို့သည်
လျှင်။ အဇ္ဈတ္တံ၊မိမိသန္တာန်၌။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်လတ်သော်။
အဟိတာယ၊စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ ဒုက္ခာယ၊ ကိုယ်

ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းငှါ။ အဖါသုဝိဟာရာယ၊ မချမ်းသာသော နေခြင်းငှါ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

လောဘော စ၊ လောဘသည်၎င်း။ ဒေါသော စ၊ဒေါသ သည်၎င်း။ မောဟော စ၊မောဟသည်၎င်း။ ပါပစေတသံ၊ မကောင်းသောစိတ်ရှိသော။ ပုရိသံ၊ယောကျ်ားကို။ အတ္တသမ္ဘူတာ၊ မိမိကိုယ်၌ ထင်ရှားဖြစ်ကုန်၍။ ဟိံသန္တိ၊ ညှဉ်းဆဲကုန်၏။ ကိမိဝ၊အဘယ်ကဲ့သို့ နည်းဟူမူကား။ သဖလံ၊မိမိ၏အသီးသည်။တစသာရံ၊ အခွံလျှင် အနှစ်ရှိသော ဝါးကို။ ဟိံသတိ ဣဝ၊ ညှဉ်းဆဲဖျက်ဆီးသကဲ့သို့။ ဟိံသန္တိ၊ ညှဉ်းဆဲကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

ဝေမှိ၊ ဤသို့သော အပြားအားဖြင့်လည်း။ တတြသယာတိ ပရိဿယာတိပဒဿ၊ တတြသယာတိပရိဿယာ ဟူသော ပုဒ်၏။ အတ္ထော၊အနက်ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။ ဟိ၊ သင့်စွ။ တေံ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ရာဂေါ စ၊ ရာဂသည်၎င်း။ ဒေါသော စ၊ ဒေါသသည်၎င်း။ ဣတောနိဒါနာ၊ဤအတ္တဘောသာပြုသော အကြောင်းရှိကုန်သည် ဖြစ်၍။ အရတိ၊ကုသိုလ်ဓမ္မတို့၌ မမွေ့လျော်ခြင်း၎င်း။ ရတိ၊ငါးပါးသော ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း၎င်း။လောမဟံသော၊ဆူးနှင့်တူသည်ဖြစ်၍ အထက်သို့တက်သော အမွေးရှိခြင်း၎င်း။ ဣတောဇာ၊ ဤအတ္တဘောမှဖြစ်ကုန်၏။ ဣတော၊ ဤအတ္တဘောမှ။ သမုဋ္ဌာယ၊ ထ၍။ ဝိတက္ကာ၊ မကောင်းသော အကြံတို့သည်။ မနော၊ စိတ်ကို။ ဩသဇန္တိ၊ စွန့်ကုန်၏။ ကိမိဝ၊ အဘယ်သို့နည်း။ ကုမာရကာ၊ သူငယ်တို့သည်။ ဓင်္ကံ၊ကျီးကို။ ဩသဇန္တိ ဣဝ၊ချည်၍လွှတ်ကုန်သကဲ့သို့။ ဣတော၊ဤအတ္တဘောမှ။ သမုဋ္ဌာယ၊ထ၍။ဝိတက္ကာ၊ မကောင်းသော အကြံတို့သည်။ မနော၊ စိတ်ကို။ ဩသဇန္တိ၊ စွန့်ကုန်၏။ ။ဆဋ္ဌပုစ္ဆာပြီး၏။

## ၅၀-ထိုသမုဒယသစ္စာ၏နယ်ကား၊ အဘယ်မျှကျယ်သနည်းဟူသော သစ္စာမပုဗ္ဗာကို ဖြေရှင်း၍ပြခြင်း။

(၇) ထိုသမုဒယသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း ဟူရာ၌—

ဤသမုဒယသစ္စာဟူသည် တေဘူမကတရားနှံ့၍ တည်သော ဌာနမျိုးဟူသမျှတို့၌ ရှိသည်ချည်းတည်း။ ။ ထင်စေအံ့။ ဌာန တို့သည် ခေတ်အားဖြင့် ယူအပ်သောဌာန အထက်အောက်အား ဖြင့် ယူအပ်သောဌာနဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် တသောင်း သော စကြဝဠာ အတိုင်းအရှည်ရှိသော အကြင်အရပ်သည် ရှိ၏။ ထိုအရပ်သည် ဇာတိခေတ် မည်၏။ ထိုခေတ် အတွင်း၌ ဘုရား အလောင်းတော်တို့ ပဋိသန္ဓေ ယူတော်မူခြင်း ဘွားတော်မူခြင်း စသည်တို့၌ မြေကြီးသည် တပြိုင်နက် တုန်လှုပ်ရ၏။ စကြဝဠာ ကုဋေတသိန်း အပိုင်းအခြားရှိသော အကြင်အရပ်၌ ရတနပရိတ် ခန္ဓပရိတ် ဓဇဂ္ဂပရိတ် အာဋာနာဋိယပရိတ် မောရပရိတ်တို့၏ အာဏာတော်သည် နှံ့၏။ ထိုအရပ်သည် အာဏာခေတ်မည်၏။ ရှင်တော်ဘုရားတို့၏ ရွှေဉာဏ်တော်သည်သာလျှင် ကျက်စားရာ ဖြစ်သော အပိုင်းအခြား အတိုင်းအရှည် အရေအတွက်မရှိသော အကြင်အရပ်သည်ရှိ၏။ ထိုအရပ်သည် ဝိသယခေတ်မည်၏။

> ဗုဒ္ဓက္ခေတ္တံနာမ တိဝိဓံ ဟောတိ ဇာတိက္ခေတ္တံ အာဏာ က္ခေတ္တံ ဝိသယက္ခေတ္တဉ္စ။ တတ္ထဇာတိက္ခေတ္တံ ဒသသဟဿ စက္ကဝါဠပရိယန္တံ ဟောတိ၊ ယံ တထာဂတဿ ပဋိသန္ဓိဂ္ဂ ဟဏာဒိသု ကမ္ပတိ၊အာဏာခေတ္တံ ကောဋိသတသဟဿ စက္ကဝါဠပရိယန္တံ၊ယတ္ထ ရတနသုတ္တံ ခန္ဓပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ မောရပရိတ္တန္တိ ဣမေသံ ပရိတ္တာနံ အာနုဘာဝေါ ဝတ္တတိ။ဝိသယက္ခေတ္တံ အနန္တမပရိမာဏံ။
>
> ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်။

ဇာတိက္ခေတ္တံ၊ဇာတိခေတ်ရင်း။ အာဏာက္ခေတ္တံ၊အာဏာခေတ် ရင်း။ ဝိသယက္ခေတ္တဉ္စ၊ဝိသယခေတ်ရင်း။ ဣတိ၊ဤသို့။ ဗုဒ္ဓက္ခေတ္တံ

နာမ၊ ဗုဒ္ဓခေတ်မည်သည်။ တိဝိဓံ၊သုံးပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။ တတ္ထ၊ထိုသုံးပါးသော ဗုဒ္ဓခေတ် တို့တွင်။ ယံ ယတ္တကံ ဌာနံ၊ အကြွင်းရှေ့သော အရပ်သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပဋိသန္ဓိဂ္ဂဟဏာဒီသု၊ ပဋိသန္ဓေယူတော်မူရာ အခါစသည် တို့၌။ ကမ္ပတိ၊ တုန်လှုပ်၏။ ဒသသဟဿ စက္ကဝါဠပရိယန္တံ၊ တသောင်း စကြဝဠာ အပိုင်းအခြားရှိသော။ တံ တတ္တကံ ဌာနံ၊ ထိုမျှလောက် သော အရပ်သည်။ ဇာတိက္ခေတ္တံ၊ ဇာတိခေတ်မည်၏။ အာဏာ က္ခေတ္တံ၊ အာဏာခေတ် သည်။ ကောဋိ သတ သဟဿ စက္ကဝါဠ ပရိယန္တံ၊ ကုဋေတသိန်း စကြဝဠာ အပိုင်းအခြားရှိ၏။ ယတ္ထ၊ အ ကြင်အာဏာခေတ်၌။ ရတနသုတ္တံ၊ ရတနသုတ်ပရိတ်တော်သည် ၎င်း။ ခန္ဓပရိတ္တံ၊ ခန္ဓပရိတ်တော်သည်၎င်း။ ဓဇဂ္ဂပရိတ္တံ၊ ဓဇဂ္ဂ ပရိတ်တော်သည်၎င်း။ အာဋာနာဋိယပရိတ္တံ၊ အာဋာနာဋိယ ပရိတ်တော်သည်၎င်း။ မောရပရိတ္တံ၊မောရပရိတ်တော်သည်၎င်း။ ဣတိ၊ဤသို့။ ဣမေသံ ပရိတ္တာနံ၊ ဤပရိတ်တော်တို့၏။ အာနုဘာ ဝေါ၊ အာနုဘော်သည်။ ဝတ္တတိ၊ပျံ့နှံ့၏။ ဝိသယက္ခေတ္တံ၊ဝိသယ ခေတ်သည်။ အနန္တံ၊အပိုင်း အခြား မရှိသည်။ အပရိမာဏံ၊ အ တိုင်းအရှည် မရှိသည်။ ဟောတိ၊ဖြစ်၏။

မဟာအဝိစိငရဲမှစ၍ အထက် နေဝသညာနာသညာယတနဘုံ တိုင်အောင် သတ္တဝါသခ်ါရတို့၏ တည်ရာအရပ်ဟု ဆိုအပ်သော အကြင်ဘဝဂ်သည်ရှိ၏။ ထိုဘဝဂ်တိုင်အောင်၎င်း။ ဓမ္မအားဖြင့် အကြင် အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့၏အနွယ် ကိုဖြတ်တတ်သော ဝေါဒါန်ဟု ဆိုအပ်သော အကြင်ဂေါတြဘူ ဟုဆိုအပ်သော ဓမ္မခေတ်ကြီးသည် ရှိ၏။ ထိုဓမ္မခေတ်တိုင်အောင် ၎င်း။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ အစရှိသော သမု ဒယ အမျိုးမျိုးတို့သည် ခေတ်အားဖြင့် ဝိသယခေတ်, အထက် အောက် အားဖြင့် ဘဝဂ်နှင့်အဝိစိ, ဓမ္မအားဖြင့် ဂေါတြဘူ ဝေါ ဒါန် တို့ကို ပျံ့နှံ့စေလျက် အစဉ်မပြတ် ဖြစ်ပေါ်ကြကုန်၏။ အ ကြောင်းအမှန်မှာမူကား လောက အနန္တ သတ္တဝါ အနန္တ စသည် တို့ကို လွှမ်းမိုးအုပ်ချုပ်၍ အကုန်သိစွမ်းတော်မူနိုင်သော ရှင်တော်

ဘုရားတို့၏ ရွှေဉာဏ်တော် အနန္တတို့သည် ကျက်စားတော်မူနိုင်သော တေဘူမကတရား ပျံ့နှံ့ရာ အရပ် ဟူဟူသမျှတို့၌ သမုဒယသစ္စာရှိသည်ချည်းဟူ၍ မှတ်ကြလေ။

> အာသဝါနံ ခယာယာတိ ဧတ္ထ အာသဝန္တီတိ အာသဝါ၊ စက္ခုတောပိ သောတတောပိ ဃာနတောပိ ဇိဝှါတောပိ ကာယတောပိ မနတောပိ သဝန္တီတိ ဝုတ္တံ ဟောတိ။ ဓမ္မတော ယာဝ ဂေါတြဘူ ဩကာသတော ယာဝ ဘဝဂ္ဂါ သဝန္တီတိ အာသဝါ၊ ဧတေ ဓမ္မေ ဧတဉ္စ ဩကာသံ အန္တော ကရိတွာ ပဝတ္တန္တီတိ အတ္ထော။
>
> အင်္ဂုတ္တိုရ်အဋ္ဌကထာပါဌ်။

အာသဝါနံ ခယာယာတိ ဧတ္ထ၊ အာသဝါနံ ခယာယ ဟူသော ပုဒ်၌။ ဝိဂ္ဂဟော၊ ဝိဂြိုဟ်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ စက္ခုဒွါရာဒီဟိ၊ စက္ခုအစရှိသော ဒွါရတို့မှ။ ဝါ၊ စက္ခုအစရှိသော ဒွါရတို့ကြောင့်။ ဝါ၊ စက္ခုအစရှိသော ဒွါရတို့ဖြင့်။ အာသဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဧတေ ဓမ္မာ၊ ထိုတရားတို့သည်။ အာသဝါ၊ အာသဝ မည်ကုန်၏။ စက္ခုတောပိ၊ မျက်စိမှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ သောတတောပိ၊ နားမှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဃာနတောပိ၊ နှာခေါင်းမှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဇိဝှါတောပိ၊ လျှာမှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ ကာယတောပိ၊ ကိုယ်မှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ မနတောပိ၊ စိတ်မှလည်း။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဓမ္မတော၊ ဓမ္မအားဖြင့်။ ဝါ၊ သဘောအားဖြင့်။ ဝါ၊ အကြောင်းရင်းအားဖြင့်။ ယာဝ ဂေါတြဘူ၊ အကြင် မဂ်လေးတန်တို့၏ ဂေါတြဘူတိုင်အောင်။ ဝါ၊ အရဟတ္တမဂ်၏ ဝေါဒါန်တိုင်အောင်၊ ဩကာသတော၊ အရပ်အားဖြင့်။ ယာဝဘဝဂ္ဂါ၊ အကြင် ဘဝဂ်တိုင်အောင်။ ဝါ၊ နေဝသညာနာသညာယတနဘုံ တိုင်အောင်။ သဝန္တိ၊ ယိုစီး

တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာသဝါ၊ အာသဝမည်ကုန်၏။ ဧတေ ဓမ္မာ၊ ထိုတေဘူမကတရားတို့ကိုငင်း။ စေတနာ ကြကာသံ၊ ထိုအရပ်ကိုငင်း။ အန္တော ကရိတွာ၊ အတွင်း ပြု၍။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ယတ္ထ ယံ ယံ တထာဂတော အာကင်္ခတိ၊ တံ တံ ဇာနာတိ။ ဝိသုဒ္ဓိမဂ်။

ယတ္ထ ယသ္မိံ ဝိသယက္ခေတ္တေ၊ အကြင် အကြင် အနန္တ အပရိမာဏ ဖြစ်သော ဝိသယခေတ်၌။ ယံ ယံ၊ အကြင် အကြင် ဧယျဉေယျ ဉသုံ အလုံးစုံသော တရားကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာကင်္ခတိ၊ သိခြင်းငှါ အလိုတော်ရှိ၏။ တံ တံ၊ ထိုထို ဧယျဉေယျ ဉသုံ အလုံးစုံသော တရားကို။ ဇာနာတိ၊ လက်ထက်ဥရှစ်ဆုပ်ပစ်ရှစ်ရှားသို့ ပိုင်းခြား၍သိတော်မူနိုင်၏။

သတ္တမပုစ္ဆာပြီး၏။

### ၅၁-ထိုသမုဒယသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း-ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(ဂ) ထိုသမုဒယသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း။ ဤသို့ အနက်သဘော နှစ်ခုထွက်သော အဋ္ဌမပုစ္ဆာ၌—

သမုဒယတို့ကို သိရခြင်းဟူသည် ဥယျောဟနဂုဏ်ကို ဆောင်သော သမုဒယတို့ကို သိရခြင်း၊ ဩယောဟနဂုဏ်ကို ဆောင်သော သမုဒယတို့ကို သိရခြင်း၊ နေဝဥယျောဟနနဩယောဟန ဂုဏ်ကို ဆောင်သော သမုဒယတို့ကို သိရခြင်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ဥယျောဟနဂုဏ်ကိုဆောင်သောသမုဒယ ဩယောဟနဂုဏ်ကို ဆောင်သော သမုဒယ ဤနှစ်ပါးတို့ကိုသာ

ပခါနုပြု၍ ဩယောဟနဂုဏ်ကို ဆောင်သော သမုဒယကစ၍ ပြပေအံ့။

ထိုစကားကို ချဲ့၍ဆိုဦးအံ့၊ ထို ဩယောဟနဂုဏ်ကို ဆောင်သော သမုဒယဟူသည် အကုသလကမ္မပထ ဆယ်ပါးတို့ပင်တည်း။ ထိုဆယ်ပါးသော အကုသလကမ္မပထ တို့တွင် တပါးပါးသောကံကို ကာမတဏှာစသည်တို့ဖြင့် လွန်ကျူး၏။ ထိုသို့ လွန်ကျူးသည်ရှိသော် ဓမ္မနိယာမသိဒ္ဓိ အစွမ်းအားဖြင့် အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဟူသော သမုဒယသစ္စာ၏သဘောကို မလွန်စေနိုင်သည်ဖြစ်၍ စင်စစ် တွေ့ကြုံရတော့မည့်ဆဲဆဲတည်း။ ထို့ကြောင့် အကုသလကမ္မပထ ဆယ်ပါးတို့ကို ရှေးဦးစွာ လိမ်မာအပ်၏။ ပြီးမှ သမုဒယသစ္စာ၏သဘောကို သိအပ်၏။

အကုသလကမ္မပထ ဆယ်ပါး ဟူသော်ကား—

> အကုသလကမ္မပထာ ပါဏာတိပါတော အဒိန္နာဒါနံ
> ကာမေသုမိစ္ဆာစာရော မုသာဝါဒေါ ပိသုဏာဝါစာ ဖရုသ
> ဝါစာ သမ္ဖပ္ပလာပဝါစာ အဘိဇ္ဈာ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌိ။
> သုတ်ပါထေယျပါဠိတော်။

ပါဏာတိပါတော၊ သူ၏အသက်ကိုသတ်ခြင်းရင်း။ အဒိန္နာဒါနံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းရင်း။ ကာမေသုမိစ္ဆာစာရော၊ ဝတ္ထုကာမဂုဏ်တို့၌ မှားယွင်းလွန်ကျူး၍ ကျင့်ခြင်းရင်း။ မုသာဝါဒေါ၊ ချွတ်ယွင်းသောစကားကို ဆိုခြင်းရင်း။ ပိသုဏာဝါစာ၊ ကုန်းတိုက်စကားကို ဆိုခြင်းရင်း။ ဖရုသဝါစာ၊ ကြမ်းကြုတ်သောစကားကို ဆိုခြင်းရင်း။ သမ္ဖပ္ပလာပဝါစာ၊ အကျိုးမရှိသောစကားကို ဆိုခြင်းရင်း။ အဘိဇ္ဈာ၊ သူတပါးစည်းစိမ်ကို ရှေးရှုတပ်သောအားဖြင့် ကြံခြင်းရင်း။ ဗျာပါဒေါစ၊ စီးပွါးချမ်းသာ ပျက်စီးကြောင်းဖြစ်သော ဒေါသရင်း။ မိစ္ဆာဒိဋ္ဌိ၊ ဖောက်ပြန်သောအားဖြင့် နှလုံးသွင်းခြင်းရင်း။ ဇာတိ၊ ဤသို့။ ဒသ၊ ဆယ်

ပါးကုန်သော။ အကုသလ ကမ္မပထာ၊ အကုသလ ကမ္မပထ တရားတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဤအကုသလကမ္မပထဆယ်ပါးကို ဒုစရိုက်ဆယ်ပါးဟူ၍လည်း ခေါ်ဝေါ်၏။ အင်္ဂါပြည့်စုံသော အရာတို့၌ ဒုစရိုက်လည်း မည်၏။ ကမ္မပထ လည်းမည်၏။ အင်္ဂါချွတ်ယွင်းသော အရာတို့၌ ဒုစရိုက်သာမည်သည်။ ကမ္မပထ မမည်။ တနည်းကား အင်္ဂါပြည့်စုံသော အရာတို့၌ ကံလည်းမည်၏။ ကမ္မပထလည်း မည်၏။ အင်္ဂါချွတ်ယွင်းသော အရာတို့၌ ကံသာမည်သည်။ ကမ္မပထ မမည်။ ဤသို့ ပိုင်းခြား၍ သတိမူလေ။

အကုသလကမ္မပထဆယ်ပါးတွင် အစသုံးပါးသည် ကာယကံ၊ အလယ်လေးပါးသည် ဝစီကံ၊ အဆုံးသုံးပါးသည် မနောကံ၊ ဤသို့ ပိုင်းခြား၍မှတ်။

ထို အကုသလကမ္မပထဆယ်ပါးတို့တွင် ပါဏာတိပါတ,ဖရုသဝါစာ, ဗျာပါဒ ဤသုံးပါးသည် ဒေါသမူစိတ္တုပ္ပါဒ်ကြောင့်ဖြစ်၏။ ကာမေသုမိစ္ဆာစာရ,အဘိဇ္ဈာ,မိစ္ဆာဒိဋ္ဌိ ဤသုံးပါးသည် လောဘမူစိတ္တုပ္ပါဒ်ကြောင့် ဖြစ်၏။ အဒိန္နာဒါန,မုသာဝါဒ ပိသုဏာဝါစာ, သမ္ဖပ္ပလာပ ဤလေးပါးသည် လောဘမူ ဒေါသမူ စိတ္တုပ္ပါဒ်ကြောင့် ဖြစ်၏။

''တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေနဇာယန္တိ၊ ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန၊ သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ'' ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟ၌ ပြတော်မူသည်ကို ရှုပါလေ။

တေသု၊ ထို အကုသလကမ္မပထဆယ်ပါးတို့တွင်။ ပါဏာတိပါတော စ၊ ပါဏာတိပါတ သည်၎င်း။ ဖရုသဝါစာ စ၊ ဖရုသဝါစာ သည်၎င်း။ ဗျာပါဒေါ စ၊ ဗျာပါဒသည်၎င်း။ ဒေါသမူလေန၊ ဒေါသ ဟု ဆိုအပ်သော မူလကြောင့်။ ဇာယန္တိ၊ဖြစ်ကုန်၏။ ကာမေသုမိစ္ဆာစာရော စ၊ ကာမေသုမိစ္ဆာစာရသည်၎င်း။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာသည်၎င်း။ မိစ္ဆာဒိဋ္ဌိ စ၊ မိစ္ဆာဒိဋ္ဌိသည်၎င်း။ လောဘမူ

လေန၊ လောဘဟုဆိုအပ်သော မူလကြောင့်။ ဇာယန္တိ၊ဖြစ်ကုန်၏။ သေသာနိ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော။ စတ္တာရိပိ၊လေးပါး လည်းဖြစ်ကုန်သော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပဝါစာ တို့သည်ကား။ဒွိဟိ၊နှစ်ပါးကုန်သော။မူလေဟိ၊ လောဘမူ, ဒေါသမူ တို့ကြောင့်။ သမ္ဘဝန္တိ၊ဖြစ်ကြကုန်၏။

အဒိန္နဒါန စသည်တို့သည် လောဘဟုဆိုအပ်သော မူလ ဒေါသ ဟု ဆိုအပ်သော မူလ ကြောင့် ဖြစ်သည်ဟုဆို၍ အဘိဓမ္မတ္ထ သင်္ဂဟ၌ ပြသောအရာကိုယေဘုယျနည်းယူရမည်။အဘယ်ကြောင့် နည်းဟူမူ။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ မောဟဟု ဆိုအပ်သော မူလကြောင့် ဖြစ်သော အရာကိုလည်း ပြခြင်းကြောင့်တည်း။ယထာ ရဟ ဖြင့် ယူလေ။

ကာယကံ၏ ကမ္မပထဖြစ်ရာ ဒွါရသည် ကာယဒွါရ ဝစီဒွါရ နှစ်ပါးသာတည်း မနောဒွါရ၌မဖြစ်။ ။ထိုကာယကံသည် ဝစီဒွါရ၌ အနည်းငယ်သာဖြစ်၍ ကာယဒွါရ၌သာ များစွာဖြစ်ခြင်းကြောင့် ကာယကံဟူသော အမည်ကိုသာ ရအပ်၏။ ဥပမာကား တော၌ များစွာကျင်လည်ခြင်းကြောင့် ဝနစရကဟူသောအမည်ကိုရသော မုဆိုးသည် မြို့ရွာ၌ ရံခါ ကျင်လည်သော်လည်း ဝနစရကဟူသော အမည်ကို မစွန့်သကဲ့သို့တည်း။ ဤသို့ဒွါရဖြင့် ကံကိုမှတ်၍ ခေါ်ဝေါ်ခြင်းသည် တဗ္ဗဟုလနည်းတည်း။

ဝစီကံ၏ ကမ္မပထဖြစ်ရာ ဒွါရသည်လည်း ကာယဒွါရ ဝစီဒွါရ နှစ်ပါးသာတည်း။ မနောဒွါရ၌မဖြစ်။ ဝစီကံသည် ကာယဒွါရ၌ အနည်းငယ်သာဖြစ်၍ ဝစီဒွါရ၌သာ များစွာဖြစ်ခြင်းကြောင့် ဝစီ ကံ ဟူသောအမည်ကို ရလေသည်။ တဗ္ဗဟုလ နည်း ပင် ယူလေ။ ဝစီဒွါရ၌ ကာယကံ ကမ္မပထ မြောက်သည်ကား နှစ်ပါးသာ တည်း။ ကာမေသုမိစ္ဆာစာရ မပါ။ အ ဘယ် ကြောင့် နည်း ဟူသော်။ သာဟတ္ထိကပယောဂ တပါးသာ ရှိသောကြောင့်တည်း။ ပြအပ်ပြီးသော ကံတို့သည် ထိုထိုဒွါရ၌ ဖြစ်၍ ကမ္မပထမြောက် လျှင် ဒွါရ၏အစွမ်းအားဖြင့် ကာယဒုစရိုက် ဝစီဒုစရိုက် မျှသာဖြစ်

သော အကုသိုလ်စေတနာဟူ၍မှတ်။ ထိုဒုရိုက်မျှသာဖြစ်သော အကုသိုလ်စေတနာသည် ပကတူပနိဿယ အကြောင်းဖြစ်၏။ ပကတူပနိဿယ ဆိုရာ၌။ ။"ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဉ္စ ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ ကုသလာဒိဓမ္မာနံ "ဟု အဘိဓမ္မတ္ထသင်္ဂဟ၌ ပြသောကြောင့် ဥပထမ္ဘက ဥပပီဠကလည်းရှိ၏။ ။"ကမ္မံ ဝိပါကာနန္တိစ ဗဟုဓာ ဟောတိ ပကတူပနိဿယော" ဟူ၍လည်း ရှိ၏။ နိုင်းရှည့်ဆင်ခြင်၍ ထိုက်သည်အားလျော်စွာယူရမည်။ ကမ္မပထမြောက်သော အကုသိုလ်စေတနာဖြစ်မှု ဇနကသတ္တိရှိသည် သာမှတ်။ ပဋိသန္ဓေပဝတ္တိအကျိုးကို ယထာရဟ ပေးစွမ်းနိုင်သည် ဆိုလိုသည်။ ကမ္မပထမြောက်သည် မမြောက်သည်ကို ဆိုလတ္တံ့သော သိက္ခာပုဒ်အင်္ဂါတို့ဖြင့် နှိုင်းရှည့်ဆင်ခြင်လေ။

တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ ပါဏော, ပါဏသညိ
တာ, ဝဓကစိတ္တံ, ဥပက္ကမော, တေန မရဏန္တိ။
အဋ္ဌသာလိနီ။

ပါဏော၊သတ္တဝါ၎င်း။ ပါဏသညိတာ၊ သတ္တဝါဟု အမှတ်ရှိသည်၏ အဖြစ်၎င်း။ ဝဓကစိတ္တံ၊ သေစေလိုသောစိတ်၎င်း။ ဥပက္ကမော၊ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုခြင်း၎င်း။ တေန၊ ထိုလုံ့လဖြင့်။ မရဏံ၊သေခြင်း၎င်း။ ဣတိ၊ဤသို့။ တဿ၊ ထိုပါဏာတိပါတ၏။ ပဉ္စ၊ငါးပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှ ပါဏာတိပါတ ကမ္မပထမြောက်သည်။

ကိုယ်တိုင်သတ်သော သာဟတ္ထိကပယောဂ၊ သူတပါးကို စေခိုင်း၍ သတ်သော အာဏတ္တိက ပယောဂ၊မြား ယန္တရား ကျောက်ခဲ စသည်တို့ကို ပစ်လွှတ်သော နိဿဂ္ဂိယပယောဂ၊ မရွေ့ဘဲ အမြဲတည်ကြောင်းဖြစ်သော တွင်းတူးခြင်း သစ်ချွန်ငြောင့်စိုက်ခြင်း ဘိပျဉ်ထောင်ခြင်း စသော ထာဝရပယောဂ၊ မန္တာန်စုပ်သဖြင့် သတ်သော ဝိဇ္ဇာမယပယောဂ၊ ဝိတုမင်းကဲ့သို့ ကမ္မဝိပါကဇ

တန်းခိုးဖြင့် ဖြစ်သော ဇုဒ္ဓိမယပယောဂ၊ ဤပယောဂ ခြောက်ပါး တို့တွင် တပါးပါးဖြင့် သတ္တဝါကို သေစေသော် ပါဏာတိပါတ ဖြစ်၏။

ဤသို့ ပြအပ်ပြီးသော ပယောဂတို့၌ ဥဒ္ဒိဿ အနုဒ္ဒိဿကိုလည်း မှတ်အပ်၏။ မည်သူ့ကိုသတ်အံ့ဟူ၍ ရည်မှတ်ပိုင်းခြား၍သတ်လျှင် ရည်မှတ်သောသူသေမှ ပါဏာတိပါတ ကမ္မပထ ဖြစ်သည်။အခြား သူ သေခဲ့သော် ပါဏာတိပါတမဖြစ်။ ဤကဲ့သို့သောအရာ၌ မည် သူ့ကိုသတ်အံ့ဟု ကြံဆဲအခါ ဝဓကစေတနာနှင့်တကွ ဖြစ်သော ဒေါသသည်သာလျှင် ပဓာနဖြစ်၏။ မရည်မမှတ်ဘဲသတ်၍ အမှတ် မရှိသောသူသေရာ၌ မည်သည့် အကုသိုလ်ဖြစ်သည်ဟူ၍ ဆိုအပ် သနည်း ဆိုသော်။ ပါဏာတိပါတ ကမ္မပထအကုသိုလ်ဟူ၍ ကေန် မုချဆိုရမည်။ အာဏတ္တိကပယောဂ၌ကား သတ်အပ်သောသူ, သတ်ရာကာလ, သတ်ရာဒေသ, သတ်ကြောင်းလက်နက်, သတ်ဆဲ ဣရိယာပုထ်, သတ်ဟန်အမူအရာ ဤခြောက်ပါးကိုမှတ်၍ စေ ခိုင်းခဲ့သော် စေခိုင်းတိုင်းသတ်လျှင် ခိုင်းသောသူလည်း ပါဏာတိ ပါတကမ္မပထ, သတ်သောသူလည်း ပါဏာတိပါတ ကမ္မပထ ဖြစ်၏။ မှတ်၍စေခိုင်းသော် စေသည့်အတိုင်းမသတ်ဘဲ တစုံတခု ချွတ်ယွင်းခဲ့လျှင် သတ်သောသူမှာ ပါဏာတိပါတ ဖြစ်၏။ စေ ခိုင်းသူမှာ ပါဏာတိပါတ မဖြစ်။ စေခိုင်းစဉ်အခါ ဝဓက စေတ နာနှင့် တကွဖြစ်သော ဒေါသသည်သာလျှင် ပဓာနဖြစ်၏။ ။ ပါဏာတိပါတ ပြီး၏။

တဿ ပဉ္စသမ္ဘာရာ ဟောန္တိ ပရပရိဂ္ဂဟိတံ,ပရပရိဂ္ဂဟိတ သညိတာ,ထေယျစိတ္တံ,ဥပက္ကမော,တေန ဟရဏံ,န္တိ။
အဋ္ဌသာလိနီ။

ပရပရိဂ္ဂဟိတံ၊ သူတပါး သိမ်းဆည်း စောင့်ရှောက်အပ်သော ဥစ္စာဝင်း။ ပရပရိဂ္ဂဟိတသညိတာ၊ သူတပါး သိမ်းဆည်းစောင့် ရှောက်အပ်သော ဥစ္စာဟု အမှတ်ရှိသည်၏ အဖြစ်ဝင်း။ ထေယျ စိတ္တံ၊ ခိုးလိုသောစိတ်ဝင်း။ ဥပက္ကမော၊ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြု

ခြင်းငှင်း။ တေန၊ ထိုလုံ့လဖြင့်။ ဟရဏံ၊ ခိုးယူခြင်းငှင်း။ ဣတိ၊ ဤသို့။ တဿ၊ ထို အဒိန္နာဒါန်၏။ ပဉ္စငါးပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤ အင်္ဂါငါးပါး ပြည့်စုံမှ အဒိန္နာဒါနကမ္မပထ မြောက်သည်။

မိမိကိုယ်တိုင်ခိုးခြင်းဟု ဆိုအပ်သော သာဟတ္ထိကပယောဂ, သူ တ ပါး ကို စေ ခိုင်း ၍ ခိုးခြင်းဟု ဆိုအပ်သော အာဏတ္တိက ပယောဂ, ကင်းထားရာအရပ်မှ အပသို့ ကင်းခွန်ကို ပစ်လွှတ်၍ခိုး ခြင်းဟု ဆိုအပ်သော နိဿဂ္ဂိယပယောဂ, ဤမည်သော ဥစ္စာကို အမှတ်မရှိ တတ်နိုင်သောအခါ ခိုးစေသဖြင့်ငှင်း, ထောပတ်အိုး ဆီအိုး စသည်တို့၌ ပုဆိုး သားရေ အနှီး အစရှိသည်ကို ထည့်ချ သဖြင့်ငှင်း, ဤသို့ခိုးခြင်းဟုဆိုအပ်သော ထာဝရပယောဂ, မန္တန် စုပ်သဖြင့် ခိုးခြင်းဟုဆိုအပ်သော ဝိဇ္ဇာမယပယောဂ, ကိုယ်နှုတ် ဖြင့်လုံ့လပြု၍ တန်ခိုးဖြင့် ခိုးယူခြင်း တည်းဟူသော ဣဒ္ဓိမယ ပယောဂ ဤပယောဂ ခြောက်ပါးတို့တွင် တပါးပါးဖြင့် ခိုးယူ သော် အဒိန္နာဒါနကမ္မပထမြောက်၏။

အာဒိယန=သက်ရှိသက်မဲ့ဥစ္စာကို တရားဆင်၍ ခိုးခြင်း, ဟရဏ=သက်ရှိ သက်မဲ့ဥစ္စာကိုဆောင်ရွက်ထမ်းပိုးစဉ် ခိုးခြင်း, အဝ ဟရဏ=သူအပ်နှံထားခဲ့သော သက်ရှိ သက်မဲ့ ဥစ္စာကို ခိုးခြင်း, ဣရိယာပထဝိကောပန=သက်ရှိသက်မဲ့ကို ဆောင်ရွက်သူနှင့်တကွ ဣရိယာပုထ်ကို ဖျက်ဆီး၍ ခိုးခြင်း, ဌာနာစာဝန=သက်ရှိသက်မဲ့ ဥစ္စာကိုထားရာမှရွှေ့စေ၍ ခိုးခြင်း။ (နာနာဘဏ္ဍပဥ္စကငါးပါး)။

အာဒိယန=သက်ရှိဥစ္စာကို တရားဆင်၍ခိုးခြင်း, ဟရဏ=သက် ရှိဥစ္စာကို ဆောင်ရွက်ထမ်းပိုးစဉ် ခိုးခြင်း, အဝဟရဏ=သူအပ်နှံ ထားခဲ့သော သက်ရှိဥစ္စာကို ခိုးခြင်း, ဣရိယာပထဝိကောပန= သက်ရှိဥစ္စာကို ဆောင်ရွက်သောသူနှင့်တကွ ဣရိယာပုထ်ကို ဖျက် ဆီး၍ ခိုးခြင်း, ဌာနာစာဝန=သက်ရှိဥစ္စာကို ထားရာမှ ရွှေ့စေ၍ ခိုးခြင်း။ (ဧကဘဏ္ဍပဥ္စကငါးပါး)။

သာဟတ္ထိက=မိမိလက်ဖြင့် ကိုယ်တိုင်ခိုးခြင်း, အာဏတ္တိက=သူတပါးကိုစေခိုင်း၍ ခိုးခြင်း, နိဿဂ္ဂိယ=ကင်းထားရာအရပ် မိမိကြံရာအရပ်မှ အပသို့ ပစ်၍ခိုးခြင်း, အတ္ထသာဓက=မခိုးမယူမီကပင် အဓိန္နာဒါန်ထိုက်ခြင်း။ ဝါ၊ အကျိုးကိုပြီးစေတတ်သော ခိုးခြင်း, ဓုရနိက္ခေပ=ဥစ္စာရှင်နှင့် ခိုးယူသူ နှစ်ဦး၏ မရပြီ မပေးပြီ ဟု ဝန်ချခြင်းဟူသော ခိုးခြင်း။ (သာဟတ္ထိကပဉ္စကငါးပါး)။

ပုဗ္ဗပယောဂ=သူတပါးတို့စေခိုင်း၍ ရှေး၌လုံ့လပြုသော ခိုးခြင်း, သဟပယောဂ=ဥစ္စာချထားရာမှရွေ့စေခြင်း သစ်ငုတ် တံသင်း စသည်တို့ကိုပြောင်း၍ လယ်ယာ စသည်တို့ကို ယူခြင်းတို့ဖြင့် တပြိုင်နက်လုံ့လပြုသော ခိုးခြင်း,သံဝိဓာဝဟာရ=တိုင်ပင်ညီညွတ်၍ ခိုးခြင်း, သင်္ကေတကမ္မ=မည်သည့်အခါခိုးလေဟူ၍ အချိန်း အချက်ပြု၍ ခိုးခြင်း, နိမိတ္တကမ္မ=မျက်စိမှိတ်ခြင်း မျက်မှောင်ချီခြင်း စသည်ကိုပြုသော် ခိုးလေဟူ၍ နိမိတ်ပြုသော ခိုးခြင်း။ (ပုဗ္ဗပယောဂပဉ္စကငါးပါး)။

ကုသာဝဟာရ=ကမ္ပည်းပြောင်း၍ခိုးခြင်း, ထေယျာဝဟာရ=အချိန်စဉ်းလဲ တင်းစဉ်းလဲ အသပြာစဉ်းလဲ စသည်ဖြင့် လှည့်ပတ်၍ ခိုးခြင်း,ပသယှာဝဟာရ=နိုင်ထက်မူ၍ ခိုးခြင်း, ပရိကပ္ပါဝဟာရ=ဥစ္စာ အရပ်နှစ်ပါးကို ကြံသဖြင့် ခိုးခြင်း, ပဋိစ္ဆန္နာဝဟာရ=ဥစ္စာကိုဖုံးလွှမ်းကွယ်ဝှက်၍ ခိုးခြင်း။ (ကုသာဝဟာရပဉ္စကငါးပါး)။ ။ ဤသို့ ခိုးခြင်းနှစ်ဆယ့်ငါးပါးရှိသတည်း။ ။အဒိန္နာဒါန်ပြီး၏။

တဿ စတ္တာရော သမ္မာရာ ဟောန္တိ အဂမနီယဝတ္ထု, တသ္မိံသေဝနစိတ္တံ,သေဝနပယောဂေါ,မဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနံ,န္တိ။ ။အဋ္ဌသာလိနီ။

အဂမနီယဝတ္ထု၊ မလားအပ်သောဝတ္ထုငှင်း။ တသ္မိံ၊ ထိုမလားအပ်သောဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲလိုသောစိတ်ငှင်း။ သေဝနပယောဂေါ၊ မှီဝဲခြင်း၌ ပယောဂငှင်း။ မဂ္ဂေန မဂ္ဂ ပဋိပတ္တိ အဓိဝါသနံ၊ မဂ်ကို မဂ်ဖြင့် ကျင့်ခြင်း၌ သာယာခြင်းငှင်း။ ဣတိ၊ ဤသို့။

တသ၊ထိုကာမေသုမိစ္ဆာစာရ၏။ စတ္တာရော၊လေးပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤအင်္ဂါလေးပါး ပြည့်စုံမှ ကာမေသုမိစ္ဆာစာရ ကမ္မပထမြောက်သည်။

မလားအပ်သောဝတ္ထုမည်သည်ကား ယောကျ်ားတို့အား နှစ်ဆယ်သောမိန်းမတို့သည် မလားအပ်သောဝတ္ထု မည်ကုန်၏။ ။ နှစ်ဆယ်သောမိန်းမ ဟူသည်ကား။ အမိစောင့်သောမိန်းမ၊ အဘစောင့်သောမိန်းမ၊ မိဘနှစ်ပါးစောင့်သော မိန်းမ၊ မောင်စောင့်သော မိန်းမ၊ အမညီမစောင့်သော မိန်းမ၊ ဆွေမျိုးစောင့်သော မိန်းမ၊ အနွယ်စောင့်သော မိန်းမ၊ သီတင်းသုံးဘော်စောင့်သော မိန်းမ၊ လင်လျာစောင့်သော မိန်းမ၊ သူ တ ပါး သွား သည် ရှိသော် ဤမျှဒဏ်ဖြစ်စေသတည်းဟု မင်းတို့သည် ဒဏ်ထားသော မိန်းမ။ ။၁၀။ ။

ဥစ္စာဖြင့် ဝယ်၍နေသော မယား၊ အလိုတူ၍နေသော မယား၊ စည်းစိမ်ပေး၍နေသော မယား၊ ပုဆိုး အဝတ် ပေး၍နေသော မယား၊ ရေခွက်၌ လက်ချ၍ မိဘထိမ်းမြားသော မယား၊ ခေါင်းခုချ၍နေသော မယား၊ ကျွန်လည်းဖြစ် မယားလည်းဖြစ်သော မယား၊ အမှုလုပ်လည်းဖြစ် မယားလည်းဖြစ်သော မယား၊ စစ်မြေပြင်က ရသော မယား၊ တခဏ အ ခိုက် အ တန့် သာ နေ သော မယား။ ။၁၀။ ။ဤကားမိန်းမနှစ်ကျိပ်တည်း။

> တတ္ထ အဂမနီယဋ္ဌာနံ နာမ ပုရိသာနံ တာဝ မာတုရက္ခိတာ, ပိတုရက္ခိတာ, မာတာပိတုရက္ခိတာ, ဘာတုရက္ခိတာ,ဘဂိနိရက္ခိတာ, ဉာတိရက္ခိတာ, ဂေါတ္တရက္ခိတာ, ဓမ္မရက္ခိတာ, သာရက္ခာ, သပရိဒဏ္ဍာ, တိ ဇာမာ ဒသ။ ဓနက္ကီတာ, ဆန္ဒဝါသိနီ, ဘောဂဝါသိနီ, ပဋဝါသိနီ, ဩဒပတ္တကိနီ, ဩဘတစုမ္ဗဋာ, ဒါသီစ ကမ္မကာရီစ, ဓဇာဟဋာ, မုဟုတ္တိကာ,တိ ဣမာ ဒသ ဝီသတိ ဣတ္ထိယော။ ။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ တာဝ၊ ရှေးဦးစွာ။ ပုရိသာနံ၊ ယောက်ျားတို့၏။ အဂမနီယဋ္ဌာနံ နာမ၊ မသွားလာအပ်သော အရာမည်သည်ကား။ မာတုရက္ခိတာ၊အမိစောင့်သောမိန်းမငင်း။ ပိတုရက္ခိတာ၊ အဘစောင့်သော မိန်းမငင်း။ မာတာပိတုရက္ခိတာ၊ မိဘနှစ်ပါးစောင့်သော မိန်းမငင်း။ ဘာတုရက္ခိတာ၊ မောင်စောင့်သော မိန်းမငင်း။ ဘဂိနိရက္ခိတာ၊အမညီမစောင့်သော မိန်းမငင်း။ ဉာတိရက္ခိတာ၊ ဆွေမျိုးစောင့်သော မိန်းမငင်း။ ဂေါတ္တရက္ခိတာ၊ အနွယ်စောင့်သော မိန်းမငင်း။ ဓမ္မရက္ခိတာ၊ သဘောတူသောသူ စောင့်သော မိန်းမငင်း။ သာရက္ခာ၊ အစောင့် အရှောက်နှင့် တကွ သော မိန်းမငင်း။ သပရိဒဏ္ဍာ၊ ဒဏ်နှင့်တကွ စောင့်ထိန်းသော မိန်းမငင်း။ ဣတိ၊ ဤသို့။ ဒသ၊တကျိပ်ကုန်သော။ ဣမာ ဣတ္ထိယော၊ ဤမိန်းမတို့သည်ငင်း။ ။ဓနက္ကီတာ၊ ဥစ္စာဖြင့်ဝယ်သော မယားငင်း။ ဆန္ဒဝါသိနီ၊အလိုတူ၍နေသော မယားငင်း။ ဘောဂဝါသိနီ၊ အသုံးအဆောင်ကြောင့်နေသော မယားငင်း။ ပဋဝါသိနီ၊အဝတ် ပုဆိုးပေး၍နေသော မယားငင်း။ ဩဒပတ္တကိနီ၊ ရေခွက်၌လက် ချ၍နေသော မယားငင်း။ ဩဘတစုမ္ဗဋာ၊ခေါင်းခုကိုချ၍နေသော မယားငင်း။ ဒါသီ၊စေကျွန်ပြုသော။ ဘရိယာစ၊မယားငင်း။ ကမ္မကာရီ၊ အမှုလုပ် စသည်ဖြစ်သော။ ဘရိယာစ၊မယားငင်း။ ဓဇာဟတာ၊စစ်မြေမှရသော သုံ့ရ မယားငင်း။ မုဟုတ္တိကာ၊ တခဏသာ နေသော မယားငင်း။ ဣတိ၊ဤသို့။ ဒသ၊တကျိပ်ကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်ငင်း။ ဝီသတိ ဣတ္ထိယော၊ နှစ်ကျိပ်သော မိန်းမတို့သည်။ အဂမနီယဋ္ဌာနံနာမ၊ မသွားလာအပ်သောအရာ မည်၏။ ။ဤကား ယောက်ျားတို့ မသွားလာအပ်သော မိန်းမ နှစ်ကျိပ်တည်း။

မိန်းမတို့မှာကား အစ ရှစ်ယောက်ကို နုတ်၍ ကျန်တကျိပ်နှစ် ယောက်သော မိန်းမတို့သည် မိန်းမရှိသော ယောက်ျားကိုဖြစ်စေ မိန်းမ မရှိသောယောက်ျားကိုဖြစ်စေ မသွားလာအပ်။ သွားလာမှု ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ ။''ဣတ္ထီသု ဒွိန္နံ သာရက္ခ သပရိ ဒဏ္ဍာနံ ဒသန္နဉ္စ ဓနက္ကီတာ ဒီနန္တိ ဥဒါဒသန္နံ ဣတ္ထီနံ အညေ

ပုရိသာ'' ဟူသော ၎င်းအဋ္ဌကထာကိုထောက်။ ။ကာမေသု မိစ္ဆာစာရပြီး၏။

တဿ စတ္တာရော သမ္ဘာရာ ဟောန္တိ အတထဝတ္ထုံ, ဝိသံဝါဒနစိတ္တံ, တဇ္ဇော ဝါယာမော, ပရဿ တဒတ္ထ ဝိဇာနနန္တိ။ ။အဋ္ဌသာလိနီ။

အတထဝတ္ထုံ၊ မဟုတ်မမှန်သော ဝတ္ထု၎င်း။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော စိတ်၎င်း။ တဇ္ဇော ဝါယာမော၊ ထိုချွတ်ယွင်းခြင်းအားလျော်သော ကိုယ် နှုတ် တို့ဖြင့် လုံ့လပြုခြင်း၎င်း။ ပရဿ တဒတ္ထ ဝိဇာနနံ၊သူတပါးသည် ထိုစကား၏ အနက်ကို သိခြင်း၎င်း။ ဣတိ၊ဤသို့။ တဿ၊ထိုမုသာဝါဒ၏။ စတ္တာရော၊ လေးပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ဤအင်္ဂါလေးပါး ပြည့်စုံမှ မုသာဝါဒကမ္မပထ မြောက်သည်။ ။ သာဟတ္ထိကပယောဂ အာဏတ္တိကပယောဂ ထာဝရပယောဂ တို့ဖြင့် မုသာဝါဒကမ္မပထ မြောက်၏။ ။မုသာဝါဒပြီး၏။

တဿ စတ္တာရော သမ္ဘာရာ ဟောန္တိ ဘိန္ဒိတဗ္ဗော ပရော, ဣတိ ဣမေ နာနာ ဘဝိဿန္တီတိ ဘေဒပုရေက္ခာရတာဝါ ဣတိ အဟံ ပိယော ဘဝိဿာမီတိ ဝိနာဘာဝကာမတာ ဝါ, တဇ္ဇောဝါယာမော, တဿ တဒတ္ထ ဝိဇာနနန္တိ။ ။အဋ္ဌသာလိနီ။

ဘိန္ဒိတဗ္ဗော၊ ဖျက်ဆီးအပ်သော။ ပရော၊ သူတပါး၎င်း။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ဣမေ၊ ဤသူတို့သည်။ နာနာ၊အသီးအသီး။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ဤသို့။ ဘေဒပုရေက္ခာရတာဝါ၊ အချစ်ပျက်ခြင်းကို ရှေ့ရှုသည်၏အဖြစ်၎င်း။ ဣတိ၊ ဤသို့ ဆိုသည်ရှိသော်။ အဟံ၊ငါ့ကို။ ပိယော၊ချစ်နှစ်သက်အပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ဝိဿသိကော၊ အကျွမ်းဝင်သည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ၊ဤသို့။ ဝိယကမျတာဝါ၊ ချစ်နှစ်သက်ခြင်းကို အလိုရှိသည်၏ အဖြစ်၎င်း။ တဇ္ဇော၊ ထိုသို့အချစ်ပျက်ခြင်း မိမိကိုချစ်စေခြင်းငှါ

လျောက်ပတ်သော။ ဝါယာမော၊လုံ့လငင်း။ တဿ၊ထိုဖျက်ဆီးအပ်သောသူ၏။ တဒတ္ထဝိဇာနနံ၊ ထိုသို့ဆိုသော စကား၏ အနက်အရကိုသိခြင်းငင်း။ ဣတိ၊ဤသို့။ တဿ၊ထိုပိသုဏဝါစာ၏။စတ္တာရော၊ လေးပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပုရေက္ခာရတာ ပိယကမျတာ အင်္ဂါနှစ်ပါးကို တပါးယူလျှင်တပါးကိုချန်။ နှစ်ပါးကိုပေါင်း၍ တပါးသော်လည်း ရေတွက်။ ။အမိပ္ပါယ်ဆိုဦးအံ့။ ။အချစ်ပျက်အပ်သော ပုဂ္ဂိုလ်သည် သူတပါးလည်းဖြစ်စေ, ကွဲပြားခြင်း အချစ်ပျက်ခြင်းကို ရှေ့ရှုသည်၏အဖြစ်မိမိအား ချစ်စေလိုသည်၏အဖြစ်ရှိသည်လည်းဖြစ်စေ, ကွဲပြားခြင်းအချစ်ပျက်စေခြင်း မိမိအားချစ်စေလိုခြင်းအားလျော်သောလုံ့လရှိသည်လည်းဖြစ်စေ, သူတပါးသည် ထိုစကား၏အနက်ကို သိသည်လည်းဖြစ်စေ, ဤအင်္ဂါလေးပါး ပြည့်စုံသော်လည်း သူတပါးကွဲပြားမှ ပိသုဏဝါစာကမ္မပထ မြောက်သည်။ မကွဲပြားသော်ကမ္မပထ မမြောက်။ ။''ပရေ ပန အဘိန္နေ ကမ္မပထဘေဒေါနတ္ထိ! ဘိန္နေ ယေဝ ဟောတိ'' ဟူ၍ အဋ္ဌသာလိနီ၌ ပြသည်ကိုရှုလေ။ ။ပိသုဏဝါစာပြီး၏။

တဿ တယော သမ္ဘာရာ အက္ကောသိတဗ္ဗော ပရော,
ကုပိတစိတ္တံ, အက္ကောသနန္တိ။ ။အဋ္ဌသာလိနီ။

အက္ကောသိတဗ္ဗော၊ ဆဲရေးအပ်သော။ ပရော၊ သူတပါးငင်း။ ကုပိတစိတ္တံ၊အမျက်ထွက်သောစိတ်ငင်း။ အက္ကောသနံ၊ဆဲရေးခြင်းငင်း။ ဣတိ၊ဤသို့။ တဿ၊ ထိုဖရုသဝါစာ၏။ တယော၊ သုံးပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဖရုသဝါစာ ပြီး၏။

တဿ ဒွေ သမ္ဘာရာ ဘာရတ ယုဒ္ဓ သီတာ ဟရဏာဒိနိရတ္ထက ကထာ ပုရေက္ခာရတာ, တထာ ရူပ ကထာ ကထနဉ္စ။ ။အဋ္ဌသာလိနီ။

ဘာရတ ယုဒ္ဓ သီတာ ဟရဏာဒိ နိရတ္ထကကထာ ပုရေက္ခာ ရတာ၊ ဘာရတမင်းတို့၏ စစ်ထိုးခြင်း သီတာမိဖုရားကို ဆောင်ခြင်း အစရှိသော အကျိုးမရှိသောစကားကို ရှေးရှုသည်၏ အဖြစ်၎င်း။ တထာရူပကထာကထန,ဥ၊ ထိုသို့သဘောရှိသောစကားကို ပြောဆိုခြင်း၎င်း။ ဣတိ၊ဤသို့။ တဿ၊ထိုသမ္ဖပ္ပလာပ၏။ ဒွေ၊ နှစ်ပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဤ အင်္ဂါနှစ်ပါး ပြည့်စုံသော်လည်း အကျိုးမရှိ ပြောဆိုသော စကားကို သူတပါးယူမှ သမ္ဖပ္ပလာပ ကမ္မပထ မြောက်သည်။ သူတပါးမယူသော် ကမ္မပထ မမြောက်။ ။"ပရေ ပန တံ ကတံ အဂဏှန္တေ ကမ္မပထဘေဒေါ နတ္ထိ၊ ပရေန သမ္ဖပ္ပလာပေ ဂဟိတေယေဝ ဟောတိ"ဟူ၍ အဋ္ဌသာလိနီ၌ပြသည်ကိုရှု။ ။သမ္ဖပ္ပလာပဝါစာ ပြီး၏။

အင်္ဂါပြည့်စုံလျက်နှင့် ကမ္မပထအရာ၌ ပိသုဏဝါစာ သမ္ဖပ္ပလာပဝါစာ တို့မှာ အထူးပြသည့်အရာများကို အမြဲသတိမူလေ။ ။ ဤတွင် အကုသိုလ်ဝစီကံလေးပါး ပြီး၏။

သူတပါး၏စည်းစိမ်တို့၌ တပ်တတ်သော လောဘအထူးသည် အဘိဇ္ဈာ မည်၏။ ထိုအဘိဇ္ဈာအမည်ရသော လောဘစေတသိက်သည် သူတပါးတို့ဥစ္စာကို မိမိသို့စိတ်ဖြင့် ညွတ်ခြင်းလက္ခဏာရှိ၏။ သတ္တဝါကို၎င်း သင်္ခါရကို၎င်း အာရုံပြု၍ဖြစ်၏။ ထိုအဘိဇ္ဈာ၏ အင်္ဂါကား နှစ်ပါးတည်း။

တဿ ဒွေ သမ္ဘာရာ ဟောန္တိ ပရဘဏ္ဍံ, အတ္တနော
ပရိဏာမန,ဥ။ ။အဋ္ဌသာလိနီ။

ပရဘဏ္ဍ,ဥ၊ သူတပါး၏ဥစ္စာ၎င်း။ အတ္တနော၊မိမိသို့။ပရိဏာမန,ဥ၊ စိတ်ဖြင့်ညွတ်ခြင်း၎င်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုအဘိဇ္ဈာ၏။ ဒွေ၊ နှစ်ပါးကုန်သော။ သမ္ဘာရာ၊အင်္ဂါတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤအင်္ဂါနှစ်ပါးပြည့်စုံလျှင် အဘိဇ္ဈာကမ္မပထ မြောက်၏။

ဤအရာ၌ အဘိဇ္ဈာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ပဝတ္တနာကာရ ဥပမာတို့ကို ပြဦးအံ့—

သာ ပရသမ္ပတ္တိနံ သကကရဏီ ဇ္ဆာလက္ခဏာ၊ တေနာ ကာရေန သေနဘာဝရသာ၊ ပရသမ္ပတ္တိ အဘိမုခီ ဘာဝ ပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တီသု အဘိရတိပဒဋ္ဌာနာ။ ပရသမ္ပတ္တိ အဘိမုခါဧဝ ဟိ သာ ဥပဋ္ဌာတိ၊ တာသု စ အဘိရတိယာ သတိ ပဝတ္တတိ၊ပရသမ္ပတ္တီသု စေတသော ဟတ္ထပသာရော ဝိယာတိ ဒဋ္ဌဗ္ဗာ။ ။အဋ္ဌသာလိနီ။

သာ၊ထိုအဘိဇ္ဈာသည်။ ပရသမ္ပတ္တိနံ၊ သူတပါးတို့၏ စည်းစိမ် ဥစ္စာတို့ကို။ သက ကရဏီ ဇ္ဆာ လက္ခဏာ၊ မိမိစည်းစိမ်ဥစ္စာ ပြုခြင်းငှါအလိုရှိခြင်း လက္ခဏာရှိ၏။ တေနာကာရေန၊ ထိုသို့သော အခြင်းအရာဖြင့်။ သေန ဘာဝရသာ၊ ရှာမှီးသည်၏အဖြစ်တည်း ဟူသောကိစ္စရှိ၏။ ပရ သမ္ပတ္တိ အဘိမုခီ ဘာဝ ပစ္စုပဋ္ဌာနာ၊ သူတပါးတို့၏ စည်းစိမ်ဥစ္စာသို့ ရှေးရှုသည်၏ အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ပရသမ္ပတ္တီသု၊ သူတပါးတို့၏ စည်းစိမ်ဥစ္စာတို့၌။ အဘိရတိ ပဒဋ္ဌာနာ၊ အလွန်မွေ့လျော်ခြင်းလျှင် နီးစွာ သော အကြောင်းရှိ၏။ ဟိ သစ္စံ၊မှန်၏။ သာ၊ထိုအဘိဇ္ဈာသည်။ ပရ သမ္ပတ္တိ အဘိမုခါ ဧဝ၊ သူတပါးစည်းစိမ်ကို ရှေးရှုသည်သာလျှင်။ ဟုတ္တာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ထင်၏။ တာသု စ၊ ထိုသူတပါးတို့၏ စည်းစိမ် ဥစ္စာတို့၌သာလျှင်။ အဘိရတိယာ၊ အလွန်မွေ့လျော်ခြင်းသည်။ သတိ၊ရှိသော်။ ပဝတ္တတိ၊ဖြစ်၏။ပရသမ္ပတ္တီသု၊သူတပါးတို့၏ စည်း စိမ်ဥစ္စာတို့၌။ ဟတ္ထပသာရော ဝိယ၊ ယူအံ့သောငှါလက်ကိုလှမ်း ဆန့်သကဲ့သို့။ စေတသော၊စိတ်၏။ ဥပ္ပါဒေါ၊ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤသို့ ပြ အပ်သော လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ပဝတ္တ နာကာရ ဥပမာတို့ကို ထောက်ရှုဆင်ခြင်၍ သူတပါးတို့၏စည်းစိမ် ဥစ္စာကို မိမိဥစ္စာ ပြုခြင်းငှါ အလိုရှိသော လက္ခဏာသုံးပါး၌ ဖြစ် သော လောဘသည် အဘိဇ္ဈာကမ္မပထ မြောက်၏။ ။"တေဟိ ပန စိတ္တေဟိ သဟဇာတာ အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိယော စေ တနာ ပက္ခိကာ ဘဝန္တိ အဗ္ဗောဟာရိကာဝါ" ဟု အဋ္ဌကထာဒါန်

ကာမေသုမိစ္ဆာစာရ စေတနာ စသည်တို့နှင့် တကွဖြစ်ခြင်း တကွချုပ်ခြင်း တူသောအာရုံ တူသောမှီရာရှိသော အဘိဇ္ဈာကို စေတနာ ပက္ခိက အဗျောဟာရိကဖြစ်၍ မနောကံမခေါ်အပ်ကြောင်းကို အဋ္ဌသာလိနီ ပြ၏။ ထိုသို့ပြသောကြောင့် ထို စေတနာပက္ခိက အဗျောဟာရိက ရှေးအဘို့၌ဖြစ်သောလောဘကို မနောကံ ခေါ်ဝေါ်အပ်ကြောင်းကို သိအပ်၏။ ။အတ္ထာပတ္တိနည်းယူ။

"ကာယဝစီကမ္မစိတ္တေဟိ သမ္ပယုတ္တာ အဘိဇ္ဈာဒယော မနောကမ္မံနာမ" ဟူ၍ မဏိသာရမဉ္ဇူ ပြသည်ကိုလည်း သတိမူ။ ။ ကာယ ဝစီ ကမ္မစိတ္တေဟိ၊ ကာယကံ ဝစီကံစိတ်တို့နှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သော။ အဘိဇ္ဈာဒယော၊ အဘိဇ္ဈာစသည် တို့သည်။ မနောကမ္မံနာမ၊ မနောကံမည်၏။

တဏှာဥပါဒါန်မျှသာဖြစ်၍ အဘိဇ္ဈာ၏ အဖြစ်သို့ မရောက်သော လောဘ၏ လက္ခဏာရသ စသည်ကို ပြဦးအံ့—

> လောဘော အာရမ္မဏဂဟဏလက္ခဏော၊ မက္ကဋလေပေါ ဝိယ၊ အဘိသင်္ဂရသော၊ တတ္တကပါလေ နိက္ခိတ္တမံသပေသိ ဝိယ၊ အပရိစ္စာဂ ပစ္စုပဋ္ဌာနော၊ တေလဉ္ဇနရာဂေါ ဝိယ၊ သံယောဇနိယဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော။
>
> အဋ္ဌသာလိနီ။

လောဘော၊ လောဘသည်။ အာရမ္မဏဂဟဏလက္ခဏော၊ အာရုံကို ယူခြင်းလက္ခဏာရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ မက္ကဋလေပေါ ဝိယ၊ မျောက်နှဲ စေးကဲ့သို့တည်း။ အဘိသင်္ဂရသော၊ အာရုံသို့ရှေးရှုသောအဖြစ်ဖြင့် ကပ်ငြိခြင်းကိစ္စရှိ၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ တတ္တကပါလေ၊ လောလောပူသောအိုးကင်း၌။ နိက္ခိတ္တမံသပေသိ ဝိယ၊ ချထားအပ်သော သားတစ်ကဲ့သို့တည်း။ အပရိစ္စာဂပစ္စုပဋ္ဌာနော၊ မစွန့်သော အခြင်းအရာဖြင့်ထင်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ တေလဉ္ဇနရာဂေါ ဝိယ၊ ဆီဖြင့် တပ်စွန်းသကဲ့သို့တည်း။ သံယောဇနိယ

ဓမ္မေသု၊ သံယောဇန်၏ အာရုံဖြစ်ကုန်သော တရားတို့၌။ အဿာဒဒဿနပဒဠာနော၊ သာယာသော အားဖြင့်ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။စကားချပ်။ ။အဘိဋ္ဌာပြီး၏။

မရဏာဓိပ္ပါယရှိသော ဝဓကစေတနာနှင့် တကွ ဖြစ်သော ဒေါသ, စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သော ဒေါသသည် ဗျာပါဒ မည်၏။ ထိုဗျာပါဒသည် သတ္တဝါကို ပျက်စီးစေခြင်း၌ စိတ်ဖြင့် ပြစ်မှားခြင်းလက္ခဏာ ရှိ၏။ သတ္တဝါကိုသာလျှင် အာရုံပြု၍ ဖြစ်၏။ ထိုဗျာပါဒ၏အင်္ဂါကား နှစ်ပါးတည်း။

တဿ ဒွေ သမ္ဘာရာ ဟောန္တိ ပရသတ္တော, တဿ ဝိနာသနစိန္တာ,။ ။အဋ္ဌသာလိနီ။

ပရသတ္တော စ၊ တပါးသောသတ္တဝါ၎င်း။ တဿ၊ ထိုသတ္တဝါကို။ ဝိနာသနစိန္တာ၊ ပျက်စီးအောင်ကြံခြင်း၎င်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုဗျာပါဒ၏။ ဒွေ၊ နှစ်ပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤအင်္ဂါနှစ်ပါးပြည့်စုံလျှင် ဗျာပါဒ ကမ္မပထ မြောက်၏။

မရဏာဓိပ္ပါယေန ဟူရာ၌။ ။"မရဏာဓိပ္ပါယေန သတိ စိတ္တကောပေ ဗျာပါဒေါယေဝ ဟောတိ" သီလက္ခန်ဋီကာကိုထောက်၍ ကမ္မပထမြောက်ဟန်ကို သိအပ်၏။ ။မရဏာဓိပ္ပါယေန၊ သေခြင်း၌ အလိုရှိသဖြင့်။ စိတ္တကောပေ၊ စိတ်အမျက်ထွက်ခြင်းသည်။ သတိ၊ ရှိသော်။ ဗျာပါဒေါယေဝ၊ ဗျာပါဒသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။လောဟိတုပ္ပါဒကဂရုကံသည် ဤဗျာပါဒကမ္မပထ အရာ၌ အလွန်ထင်ရှား၏။ ။"ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေယျ"။ ။ဝိဘင်းပါဠိတော်။ ။"ဒုဋ္ဌေန စိတ္တေနာတိ ဒေါသသမ္ပယုတ္တေန ဝဓကစိတ္တေန"။ ။၎င်းအဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကို ရှုလေ။ ။ဒုဋ္ဌေန၊ ဒေါသနှင့်ယှဉ်သော။ စိတ္တေန၊ သတ်လိုသောစိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေယျ၊ ဖြစ်စေငြားအံ့။ ။ဒုဋ္ဌေန စိတ္တေ

နာတိ၊ ဟူသည်ကား။ ဒေါသသမ္ပယုတ္တေန၊ ဒေါသနှင့် ယှဥ်သော။ ဝဓကစိတ္တေန၊ သတ်လိုသောစိတ်ဖြင့်။

စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသသည် ကမ္မပထ ဖြစ်ကြောင်းကို။ ။"ဗျာပဇ္ဇတိ ဟိတသုခံ ဧတေနာတိ ဗျာပါဒေါ" ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ကို ထောက်၍မှတ်။ ။ ဧတေန ဒေါသေန၊ ထိုဒေါသဖြင့်။ ဟိတသုခံ၊ စီးပွါးချမ်းသာကို။ ဗျာပဇ္ဇတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖျက်ဆီးကြောင်း ဖြစ်သောသတ္တိကြောင့်။ သော ဒေါသော၊ ထိုဒေါသသည်။ ဗျာပါဒေါ၊ ဗျာပါဒ မည်၏။ ။ဗျာပါဒကမ္မပထ မြောက်သည်ကို အင်္ဂါဖြင့် ဆင်ခြင်။ ။ဗျာပါဒပြီး၏။

ဖေါက်ပြန်သောအားဖြင့် မြင်ခြင်းသည် မိစ္ဆာဒိဋ္ဌိမည်၏။ ထို မိစ္ဆာဒိဋ္ဌိသည် ဖေါက်ပြန်သောအားဖြင့် မြင်ခြင်းလက္ခဏာ ရှိ၏။ တေဘူမက သင်္ခါရကိုသာလျှင် အာရုံပြု၏။ ထိုမိစ္ဆာဒိဋ္ဌိ၏ အင်္ဂါကား နှစ်ပါးတည်း။

> ဝတ္ထုနော စ ဂဟိတာကာရဝိပရီတတာ, ယထာ စ တံ ဂဏှာတိ၊ တထာဘာဝေန တဿ ဥပဋ္ဌာနန္တိ။ တတ္ထ နတ္ထိကအဟေတုက အကိရိယဒိဋ္ဌိဟိ ဧဝ ကမ္မပထဘေဒေါ ဟောတိ၊ န အညဒိဋ္ဌိဟိ။
>
> အဋ္ဌသာလိနီ။

ဝတ္ထုနော၊ ဝတ္ထု၏။ ဂဟိတာကာရဝိပရီတတာ၊ ယူအပ်သော အခြင်းအရာ၏ ဖောက်ပြန်ခြင်းရှိသည်၏ အဖြစ်ငှင်း။ ယထာ စ ယေန အာကာရေန၊ အကြင်အခြင်းအရာအားဖြင့်လည်း။ တံ၊ ထို ဝတ္ထုကို။ ဂဏှာတိ၊ ယူ၏။ တထာဘာဝေန၊ ထိုယူအပ်သောအခြင်း အရာ၏အဖြစ်ဖြင့်။ တဿ၊ ထိုဝတ္ထု၏။ ဥပဋ္ဌာနဥ္စ၊ ထင်ခြင်းငှင်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုမိစ္ဆာဒိဋ္ဌိ၏။ ဒွေ၊ နှစ်ပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုမိစ္ဆာဒိဋ္ဌိအယူ၌။ နတ္ထိက အဟေတုက အကိရိယ ဒိဋ္ဌိဟိ ဧဝ၊ နတ္ထိကအယူ အဟေ

တုကအယူ အကိရိယ အယူတို့ဖြင့်သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထအထူးသည်။ ဟောတိ၊ဖြစ်၏။ အညဒိဋ္ဌိဟိ၊ တပါးသော ဒိဋ္ဌိတို့ကြောင့်။ န ဟောတိ၊မဖြစ်။ ။မှန်သောဝတ္ထု၏ ယူအပ်သော အခြင်းအရာဖြင့် ဘောက်ပြန်ခြင်းဖြင့် ယူအပ်သည်ဖြစ်စေ၊ ဘောက်ပြန်သော အခြင်းအရာအားဖြင့်ယူအပ်သည်အတိုင်း ထင်သည်လည်းဖြစ်စေ၊ ဤအင်္ဂါနှစ်ပါးပြည့်စုံလျှင် မိစ္ဆာဒိဋ္ဌိကမ္မပထ မြောက်၏။

အလှူ၏အကျိုးသည် မရှိ။ ကုသိုလ် အကုသိုလ်၏ အကျိုးသည် မရှိ စသည်ဖြင့် ယူခြင်းသည် နတ္ထိကဒိဋ္ဌိ မည်၏။ သတ္တဝါတို့၏ ဆင်းရဲခြင်း ချမ်းသာခြင်းသည် အကြောင်းမရှိ။ သတ္တဝါတို့သည် အကြောင်းမရှိဘဲ သံသရာဝဋ်ဆင်းရဲမှ စင်ကြယ်ကုန်၏ဟု ယူခြင်းသည် အဟေတုကဒိဋ္ဌိ မည်၏။ ကောင်းမှု မကောင်းမှု မရှိဟု ယူခြင်းသည် အကိရိယဒိဋ္ဌိ မည်၏။ ဤကား မိစ္ဆာဒိဋ္ဌိ အယူသုံးပါး အထူးအကျဉ်းတည်း။

ပြအပ်ပြီးသော မနောကံသုံးပါးသည် ကာယဒွါရ ဝစီဒွါရ မနောဒွါရ သုံးပါးလုံး၌ပင် ကမ္မပထမြောက်သည်။ အင်္ဂါပြည့်စုံသည်သာ ပဓာန ဖြစ်၏။ ယင်းသို့ မနောကံကမ္မပထ မြောက်သည်ရှိသော် နာနက္ခဏိက ကမ္မပစ္စည်းဟူသည်လည်း စေတနာ၊ သင်္ခါရ ပစ္စယာဝိညာဏံ ဟူသောပုဒ်၌ သင်္ခါရ ဟူသည်လည်း စေတနာ၊ အာဟာရလေးပါးတို့တွင် မနောသဉ္စေတနာဟာရ သည်လည်း စေတနာ၊ ဇနကကံ ဟူသည်လည်း စေတနာ၊ ဤသို့အကျိုးတရားကို ဧကန်ဖြစ်စေတတ်သောတရားသည် စေတနာသာဖြစ်၏။အကုသိုလ် မနောကံအမည်ရသော လောဘ ဒေါသ ဒိဋ္ဌိသည် ပဋိသန္ဓေ ပဝတ္တိ အကျိုးနှစ်ပါးကို အဘယ်သို့ ဖြစ်စေတတ်သနည်းဟု သူတပါးဆိုငြားအံ့၊ ကမ္မပထ မြောက်သော အကုသိုလ် မနောကံနှင့် တကွဖြစ်သော စေတနာသည် အကျိုးကိုဖြစ်စေသည်ဟု ဖြေလေ။ မနောကံနှင့်တကွဖြစ်သော စေတနာအကျိုးပေးကြောင်းကို လောဟိတုပ္ပါဒကကံ မိစ္ဆာဒိဋ္ဌိကံ စသည်ကိုထောက်သဖြင့်သိအပ်၏။ ။

"တိဝိဓာ ဘိက္ခဝေ မနောသဉ္စေတနာ အကုသလံ မနောကမ္မံ ဒုက္ခိန္ဒြိယံ ဒုက္ခဝိပါကံ" ဟူ၍ အဋ္ဌသာလိနီ၌လာသော သာဓကေ ပါဌ်ဖြင့်လည်း အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိနှင့် တကွဖြစ်သော စေတနာအကျိုးပေးသည့်အရာကို မှတ်။

အကုသိုလ်ကာယကံသုံးပါး အကုသိုလ်ဝစီကံလေးပါးတို့သည် အကုသိုလ် စေတနာသာတည်း။ ထို ကာယကံ ဝစီကံ အကုသိုလ် စေတနာသည်ရင်း, မနောကံနှင့် တကွဖြစ်သော စေတနာသည် ရင်း, ပဋိသန္ဓေအကျိုးကို အပါယ်လေးဘုံ၌သာဖြစ်စေ၍ ပဝတ္တိ အကျိုးကို ကာမဘုံ ရူပဘုံတို့၌ ထိုက်သည်အားလျော်စွာဖြစ်စေ သည်။ ။"ဧတ္ထာကုသလကမ္မ မုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိ သန္ဓိံ ဇနေတိ။ ပဝတ္တိယံ ပန သဗ္ဗံပိ ဒွါဒသဝိဓံ သတ္တာကုသလ ပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေစ ယထာရဟံ ဝိပစ္စတိ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟပါဌ်ကိုထောက်။

### ၅၂-ဩဠာရိကဇာဂုဏ်ကိုဆောင်သော သမုဒယသစ္စာ၌ အတ္တဘာဝ အာဝီဘာဝနာကာရ သိခြင်း, အညဘာဝ အာဝီဘာဝနာကာရ သိခြင်း, ကေပဋိဝေဓအာဝီဘာဝနာကာရသိခြင်း သုံးပါးတို့ကိုပြခြင်း။

ဩဠာရိကဇာဂုဏ်ကို ဆောင်သော သမုဒယသစ္စာကို သိခြင်း သည်လည်း အတ္တဘာဝ အာဝီဘာဝနာကာရ နည်းအားဖြင့် သိ ခြင်း, အညဘာဝ အာဝီဘာဝနာကာရ နည်းအားဖြင့်သိခြင်း, ကေ ပဋိဝေဓအာဝီဘာဝနာကာရ နည်းအားဖြင့် သိခြင်း ဤသို့ သုံးပါး အပြားရှိ၏။ ထိုတွင် အစနည်းနှစ်ပါးသည် ကေပဋိဝေဓနည်းကို အစိုးမရ။ ကေပဋိဝေဓနည်းကား အစနည်းနှစ်ပါးကို အစိုးရ လျက် သိ၏။

ထင်စွာဆိုဦးအံ့။ အကြင်ယောဂီသည် အတ္တဘာဝ အာဝီဘာဝ နာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိလိုအံ့။ ထိုယောဂီ သည် ဤသို့ သိအပ်၏။ ဤလောက၌ ယုတ်မာသော သဘောရှိ

သော အကြင်သူသည် သူ၏ အသက်ကို သတ်လိုသည်ဖြစ်၍၎င်း, တစုံတခု ရလိုသည်ဖြစ်၍၎င်း သတ်အံ့။ ထို အခိုက် ၌ ဖြစ်သော လောဘသည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ ကာမ တဏှာမည်၏။ သတ်လိုသော အဖြစ်သည် ဘဝတဏှာ မည်၏။ ဤသတ္တဝါသေခြင်းကို တောင့်တ၏။ ဝိဘဝတဏှာ မည်၏။ ထို တဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာ နှင့် သော်လည်း သူ၏အသက်ကို သတ်သည်ဖြစ်လျှင် ထိုအခိုက်၌ရှိသော လောဘ အစရှိသော အကုသိုလ်စိတ် အကုသိုလ်စေတသိက်တို့သည် တစုံ တယောက်သော နတ်သိကြား မပြုဘဲလျက် ဓမ္မနိယာမသိဒ္ဓိအား ဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်စသော ဝဋ္ဋဒုက္ခသို့ မရောက်လျှင် ရောက်အောင် အားထုတ်ရကား အာယူဟန ဂုဏ်လည်း ရှိ၏။ ၎င်း သူ အသက်ကိုသတ်စဉ် အားထုတ်အပ်သော လောဘအစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်စသည်ကို သွားလော့ ဟု ဆောင်နှင်းသကဲ့သို့ဖြစ်ရကား နိဒါန ဂုဏ်လည်းရှိ၏။ ၎င်းအ သက်ကို သတ်စဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့ သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ယှဉ်စေရကား သံယောဂ ဂုဏ် လည်းရှိ၏။ ၎င်းသူ အသက်ကို သတ်စဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ်သမျှကာလပတ်လုံး နိဗ္ဗာန်ကို မယူနှင့်ဟု တားသကဲ့သို့ဖြစ်ရ ကား ပလိဗောဓ ဂုဏ်လည်းရှိ၏။ဤသို့လျှင် လောဘစသောတရား တို့၏ ဓမ္မနိယာမသတ္တိကြီးသည် ကြောက် ဘွယ် ကောင်း လှ စွ ဟု သမုဒယသစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဓမ္မ သဘာဝတို့၏ သဘောကို မဘောက်မပြန် အမှန် သိခြင်းသည် အတ္တဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။

သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂ ဋ္ဌော ပလိဗောဓဋ္ဌော တထဋ္ဌော။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

သမုဒယဿ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ နှောင် တ

ဘန်ဖြစ်အောင် အားထုတ်ခြင်း သဘောသည်။ တထဌ္ဌော၊ မ ဘောက်မပြန် မှန်သောအနက် မည်၏။ နိဒါနဌ္ဌော၊ ဝဋ္ဋဒုက္ခကို ဆောင်နှင်းခြင်း သဘောသည်။ တထဌ္ဌော၊ မဘောက်မပြန် မှန် သောအနက်မည်၏။ သံယောဂဌ္ဌော၊ သံသရာတွင် ယှဉ်စေခြင်း သဘောသည်။ တထဌ္ဌော၊ မဘောက်မပြန် မှန်သောအနက် မည် ၏။ပလိဗောဓဌ္ဌော၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုတားမြစ်တတ်သောသဘော သည်။ တထဌ္ဌော၊မဘောက်မပြန် မှန်သောအနက်မည်၏။

ဤသို့လျှင် သူ့အသက်ကိုသတ်ရာ၌ တဏှာသုံးပါးတို့၏ အ စွမ်းအားဖြင့် ထိုထိုသောအာရုံကို တပ်မက်သည်ဖြစ်၍ ထိုထိုသော ဘဝတို့ကို ရအောင်အားထုတ်ခြင်း, ထိုထိုသောဘဝတို့ကိုဆောင် နှင်းခြင်း, ထိုထိုသော ဝဋ္ဋဒုက္ခ၌ယှဉ်စေခြင်း, ယှဉ်သမျှ ကာလ ပတ်လုံး နိဗ္ဗာန်ကိုတားမြစ်ခြင်း သဘော လေးပါးကို သိရခြင်း သည် အတ္တဘာဝအာဝီဘာဝနာကာရ နည်းမျှသာတည်း။

အညဘာဝအာဝီဘာဝနာကာရ နည်း သော် ကား ရှင်တော် ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသော အနက်သဘော ကို ဟောတော်မူရာတွင် **အာယူဟန** သဘောကား မိမိ၏သဘော ဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သ ဘောကို အဘယ်သဘာဝတရားတို့ကို မြင်သောကြောင့် ဟော တော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ကြီး သည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် **နိဒါနဋ္ဌ** ကို ဟောတော်မူ၏။ တတိယအနက်ကို ကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာ တွင် ယှဉ်စေတတ်သော တတိယ **သံယောဂဋ္ဌ** ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတားမပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင် တော်မူသဖြင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထ **ပလိဗောဓဋ္ဌ** ကို

ဟောတော်မူ၏။ ဤသို့လျှင် တပါးသောအခြင်းအရာကို ထင်စွာ ပြသဖြင့် မိမိသဘောဟု ဆိုအပ်သော နိဒါန, သံယောဂ, ပလိဗောဓ တို့ကို ထင်စွာ သိရခြင်းသည် အညာဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။

တတြတတြာဘိနန္ဒနဋ္ဌေန ဗျာပေတွာ ဦဟနံ ရာသိကရဏံ ဒုက္ခနိဗ္ဗတ္တနံ အာယူဟနံ၊ သမုဒယတော အာဂစ္ဆတီတိ ဝါ အာယံ၊ ဒုက္ခံ။ တဿ ဦဟနံ ပဝတ္တနံ အာယူဟနံ၊ သရသာဝိဘာဝနာကာရော ဧသော။ နိဒဒါတိ ဒုက္ခန္တိ နိဒါနံ၊ ဣဒံ တံ ဒုက္ခန္တိ သမ္ပဋိစ္ဆာပေန္တံ ဝိယ သမုဋ္ဌာပေတီတိ အတ္ထော။ ဒုက္ခဒဿနေန စ ယံ နိဒါနတ္ထော အာဝိဘာဝတိ၊ သံယောဂပလိဗောဓဋ္ဌာ နိရောဓမဂ္ဂဒဿနေဟိ။

ဝိဘင်းမူလဋီကာပါဌ်။

တတြတတြာဘိနန္ဒနဋ္ဌေန၊ ထိုထိုသော ဘဝ ထိုထိုသော အာရုံတို့၌ နှစ်သက်ခြင်းအစွမ်းဖြင့်။ ဗျာပေတွာ၊ ပျံ့နှံ့၍။ ဦဟနံ ရာသိကရဏံ၊ အစုကိုပြုခြင်းသည်။ ဒုက္ခနိဗ္ဗတ္တနံ၊ ဒုက္ခသစ္စာကို ဖြစ်စေခြင်းသည်။ အာယူဟနံ၊ အာယူဟနမည်၏။ ဝါ၊ တနည်းကား။ သမုဒယတော၊ သမုဒယသစ္စာကြောင့်။ အာဂစ္ဆတိ၊ လာတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာယံ၊ အာယမည်၏။ ဒုက္ခံ၊ ဒုက္ခသစ္စာကို ရ၏။ တဿ၊ ထိုအာယဟုဆိုအပ်သော ဒုက္ခသစ္စာကို။ ဦဟနံ ပဝတ္တနံ၊ ဖြစ်စေခြင်း။ အာယူဟနံ၊ အာယ ဟု ဆိုအပ်သော ဒုက္ခသစ္စာကိုဖြစ်စေခြင်း။ ဧသော၊ ဤအာယူဟနဋ္ဌသည်။ သရသာဝိဘာဝနာကာရော၊ မိမိသဘောဖြင့် ထင်ရှားသော အခြင်းအရာတည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ နိဒဒါတိ၊ ဆောင်နှင်းသကဲ့သို့ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိဒါနံ၊ နိဒါနမည်၏။ ဣဒံ၊ ဤသည်ကား။ တံ ဒုက္ခံ၊ ထိုဒုက္ခသစ္စာပင်တည်း။ ဣတိ၊ ဤသို့။ သမ္ပဋိစ္ဆာပေန္တံ ဝိယ၊ ဆောင်နှင်းသကဲ့သို့ဖြစ်၍။ သမုဋ္ဌာပေတိ၊ ဖြစ်စေတတ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ အယံ နိဒါနတ္ထော၊ ဤနိဒါနအနက်သည်။ ဒုက္ခ

ဒဿနေန၊ ဒုက္ခသစ္စာကိုမြင်ခြင်းဖြင့်။ အာဝိ ဘဝတိ၊ ထင်ရှား၏။ သံယောဂ ပလိဗောဓဋ္ဌော၊ သံယောဂဋ္ဌ ပလိဗောဓဋ္ဌတို့သည်။ နိရောဓ မဂ္ဂ ဒဿနေဟိ၊ နိရောဓသစ္စာ မဂ္ဂသစ္စာကို မြင်ခြင်းတို့ဖြင့်။ အာဝိ ဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။

အဒိန္နာဒါန၌ကား။ ။ဤလောက၌ ယုတ်မာသောသဘော ရှိသော အကြင်သူသည် သူ၏ဥစ္စာကို ခိုးလိုသည်ဖြစ်၍ ခိုးအံ့။ ထို အခိုက်၌ဖြစ်သော လောဘသည် ကာမဂုဏ်ငါးပါးကို သာယာ သည်ဖြစ်၍ ကာမတဏှာမည်၏။ ခိုးလိုသောအဖြစ်သည် ဘဝ တဏှာမည်၏။ ဤသတ္တဝါ ခိုး၍ပြီးခြင်းကို တောင့်တသည်ရှိသော် ဝိဘဝတဏှာမည်၏။ ထိုတဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာနှင့်သော်လည်း သူ၏ဥစ္စာကို ခိုးသည်ဖြစ်လျှင် ထိုအခိုက်၌ ရှိသော လောဘ အစရှိသော အကုသိုလ်စိတ် အကုသိုလ်စေတ သိက်တို့သည် တစုံတယောက်သော နတ်သိကြား မပြုဘဲလျက် ဓမ္မ နိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်စသော ဝဋ္ဋဒုက္ခ သို့ မရောက်လျှင်ရောက်အောင် အားထုတ်ရကား **အာယူဟန** ဂုဏ် လည်းရှိ၏။ ၎င်းသူ့ဥစ္စာကို ခိုးစဉ်၌ အားထုတ်အပ်သော လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်စသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရကား **နိဒါန** ဂုဏ်လည်း ရှိ၏။၎င်းဥစ္စာကိုခိုးစဉ်၌ လောဘအစရှိသော အကုသိုလ်တရားတို့ သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ယှဉ်စေရကား **သံယောဂ** ဂုဏ် လည်းရှိ၏။ ၎င်းသူ့ဥစ္စာကို ခိုးစဉ်၌ လောဘအစရှိသော အကု သိုလ်တရားတို့သည် နင်သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ် သမျှကာလပတ်လုံး နိဗ္ဗာန်ကိုမယူနှင့်ဟု တားသကဲ့သို့ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမသတ္တိကြီးသည်ကြောက်ဘွယ်ကောင်းလေစွဟု သမုဒယ သစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဓမ္မသဘာဝ တို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် အတ္ထဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သိခြင်း မည်၏။ ။အာဂုံကို

ပါဏာတိပါတက ရေးခဲ့ပြီ။ ။ဤသို့လျှင် သူ့ဥစ္စာကိုခိုးရာ၌ တဏှာသုံးပါးတို့၏ အစွမ်းအားဖြင့် ထိုထိုသောအာရုံကို တပ်မက်သည်ဖြစ်၍ ထိုထိုသောဘဝတို့ကို ရအောင်အားထုတ်ခြင်း, ထိုထိုသော ဘဝတို့ကို ဆောင်နှင်းခြင်း, ထိုထိုသော ဝဋ်ဒုက္ခ၌ယှဉ်စေခြင်း, ယှဉ်သမျှကာလပတ်လုံး နိဗ္ဗာန်ကိုတားမြစ်ခြင်း, သဘောလေးပါးကိုသိရခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်းမျှသာတည်း။

အညဘာဝ အာဝိဘာဝနာကာရ နည်း သော်ကား ရှင်တော်ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသောအနက်သဘောကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏သဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သဘောကို အဘယ်သဘာဝတရားတို့ကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သောဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယ အနက် နိဒါနဋ္ဌ ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေတတ်သော တတိယသံယောဂဋ္ဌ ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထပလိဗောဓဋ္ဌ ကိုဟောတော်မူ၏။ ဤသို့လျှင် တပါးသောအခြင်းအရာကို ထင်စွာပြသဖြင့် မိမိ၏သဘောဟုဆိုအပ်သော နိဒါန, သံယောဂ, ပလိဗောဓ တို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။ ။အာဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။

ကာမေသုမိစ္ဆာစာရ၌ကား။ ။ဤလောက၌ ယုတ်မာသော

သဘောရှိသော အကြင်သူသည် သူ၏မယားစသည်ကို သွားလာလိုသည်ဖြစ်၍ သွားလာအံ့။ ထိုအခိုက်၌ဖြစ်သော လောဘသည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ ကာမတဏှာမည်၏။ သွားလာလိုသောအဖြစ်သည် ဘဝတဏှာမည်၏။ ဤသတ္တဝါ သွားလာပြီးသည်ကို တောင့်တသည်ရှိသော် ဝိဘဝတဏှာမည်၏။ ထိုတဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာနှင့်သော်လည်း သူ၏မယားစသည်ကို သွားလာသည်ဖြစ်လျှင် ထိုအခိုက်၌ရှိသော လောဘအစရှိသော အကုသိုလ်စိတ် အကုသိုလ်စေတသိက်တို့သည် တစုံတယောက်သော နတ်သိကြား မပြုဘဲလျက် ဓမ္မနိယာမသိဒ္ဓိ အားဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်စသော ဝဋ္ဋဒုက္ခသို့ မရောက် ရောက်အောင် အားထုတ်ရကား **အာယူဟန** ဂုဏ်လည်းရှိ၏။ ၎င်းသူ့မယား စသည်ကို သွားလာစဉ်၌ အားထုတ်အပ်သော လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်အစရှိသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရကား နိဒါန ဂုဏ်လည်းရှိ၏။ ၎င်းသူ့မယား စသည်ကို သွားလာစဉ်၌ လောဘ အစရှိသော အကုသိုလ်ဘရားတို့သည် အပါယ် အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေရကား **သံယောဂ** ဂုဏ်လည်း ရှိ၏။ ၎င်းသူ့မယား စသည်ကို သွားလာစဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ်သမျှကာလပတ်လုံး နိဗ္ဗာန်ကိုမယူနှင့်ဟု တားသကဲ့သို့ ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ။ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမသတ္တိကြီးသည် ကြောက်ဘွယ်ကောင်းလှစွဟု သမုဒယသစ္စာ၏ အာယူဟန,နိဒါန,သံယောဂ,ပလိဗောဓ ဓမ္မသဘာဝတို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် အဏ္ဏဘာဝ အာဝိဘာဝနာကာရနည်းအားဖြင့် သိခြင်းမည်၏။ ။ အာဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။ ။ဤသို့လျှင် သူ့မယား စသည်ကို သွားလာရာ၌ တဏှာသုံးပါးတို့၏ အစွမ်း အား ဖြင့် ထိုထိုသောအာရုံကို တပ်မက်သည်ဖြစ်၍ ထိုထိုသောဘဝတို့ကို ရအောင်အားထုတ်ခြင်း, ထိုထိုသော ဘဝတို့ကိုဆောင်နှင်းခြင်း,

ထိုထိုသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေခြင်း၊ ယှဉ်သမျှ ကာလပတ်လုံး နိဗ္ဗာန်ကို တားမြစ်ခြင်း သဘောလေးပါးကို သိရခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်းမျှသာတည်း။

အညဘာဝ အာဝိဘာဝနာကာရ နည်းသော်ကား ရှင်တော်ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသောအနက်သဘောကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏သဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သဘောကို အဘယ်သဘာဝတရားတို့ကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နိဒါနဋ္ဌကို ဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေတတ်သော တတိယသံယောဂဋ္ဌကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကိုမြင်တော်မူသဖြင့် ဆီးတားပိတ်ပင်တတ်သော ပလိဗောဓဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာပြသဖြင့် မိမိ၏သဘောဟုဆိုအပ်သော နိဒါန၊ သံယောဂ၊ ပလိဗောဓတို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရနည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။ ။အာဂုံကို ပါဌာဝတိပါတက ရေးခဲ့ပြီ။

မုသာဝါဒ၌ကား။ ။ဤလောက၌ ယုတ်မာသော သဘောရှိသော အကြင်သူသည် မုသားကိုဆိုလိုသည်ဖြစ်၍ဆိုအံ့။ ထိုအခိုက်၌ဖြစ်သော လောဘသည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ ကာမတဏှာ မည်၏။ မုသားဆိုလိုသော အဖြစ်သည် ဘဝတဏှာ မည်၏။ ဤသတ္တဝါ မုသားဆိုပြီးသည်ကို တောင့်တသည်

ရှိသော် ဝိဘဝတဏှာ မည်၏။ ထိုတဏှာ သုံးပါးတို့တွင် တပါး ပါးသော တဏှာနှင့်သော်လည်း သုမုသားဆိုသည်ဖြစ်လျှင် ထို အခိုက်၌ရှိသော လောဘ အစရှိသော အကုသိုလ်စိတ် အကုသိုလ် စေတသိက်တို့သည် တစုံတယောက်သော နတ် သိကြား မပြွဲ လျက် ဓမ္မနိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်စသော ဝဋ္ဋဒုက္ခသို့ မရောက် လျှင် ရောက် အောင် အား ထုတ် ရ ကား **အာယူဟန** ဂုဏ်လည်းရှိ၏။ ၎င်းသု မုသားကိုဆိုစဉ်၌ အားထုတ် သော လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်စသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရကား **နိဒါန** ဂုဏ်လည်းရှိ၏။ ၎င်းသု မုသားကိုဆိုစဉ်၌ လောဘ အစရှိ သောအကုသိုလ်တရားတို့သည် အပါယ်စရှိသောဝဋ္ဋဒုက္ခ၌ယှဉ်စေ ရကား **သံယောဂ** ဂုဏ်လည်းရှိ၏။ ၎င်းသု မုသားကိုဆိုစဉ်၌ လော ဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် အပါယ်အစရှိ သော ဝဋ္ဋဒုက္ခ၌ ယှဉ်သမျှကာလပတ်လုံး နိဗ္ဗာန်ကို မယူနှင့်ဟု တားသကဲ့သို့ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမသတ္တိကြီးသည် ကြောက် ဘွယ်ကောင်းလေစွဟု သမုဒယသစ္စာ၏ အာယူဟန, နိဒါန, သံ ယောဂ, ပလိဗောဓ ဓမ္မသဘာဝတို့၏ သဘောကို မဘောက် မပြန် အမှန်သိခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်း အားဖြင့် သိခြင်းမည်၏။ ။အာဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။ ။ ဤသို့လျှင် မုသားကိုဆိုရာ၌ တဏှာသုံးပါးတို့၏ အစွမ်းအားဖြင့် ထိုထိုသောအာရုံကို တပ်မက်သည်ဖြစ်၍ ထိုထိုသော ဘဝတို့ကို ရအောင် အားထုတ်ခြင်း, ထိုထိုသော ဘဝတို့ကို ဆောင်နှင်း ခြင်း, ထိုထိုသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေခြင်း, ယှဉ်သမျှ ကာလပတ် လုံး နိဗ္ဗာန်ကို တားမြစ်ခြင်း သဘောလေးပါးကို သိရခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်းမျှသာတည်း။

အညဘာဝ အာဝိဘာဝနာကာရ နည်း သော်ကား ရှင်တော် ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသော အနက်သဘော ကို ဟောတော်မူရာတွင် အာယူဟနသဘောကား မိမိတို့၏ သ

ဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သဘောကို အဘယ်သဘာဝတရားတို့ကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်း အပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နိဒါနဋ္ဌကိုဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေတတ်သော တတိယသံယောဂဋ္ဌ ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထပလိဗောဓဋ္ဌကို ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာပြသဖြင့် မိမိ၏သဘောဟုဆိုအပ်သော နိဒါန,သံယောဂ,ပလိဗောဓတို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရနည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။ ။အာဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။

သုရာမေရယ၌ကား။ ။ဤလောက၌ ယုတ်မာသောသဘောရှိသော အကြင်သူသည် သုရာကိုသောက်လိုသည်ဖြစ်၍ သောက်အံ့။ ထိုအခိုက်၌ဖြစ်သော လောဘ သည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ ကာမတဏှာမည်၏။ သောက်လိုသော အဖြစ်သည် ဘဝတဏှာမည်၏။ ဤသတ္တဝါ သောက်ပြီးသည်ကို တောင့်တသည်ရှိသော် ဝိဘဝတဏှာမည်၏။ ထိုတဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာနှင့်သော်လည်း သုရာကိုသောက်သည်ဖြစ်လျှင် ထိုအခိုက်၌ရှိသော လောဘ အစရှိသော အကုသိုလ်စိတ် အကုသိုလ်စေတသိက် တို့သည် တစုံတယောက်သော နတ်သိကြားမပြုပဲလျက် ဓမ္မနိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်စသော ဝဋ်ဒုက္ခသို့ မရောက်လျှင် ရောက်အောင် အား

ထုတ်ရကား အာယူဟန် ဂုဏ်လည်းရှိ၏။ ၎င်းသုရာကိုသောက်စဉ်၌ အားထုတ်အပ်သော လောဘ အစရှိသော အကုသိုလ်တရားတို့ သည် နင်သည် အပါယ်စသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့ သို့ ဖြစ်ရကား နိဒါန ဂုဏ်လည်းရှိ၏။ ၎င်းသုရာကို သောက်စဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် အပါယ်အစရှိ သော ဝဋ်ဒုက္ခ၌ ယှဉ်စေရကား သံယောဂ ဂုဏ်လည်းရှိ၏။ ၎င်း သုရာကို သောက်စဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့ သည် နင်သည် အပါယ်အစရှိသော ဝဋ်ဒုက္ခ၌ ယှဉ်သမျှကာလ ပတ်လုံး နိဗ္ဗာန်ကိုမယူနှင့်ဟု တားသကဲ့သို့ ဖြစ်ရကား ပလိဗောဓ ဂုဏ်လည်း ရှိ၏။ ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မ နိယာမသတ္တိကြီးသည် ကြောက်ဘွယ်ကောင်းလေစွဟု သမုဒယ သစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ ဓမ္မသဘာဝ တို့၏ သဘောကို မဘောက်မပြန် အမှန်သိခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သိ ခြင်း မည် ၏။ ။အာဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။ ။ဤသို့လျှင် သုရာကို သောက်ရာ၌ တဏှာသုံးပါးတို့၏ အစွမ်းအားဖြင့် ထိုထိုသောအာရုံကိုတပ်မက် သည်ဖြစ်၍ ထိုထိုသော ဘဝတို့ကို ရအောင်အားထုတ်ခြင်း, ထိုထို သော ဘဝတို့ကို ဆောင်နှင်းခြင်း, ထိုထိုသော ဝဋ်ဒုက္ခ၌ ယှဉ်စေ ခြင်း, ယှဉ်သမျှ ကာလပတ်လုံး နိဗ္ဗာန်ကို တားမြစ်ခြင်း သဘော လေးပါးကို သိရခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရနည်း မျှသာတည်း။

အညဘာဝ အာဝိဘာဝနာကာရ နည်းသော်ကား ရှင်တော် ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသောအနက်သဘောကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏သဘော ဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သ ဘော ကို အဘယ်သဘာဝတရားတို့ကို မြင်သောကြောင့် ဟော တော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီး သည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခသစ္စာ အမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော

ဒုတိယအနက် နိဒါနဋ္ဌကို ဟောတော်မူ၏။ တတိယ အနက်ကို
ကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင်မယှဉ်
အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင်
ယှဉ်စေတတ်သော တ တိ ယ သံ ယော ဂ ဋ္ဌကို ဟောတော်မူ၏။
စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့်
မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတားမပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်
တော်မူသဖြင့် ဆီးတား ပိတ်ပင်တတ်သော စတုတ္ထ ပလိဗောဓဋ္ဌ
ကို ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်
စွာပြသဖြင့် မိမိ၏သဘောဟုဆိုအပ်သော နိဒါန, သံယောဂ,
ပလိဗောဓ, တို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝ
နာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။ ။အာ
ဂုံကို ပါဏာတိပါတက ရေးခဲ့ပြီ။

ဤသို့လျှင် ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ
မုသာဝါဒ သုရာမေရယ ငါးပါးတို့၌ ကာမတဏှာ ဘဝတဏှာ
ဝိဘဝတဏှာ သုံးပါးတို့တွင် တပါးပါးသောတဏှာဖြင့် သမုဒယ
ဖြစ်ကြောင်းကိုပြလျှင် ကြွင်းကျန်သော ပိသုဏာဝါစာ, ဖရုသဝါ
စာ, သမ္ဖပ္ပလာပဝါစာ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ တို့ကိုလည်း
ဤနည်းနှစ်ပါးတို့ဖြင့် သိအပ်၏။

ယူဟန်ကား။ ။ဤလောက၌ယုတ်မာသော သဘောရှိသော
အကြင်သူသည် သူ၏အသက်ကို ပြစ်မှားလိုသည်ဖြစ်၍ သတ်အံ့။
တပါးပါးသောဒေါသနှင့်သော်လည်း သူ၏အသက်ကိုသတ်သည်
ဖြစ်လျှင် ထိုအခိုက်၌ရှိသော ဒေါသအစရှိသော အကုသိုလ်စိတ်
အကုသိုလ်စေတသိက်တို့သည် တစုံတယောက်သော နတ်သိကြား
မပြုပဲလျက် ဓမ္မနိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို အပါယ်
စသော ဝဋ်ဒုက္ခသို့ မရောက်လျှင် ရောက်အောင်အားထုတ်ရကား
**အာယူဟန** ဋ္ဌလည်းရှိ၏။ ၎င်းသူ့အသက်ကို သတ်စဉ်၌ အား
ထုတ်သော ဒေါသ အစရှိသော အကုသိုလ်တရားတို့သည် နင်
သည် အပါယ်စသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရ

ကား နိဒါန ဂုဏ်လည်းရှိ၏။ ၎င်းသူ့အသက်ကို သတ်စဉ်၌ ဒေါသအစရှိသော အကုသိုလ် တရားတို့သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေရကား သံယောဂ ဂုဏ်လည်းရှိ၏။ ၎င်းသူ့အသက်ကို သတ်စဉ်၌ ဒေါသအစရှိသော အကုသိုလ်တရားတို့သည် နှင်သည် အပါယ်အစရှိသော ဝဋ္ဋဒုက္ခ၌ ယှဉ်သမျှ ကာလပတ်လုံး နိဗ္ဗာန်ကိုမယူနှင့်ဟု တားသကဲ့သို့ဖြစ်ရကား ပလိဗောဓ ဂုဏ်လည်းရှိ၏။ ။ဤသို့လျှင် ဒေါသ စသော တရားတို့၏ ဓမ္မနိယာမ သတ္တိကြီးသည် ကြောက်ဘွယ်ကောင်းလေစွဟု သမုဒယသစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ သဘောကို မဘောက်မပြန် အမှန်ကိုသိခြင်းသည် အတ္တဘာဝ အာဝီဘာဝနာကာရနည်းအားဖြင့် သိခြင်းမည်၏။ ။အာဂုံကို ပါဏာတိပါတကရေးခဲ့ပြီ။ ။ဤသို့လျှင် သူ့အသက်ကိုသတ်ရာ၌ ဒေါသ၏ အစွမ်း အားဖြင့် ထိုထိုသော အာရုံကို ပြစ်မှားသည်ဖြစ်၍ ထိုထိုသော ဘဝတို့ကို ရအောင်အားထုတ်ခြင်း, ထိုထိုသောဘဝတို့ကို ဆောင်နှင်းခြင်း, ထိုထိုသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေခြင်း, ယှဉ်သမျှကာလပတ်လုံး နိဗ္ဗာန်ကို တားမြစ်ခြင်း, သဘောလေးပါးကိုသိရခြင်းသည် အတ္တဘာဝ အာဝီဘာဝနာကာရ နည်းမျှသာတည်း။

အညဘာဝ အာဝီဘာဝနာကာရ နည်း သော် ကား ရှင်တော်ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသောအနက်သဘောကို ဟောတော်မူရာတွင် အာယူဟနသဘောကား မိမိ၏သဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသောသဘောကိုအဘယ် သဘာဝတရားတို့ကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့။ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နိဒါနဋ္ဌ ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤ သ မု ဒ ယ ကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကိုမြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေတတ်

သော တတိယ သံယောဂဋ္ဌ ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထ ပလိဗောဓ ကို ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာပြသဖြင့် မိမိ၏သဘောဟု ဆိုအပ်သော နိဒါန, သံယောဂ, ပလိဗောဓ တို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။ ။အာဂုံကို ပါဌာတိပါတက ရေးခဲ့ပြီ။

ဤသို့ ဒေါသကြောင့် သမုဒယ ဖြစ်ကြောင်းကိုပြလျှင် မောဟ မာန ဒိဋ္ဌိ အစရှိသော အကုသိုလ်စိတ် အကုသိုလ်စေတသိက်တို့ကြောင့် သမုဒယ ဖြစ်ကြောင်းကို ထင်ရှားသိအပ်၏။ ထိုသမုဒယသည်လည်း။ "အပ္ပသာ အပ္ပသာဝဇ္ဇံ၊မဟန္တသာ မဟာသာဝဇ္ဇံ" ဟူ၍ အဋ္ဌသာလိနီဆရာ မိန့်မှာတော်မူရကား အနည်းငယ်သော အကုသိုလ်ကံနှင့် ယှဉ်သော လောဘ အစရှိသော အကုသိုလ်တရားတို့သည် အနည်းငယ်သော ဒုက္ခအမျိုးမျိုးတို့ကို ဖြစ်စေတတ်၏။ အားကြီးသောကံနှင့်ယှဉ်သော လောဘ စသော အကုသိုလ်တရားတို့သည် အားကြီးသော ဒုက္ခအမျိုးမျိုးကို ဖြစ်စေတတ်၏။ ဤကား ဩယောဟနဂုဏ်ကို ဆောင်သော သမုဒယသစ္စာ၏ ဖြစ်ခြင်းလက္ခဏာကို သိစေရန်အကြောင်း အမြွက်မျှတည်း။

ဥယျောဟ န ဂုဏ် ကို ဆောင် သော သမုဒယသစ္စာ ဟူသည်ကား—

သံသရာတွင် လွန်စွာပင်ပန်းဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဘုံသုံးပါး၌ရှိသော ဝဋ္ဋဒုက္ခအမျိုးမျိုးတို့ကို ကောင်း၏ဟူသော အထင်ဖြင့် ရလိုသည်ဖြစ်၍ ပြုကြကုန်သော ကုသလကမ္မပထတရား ပုညကိရိယဝတ္ထု၊အစုစုတို့၌ ရှေ့နောက်အားဖြင့်၎င်း တက္ကအားဖြင့်၎င်း ဖြစ်စေအပ်သော လောဘ အစရှိသော အကုသိုလ်တရား

တို့သည် ဥပယောဇာနဂုဏ်ကိုဆောင်သော သမုဒယသစ္စာမည်၏။ ထိုသမုဒယသစ္စာကို မဘောက် မပြန် အမှန်သိသောဉာဏ်သည် ဥပယောဇာနဂုဏ်ကို ဆောင်သော သမုဒယသစ္စာကိုသိခြင်းမည်၏။

ထိုစကားကို ထင်စွာဆိုဦးအံ့။ ။ကုသလကမ္မပထပုညကိရိယ ဝတ္ထု ဟူသည်ကား—

ဒသ ကုသလကမ္မပထာ၊ ပါဏာတိပါတာဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ,ကာမေသုမိစ္ဆာစာရာ ဝေရမဏီ, မုသာဝါဒါ ဝေရမဏီ, ပိသုဏာယဝါစာယ ဝေရမဏီ, ဖရုသာယဝါစာယ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ, အနဘိဇ္ဈာ, အဗျာပါဒေါ, သမ္မာဒိဋ္ဌိတိ။

သုတ်ပါထေယျပါဠိတော်။

ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ ကာမေသုမိစ္ဆာစာရာ၊ ဝတ္ထုကာမဂုဏ်တို့၌ မှားယွင်းလွန်ကျူး၍ ကျင့်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ မုသာဝါဒါ၊ ချွတ်ယွင်းသောစကားကိုဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ ပိသုဏာယ၊ ကုန်းတိုက်သော။ ဝါစာယ၊ စကားမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ ဖရုသာယ၊ ကြမ်းကြုတ်သော။ ဝါစာယ၊ စကားမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိသောစကားကိုဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းဝှင်း။ အနဘိဇ္ဈာ၊ အနဘိဇ္ဈာဝှင်း။ အဗျာပါဒေါ၊ အဗျာပါဒဝှင်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဝှင်း။ ဣတိ၊ ဤသို့။ ဒသ၊ ဆယ်ပါးကုန်သော။ ကုသလကမ္မပထာ၊ ကုသလကမ္မပထတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကုသလကမ္မပထဆယ်ပါးကို သုစရိုက်ဆယ်ပါးဟူ၍လည်း ခေါ်ဝေါ်၏။ ထိုသုစရိုက်ဆယ်ပါးသည် ပုညကိရိယဝတ္ထုဆယ်ပါး တွင် သီလ၌ အကျုံးဝင်၏။ ပုညကိရိယဝတ္ထုဆယ်ပါး ဟူသည်

ကား။ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ အားဖြင့် ဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် အလှူပေးခြင်းသည် ဒါန မည်၏။ ထို ဒါနသည် ဝိနည်းဒေသနာတော်နည်းအားဖြင့် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဟူ၍ လေးပါး၊ သုတ္တန်ဒေသနာတော် နည်းအားဖြင့် အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ ဂန္ဓံ ဝိလေပနံ သေယျာဝသထ ပဒီပေယျံ ဟူ၍ ဆယ်ပါး၊ အဘိဓမ္မာဒေသနာနည်းအားဖြင့် ရူပဒါန, သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါန ဟူ၍ ခြောက်ပါးပြားသည်။ ကျင့်သုံးဆောက်တည်အပ်သော ငါးပါးသီလ ဆယ်ပါးသီလ စသည်ကား သီလ မည်၏။ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းသည် ဘာဝနာမည်၏။ရတနာသုံးပါး ဆရာ မိဘ စသော သူတို့အား အရိုအသေ ပြုခြင်းသည် အပစာယန မည်၏။ ရတနာသုံးပါး ဆရာမိဘ စသော သူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းသည် ဝေယျာဝစ္စ မည်၏။ မိမိပြုသော ကုသိုလ်ကို သူတပါးတို့အား ပေးဝေခြင်းသည် ပတ္တိဒါန မည်၏။ သူတပါးပြုသော ကုသိုလ်အဘို့ကို ဝမ်းမြောက်ခြင်းသည် ပတ္တာနုမောဒန မည်၏။ တရားနာခြင်းသည် ဓမ္မဿဝန မည်၏။ တရားဟောခြင်းသည် ဓမ္မဒေသနာ မည်၏။ အလှူ၏အကျိုးသည် ရှိ၏။ ပူဇော်ခြင်းအကျိုးသည်ရှိ၏ ဟု ဤသို့စသည်ဖြင့် အယူကို ဖြောင့်စွာပြုခြင်းသည် ဒိဋ္ဌိဇုကမ္မ မည်၏။ ။ဤကား ကုသိုလ်အရာ၌ ရှေးဦးစွာအကျဉ်းမှတ်ရန် စကားတည်း။

ကာမာဝစရကုသိုလ်သည် ကာယကံ ဝစီကံ မနောကံ ဟူ၍ ဒွါရ၏ အစွမ်းအားဖြင့် သုံးပါး၊ ဒါန သီလ ဘာဝနာ ၏ အစွမ်းအားဖြင့် သုံးပါး၊ စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့် ရှစ်ပါး၊ ပုညကိရိယဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးပြား၏။

ဒွါရအားဖြင့် ကံကိုမှတ်ရာ၌ သုံးပါးပြားဟန်ကား။ သင်္ကန်း၌ တည်သော ရူပါရုံကိုပင်လျှင် ဝဏ္ဏဒါန ဟု နှလုံးသွင်း၍ မိမိလက်

ဖြင့် လှူဆဲအခါဖြစ်သောကုသိုလ် စေတနာ သည် ကာယကံ၊ သူတပါးကိုစေခိုင်း၍ လှူဆဲအခါ၌ဖြစ်သော ကုသိုလ်စေတနာသည် ဝစီကံ၊ ထိုထင်ရှားရှိသော ဝတ္ထုကို လှူအံ့ဟု ကြံဆဲအခါဖြစ်သော ကုသိုလ်ကံစေတနာသည် မနောကံ၊ဤရှုပါရုံကို ဝဏ္ဏဒါနဟု နှလုံးသွင်းရာ၌ ကာယကံ ဝစီကံ မနောကံ ဟူ၍ သုံးပါးအပြားရှိ၏။

ဤကဲ့သို့သော အဆင်းနှင့် ပြည့်စုံသော သက်န်း ကို လှူခြင်းသည် အမျိုးအနွယ်တို့၏ အလေ့အကျင့်ဟု နှလုံးသွင်း၍ မိမိ၏ လက်ဖြင့် လှူဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် ကာယကံ၊ သူတပါးကိုစေခိုင်း၍ လှူဆဲ အခါဖြစ်သော ကုသိုလ်စေတနာသည် ဝစီကံ၊ ထင်ရှားရှိသော ဝတ္ထုကိုလှူအံ့ဟု ကြံဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် မနောကံ၊ ဤသို့ သီလအရာ၌လည်း ကံသုံးပါးပြား၏။

သက်န်းကိုလှူပြီးလျှင် သက်န်း၌ တည်သော ရှုပါရုံကို လက္ခဏာရေးသို့တင်၍ စကြံသွားဆဲအခါ ဖြစ်သော ကုသိုလ်စေတနာသည် ကာယကံ၊ နှုတ်မြွက်၍ လက္ခဏာရေးသို့ တင်ဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် ဝစီကံ၊ ကိုယ်အင်္ဂါနှုတ်အင်္ဂါ မလှုပ်မူ၍ စိတ်ဖြင့်လက္ခဏာရေးသို့ တင်ဆဲအခါဖြစ်သော ကုသိုလ် စေတနာသည် မနောကံ၊ ဤသို့ ဘာဝနာ အရာ၌လည်း ကံသုံးပါးပြား၏။ သဒ္ဒါရုံစသည်ကို အာရုံပြု၍ဖြစ်သော ကာမာဝစရ ကုသိုလ်၌လည်း ဒါန သီလ ဘာဝနာ သုံးပါးရသည်ချည်းဟုမှတ်။ ပုညကိရိယဝတ္ထု တပါးတပါး၌လည်း ကံသုံးပါစီရသည်ဟု နှလုံးထားလေ။

သုစရိုက်ဆယ်ပါး၌ ကာယကံ ဝစီကံ မနောကံ ဖြစ်ဟန်ကို ပြဦးအံ့။ ကာယဒုစရိုက်သုံးပါးကို နှုတ်မမြွက်ပဲ ကိုယ်အမူအရာဖြင့် ရှောင်ကြဉ်ဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် ကာယဒွါရ၌ ဖြစ်သော ကာယကံ၊ ကိုယ်အင်္ဂါမလှုပ်ပဲ နှုတ်မြွက်၍ရှောင်ကြဉ်ဆဲ အခါဖြစ်သော ကုသိုလ်စေတနာသည် ဝစီဒွါရ၌ ဖြစ်သော ကာယကံ၊ ကိုယ်အင်္ဂါနှုတ်အင်္ဂါမလှုပ် စိတ်ဖြင့်သာလျှင် ရှောင်ကြဉ်ဆဲ

အခါဖြစ်သော ကုသိုလ်စေတနာသည် မနောဒွါရ၌ ဖြစ်သော ကာယကံ၊ ဤသို့ပိုင်းခြား၍မှတ်။

ဝစီဒုစရိုက်လေးပါးကိုလည်း နှုတ်မမြွက်ပဲ ကိုယ်အမူအရာဖြင့် ရှောင်ကြဉ်ဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် ကာယဒွါရ၌ ဖြစ်သော ဝစီကံ၊ ကိုယ်အင်္ဂါလှုပ်ပဲ နှုတ်မြွက်၍ ရှောင်ကြဉ်ဆဲ အခါဖြစ်သော ကုသိုလ်စေတနာသည် ဝစီဒွါရ၌ဖြစ်သော ဝစီကံ၊ ကိုယ်နှုတ်အင်္ဂါမလှုပ်မူ၍ စိတ်ဖြင့်သာလျှင် ရှောင်ကြဉ်ဆဲအခါဖြစ် သော ကုသိုလ်စေတနာသည် မနောဒွါရ၌ဖြစ်သော ဝစီကံ၊ ဤသို့ ပိုင်းခြား၍မှတ်။

အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ပြဓာန်းသောကုသိုလ်စိတ်ဖြင့် စေတီယင်ပြင်ကို တံမြက်လှည်းခြင်း နံ့သာပန်းပူဇော်ခြင်း စေတီကို ရှိခိုးခြင်း စသည်ကိုပြုအံ့၊ ထိုအခါ၌ စေတနာ မပြဓာန်းသည် ဖြစ်၍ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ပြဓာန်းသောကြောင့် ကာယဒွါရ၌ဖြစ်သော မနောကံ မည်၏။ အနဘိဇ္ဈာ ပြဓာန်းသော ကုသိုလ်စိတ်ဖြင့် သူတပါးစည်းစိမ်ကို ရှေ့ရှုသောအားဖြင့် မကြံခြင်း ကိုယ်နှုတ်မြွက်၍ ပြောဆိုဆဲအခါ၌ငင်း။ အဗျာပါဒ ပြဓာန်းသော ကုသိုလ်စိတ်ဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည် ရန်မရှိစေကုန် သတည်း။ ကြောင့်ကြ မရှိစေကုန်သတည်း။ ဆင်းရဲမရှိစေကုန် သတည်း။ ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍ မိမိကိုယ်ကို ဆောင်နိုင် စေကုန်သတည်း။ ဤသို့နှုတ်မြွက်၍ ပြောဆိုသောအခါ၌ငင်း။ သမ္မာဒိဋ္ဌိပြဓာန်းသော ကုသိုလ်စိတ်ဖြင့် အလှူ၏ အကျိုးသည် ရှိ၏ဟု ဤသို့အစရှိသဖြင့် နှုတ်မြွက်၍ ပြောဆိုဆဲအခါ၌ငင်း။ စေတနာ မပြဓာန်းမူ၍ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိသာ ပြဓာန်း သောကြောင့် ဝစီဒွါရ၌ဖြစ်သော မနောကံ မည်၏။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို မလှုပ်စေမူ၍ ဆိတ်ငြိမ်ရာသို့ကပ်လျက် အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိသာ ပြဓာန်းသော ကုသိုလ်စိတ်ဖြစ်သော အခါ မနောဒွါရ၌ မနောကံ မည်၏။

နာနက္ခဏိကကမ္မအရာ၌။ ။"တိဝိဓာ ဘိက္ခဝေ မနောသဉ္စေ

တနာ ကုသလံ မနောကမ္မံ သုခုဒြယံ သုခဝိပါကံ''ဟူ၍ အဋ္ဌသာလိနီ၌ လာသော သာဓကပါဠိဖြင့် အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ နှင့် တကွဖြစ်သောစေတနာ အကျိုးပေးသည်ဟုမှတ်။ ကာယဒွါရ၌ များစွာဖြစ်ခြင်းကြောင့် ကာယကံ မည်သော ကုသိုလ်သည် ဝစီဒွါရ မနောဒွါရ၌ အနည်းငယ်ဖြစ်သော်၎င်း, ဝစီဒွါရ၌ များစွာဖြစ်ခြင်းကြောင့် ဝစီကံ မည်သော ကုသိုလ်သည် ကာယဒွါရ မနောဒွါရ ၌ အနည်းငယ်ဖြစ်သော်၎င်း, မနောဒွါရ၌ များစွာဖြစ်ခြင်းကြောင့် မနောကံမည်သော ကုသိုလ်သည် ကာယဒွါရ ဝစီဒွါရ ၌ အနည်းငယ်ဖြစ်သော်၎င်း မိမိတို့ အမည်ကို မစွန့်ဟုသန္နိဋ္ဌာန်ကျမှတ်လေ။

ပုညကိရိယဝတ္ထု ဆယ်ပါးကို သုံးပါးဖြင့် ရေတွက်ဟန်ကား ဤသို့တည်း။ အပစာယန ဝေယျာဝစ္စ ပုညကိရိယဝတ္ထုနှစ်ပါးကို သီလ၌ သင်္ဂြိုဟ်ရေတွက်၍၎င်း၊ ပတ္တိဒါန ပတ္တာနုမောဒန ပုညကိရိယဝတ္ထုနှစ်ပါးကို ဒါန၌ သင်္ဂြိုဟ်ရေတွက်၍၎င်း၊ ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ ပုညကိရိယဝတ္ထုသုံးပါးကို ဘာဝနာ၌ သင်္ဂြိုဟ်ရေတွက်၍၎င်း၊ ပုညကိရိယဝတ္ထုဟု ဝေဘန်သည်။ ဒိဋ္ဌိဇုကမ္မပုညကိရိယဝတ္ထုကို ဒါန သီလ ဘာဝနာ သုံးပါး၌သင်္ဂြိုဟ် ရေတွက်ရမည်ဟူ၍လည်း ဆရာတို့ဆိုကုန်၏။

ပုညကိရိယဝတ္ထုဆယ်ပါးတို့တွင် တပါးတပါး၌ ပုဗ္ဗစေတနာ မုဉ္စစေတနာ ပရစေတနာ ဟူ၍ သုံးပါးစီ ရသည်။ ဒါနပုညကိရိယဝတ္ထု၌ သုံးပါး ရဟန်ကား။ ထင်ရှားရှိသောဝတ္ထုကို အာရုံပြု၍ လှူအံ့ဟုကြံဆဲအခါ ဖြစ်သော ကုသိုလ်စေတနာသည် ပုဗ္ဗ၊ ဒါနဝတ္ထုကို လှူဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် မုဉ္စ၊ ဒါနဝတ္ထုကို လှူပြီးသည်မှနောက် ဆင်ခြင်၍ ဝမ်းမြောက်သောအခါဖြစ်သော ကုသိုလ်စေတနာသည် ပရ၊ ဤသို့ ပိုင်းခြား၍မှတ်။ ။ ဤအတူ သီလဘာဝနာစသည်တို့၌လည်း သုံးပါးစီဝေဘန်လေ။

မိမိ၏သဘော၏အဖြစ်ဖြင့် ပြုအပ်သော ကုသိုလ်စေတနာသည် သယံကတကုသိုလ်၊ သူတပါးပြုသည်ကိုမြင်၍ပြုအပ်သော ကုသိုလ်

သည် ပရိကတကုသိုလ်၊ မိမိလက်ဖြင့်ပြုအပ်သော ကုသိုလ်သည် သာဟတ္ထိကကုသိုလ်၊သူတပါးကို စေ၍ပြုအပ်သော ကုသိုလ်သည် အာဏတ္တိကကုသိုလ်၊ ကံကိုရင်း ကံ၏အကျိုးကိုရင်း ယုံကြည်သည်ဖြစ်၍ ပြုအပ်သောကုသိုလ်သည် သမ္ပဇာနကတကုသိုလ်၊ ကံကိုရင်း ကံ၏အကျိုးကိုရင်း မသိသည်ဖြစ်၍ ပြုအပ်သော ကုသိုလ်သည် အသမ္ပဇာနကတကုသိုလ်၊ ဤကုသိုလ်ကို အနုးထုတ်ရာ၌ ခြောက်ပါးပြားသည်ကိုလည်း နှလုံးထား။

ပုညကိရိယဝတ္ထုဆယ်ပါးတွင် ဒါနအရာ၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ကုသိုလ်ပဋ္ဌမစေတနာသည် မျက်မှောက်ဘဝ၌ အကျိုးပေး၏။ အင်္ဂါလေးပါး ဟူသည်ကား— ပစ္စယာနံ ဓမ္မိကတာ၊ တရားနှင့်ညီသောအားဖြင့်ဖြစ်သော ပစ္စည်းလည်းတပါး။ စေတနာမဟတ္တံ၊ ကံကိုရင်း ကံ၏အကျိုးကိုရင်း ယုံကြည်သည်ဖြစ်၍ လှူသောအခါ စေတနာ ထက်သန်သည်လည်းတပါး။ ဝတ္ထုသမ္ပတ္တိ၊ အာသဝေါကုန်လေပြီးသော ရဟန္တာလည်းတပါး။ ဂုဏာတိရေကတာ၊ရဟန္တာပုဂ္ဂိုလ် နိရောဓသမာပတ်မှ ထခိုက်ကြုံသည်လည်း တပါး။ ပေါင်းလေးပါး။ ။ကာမာဝစရကုသိုလ်ကံ အဆုံးအဖြတ် အကျယ်ကို အလိုရှိမူ အဋ္ဌသာလိနီမှာယူလေ။

ပဏာမအရာ၌ ခေတ္တ အဇ္ဈာသယ နှစ်ပါးနှင့်ပြည့်စုံသော ကုသိုလ်ပဋ္ဌမစေတနာသည် မျက်မှောက်ဘဝ၌ အကျိုးပေး၏။ ရတနာသုံးပါးဂုဏ်သည် ခေတ္တ မည်၏။ မြတ်သောဆန္ဒပသာဒသည် အဇ္ဈာသယမည်၏။ ဤသို့ပိုင်းခြား၍မှတ်။

ကာမာဝစရ ကုသိုလ်ရှစ်ခုသည် ကာမသုဂတိခုနှစ်ဘုံ၌သာလျှင် ကိုးပါးသော ပဋိသန္ဓေကိုဖြစ်စေသည်။ ပဝတ္တိအခါ တဆယ့်ခြောက်ပါးသောဝိပါက်ကို ကာမဘုံ ရူပဘုံတို့၌ ထိုက်သည်အားလျော်စွာ ဖြစ်စေသည်။ ။"ကာမာဝစရ ကုသလံပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ၊တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ။ အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ''ဟူသောပါဠ်ကိုထောက်။

ဤစကားသည် သာမညဖြစ်၍ ဝိသေသအထူးကို ပြဦးအံ့။ ။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် တိဟိတ်ပဋိသန္ဓေကို ပေး၏။ ပဝတ္တိအခါ တဆယ့်ခြောက်ပါးသော ဝိပါက်ကို ဖြစ်စေ၏။ တိဟိတ်ဩမကကုသိုလ် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် ဒွိဟိတ်ပဋိသန္ဓေကို ပေး၏။ ပဝတ္တိအခါ တိဟိတ်ဝိပါက်လေးခုမှတပါး တဆယ့်နှစ်ပါးသော ဝိပါက်ကို ဖြစ်စေ၏။ ဒွိဟိတ်ဩမကကုသိုလ်သည် သုဂတိအဟိတ် ပဋိသန္ဓေကိုပေး၏။ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်ရှစ်ခုကို ဖြစ်စေ၏။ ။''တဏ္ဍာပိ တိဟေတုကမုက္ကဋ္ဌံ''အစရှိသော ပါဠ်ကို ထောက်၍ သိလေ။

ရှေ့အဘို့ နောက်အဘို့၌ ကုသိုလ်ခြံရံအပ်သော စေတနာသည် ၎င်း နောက်အဘို့၌ အဘန်တလဲလဲ မှီဝဲအပ်သော စေတနာသည် ၎င်း ဥက္ကဋ္ဌကုသိုလ် မည်၏။ ။''ဥက္ကဋ္ဌန္တိ ကုသလပရိဝါရလာဘတော ပဈ္ဈာအာသေဝနပဝတ္တိယာ ဝါ ဝိသိဋ္ဌံ'' ဟူသော ဋီကာပါဠ်ကိုထောက်။ ။အကုသိုလ်ခြံရံအပ်သော ကုသိုလ်သည်၎င်း ကုသိုလ်ပြုပြီးသည့် နောက်၌ နှလုံးမသာယာခြင်း ဖြစ်သော်၎င်း ဩမကကုသိုလ် မည်၏။

ကာမသုဂတိ ခုနှစ်ဘုံ၌ ပဋိသန္ဓေဘဝင်စုတိကိစ္စ တပ်သော အကျိုးတရားသည် အကြောင်းနှင့်တူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏။ မျက်နှာလှပ်သည်ရှိသော် ကြေးမုံပြင်၌ မျက်နှာရိပ်လှုပ်သကဲ့သို့ အသင်္ခါရိကကုသိုလ်သည် အသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေသည်။ သသင်္ခါရိကဝိပါက်ကို မဖြစ်စေတတ်။ ဤသို့ စသဖြင့် အကြောင်းနှင့်မတူသော အကျိုးတရားသည် မဖြစ်ဟူ၍ ဆိုသောအယူကို အရှင်အနုရုဒ္ဓါဆရာ မနှစ်သက်သောကြောင့်။

''အသင်္ခါရံ သသင်္ခါရ၊ ဝိပါကာနိနပစ္စတိ။
သသင်္ခါရ မသင်္ခါရ၊ ဝိပါကာနီတိ ကေစန။''
ဟု မိန့်အပ်ပြီ။

တခုသော စေတနာကြောင့် အကြိမ်များစွာ ပဋိသန္ဓေ မဖြစ်။

တကြိမ်သာဖြစ်သည်။ ပဝတ္တိအကျိုးသည်ကား ဘဝအရာ ဘဝ အထောင်၌လည်း ဖြစ်၏ဟုမှတ်။

ထိုဆိုအပ်ခဲ့ပြီးသော ပုညကိရိယဝတ္ထု၌ တဏှာစသည်တို့နှင့် ယှဉ်ဟန်ကား။ ။ဒါန၌ ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ လှူအံ့၊ ကာမတဏှာမည်၏။ နတ်ပြည်စသည်တို့ကို တောင့်တ၍ လှူအံ့၊ ဘဝတဏှာမည်၏။ ဘဝပြတ်ခြင်းကို တောင့်တ၍လှူအံ့၊ ဝိဘဝတဏှာမည်၏။ သီလ၌ကာမဂုဏ်ငါးပါးကို သာယာသည် ဖြစ်၍ ကျင့်အံ့၊ ကာမတဏှာမည်၏။ နတ်ပြည်စသည်ကို တောင့် တ၍ ကျင့်အံ့၊ ဘဝတဏှာမည်၏။ ဘဝပြတ်ခြင်းကို တောင့်တ၍ ကျင့်အံ့၊ ဝိဘဝတဏှာမည်၏။ ဘာဝနာ၌ ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ ပွါးများအံ့၊ ကာမတဏှာမည်၏။ နတ်ပြည် စသည်ကို တောင့်တ၍ ပွါးများအံ့၊ ဘဝတဏှာမည်၏။ ဘဝ ပြတ်ခြင်းကို တောင့်တ၍ ပွါးများအံ့၊ ဝိဘဝတဏှာမည်၏။ ဤနည်းတူ ကာမဂုဏ်ငါးပါးကိုဎင်း ဘဝသစ်ကိုဎင်း ဘဝပြတ်ခြင်း ကိုဎင်း တောင့်တ၍ ပြုအပ်သော အပစာယန, ဝေယျာဝစ္စ, ပတ္တိ ဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့၌ဎင်း ယထာရဟ သိအပ်၏။

ဎင်းနည်းတူ ဒေါသနှင့်ပြုအပ်သော ဒါန စသည်, မောဟနှင့် ပြုအပ်သော ဒါနစသည်, မာနနှင့်ပြုအပ်သော ဒါနစသည်,ဒိဋ္ဌိနှင့် ပြုအပ်သော ဒါန စသည်တို့၌ဎင်း ဥပယျောဟနဂုဏ်ကို ဆောင် သော သမုဒယသစ္စာ ကို သိအပ်၏။

ယှဉ်ဟန်ကား ။ဤလောက၌ ယုတ်မာသော သဘောရှိသော သူသည် ကာမဂုဏ်ငါးပါးကိုသာယာသည်ဖြစ်၍ဎင်း ဘဝသစ်ကို တောင့်တသည်ဖြစ်၍ဎင်း ကိလေသာကုန်ခြင်းကို အားမထုတ်ပဲ လျက် ဘဝပြတ်ခြင်းကို တောင့်တသည်ဖြစ်၍ဎင်း လှူအံ့၊ ထိုသူ၏ တဏှာသုံးပါးတို့တွင် တပါးပါးသောတဏှာစသော အကုသိုလ် တရားတို့သည် တစုံတယောက်သော နတ်သိကြားမပြုပဲလျက် ဓမ္မ နိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို နတ်ရွာလူ့ပြည်စသော

ဝဋ်ဒုက္ခ သို့ မရောက်လျှင်ရောက်အောင်အားထုတ်ရကား **အာယူဟန** ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ လှူဒါန်းစဉ်အခါ၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် နှတ်ရွာစသည်ကိုသွားလေ့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရကား နီဒါန ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ လှူဒါန်းစဉ်၌ လောဘအစရှိသော အကုသိုလ်တရားတို့သည် နတ်ရွာစသောဝဋ်ဒုက္ခ၌ ယှဉ်စေရကား **သံယောဂ** ဂုဏ်လည်းရှိ၏။ ၎င်းလှူဒါန်းစဉ်၌ လောဘအစရှိသော အကုသိုလ်တရားတို့သည် နတ်ရွာစသော ဝဋ်ဒုက္ခ၌ နေသမျှကာလပတ်လုံး နှိဗ္ဗာန်ချမ်းသာကို မခံစားနိုင့်ဟု တားသကဲ့သို့ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမ သတ္တိကြီးသည် ကြောက်ဘွယ်ကောင်းလှစွဟု သမုဒယသစ္စာ၏ အာယူဟန, နီဒါန, သံယောဂ, ပလိဗောဓ တို့၏ သဘောကို မဘောက် မ ပြန် အမှန် သိ ခြင်း သည် အညာဘာဝ အာဝီဘာဝ နာကာရ နည်းအားဖြင့် သိခြင်းမည်၏။

အညာဘာဝ အာဝီဘာဝနာကာရ နည်း သော် ကား ရှင်တော်ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသော အနက်သဘောကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏ သဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နီဒါန အစရှိသော သုံးပါးသော သဘောကို အဘာယ်သဘာဝ တရားကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့— သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နီဒါန၌ ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင်ယှဉ်စေတတ်သော တတိယသံယောဂ၌ ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသောကြောင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထပလိဗောဓ၌ ကို

ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာ ပြသဖြင့် မိမိ၏သဘောဟုဆိုအပ်သော နိဒါန, သံယောဂ, ပလိဗောဓ တို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။

သီလ၌ကား— ဤလောက၌ ယုတ်မာသော သဘောရှိသော သူသည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ရင်း ဘဝသစ်ကို တောင့်တသည်ဖြစ်၍ရင်း, ကိလေသာကုန်ခြင်းကို အားမထုတ်ပဲလျက် ဘဝပြတ်ခြင်းကို တောင့်တသည်ဖြစ်၍ရင်း သီလကို ကျင့်အံ့။ ထိုသူ၏ တဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာ စသော အကုသိုလ်တရားတို့သည် တစုံတယောက်သော နတ်သိကြွားမပြုပဲလျက် ဓမ္မနိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို နတ်ရွာလူ့ပြည် စသော ဝဋ္ဋဒုက္ခသို့ မရောက်လျှင် ရောက်အောင် အားထုတ်ရကား **အာယူဟန** ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ သီလကျင့်စဉ်အခါ၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် နတ်ရွာစသည်ကိုသွားလော့ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်ရကား နိဒါန ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ သီလကျင့်စဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နတ်ရွာစသော ဝဋ္ဋဒုက္ခ၌ ယှဉ်စေရကား **သံယောဂ** ဂုဏ်လည်းရှိ၏။ ၎င်း သီလ ကျင့် စဉ် ၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် နတ်ရွာစသော ဝဋ္ဋဒုက္ခ၌ နေသမျှကာလပတ်လုံး နိဗ္ဗာန်ချမ်းသာကို မခံစားနှင့်ဟု တားသကဲ့သို့ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ။ ဤသို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမသတ္တိကြီးသည် ကြောက်ဘွယ် ကောင်းလှစွဟု သမုဒယသစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ တို့၏ သဘောကို မဖောက်မပြန် အမှန်သိခြင်းသည် အတ္တဘာဝ အာဝိဘာ ဝနာကာရ နည်းအားဖြင့် သိခြင်းမည်၏။

အညဘာဝ အာဝိဘာဝနာကာရ နည်းသော်ကား ရှင်တော် ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသော အနက်သဘော

ကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏ သဘောဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သဘောကို အဘယ်သဘာဝတရားကို မြင်သောကြောင့် ဟောတော်မူသနည်းဟူမူ။သိစေအံ့ — သဗ္ဗညုတရွှေညာဏ်တော်ရှင်ကြီးသည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်းအပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နိဒါန၌ ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ်သော နိရောဓသစ္စာကြီးကို မြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေတတ်သော ကတိယသံယောဂ၌ ကို ဟောတော်၏။ စတုတ္ထအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသဖြင့် ဆီးတား ပိတ်ပင်တတ်သော စတုတ္ထပလိဗောဓ၌ ကို ဟောတော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာပြသဖြင့် မိမိ၏ သဘော ဟု ဆိုအပ်သော နိဒါန, သံယောဂ, ပလိဗောဓ တို့ကို ထင်စွာသိရခြင်းသည် အညဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။

ဘာဝနာ၌ကား— ဤလောက၌ ယုတ်မာသော သဘောရှိသောသူသည် ကာမဂုဏ်ငါးပါးကို သာယာသည်ဖြစ်၍ငှင်း ဘဝသစ်ကို တောင့်တသည်ဖြစ်၍ငှင်း ကိလေသာကုန်ခြင်းကို အားမထုတ်ပဲလျက် ဘဝပြတ်ခြင်းကို တောင့်တသည်ဖြစ်၍ငှင်း ဘာဝနာကို စီးဖြန်းအံ့။ ထိုသူ၏တဏှာသုံးပါးတို့တွင် တပါးပါးသော တဏှာ စသော အကုသိုလ်တရားတို့သည် တစုံတယောက်သော နတ်သိကြားမပြုပဲလျက် ဓမ္မနိယာမသိဒ္ဓိအားဖြင့် မိမိ၏ခန္ဓာအစဉ်ကို နတ်ရွာလူ့ပြည်စသော ဝဋ်ဒုက္ခသို့ မရောက်လျှင်ရောက်အောင် အားထုတ်ရကား အာယူဟန ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ ဘာဝနာ စီးဖြန်းစဉ်အခါ၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နှင်သည် နတ်ရွာ စသည်ကို သွားလော့ဟု ဆောင်နှင်းသကဲ့သို့ဖြစ်

ရကား နိဒါန ဂုဏ်လည်းရှိ၏။ ထိုကဲ့သို့ ဘာဝနာပွါးစဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နတ်ရွာ စသော ဝဋ်ဒုက္ခ၌ ယှဉ်စေရကား **သံယောဂ** ဂုဏ်လည်းရှိ၏။ ၎င်းဘာဝနာ ပွါးစဉ်၌ လောဘ အစရှိသော အကုသိုလ်တရားတို့သည် နင်သည် နတ်ရွာ စသော ဝတ်ဒုက္ခ၌ နေသမျှ ကာလပတ်လုံး နိဗ္ဗာန်ချမ်းသာကို မခံ စားနှင့်ဟု တားသကဲ့သို့ဖြစ်ရကား **ပလိဗောဓ** ဂုဏ်လည်းရှိ၏။ ဤ သို့လျှင် လောဘ စသော တရားတို့၏ ဓမ္မနိယာမသတ္တိကြီးသည် ကြောက်ဘွယ်ကောင်းလှစွ ဟု သမုဒယ သစ္စာ၏ အာယူဟန, နိဒါန, သံယောဂ, ပလိဗောဓ သဘောကို မဘောက်မပြန် အမှန် သိခြင်းသည် အတ္တဘာဝ အာဝိဘာဝနာကာရ နည်းအားဖြင့် သိ ခြင်း မည်၏။

အညဘာဝ အာဝိဘာဝနာကာရ နည်းသော်ကား ရှင်တော် ဘုရားသည် ဤသမုဒယသစ္စာ၏ လေးပါးသောအနက်သဘောကို ဟောတော်မူရာတွင် အာယူဟန သဘောကား မိမိတို့၏သဘော ဖြစ်၍ အလွန်ထင်ရှားလှ၏။ နိဒါန အစရှိသော သုံးပါးသော သ ဘောတို့ကို အဘယ်သဘာဝ တရားတို့ကို မြင်သောကြောင့် ဟော တော်မူသနည်းဟူမူ။သိစေအံ့— သဗ္ဗညုတရွှေဉာဏ်တော်ရှင်ကြီး သည် ဘုံသုံးပါးလုံး၌ သမုဒယကြောင့် ဆောင်နှင်း အပ်သော ဒုက္ခသစ္စာအမျိုးမျိုးကို မြင်တော်မူသဖြင့် ဆောင်နှင်းတတ်သော ဒုတိယအနက် နိဒါနဋ္ဌ ကိုဟောတော်မူ၏။ တတိယအနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် သံသရာတွင် မယှဉ်အပ် သော နိရောဓသစ္စာကို မြင်တော်မူသဖြင့် သံသရာတွင် ယှဉ်စေ တတ်သော တတိယ သံယောဂဋ္ဌ ကို ဟောတော်မူ၏။ စတုတ္ထ အနက်ကိုကား ရှင်တော်ဘုရားသည် ဤသမုဒယကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မဆီးတား မပိတ်ပင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူ သဖြင့် ဆီးတားပိတ်ပင်တတ်သော စတုတ္ထ ပလိဗောဓဋ္ဌ ကို ဟော တော်မူ၏။ ဤသို့လျှင် တပါးသော အခြင်းအရာကို ထင်စွာပြ သဖြင့် မိမိ၏သဘောဟု ဆိုအပ်သော နိဒါန, သံယောဂ, ပလိ

မောဓ တို့ကို ထင်စွာ သိရခြင်းသည် အညာဘာဝ အားဝိဘာဝနာ ကာရ နည်းအားဖြင့် သမုဒယသစ္စာကို သိသည်မည်၏။

ဤသည်ကား ဝဋ္ဋနိဿိတဒါန စသည်ကိုဆိုသည်။ဝိဝဋ္ဋနိဿိတ မှာ မဂ္ဂသစ္စာနှင့် ဆိုင်သည်။ ထိုဝဋ္ဋနိဿိတ ကြောင့် ရှင်တော် ဘုရားသည်—

အဋ္ဌိမာ ဘိက္ခဝေ ဒါနူပပတ္တိယော။ ကတမာ အဋ္ဌ၊ ဣဓ ဘိက္ခဝေ ဒါနံ ဒေတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ သေယျာဝသထပဒီ ပေယျံ။ သော ယံ ဒေတိ၊တံ ပစ္စာသီသတိ။ သော ပဿတိ ခတ္တိယမဟာသာလေ ဝါ ဗြာဟ္မဏမဟာသာလေ ဝါ ဂဟပတိမဟာသာလေ ဝါ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိ တေ သမင်္ဂီဘူတေ ပရိစာရယမာနေ။ တဿ ဧဝံ ဟောတိ အဟော ဝတာဟံ ကာယဿ ဘေဒါ ပရမ္မရဏာ ခတ္တိယ မဟာသာလာနံ ဝါ ဗြာဟ္မဏမဟာသာလာနံ ဝါ ဂဟ ပတိမဟာသာလာနံ ဝါ သဟဗျတံ ဥပပဇ္ဇေယျန္တိ၊ သော တံ စိတ္တံ ဒဟတိ၊ တံ စိတ္တံ အဓိဋ္ဌာတိ၊ တံ စိတ္တံ ဘာဝေတိ။ တဿ တံ စိတ္တံ ဟီနေ ဝိမုတ္တံ ဥတ္တရိ အဘာဝိတံ တတြူပ ပတ္တိယာ သံဝတ္တတိ၊ကာယဿ ဘေဒါ ပရမ္မရဏာ ခတ္တိယ မဟာသာလာနံ ဝါ ဗြာဟ္မဏမဟာသာလာနံ ဝါ ဂဟ ပတိမဟာသာလာနံ ဝါ သဟဗျတံ ဥပပဇ္ဇတိ။ တဉ္စ ခေါ သီလဝတော ဝဒါမိ၊ နော ဒုဿီလဿ။ ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

စသည်ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ဟောတော်မူသည်။

ပကတူပနိဿယော သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊ သီလံ,သုတံ,စာဂံ,ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ဒိဋ္ဌိံ ဂဏှာတိ။ သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ

ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူ၏။

ပကတူပနိဿယော ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ။

စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနူပပတ္တိယော၊ ပေးလှူခြင်းကြောင့် ဖြစ်သော ပဋိသန္ဓေတို့သည်။ ဣမာ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ သမဏဿ ဝါ၊ ရဟန်းအား၎င်း။ ဗြာဟ္မဏဿ ဝါ၊ မြတ်သော အကျင့်သီလရှိသော ပုဂ္ဂိုလ်အား၎င်း။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေး၏။ အန္နံ၊ ဆွမ်းကို၎င်း။ ပါနံ၊ အဖျော်ကို၎င်း။ ဝတ္ထံ၊ အဝတ်ကို၎င်း။ ယာနံ၊ ယာဉ်ကို၎င်း။ မာလာဂန္ဓဝိလေပနံ၊ ပန်း နံ့သာ နံ့သာ ပျောင်းကို၎င်း။ သေယျာဝသထပဒီပေယျံ၊ အိပ်ရာ နေရာ ကျောင်း ဆီမီးကို၎င်း။ ဒေတိ၊ ပေး၏။ သော၊ ထိုသူသည်။ ယံ၊ အကြင် ကာမဂုဏ်ငါးပါးဟူသော အကြောင်းကြောင့်။ ဒေတိ၊ ပေး၏။ တံ၊ ထိုကာမဂုဏ်ငါးပါးကို။ ပစ္စာသီသတိ၊ တောင့်တ၏။ သော၊ ထိုတောင့်တသောသူသည်။ ခတ္တိယမဟာသာလေ ဝါ၊ ခတ္တိယ မဟာသာလအမျိုးတို့ကို၎င်း။ ဗြာဟ္မဏမဟာသာလေ ဝါ၊ ဗြာဟ္မဏမဟာသာလအမျိုးတို့ကို၎င်း။ ဂဟပတိမဟာသာလေ ဝါ၊ ဂဟပတိမဟာသာလအမျိုးတို့ကို၎င်း။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ကာမဂုဏေဟိ၊ ကာမဂုဏ်တို့နှင့်။ သမပ္ပိတေ၊ တကွဖြစ်သည်တို့ကို။ သမင်္ဂီဘူတေ၊ ပြည့်စုံသည်တို့ကို။ ပရိစာရယမာနေ၊ စမွယ်မွေ့လျော်သည်တို့ကို။ ပဿတိ၊ မြင်၏။ တဿ၊ ထိုပေးလှူတတ်သောသူအား။ ဧဝံ၊ ဤသို့သောအကြံသည်။ ဟောတိ၊ ဖြစ်၏။

အဟံ၊ငါသည်။ ကာယဿ၊ဥပါဒိန္နကခန္ဓာကိုယ်၏။ ဘေဒါ၊ပျက်
စီးခြင်းကြောင့်။ မရဏာ၊ စုတိပြတ်ကြွေ သေလွန်သည်မှ။ ပရံ၊
အထက်ဖြစ်သော နောက်ကာလ၌။ ခတ္တိယမဟာသာလာနံ ဝါ၊
ခတ္တိယမဟာသာလ အမျိုးတို့၏ငင်း။ ဗြာဟ္မဏမဟာသာလာနံ
ဝါ၊ဗြာဟ္မဏမဟာသာလ အမျိုးတို့၏ငင်း။ ဂဟပတိမဟာသာ
လာနံ ဝါ၊ ဂဟပတိမဟာသာလ တို့၏ငင်း။ သဟဗျတံ၊အပေါင်း
အဖေါ်အဖြစ်သို့။ ဥပပဇ္ဇေယျံ၊ဖြစ်ပါမူကား။ အဟော ဝတ၊ဩော်
ကောင်းလေစွ။ ဣတိဧဝံ၊ဤသို့သောအကြံသည်။ ဟောတိ၊ဖြစ်၏။
သော၊ ထိုသူသည်။ တံ စိတ္တံ၊ ထိုခတ္တိယမဟာသာလ, အစရှိသော
အမျိုး၌ဖြစ်လိုသော စိတ်ကို။ ဒဟတိ၊ထား၏။ တံ စိတ္တံ၊ထိုစိတ်ကို။
အဓိဋ္ဌာတိ၊ ဆောက်တည်၏။ တံ စိတ္တံ၊ ထိုစိတ်ကို။ ဘာဝေတိ၊ပွါး
စေ၏။ တဿ၊ ထိုသူ၏။ တံ စိတ္တံ၊ ထိုခတ္တိယမဟာသာလ အစရှိ
သော အမျိုး၌ဖြစ်လိုသော စိတ်သည်။ ဟီနေ၊ ယုတ်မာသော
ကာမဂုဏ်ငါးပါး၌။ ဝိမုတ္တံ၊ညွတ်၏။ တတော၊ ထိုကာမဂုဏ်ငါး
ပါးထက်။ ဥတ္တရိ၊ အလွန်။ မဂ္ဂဖလတ္ထာယ၊ မဂ်ဖိုလ်အကျိုးငှါ။
(ထည့်)။ အဘာဝိတံ၊မပွါးစေအပ်သည့်ဖြစ်၍။တတြ၊ထိုတောင့်တ
အပ်သောအမျိုး၌။ ဥပပတ္တိယာ၊ ပဋိသန္ဓေအလို့ငှါ။ သံဝတ္တတိ၊
ဖြစ်၏။ သော၊ထိုသူသည်။ ကာယဿ၊၏။ ဘေဒါ၊ကြောင့်။ မရ
ဏာ၊မှ။ ပရံ၊၌။ ခတ္တိယမဟာသာလာနံ ဝါ၊တို့၏ငင်း။ ဗြာဟ္မဏ
မဟာသာလာနံ ဝါ၊ တို့၏ငင်း။ ဂဟပတိမဟာသာလာနံ ဝါ၊
တို့၏ငင်း။ သဟဗျတံ၊သို့။ ဥပပဇ္ဇတိ၊ဖြစ်ရ၏။ တဉ္စခေါ၊ ထိုသို့ဖြစ်
ခြင်းကိုလည်း။ သီလဝတော၊သီလရှိသောသူအား။အဟံ၊ငါဘုရား
သည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဒုဿီလဿ၊သီလမရှိပဲလျက်နှင့်
လှူသောသူအား။ ဝါ၊သီလမရှိသောပုဂ္ဂိုလ်ကို လှူသောသူအား။
နော ဝဒါမိ၊ငါဘုရားဟောတော်မမူ။ ဘိက္ခဝေ၊တို့။ သီလဝတော၊
သီလရှိသောသူအား။ ဝါ၊သီလရှိသောပုဂ္ဂိုလ်ကို လှူသောသူအား။
ဝိသုဒ္ဓတ္တာ၊စင်ကြယ်သည်၏အဖြစ်ကြောင့်။ စေတောပဏိဓိ၊စိတ်၏
တောင့်တသော အတိုင်းသည်။ ဣဇ္ဈတိ၊ ပြည့်စုံရ၏။ ။အင်္ဂုတ္တိုရ်
အနက်။

ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းသည်။ သဒ္ဓံ၊ သဒ္ဓါတရားကို။ ဥပနိဿာယ၊ မှီ၍။ မာနံ၊ မာနကို။ ဇပ္ပေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊မှားသောအယူကို။ ဂဏှာတိ၊ယူ၏။ သီလံ၊ သီလကို။ ဥပနိဿာယ၊ မှီ၍။ မာနံ၊မာနကို။ ဇပ္ပေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ဂဏှာတိ၊ ယူ၏။ သုတံ၊ အကြားအမြင်ကို။ ဥပနိဿာယ၊ မှီ၍။ မာနံ၊မာနကို။ ဇပ္ပေတိ၊ဖြစ်စေ၏။ ဒိဋ္ဌိံ၊မှားသောအယူကို။ ဂဏှာတိ၊ယူ၏။ စာဂံ၊စွန့်ကြဲခြင်းကို။ ဥပနိဿာယ၊ မှီ၍။ မာနံ၊မာနကို။ ဇပ္ပေတိ၊ဖြစ်စေ၏။ ဒိဋ္ဌိံ၊ကို။ ဂဏှာတိ၊ ၏။ ပညံ၊ ပညာကို။ ဥပနိဿာယ၊ မှီ၍။ မာနံ၊မာနကို။ ဇပ္ပေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊ကို။ ဂဏှာတိ၊ယူ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ သီလံ၊ သီလသည်။ သုတံ၊ သုတသည်။ စာဂေါ၊ စာဂသည်။ ပညာ၊ ပညာသည်။ ရာဂဿ၊ ရာဂအား။ ဒေါသဿ၊ဒေါသအား။ မောဟဿ၊မောဟအား။ မာနဿ၊ မာနအား။ ဒိဋ္ဌိယာ၊ဒိဋ္ဌိအား။ ပတ္ထနာယ၊ပတ္ထနာအား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စည်းဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

ပကတူပနိဿယော၊ ပကတူပနိဿယသည်။ ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊မှီ၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ပေး၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ဆောက်တည်၏။ဥပေါသထကမ္မံ၊ဥပုသ်စောင့်သောအမှုကို။ ကရောတိ၊ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ဝိပဿနာကို။ ဥပ္ပါဒေတိ၊ဖြစ်စေ၏။ ။ပဋ္ဌာန်းအနက်။

ဤသို့လျှင် သမုဒယသစ္စာ၏ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တို့ဖြင့် ဥပျော်ဟန်ဂုဏ်ကို ဆောင်သော သမုဒယသစ္စာ၏ အဖြစ်ကိုပြလျှင် ကြွင်းကျန်သော ဒေါသ မောဟ အစရှိသော ကိလေသာတို့၌၎င်း, အာသဝ ဩဃ ယောဂ စသော အကုသလ ရာသီတို့၌၎င်း, ကုသလကမ္မပထတို့နှင့်ယှဉ်သော အကုသိုလ်စိတ် အကုသိုလ်စေတသိက် တို့၌၎င်း, သမုဒယသစ္စာ၏ဖြစ်ကြောင်းကို အတ္တဘာဝ အာဝိဘာဝနာကာရ နည်း အညဘာဝ အာဝိဘာဝနာ ကာရ နည်းတို့ဖြင့် ဝေဘန်၍ သိအပ်၏။

ဤသို့သိခြင်းကား အတ္တဘာဝ အာဝီဘာဝနာကာရ အညဘာဝ အာဝီဘာဝနာကာရ နည်းနှစ်ပါးတို့ဖြင့် သိခြင်းမျှ သာတည်း။ ။ ထိုသို့သိခြင်းသည် အနုမာန အနုဗောဓ သိခြင်းမျှသာရှိသေးသည်။ သံသရာမှ ထွက်မြောက်နိုင်သေးသည်မဟုတ်။ စင်စစ်သော်ကား သံသရာမှ ထွက်မြောက်အောင် သိခြင်းဟူသည် အာရမ္မဏပဋိဝေဓ-အသမ္မောဟပဋိဝေဓ, အာရမ္မဏပဋိဝေဓ-ကိစ္စပဋိဝေဓ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ထွက်မြောက်သောသူတို့၏ သိခြင်းမှာ သစ္စာလေးပါး ကို တပြိုင်နက်သိသည်။ (တနည်း)။ နိရောဓသစ္စာကို အာရမ္မဏပဋိဝေဓ၊ ကျန်သော သစ္စာသုံးပါးကို အသမ္မောဟ ပဋိဝေဓ တို့ဖြင့် တပြိုင်နက်သိသည်။ သခ်တ တရား ကိုလည်း အာရုံမပြု။ ယခုသစ္စာမှာမူ သမုဒယသစ္စာကို အာရုံပြုရ သေးသည်ဖြစ်၍ သံသရာမှ မထွက်မြောက်နိုင်။ ဤသမုဒယသစ္စာ သည် ထွက်မြောက်သောသူတို့၏ အခိုက်၌ အသမ္မောဟ ပဋိဝေဓ မျှသာ ရအပ်၏။ ထိုကြောင့် ဧကပဋိဝေဓ-အာဝီဘာဝနာကာရ အားဖြင့် သံသရာမှ ထွက်မြောက်ထိုက်သော သူတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည် နှင့် တပြိုင်နက် အတ္တဘာဝ အာဝီဘာဝနာ ကာရ နည်း အညဘာဝ အာဝီဘာဝနာကာရ နည်းနှစ်ပါးတို့ကို အစိုးရလျက် ကျန်သော ပရိညေယျ ပဟာတဗ္ဗ ဘာဝေတဗ္ဗ ထိုက် သော သစ္စာသုံးပါးကို တပြိုင်နက်ကိစ္စပြီးအောင် ဖဿသင်္ခတကိရိယ ဖြင့် ဆောင်ရွက်တော်မူနိုင်သည်။

တဥ္စနိရောဓသစ္စံ သင်္ခတကိရိယာဘိသမယ ဝသေန အဘိ သမာနေန္တေန ဝိသယတော ကိစ္စတော အာရမ္မဏတော စ အာရမ္မဏပဋိဝေဓဝသေန စ ပဋိဝိဇ္ဈံ။ ယထာ ပရိညာဘိ သမယဝသေန ဒုက္ခသစ္စံ, ဘာဝနာဘိ သမယဝသေန မဂ္ဂသစ္စဥ္စ,အသမ္မောဟတော ပဋိဝိဇ္ဈံ ဟောတိ။ဧဝံ ပဟာ နာဘိသမယဝသေန အသမ္မောဟတော စ ပဋိဝိဇ္ဈါ တဗ္ဗာ ဟောတိ။ ။ဥဒါန်းအဋ္ဌကထာ။

တဥ္စနိရောဓသစ္စံ၊ ထိုနိရောဓသစ္စာကိုလည်း။ သင်္ခတကိရိယာဘိ

သမယဝသေန၊ မျက်မှောက်ပြုခြင်း သိသည်ဖြစ်၍ ထိုးထွင်းသည်၏ အစွမ်းအားဖြင့်။ အဘိသမာနေန္တေန၊ ထူးသောဉာဏ်ဖြင့် သိသောသူသည်။ ဝိသယတော စ၊ အာရုံအားဖြင့်၎င်း။ ကိစ္စတော စ၊ ကိစ္စအားဖြင့်၎င်း။ အာရမ္မဏတော စ၊ အာရုံအားဖြင့်၎င်း။ အာရမ္မဏပဋိဝေဓဝသေန၊ အာရမ္မဏပဋိဝေဓ၏ အစွမ်းအားဖြင့်။ ပဋိဝိဒ္ဓံ၊ ထိုးထွင်း၍သိအပ်၏။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယဝသေန၊ ပရိညာဘိသမယ၏ အစွမ်းအားဖြင့်။ မဂ္ဂသစ္စဥ္စ၊ မဂ္ဂသစ္စာကိုလည်း။ ဘာဝနာဘိသမယဝသေန၊ ဘာဝနာဘိသမယ၏ အစွမ်းအားဖြင့်။ အသမ္မောဟတော၊ မတွေမဝေပဲ၊ ပဋိဝိဒ္ဓံ၊ ထိုးထွင်း၍ သိသည်။ ဟောတိယထာ၊ ဖြစ်၏သို့။ ဧဝံ၊ ဤအတူ။ တဏှာ၊ သမုဒယသစ္စာ ကို။ ပဟာနာဘိသမယဝသေန စ၊ ပဟာနာဘိသမယ၏ အစွမ်းအားဖြင့်လည်း။ အသမ္မောဟတော၊ မတွေမဝေပဲ။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။

ဧကပဋိဝေဓကား မဂ္ဂသစ္စာ၌ ထင်စွာဖြစ်လတ္တံ့။ ဤသို့ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် သမုဒယသစ္စာကို အတ္တဘာဝ အာဝိဘာဝနာကာရ အညဘာဝ အာဝိဘာဝနာကာရ နည်းသို့ တိုင်အောင် ဆရာကောင်းတို့၏အထံ၌ ရုပ် နာမ် ခန္ဓာ အာယတန စသော သဘောတရားတို့သည် ဒုက္ခသစ္စာတည်း။ တဏှာစသော သဘောတရားတို့သည် သမုဒယသစ္စာတည်း။ ဤသို့အကျဉ်းအားဖြင့်၎င်း အကျယ်အားဖြင့်၎င်း သင်ကြား၍ အဘန်တလဲလဲ သမုဒယသစ္စာထိုက်သော သဘောတရားအပေါင်းကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတို့ဖြင့် ထင်အောင် မြင်အောင် အားထုတ်ရာ၏။ လက္ခဏာရေးတင်ဟန်ကို မဂ္ဂသစ္စာ၌တွေ့လတ္တံ့။

ပုရိမာနိ ဟိ ဒွေ သစ္စာနိ ပဋ္ဌကုန္တာ ဒုက္ခံ တဏှာ သမုဒယောတိ ဧဝံ သင်္ခေပေနစ, ကတမေ ပဋ္ဌကုန္တာတိ အာဒိနာ နယေန ဝိတ္ထာရေနစ, အာစရိယဿ သန္တိကေ ဥဂ္ဂဟိတွာ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော ယောဂါဝစရော ကမ္မံ ကရောတိ။ ။သမ္မော။

ဟိ တဒေဝ သစ္စံ၊ ထိုစကားသည်မှန်၏။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေ သစ္စာနိ၊ နှစ်ပါးသော သစ္စာတို့ကို။ ပဉ္စက္ခန္ဓာ ဒုက္ခံ တဏှာ သမုဒယောတိ၊ ပဉ္စက္ခန္ဓာ ဒုက္ခံ တဏှာ သမုဒယောဟူ၍။ ဇပ်၊ ဤသို့။ သခ်ေပေန စ၊ အကျဉ်းအားဖြင့်၎င်း။ ကတမေ ပဉ္စက္ခန္ဓာတိ အာဒိနာ၊ ကတမေ ပဉ္စက္ခန္ဓာ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ဝိတ္ထာရေန စ၊ အကျယ်အားဖြင့်၎င်း။ အာစရိယဿ၊ ဆရာ၏။ သန္တိကေ၊ အထံ၌။ ဥဂ္ဂဏှိတွာ၊ သင်၍။ ဝါစာယ၊ နှုတ်ဖြင့်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပရိဝတ္တေန္တော၊ တပြောင်းပြန်ပြန်။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ ကမ္မံ၊ စီးဖြန်းသောအမှုကို။ ကရောတိ၊ ပြု၏။ ။ဤသို့လျှင် အကျဉ်းအားဖြင့်သိအပ်၏။ အကျယ်ဆိုလျှင် ပြီးဆုံးနိုင်တော့မည်မဟုတ်။

သမုဒယသစ္စကထော ဒုတိယော နိဋ္ဌိတော။

၁၃-နိရောဓသစ္စာကို ပုစ္ဆာ၈ချက်ဖြင့် အမေးကို ပြခြင်း။

(၁) အဘယ်ကြောင့် နိရောဓ မည်သနည်း။

(၂) အဘယ်ကြောင့် သစ္စာ မည်သနည်း။

(၃) အဘယ်ကြောင့် နိရောဓသစ္စာ မည်သနည်း။

(၄) ထိုနိရောဓသစ္စာ၏လက္ခဏာစသည်ကားအဘယ်နည်း။

(၅) ထိုနိရောဓသစ္စာ၏ အာကာရဟူ့ကား အဘယ်နည်း။

(၆) ထိုနိရောဓသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း။

(၇) ထိုနိရောဓသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း။

(၈) ထိုနိရောဓ သစ္စာကို အဘယ်သို့ သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှ လွတ်သနည်း-ဟူ၍ ပုစ္ဆာ (၈) ချက် တို့ဖြင့် မေးအပ်၏။

## ၅၄ အဘယ်ကြောင့် နိရောဓမည်သနည်း ဟူသောပဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

ထိုသို့ မေးအပ်သော ပုစ္ဆာ (၈)ချက် တို့တွင် ရှေးဦးစွာသော (၁) အဘယ်ကြောင့် နိရောဓမည်သနည်း ဟူသောပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ဤသို့တည်း။

''နိရုဇ္ဈတိ ဧတ္ထာတိ နိရောဓော''။ ။ဧတ္ထ၊ ဤအခံတခုတ်၌။ နိရုဇ္ဈတိ၊ ချုပ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ချုပ်ရာ ဖြစ်သော သတ္တိကြောင့်။ နိရောဓော၊ နိရောဓ မည်၏။ ။နိရုဇ္ဈတိဧတ္ထာတိကား အဓိကရဏသာဓန ကိတ်ဝိဂြိုဟ်။ နိရောဓောကား အဓိ ကရဏသာဓန ကိတ်ပုဒ်။ ရုဓဓာတ်၊ အာပစ္စည်း။ ရုဓဓာတ်အရ ကတ္တုပ္ပကြိယာကား ဝေနေယျတို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မှုချအားဖြင့် ရ၏။ အဓိကရဏတ္ထ ကြိယာကား ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဌာနူပစာအားဖြင့် ရ၏။ အပစ္စည်း၏ အရကား ထိုမှုချဌာနူပစာတို့ဖြင့် မှတ်အပ်သော နိဗ္ဗာန် ရ၏။ ။ ဤနိရောဓ ဟူသောပုဒ်၌ ရုဓဓာတ်၏ သဘောဖြစ်သော နိရောဓ သဒ္ဒါသည် ဝဋ်သုံးပါး၏ ချုပ်ကြောင်းဖြစ်သည်ဟုပြသော အဖြစ်ကိုငှင်း ဝဋ်သုံးပါးတို့၌ မဖြစ်ခြင်းသဘာဝတို့၏ သဘောကိုငှင်း ပြ၏။ ထိုကြောင့်။ ။''ဒုက္ခဿ ဝါ အနုပ္ပါဒ နိရောဓပစ္စယတ္တာ'' ဟူသော ဝိဘင်း အဋ္ဌကထာ၌ချုပ်ခြင်း နိရောဓ ဟူသည် ရုပ်နာမ်ခန္ဓာတို့၏ ဘင်ခဏ မဟုတ်။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ စုတိခန္ဓာ ဘင်ကွဏ၏ အခြားမဲ့ ကာလဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်။ အနုပ္ပါဒနိရောဓ၌ အနုပ္ပါဒ သဒ္ဒါ နိရောဓသဒ္ဒါတို့ကို တုလျာဓိကရဏ ကမ္မဓာရည်းသမာသ် ပြုအပ်ကြောင်းကိုပြသော။ ။"အနုပ္ပါဒေါဧဝ နိရောဓော အနုပ္ပါဒ နိရောဓော။ အာယတိံ ဘဝါဒိသု အနုပ္ပတ္တိ၊ န ပန ဘင်္ဂေါ'' ဟူသော စကားကိုထောက်သဖြင့်လည်း တဘန်အသစ်မဖြစ်ကောင်းသောအားဖြင့် မဖြစ်ခြင်းဟူသည်နှင့် ချုပ်ခြင်းဟူသည် အတူတူပင်ဟူ၍ မှတ်အပ်၏။ ။အနုပ္ပါဒေါ၊တဘန်အသစ်မဖြစ်ခြင်းသည် ပင်လျှင်။ နိရောဓော၊ချုပ်ခြင်းတည်း။ အနုပ္ပါဒနိရောဓော၊တဘန်

အသစ် မဖြစ်ခြင်းသည်ပင်လျှင် ချုပ်ခြင်း။ အာယတိံ၊ စုတိ၊ကျပြီး သည်မှ နောက်ကာ လ၌။ ဘဝါဒီသု၊ ဘဝ အစရှိသည် တို့၌။ အနုပ္ပတ္တိ၊ မဖြစ်ခြင်းပင်တည်း။ ဝါ၊ မဖြစ်ခြင်းအဘာဝကို ရ၏။ န ပန ဘင်္ဂေါ၊ဘင်ခဏမဟုတ်။ ဝါ၊ဘင်ခဏကိုမရ။ ။တနည်း၊ ။ ''အဘာဝေါ ဝေ့တွေ ရောဓသော ဘိတိ နိရောဓော''။ ။ဝေ့တွေ၊ဤနိဗ္ဗာန်၌။ ရောဓသော၊ သံသရာတွင် ကျင်လည်တတ်သော သဘောတရား၏။ အဘာဝေါ၊ မရှိခြင်းတည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ နိရောဓော၊ နိရောဓ မည်၏။ ။''အဘာဝေါ ဝေတသ္မိံ ရောဓသောဘိ နိရောဓော''ဟူ၍လည်းပြုလေ။ ။ဤဝိဂ္ဂဟ်တို့၌ နိသဒ္ဒါသည် မရှိခြင်းအနက်၊ ရောဓသဒ္ဒါသည် နှောင်ချိုင့်ဟူသောအနက် ကျင်လည်ခြင်းအနက်တို့ကို ဟော၏။

> တတိယသစ္စံ ပန ယသ္မာ နိသဒ္ဒေါ အဘာဝံ၊ ရောဓသဒ္ဒေါစ စာရကံ ဒီပေတိ၊တသ္မာ အဘာဝေါ ဝေ့တွေ သံသာရစာရက သင်္ခါတဿ ဒုက္ခရောဓဿ သဗ္ဗဂတိသုညတ္တာ။ သမဓိဂတေ ဝါ တသ္မိံ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ ဟောတိ။ ။ဝိသုဒ္ဓိမဂ်။

ပန၊ ထိုမှတပါး။ တတိယသစ္စံ၊တတိယသစ္စာကို။ ယသ္မာ၊အကြင် ကြောင့်။ နိသဒ္ဒေါ၊နိသဒ္ဒါသည်။ အဘာဝံ၊ မရှိခြင်းကို။ ဒီပေတိ၊ ပြ၏။ ရောဓသဒ္ဒေါစ၊ ရောဓ သဒ္ဒါသည်ကား။ စာရကံ၊ သံသရာ နှောင်ချိုင့်ဟူသော အနက်ကို။ ဒီပေတိ၊ပြ၏။ တသ္မာ၊ထိုသို့ နိသဒ္ဒါ၏ အဘာဝ,ရောဓသဒ္ဒါ၏ စာရကအနက်ကို ပြတတ်သည်၏ အဖြစ်ကြောင့်။ ဝေ့တွေ၊ ဤ အသင်္ခတ ဓာတ်၌။ သံသာရစာရကသင်္ခါတဿ၊ သံသရာနှောင်ချိုင့်ဟု ဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဒုက္ခ ဟူသော နှောင်ချိုင့်၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ သဗ္ဗဂတိသုညတ္တာ၊ အလုံးစုံသော ဂတိငါးပါးမှ ဆိတ်သည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ကား။ တသ္မိံ၊အသင်္ခတေ၊ ထိုနိဗ္ဗာန်ကို။ သမဓိဂတေ၊ အသင့် အားဖြင့် ရအပ်သိအပ်သည်ရှိသော်။ တဒဓိဂတဿ၊ ထိုအသင်္ခတ

ဓာတ်ကို ရခြင်းရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ သံသာရစာရက သင်္ခါတဿ၊ သံသရာ နှောင်ချိုင့်ဟုဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဒုက္ခဟူသော နှောင်ချိုင့်၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့လျှင် နိရောဓ ဟူသော ပုဒ်ကို သိလေ။ ။ပဌမ ပုစ္ဆာပြီး၏။

ဒုတိယပုစ္ဆာ တတိယပုစ္ဆာတို့ကိုကား ဒုက္ခသစ္စာ၌ နည်းကို နှိုး၍ သိအပ်၏။ ။ဒုတိယပုစ္ဆာ တတိယပုစ္ဆာ ပြီး၏။

## ၅၅-ထိုနိရောဓသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်းဟူသော စတုတ္ထပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(၄) ထိုနိရောဓသစ္စာ၏ လက္ခဏာ စသည်ကား အဘယ်နည်း။ ထိုနိဗ္ဗာန်သည် ကိလေသာမီး ခန္ဓာမီးတို့ ငြိမ်းခြင်း လက္ခဏာရှိ၏။ မရွေ့ခြင်း ကိစ္စရှိ၏။ တနည်း သံသရာမှ ငြီးငွေ့သော သူအား သက်သာရာကို ပြုခြင်းကိစ္စ ရှိ၏။ ခန္ဓာငါးပါးဟု ဆိုအပ်သော သင်္ခါရနိမိတ်မရှိခြင်းပစ္စုပဋ္ဌာန်ရှိ၏။ တနည်း သံသရာဒုက္ခ အစမဆုံးနိုင်သော ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စကင်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ၊ အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ ဝါ။
ဝိသုဒ္ဓိမဂ်။

တယိဒံ တံ ဣဒံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ကိလေသာဒုက္ခ ခန္ဓာဒုက္ခ တို့မှ ငြိမ်းခြင်းလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွေ့ရှားခြင်းကိစ္စရှိ၏။ ဝါ၊ တနည်းကား။ အဿာသကရဏရသံ၊ သံသရာဒုက္ခမှ ငြီးငွေ့သော သူအား သက်သာရာကို ပြုခြင်းကိစ္စ ရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ခန္ဓာငါးပါးဟူသော နိမိတ်မှ ဆိတ်ခြင်း ကြောင့် ကိုယ် အထည် ဟူသော ဖြစ်မရကောင်းဟု ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါ၊ တနည်းကား။ နိပ္ပပဉ္စပစ္စု

ပဋ္ဌာန်၊ သံသရာဒုက္ခ အစမဆုံးနိုင်အောင် ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စကင်းသည် အဖြစ်ကို ဖြစ်စေတတ်၏။ ။ နိဗ္ဗာန်မှာပဒဋ္ဌာန်မရှိ။ ။စတုတ္ထပုစ္ဆာပြီး၏။

### ၅၆-ထိုနိရောဓသစ္စာ၏ အာကာရတို့ကား အဘယ်နည်းဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(၅) နိရောဓသစ္စာ၏ အာကာရတို့ကား အဘယ်နည်း—ဟူရာ၌ ထိုနိရောဓ သစ္စာ သည် တဏှာသုံးပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်း စွန့်ခြင်း ကင်းစွာ စွန့်လွှတ်ခြင်း အခါခပ်သိမ်း လွှတ်ခြင်း အာလယမရှိခြင်း ဤသို့သော ချုပ်ငြိမ်းခြင်းတို့သည် အနက်အားဖြင့် အသခ်တ တခုတည်းသာရှိ၏။ ထိုကြောင့် အာကာရ အားဖြင့် တပါးသာ ရအပ်၏။

> ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယောတိ ဧဝံ နိရောဓနိဒ္ဒေသေ အတ္ထတော ဧကမေဝ နိဗ္ဗာနံ။
>
> ဝိသုဒ္ဓိမဂ်။

ယော တဿာယေဝ၊ ပ။ အနာလယောတိ၊ အနာလယော ဟူ၍။ ဧဝံ၊ ဤသို့။ နိရောဓနိဒ္ဒေသေ၊ နိရောဓနိဒ္ဒေသ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်သော။ အတ္တတော၊ တရားကိုယ်အားဖြင့်။ ဧကမေဝ နိဗ္ဗာနံ၊ တပါးတည်းသာ ဖြစ်သော နိဗ္ဗာန်သည်ရှင်း။

ဤနိဗ္ဗာန် ဟူသော စကား၌ စောဒနာနှင့် သောဓနာကို အတံငယ် ပြဦးအံ့။ ။နိဗ္ဗာန်ဟူသည် ထင်ရှားမရှိ။ ရုပ်နာမ်ခန္ဓာပျောက် ချုပ်၍သွားသော လုံးလုံးကြီး အသစ်မဖြစ်လာသော အဘာဝမျှကို နိဗ္ဗာန်ဆိုသည် မဟုတ်လောဟု စောဒကဆရာက ဆိုလာမူ။ ယင်းစကားကိုမဆိုသင့်။အကယ်၍ဆိုခဲ့လျှင် နိဗ္ဗာန်ရခြင်းငှါ အား ထုတ်ရသော ဒါန သီလ စသောကုသိုလ်တို့၏ အကျိုးမရှိ နိရတ္ထက မြုံ၍သွားလေသော အဖြစ်သို့ ရောက်ခြင်းကြောင့် တည်းဟု ပရိဟာရဆရာကဖြေဆိုရာ၏။

ယင်းသို့ အဘာဝအဖြစ်သို့ ရောက်ရခြင်းသည်ပင် ထိုဒါန သီလ စသော ပါရမီ ကုသိုလ်တို့၏ အကျိုးမဟုတ်ပါလော စောဒက တက်ပြန်ရာဝယ် အကယ်၍ ရုပ်နာမ်ခန္ဓာမရှိခြင်း အဘာဝသည် နိဗ္ဗာန် မည်ခဲ့ငြားအံ့။ အတီတခန္ဓာ အနာဂတခန္ဓာတို့၏ ထင်ရှား မရှိခြင်း အဘာဝသည်လည်း နိဗ္ဗာန် မည်သည်ပင် ဖြစ်ခဲ့ရာ၏။ ယင်းသို့ဖြစ်လျှင် ဟိုရှေးကြီးအခါကပင် သတ္တဝါဟူသမျှ နိဗ္ဗာန်ရ ကြသည် ချည်းဖြစ်ခဲ့ရာ၏။ ထို့ကြောင့် အဘာဝမျှကို နိဗ္ဗာန်ဆို သည်ဟု မဆိုသင့်ကြောင်းနှင့် ပရိဟာရဆရာ ဖြေဆိုရာ၏။

ယင်းသို့ အတိတ် အနာဂတ်တရားတို့ ထင်ရှားမရှိသော အ ဘာဝကို နိဗ္ဗာန်မည်၏ဟု ငါမဆိုလို။ ဖြစ်ပေါ်လာဆဲသော ဝတ္တ မာနတရားတို့၏ မဖြစ်လာခြင်း ပျောက်၍သွားခြင်း အဘာဝကို သာ နိဗ္ဗာန်ငါဆိုပါသည်ဟူ၍ စောဒကဆရာ ဆိုလာပြန်ရာဝယ် ယင်းသို့ ဖြစ်ဆဲဖြစ်သော ခန္ဓာတို့၏ ချုပ်ပျောက်၍သွားခြင်း အ ဘာဝ ကို နိဗ္ဗာန် ဆိုခဲ့ငြားအံ့။ ထိုဖြစ်ဆဲဖြစ်သော မဂ်စိတ္တုပ္ပါဒ် ခန္ဓာမချုပ်ပျောက်မီက ကိလေသာကုန်ခြင်း ဟူသော သဉပါဒိ သေသ နိဗ္ဗာန်ဟူသည် ထင်ရှားမဖြစ်သေးဟု ဆိုရာရောက်ခဲ့ရာ၏။ ဖြစ်လည်း ဖြစ်သည်သာဖြစ်၏။ ထို့ကြောင့်ဖြစ်ဆဲ ဝတ္တမာနက္ခန္ဓာ တို့၏ ချုပ်ပျောက်ခြင်း အသစ်မရောက်လာခြင်း အဘာဝကို နိဗ္ဗာန်မဆိုသင့်ဟု ပရိဟာရဆရာဖြေဆိုပြန်ရာ၏။

ထိုစိတ္တုပ္ပါဒ်ဖြစ်ဆဲအခါ ကိလေသာတို့မရှိသဖြင့် ထိုမရှိခြင်းကို ပင် သဉပါဒိသေသနိဗ္ဗာန်ဖြစ်လာပြီ မဆိုသင့်ပါလောဟု စောဒက တက်ပြန်ရာတွင် ယင်းသို့ ကိလေသာတို့ ဖြစ်ဆဲဉပါဒ်ဆဲ မဟုတ် သမျှကို သဉပါဒိသေသ နိဗ္ဗာန်ဆိုခဲ့ပြန်လျှင် ကိလေသာတို့ကို ပယ် ခြင်းငှါ မဂ်လေးပါးဖြစ်လာအောင်အားထုတ်ခြင်း အရိယာမဂ်ဖြစ် ခြင်း၏ အကျိုးမရှိခဲ့ရာ။ ထိုကြောင့် ကိလေသာတို့မဖြစ်ရုံ မဉပါဒ် လာရုံမျှကို သဉပါဒိသေသနိဗ္ဗာန် ဖြစ်ဆဲဖြစ်သော ခန္ဓာတို့၏ ချုပ် ခြင်းမရှိခြင်း အဘာဝမျှကို အနုပါဒိသေသ နိဗ္ဗာန်ဟုဆိုလိုစရာ ဆိုနိုင်စရာ အဘယ်ဟာတခု အကြောင်းမရှိ အကြောင်းမထင်ဆို

ခြင်းကို မောင်မဆိုပါနှင့်ဟု ပရိဟာရဆရာက နာနာကြီး ဗိတ်ဆီး နှိပ်ဆိုပြန်ရာ၏။

''ယော ခေါ အာဝုသော ရာဂက္ခယော။ ပ။ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ''ဟု အရှင်သာရိပုတ္တရာ မထေရ်သည်ပင် မိန့်ဆိုတော်မူသောကြောင့် ကိလေသာတို့၏ အကြွင်းမဲ့ကုန်ပျောက် အသစ်မရောက်ခြင်း ဟူသော ကိလေသက္ခယသည်ပင် အသခ်တဓာတ်ဟူသော နိဗ္ဗာန်မည်သည် မဆိုသင့်ပါလေဟု တဘန်လော၍ စောဒက တက်ပြန်သည်အခါ ယင်းသို့ဖြစ်လျှင်''ရာဂက္ခယော။ပ။ ဣဒံ ဝုစ္စတိ အရဟတ္တံ''ဟူ၍လည်း အရှင်သာရိပုတ္တရာ ပင် မိန့်တော်မူသောကြောင့် အရဟတ္တဖိုလ်ဟူသည်လည်း အခြားမဟုတ် ကိလေသာတို့၏ ကုန်ခြင်းခယကိုပင်ဆိုသည်ဟု ဆိုရာမရောက်ခဲ့ပြီလောဟု ပရိဟာရဆရာ မိန့်ဆို၏။

ထိုစောဒကဆရာ ဆိုရာမဲ့သီး ဘိုးကြည့်ကြောင်ကြည့် ဇနေ္ဓမရ အမှုမလှ ဝန်လည်းမချ၍ နေသည့်အခါ ယင်းစောဒကကို နိုင်သည်ထက်နိုင်အောင် ကိဋ္ဌဘိယျော တက်၍ကြောလိုသော ပရိဟာရဆရာက ယင်းသို့ကိလေသာတို့၏ ကုန်ခြင်း ချုပ်ခြင်း ခယဟူသော အဘာဝ ကို နိဗ္ဗာန်ဆိုလျှင် ထိုကိလေသာကုန်ခြင်း ခယဟူက ဘင်ခဏမျှသာဖြစ်၍ နိဗ္ဗာန်ဟူသည် မရှည်မကြာ တိုသော ခဏသာဖြစ်ခဲ့ရာ၏။ ထိုခဏ၏လည်း သခ်တမျိုးဖြစ်၍ သခ်တနယ်ဝင်ပင်ဖြစ်ခဲ့ရာ၏။ သခ်တနယ်ဝင်ဖြစ်က ဒုက္ခအိုးကြီးသာဖြစ်ခဲ့ရာ၏။ ယင်းသို့ နိဗ္ဗာန်ဟူသည် ဒုက္ခမရှိ ငြိမ်းရမည်ဖြစ်ပါလျက် ခယမျှကို နိဗ္ဗာန် ဆိုလိုသော အသင် စောဒက အလိုအားဖြင့် နိဗ္ဗာန်ဟူက ဒုက္ခအိုး ကြီး မီး ကြီး ရဲ ရဲ လောင် ရ ဦး တော့ မည် အမိပ္ပါယ် ရောက်ခဲ့ရာ၏ဟု ပရိဟာရဆရာ ဆိုပြန်ရာ၏။

ကိလေသာကုန်ခြင်း ခယဖြစ်သည်နောက် ပရိနိဗ္ဗာန် ပြုတော့ကာနီး ဖြစ်သဖြင့် ဒုက္ခများများကြီး ခံနေစရာ မရှိသောကြောင့် ယင်းသို့ ကိလေသက္ခယကို နိဗ္ဗာန်ဆိုသော်လည်း အပြစ်မရှိလှပါသေးဟု ဆိုပြန်သည့်အခါ ထိုသို့ဒုက္ခအိုးကြီး အပြီးငြိမ်းစေနိုင်

သော ခယ၏ မရှိခြင်းကြောင့် အကယ်၍ ရှိခဲ့လျှင်လည်း ဒုက္ခအိုး ပင်ဖြစ်ရာသောကြောင့် မဂ်သည်လည်း ကိလေသာကို ကုန်စေ တတ်သည်ဖြစ်၍ ခယမည်ထိုက်သဖြင့် မဂ်သည်ပင် နိဗ္ဗာန်မည်ခဲ့ရာ သောကြောင့် ယင်းသို့ ကိလေသက္ခယကို နိဗ္ဗာန်မဆိုသင့်။ရုပ်နာမ် တဘန်မဖြစ်ခြင်း ဟူသော အနုပ္ပါဒနိရောဓ ခယ၏ မှီရာအ ကြောင်းဖြစ်သော ပရိနိဗ္ဗန္တပုဂ္ဂိုလ် ခန္ဓာနှင့်စပ်လျဉ်း၍ ဖြစ်ပေါ် လာသော ငြိမ်းခြေင်း သိတိဘာဝ နိဗ္ဗာယန သဘောရှိသော အ သခ်တဓာတ်၏ ခယဟူသောအမည်ကို ထိုနိဗ္ဗာန်ကြောင့် ကိလေ သာတို့ ကုန်ပျောက်ရသော ခယ ၌ တင်စား၍ ထိုကိလေသက္ခယ ကိုပင် ဥပစာရအားဖြင့် ခယ ဆိုသည်မှတ်လေဟု ဖြေပေ၏။

ထိုသို့ဖြစ်ခဲ့သော် ထိုနိဗ္ဗာန်၏သဘောသည် အဘယ်သို့ ရှိသ နည်းဟုမေးမူ အလွန်နူးညံ့သည်၏အဖြစ်ကြောင့် အဆင်းအား ဖြင့်၎င်း သဏ္ဌာန်အားဖြင့်၎င်း မပြဆိုနိုင်။ သဘာဝမျှသာရှိ၏ဟု ဖြေ။ ။ထိုကြောင့် ရှင်တော်ဘုရားသည် ဤနိဗ္ဗာန်၏ သဘောကို ဟောခြင်း၌ အပွေါ်သုက နေလိုခြင်းကြောင့်၎င်း, ထိုနိဗ္ဗာန်ကို အရိယစက္ခုမှ တပါးသောစက္ခုတို့ မမြင်နိုင်သည် အဖြစ်ကြောင့် ၎င်း, အလွန်နူးညံ့လှ၏ပေဟုဖြေ။

နတ္တေဝ နိဗ္ဗာနံ သသဝိသာဏံ ဝိယ။ အနုပလဗ္ဘနီယ တောတိစေ။န၊ ဥပါယေန ဥပလဗ္ဘနီယတော။ ဥပလဗ္ဘတိ ဟိ တံ တဒနု ရူပပဋိပတ္တိသခ်ါတေန ဥပါယေန စေတော ပရိယညာဏေန ပရေသံ လောကုတ္တရစိတ္တံ ဝိယ၊ တသ္မာ အနုပလဗ္ဘနီယတော နတ္ထီတိ နဝတ္တဗ္ဗံ။ န ဟိ ယံ ဗာလ ပုထုဇ္ဇနာ န ဥပလဘန္တိ၊ တံ နတ္ထီတိ ဝတ္တဗ္ဗံ။

အပိစ နိဗ္ဗာနံ နတ္ထီတိ နဝတ္တဗ္ဗံ။ ကသ္မာ၊ ပဋိပတ္တိယာ ဝဉ္စျဘာဝါပဇ္ဇနတော။ အသတိ ဟိ နိဗ္ဗာနေ သမ္မာဒိဋ္ဌိ ပုရေဇဝါယ သီလာဒိက္ခန္ဓတ္တယသင်္ဂဟာယ သမ္မာပဋိပတ္တိ ယာ ဝဉ္စျဘာဝေါ အာပဇ္ဇတိ။ န စာယံ ဝဉ္စျာ နိဗ္ဗာန ပါပနတောတိ။

န ပဋိပတ္တိယာ ဝဉ္ဈဘာဝါပတ္တိ အဘာဝပါပကတ္တာ တိ စေ။ န၊ အတီတာနာဂတာဘာဝေပိ နိဗ္ဗာနပတ္တိယာ အဘာဝတော။

ဝတ္တမာနာနမ္ပိ အဘာဝေါ နိဗ္ဗာနန္တိ စေ။ န၊ တေသံ အဘာဝါသမ္ဘဝတော။ အဘာဝေစ အဝတ္တ မာန ဘာဝါ ပဇ္ဇနတော။ ဝတ္တ မာနက္ခန္ဓ နိဿိတ မဂ္ဂက္ခဏေစ သော ပါဒိသေသနိဗ္ဗာနဓာတုပတ္တိယာ အဘာဝဒေါသတော။

ဝိသုဒ္ဓိမဂ်။

နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ နတ္ထေဝ၊မရှိသည်သာလျှင်တည်း။ သသဝိသာဏံ၊ ယုန်ချိုသည်။ နတ္ထိဝိယ၊ မရှိသကဲ့သို့တည်း၊ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ အနုပလဗ္ဘနီယတော၊ မရအပ် မသိအပ်သည်၏ အဖြစ်ကြောင့်။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကပုဂ္ဂိုလ်သည်။ စေ ဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ နိဗ္ဗာနံ၊ သည်။ နတ္ထေဝ၊ မရှိသည်ကား။ န၊မဟုတ်။ အတ္ထိဧဝ၊ ရှိသည်သာလျှင်တည်း။ကသ္မာ၊ကား။ ဥပါယေန၊သမ္မာပဋိပတ်ဟူသော သင့်သော အကြောင်းဖြင့်။ အရိယေဟိ၊အရိယာပုဂ္ဂိုလ်တို့သည်။ ဥပလဗ္ဘနီယတော၊သိအပ် ရအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ တဒနုရူပပဋိပတ္တိသင်္ခါတေန၊ ထိုနိဗ္ဗာန်အားလျော်သော ပဋိပတ်ဟုဆိုအပ်သော။ ဥပါယေန၊ သမ္မာပဋိပတ် ဟူသော သင့်သော အကြောင်းဖြင့်။ ဥပလဗ္ဘတိ၊ သိအပ် ရအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ စေတောပရိယဉာဏေန၊စေတောပရိယဉာဏ်ဖြင့်။ ပရေသံ၊ သူတပါးတို့၏။ လောကုတ္တရစိတ္တံ၊လောကုတ္တရာစိတ်ကို။ ဥပလဗ္ဘတိဝိယ၊ သိအပ်၏သို့တည်း။ တသ္မာ၊ ထိုကြောင့်။ အနုပလဗ္ဘနီယတော နတ္ထီတိ၊ အနုပလဗ္ဘနီယတော နတ္ထိ ဟူ၍။ တယာ၊ သင်သည်။ န ဝတ္တဗ္ဗံ၊မဆိုသင့်။ ဟိ သစ္စံ၊မှန်၏။ယံ နိဗ္ဗာနံ၊အကြင် နိဗ္ဗာန်ကို။ ဗာလပုထုဇ္ဇနာ၊ ပုထုဇ္ဇန်မိုက်တို့သည်။ နဥပလဘန္တိ

နပင္ဂိဝိဇ္ဇန္တိ၊ ထိုးထွင်း၍မသိနိုင်ကုန်။ တံ၊ ထိုနိဗ္ဗာန်ကို။ နတ္ထီတိ၊ မရှိဘူးဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

အပိစ၊ တကြောင်းလည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နတ္ထီတိ၊ မရှိဘူးဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ ကသ္မာ၊ အဘယ်ကြောင့်ကား။ ပဋိပတ္တိယာ၊ နိဗ္ဗာန်ရောက်စ သမ္မာပဋိပတ်၏။ ဝဉ္စ္ဈာဘာဝါပဇ္ဇနတော၊ မြုံသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ ဟိ၊ ထင်စေအံ့။ ဝါ၊ မှန်၏။ နိဗ္ဗာနေ၊ နိဗ္ဗာန်သည်။ အသတိ၊ မရှိသော်။ သမ္မာဒိဋ္ဌိပုရေဇဝါယ၊ သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမဖြစ်သော။ သီလာဒိခန္ဓတ္တယသင်္ဂဟာယ၊ သီလစသော ခန္ဓတ္တယဖြင့် သင်္ဂြိုဟ်အပ်သော။ သမ္မာပဋိပတ္တိယာ၊ သမ္မာပဋိပတ်၏။ ဝဥ္စ္ဈဘာဝေါ၊ မြုံသည်၏အဖြစ်သည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ စ၊ ဆက်၍ဆိုဦးအံ့။ အယံ သမ္မာပဋိပတ္တိ၊ ဤသမ္မာပဋိပတ်သည်။ န ဝဥ္စ္ဈာ၊ မမြုံ။ နိဗ္ဗာနပါပနတော၊ နိဗ္ဗာန်သို့ရောက်စေသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ နတ္ထီတိ၊ နိဗ္ဗာနံ နတ္ထိ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

အဘာဝပါပကတ္တာ၊ သမ္မာပဋိပတ်ဖြင့် ကိလေသာကိုဖြတ်ခြင်းကို မုခပြုသဖြင့် ခန္ဓာတို့၏ အဘာဝသို့ ရောက်စေသည်၏ အဖြစ်ကြောင့်။ ပဋိပတ္တိယာ၊ ပဋိပတ်၏။ ဝဉ္စ္ဈာဘာဝပတ္တိ၊ မြုံသည်၏ အဖြစ်သို့ ရောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ တွံ၊ သင်စောဒကသည်။ စေ ဝဒေယျ၊ အံ့။ အဘာဝပါပကတ္တာတိ၊ အဘာဝပါပကတ္တာ ဟူ၍။ ဝဒန္တေန၊ ဆိုသည်ဖြစ်၍။ တယာ၊ သင်သည်။ ခန္ဓာနံ အဘာဝေါ နိဗ္ဗာနန္တိ၊ ခန္ဓာနံ အဘာဝေါ နိဗ္ဗာနံ ဟူ၍။ ယံ ပဋိညာတံ၊ အကြင်ဝန်ခံအပ်ပြီ။ တံ၊ ထိုပဋိညာဏ်ကို။ န ကတ္တဗ္ဗံ၊ မပြုအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ အတီတာနာဂတာ ဘာဝေပိ၊ အတိတ် အနာဂတ် ခန္ဓာတို့၏ မရှိခြင်း အဘာဝ၌လည်း။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်သို့ရောက်ခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

အတီတာနာဂတာနမေဝ ကေဝလံ၊ အတိတ် အနာဂတ် သက်သက်တို့၏ သာလျှင်။ န၊ မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။

ဝတ္တမာနာနမ္ပိ၊ ပစ္စုပ္ပန် ခန္ဓာ တို့၏လည်း။ အဘာဝေါ၊ မရှိခြင်းသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ ဇာတိ၊ဤသို့။ တွံ၊သင်စောဒကသည်။ စေ ဝဒေယျာသိ၊ အံ့။ တံ ဝစနံ၊ထိုစကားကို။ န ဝတ္တဗ္ဗံ၊မဆိုအပ်။ ကသ္မာ၊အဘယ်ကြောင့်ကား။ တေသံ၊ထိုဝတ္တမာန်ခန္ဓာတို့၏။ အဘာဝါသမ္ဘဝတော၊ အဘာဝ၏ မဖြစ်သင့်သောကြောင့်တည်း။ အဘာဝေစ၊ မရှိသော်လည်း။အဝတ္တမာနဘာဝါပဇ္ဇနတော၊ဝတ္တမာန် မဟုတ်သောအဖြစ်သို့ ရောက်သောကြောင့်တည်း။ ဝတ္တမာနက္ခန္ဓနိဿိတမဂ္ဂက္ခဏေ၊ ပစ္စုပ္ပန်ခန္ဓာကို မှီသော မဂ်ခဏ၌။သောပါဒိသေသနိဗ္ဗာနဓာတုပတ္တိယာ၊ သ ဥပါဒိသေသနိဗ္ဗာန ဓာတ်သို့ရောက်ခြင်း၏။ အဘာဝဒေါသတော၊မရှိဟူသောအပြစ်ရှိသောကြောင့်။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

### ၅၇-နိဗ္ဗာန်ကို အဆင်းအားဖြင့်ၝင်း, သဏ္ဍာန်အားဖြင့်ၝင်း, အလွန်နူးညံ့သောကြောင့် ပြနိုင်ရန် ခဲခက်ခြင်းအကြောင်း။

ထိုနိဗ္ဗာန်ကို အဆင်းအားဖြင့်ၝင်း သဏ္ဍာန်အားဖြင့်ၝင်း အလွန်နူးညံ့သောကြောင့် မပြဆိုနိုင်ခြင်း, ရှင်တော်ဘုရားသည် အပွေါ်သုက နေလိုခြင်း, အရိယစက္ခုမှ မြင်ခြင်းရှိခဲ့သည်ရှိသော် ထိုနိဗ္ဗာန်သည် အမှန်ရှိပေ၏လောဟူမူ။ အမှန်ရှိ၏။ ရှိကြောင်းကို ရှင်တော်ဘုရားသည် —

> အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နောစေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကဘဿ သင်္ခတဿ နိဿရဏံ ပညာယတိ။
>
> ဥဒါန်းပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ အဇာတံ၊ အကြောင်းနီး အကြောင်းဝေးများစွာတို့ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် စ၍ မဖြစ်တတ်သော။

အဘူတံ၊အကြောင်းကင်း၍ မိမိဘာသာလည်း စ၍ မဖြစ်တတ်သော။အကတံ၊ အကြောင်းတစုံတခုသည် မပြုအပ်သော။ အသင်္ခတံ၊ အကြောင်းတရားများစွာတို့ ပေါင်းဆုံညီညွတ်၍ မပြုပြင်အပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် တရားသည်။ အတ္ထိ၊အခါခပ်သိမ်း အမြဲထင်ရှားရှိ၏။ ဘိက္ခဝေ၊ရဟန်းတို့။ အဇာတံ၊သော။ အဘူတံ၊သော။ အကတံ၊သော။ အသင်္ခတံ၊သော။ စေတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ နော စေ အဘဝိဿ၊အကယ်၍အခါခပ်သိမ်း အမြဲထင်ရှားရှိသည် မဖြစ်ငြားအံ့။ ဧဝံ သတိ၊ဤသို့ အခါခပ်သိမ်း အမြဲထင်ရှား ရှိသည် မဖြစ်ခဲ့သော်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ အကြောင်းနီး အကြောင်းဝေးများစွာတို့ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် စ၍ဖြစ်တတ်သော။ဘူတဿ၊ အကြောင်းတရားတို့ကြောင့် စ၍ဖြစ်တတ်သော။ကတဿ၊အကြောင်းတရားတို့သည် ပြုလုပ်အပ်သော။ သင်္ခတဿ၊အကြောင်းတရား များစွာတို့သည် ညီညွတ်ပေါင်းဆုံ၍ ပြုပြင်အပ်သော ရုပ်နာမ် တရား၏။ နိဿရဏံ၊ ထွက်မြောက်ခြင်းဟု ဆိုအပ်သော အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်။ န ပညာယေထ၊မဖြစ်ရာ။ဘိက္ခဝေ၊ရဟန်းတို့။ယသ္မာ စ ခေါ၊အကြင်ကြောင့်ကား။အဇာတံ၊သော။ အဘူတံ၊ သော။ အကတံ၊ သော။ အသင်္ခတံ၊ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ အခါခပ်သိမ်း အမြဲထင်ရှားရှိ၏။ တသ္မာ၊ထိုကြောင့်။ ဇာတဿ၊သော။ ဘူတဿ၊သော။ ကတဿ၊သော။သင်္ခတဿ၊အကြောင်းတရားများစွာတို့ပေါင်းဆုံညီညွတ်၍ ပြုပြင်အပ်သော ရုပ်နာမ်တရား၏။နိဿရဏံ၊ ထွက်မြောက်ခြင်းဟု ဆိုအပ်သော အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်။ ပညာယတိ၊ဖြစ်၏။

ဤသို့ဟောတော်မူအပ်သော ဒေသနာ ဝယ် အဓိပ္ပါယ်ကား— အဇာတ, အဘူတ, အကတ, အသင်္ခတ ဤပုဒ်လေးပါးတို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတဓာတ် နိဗ္ဗာန်၏ ပရိယာယ်ချည်းတည်း။

တနည်းကား အဇာတ ဟူသည် ဝေဒနာ အစရှိသော သဘောတရား အပေါင်းသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဟူသော အ

ကြောင်း, ဟေတုပစ္စယ အစရှိသောအကြောင်း,တို့ကြောင့် ဖြစ်ပေါ်လာသကဲ့သို့ ဤနိဗ္ဗာန်သည် တစုံတခုသော ကုသိုလ်အကြောင်း အကုသိုလ် အကြောင်းတို့ကြောင့် ဖြစ်ပေါ်သည်မဟုတ်။ စင်စစ် နိယာမအားဖြင့် အစအဆုံးမရှိသော ကမ္ဘာတို့တိုင်တိုင် ကာလပတ်လုံး အမြဲတည်သောတရားဖြစ်၍ အကြောင်းကြောင့် မဖြစ်။ သူ့သဘောအတိုင်း တည်သောကြောင့် အဇာတ မည်၏။

အဘူတ ဟူသည် ထိုအဝိဇ္ဇာ အစရှိသောအကြောင်း, ဟေတုပစ္စယ အစရှိသော အကြောင်းတို့သည် မဖြစ်စေအပ်ကုန်သည် ဟူသော် အကြောင်းကင်းသဖြင့် မိမိ အလိုလိုဖြစ်ပေါ်လာသော တရားလောဟူမူ။ အကြောင်းကင်း၍ မိမိ အလိုလိုလည်း အသစ် ဖြစ်ပေါ်လာသော တရားလည်းမဟုတ်၊ ကမ္ဘာစဉ်ဆက် မပျက်မစီး အမြဲတည်၍ ဖြစ်သောကြောင့် အလိုလို အသစ်မဖြစ်တတ်သော သဘောလည်းရှိ၏။ မြဲသော သဘောလည်းရှိ၏။ ထိုကြောင့် အဘူတလည်း မည်၏။

ဤသို့ နည်းသော အကြောင်း ဝေးသော အကြောင်း နောက်လည်းမဖြစ် မိမိ အလိုလို အသစ်လည်း မဖြစ်လျှင် ရှိပါစေဦး။ တစုံတခုတည်းသော အကြောင်းကလေးကြောင့် ဖြစ် လေ သ လော ဟူမူ။ ထိုသို့ တစုံတခုသော အကြောင်းကလေးကြောင့် ဖြစ်သည် မဟုတ် ပြုသည်မဟုတ်သောကြောင့် အကတလည်းမည်၏။

အကြောင်းကြောင့် ဖြစ်သောတရားမျိုးသည် ဇာတ မည်၏။ အကြောင်းကြောင့်ဖြစ်စေ အလိုလိုဖြစ်စေ ဖြစ်တတ်သောတရားမျိုးသည် ဘူတ မည်၏။ ထိုဇာတဘူတ ဖြစ်သော တရားမျိုးသည် ရုပ်နာမ် မည်၏။ ထိုရုပ်နာမ် ဖြစ်သော တရားမျိုးသည် သင်္ခတ မည်၏။ သိစေအံ့။ ထိုအသင်္ခတဓာတ် ဖြစ်သော နိဗ္ဗာန်ကြီးအား သင်္ခတတရား ဟူသမျှသည် ပရမာဏုမြူခန့်မျှ ရှိလည်းမရှိ။ ရှိဆဲလည်းမဟုတ်။ ရှိလတ္တံ့လည်းမဟုတ်။ ထိုကြောင့် တစုံတခုပြုပြင်အပ်သော သဘောမျိုးတို့သည် အခါခပ်သိမ်း ကင်းရကား။ ဝါ၊ ကင်းသောကြောင့် အသင်္ခတလည်းမည်၏။

တတ္ထ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ သဗ္ဗာနိ ပဒါနိ အညမညဝေဝစနာနိ။ အထ ဝါ ဝေဒနာဒယော ဝိယ ဟေတုပစ္စယသမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ န ဇာတံန နိဗ္ဗတ္တန္တိ အဇာတံ၊ ကာရဏေန ဝိနာ သယမေဝ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ။ ဧဝံ အဇာတတ္တာ စ အဘူတတ္တာ စ ယေန ကေနစိ ကာရဏေန န ကတန္တိ အကတံ၊ ဇာတဘူတကတသဘာဝေါ စ နာမ နာမရူပါနံ သင်္ခတဓမ္မာနံ ဟောတိ၊ န အသင်္ခတသဘာဝဿ နိဗ္ဗာနဿာတိ ဒဿနတ္ထံ အသင်္ခတန္တိ ဝုတ္တံ။

ဥဒါန်းအဋ္ဌကထာ၊ ဧင်းဇုတိဝုတ်။

တတ္ထ တေသု စတူသု ပဒေသု၊ ထိုလေးပါးသော ပုဒ်တို့တွင်။ သဗ္ဗာနိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ ပဒါနိ၊ အဇာတံ အဘူတံ အကတံ အသင်္ခတံဟူသော ပုဒ်အပေါင်းတို့သည်။ အညမညဝေဝစနာနိ၊ အချင်းချင်းသဘောတူသော ဝေဝုစ်တို့တည်း။ အထ ဝါ၊ တနည်းသော်ကား။ ဝေဒနာဒယော ဝိယ၊ ဝေဒနာ အစရှိသော သဘောတရားတို့ကဲ့သို့။ ဟေတုပစ္စယ သမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ၊ ဟေတုပစ္စယ အစရှိသော နီးသောအကြောင်း ဝေးသော အကြောင်းတို့သည် ပေါင်းဆုံ ညီညွတ်သဖြင့် ပြုခြင်းကြောင့်။ ဝါ၊ ပေါင်းဆုံ ညီညွတ်သည်ဖြစ်၍။ န ဇာတံ၊ ဥပါဒ်မျှလည်းမဖြစ်။ န နိဗ္ဗတ္တံ၊ မြစ္စွာလည်း မဖြစ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကြီးသည်။ အဇာတံ၊ အဇာတလည်း မည်၏။ ကာရဏေန၊ နီးသောအကြောင်း ဝေးသောအကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ၊ မိမိအလိုလိုသာလျှင်။ န ဘူတံ၊ ဖြစ်လည်းမဖြစ်။ န ပါတုဘူတံ၊ ထင်စွာလည်းမဖြစ်။ န ဥပ္ပန္နံ၊ မြစ္စွာလည်းမဖြစ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကြီးသည်။ အဘူတံ၊ အဘူတလည်းမည်၏။ စ၊ အကြောင်းထူးတခုကို ဆိုဦးအံ့။ ဧဝံ၊ ဤသို့။ အဇာတတ္တာ စ၊ အကြောင်းကြောင့်လည်း မဖြစ်သောကြောင့်။ အဘူတတ္တာ စ၊ အလိုလိုလည်း မဖြစ်သော

ကြောင့်ကား။ ယေန ကေနစိ ကာရဏေန၊ တစုံတခုသော အကြောင်းတစိတ်ကလေးသည်။ န ကတံ၊ ပြုလည်းမပြုအပ်။ ဇာတိတဿာ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကြီးသည်။ အကတံ၊ အကတလည်းမည်၏။ ဇာတတ္တာတဘာဝေါ စ နာမ၊ ဇာတတ္တာတတို့ဖြစ်ခြင်းမည်သည်ကား။ နာမရူပါနံ၊ နာမ်ရုပ်ဟုဆိုအပ်ကုန်သော။ သခ်တဓမ္မာနံ၊ သခ်တတရားတို့အား။ ဟောတိ၊ ဖြစ်၏။ အသခ်တသဘာဝဿ၊ အသင်္ခတသဘောရှိသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ န ဟောတိ၊ မဖြစ်။ ဇာတိ ဇာမံ အတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿနတ္ထံ၊ ပြတော်မူခြင်းအကျိုးငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားအရှင်သည်။ အသခ်တန္တိ၊ အသခ်တံဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ဤသုတ်နှင့်အတူ များစွာသောသုတ်တို့သည် ရှိသေး၏။ ကျယ်လွန်းအံ့စိုး၍ မထည့်လိုက်ပြီ။ ။ပဌမပုစ္ဆာပြီး၏။

### ၃၀-ထိုနိရောဓသစ္စာ၏အပြားကား အဘယ်မျှရှိသနည်းဟူသော ဆဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(၆) ထိုနိရောဓသစ္စာ၏အပြားကား အဘယ်မျှရှိသနည်းဟူရာ၌— ထိုနိဗ္ဗာန်သည် အသခ်တသဘောအားဖြင့် တပါးတည်းပင် ရှိသော်လည်း သဘောအားဖြင့် (၁) သဉပါဒိသေသနိဗ္ဗာန် (၂) အနုပါဒိသေသနိဗ္ဗာန်ဟူ၍ သိစေတတ်သော အကြောင်း၏အမြွက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုမှတပါး သုညတနိဗ္ဗာန် အနိမိတ္တနိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ အခြင်းအရာတို့၏အပြားအားဖြင့် သုံးပါးအပြားရှိ၏။

> တဒေတံ သဘာဝတော ဧကဝိဓံပိ သဉပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန၊ တထာ သုညတံ အနိမိတ္တံ အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။
>
> သင်္ဂြိုဟ်။

သဘာဝေတာ၊ သဘောအားဖြင့်။ ဝါ၊ မိမိ၏ ကိစ္စလက္ခဏာအားဖြင့်။ ကေဝိဓံပိ၊တခုသောအဘို့ ရှိသည်လည်းဖြစ်သော။ တဒေတံ တံ ဧတံ နိဗ္ဗာနံ၊ ထို နိဗ္ဗာန် သည်။ သဥပါဒိသေသနိဗ္ဗာနဓာတု စ၊ ခန္ဓာငါးပါးသာလျှင် ကိလေသာတို့မှ ကြွင်းသည်နှင့် တကွဖြစ်သော သဥပါဒိသေသနိဗ္ဗာနဓာတ်၎င်း။ အနုပါဒိသေသနိဗ္ဗာနဓာတု စ၊ ခန္ဓာငါးပါးသာလျှင် ကိလေသာတို့မှ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်၎င်း။ ဝါ၊ကိလေသာတို့မှကြွင်းသော ခန္ဓာငါးပါးမရှိသော အနုပါဒိသေသနိဗ္ဗာန်၎င်း။ ဣတိ၊ ဤသို့။ ကာရဏပရိယာယေန၊ သိစေတတ်သော အကြောင်း၏ အမြွက်ဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။ တထာ၊ ထိုမှတပါး။ သုညတဉ္စ၊ ရာဂ ဒေါသ မောဟတို့မှ ဆိတ်သည်၏အဖြစ်ကြောင့် သုညတ အမည်ရှိသော နိဗ္ဗာန်၎င်း။ အနိမိတ္တဉ္စ၊ ရာဂ ဒေါသ မောဟ တည်းဟူသော အကြောင်းကင်းသည်၏ အဖြစ်ကြောင့် အနိမိတ္တအမည်ရှိသော နိဗ္ဗာန်၎င်း။ အပ္ပဏိဟိတဉ္စ၊ ရာဂ ဒေါသ မောဟ တည်းဟူသော တောင့်တခြင်း ကင်းသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ အမည်ရှိသော နိဗ္ဗာန်၎င်း။ ဣတိ၊ ဤသို့။ အာကာရဘေဒေန၊ အခြင်းအရာတို့၏ အပြားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုနိဗ္ဗာန်တို့တွင် သဥပါဒိသေသနိဗ္ဗာန် ဟူသည်ကား။ ။ဤသာသနာတော်၌ သပ္ပုရိသသံသေဝ စသော ဂုဏ်တို့နှင့် ပြည့်စုံသောသူသည် လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်နှင့် ပြည့်စုံသည်ဖြစ်၍ လေးပါးသော အာသဝေါတရားတို့ကို ကုန်စေသည်ဖြစ်၍ ရဟန္တာသည်ဖြစ်၏။ ထိုရဟန္တာအား ငါးပါးသော ဣန္ဒြေတို့သည် အဆုံးစွန်သောဘဝကို ဖြစ်စေတတ်သော ဇနကကံကြောင့် ဖြစ်သော ရုပ်နာမ် တရားတို့သည် တသက်လျာ တည်သမျှ ကာလပတ်လုံး တည်ကုန်သည်သာတည်း။ ဣဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ တို့ကိုလည်း ဣန္ဒြေရှိသေးသည်အဖြစ်ကြောင့် ခံစားရုံမတ္တဖြင့် ခံစားသေးသည်သာတည်း။ ထိုရဟန္တာအား ရာဂ ဒေါသ

မောဟ တို့သည် ကုန်ခဲ့၏။ ဤသို့ ကိလေသာမှ ကြွင်းသော ခန္ဓာ ငါးပါးဟူသော ဥပါဒိရှိသေးသော ရဟန္တာ၏ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ စသည်တို့၏ ကေန်စင်စစ် တဖန်မဖြစ်ခြင်း ကုန်ခြင်း ကို သဉပါဒိသေသနိဗ္ဗာန်မည်၏ဟု ဆို အပ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တ သဒတ္ထော ပရိက္ခီဏ ဘဝ သံယော ဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ ဘာဝိ တတ္တာ မနာပါမနာပံ ပစ္စနုဘောတိ သုခဒုက္ခံ ပဋိသံဝေ ဒယတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။ ။ဣတိဝုတ်ပါဠိတော်။

ဘိက္ခဝေ၊တို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသည်ဖြစ်၍။ ဝုသိတဝါ၊ ကျင့်သုံးအပ်ပြီးသော အရိယမဂ်ဟူသော အကျင့်ရှိသည် ဖြစ်၍။ ကတကရဏီယော၊ပြုအပ်ပြီးသော တဆယ့်ခြောက်ချက်သော မဂ်ကိစ္စရှိသည်ဖြစ်၍။ ဩဟိတဘာရော၊ သွန်ချစွန့်ပစ်အပ်ပြီးသော ကိလေသာ ဟူသော ဝန်ရှိသည်ဖြစ်၍။ အနုပ္ပတ္တသဒတ္ထော၊ မဂ်လေးပါး အစဉ်အားဖြင့် ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ရှိသည်ဖြစ်၍။ ပရိက္ခီဏဘဝ သံယောဇနော၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ကုန်ခန်းစေအပ်ပြီးသော သဏ္ဍာဝါတို့ကို ဘဝမှ မကင်း မကျွတ် မလွတ်နိုင်အောင် ဘွဲ့နှောင်တတ်သော သံယောဇဉ် ရှိသည်ဖြစ်၍။ သမ္မဒညာဝိမုတ္တော၊ မဘောက်မပြန် အမှန်သိမြင်သဖြင့် ကိလေသာတို့မှ လွတ်ပြီးသည်ဖြစ်၍။ အရဟာ၊လူနတ်ဗြဟ္မာတို့၏ ပူဇော် အထူးကို ခံထိုက်သော ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ပဉ္စိန္ဒြိယာနိ၊စက္ခုအစရှိကုန်သော ပသာဒ်ငါးပါးတို့သည်။ တိဋ္ဌန္တေဝ၊ အဆုံးစွန်သောဘဝကို ဖြစ်စေ

တတ် ထိုပစ္ဆိမဘဝ၏ ဇနကအကြောင်းဖြစ်သော ကံ၏အစွမ်းသတ္တိအဟုန် မကုန်သေးသမျှ ကာလပတ်လုံး တည်ကုန်သေးသည်သာလျှင်တည်း။ ယေသံ၊ အကြင်ငါးပါးသော ပသာဒိန္ဒြေတို့၏။ ဘာဝိတတ္တာ၊ ထင်ရှားဖြစ်သေး ရှိသေးသည်၏ အဖြစ်ကြောင့်။ မနာပါမနာပံ၊စိတ်နှလုံးကို ပွါးစေတတ်သောဣဋ္ဌာရုံ စိတ်နှလုံးကို မပွါးစေတတ်သော အနိဋ္ဌာရုံဟူသော ရူပါရုံအစရှိသော အာရုံငါးပါးကို။ ပစ္စနုဘောတိ၊ ခံစား၏။ သုခဒုက္ခံ၊ ဝိပါက်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာကို။ ပဋိသံဝေဒယတိ၊ခံစား၏။ တဿ၊ ထိုတဏှာဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ပြင်းစွာ စွဲလမ်းအပ်သည်ဖြစ်၍ ဥပါဒိမည်သော ခန္ဓာငါးပါး အကြွင်းရှိသေးသော ရဟန္တာပုဂ္ဂိုလ်အား။ယော ရာဂက္ခယော၊အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ၏ တဖန် အသစ်မဖြစ်နိုင်ခြင်း ဟူသော အကြင်ရာဂ၏ ကုန်ခြင်းသည်။ ဝါ၊အကြင် ရာဂ၏ ကုန်ခြင်းဟူသော မရှိခြင်းသည်။ ယော ဒေါသက္ခယော၊အကြင် ဒေါသ၏ ကုန်ခြင်းဟူသော မရှိခြင်းသည်။ ယော မောဟက္ခယော၊အကြင် မောဟ၏ ကုန်ခြင်းဟူသော မ ရှိ ခြင်း သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ အယံ၊ ဤကိလေသာမှ ကြွင်းသော ခန္ဓာငါးပါး ဟူသော ဥပါဒိရှိသေးသော ရဟန္တာ၏ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ ဒေါသ မောဟ တို့၏ကုန်ခြင်းကို။ သဉပါဒိသေသာ၊ တဏှာဒိဋ္ဌိ ဟူသော ဉပါဒါန်တို့သည် အာရုံပြုသောအားဖြင့် စွဲယူအပ်သော ခန္ဓာငါးပါးဟူသော ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဥပါဒိနှင့်တကွ ဖြစ်သော။ ဝါ၊ ဥပါဒိရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ရာဂ ဒေါသ မောဟ ကိလေသာတို့၏ ငြိမ်းဧးခြင်း သဘော ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

တနည်း ။ ကာမုပဓိ, ခန္ဓုပဓိ,ကိလေသုပဓိ,အဘိသင်္ခါရုပဓိ ဟု ဆိုအပ်သော ဥပဓိ လေးပါးတို့တွင် အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်သည် ကာမုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ ဟူသော ဥပဓိ သုံးပါးတို့ကို အကြွင်းမဲ့ ပယ်အပ်ပြီးသည်မှ ကြွင်းကျန်ရစ်

သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓုပဓိသာ ရှိရာ တော့သည်။ ထိုရဟန္တာအား ရာဂ ဒေါသ မောဟ တို့၏ကုန်ခြင်း ကောန်စင်စစ် တဖန်မဖြစ်ခြင်းရှိသော ကိလေသာဘာဝကို သဉပါ ဒိသေသ နိဗ္ဗာန် ဟူ၍ မှတ်အပ်၏။

တတ္ထ တဿာတိ ဥပါဒိသေသဿ သတော အရဟ တော။ယော ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာ ရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။သေ နယော သေသေ သုပိ။ ဧတ္တာဝတာ ရာဂါဒိခယော သဉပါဒိသေသ နိဗ္ဗာန ဓာတူတိ။ ။ဣတိဝုတ်အဋ္ဌကထာ။

တတ္ထ၊ထို တဿ ယော အစရှိသော စကား၌။ တဿာတိ၊ တဿဟူသည့်ကား။ ဥပါဒိသေသဿ၊ အရဟတ္တမဂ်သည် အ ကြွင်းမဲ့ ပယ်အပ်ပြီးသော ကိလေသာမှ ကြွင်း ကျန် ရစ် သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဥပါဒိသည်။ သတော၊ထင် ရှားရှိသေးသော။ ဝါ၊ထင်ရှားဖြစ်သော။တဿ အရဟတော၊ ထို ရဟန္တာအား။ ယော ရာဂက္ခယောတိ၊ ယော ရာဂက္ခယော ဟူ သည့်ကား။ ရာဂဿ၊ရာဂ၏။ ခယော၊ကုန်ခြင်းတည်း။ ခီဏာကာ ရော၊ ကုန်သောအခြင်းအရာတည်း။ အဘာဝေါ၊ မရှိခြင်းတည်း။ အစ္စန္တမနုပ္ပါဒေါ၊အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည် ဖြစ်၍ ကောန်စင်စစ် တဘန်မဖြစ်ကောင်းသော မဖြစ်ခြင်းတည်း။ သေသေသုပိ၊ ကြွင်းသော ဒေါသက္ခယော မောဟက္ခယော ဟူ သော ပုဒ်တို့၌လည်း။ သေနယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊သိ အပ်၏။ ဧတ္တာဝတာ၊ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ရာဂါဒိခယော၊အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည် ဖြစ်၍ ရာဂ အစရှိသည်တို့၏ ရဟန္တာပုဂ္ဂိုလ်သန္တာန်ဝယ် တဘန် အသစ် မဖြစ်နိုင်ခြင်းတည်းဟူသော ကုန်ခြင်းအဘာဝကို။ သဉပါ ဒိသေသနိဗ္ဗာနဓာတူတိ၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍။ ဒဿိ တံ၊ ပြတော်မူအပ်သည်။ ဟောတိ၊ဖြစ်၏။

ထိုအရဟတ္တမဂ်ကို ထောက်၍လည်း နေယျတ္ထအားဖြင့် အောက်

အောက်ဖြစ်သော သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိ မဂ် တို့ကိုလည်း သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ ယူအပ်ပေ၏။ ဤကား သဉပါဒိသေသနိဗ္ဗာန်သဘောတည်း။

### ၅၉-အနုပါဒိသေသနိဗ္ဗာန်ကို ပြခြင်း။

ဤသာသနာတော်၌ အာသဝေါကုန်ပြီးသော ရဟန္တာသည် ဤပစ္စက္ခ၌ပင်လျှင် အလုံးစုံသော ဝေဒနာတို့သည် (ဝါ)ခန္ဓာငါးပါးတို့သည် တဏှာမာန တို့၏ အစွမ်းဖြင့် မစွဲလမ်းသည်ဖြစ်၍ ပူပန်ခြင်းမရှိ ငြိမ်းကုန်လတ္တံ့။ ငရိုသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်ခြင်း ဟူသော ချုပ်ခြင်းဖြင့် စုတိစိတ်၏ ဘင်ခဏ၌ချုပ်ပြီးသည်၏ အခြားမဲ့ဝယ် ဖြစ်လတ္တံ့သော အလုံးစုံသော ဝေဒယိတ တရားတို့၏ သဒ္ဓိရဟူသော ပူပန်ခြင်းမှ(ဝါ)ခန္ဓာငါးပါးတည်းဟူသော ပူပန် ခြင်းမှ(ဝါ)သံသရာတွင် အစဉ်မပြတ် စပ်၍စပ်၍ဖြစ်ခြင်းတည်းဟူ သော ပူပန်ခြင်းမှ ငြိမ်းခြင်းကို (ဝါ) အပူဟူသမျှ လက်စဖြတ် ဇာတ်သိမ်း ငြိမ်းခြင်းတကာတို့ထက် အလွန်ငြိမ်းရေကား သိဝ မည်သော ငြိမ်းခြင်းကို အနုပါဒိသေသနိဗ္ဗာနဓာတ် မည်၏ဟူ၍ ဆိုအပ်၏။

> ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တ သဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော။ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီ ဘဝိဿန္တိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ။ဣတိဝုတ်။

ဘိက္ခဝေ၊တို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊သည်၊ ခီဏာ သဝေါ၊ ကုန်ပြီးသော အာသဝေါ ရှိသည်ဖြစ်၍။ ဝုသိတဝါ၊ကျင့် သုံးအပ်ပြီးသော အရိယမဂ်ဟူသော အကျင့်ရှိသည်ဖြစ်၍။ ကတ ကရဏီယော၊ပြုအပ်ပြီးသော တဆယ့်ခြောက်ချက်သော မဂ်ကိစ္စ

ရှိသည့်ဖြစ်၍။ ဩဟိတဘာရော၊သွန်ချစွန့်ပစ်အပ်ပြီးသော ကိလေသာဝန်ရှိသည့်ဖြစ်၍။ အနုပ္ပတ္တသဒတ္ထော၊ မင်္ဂလေးပါးအစဉ်အားဖြင့် ရောက်အပ်ပြီးသော အရဟတ္တနိုလ်ရှိသည့်ဖြစ်၍။ ပရိက္ခီဏဘဝသံယောဇနော၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ကုန်ခန်းစေအပ်ပြီးသော သတ္တဝါတို့ကို ဘဝမှ မကင်းမကျွတ်မလွတ်နိုင်အောင် ဘွဲ့နှောင်တတ်သော သံယောဇဉ် ရှိ သည် ဖြစ်၍။ သမ္မဒညာဝိမုတ္တော၊ မဘောက်မပြန် အမှန်သိမြင်သဖြင့် ကိလေသာ တို့ မှ လွတ်ပြီးသည်ဖြစ်၍။ အရဟာ၊ ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊တို့။ တဿ၊ထိုရဟန္တာဖြစ်ပြီးသောပုဂ္ဂိုလ်အား။ ဣဓေဝ၊ ဤပဉ္စက္ခန္ဓဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ သုခအစရှိကုန်သော အလုံးစုံသော အဇ္ဈာကတဝေဒနာတို့သည်။ ဝါ၊ဝေဒနာကို အဦးထား၍ ဟောကြားတော်မူအပ်ကုန်သော အလုံးစုံသော ခန္ဓာငါးပါးတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာစသည်တို့ဖြင့် မစွဲလမ်းမစုံမက် မနှစ်သက်မချစ်ခင်အပ်ကုန်သည်ဖြစ်၍။ သီတိ၊ စင်စစ်ကေန် အမှန်ငြိမ်းသောအားဖြင့် သင်္ခါရဟူသောပူပန်ခြင်းမှ ငြိမ်းသေဖြင့် ငြိမ်းခြင်းရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊တို့။ အယံ၊ ဤပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်ခြင်း ဟူသော ချုပ်ခြင်းဖြင့် ချုပ်လတ္တံ့သည်ဟုဆိုအပ်သော စုတိဘင်္ဂက္ခဏာ၏ အခြားမဲ့၌ ဖြစ်လတ္တံ့သော အလုံးစုံသော ဝေဒယိတ တရားတို့၏ သင်္ခါရဟူသော ပူပန်ခြင်းမှ ငြိမ်းခြေင်းဟူသော ငြိမ်းခြေင်းကို။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်သော။ ဝါ၊ ဥပါဒါန်တရားတို့သည် အာရုံပြုသောအားဖြင့် စွဲလမ်းအပ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးအကြွင်းမရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ဥပါဒိမည်သော ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေကိစ္စတပ်သောအားဖြင့် ကေန်စင်စစ် တဘန် အသစ် မဖြစ်ခြင်းဟူသော ငြေိမ်းခြင်းသဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် သဉပါဒိသေသနိဗ္ဗာန်သည် ကိလေသာ ဟူသော ဝဋ်ဒုက္ခချိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း။ အနုပါဒိသေသ

နိဗ္ဗာန်သည် ကိလေသာဟူသော ဝဋ်ဒုက္ခ, ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတည်းဟူသော ဝဋ်ဒုက္ခ ဤဒုက္ခကြီး နှစ်မျိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း။ ထို့ကြောင့် ရှင်တော်ဘုရားသည် ထိုထိုသောဒေသနာတော်၌။ ။"ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"ဟူ၍ ဟောတော်မူသည်။ ။ကေဝလဿ၊ အလုံးစုံသော။ ဝါ၊ သုခ စသည်တို့နှင့် ရောယှက်ခြင်းမရှိ သက်သက်သော။ ဒုက္ခက္ခန္ဓဿ၊ကိလေသဒုက္ခ, ခန္ဓဒုက္ခ အစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝါ၊မဖြစ်ရာသည်။ ဟောတိ၊ ၏။

ထိုပါဠိတော်၏အနက်ကို ပြက်ပြက်ထင်ထင် သိမြင်အောင် ပြတော်မူခြင်းငှါ ၎င်းအနုပါဒိသေသနိဗ္ဗာန်၏ သဘောကို နိဒါန ဝဂ္ဂ သံယုတ်အဋ္ဌကထာရှင်သည်။ ။"တဿ ကေဝလဿာတိ သကလဿ သုဒ္ဓဿ ဝါ၊ သတ္တဝိရဟိတဿာတိ အတ္ထော။ ဒုက္ခက္ခန္ဓဿာတိ ဒုက္ခရာသိဿ၊ နိရောဓော ဟောတီတိ အနုပ္ပါဒေါ ဟောတိ"ဟူ၍ ဖွင့်တော်မူ၏။ ။တဿ၊ ထို ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ဟူသောပါဠိ၌။ ကေဝလဿာတိ ပဒဿ၊ ကေဝလဿ ဟူသောပုဒ်၏။ သကလဿ၊ အလုံးစုံသော။ သုဒ္ဓဿ၊သတ္တဇီဝ စသည်တို့နှင့် ရောခြင်းမရှိ သက်သက်သော။သတ္တဝိရဟိတဿ၊ သတ္တဝါကြဉ်သော ဆင်းရဲအစု၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒုက္ခက္ခန္ဓဿာတိ ပဒဿ၊ ဒုက္ခက္ခန္ဓဿ ဟူသော ပုဒ်၏။ ဒုက္ခရာသိဿ၊ ဆင်းရဲအစု၏။ ဣတိ အယံ၊ဤသည်ကား။ အတ္ထော၊အနက်တည်း။ နိရောဓော ဟောတီတိ ပဒဿ၊ နိရောဓော ဟောတိ ဟူသောပုဒ်၏။ အနုပ္ပါဒေါ၊မဖြစ်ရာသဘောသည်။ ဟောတိ၊ ၏။ ဣတိ အယံ၊ဤသည်လျှင်။ အတ္ထော၊အနက်တည်း။

၎င်းအနုပါဒိသေသနိဗ္ဗာန်ကို ခိုလှုံစံမြန်းသော ပုဂ္ဂိုလ်တို့ကို ယူရာ၌ လွန်စွာနေရာကျအောင် ယူနိုင်ခဲသည်။ ထင်စေအံ့။ နိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သော စုတိစိတ်၏ ဘင်္ဂက္ခဏ၏ အခြားမဲ့၌ မြဲ၏ မပျက်မစီး အိုခြင်း နာခြင်း သေခြင်းမရှိဟု ယူ

ခဲ့အံ့။ သဿတဒိဋ္ဌိအယူကို ယူသောသူမည်ပေ၏။ ထိုနိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သော စုတိစိတ်၏ ဘင်္ဂက္ခဏ၏ အခြားမဲ့၌ ပြတ်၏ ချုပ်ငြိမ်း၏ ဘာဝမျှမရှိဟု ယူခဲ့အံ့။ ဥစ္ဆေဒဒိဋ္ဌိအယူကို ယူသောသူမည်ပေ၏။ ထိုစကားမှန်၏။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောက်ျား မိန်းမ စသည်တို့သည် ပညတ်မျှသာတည်း။ ၎င်းပညတ်သည် ပင်ကိုယ်ကပင်လျှင် အလျှင်းမရှိရကား နိဗ္ဗာန်စံယူဘွယ်မရှိ။ နိဗ္ဗာန်မစံယူရကား အရှည်စွဲ၍ မြဲမြံစွာ အဘယ်မှာ တည်ခြင်း အဘယ်မှာပြတ်ခြင်း ရှိနိုင်တော့အံ့နည်း။ မရှိသည် ကေန်သာတည်း။

ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ န ဟောံ ဝတ္တဗ္ဗေ။
ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ န ဟောံ ဝတ္တဗ္ဗေ။
ကထာဝတ္ထု။

ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဿတောတိ၊ အရှည်စွဲ၍ မြဲလေသလော။ ဧဝံ၊ ဤသို့ အရှည်စွဲ၍ မြဲလေသည်ဟူ၍။ န ဟိ ဝတ္တဗ္ဗေ၊ မဆိုအပ်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံလွန်ပြီးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နောတိ၊ ပြတ်လေသလော။ ဧဝံ၊ ဤသို့ ပြတ်လေသည်ဟူ၍။ န ဟိ ဝတ္တဗ္ဗေ၊ မဆိုအပ်။

ဤသို့ သကအမေး ပရအဖြေ၊ ပရအမေး သကအဖြေ ထုတ်ရကား သဿတအယူ ဥစ္ဆေဒအယူသို့ သက်ဝင်တတ်သည်ဖြစ်၍ ၎င်းအယူနှစ်ပါးတို့မှ ကင်းလွတ်သော သမ္မာ အယူသို့ သက်ဝင်အောင် ဤသို့ယူအပ်၏။ ပရိနိဗ္ဗာန်စံတော်မူပေသော ရဟန္တာပုဂ္ဂိုလ်အရှင်မြတ်၏ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး သင်္ခါရတရားတို့သည် ပရိနိဗ္ဗာန်မယူမီ အစဉ်မပြတ် စပ်၍ဖြစ်လည်းဖြစ်ကုန်၏။ ချုပ်လည်းချုပ်ကုန်၏။ ၎င်းအစဉ်မပြတ် စပ်၍ဖြစ်တတ် ချုပ်တတ်ကုန်သော ရုပ်နာမ်ဓမ္မသင်္ခါရတရားအပေါင်းသည်လျှင် ပရိနိဗ္ဗာန်စံလွန်သောအခါ၌။ ဝါ၊ စုတိ

စိတ်တော်၏ ဘင်္ဂက္ခဏာ၌စ၍ မဖြစ်သည် ချုပ်ငြိမ်းသည် ဖြစ်၏။ ဤသို့ယူသည်ရှိသော် သာသနာတော်ဝယ် သင့်လျော် လျောက်ပတ်သော ရှင်တော်ဘုရား၏ အယူတော်နှင့် ညီမျှသော သမ္မာအယူဖြစ်ပေ၏ဟု ယူအပ်၏။ ယူကြလေ။

> တတိယေသ ဒိဋ္ဌိဂတန္တိ သစေ ဟိဿ ဧဝံဘဝေယျ သင်္ခါရာ ဥပ္ပဇ္ဇန္တိစေဝ နိရုဇ္ဈန္တိစ, သင်္ခါရပဝတ္တမေဝ အပဝတ္တံ ဟောတီတိ၊ဒိဋ္ဌိဂတံနာမ န ဘဝေယျ၊ သာသနာဝစာရိကံ ဉာဏံ ဘဝေယျ။ ယသ္မာ ပနဿ သဗ္ဗော ဥစ္ဆိဇ္ဇတိ ဝိနဿတီတိ အဟောသိ၊တသ္မာ ဒိဋ္ဌိဂတံနာမ ဇာတံ။
>
> ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။

တတိယေ၊တတိယသုတ်၌။ ဒိဋ္ဌိဂတန္တိ၊ ဒိဋ္ဌိဂတံဟူသည်ကား။ ဟိ၊ ချဲ့အံ့။ သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိစေဝ၊ ဖြစ်လည်းဖြစ်ကုန်၏။ နိရုဇ္ဈန္တိစ၊ချုပ်လည်း ချုပ်ကုန်၏။ သင်္ခါရပဝတ္တမေဝ၊ အစဉ်မပြတ် ဖြစ်တတ်သော သင်္ခါရတရားတို့သည်သာလျှင်။ အပဝတ္တံ၊မဖြစ်သည် ပြတ်သည် ချုပ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့သောအယူသည်။ အဿ၊ ထိုယမကထေရ်အား။ သစေဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ ဒိဋ္ဌိဂတံနာမ၊ မိစ္ဆာအယူမည်သည်။ နဘဝေယျ၊မဖြစ်ရာ။ သာသနာဝစာရိကံ၊ သာသနာတော်၌ သက်ဝင်သော။ ဉာဏံ၊သမ္မာဉာဏ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ယသ္မာ ပန၊အကြင်ကြောင့်ကား။ သဗ္ဗော၊ရဟန္တာမြတ်ဖြစ်သောသတ္တဝါသည်။ ဥစ္ဆိဇ္ဇတိ၊သေသည်မှနောက်၌ ပြတ်၏။ ဝိနဿတိ၊ပျောက်၏။ ဣတိ၊ဤသို့သောအယူသည်။ အဿ၊ ထိုယမကမထေရ်အား။ အဟောသိ၊ဖြစ်၏။ တသ္မာ၊ထိုကြောင့်။ ဒိဋ္ဌိဂတံနာမ၊မိစ္ဆာအယူမည်သည်။ ဇာတံ၊ဖြစ်၏။

ဤသို့ အနုပါဒိသေသ နိဗ္ဗာန်ကို ခိုလှုံစံမြန်းတော်မူသော ရဟန္တာအရှင်မြတ်၏ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် တဘန်ဖြစ်ခြင်းမရှိ ချုပ်ငြိမ်းခဲ့ သည် ရှိသော် ခံစားတတ်

သော ဝေဒနာစေတသိက်တို့သည် အလျှင်းမဲ့ကုန်ခဲ့ရကား ထိုအနုပါဒိသေသနိဗ္ဗာန်၌ အဘယ်သို့သောသဘောကို နိဗ္ဗာနသုခဟူ၍ ယူရမည်နည်း။ ၎င်းအနုပါဒိသေသ နိဗ္ဗာန်ကို ခိုလှုံစံမြန်းတော်မူနိုင်ပြီးသောရဟန္တာအား စက္ခုသမ္ဗဿကြောင့်ဖြစ်သော ဝေဒနာသုံးပါး။ပ။ မနောသမ္ဗဿကြောင့်ဖြစ်သော ဝေဒနာသုံးပါး အကျဉ်းအားဖြင့် တဆယ့်ရှစ်ပါး၊ အကျယ်အားဖြင့် ရှစ်ဆယ့်ကိုးပါး၊ အာရုံ ကာလ သန္တာန ကိစ္စတို့၏အစွမ်းအားဖြင့် အနေကပဘေဒရှိသော ဝေဒနာတို့သည် ထိုရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်ဘင်္ဂက္ခဏ၌ တခါတည်း ချုပ်ငြိမ်းရကား ထိုနိဗ္ဗာန်၌ အကြင်ခံစားသော အခြင်းအရာဖြင့် ဝေဒနာတို့သည် အလျှင်းမရှိကုန်။ ဤနိဗ္ဗာန်၌ ထိုခံစားသော အခြင်းအရာဖြင့်ဖြစ်သော ဝေဒနာ၏ မရှိခြင်းသည်ပင်လျှင် ကေန်မုချ အ သခ်ံ တ ခာတ် မြတ်သော နိဗ္ဗာန် တော် ၏ လောကီကာမသုခ(၁) မိဋ္ဌသုခ(၂) အနရိယသုခ(၃) နေက္ခမ္မသုခ(၄) ပဝိဝေကသုခ(၅)တို့ထက် ကဲလွန်သော သမ္ဗောဓသုခကြောင့် ရောက်အပ် ရအပ်သော ဥပသမသုခကြီးပေတည်း။

ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ။ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ။ဧတဒေဝ ခေါတ္ထ အာဝုသော သုခံ၊ယဒေတ္ထ နတ္ထိ ဝေဒယိတံ။ ။နဝင်္ဂုတ္တရပါဠိတော်။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ဧတ္ထ၊ဤနိဗ္ဗာန်၌။ ယံဝေဒယိတံ၊ အကြင်ခံစားသော အခြင်းအရာဖြင့်ဖြစ်သော ဝေဒနာသည်။ နတ္ထိ၊မရှိ။ ဧတ္ထ၊ဤနိဗ္ဗာန်၌။သုခံ၊ချမ်းသာသည်။ကိံပန၊ အဘယ်နည်း။ ဣတိ၊ဤသို့။ အဝေါစ၊ အရှင်ကာလုဒါယိက မေးလျှောက်၏။ အာဝုသော ကာလုဒါယိ၊ငါ့ရှင်ကာလုဒါယီ။ ဧတ္ထ၊ဤနိဗ္ဗာန်၌။ ယံ ဝေဒယိတံ၊အကြင်ခံစားသော အခြင်းအရာဖြင့်ဖြစ်သော ဝေဒနာသည်။နတ္ထိ၊မရှိ။ဧတ္ထ၊ဤနိဗ္ဗာန်၌။ ဧတဒေဝ၊ထိုခံစားသော အခြင်းအရာဖြင့်ဖြစ်သော ဝေဒနာ၏ မရှိခြင်းသည်ပင်လျှင်။ သုခံ၊ချမ်းသာကြီးမည်ပေ၏။ ။ခေါကားနိပါတ်။ ။ဤသို့ သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်တို့ကို သိအပ်၏။

## ၆၀-သုညတ အနိမိတ္တ အပ္ပဏိဟိတနိဗ္ဗာန်တို့ကို ပြခြင်း။

သုညတ, အနိမိတ္တ, အပ္ပဏိဟိတ, နိဗ္ဗာန်တို့ကိုကား အနတ္တလက္ခဏာ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ သုံးပါးတို့ကို အစွဲပြု၍ ထိုအမည်တို့ကို ရအပ်ကုန်၏။ ထိုစကားသင့်စွ။ အကြင်ယောဂီသည် အနိစ္စကို အမှီပြု၍ ထမြောက်သည်ဖြစ်အံ့။ ၎င်းဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် အနိမိတ္တဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မည်၏(၁)။ ထို အနိမိတ္တဝုဋ္ဌာနဂါမိနီ ဝိပဿနာကြောင့် ဖြစ်သော မဂ်သည်လည်း အနိမိတ္တမဂ်မည်၏ (၂)။ ၎င်းမဂ်၏ဖိုလ်သည်လည်း အနိမိတ္တဖိုလ် မည်၏ (၃)။ ဖလသမာပတ်သည်လည်း အနိမိတ္တဖလသမာပတ်မည်၏(၄)။ ၎င်းနည်းတူ ဒုက္ခလက္ခဏာဖြင့် ထမြောက်ခြင်းစသော ယောဂီသည် အပ္ပဏိဟိတဝုဋ္ဌာန ဂါမိနီဝိပဿနာ (၁)။ အပပ္ပဏိဟိတမဂ် (၂)။ အပ္ပဏိဟိတဖိုလ် (၃)။ အပ္ပဏိဟိတဖလသမာပတ် (၄) တို့ကို ရအပ်၏။ အနတ္တလက္ခဏာဖြင့် ထမြောက်ခြင်း စသော ယောဂီသည် သုညတဝုဋ္ဌာန ဂါမိနီဝိပဿနာ (၁)။ သုညတမဂ် (၂)။ သုညတဖိုလ် (၃)။ သုညတဖလသမာပတ်(၄) တို့ကို ရအပ်၏။

တတ္ထ ယော ဘိက္ခု သင်္ခါရေ အနိစ္စတော ပရိဂ္ဂဟေတွာ အနိစ္စတော ဒိသွာ အနိစ္စတော ဝုဋ္ဌာတိ၊ တဿ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနိမိတ္တာနာမ ဟောတိ၊ယော ဒုက္ခတော ပရိဂ္ဂဟေတွာ ဒုက္ခတော ဒိသွာ ဒုက္ခတော ဝုဋ္ဌာတိ၊တဿ အပ္ပဏိဟိတာနာမ။ ယော အနတ္တတော ပရိဂ္ဂဟေတွာ အနတ္တတော ဒိသွာ အနတ္တတော ဝုဋ္ဌာတိ၊တဿ သုညတာနာမ။တတ္ထအနိမိတ္တ ဝိပဿနာယ မဂ္ဂေါ အနိမိတ္တောနာမ၊ အနိမိတ္တမဂ္ဂဿ ဖလံ အနိမိတ္တံနာမ၊ အနိမိတ္တ ဖလ သမာပတ္တိသဟဇာတေ ဖဿေ ဖုသန္တေ အနိမိတ္တော ဖဿော ဖုသတီတိ ဝုစ္စတိ။ အပ္ပဏိဟိတသုညတေသုပိ ဧသေဝ နယော။ ။မူလပဏ္ဏာသအဋ္ဌကထာ။

တတ္ထ ၀စနေ၊ ထိုစကား၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သဒ္ဓါရေ၊ ရုပ်နာမ်ဓမ္မ သဒ္ဓါရတို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ အနိစ္စတော၊အနိစ္စအားဖြင့်။ ဒိသွာ၊ မြင်၍။ အနိစ္စတော၊အနိစ္စအားဖြင့်။ ဝုဋ္ဌာတိ၊ထမြောက်၏။ တဿ၊ ထိုရဟန်း၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဖြစ်သော ပဋိသဒ္ဓါဉာဏ် သဒ္ဓါရုပေက္ခာဉာဏ်သည်။ အနိမိတ္တာနာမ၊အနိမိတ္တမည်သည်။ ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဒုက္ခတော၊ဒုက္ခအားဖြင့်။ ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ ဒုက္ခတော၊ဒုက္ခအားဖြင့်။ ဒိသွာ၊မြင်၍။ဒုက္ခတော၊ဒုက္ခအားဖြင့်။ဝုဋ္ဌာတိ ထမြောက်၏။ တဿ၊ ထိုရဟန်း၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ သည်။ အပ္ပဏိဟိတာနာမ၊ အပ္ပဏိဟိတ မည်သည်။ ဟောတိ၊ဖြစ်၏။ ယောဘိက္ခု၊သည်။ အနတ္တတော၊ အနတ္တအားဖြင့်။ ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ အနတ္တတော၊အနတ္တအားဖြင့်။ ဒိတွာ၊မြင်၍။အနတ္တတော၊အနတ္တအားဖြင့်။ဝုဋ္ဌာတိ၊ထမြောက်၏။ တဿ၊ထိုရဟန်း၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ သုညတာနာမ၊ သုညတမည်သည်။ ဟောတိ၊ဖြစ်၏။ တတ္ထ၊ထိုသုံးပါးတို့တွင်။ အနိမိတ္တဝိပဿနာယ၊အနိမိတ္တဝိပဿနာကြောင့်။ ပဝတ္တော၊ဖြစ်သော။ မဂ္ဂေါ၊မဂ်သည်။အနိမိတ္တောနာမ၊ အနိမိတ္တမဂ်မည်၏။ အနိမိတ္တမဂ္ဂဿ၊ အနိမိတ္တမဂ်၏။ ဖလံ၊ဖိုလ်သည်။ အနိမိတ္တံနာမ၊အနိမိတ္တဖိုလ်မည်၏။အနိမိတ္တဖလသမာပတ္တိ သဟဇာတေ၊ အနိမိတ္တဖလသမာပတ်နှင့် တကွဖြစ်သော။ ဖဿေ၊ နာမကာယဖဿကို။ ဖုသန္တေ၊ တွေ့ထိအပ်သည် ရှိသော်။ အနိမိတ္တော၊ အနိမိတ္တအမည်ရှိသော။ ဖဿော၊ ဖဿကို။ ဖုသတိတိ၊ တွေ့ထိ၏ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ အပ္ပဏိဟိတသုညတေသုပိ၊အပ္ပဏိဟိတသုညတ တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။

ထိုသုညတ အနိမိတ္တ အပ္ပဏိဟိတ သုံးပါးအပေါင်းတို့ကို သန္တ တရားအနိုက်၌ယူခြင်း အသန္တတရား အနိုက်၌ ယူခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် သန္တအနိုက်၌ ယူပုံကား—

အကြင်ယောဂီသည် အနတ္တလက္ခဏာကို မှီ၍ မင်္ဂသို့တိုင်အောင် အားထုတ်စဉ်၌ တိတ္ထိတို့သည် ကြံဆအပ်သော သတ္တ ပုဂ္ဂလ စသည်တို့မှ သုဉ်းရကား သတ္တသုညတ မည်၏။ ရုပ်နာမ်ခန္ဓာတို့ကိုသာ မြင်ရှာတော့သည်၊ သတ္တဝါကို မမြင်။ အသင်္ခတဖြစ်သောနိဗ္ဗာန်၌ကား သတ္တဝါကိုထားဘိဦး။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟုဆိုအပ်သော သင်္ခါရတရားတို့မှာ အခါခပ်သိမ်း သုဉ်းရကား သင်္ခါရသုညတမည်၏။ အနိမိတ္တ အပ္ပဏိဟိတ တို့၌လည်း ဤနည်းအတိုင်းယူလေ။ သင်္ခတနယ်အတွင်း၌ကား သတ္တအနိမိတ္တ၊ အသင်္ခတနယ်အတွင်း၌ကား သင်္ခါရအနိမိတ္တ။ သင်္ခတနယ်အတွင်း၌ကား သတ္တအပ္ပဏိဟိတ၊ အသင်္ခတနယ်အတွင်း၌ကား သင်္ခါရ အပ္ပဏိဟိတမျှသာထူးသည်။

တတ္ထ ဒွေ သုညတာ သတ္တသုညတာ စ သင်္ခါရသုညတာ စ။ သတ္တသုညတာ နာမ ဣဋ္ဌိယာ ပရိကပ္ပိတေန သတ္တေန သုညာ ပဉ္စက္ခန္ဓာ။ သင်္ခါရသုညတာ နာမ သဗ္ဗသင်္ခါရေဟိ သုညံ ဝိဝိတ္တံ နိဿဋံ နိဗ္ဗာနံ။ အနိမိတ္တာပဏိဟိတေသုပိ ဧသေဝ နယော။ သတ္တနိမိတ္တာဘာဝတော ဟိ ခန္ဓာ အနိမိတ္တာ၊ သင်္ခါရနိမိတ္တာဘာဝတော နိဗ္ဗာနံ၊ ကောမမ္ပိ သင်္ခါ အနရောပေတွာ ထပေတဗ္ဗသင်္ခါတေန စ ပဏိဒဟိတဗ္ဗဋ္ဌော ပဏိဓိတိ သင်္ချံ ဂတေန သတ္တပဏိဓိနာ စ အပ္ပဏိဟိတာ ခန္ဓာ၊ တဏှာပဏိဓိနာ တဏှာယ ဝါ အာရမ္မဏဘူတေန သဗ္ဗသင်္ခါရပဏိဓိနာ အပ္ပဏိဟိတံ နိဗ္ဗာနံ။

ပဉ္စပကြိုဏ်။

တတ္ထ၊ ထိုသုညတာရမ္မဏ အစရှိသော စကား၌။ သုညတာ၊ သုညတ တရားတို့သည်။ ဝါ၊ဆိတ်သည်၏အဖြစ်တို့သည်။ သတ္တသုညတာ စ၊ သတ္တမှဆိတ်သောတရားငှင်း။ ဝါ၊သတ္တမှဆိတ်သည်၏အဖြစ်ငှင်း။ သင်္ခါရသုညတာ စ၊ သင်္ခါရတို့မှဆိတ်သောတရားငှင်း။ ဝါ၊သင်္ခါရတို့မှ ဆိတ်သည်၏အဖြစ်ငှင်း။ ဣတိ၊ဤသို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တတ္ထ၊တို့တွင်။ သတ္တသုည

တာ နာမ၊ သတ္တမှဆိတ်သောတရား မည်သည်ကား။ ဒိဋ္ဌိယာ၊ ဘောက်ပြန်သော အယူအားဖြင့်။ ပရိကပ္ပိတေန၊ ကြံဆအပ်သော။ သတ္တေန၊ သတ္တသဘောမှ။ သုညာ၊ဆိတ်ကုန်သော။ပဥ္စက္ခန္ဓာ၊ငါးပါးကုန်သော ခန္ဓာတို့တည်း။ သင်္ခါရသုညတာနာမ၊ သင်္ခါရတို့မှ ဆိတ်သောတရားမည်သည်ကား။ သဗ္ဗသင်္ခါရေဟိ၊ခပ်သိမ်းသော သင်္ခါရတို့မှ။ သုညံ၊ဆိတ်သော။ဝါ၊ဆိတ်ရာဖြစ်သော။ဝိဝိတ္တံ၊ဆိတ်သော။ ဝါ၊ဆိတ်ရာဖြစ်သော။ နိဿဋံ၊လွတ်သော။ ဝါ၊လွတ်ရာဖြစ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်တည်း။ အနိမိတ္တာ ပဏိဟိတေသုပိ၊အနိမိတ္တဖြစ်သောတရား အပဏိဟိတဖြစ်သော တ ရား တို့ ၌ လည်း။ ဧသေဝ၊ ဤသုညတတရား၌ ဆိုအပ်ပြီးသော အစီအရင်သည်သာလျှင်။ နယော၊ နည်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ တံ ပါကဋံ ကရောမိ၊အံ့။ခန္ဓာ၊ခန္ဓာငါးပါးတို့သည်။သတ္တနိမိတ္တာဘာဝတော၊ သတ္တဟူသော နိမိတ်၏ မရှိခြင်းကြောင့်။ အနိမိတ္တာ၊ အနိမိတ္တမည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ သင်္ခါရနိမိတ္တာဘာဝတော၊ သင်္ခါရဟူသော နိမိတ်၏ မရှိခြင်းကြောင့်။ အနိမိတ္တံ၊သည်။ ဟောတိ၊ဖြစ်၏။ ခန္ဓာ၊ခန္ဓာတို့သည်။ ကေစမ္မသိံ၊ ခန္ဓာငါးပါးတို့တွင် တ ပါး သော ခန္ဓာဟူသော တရား၌လည်း။ အာရောပေတဗ္ဗာ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဇတ္တိ ပုရိသ အစရှိသော အခြင်းအရာ ကိုသော်၎င်း, ဝါ၊ သတ္တဝါဟူသော အခြင်းအရာကိုသော်၎င်း စွဲလမ်းရာဖြစ်သော ရူပက္ခန္ဓာစသည်၌ တင်၍။ ထပေတဗ္ဗသင်္ခါတေန၊ ထားအပ်သည်၏ အဖြစ်ဟူ၍ ဆိုအပ်သော။ ပဏိဒဟိတဗ္ဗဋ္ဌေန၊ ထားအပ် သိုမှီးအပ်သည်၏ အဖြစ်ဟူသော သဘောဖြင့်။ ပဏိဓိတိသင်္ချံ ဂတေန၊ပဏိဓိဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်သော။ သတ္တပဏိဓိနာ၊သတ္တဝါတည်းဟူသော ပဏိဓိဖြင့်။ အပ္ပဏိဟိတာ၊ အပ္ပဏိဟိတမည်ကုန်သည်။ဝါ၊ ကင်းသော ပဏိဓိ ရှိသည် မည်ကြကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ တဏှာပဏိဓိနာ၊ တဏှာဟူသော ပဏိဓိဖြင့်၎င်း။ တဏှာယ၊၏။ အာရမ္မဏဘူတေန၊အာရုံဖြစ်၍ပြုသော။သဗ္ဗသင်္ခါရပဏိဓိနာ၊ ခပ်သိမ်းသော သင်္ခါရဟူသော ပဏိဓိ ဖြင့်၎င်း။

အပ္ပဏိဟိတံ၊အပ္ပဏိဟိတမည်သည်။ဝါ၊ကင်းသောပဏိဓိရှိသည် မည်သည်။ ဟောတိ၊ဖြစ်၏။

ဤသို့ သဘာဝအားဖြင့် အသင်္ခတတခုတည်းပင်ရှိသော်လည်း ဥပစာရအားဖြင့် သဥပါဒိသေသ,အနုပါဒိသေသအားဖြင့်နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ အားဖြင့်သုံးပါး တို့ကိုရအပ်ကုန်၏။ ဤနည်းအတူ မုချပရိယာယ်ဝေဝုစ်တို့၏ အပြားအားဖြင့်ကား အဘိဓာန်၌(၄၆)ပါး အဘိဓမ္မာဝတာရ၌(၃၆)ပါး သဒ္ဒာယတနသံယုတ်၌ (၃၂) ပါးတို့ကို သိအပ်ကုန်၏။

### ၆၁-နိဗ္ဗာန်၏ပရိယာယ်ပုဒ်တို့ကိုပြခြင်း။

အဘိဓာန်၌(၄၆)ပါးဟူသော်ကား—

မောက္ခော နိရောဓော နိဗ္ဗာနံ၊ဒီပေါ တဏှာက္ခယော ပရံ။
တာဏံ လေဏမရူပဉ္စ၊ သန္တံ သစ္စမနာလယံ။

အသင်္ခတံ သိဝမမတံ သုဒုဒ္ဒသံ၊
ပရာယဏံ သရဏမနီတိကံ တထာ။
အနာသဝံ ဓုဝမနိဒဿနာကတံ၊
ပလောကိတံ နိပုဏမနန္တမက္ခရံ။

ဒုက္ခက္ခယော ဗျာပဇ္ဈဉ္စ၊ဝိဝဋ္ဋံ ခေမ ကေဝလံ။
အပဝဂ္ဂေါ ဝိရာဂေါ စ၊ ပဏီတံ အစ္စုတံ ပဒံ။

ယောဂက္ခေမော ပါရမပိ၊ မုတ္တိ သန္တိ ဝိသုဒ္ဓိယော။
ဝိမုတ္တျာသင်္ခတဓာတု၊ သုဒ္ဓိ နိဗ္ဗုတိယော သိယုံ။
အဘိဓာန်။

မောက္ခော၊ ရာဂ အစရှိသော ကိလေသာမှ လွတ်ရာဖြစ်သော နိဗ္ဗာန်။ နိရောဓော၊ ချုပ်ရာဖြစ်သောနိဗ္ဗာန်။ နိဗ္ဗာနံ၊ ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်။ ဒီပေါ၊ မှီခိုရာ ကိုင်းကျွန်းသဘွယ် ဆီမီးသဘွယ် ဖြစ်သော နိဗ္ဗာန်။

တဏှာကွယော၊ တဏှာကုန်ကြောင်း ဖြစ်သောနိဗ္ဗာန်။ ပရံ၊ မြတ်သောနိဗ္ဗာန်။ တာဏံ သံသရာဘေးမှ ကယ်ပေတတ်သောနိဗ္ဗာန်။ လေဏံ၊ ပုန်းအောင်းရာ ဖြစ်သောနိဗ္ဗာန်။ အရူပံ၊ အနိမ့် အမြင့် စသော အဆင်းသဏ္ဌာန်မှ ကင်းသောနိဗ္ဗာန်။ သန္တံ၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်။ သစ္စံ၊မှန်သောနိဗ္ဗာန်။ အနာလယံ၊အာလယဟု ဆိုအပ်သော တဏှာ၏ကင်းရာကင်းကြောင်းဖြစ်သောနိဗ္ဗာန်။

အသင်္ခတံ၊အကြောင်းတရားတို့သည် မပြုပြင်အပ်သောနိဗ္ဗာန်။ သိဝံ၊ဘေးမရှိခြင်းကိုပြုတတ်သောနိဗ္ဗာန်။ အမတံ၊ သေခြင်းကင်းသောနိဗ္ဗာန်။ သုဒုဒ္ဒသံ၊မြင်နိုင်ခဲသောနိဗ္ဗာန်။ ပရာယဏံ၊ လည်းလျောင်းရာဖြစ်သောနိဗ္ဗာန်။ သရဏံ၊ကိလေသာကို ညှဉ်းဆဲတတ်သောနိဗ္ဗာန်။အနီတိကံ၊ဥပဒ္ဒဝေါကင်းရာဖြစ်သောနိဗ္ဗာန်။တထာ၊ ထိုမှတပါး။ အနာသဝံ၊အာသဝ၏ကင်းရာနိဗ္ဗာန်။ ဓုဝံ၊ မြဲသောနိဗ္ဗာန်။ အနိဒဿနံ၊ မြင် အပ် သော သ ဘော မ ရှိ သော နိဗ္ဗာန်။ အကတံ၊ အကြောင်းတရားတို့သည် မပြုအပ်သော နိဗ္ဗာန်။ အပလောကိတံ၊ လောဘသဘောအားဖြင့် မသိအပ်သောနိဗ္ဗာန်။ နိပုဏံ၊ သိမ်မွေ့သော နိဗ္ဗာန်။ အနန္တံ၊ ပျက်ခြင်းမရှိသော နိဗ္ဗာန်။ အက္ခရံ၊ ကုန်ခြင်းမရှိသော နိဗ္ဗာန်။

ဒုက္ခက္ခယော၊ ဒုက္ခ၏ကုန်ရာဖြစ်သောနိဗ္ဗာန်။ အဗျာပဇ္ဈံ၊ ကြောင့်ကြမရှိသောနိဗ္ဗာန်၊ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာဖြစ်သောနိဗ္ဗာန်၊ ခေမံ၊ ရာဂ၏ကုန်ရာဖြစ်သောနိဗ္ဗာန်။ ကေဝလံ၊ သင်္ခါရတို့နှင့် မရောသောနိဗ္ဗာန်။ အပဝဂ္ဂေါ၊ သင်္ခါရတို့၏ကင်းရာဖြစ်သောနိဗ္ဗာန်။ ဝိရာဂေါ၊ ရာဂ၏ ကင်းရာနိဗ္ဗာန်။ ပဏီတံ၊ မြတ်သောနိဗ္ဗာန်။ အစ္စုတံ၊ မရွေ့သောနိဗ္ဗာန်။ ပဒံ၊ အရိယာသူတော်ကောင်းတို့၏ ရောက်အပ်သောနိဗ္ဗာန်။

ယောဂက္ခေမော၊ ယောဂ၏ ကုန်ရာဖြစ်သောနိဗ္ဗာန်။ ပါရံ၊ ပူပန်ခြင်းကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်သောနိဗ္ဗာန်။ မုတ္တိ၊ ကိလေသာမှ လွတ်တတ်သောနိဗ္ဗာန်။ သန္တိ၊ ငြိမ်းစေတတ်သောနိဗ္ဗာန်။ ဝိသုဒ္ဓိယော၊ စင်ကြယ်ရာဖြစ်သောနိဗ္ဗာန်။ ဝိမုတ္တိ၊ ခပ်သိမ်းသော

သင်္ခါရမှလွတ်သောနိဗ္ဗာန်။ အသင်္ခတဓာတု၊ အသင်္ခတဓာတ်ဟုဆိုအပ်သောနိဗ္ဗာန်။ သုဒ္ဓိ၊ ကိလေသာတည်းဟူသော အညစ်အကြေးမှစင်သောနိဗ္ဗာန်။ နိဗ္ဗုတိယော၊ ဝုတိမည်သောတဏှာမှထွက်မြောက်တတ်သောနိဗ္ဗာန်။ ဣမေ၊ ဤသည်တို့ကား။(ထည့်)။ နိဗ္ဗာနာဘိဓာနာ၊ နိဗ္ဗာန်၏အမည်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ။ အကျဉ်းသရုပ်ကြား,အနက်ကြံဖွားရာတို့၌ဆရာမြတ်တို့သည် ဝိဘတ်ကို ပဓာနာမပြုကုန်။ထိုကြောင့် ဝိသုဒ္ဓိယော နိဗ္ဗုတိယော ပုဒ်တို့ကို ဝိဘတ်ပဓာနမပြုမူ၍ ပုဒ်အနက်ကြားရုံမျှ သမ္ဗန်သတည်း။

အဘိဓမ္မာဝတာရ၌ကား—

အစ္စုတ္တံ မနန္တံ သန္တံ၊ အမတံ အပလောကိတံ။
ပဏီတံ သရဏံ ခေမံ၊ တာဏံ လေဏံ ပရာယဏံ။

သိဝဉ္စ နိပုဏံ သစ္စံ၊ ဒုက္ကရဉ္ဇ မနာသဝံ။
သုဒုဒ္ဒသံ ပရံ ပါရံ၊နိဗ္ဗာန မနိဒဿနံ။

တဏှာယက္ခယံ ဓုဝံ ဒီပံ၊ အဗျာပဇ္ဈ မနီတိကံ။
အနာလယ မရူပဉ္စ၊ ပဒ မစ္စုတ မက္ခရံ။

ဝိရာဂဉ္စ နိရောဓဉ္စ၊ ဝိမုတ္တိ မောက္ခမေဝ စ။
ဣမေဟိ ပန နာမေဟိ၊ နိဗ္ဗာနန္တု ကထီယတိ။

အဘိဓမ္မာဝတာရအဋ္ဌကထာ။

ဎင်းပါဠိ၏အနက်ကိုကား ပြလတ္တံ့သော အသင်္ခတသံယုတ်၏အနက်ကိုမှီး၍ သိအပ်၏။

အသင်္ခတသံယုတ်၌ကား—

အသင်္ခတံ အနတံ အနာသဝံ၊
သစ္စဉ္စ ပါရံ နိပုဏံ သုဒုဒ္ဒသံ။
အဇဇ္ဇရန္တံ ဓုဝံ အပလောကိနံ၊
အနိဒဿနံ နိပ္ပပဉ္စံ သန္တံ။

အမတံ ပဏီတံ သိဝဉ္စခေမံ၊
တဏှက္ခယောအစ္ဆရိယံစ အဗ္ဘုတံ။
အနီတိကံ အနီတိကဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။ ။

အဗျာပဇ္ဈံ ဝိရာဂေါစ၊ သုဒ္ဓိ မုတ္တိ အနာလယော။
ဒီပံ လေဏဉ္စ တာဏဉ္စ၊ သရဏဉ္စ ပရာယဏန္တိ။ ။

သံယုတ်ပါဠိတော်။

အနတန္တိအာဒီသု တဏှာနတိယာ အဘာဝေန အနတံ။ စတုန္နံ အာသဝါနံ အဘာဝေန အနာသဝံ။ ပရမတ္ထသစ္စတာယ သစ္စံ။ ဝဋ္ဋဿ ပရဘာဂဘွေန ပါရံ။ သဏှဘွေန နိပုဏံ။ သုဋ္ဌု ဒုဒ္ဒသတာယ သုဒုဒ္ဒသံ။ ဇရာယ အဇရိတတ္တာ အဇဇ္ဇရံ။ ဓိရဘွေန ဓုဝံ။ အပလုဇ္ဇနတာယ အပလောကိနံ။ စက္ခုဝိညာဏေန အပဿိတဗ္ဗတ္တာ အနိဒဿနံ။ တဏှာမာနဒိဋ္ဌိပပဉ္စာနံ အဘာဝေန နိပ္ပပဉ္စံ။ သန္တဘာဝဘွေန သန္တံ။ မရဏာဘာဝေန အမတံ။ ဥတ္တမဘွေန ပဏီတံ။ သသိရိကဘွေနသိဝံ။ နိရုပဒ္ဒဝတာယ ခေမံ။ တဏှက္ခယဿ ပစ္စယတ္တာတဏှာက္ခယော။ ဝိမှာပနီယဘွေန အစ္ဆရိယိတဗ္ဗယုတ္တန္တိ အစ္ဆရိယံ။ အဘူတမေဝ ဘူတံ ဇာတံ ဟုတွာ အတ္ထိတိအဗ္ဘုတံ။ နိဒုက္ခတ္တာ အနီတိကံ။ နိဒုက္ခသဘာဝတ္တာ အနီတိကဓမ္မံ။ ဝါနာဘာဝေန နိဗ္ဗာနံ။ ဗျာပဇ္ဈာဘာဝေန အဗျာပဇ္ဈံ။ ဝိရာဂဂါမိကဿ ပစ္စယတ္တာ ဝိရာဂေါ။ ပရမတ္ထသုဒ္ဓိတာယ သုဒ္ဓိ။ တီဟိဘဝေဟိ ဝိမုတ္တိတာယ မုတ္တိ။ အာလယာနံ အဘာဝေန အနာလယော။ ပတိဋ္ဌဘွေန ဒီပံ။ အလ္လီယိတဗ္ဗဘွေန လေဏံ။ တာယနဘွေန တာဏံ။ ဘယသရဏဘွေန သရဏံ။ ဘယနာသနန္တိ အတ္ထော။ ပရံ အယနံ ဂတိ ပတိဋ္ဌာတိ ပရာယဏံ။

သဠာယတနသံယုတ်အဋ္ဌကထာ အသင်္ခတသံယုတ်ဖွင့်။

အသင်္ခတံ၊ ပူလရင်းက သင်္ခတပင်ဖြစ်သော်လည်း အလွန်သိမ်မွေ့လှသဖြင့် သင်္ခတဟု သိကြောင်းမှတ်ကြောင်းလက္ခဏာမှ ကင်း၍နေထသော။ [ န သင်္ခတံ သင်္ခတလက္ခဏောဟိ အပဂတန္တိ အသင်္ခတံ, ဟူသော သဒ္ဒါယတန သံယုတ်အဋ္ဌကထာနှင့် အညီတည်း ]။ ။အနတံ၊ဒုက္ခစိုက်ပျိုး တဏှာမျိုးတို့ မတိုးမညွှပ် မလာနိုင်ရာလည်းဖြစ်သော။ အနာသဝံ၊ ငရဲပြိတ္တာ ဘေးဧးရာကို ခါခါ ဖြစ်စေတတ်သည်ဖြစ်၍ ကြောက်အပ်လှစွာ တဏှာ ဒိဋ္ဌိ စသော အာသဝေါညစ်ဆိုး တရားမျိုးတို့ မတိုက်ချိုးနိုင်ရာ ဖြစ်ထသော။ သစ္စဥ္စ၊ နိဗ္ဗာန်ဟူသော အမည်နာမ စကားမျှသာမဟုတ် နိဗ္ဗာန်ဟူသော အမည်ရှိသည်အားလျော်စွာ ငြိမ်းဧးခြင်းပရမတ္ထ သဘောအားဖြင့် တကယ်မှန်ကြီး မှန်သည်လည်း ဖြစ်ထသော။ ပါရံ၊ ခန္ဓာကိုယ်ဆိုး ဒုဂ္ဂဲအိုး၏ ပြင်ဘက် ဝဋ္ဋဆင်းရဲရေအယဉ်မှ ထွက်မြောက်ရာ ကမ်းဝ ကမ်းထိပ်ကြီးလည်း ဖြစ်ထသော။ နိပုဏံ၊ အထည်ဒြဗ် ဥပါဒ်မထင်သည်ဖြစ်၍ အ လွန် သိမ် မွေ့ စွာ ထ သော။ သုဒုဒ္ဒသံ၊ ပညာဉာဏ်ဖြင့်သော်လည်း နှိုင်းချင့်ထောက်ဆ သိမြင်ရနိုင်စရာ လွန်စွာခဲယဉ်းထသော။ အဇဇ္ဇရန္တံ၊ ဘယ်လောက်ပင်ကြာသော်လည်း ဘယ်သည်ကာလမှ ရင့်အိုပျက်စီးခြင်းလည်း မရှိနိုင်ထသော။ [ဇဇ္ဇရသဒ္ဒါ-ဆွေးမြေ့ ရင့်အိုခြင်းအနက်, အန္တသဒ္ဒါ- ပျက်စီးခြင်းအနက်ဟု ခွဲ၍မှတ်]။ ။တနည်း၊ကမ္ဘာပျက်မီး ကမ္ဘာပျက်လေကြီး ကမ္ဘာပျက်ရေကြီး တို့ဖြင့်သော်လည်း ဖေါက်ပြန် တုန်လှုပ်ခြင်းမရှိ ပကတိမြဲမြံစွာ တည်နေထသော။ [အန္တပုဒ်မှာ တဗ္ဘာဝတ္ထ]။ ။အပလောကိနံ၊ ဘယ်သည့်ကာလမှ အဘယ်တခုတခုကြောင့် ပျက်စီးခြင်း မရှိထသော။ အနိဒဿနံ၊နတ်မျက်စိဖြင့်သော်လည်း စက္ခုဝိညာဏ်ဖြင့် မမြင်စကောင်းထသော။ နိပ္ပပဥ္စံ၊အိုပြန်-နာရ သေရ-ဆင်းရဲ ဖေါက်လဲခါခါ သံသရာကို ချဲ့ထွင်တတ်သူ တဏှာ,မာန,ဒိဋ္ဌိတို့ မပြူမလာနိုင်ရာ ဖြစ်ထသော။သန္တံ၊ တဆယ့်တသီး မီးကြီးငြိမ်းဧးရာလည်း ဖြစ်ထသော။

အမတံ၊ မိမိထံတည်ရောက်လာသူ နိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ မအိုမသေ အမြဲတည်စံနေရာဖြစ်ထသော။ ပဏီတံ၊မြင်ရ ရောက်ရသူတို့

မရောင့်ရဲနိုင်ဘွယ် တကယ် လွန်မြတ်တော်မူထသော။ သိဝဠ္ဌုကြီး မြတ်သော ဂုဏ်ကြက်သရေ ရှိတော်မူထသော။ ခေမံ၊ ဘေးခပ်သိမ်း ကုန်ငြိမ်း ကင်းဝေးရာလည်းဖြစ်ထသော။ တဏှာက္ခယော၊ ဘေးကိုပြုတတ် ကြောက်အပ်လှစွာ ခြောက်တဏှာတို့၏ ကုန်ရာကုန်ကြောင်းလည်း ဖြစ်ထသော။ အစ္ဆရိယံ၊ အကြောင်းတရားတို့ ကြောင့်ဖြစ်ပုံ သခ်တနိမိတ် အရိပ်မထွက် ယင်းသခ်တပုံဟန်နှင့် အလွန်ဝေးကွာ လွန်စွာထူးမြတ်သည်ဖြစ်၍ အလွန်အံ့ဘွယ်သရဲ အံ့အဲစလောက် ဖြစ်တော်မူထသော။ အဗ္ဘုတံ၊အကြောင်းကင်း၍ မိမိအလိုလိုလည်း မဖြစ်ထသော။ အနီတိကံ၊ အလုံးစုံဆင်းရဲဘေး ဒဏ်ဟူသမျှ ဘယ်ဟာတခုမျှ မရှိထသော။ အနီတိကဓမ္မံ၊ ဆင်းရဲရှိသော သဘောမျိုးမှ ဆန့်ကျင်ဘက်ကြီးဖြစ်၍ နေထသော။ ဇေတံဇေတာဒိသံ၊ ဤသို့သော တရားထူး တရားမြတ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန် ဟူ၍။ သုဂတေန၊မြတ်စွာဘုရားသည်။ဒေသိတံ၊ ဟောကြားတော်မူအပ်ပြီ။

သောခမ္မော၊ထိုနိဗ္ဗာန်တရားသည်။ အဗျာပဇ္ဇံစ၊ဘေးရန်တွက်တာ ဘယ်ဟာတခု ကြောင့်ကြစရာ မရှိသည်လည်း ဖြစ်၏။ ဝိရာဂေါ စ၊ ဘေးရန်ဖြစ်ကြောင်း ရာဂအပေါင်းမှ ကောင်းကောင်းကြီး ကင်းရာလည်းဖြစ်၏။သုဒ္ဓိ စ၊ဘေးရန်လာဘွယ် အသွယ်သွယ်သောအညစ်အကြေးမှ ကင်းဝေး စင်ကြယ်သည်လည်း ဖြစ်၏။ မုတ္တိစ၊ ဘေးရန်ထူထပ် ဘုံသုံးရပ်တို့မှ လှလှကြီး လွတ်ရာလည်း ဖြစ်၏။ အနာလယော၊ အလိုလိုဝ အလုံးစုံလှသဖြင့် ဘယ်ဟာတခုမှ မတောင့်တရာလည်းဖြစ်၏။ ဒီပံ၊ ပုန်းအောင်းရာ တည်ရာကျွန်းကြီးသဘွယ်လည်းဖြစ်၏။ လေဏံ၊ဘေးမှလွတ်ကြောင်း ပုန်းအောင်းရာ နေရာလည်းမှန်၏။ တာဏံ၊ ဘေးမလာရအောင် တကယ် စောင့်ရှောက်နိုင်သည်လည်း ဖြစ်၏။ သရဏဥ္စ၊ဘေးမဆိုက်ရအောင် ဘေးတကာကို ကောင်းစွာ ဖျက်ဆီးတတ်သည်လည်း ဖြစ်၏။ ပရာယဏံ၊ အလွန်အကဲတည်နေရာ လည်းလျောင်းရာလည်းဖြစ်၏။ ဝါ၊ဘေးကိုကြောက်သူတို့၏ တကယ်ဘေးမှ လွတ်

ကြောင်း ကောင်းကောင်းကြီး လည်းလျှောင်း တည်နေရာလည်း စင်စစ်မှန်၏။ ဤသို့သော နိဗ္ဗာန်၏ ပရိယာယ်အပြားကို သိအပ်၏။

ဤမှတပါးလည်း များစွာသော ပရိယာယ်တို့ဖြင့် ရှင်တော်ဘုရားသည် ဟောတော်မူသေး၏။ ထိုသို့ဟောသော်လည်း ပြဆိုခဲ့အပ်ပြီးသော နိဗ္ဗာန်တို့၏အတွင်း၌သာလျှင် ပါဝင်ရကုန်၏။ စင်စစ်သော်ကား နိဗ္ဗာန်ဟူသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တို့ကိုစွဲ၍တပ်မက်တတ်သော တဏှာ,မာန,ဒိဋ္ဌိ တို့သည် မရှိသဖြင့် ထို ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟု ဆိုအပ်သော သင်္ခတတရားမျိုးမှ လွတ်၍ ဘောက်ပြန် ပျက်စီးခြင်းမရှိ အစလည်းမရှိ အဆုံးလည်းမရှိသော အမြဲထာဝရတည်နေသော သဘောတရားကြီးတခုပေတည်း။ ။ဥပမာကား။ ။လောင်စာတို့ကိုစွဲ၍ တောက်လောင်အပ်သောမီးသည် အကြင်အခါ လောင်စာကုန်သည်ဖြစ်၍ ငြိမ်းခဲ့၏။ ထိုသို့ငြိမ်းလျှင် သော သဘာဝကြီးသည် အဘယ်နံ့ရောအခါမှ ပျက်စီးခြင်းမရှိသကဲ့သို့တည်း။ ထိုသော သဘာဝကြီးသည် အဘယ်အခါစ၍လည်းဖြစ်သည် မဆိုသာ။ အဘယ်အခါဆုံးအံ့ဟူ၍လည်း မဆိုသာသကဲ့သို့ နိဗ္ဗာန်၌လည်း ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ် တို့မှ အရိယာတို့သည် ပစ္စက္ခအားဖြင့်လွတ်တော်မူခြင်းကြောင့် သင်္ခတ တရားမျိုးတို့မှ အခါခပ်သိမ်းနိဗ္ဗာန်၌ ကင်းလွတ်ရာကား ဖြစ်၏ဟူ၍လည်း မဆိုသာ,မဖြစ် ဟူ၍လည်းမဆိုသာ, ဖြစ်လည်းဖြစ်၏ ဖြစ်လည်း မဖြစ်ဟု မဆိုသာ, ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟူ၍လည်း မဆိုသာ,အလွန်နက်နဲ၏။ ရှစ်သောင်း လေးထောင် နက်သော မဟာသမုဒ္ဒရာကဲ့သို့ ဉာဏ်နည်းသော သူတို့သည် အလွန်ထောက်ဆ၍ယူနိုင်ခဲသည်။ ခက်ခဲလေစွ။

ဝေမေဝ ခေါ ဝစ္ဆ ယေန ရူပေန တထာဂတံ ပညာပယမာနော ပညာပေယျ၊ တံ ရူပံ တထာဂတဿ ပဟီနံ ဥစ္ဆိန္နမူလံ တာလာဝတ္ထုကတံ အနဘာဝံကတံ အာယတိံ

အနုပ္ပါဒဓမ္မံ။ ရူပသင်္ခယဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိ မဟာသမုဒ္ဒေါ၊ ဥပပဇ္ဇတီတိ န ဥပေတိ၊ န ဥပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ န ဥပေတိ။

ယာယ ဝေဒနာယ တထာဂတံ ပညာပယမာနော ပညာပေယျ၊ သာ ဝေဒနာ တထာဂတဿ ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ။ ဝေဒနာသင်္ခယ ဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိ မဟာသမုဒ္ဒေါ၊ ဥပပဇ္ဇတီတိ န ဥပေတိ၊ န ဥပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ န ဥပေတိ။

ယာယ သညာယ တထာဂတံ ပညာပယမာနော ပညာပေယျ၊ သာ သညာ တထာဂတဿ ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ။ သညာသင်္ခယဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိ မဟာသမုဒ္ဒေါ။ ဥပပဇ္ဇတီတိ န ဥပေတိ၊ န ဥပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ န ဥပေတိ။

ယေဟိ သင်္ခါရေဟိ တထာဂတံ ပညာပယမာနော ပညာပေယျ၊ တေ သင်္ခါရာ တထာဂတဿ ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ။ သင်္ခါရသင်္ခယဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိ မဟာသမုဒ္ဒေါ။ ဥပပဇ္ဇတီတိ န ဥပေတိ၊ န ဥပ

ပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ န ဥပေတိ။ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ န ဥပေတိ။

ယေန ဝိညာဏေန တထာဂတံ ပညာပယမာနော ပညာပေယျ၊ တံ ဝိညာဏံ တထာဂတဿ ပဟီနံ ဥစ္ဆိန္နမူလံ တာလာဝတ္ထုကတံ အနဘာဝံကတံ အာယတိံ အနုပ္ပါဒဓမ္မံ။ ဝိညာဏသင်္ခယဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိ မဟာသမုဒ္ဒေါ။ ဥပပဇ္ဇတီတိ န ဥပေတိ၊ န ဥပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ န ဥပေတိ။

မဇ္ဈိမပဏ္ဏာသပါဠိတော်။

ဝစ္ဆ၊ ဝစ္ဆ။ ဧဝမေဝ ခေါ၊ ငြိမ်းပြီးသော ဆီမီးအတူသာလျှင်။ ယေန ရူပေန၊ အကြင်ရုပ်ဖြင့်။ တထာဂတံ၊ သတ္တဝါကို။ ရူပီတိ၊ ရုပ်ရှိ၏ဟူ၍။ ပညာပယမာနော၊ ပညတ်သောသူသည်။ ပညာပေယျ၊ ပညတ်ရာ၏။ တံ ရူပံ၊ ထိုရုပ်ကို။ တထာဂတဿ၊ ငါဘုရားသည်။ ပဟီနံ၊ ပယ်အပ်ပြီ။ ဥစ္ဆိန္နမူလံ၊ အမြစ် အရင်းကို ဖြတ်အပ်ပြီ။ တာလာဝတ္ထုကတံ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ။ အနဘာဝံကတံ၊ တဖန်မဖြစ်ခြင်းကို ပြုအပ်ပြီ။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒဓမ္မံ၊ တဖန်မဖြစ်ခြင်းသဘောရှိ၏။ ဝစ္ဆ၊ ဝစ္ဆ။ ခေါ၊ စင်စစ်။ ရူပသင်္ခယဝိမုတ္တော၊ ရူပက္ခန္ဓာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသော အားဖြင့် လွတ်သော။ တထာဂတော၊ ငါဘုရားသည်။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့် ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ သေယျထာပိ၊ ဥပမာအဘယ်ကဲ့သို့နည်း။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဂမ္ဘီရော ယထာ၊ နက်နဲသကဲ့သို့လည်းကောင်း။ အပ္ပမေယျော ယထာ၊ ပမာဏကိုယူခြင်းငှါ မတတ်ကောင်းသကဲ့သို့၎င်း။ ဒုပ္ပရိယောဂါဠှော ယထာ၊ သက်ဝင်နိုင်ခဲသကဲ့သို့၎င်း။ တထာ၊ ထိုအတူ။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏ

အားဖြင့် ယူခြင်းငှါ မဘာဘ်ကောင်း။ဒုပ္ပရိယောဂါဠှော၊သက်ဝင်နိုင်ခဲ့၏။ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့်ဖြစ်၏ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသောစကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းမဖြစ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့်ဖြစ်သည်မဟုတ် ပဋိသန္ဓေအားဖြင့် မဖြစ် သည် မ ဟုတ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။

ယာယ ဝေဒနာယ၊ အကြင်ဝေဒနာဖြင့်။ တထာဂတံ၊သတ္တဝါကို။ ဝေဒနိကောတိ၊ဝေဒနာရှိ၏ဟူ၍။ ပညာပယမာနော၊ပညတ်သောသူသည်။ ပညာပေယျ၊ ပညတ်ရာ၏။ သာ ဝေဒနာ၊ ထိုဝေဒနာကို။ တထာဂတဿ၊ ငါဘုရားသည်။ ပဟီနာ၊ ပယ်အပ်ပြီ။ ဥစ္ဆိန္နမူလာ၊ အမြစ် အရင်းကို ဖြတ်အပ်ပြီ။ တာလာဝတ္ထုကတာ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ။ အနဘာဝံကတာ၊တဘန်မဖြစ်ခြင်းကို ပြုအပ်ပြီ။ အာယတိံ၊နောင်အခါ၌။ အနုပ္ပါဒဓမ္မာ၊ တဘန်မဖြစ်ခြင်းသဘောရှိ၏။ ဝစ္ဆ၊ ဝစ္ဆ။ ခေါ၊ စင်စစ်။ ဝေဒနာသင်္ခယဝိမုတ္တော၊ ဝေဒနာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွတ်တော်မူသော။ တထာဂတော၊ငါဘုရားသည်။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့်ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ နက်နဲ၏။ သေယျထာပိ၊ ဥပမာအဘယ်ကဲ့သို့နည်း။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဂမ္ဘီရော ယထာ၊ နက်နဲသကဲ့သို့ရင်း။ အပ္ပမေယျော ယထာ၊ ပမာဏကိုယူခြင်းငှါ မတတ်ကောင်းသကဲ့သို့ရင်း။ ဒုပ္ပရိယောဂါဠှော ယထာ၊ သက်ဝင်နိုင်ခဲ သကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့်နက်နဲ၏။ အပ္ပမေယျော၊ပမာဏအားဖြင့် ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ့၏။ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော စကား

သည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ န ဥပပဇ္ဇတီတိ၊ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်း ဖြစ်၏ ပဋိသန္ဓေအားဖြင့် ဖြစ် လည်း မဖြစ် ဟူ သော စ ကား သည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့်ဖြစ်သည်မဟုတ် ပဋိသန္ဓေအားဖြင့် မဖြစ်သည်မဟုတ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။

ယာယ သညာယ၊ အကြင်သညာဖြင့်။တထာဂတံ၊သတ္တဝါကို။ သညိကောတိ၊ သညာ ရှိ၏ ဟူ ၍။ ပညာပယမာနော၊ ပညတ်သောသူသည်။ ပညာပေယျ၊ပညတ်ရာ၏။ သာ သညာ၊ ထိုသညာကို။ တထာဂတဿ၊ငါဘုရားသည်။ ပဟီနာ၊ ပယ်အပ်ပြီ။ ဥစ္ဆိန္နမူလာ၊ အမြစ် အရင်းကို ဖြတ်အပ်ပြီ။ တာလာဝတ္ထုကတာ၊ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီ။ အနဘာဝံကတာ၊ တဘန်မဖြစ်ခြင်းကို ပြုအပ်ပြီ။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒဓမ္မာ၊တဘန်မဖြစ်ခြင်း သဘောရှိ၏။ ဝစ္ဆ၊ဝစ္ဆ။ ခေါ၊ စင်စစ်။ သညာသင်္ခယဝိမုတ္တော၊ သညာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွတ်တော်မူသော။ တထာဂတော၊ ငါဘုရားသည်။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့် ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ သေယျထာပိ၊ ဥပမာအဘယ်ကဲ့သို့နည်း။ မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်။ဂမ္ဘီရော ယထာ၊နက်နဲသကဲ့သို့ရင်း။ အပ္ပမေယျော ယထာ၊ ပမာဏကို ယူခြင်းငှါ မတတ်ကောင်း သကဲ့သို့ရင်း။ ဒုပ္ပရိယောဂါဠှော ယထာ၊ သက်ဝင်နိုင်ခဲသကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ပမာဏအားဖြင့် ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့်ဖြစ်၏ ဟူ သော စ ကား သည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ ဥပပ

ပဋ္ဌတိ စ န စ ဥပပဋ္ဌတိတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းမဖြစ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ နေဝ ဥပပဋ္ဌတိ န န ဥပပဋ္ဌတိတိ၊ ပဋိသန္ဓေ အားဖြင့်ဖြစ်သည်မဟုတ် ပဋိသန္ဓေအားဖြင့် မဖြစ်သည် မဟုတ် ဟူသောစကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။

ယေဟိ သင်္ခါရေဟိ၊ အကြင်သင်္ခါရတို့ဖြင့်။ တထာဂတံ၊ သတ္တ ဝါကို။ သင်္ခါရိကောတိ၊ သင်္ခါရ ရှိ၏ဟူ၍။ ပညာပယမာနော၊ ပညတ်သောသူသည်။ ပညာပေယျ၊ ပညတ်ရာ၏။ တေ သင်္ခါရာ၊ ထိုသင်္ခါရတို့ကို။ တထာဂတဿ၊ ငါဘုရားသည်။ ပဟီနာ၊ ပယ်အပ် ကုန်ပြီ။ ဥစ္ဆိန္နမူလာ၊ အမြစ် အရင်းကို ဖြတ်အပ်ကုန်ပြီ။ တာလာ ဝတ္ထုကတာ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်ပြီ။ အနဘာဝံကတာ၊ တဘန်မဖြစ်ခြင်းကို ပြုအပ်ကုန်ပြီ။ အာယတိံ၊ နောင် အ ခါ၌။ အနုပ္ပါဒဓမ္မာ၊ တဘန်မဖြစ်ခြင်းသဘော ရှိကုန်၏။ ဝစ္ဆ၊ ဝစ္ဆ။ ခေါ၊ စင်စစ်။ သင်္ခါရသင်္ခယဝိမုတ္တော၊ သင်္ခါရတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွတ်တော်မူသော။ တထာ ဂတော၊ ငါဘုရားသည်။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့်နက်နဲ၏။ အပ္ပမေ ယျော၊ ပမာဏအားဖြင့်ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယော ဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ သေယျထာပိ၊ ဥပမာအဘယ်ကဲ့နည်း။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဂမ္ဘီရော ယထာ၊ နက်နဲသကဲ့ သို့ရင်း။ အပ္ပမေယျော ယထာ၊ ပမာဏကိုယူခြင်းငှါ မတတ် ကောင်းသကဲ့သို့ရင်း။ ဒုပ္ပရိယောဂါဠှော ယထာ၊ သက်ဝင်နိုင်ခဲ သကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့်ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိ ယောဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ ဥပပဋ္ဌတိတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ န ဥပ ပဋ္ဌတီတိ၊ ပဋိသန္ဓေအားဖြင့် မဖြစ်ဟူသောစကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ ဥပပဋ္ဌတိ စ န စ ဥပပဋ္ဌတီတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏ ပဋိသန္ဓေအားဖြင့်ဖြစ်လည်းမဖြစ်ဟူသော စကား

သည်။ န ဥပေတိ နယုဇ္ဇတိ၊ မသင့်။ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတိတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်သည်မဟုတ် ပဋိသန္ဓေအားဖြင့် မဖြစ်သည်မဟုတ်ဟူသောစကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။

ယေန ဝိညာဏေန၊ အကြင်ဝိညာဏ်ဖြင့်။ တထာဂတံ၊ သတ္တဝါကို။ ဝိညာဏကောတိ၊ ဝိညာဏ်ရှိ၏ဟူ၍။ ပညာပယမာနော၊ ပညတ်သောသူသည်။ ပညာပေယျ၊ ပညတ်ရာ၏။ တံ ဝိညာဏံ၊ ထိုဝိညာဏ်ကို။ တထာဂတဿ၊ ငါဘုရားသည်။ ပဟီနံ၊ ပယ်အပ်ပြီ။ ဥစ္ဆိန္နမူလံ၊ အမြစ်အရင်းကို ဖြတ်အပ်ပြီ။ တာလာဝတ္ထုကတံ၊ ထန်းပင်ငုတ်ကဲ့သို့ပြုအပ်ပြီ။ အနဘာဝံကတံ၊ တဘန် မဖြစ်ခြင်းကို ပြုအပ်ပြီ။ အာယတိံ၊နောင်အခါ၌။ အနုပ္ပါဒဓမ္မံ၊ တဘန်မဖြစ်ခြင်းသဘောရှိ၏။ ဝစ္ဆ၊ဝစ္ဆ။ ခေါ၊စင်စစ်။ ဝိညာဏသင်္ခယဝိမုတ္တော၊ ဝိညာဏ်၏ ကုန်ရာဖြစ်သောနိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် လွတ်တော်မူသော။ တထာဂတော၊ ငါဘုရားသည်။ ဂမ္ဘီရော၊ ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့် ယူခြင်းငှါ မတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊ သက်ဝင်နိုင်ခဲ၏။ သေယျထာပိ၊ ဥပမာအဘယ်ကဲ့သို့နည်း။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဂမ္ဘီရော ယထာ၊နက်နဲသကဲ့သို့ရင်း။ အပ္ပမေယျော ယထာ၊ ပမာဏကို ယူခြင်းငှါ မတတ်ကောင်းသကဲ့သို့ရင်း။ ဒုပ္ပရိယောဂါဠှော ယထာ၊ သက်ဝင်နိုင်ခဲသကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ ဂမ္ဘီရော၊ဂုဏ်အားဖြင့် နက်နဲ၏။ အပ္ပမေယျော၊ ပမာဏအားဖြင့် ယူခြင်းငှါမတတ်ကောင်း။ ဒုပ္ပရိယောဂါဠှော၊သက်ဝင်နိုင်ခဲ၏။ ဥပပဇ္ဇတီတိ၊ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော စကားသည်။န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေမဖြစ်ဟူသောစကားသည်။န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ ဥပပဇ္ဇတိ စ န စ ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းမဖြစ်ဟူသောစကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊မသင့်။ နေဝ ဥပပဇ္ဇတိ န န ဥပပဇ္ဇတီတိ၊ ပဋိသန္ဓေအားဖြင့်မဖြစ် ပဋိသန္ဓေအားဖြင့် မဖြစ်သည်မဟုတ်ဟူသော စကားသည်။ န ဥပေတိ န ယုဇ္ဇတိ၊ မသင့်။ ။ဆဋ္ဌပုစ္ဆာပြီး၏။

### ၆၂-ထိုနိရောဓသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်းဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၇) ထိုနိရောဓသစ္စာ၏ နယ်ကား အဘယ်မျှ ကျယ်သနည်း ဟူရာ၌— ဤနိဗ္ဗာန်၏ နယ်ဟူသည် အသီးအခြား မြို့ပြခရိုင် နိုင်ငံတို့၏ နယ်ပယ်တို့ကဲ့သို့ မဟုတ်။ သဘာဝမျှသာ ရှိသည်ဖြစ်၍ ၎င်းနိဗ္ဗာန်သည် သံသရာခရီးကြောင်းတို့၏ ဆန့်ကျင်ဘက် အညာသို့ ဆန်တက်သော သဘောလည်းရှိ၏။ အလွန်နူးညံ့ သိမ်မွေ့သော သဘောလည်းရှိ၏။ အသေးဆုံးဖြစ်သော ပမာဏအားဖြင့် ပရမာဏုမြူခန့်မျှလောက် မရှိသည်ဖြစ်၍ ကျဉ်းသောအတိုင်းအရှည်အားဖြင့် နှိုင်းရှည့်စရာမရှိ။ ထို့ကြောင့်။ ။''ဝိညာဏဿ နိရောဓေန ဧတ္ထေတံ ဥပရုဇ္ဈတိ'' ဟူ၍၎င်း။ ။ဒီဃနိကာယ်။

''ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ''

ဟူ၍၎င်း ဟောတော်မူသည်။ ။မဟာဝါပါဠိ။

ဝိညာဏဿ၊ အဘိသင်္ခါရဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ဤနိဗ္ဗာန်၌။ ဧတံ နာမရူပံ၊ ထိုရုပ်နာမ်နှစ်ပါး အပေါင်းသည်။ အသေသံ၊ အကြွင်းမဲ့။ (ထည့်)။ ဥပရုဇ္ဈတိ၊ ချုပ်ရာ၏။

ပဋိသောတဂါမိံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ နိပုဏံ၊ သိမ်မွေ့ထသော။ ဂမ္ဘီရံ၊နက်နဲထသော။ ဒုဒ္ဒသံ၊မြင်နိုင်ခဲထသော။ အဏုံ၊ ပရမာဏုမြူအလားရှိသော တရားကို။ ရာဂရတ္တာ၊ရာဂဖြင့် တပ်အပ်ကုန်သော သတ္တဝါတို့သည်။ တမောခန္ဓေန၊ အဝိဇ္ဇာ တည်းဟူသော မှောဟအစုဖြင့်။ အာဝုဋာ၊ လွှမ်းမိုးအပ်ကုန်သည် ဖြစ်၍။ နဒက္ခန္တိ၊မမြင်ကုန်လတ္တံ့။

ကျယ်သောနယ်အားဖြင့်ကား ဤ မ ဟာ ပ ထ ဝီ မြေကြီးသည် ဇာတိခေတ် အာဏာခေတ် ဝိသယခေတ်တိုင်တိုင် ရှည်သကဲ့သို့ လျားသကဲ့သို့ ထုသကဲ့သို့ ပြန့်သကဲ့သို့ ကျယ်သကဲ့သို့ ပြောသကဲ့သို့

ကျယ်ပြန့်သကဲ့သို့ ကြီးသကဲ့သို့ ဤအ သခ်ိတ ခေတ် မြတ်သော နိဗ္ဗာန်ကြီးသည်လည်း ဇာတိ အာဏာ ဝိသယခေတ်တိုင်တိုင် ရှည်လည်းရှည်၏၊ လျားလည်းလျား၏၊ ထုလည်းထု၏၊ ပြန့်လည်းပြန့်၏၊ ကျယ်လည်းကျယ်၏၊ ပြောလည်းပြော၏၊ ကျယ်ပြန့်လည်း ကျယ်ပြန့်၏၊ ကြီးလည်းကြီး၏။ ထိုကြောင့် ငြိမ်းဧးခြင်း လက္ခဏာ ရှိသော ဤနိဗ္ဗာန်ကြီးသည် အဘယ်မျှလောက် ကျယ်၏ဟူ၍မဆိုနိုင်။

ယထာ ဝါ ပန မဟာရာဇ မဟာပထဝီ ဒီဃာ အာယတာ ပုထုလာ ဝိတ္ထတာ ဝိသာလာ ဝိတ္ထိဏ္ဏာ ဝိပုလာ မဟန္တာ၊ အပိနုခေါ တေ ံ မဟာရာဇ မဟာပထဝိံ သက္ကာ ပရိတ္တကေန ဥဒကမိန္ဒုကေန တေမေတွာ ဥဒကစိက္ခလ္လံ ကာတုန္တိ။ န ဟိ ဘန္တေတိ။ ကေန ကာရဏေန မဟာရာဇာတိ။ ပရိတ္တတ္တာ ဘန္တေ ဥဒကမိန္ဒုဿ မဟန္တတ္တာ မဟာပထဝိယာတိ။ ဧဝမေဝခေါ မဟာရာဇ ဥိနကသတ္တ ဝဿိကဿ စိတ္တံ အဗလံ ဒုဗ္ဗလံ ပရိတ္တံ အပ္ပံ ထောကံ မန္ဒံ အဝိဘူတံ၊ အသခ်ိတာ နိဗ္ဗာနဓာတု ဒီဃာ အာယတာ ပုထုလာ ဝိတ္ထတာ ဝိသာလာ ဝိတ္ထိဏ္ဏာ ဝိပုလာ မဟန္တာ။

ဓိလိန္ဒပဉှာ။

မဟာရာဇ၊ မင်းမြတ်။ ယထာ ဝါ ပန၊ ဥပမာတနည်ကား။ အယံ မဟာပထဝီ၊ ဤမြေကြီးသည်။ ဒီဃာ၊ ရှည်၏။ အာယတာ၊ လျား၏။ ပုထုလာ၊ ထု၏။ ဝိတ္ထတာ၊ ပြန့်၏။ ဝိသာလာ၊ ကျယ်၏။ ဝိတ္ထိဏ္ဏာ၊ ပြော၏။ ဝိပုလာ၊ ကျယ်ပြန့်၏။ မဟန္တာ၊ ကြီး၏။ မဟာရာဇ၊ မင်းမြတ်။ တေံ မဟာပထဝိံ၊ ဤမြေကြီးကို။ ပရိတ္တကေန၊ နည်းသော။ ဥဒကမိန္ဒုကေန၊ ရေပေါက်ဖြင့်။ တေမေတွာ၊ ဆွတ်၍။ ဥဒကစိက္ခလ္လံ၊ ညွန်အိုင်ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ အပိနုခေါ၊ စွမ်းနိုင်အံ့လော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ န ဟိ သက္ကာ၊ မစွမ်းနိုင်ပါ။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်

၏။ မဟာရာဇ၊ မင်းမြတ်။ ကေနကာရဏေန၊ အဘယ်အကြောင်းကြောင့်။ န ဟိ သက္ကာ၊ မစွမ်းနိုင်ပါသနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဥဒကမိန္ဒ္ဒသာ၊ ရေပေါက်၏။ ပရိတ္တတ္တာ၊ နည်းသည်အဖြစ်ကြောင့်။ မဟာပထဝိယာ၊ မဟာပထဝီမြေ၏။ မဟန္တတ္တာ၊ များသည်၏အဖြစ်ကြောင့်။ န ဟိ သက္ကာ၊ မစွမ်းနိုင်ပါ။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ ခေါ၊ ဤမြေကြီးအတူသာလျှင်။ ဉီနကာသတ္တဝသိကဿ၊ ခုနစ်နှစ်အောက် ယုတ်သောသူ၏။ စိတ္တံ၊ စိတ်သည်။ အဗလံ၊ အားမရှိ။ ဒုဗ္ဗလံ၊ အားသေး၏။ ပရိတ္တံ၊ ယုတ်ညံ့၏။ အပ္ပံ၊ ပါး၏။ ထောကံ၊ နည်း၏။ မန္ဒံ၊ နန့်၏။ အဝိဘူတံ၊ ထင်ရှားမဖြစ်သေး။ အသန်ဘာ၊ ပြုပြင်ခြင်းကင်းသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာန်သည်။ ဒီဃာ၊ ရှည်၏။ အာယတာ၊ လျား၏။ ပုထုလာ၊ ထု၏။ ဝိတ္ထတာ၊ ပြန့်၏။ ဝိသာလာ၊ ကျယ်၏။ ဝိတ္ထိဏ္ဏာ၊ ပြော၏။ ဝိပုလာ၊ ကျယ်ပြန့်၏။ မဟန္တာ၊ ကြီး၏။

ဤနိဗ္ဗာန်သည် အဘယ်ကြောင့် ဝိသယခေတ်တိုင်အောင်ရှည်ခြင်း စသည်တို့ရှိပါသနည်း။ ထင်စေအံ့။ ထိုနိဗ္ဗာန်သည် ဂုဏ်အားဖြင့် အလွန်မြတ်၏၊ အလွန်ပြန့်ပြော၏၊ အလွန်ရှည်လျား၏။ သင်္ခတ တရားမျိုးတို့ကဲ့သို့မဟုတ်။ မနောဝိညာဏ်ဖြင့်သာ သိအပ်၏။ စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်း။ ဥပါဒ်, ဌီ, ဘင် လည်းမရှိ။ အလွန်တောက်ပသော မီးရောင် ကြယ်ရောင် လရောင် နေရောင် ဗြဟ္မာမင်းတို့၏ကိုယ်ရောင် စသည်တို့ထက် ဆတက်ထောင်ရာ ကဲလွန်သာသော ဂုဏ်ရောင်လည်းရှိ၏။ ပထဝီအစရှိသော ရုပ်တရားတို့လည်း မရှိ။ ဖဿဝေဒနာအစရှိသော နာမ်တရားလည်း မရှိ။ ဤသို့အစရှိသော ဂုဏ်တို့ကြောင့် သန္တိသဘာဝအားဖြင့် အလွန် ကျယ်ပြောသော ဂုဏ်တော်ကြီးသည် ရှိပေ၏။ အံ့ဩဘွယ် ရှိပေစွတကား။ ထိုသန္တိသဘာဝကြီးကို ရှင်ပင်ဘုရားစသည်တို့၏ ကျေးဇူးတော်ကြောင့် သိရ၏။ ရ-ရခြင်း ရောက်ရခြင်း ရှိသောသူ တို့သည် လူ့အဖြစ်ကို ရခြင်းတော်ပေစွတကား။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါစ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ကေဝဋ္ဋသုတ်။

ယံ နိဗ္ဗာနံ၊အကြင်နိဗ္ဗာန်ကို။ ဝိညာဏံ၊ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိအပ်၏။ အနိဒဿနံ၊ စက္ခုဝိညာဏ်ဖြင့် မမြင်အပ်။ ယံ နိဗ္ဗာနံ၊ သည်။ အနန္တံ၊ ဥပါဒ်,ဌီ,ဘင် အပိုင်းအခြားမရှိ။ သဗ္ဗတော ပဘံ၊ ထက်ဝန်းကျင်မှ အခါခပ်သိမ်း အရောင်အဆင်း ထွန်းလင်း တောက်ပ၏။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်၌။ အာပေါစ၊ အာပေါသည်၎င်း။ ပထဝီစ၊ ပထဝီသည်၎င်း။ တေဇောစ၊ တေဇောသည်၎င်း။ ဝါယောစ၊ ဝါယောသည်၎င်း။ န ဂါဓတိ၊မတည်။

ဧတ္ထ တေသ္မိံ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်၌။ ဒီဃဉ္စ၊ ရှည်သောရုပ်သည်၎င်း။ ရဿဉ္စ၊ တိုသောရုပ်သည်၎င်း။ အဏုဉ္စ၊ ငယ်သောရုပ်သည်၎င်း။ ထူလဉ္စ၊ကြီးသော ရုပ်သည်၎င်း။ သုဘဉ္စ၊ တင့်တယ်သောရုပ်သည်၎င်း။ အသုဘဉ္စ၊ မတင့်တယ်သော ရုပ်သည်၎င်း။ န ဂါဓတိ၊ မတည်။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ၊ ဤနိဗ္ဗာန်၌။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ရုပ်သည်၎င်း။ အသေသံ၊အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ချုပ်၏။ ဝိညာဏဿ၊ အဆုံးစွန်ဖြစ်သော ဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ ဧတ္ထ တေသ္မိံ နိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌။ ဧတံ နာမရူပံ၊ထိုနာမ်ရုပ်သည်။ ဥပရုဇ္ဈတိ၊အကြွင်းမဲ့ချုပ်၏။

သတ္တမပုစ္ဆာပြီး၏။

### ၆၃-ထိုနိရောဓသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှမလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှလွတ်သနည်း ဟူသော အနုမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၈) ထိုနိရောဓသစ္စာကို အဘယ်သို့ သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့ သိလျှင် သံသရာမှ လွတ်သနည်း ဟူရာ၌— ဤနိရောဓသစ္စာဟူသော နိဗ္ဗာန်ကြီးကို မျက်မှောက်မပြု ရပဲ ဆရာကောင်းတို့ထံ၌ နာခံမှတ်သား ကြားနာရသဖြင့် ဤနိဗ္ဗာန်ဟူသည်ကို အလိုရှိအပ်ပေ၏ နှစ်လိုအပ်ပေ၏ မြတ်နိုး အပ်ပေ၏ဟု အနုမာနသိခြင်းအားဖြင့် သိအပ်၏။ ။တနည်း အကြင်သူသည် နိဗ္ဗာန်ကိုကား မျက်မှောက်မပြုသေး၊ ထိုသို့ မပြု သေးပါရငြားသော် ဤနိဗ္ဗာန်ဟူသည် သန္တိလက္ခဏာရှိ၏ စသည် တို့ဖြင့် ချမ်းသာသောသဘောကို သိ၏။ ဥပမာကား။ အကြင်သူ တို့အား လက်ခြေကိုကား ရန်သူတို့သည် မဖြတ်ကုန်။ ထိုသို့မဖြတ် ကုန်သော်လည်း အဖြတ်ခံရသောသူတို့၏ ဆင်းရဲကိုကြားရသဖြင့် ဤလက်ခြေဖြတ်ခြင်းဟူသည် ကြောက်ဘွယ်ကောင်းလှ၏ဟု ဒုက္ခ ဝေဒနာကို သိသကဲ့သို့ ထို့အတူ အကြင်သူတို့အား နိဗ္ဗာန်ကို မြင်၏။ ထိုမြင်သောသူတို့၏ အသံကိုကြားရ၍ ပြော်နိဗ္ဗာန်ဟူ သည် ချမ်းသာကြီးစင်စစ်ပေတည်းဟု သိရ၏။

ဇာတရေသု ပန ဒွိသု သစ္စေသု နိရောဓသစ္စံ ဇာဠံ့ ကန္တံ မနာပံ၊ မဂ္ဂသစ္စံ ဇာဠံ့ ကန္တံ မနာပန္တိ ဧဝံ သဝနေနေဝ ကမ္မံ ကရောတိ။ ။သမ္မော။

ဇာတရေသု၊ ဤမှတပါးကုန်သော။ ဒွိသု၊ နှစ်ပါးကုန်သော။ သစ္စေသု ပန၊ သစ္စာတို့၌ကား။ နိရောဓသစ္စံ၊နိရောဓသစ္စာကို။ဇာဠံ့၊ ရှာမှီးအပ်၏။ ကန္တံ၊အလိုရှိအပ်၏။ မနာပံ၊နှလုံးကိုပွါးစေတတ် ၏။ မဂ္ဂသစ္စံ၊မဂ္ဂသစ္စာကို။ ဇာဠံ့၊ရှာမှီးအပ်၏။ ကန္တံ၊အလိုရှိအပ်၏။ ပနာပံ၊နှလုံးကိုပွါးစေတတ်၏။ ဧဝံ၊ ဤသို့။ သဝနေနေဝ၊နာသဖြင့် သာလျှင်။ ကမ္မံ၊အမှုကို။ ကရောတိ၊ ပြု၏။

ရာဇာ အာဟ ဘန္တေ နာဂသေန ယော န လဘတိ နိဗ္ဗာနံ၊ ဇာနာတိ သော သုခံ နိဗ္ဗာနန္တိ။ အာမ မဟာရာဇ ယော နလဘတိ နိဗ္ဗာနံ၊ ဇာနာတိ သော သုခံ နိဗ္ဗာနန္တိ။ ကထံ ဘန္တေ နာဂသေန အလဘန္တော ဇာနာတိ သုခံ နိဗ္ဗာနန္တိ။ တံ ကိံ မညသိ မဟာရာဇ၊ ယေသံ န ဆိန္နဟတ္ထပါဒါ၊ ဇာနေယျုံ တေ မဟာရာဇ ဒုက္ခံ ဟတ္ထပါဒစ္ဆေဒနန္တိ၊ အာမဘန္တေ ဇာနေယျုန္တိ၊ ကထံ ဇာနေယျုန္တိ။ အညေသံ ဘန္တေ ဆိန္နဟတ္ထပါဒါနံ ပရိဒေဝိတသဒ္ဒံ သုတွာ ဇာနန္တိ ဒုက္ခံ ဟတ္ထပါဒစ္ဆေဒနန္တိ။ ဧဝမေဝ ခေါ မဟာရာဇ ယေသံ ဒိဋ္ဌံ နိဗ္ဗာနံ၊ တေသံ သဒ္ဒံ သုတွာ ဇာနာတိ သုခံ နိဗ္ဗာနန္တိ။ ကလ္လောသိ ဘန္တေ နာဂသေနာတိ။ ။မိလိန္ဒပဉှာ။

ရာဇာ၊ မင်းကြီးသည်။ အာဟ၊ ဆို၏။ ဘန္တေနာဂသေန၊ အရှင်ဘုရားနာဂသိန်။ ယော၊ အကြင်သူသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ န လဘတိ၊ မရ။ သော၊ ထိုသူသည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဇာနာတိ၊ သိပါ၏လော။ ဣတိ၊ ဤသို့မေး၏။ မဟာရာဇ၊ မင်းမြတ်။ ယော၊ သည်။ နိဗ္ဗာနံ၊ ကို။ န လဘတိ၊ မရသေး။ သော၊ ထိုသူသည်။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ ကို။ အာမဇာနာတိ၊ ဧကန်သိနိုင်၏။ ဣတိ၊ ဤသို့ဖြေ၏။ ဘန္တေ နာဂသေန၊ အရှင်ဘုရားနာဂသိန်။ အလဘန္တော၊ မရသောသူသည်။ သုခံ၊ သော။ နိဗ္ဗာနံ၊ ကို။ ကထံ ဇာနာတိ၊ အသို့သိနိုင်အံ့နည်း။ ဣတိ၊ ဤသို့ မေးလျှောက်၏။ မဟာရာဇ၊ မင်းမြတ်။ တံ၊ ထိုငါမေးလတ္တံ့သော အကြောင်းကို။ ကိံမညသိ၊ အသို့အောက်မေ့သနည်း။ ယေသံ၊ အကြင်သူတို့အား။ န ဆိန္နဟတ္ထပါဒါ၊ လက်ခြေမပြတ်ကုန်။ မဟာရာဇ၊ မြတ်။ တေ၊ ထိုသူတို့သည်။ ဟတ္ထပါဒစ္ဆေဒနံ၊ လက်ခြေပြတ်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲကို။ ဇာနေယျုံ၊ သိကုန်အံ့လော့။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ အာမ ဇာနေယျုံ၊ ဧကန်သိကုန်ရာ၏။ ကထံ ဇာနေယျုံ၊ အဘယ်ကြောင့်သိရသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အညေသံ၊ တပါးကုန်

သော။ ဆိန္ဓုဟတ္ထပါဒါနံ၊ ပြတ်သောလက်ခြေရှိကုန်သောသူတို့၏။ ပရိဒေဝိတသဒ္ဒံ၊ ငိုကြွေးသောအသံကို။ သုတွာ၊ ကြား၍။ ဟတ္ထပါဒစ္ဆေဒနံ၊ ခြေလက်ပြတ်ခြင်းကြောင့် ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲကို။ ဇာနန္တိ၊ သိရကုန်၏။ ဣတိ၊ ဤသို့လျှောက်၏။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယေသံ၊ အကြင်သူတို့အား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒိဋ္ဌံ၊ မြင်ဘူး၏။ တေသံ၊ ထိုသူတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားနာရ၍။ သုခံ၊ ချမ်းသာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဇာနာတိ၊ သိရ၏။ ဣတိ၊ ဤသို့ မြေတော်မူ၏။ ဘန္တေ နာဂသေန၊ အရှင်ဘုရား နာဂသိန်။ တေ၊ အရှင်ဘုရား၏။ ဝိသဇ္ဇနံ၊ ဖြေဆိုခြင်းသည်။ ကလ္လော၊ လျှောက်ပတ်သည်။ အသိ၊ ဖြစ်ပေ၏။ ဣတိ၊ ဤသို့ ဝန်ခံလေ၏။ ။ဤကားသာမညနည်းတည်း။

ဝိသေသအားဖြင့်သော်ကား— ဤနိဗ္ဗာန်ကိုသိခြင်းသည် အနုမာနသိခြင်း, ပစ္စက္ခသိခြင်း, အနုဗောဓအားဖြင့်သိခြင်း, ပဋိဝေဓအားဖြင့် သိခြင်းအားဖြင့်လေးပါးအပြားရှိ၏။ ထိုတွင် အကြင်သူသည် ဆရာကောင်းတို့၏အထံ၌ ဟုတ်မှန်သောတရားကို နာခံမှတ်သားရသဖြင့် ဤနိဗ္ဗာန်ဟူသည် သန္တိလက္ခဏာ, အစ္စုတိရသာ, အနိမိတ္တပစ္စုပဋ္ဌာန် ရှိ၏ဟု နောက် ကပြခဲ့ သော အ တိုင်း ယထာဘူတအမှန်ကို သိ၏။ လွန်စွာမြတ်နိုး၏။ စိတ်၌တည်၏။ ဓမ္မသဘာဝတို့၏ ဓာတ်လေးပါးတို့သည် စွဲကုန်၏။အကြင်သူတို့ကား နိဗ္ဗာန်၏သဘောကို ကြားနာရပါသော်လည်း ယထာဘူတအမှန်ကိုလည်း မသိ။ စိတ်၌ မကြည်ညို။ စိတ်၌လည်း မတည်။ ထိုသူတို့သည် ဓာတ်လေးပါးတို့လည်း မစွဲကုန်။ ထင်စေအံ့။ ဘုရားရှင်တို့၏ တရားတော်ဟူသမျှတို့ကို ကြားနာရကုန်သော သတ္တဝါဝေနေယျတို့တွင် ကျွတ်ထိုက် ကျွတ်လတ္တံ့သောသူတို့အား သာမုက္ကံသိက ဝိမုတ္တိရသ ဓမ္မဓာတ်တော်ကြီးသည် လေးပါးအပြားရှိ၏။ လေးပါး ဟူသော်ကား ပက္ခန္ဒနဓာတ်, ပသီဒိဓာတ်, သန္တိဋ္ဌတိဓာတ်, အဓိမုစ္စဓာတ်ဟူ၍ လေးပါး အပြားရှိ၏။ ထိုတွင် အကြင်သူတော်ကောင်းသည် နိဗ္ဗာန်၏ သဘာဝကို ကြားနာရ

သည်နှင့် တပြိုင်နက် တော၏အတွင်းသို့ သက်ဝင်သော ဆင်ပြောင်ကြီးကဲ့သို့ရင်း မန္ဒာကိနီနတ်မြစ်မှ ကျသောရေအယဉ်ကဲ့သို့ရင်း ထိုနိဗ္ဗာန်ကို ရလိုခြင်း ရောက်လိုခြင်း ဖြစ်သောစိတ်သည် နောက်သို့ဆုတ်နစ်ခြင်းမရှိ။ ပြေး ဝင် သော ထို သူ ၏ စိတ် သည် ပ က္ခ န္ဒ န ခေတ် မည် ၏။ ထိုသို့စီးဝင်သော စိတ်ရှိသောသူသည် စကြာမင်း၏ပတ္တမြားရတနာကို နောက်ကျသောရေ၌ ချလိုက်သည်ရှိသော် ကြည်လင် ရသကဲ့သို့ ထိုတရားတော်ကို ကြားသော အခါမှစ၍ မိမိ၏စိတ်၌ ရာဂ စသော ညွန်ပျောင်းတို့သည်မရှိဘဲ ကြည်လင်စေ၏။ ယုံကြည်၏။ ထိုသူ၏စိတ်သည် ပသီဒိခေတ်မည်၏။ ကြင်လင်ခြင်း ယုံကြည်ခြင်းရှိသောသူသည် အသူတရာနက်သောကမ်းပါးပြတ်၏ထိပ်၌ ရပ်သောသူသည် မကျအောင် လွန်စွာ စောင့်ရှောက်၍ မိမိကိုယ်ကို တည်စေသကဲ့သို့ ရာဂစသော အညစ်အကြေးမရှိသော မိမိ၏ ဝိသုဒ္ဓိစိတ်ကို တည်စေ၏။ ထိုသူ၏စိတ်သည် သန္တိဋ္ဌတိခေတ်မည်၏။ ထိုသို့ ဆို အပ် ပြီး သော ပက္ခန္ဒနခေတ်,ပသီဒိခေတ်,သန္တိဋ္ဌတိခေတ် သုံးပါးရှိသောသူသည် ကောင်းကင်ကို လွှတ်အပ်သော ငှက်ကဲ့သို့ရင်း, ကောင်းကင်ကို လွှတ်အပ်သော အခိုးကဲ့သို့ရင်း, ကောင်းကင်ကို လှမ်းအပ်သော လက်ကဲ့သို့ရင်း, တစုံတခု ငြိတွယ်ခြင်းမရှိ မိမိ၏ ဝိသုဒ္ဓိစိတ်ဖြင့် ဝိသုဒ္ဓိဖြစ်သောနိဗ္ဗာန်ကို အာရုံလည်းပြု၏။ တေဘူမကတရားမှ လွှတ်အောင်လည်း လွှတ်၏။ ထိုသူသည် တွန့်ခြင်းမရှိသည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော တရားတော်မြတ်ကို သိသောသူမည်ပေ၏။ အကြင်သူသည် ထိုခေတ်လေးပါးသို့ မသက်စေမူ၍ မိမိစိတ်ကို မစင်ကြယ်စေ။ ထိုသူတို့သည် တေဘူမကတရား၌သာလျှင် ပျော်မြူးအပ်သည်ဖြစ်၍ မိမိ၏စိတ်ကို နိဗ္ဗာန်သို့မလွှတ်ပဲ တွန့်စေသောသူမည်၏။ ထိုသူ၏နိဗ္ဗာန်သိခြင်းသည် ကြားနာရပါသော်လည်း သိသည်မမည်။ ယုံကြည်သည်မမည်။

ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ။ ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ ဘဝသမ္မုဒိတာ၊ တေသံ

ဘဝနိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ နပက္ခန္ဒတိ နပ္ပသီဒတိ နသန္တိဋ္ဌတိ နာဓိမုစ္စတိ။ ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။ ။သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့ကုန်သောသူတို့သည်။ ဩလီယန္တိ၊ ဘဝ၌ အလွန်မွေ့လျော်သည်ဖြစ်၍ ဘဝနိရောဓမှ တွန့်ခြင်းသို့ ရောက်ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ဘဝါရာမာ၊ တဏှာဒိဋ္ဌိအားဖြင့် လွန်စွာမွေ့လျော်အပ်သော ကာမဘဝ စသော ဘဝရှိကုန်သော။ ဘဝရတာ၊ကာမ စသော ဘဝ၌ မွေ့လျော်ကုန်သော။ ဘဝသမ္မုဒိတာ၊ကာမစသောဘဝ၌ ဝမ်းမြောက်ကြကုန်သော။ ဒေဝမနုဿာ၊နတ်လူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ ဒေဝမနုဿာနံ၊ ထိုနတ်လူတို့အား။ ဘဝနိရောဓာယ၊ ဘဝချုပ်ခြင်းငှါ။ ဓမ္မေ၊တရားတော်ကို။ ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်။ စိတ္တံ၊စိတ်သည်။ နပက္ခန္ဒတိ န အနုပဝိသတိ၊ ဘဝ၌ သာ ယာ မက် မော ခြင်း ကြောင့် ဘဝနိရောဓကို ဆောင်တတ်သော တရားတော်၌ မသက်ဝင်နိုင်။ နပ္ပသီဒတိ၊မယုံကြည်နိုင်။ နသန္တိဋ္ဌတိ၊ မတည်တံ့နိုင်။ နာဓိမုစ္စတိ၊နှလုံးမသွင်းနိုင်။ ဘိက္ခဝေ၊ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ တို့သည်။ ဩလီယန္တိ၊ ကုန်၏။

အကြင်သူသည် ဤသို့ဆိုအပ်ခဲ့ပြီးသော ခုတ် လေး ပါး သို့ သက်နိုင်အောင်ရင်း, မသက်သေးသော်လည်း သက်လုနီးနီးဖြစ်အောင်ရင်း, မိမိစိတ်ကို ကြားသောအစွမ်း မြဲသောအစွမ်း ပရိယတ္တိ၏အစွမ်း အပြားအားဖြင့်သိသောအစွမ်းအားဖြင့် ဤနိဗ္ဗာန်ဟူသည် ရာဂအစရှိသော ကိလေသဒုက္ခ,ရုပ်နာမ်ဟုဆိုအပ်သော ခန္ဓဒုက္ခ, ဤဘေးကြီးနှစ်ပါးအပေါင်းတို့သည် အလျှင်းမရှိရကား အလွန်ငြိမ်သက်ပေ၏ဟု နိဗ္ဗာန်၌ ဝိမိဝိပဿနာစိတ်ကို ရှေ့ရှုဆောင်သည်မည်ပေ၏။

ဥပသံဟရတီတိ ဝိပဿနာစိတ္တံ တာဝ သဝနဝသေန ထုတိဝသေန ပရိယတ္တိဝသေန ပညတ္တိဝသေန ဧတံ

သန္တံ နိဗ္ဗာနန္တိ ဧဝံ အသင်္ခတာယ အမတာယ ခေတုယာ ဥပသံဟရတိ။ ။မဏ္ဍိမပဏ္ဏာသအဋ္ဌကထာ။

ဥပသံဟရတီတိ၊ ဥပသံဟရတိ ဟူသည်ကား။ ဝိပဿနာစိတ္တံ၊ ဝိပဿနာစိတ်သည်။ ယာဝ၊အကြင်မျှလောက်။ သဝနဝသေန၊ ကြားသော အစွမ်းအားဖြင့်၎င်း။ ထုတိဝသေန၊ မြဲသောအစွမ်း အားဖြင့်၎င်း။ ပရိယတ္တိဝသေန၊ ထက်ဝန်းကျင်ရောက်သော အ စွမ်းအားဖြင့်၎င်း။ပညတ္တိဝသေန၊အပြားအားဖြင့်သိသော အစွမ်း အားဖြင့်၎င်း။ဟရတိ၊ဆောင်နိုင်၏။ တာဝ၊ထိုမျှလောက်။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကြီးသည်။ သန္တံ၊ဘေးခပ်သိမ်းတို့ငြိမ်းသည်၏ အဖြစ်ကြောင့် ငြိမ်သက်လှပေ၏။ ဣတိ ဧဝံ၊ဤသို့။ အသင်္ခတာယ၊ အသင်္ခတ ဟု ဆိုအပ်သော။ အမတာယ ခေတုယာ၊နိဗ္ဗာနဓာတ်၌ သာလျှင်။ ဥပသံဟရတိ၊ ရှေးရှုဆောင်၏။

ထိုသို့ရှေးရှုဆောင်အောင် မိမိ၏စိတ်ကို နိဗ္ဗာန်၌ သက်ဝင်ယုံ ကြည်ခြင်းရှိအောင် ထားနိုင်သောသူသည် ဥပသမာနုဿတိဂုဏ် ကိုလည်း နှလုံးသွင်းသောသူမည်၏။ နိဗ္ဗာန်ကိုလည်း သိသော သူမည်၏။ ထိုသို့သိသောအခါ၌ မိမိသန္တာန်၌ဝယ် ရာဂ,ဒေါသ, မောဟ တို့သည် လုယက်အပ်သော သဘော မရှိ။ ဖြောင့်မတ် သောစိတ် ရှိ၏။ ဝိက္ခမ္ဘနပဟာန်ဖြင့် နီဝရဏတို့ကိုခွါ၍ နိဗ္ဗာန်၌ သာလျှင်ညွတ်သော ဝိတက်ဝိစာရတို့သည် ဖြစ်ကုန်၏။ ထိုသို့ဖြစ် သည်ရှိသော် ပီတိ ပဿဒ္ဓိ သုခ ဧကဂ္ဂတာတို့သည် ဈာန်အင်္ဂါကို ဆောင်၍ယူနိုင်ကုန်၏။

တဿေဝံ မဒနိမ္မဒနတာဒိဂုဏဝသေန ဥပသမံ အနုဿ ရတော နေဝ တသ္မိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟော တိ၊ နဒေါသ၊ နမောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ ဥဇုဂတ မေဝဿ တသ္မိံ သမယေ စိတ္တံဟောတိ ဥပသမမာရဗ္ဘ၊ ဣစ္စဿ ဧဝံ ရာဂါဒိ ပရိယုဋ္ဌာနာဘာဝေန ဝိက္ခမ္ဘိတနီဝရ ဏဿ ကမ္မဋ္ဌာနာဘိမုခတာယ ဥဇုဂတစိတ္တဿ ဥပသမ ဂုဏပေါဏာ ဝိတက္ကဝိစာရာ ပဝတ္တန္တိ၊ ဥပသမဂုဏေ

အနုဝိတက္ကယတော အနုဝိစာရယတော ပီတိ ဥပ္ပဇ္ဇတိ၊ ပီတိမနဿ ပီတိပဒဋ္ဌာနာယ ပဿဒ္ဓိယာ ကာယစိတ္တဒရထာ ပဋိပ္ပဿမ္ဘန္တိ၊ ပဿဒ္ဓဒရထဿ ကာယိကမ္ပိ စေတသိကမ္ပိ သုခံ ဥပ္ပဇ္ဇတိ၊ သုခိနော ဥပသမဂုဏာရမ္မဏံ ဟုတွာ စိတ္တံ သမာဓိယတီတိ အနုက္ကမေန ဧကဂ္ဂတော ဈာနင်္ဂါနိ ဥပ္ပဇ္ဇန္တိ။ ။ဝိသုဒ္ဓိမဂ်။

ဧဝံ ယထာဝုတ္တနယေန၊ ဤသို့ ဆိုအပ်ပြီးသော နည်းရှိသော။ မဒနိမ္မဒနတာဒိဂုဏဝသေန၊ ယစ်ခြင်း၏ ကင်းခြင်း အစရှိသော ဂုဏ်၏ အစွမ်းအားဖြင့်။ ဥပသမံ၊နိဗ္ဗာန်ကို။ အနုဿရတော၊ အလီလီအောက်မေ့ဆင်ခြင်သော။ တဿ၊ ထိုဥပသမာနုဿတိကမ္မဋ္ဌာနိကယောဂီအား။ တသ္မိံ သမယေ၊ထိုနိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို အကြိမ်ကြိမ်အလီလီ အောက်မေ့ဆင်ခြင်ရာကာလ၌။ ရာဂပရိယုဋ္ဌိတံ၊ ရာဂသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထရာ ဖြစ်သော။ ဝါ၊ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထသော ရာဂရှိသော။ ဝါ၊ ထက်ဝန်းကျင်မှပေါ်သော ရာဂရှိသော။ ဝါ၊ရာဂကြောင့် ထက်ဝန်းကျင်ထသော။ စိတ္တံ၊စိတ်သည်။ နေဝဟောတိ၊ မဖြစ်။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထရာဖြစ်သော။ စိတ္တံ၊စိတ်သည်။ နဟောတိ၊ မဖြစ်။ မောဟပရိယုဋ္ဌိတံ၊ မောဟသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထရာ ဖြစ်သော။ စိတ္တံ၊ သည်။ နဟောတိ၊မဖြစ်။ တသ္မိံ သမယေ၊၌။ အဿ၊ထိုဥပသမာနုဿတိကမ္မဋ္ဌာနိကယောဂီအား။ ဥပသမံ၊နိဗ္ဗာန်ကို။ ဝါ၊ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို။ အာရဗ္ဘ၊အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဥဇုဂတမေဝ၊ ဖြောင့်သည်သာလျှင်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ရာဂါဒိပရိယုဋ္ဌာနာဘာဝေန၊ ရာဂါဒိပရိယုဋ္ဌာန်၏မရှိခြင်းကြောင့်။ ဝိက္ခမ္ဘိတနီဝရဏဿ၊ ခွါအပ်ပြီးသော နီဝရဏရှိသော။ ကမ္မဋ္ဌာနာဘိမုခတာယ၊ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသည်၏ အဖြစ်ဖြင့်။ ဥဇုဂတစိတ္တဿ၊ ဖြောင့်တန်းသော စိတ်ရှိသော။ အဿ၊ ထိုယောဂီအား။ ဇုတိ ဝုတ္တပကာရေန၊

ဤသို့ဆိုအပ်ခဲ့ပြီးသော ပကာရဖြင့်။ ဥပသမဂုဏပေါဏာ၊ငြိမ်းဧ ခြင်းဂုဏ်သို့ ညွတ်ကုန်သော။ ဝိတက္ကဝိစာရာ၊ ဝိတက်ဝိစာရတို့ သည်။ ပဝတ္တန္တိ၊ဖြစ်ကုန်၏။ ဥပသမဂုဏော၊ငြိမ်းခြေင်းဂုဏ်တို့ကို။ အနုဝိတက္ကယတော၊ တလုံလဲလဲ ကြံသော။ အနုဝိစာရယတော၊ တလုံလဲလဲသုံးသပ်ဆင်ခြင်သော။ အဿ၊ ထိုယောဂီအား။ ပီတိ၊ ဘာဝနာ၏အစွမ်းဖြင့် ဥပစာရဈာန်ကို ပြီးစေတတ်သော ပီတိ သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ပီတိမနဿ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိ သော ပီတိနှင့်တကွ စိတ်ရှိသောသူအား။ ပီတိပဒဋ္ဌာနာယ၊ပီတိ လျှင်နီးသော အကြောင်းရှိသော။ ပဿဒ္ဓိယာ၊ ငြိမ်း ခြင်း ဖြင့်။ ကာယစိတ္တဒရထာ၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၏ ပဋိပက္ခဖြစ်ကုန် သော သုခမာဝတ္တဥဒ္ဒစ္စနှင့် တကွဖြစ်သော ကိလေသာတို့သည်။ ပဋိပ္ပဿမ္ဘန္တိ သန္နိသီဒန္တိ၊ ငြိမ်သက်စွာနေကုန်၏။ ဝါ၊မလှုပ်မရှား စုကုန်၏။ ပဿဒ္ဓဒရထဿ၊ ငြိမ်းပြီးသော ကိလေသာဟူသော ပူ ပန်ခြင်းရှိသောသူအား။ ကာယိကမ္ပိ၊ ကိုယ်၌လည်း ဖြစ်သော။ စေတသိကမ္ပိ၊ စိတ်၌လည်းဖြစ်သော။သုခံ၊ချမ်းသာသည်။ဥပ္ပဇ္ဇတိ၊ ၏။ သုခိနော၊သုခရှိသောသူအား။ ဥပသမဂုဏာရမ္မဏံ၊ ငြိမ်းဧ သောဂုဏ်လျှင် အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊တည်ကြည်၏။ ဇုတိ အနုက္ကမေန၊ ဤသို့သောအစဉ် ဖြင့်။ ဧကက္ခဏော၊ တပြိုင်နက်တည်းသော ခဏာ၌။ ဈာနင်္ဂါနိ၊ ဈာန် အင်္ဂါတို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။

### ၆၄ - နိရောဓသစ္စာ၌ အဘ္ဘာဝ အာဝိဘာဝနာကာရနည်း, အညဘာဝ အာဝိဘာဝနာကာရနည်းတို့ကို ပြခြင်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန် ကြီးကို ကောင်းစွာပြေးဝင်သော စိတ်အားဖြင့် ယုံကြည်ခြင်း, ယုံ ကြည်သည်ဖြစ်၍တည်ခြင်း, တည်သည်ဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြုနိုင် ခြင်း, အာရုံပြုနိုင်သည်ဖြစ်၍ မိမိစိတ်ကိုနိဗ္ဗာန်သို့ ရှေ့ရှုဆောင်နိုင် ခြင်း, ရှေ့ရှုဆောင်လျက် တည်စေသည်ဖြစ်၍ ရာဂပရိယုဋ္ဌာန

ဒေါသပရိယုဋ္ဌာန မောဟပရိယုဋ္ဌာန စသည်တို့မှလွတ်အောင်မြင်သော ဉာဏ်သည် နိဗ္ဗာန်ကိုသိသောဉာဏ်မည်၏ ထိုနိဗ္ဗာန်ကိုသိခြင်းသည်လည်း အတ္တဘာဝ အာဝီဘာဝနာကာရနည်းအားဖြင့်သိခြင်း, အညဘာဝ အာဝီဘာဝနာကာရနည်းအားဖြင့် သိခြင်း, ကေပဋိဝေဓ အာဝီဘာဝနာကာရနည်းအားဖြင့် သိခြင်း အားဖြင့်သုံးပါးအပြားရှိ၏။ ထိုတွင် အစနည်းနှစ်ပါးသည် ကေပဋိဝေဓနည်းကို အစိုးမရ။ ကေပဋိဝေဓ နည်းသည် အစနည်းနှစ်ပါးကိုအစိုးရ၏။

ထင်စွာဆိုဦးအံ့— အကြင်ယောဂီသည် ထိုနည်းသုံးပါးတို့တွင်အတ္တဘာဝ အာဝီဘာဝနာကာရနည်းဖြင့် နိရောဓသစ္စာကို သိလိုအံ့။ ထိုနိရောဓသစ္စာထိုက်သော သဘာဝတရားကို ရှေးဦးစွာလက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့်တကွသဘာဝ လက္ခဏာကိုသိအောင် ဆရာကောင်းတို့ထံ၌ သင်ကြားရာ၏။

ဣမဿ စ ဘိက္ခုနော ပုဗ္ဗေ ပရိဂ္ဂဟတော နိရောဓံ သစ္စိကရောတိ။ ။သမ္ဗော။ ။ဣမဿ စ ဘိက္ခုနော၊ ဤရဟန်းအားကား။ ပုဗ္ဗေ၊ မဂ်သို့မရောက်မီ ရှေးအဘို့၌။ပရိဂ္ဂဟတော၊ဆရာကောင်းတို့ထံ၌ သင်ကြားသောအခါကာလမှ။ ပဋ္ဌာယ၊ စ၍။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္စိကရောတိ၊မျက်မှောက်ပြု၏။

ဤသို့ သင်ကြားပြီး၍ ထိုနိရောဓသစ္စာ၌ သိထိုက်သောဉာဏ်အားဖြင့် လက္ခဏ ရသ စသော သဘော, အဇာတ - အဘူတ စသော သဘော, အသင်္ခတ အမတ စသော သဘော အမျိုးမျိုးတို့ကို ဤသို့သိအပ်၏—

ဤနိဗ္ဗာန်ဟူသည်။ "သဗ္ဗသင်္ခါရေဟိ ဝူပသမတ္တာ သန္တံ" ဟူသော ပရိဘာသာနှင့်အညီ အလုံးစုံသော ကိလေသဒုက္ခ ခန္ဓဒုက္ခဘေးအပေါင်းတို့၏ လွန်စွာငြိမ်းခြင်း လက္ခဏာရှိ၏ဟု ပက္ခန္ဒနအစရှိသောဓာတ်သို့ ပြေးဝင်အောင် တကယ်သိသော ဉာဏ်ရှိ၍ရှင်သည် တဒင်္ဂနိဿရဏ, ဝိက္ခမ္ဘနနိဿရဏ, သမုစ္ဆေဒနိဿရဏ, ပဋိပ္ပဿဒ္ဓိနိဿရဏ, သင်္ခါရနိဿရဏ တရားအပေါင်းတို့တွင်

သင်္ခါရနိဿရဏာသို့ညွတ်သော တဒင်္ဂအစရှိသော နိဿရဏာသို့ သက်ဝင်ရကား ထိုနိဗ္ဗာန်၏ နိဿရဏကိုလည်း သိသည်မည်၏။ လောကီဉာဏ်ဖြင့်လည်း မျက်မှောက်ပြုသည် မည်၏။ အဘယ်ကြောင့်နည်းဟူမူ။ အလုံးစုံသော ကာမုပဓိ ခန္ဓုပဓိ ကိလေသုပဓိ အဘိသင်္ခါရုပဓိ စသည်တို့မှ ထွက်မြောက်ခြင်း၏အကြောင်းကို ရသောကြောင့်တည်း။ ထွက်ကြောင်းဖြစ်သော ဤနိဗ္ဗာန်ကြီးသည် ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက တို့မှ ဆိတ်ရကား ဝိဝေကလည်း မည်၏။ ဤဝိဝေကဖြစ်သော နိဗ္ဗာန် ကြီး သည် အသင်္ခတဓာတ်အစစ်ဖြစ်သော သဘာဝတရားကြီးကိုထားဘိဦး။ ထိုအသင်္ခတသဘောကို ဧကန် မျက် မှောက် ပြုတော်မူကြသော ကျေးဇူးတော်ရှင်ကြီးတို့၏သန္တာန်၌သော်လည်း အသစ်တဘန်ဖြစ်အောင် ပုညာဘိသင်္ခါရ စသည်ကိုပြုခြင်း, ကာယသင်္ခါရစသည်ကိုပြုခြင်း, သင်္ခတသင်္ခါရ, အဘိသင်္ခတသင်္ခါရ, အဘိသင်္ခရဏသင်္ခါရ, ပယောဂါဘိသင်္ခါရ စသည်တို့တွင် ယထာရဟဖြစ်သော သင်္ခါရတရားမျိုးတို့ဖြင့် ပြုပြင်ခြင်းမရှိ။ ဥပဓိလေးပါးတို့မှ ဆိတ်သော အသင်္ခတအစစ်ဖြစ်သော သဘောကြီးမှာမူကား ကံ,စိတ်, ဥတု, အာဟာရ တည်းဟူသောသင်္ခတအကြောင်း, အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်အကြောင်း, ဟေတု အစရှိသော ပစ္စယအကြောင်း, ဤအကြောင်းမျိုးတို့သည် အ လျှင်း မဲ့ ကင်း ရ ကား အသင်္ခတလည်းမည်၏။ ပြုပြင်ကြောင်းမရှိသည်ဖြစ်၍ အသင်္ခတမည်သော နိ ဗ္ဗာန် ကြီး သည် ပြုပြင်တတ်သောတရား မရှိရကား တစုံတခု ဇာတိအားဖြင့် ဖြစ်ဘွယ်လည်းမရှိ။ ဇာတိ မရှိသည်ရှိသော် ဇရာလည်းဖြစ်ဘွယ်မရှိ။ ဇရာမရှိသည်ရှိသော် သေတတ်သော အဘယ်တရားရှိတော့အံ့နည်း။ စင်စစ် မရှိတော့သည်သာလျှင်တည်း။ ထိုမသေတတ်သော သဘာဝတရားသည် အမတမည်၏။ ဤသို့ နိဗ္ဗာန်၏ နိဿရဏ, ဝိဝေက, အသင်္ခတ, အမတ ဟူသော သဘောလေးပါးကို ဟုတ်မှန်သော သဘောအတိုင်းအားဖြင့် သိ သော ဉာဏ်သည် အတ္တဘာဝ အာဝီဘာဝနာကာရ နည်းအားဖြင့် သိသောဉာဏ်မည်၏။

နိရောဓသ္သ နိဿရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော
အမတဋ္ဌော တထဋ္ဌော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

နိရောဓဿ၊ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊သံသရာမှထွက်မြောက်သော အနက်သည်။ တထဋ္ဌော၊မဖောက်မပြန် မှန်သော အနက် မည်၏။ ဝိဝေကဋ္ဌော၊ဥပဓိလေးပါးတို့မှ ဆိတ်သော အနက်သည်။ တထဋ္ဌော၊ မဖောက်မပြန် မှန်သောအနက်မည်၏။ အသင်္ခတဋ္ဌော၊ ပြုပြင်ခြင်းမရှိသော အနက်သည်။ တထဋ္ဌော၊၏။ အမတဋ္ဌော၊သေခြင်းမရှိသော အနက်သည်။ တထဋ္ဌော၊၏။

အညဘာဝအာဝိဘာဝနာကာရ နည်း ဖြင့် သော် ကား။ ရှင်တော်ဘုရားသည် ရှေးဦးစွာသော နိဿရဏဋ္ဌကို ဟောတော်မူခြင်းသည် သဘောအတိုင်းအားဖြင့် ဟုတ်သည်ဖြစ်၍ မှန်ပေ၏။ ဒုတိယစသောပုဒ်တို့၏အနက်ကိုအဘယ်သဘောတို့ကိုမြင်တော်မူသောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့— ဇာတိဇရာဗျာဓိ မရဏ စသည်တို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်အပ်သော တေဘူမက တရားသည်ကား အလွန် ကြောက် ဘွယ်ကောင်းလှ၏။ ထိုကြောက်ဘွယ် ကောင်းလှသော တေဘူမက တရားကြီးသည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူ။ လောဘ အစရှိသော သမုဒယကြောင့်ဖြစ်၏။ နိဿရဏဟု ဆိုအပ်သော ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကြီး၌ကား ဤလောဘ အစရှိသော အကြောင်းတရား ဆိတ်သည်ဖြစ်၍ အကျိုးတရားလည်း ဆိတ်၏။ ထိုကြောင့်ဆိတ်စေအပ်သော သမုဒယသစ္စာကိုမြင်တော်မူသဖြင့်။ ဝါ၊ သမုဒယသစ္စာကုန်ခြင်းကို မြင်တော်မူသဖြင့် ဆိတ်စေတတ်သော ဒုတိယဝိဝေကကို ဟောတော်မူ၏။ တတိယအနက်ကိုကား ဘုံသုံးပါး၌ ဖြစ်ခြင်းအကြောင်း သမုဒယသစ္စာကို အဘယ်တရားဖြင့်ပယ်အံ့နည်းဟူမူ။ မဂ္ဂသစ္စာဖြင့် ပယ်အပ်၏ဟု သူစိလောမဘိလူးအား ဟောတော်မူခြင်းကြောင့် သမုဒယသစ္စာကို ပယ်နိုင်သော တေဘူမကတရားကိုမပြုပြင်အပ်သော မဂ္ဂသစ္စာကိုမြင်တော်မူသောကြောင့်။ ဝါ၊ အကြောင်းမရှိသည်ကို မြင်တော်မူသော

ကြောင့် မပြုမပြင်တတ်သော တတိယအသခ်တအနက်ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့် မပယ်ခဲ့သည်ရှိသော် တေဘူမကတရားသည်ဖြစ်ပေါ်လာရပြန်၏။ ထိုတေဘူမကတရားဖြစ်ပေါ်ပြန်လျှင် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းသဘောတရား တို့သည် ဖြစ် ပေါ် လာ ရ ပြန် ၏။ ဤအသခ်တခေတ်နိဗ္ဗာန်ကြီး၌ကား ဤသို့မဟုတ်။ ထိုကြောင့် သေတတ်သော ဒုက္ခ သစ္စာ ကို မြင် တော် မူ သ ဖြင့် မသေတတ်သော နိရောဓသစ္စာ၏ စတုတ္ထအနက် အမတကိုဟောတော်မူ၏။ ဤသို့လျှင် တပါးသောသ ဘော ကို မြင် သ ဖြင့် မိ မိ ၏ သ ဘော အား ထင်စွာပြခြင်းကို ကောင်း စွာ မြင် သော ဉာဏ် သည် နိရောဓသစ္စာ၌ အညဘာဝ အာဝိဘာဝနာကာရနည်းအားဖြင့် သိသော ဉာဏ် မည်၏။

> နိဿရဏ္ဍီ ဧတ္ထ သတ္တာ သယမေဝ ဝါ နိဿဋံ ဝိသံယုတ္တံ သဗ္ဗသခ်တေဟိ သဗ္ဗုပဓိပဋိနိဿဂ္ဂဘာဝတောတိ နိဿရဏံ၊အယမဿ သဘာဝေန အာဝိဘာဝနာကာရော၊ ဝိဝေကာသခ်တာမတဋ္ဌာ သမုဒယ မဂ္ဂ ဒုက္ခဒဿနာ ဝိဘာဝနာကာရာ၊ သမုဒယက္ခယအပ္ပစ္စယအဝိနာသိတာ ဝါ။ ။ဝိဘင်းမူလဋီကာ။

ဧတ္ထ၊ဤနိဗ္ဗာန်၌။ သတ္တာ၊ သတ္တဝါတို့သည်။ နိဿရဏ္ဍီ၊ ဝဋ်မှ ထွက်မြောက်တတ်ကုန်၏။ ဝါ၊တနည်းကား။ သယမေဝ၊မိမိသည် ပင်လျှင်။သဗ္ဗသခ်တေဟိ၊အလုံးစုံသော သခ်တတရားတို့မှ။ နိဿဋံ ဝိသံယုတ္တံ၊ ကင်းသည်တည်း။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ သဗ္ဗုပဓိပဋိနိဿဂ္ဂဘာဝတော၊ အလုံးစုံသော ခန္ဓုပဓိ အစရှိသည်တို့၏ စွန့်လွှတ်ရာ၏အဖြစ်ကြောင့်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဿရဏံ၊ နိဿရဏမည်၏။ အယံ၊ ဤနိဿရဏဋ္ဌသည်။ အဿ၊ထိုနိရောဓသစ္စာ၏။ သဘာဝေန၊ မိမိသဘောဖြင့်။ အာဝိဘာဝနာကာရော၊ ထင်ရှားသောအခြင်းအရာတည်း။ ဝိဝေကာသခ်တာမတဋ္ဌာ၊ ဝိဝေကဋ္ဌ အသခ်တဋ္ဌ အမတဋ္ဌ တို့သည်။

သမုဒယမဂ္ဂဒုက္ခဒသနာဝိဘာဝနာကာရာ၊ သမုဒယသစ္စာ မဂ္ဂသစ္စာ ဒုက္ခသစ္စာကို မြင်ခြင်းတို့ဖြင့် ထင်ရှားသော အခြင်းအရာရှိကုန်၏။ ဝါ၊ တနည်းကား။ သမုဒယက္ခယ အပ္ပစ္စယ အဝိနာသိတာ၊သမုဒယသစ္စာ၏ကုန်ရာကုန်ကြောင်း၏အဖြစ် အကြောင်းကင်းသည်၏အဖြစ် မပျက်စီးအပ်သည်၏အဖြစ်သည်။ ဝိဝေကာသခ်တာမတဋ္ဌာ၊ ဝိဝေကဋ္ဌ အသခ်တဋ္ဌ အမတဋ္ဌ မည်ကုန်၏။

ဤကား အသခ်တဖြစ်သောနိဗ္ဗာန်၌ တိုက် ရိုက် ပြ အပ် သော နည်းနှစ်ပါးတို့ပေတည်း။ ပရိယာယ်ဖြင့် ဟောတော်မူအပ်သော သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် တို့၌လည်း ဤနှစ်ပါးအတိုင်းပင် ယူအပ်၏။ အထူးမှာ သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဝေါ်ရာ၌ အသခ်တနိဗ္ဗာန်ကိုစွဲ၍ အကြောင်းဖြစ်သော အသခ်တနိဗ္ဗာန်အမည်ကို ကိလေသာတို့ ကုန်ခြင်းအကျိုးရှိသော သဉပါဒိသေသနိဗ္ဗာန်၌ရင်း ခန္ဓာငါးပါးကုန်ခြင်းအကျိုးရှိသော အနုပါဒိသေသနိဗ္ဗာန်၌ရင်း တင်စား၍ ဖလူပစာရအားဖြင့် ခေါ်ဝေါ်ခြင်းကြောင့် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်အမည်ကို ရ၏။

> တေသွံ အတ္တေ ကာရဏေ ဖလောပစာရံ ကတွာ နိရောဓ
> ပစ္စယော နိရောဓောတိ ဝုတ္တော။ ။ဝိဘင်းမူလဋီကာ။

တေသွံ အတ္တေ၊ ဤတတိယဝိကပ်၌။ ကာရဏေ၊ အကြောင်းဖြစ်သော နိဗ္ဗာန်၌။ ဖလောပစာရံ၊ အကျိုးဖြစ်သော တဘာန်မဖြစ်ခြင်းဟုဆိုအပ်သောချုပ်ခြင်း၌ တင်စားခြင်းကို။ ကတွာ၊ ပြု၍။ နိရောဓပစ္စယော၊ တဘာန်မဖြစ်ခြင်းဟုဆိုအပ်သော ချုပ်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော သဘောကို။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုတ္တော၊ဟောအပ်၏။

ထိုကြောင့် သဉပါဒိသေနိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာ၌လည်း နိဿရဏ ဝိဝေက အသခ်တ အမတ ဟု ဆိုအပ်သော အနက်လေးပါးတို့၏ အတ္တဘာဝ အာဝိဘာဝနာကာရနည်း အညဘာဝ အာဝိဘာဝနာကာရနည်းနှစ်ပါးတို့ကို သိအပ်ကုန်၏။

ယင်စေအံ့— ဤနိဗ္ဗာန်ဟူသည် ''သဗ္ဗသင်္ခါရေဟိ ဝူပသမတ္တာ သန္တိ'' ဟူသော ပရိဘာသာနှင့်အညီ အလုံးစုံသော ကိလေသဒုက္ခ ခန္ဓဒုက္ခ ဘေးအပေါင်းတို့၏ လွန်စွာငြိမ်းခြင်းလက္ခဏာ ရှိ၏ဟု ပဂ္ဂုန္ဒနအစရှိသော ခေတ်သို့ ပြေးဝင်အောင် တကယ် သိသောဉာဏ်ရှင်သည် တဒင်္ဂနိဿရဏ, ဝိက္ခမ္ဘနနိဿရဏ, သမုစ္ဆေဒနိဿရဏ, ပဋိပ္ပဿဒ္ဓိနိဿရဏ, သင်္ခါရနိဿရဏတရား အပေါင်းတို့တွင် သင်္ခါရနိဿရဏသို့ညွှတ်သော တဒင်္ဂအစရှိသော နိဿရဏသို့ သက်ဝင်ရကား ထိုနိဗ္ဗာန်၏နိဿရဏကိုလည်း သိ သည်မည်၏။ လောကီဉာဏ်ဖြင့်လည်း မျက်မှောက်ပြုသည်မည်၏။ အဘယ့်ကြောင့် နည်းဟူမူ။ အလုံးစုံသော ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ စသည်တို့မှ ထွက်မြောက်ခြင်း၏ အ ကြောင်းကိုရသောကြောင့်တည်း။ ယွက်ကြောင်းဖြစ်သော ဤ နိဗ္ဗာန်ကြီးသည် ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ တို့မှဆိတ်ရကား ဝိဝေကလည်းမည်၏။ ဤဝိဝေကဖြစ်သောနိဗ္ဗာန် ကြီးသည် အသင်္ခတဓာတ်အစစ်ဖြစ်သော သဘာဝတရားကြီးကို ထားဘိဦး။ ထိုအသင်္ခတသဘောကို ကေန်မျက်မှောက်ပြုတော်မူ ကြသော ကျေးဇူးတော်ရှင်ကြီးတို့၏ သန္တာန်၌သော်လည်း အ သင်္ခတဘာန်ဖြစ်အောင် ပုညာဘိသင်္ခါရစသည်ကိုပြုခြင်း, ကာယ သင်္ခါရစသည်ကိုပြုခြင်း, သင်္ခတသင်္ခါရ, အဘိသင်္ခတသင်္ခါရ, အဘိ သင်္ခရဏသင်္ခါရ, ပယောဂါဘိသင်္ခါရ စသည်တို့တွင် ယထာရဟ ဖြစ်သော သင်္ခါရမျိုးတို့ဖြင့် ပြုပြင်ခြင်းမရှိ။ ဥပဓိလေးပါးတို့မှ ဆိတ်သော အသင်္ခတအစစ်ဖြစ်တော်မူသော သဘောကြီးမှာ မူကား ကံ, စိတ်, ဥတု, အဟာရတည်းဟူသော သင်္ခတအကြောင်း, အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်အကြောင်း, ဟေတုအစရှိသော ပစ္စယအကြောင်း ဤအကြောင်းမျိုးတို့သည် အလျှင်းကင်းရကား အသင်္ခတလည်းမည်၏။ ပြုပြင်ကြောင်းမရှိသည်ဖြစ်၍ အသင်္ခတ မည်သောနိဗ္ဗာန်ကြီးသည် ပြုပြင်တတ်သောတရားမရှိရကား တစုံ တခုဇာတိအားဖြင့် ဖြစ်ဘွယ်လည်းမရှိ။ ဇာတိမရှိသည်ရှိသော် ဇရာလည်း ဖြစ်ဘွယ်မရှိ။ ဇရာမရှိသည်ရှိသော် သေတတ်သော

အဘယ်တရား ရှိတော့အံ့နည်း။ စင်စစ် မရှိတော့သည်သာလျှင် တည်း။ ထိုမသေတတ်သော သဘာဝဘရားသည် အမတမည်၏။ ဤသို့ နိဿရဏ, ဝိဝေက, အသင်္ခတ, အမတ ဟူသော သဘော လေးပါးကို ဟုတ်မှန်သော သဘောအတိုင်းအားဖြင့် သိသော ဉာဏ်သည် အတ္တဘာဝအာဝိဘာဝနာကာရနည်းအားဖြင့် သိသော ဉာဏ်မည်၏။ ။အာဂုံကို အထက်ကရေးခဲ့ပြီ။

အညဘာဝအာဝိဘာဝနာကာရနည်းဖြင့်သော်ကား ရှင်တော် ဘုရားသည် ရှေးဦးစွာသော နိဿရဏဋ္ဌကို ဟောတော်မူခြင်း သည်သဘောအတိုင်းအားဖြင့် ဟုတ်သည်ဖြစ်၍မှန်ပေ၏။ ဒုတိယ စသောပုဒ်တို့၏အနက်ကို အဘယ်သဘောတို့ကို မြင်တော်မူသော ကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့— ဇတိ, ဇရာ, ဗျာဓိ, မရဏ စသည်တို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင် အပ်သော တေဘူမက တရားသည်ကား အလွန် ကြောက်ဘွယ် ကောင်းလှ၏။ ထိုကြောက်ဘွယ်ကောင်းလှသော တေဘူမက တရားကြီးသည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူ။ ဘောဘအစရှိ သော သမုဒယကြောင့်ဖြစ်၏။ နိဿရဏဟုဆိုအပ်သော ထွက် မြောက်ရာဖြစ်သော ဤနိဗ္ဗာန်ကြီး၌ကား ဤလောဘအစရှိသော အကြောင်းတရား ဆိတ်သည်ဖြစ်၍ အကျိုးတရားလည်းဆိတ်၏။ ထို့ကြောင့် ဆိတ်စေအပ်သော သမုဒယသစ္စာကို မြင်တော်မူသ ဖြင့်၊ ဝါ၊ သမုဒယသစ္စာကုန်ခြင်းကို မြင်တော်မူသဖြင့် ဆိတ်စေ တတ်သော ဒုတိယဝိဝေကကို ဟောတော်မူ၏။ တတိယအနက် ကိုကား ဘုံသုံးပါး၌ဖြစ်ခြင်းအကြောင်း သမုဒယသစ္စာကိုအဘယ် တရားဖြင့် ပယ်ရအံ့နည်းဟူမူ။ မဂ္ဂသစ္စာဖြင့် ပယ်အပ်၏ဟု သူစိ လောမဘီလူးအား ဟောတော်မူခြင်းကြောင့် သမုဒယသစ္စာကို ပယ်နိုင်သော တေဘူမကတရားကိုမပြုပြင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသောကြောင့်။ ဝါ၊ အကြောင်းမရှိသည်ကို မြင်တော် မူသောကြောင့် မပြုမပြင်တတ်သော တတိယ အသင်္ခတအနက်ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား သမုဒယသစ္စာကို မဂ္ဂ

သစ္စာဖြင့် မပယ်ခဲ့သည်ရှိသော် တေဘူမကတရားသည် ဖြစ်ပေါ်လာရပြန်၏။ ထိုတေဘူမကတရား ဖြစ်ပေါ်ပြန်လျှင် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း သဘောတရားတို့သည် ဖြစ်ပေါ်လာရပြန်၏။ ဤအသင်္ခတဓာတ်နိဗ္ဗာန်ကြီး၌ကား ဤသို့မဟုတ်။ ထိုကြောင့် သေတတ်သော ဒုက္ခသစ္စာကို မြင်တော်မူသဖြင့်။ မသေတတ်သော နိရောဓသစ္စာ၏ စတုတ္ထအနက် အမတကို ဟောတော်မူ၏။ ဝါ၊ အဝိနာသိတ အနက်ကို မြင်တော်မူသောကြောင့် ဟောတော်မူ၏။ ဤသို့လျှင် တပါးသော သဘောကိုမြင်သဖြင့် မိမိ၏သဘောအား ထင်စွာပြခြင်းကို ကောင်းစွာမြင်သောဉာဏ်သည် အညဘာဝအာဝိဘာဝနာကာရနည်းအားဖြင့် သိသောဉာဏ် မည်၏။ ။အာဂုံကို အထက်ကပြခဲ့ပြီ။

ဌင်းနည်းတူ အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာ၌လည်း နိဿရဏ, ဝိဝေက, အသင်္ခတ, အမတ ဟုဆိုအပ်သော အနက်လေးပါးတို့၏ အတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရ နည်းနှစ်ပါးတို့ကို သိအပ်၏။ ဤနိဗ္ဗာန်ဟူသည်။ ''သဗ္ဗသင်္ခါရေဟိ ဝူပသမတ္တာ သန္တံ'' ဟူသော ပရိဘာသာနှင့်အညီ အလုံးစုံသော ကိလေသဒုက္ခ ခန္ဓဒုက္ခ ဘေးအပေါင်းတို့၏ လွန်စွာငြိမ်းခြင်းလက္ခဏာရှိ၏။ ပက္ခန္ဒန အစရှိသော ဓာတ်သို့ ပြေးဝင်အောင် တကယ်သိသော ဉာဏ်ရှင်သည် တဒင်္ဂနိဿရဏ, ဝိက္ခမ္ဘနနိဿရဏ, သမုစ္ဆေဒနိဿရဏ, ပဋိပဿဒ္ဓိနိဿရဏ, သင်္ခါရနိဿရဏ တရားအပေါင်းတို့တွင် သင်္ခါရနိဿရဏသို့ညွတ်သော တဒင်္ဂအစရှိသော နိဿရဏသို့ သက်ဝင်ရကား ထိုနိဗ္ဗာန်၏ နိဿရဏကိုလည်း သိသည်မည်၏။ လောကီဉာဏ်ဖြင့် မျက်မှောက်ပြုသည်လည်းမည်၏။ အဘယ်ကြောင့်နည်းဟူမူ။ အလုံးစုံသော ကာမုပဓိ,ခန္ဓုပဓိ,ကိလေသုပဓိ,အဘိသင်္ခါရုပဓိ စသည်တို့မှ ထွက်မြောက်ခြင်း၏အကြောင်းကို ရသောကြောင့်တည်း။ ထွက်ကြောင်းဖြစ်သော ဤနိဗ္ဗာန်ကြီးသည် ကာမုပဓိ, ခန္ဓုပဓိ,ကိလေသုပဓိ,အဘိသင်္ခါရုပဓိ တို့မှ ဆိတ်ရကား ဝိဝေက

လည်းမည်၏။ဤဝိဝေကဖြစ်သောနိဗ္ဗာန်ကြီးသည် အသင်္ခတခေတ် အစစ်ဖြစ်သော သဘာဝတရားကြီးကို ထားဘိဦး။ ထိုအသင်္ခတ သဘောကို ကေန်မျက်မှောက်ပြုတော်မူကြသောကျေးဇူးတော်ရှင် ကြီးတို့၏ သန္တာန်၌သော်လည်း အသစ်တဘန်ဖြစ်အောင် ပုညာ ဘိသင်္ခါရစသည်ကိုပြုခြင်း, ကာယသင်္ခါရစသည်ကိုပြုခြင်း, သင်္ခတ သင်္ခါရ, အဘိသင်္ခတသင်္ခါရ, အဘိသင်္ခရဏသင်္ခါရ, ပယောဂါဘိ သင်္ခါရစသည်တို့တွင် ယထာရဟဖြစ်သော သင်္ခါရမျိုးတို့ဖြင့် ပြုပြင် ခြင်းမရှိ။ ဥပမိလေးပါးတို့မှ ဆိတ်သော အသင်္ခတအစစ် ဖြစ် သော သဘောကြီးမှာမူကား ကံ,စိတ်,ဥတု,အာဟာရ တည်းဟူ သော သင်္ခတ အကြောင်း, အဝိဇ္ဇာ အစရှိသော ပဋိစ္စသမုပ္ပါဒ် အကြောင်း, ဟေတု အစရှိသော ပစ္စယအကြောင်း,ဤအကြောင်း မျိုးတို့သည် အလျှင်းကင်းရကား အသင်္ခတလည်းမည်၏။ ပြုပြင် ကြောင်းမရှိသည်ဖြစ်၍ အသင်္ခတမည်သော နိဗ္ဗာန်ကြီးသည် ပြု ပြင်တတ်သော တရား မရှိရကား တစုံတခု ဇာတိအားဖြင့် ဖြစ် ဘွယ်လည်းမရှိ။ ဇာတိမရှိသည်ရှိသော် ဇရာလည်းဖြစ်ဘွယ်မရှိ။ ဇရာမရှိသည်ရှိသော် သေတတ်သော အဘယ်တရား ရှိတော့အံ့ နည်း။ စင်စစ် မရှိတော့သည်သာလျှင်တည်း။ ထို မသေတတ် သော သဘာဝတရားသည် အမတမည်၏။ ဤသို့ နိဗ္ဗာန်၏ နိဿ ရဏ, ဝိဝေက, အသင်္ခတ, အမတ ဟူသော သဘောလေးပါးကို ဟုတ်မှန်သော သဘော အတိုင်း အားဖြင့် သိသော ဉာဏ် သည် အတ္တဘာဝအာဝီဘာဝနာကာရ နည်းအားဖြင့် သိသောဉာဏ် မည် ၏။ ။အာဂုံကို အထက်ကပြခဲ့ပြီ။

အညဘာဝအာဝီဘာဝနာကာရနည်းဖြင့်သော်ကား ရှင်တော် ဘုရားသည် ရှေးဦးစွာသော နိဿရဏဋ္ဌကို ဟောတော်မူခြင်း သည် သဘောအတိုင်းအားဖြင့် ဟုတ်သည်ဖြစ်၍မှန်ပေ၏။ဒုတိယ စသောပုဒ်တို့၏အနက်ကို အဘယ်သဘောတို့ကို မြင်တော်မူသော ကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့— ဇာတိ ဇရာ ဗျာဓိ မရဏ စသည်တို့ဖြင့် ညီးညီးပြောင်ပြောင် တောင်လောင်အပ်

သော တေဘူမက တရားသည် ကား အလွန် ကြောက် ဘွယ် ကောင်းလှ၏၊ ထိုကြောက်ဘွယ် ကောင်းလှသော တေဘူမက တရားကြီးသည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူ။ လောဘအစရှိသော သမုဒယကြောင့်ဖြစ်၏။ နိဿရဏဟုဆိုအပ်သော ထွက်မြောက်ရာဖြစ်သော ဤနိဗ္ဗာန်ကြီး၌ကား ဤလောဘ အစရှိသော အကြောင်းတရား ဆိတ်သည်ဖြစ်၍ အကျိုးတရားလည်း ဆိတ်၏။ ထိုကြောင့် ဆိတ်စေအပ်သော သမုဒယသစ္စာကိုမြင်တော်မူသဖြင့်။ ဝါ၊ သမုဒယသစ္စာကုန်ခြင်းကို မြင်တော်မူသဖြင့် ဆိတ်စေတတ်သော ဒုတိယဝိဝေက ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ဘုံသုံးပါး၌ ဖြစ်ခြင်းအကြောင်း သမုဒယသစ္စာကို အဘယ်တရားဖြင့် ပယ်ရအံ့နည်းဟူမူ။ မဂ္ဂသစ္စာဖြင့် ပယ်အပ်၏ဟု သူစိလောမဘီလူးအား ဟောတော်မူခြင်းကြောင့် သမုဒယသစ္စာကို ပယ်နိုင်သော, တေဘူမကတရားကို မပြုပြင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသောကြောင့်။ ဝါ၊ အကြောင်းမရှိသည်ကို မြင်တော်မူသောကြောင့် မပြုမပြင်တတ်သော တတိယ အသင်္ခတအနက်ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့် မပယ်ခဲ့သည်ရှိသော် တေဘူမကတရားသည် ဖြစ်ပေါ်လာရပြန်၏။ ထိုတေဘူမကတရား ဖြစ်ပေါ်ပြန်လျှင် ပဋိသန္ဓေနေခြင်း,အိုခြင်း,သေခြင်း သဘောတရားတို့သည် ဖြစ်ပေါ်လာရပြန်၏။ ဤအသင်္ခတဓာတ် နိဗ္ဗာန်ကြီး၌ကား ဤသို့မဟုတ်။ ထိုကြောင့် သေတတ်သော ဒုက္ခသစ္စာကို မြင်တော်မူသဖြင့် မသေတတ်သော နိရောဓသစ္စာ၏ စတုတ္ထအနက် အမတ ကို ဟောတော်မူ၏။ ဝါ၊ အဝိနာသိတအနက်ကို မြင်တော်မူသောကြောင့် ဟောတော်မူ၏။ ဤသို့လျှင် တပါးသော သဘောကိုမြင်သဖြင့် မိမိ၏သဘောအား ထင်စွာပြခြင်းကို ကောင်းစွာမြင်သောဉာဏ်သည် နိရောဓသစ္စာ၌ အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိသောဉာဏ် မည်၏။ ။အာဂုံကို အထက်ကပြခဲ့ပြီ။

၎င်းနည်းတူ သုညတနိဗ္ဗာန် အနိမိတ္တနိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန်တို့၌၎င်း အဇာတံ,အဘူတံ,အကတံ စသော မချပရိယာယ်

အမျိုးမျိုးတို့ဖြင့် ဟောတော်မူအပ်သော နိဗ္ဗာန်တို့၌၎င်း ဤအတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရနည်းနှစ်ပါးတို့ကို အစဉ်အတိုင်း ယှက်ခါယှက်ခါသွင်း၍ မြင်တော်မူကြစေကုန်သတည်း။ ဟောတော်မူသောအတိုင်း နည်းနှစ်ပါးတို့ဖြင့် နိဗ္ဗာန်ပရိယာယ်ဟူသမျှတို့၌ ပြရပါမူ။ အဘယ်နံရောအခါဆုံးနိုင်တော့အံ့နည်း။ ဤနည်းနှစ်ပါးတို့ဖြင့် နိဗ္ဗာန်၏သဘောကိုသိရခြင်းသည် အနုမာနသိခြင်းလည်းမည်၏။ အနုဗောဓသိခြင်းလည်းမည်၏။ သံသရာမှမလွတ်နိုင်သေး။ ထိုသို့မလွတ်နိုင်သေးပါသော်လည်း လွတ်ကြောင်း ဥပနိဿယကြီးကိုကား ကေန်ရသည်ဖြစ်၍ စင်စစ် ယောနိသော မနသိကာရအားဖြင့် အမြဲနိစ္စသိအောင် အားထုတ်ကုန်ရာသည်။ အားထုတ်တော်မူကြပါကုန်။

ယခုရေးလတ္တံ့သော သံသရာမှ ထွက်မြောက်နိုင်သော ကေပဋိဝေဓနည်းကြီးကိုကား မဂ္ဂသစ္စာ၏ မဂ်ဉာဏ်၏အဖွင့်နှင့် စပ်ယှက်၍ ယူတော်မူကြပါ။ ယခုနိရောဓသစ္စာကား မြင်အပ်သောတရားဖြစ်ပါသည်။ ထိုကြောင့် မဂ်ဉာဏ်ဖြင့် မြင်အပ်သောနိဗ္ဗာန်ဟူသည် ယခုကေပဋိဝေဓနည်းကစ၍ မှတ်တော်မူကြပါ။ ပြန်၍ကြည့်တော်မူကြပါ။ ။( ဤကား အမှာတည်း။)

### ၆၅-နိရောဓသစ္စာ၌ ကေပဋိဝေဓနည်းကိုပြခြင်း။

သံသရာမှ ကေန်ထွက်မြောက်စေတတ်သော ကေပဋိဝေဓနည်းဟူသော်ကား အကြင်ယောဂီသည် အစဉ်အတိုင်းအားဖြင့် လောကီဝိသုဒ္ဓိခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ နှစ်ပါးကို အရင်းထား၍ ဒိဋ္ဌိဝိသုဒ္ဓိ စသော ဝိသုဒ္ဓိငါးပါးကို ကိုယ်ပြုလျက် ဝိပဿနာဘူမိ ဖြစ်သော ဒုက္ခသစ္စာ၌ ဆို အပ် ခဲ့ ပြီး သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသော သဘောတရားတို့၌ နှုတ်သို့တက်အောင် ဆောင်ရွက်ခြင်း တည်းဟူသော ဥဂ္ဂဟ, သံသယကင်းပျောက်အောင် မေးမြန်းခြင်းတည်းဟူသော ပရိပုစ္ဆာတို့အစွမ်းအားဖြင့် ဉာဏ်ကိုရင့်စေ၍ ကိုယ်ဖြစ်သော အထက်ဝိသုဒ္ဓိငါးပါးတို့ကို ပြည့်စုံစေလျက်ပွားများရာ၏။

ကထံ ဘာဝေတဗ္ဗာတိ ဧတ္ထ ပန ယသ္မာ ဣမာယ ပညာယ ခန္ဓာယတနဓာတုဣန္ဒြိယသစ္စပဋိစ္စသမုပ္ပါဒါဒိဘေဒါ ဓမ္မာ ဘူမိ၊ သီလဝိသုဒ္ဓိ စေဝ စိတ္တဝိသုဒ္ဓိ စာတိ ဣမာ ဒွေ ဝိသုဒ္ဓိ ယော မူလံ၊ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓီတိ ဣမာ ပဉ္စ ဝိသုဒ္ဓိယော သရီရံ၊ တသ္မာ တေသု ဘူမိဘူတေသု ဓမ္မေသု ဥဂ္ဂဟပရိပုစ္ဆာဝသေန ဉာဏပရိစယံ ကတွာ မူလဘူတာ ဒွေ ဝိသုဒ္ဓိယော သမ္ပာဒေတွာ သရီရဘူတာ ပဉ္စ ဝိသုဒ္ဓိယော သမ္ပာဒေန္တေန ဘာဝေတဗ္ဗာ။ ။ဝိသုဒ္ဓိမဂ်။

ပန၊အဘိုတပါးကိုဆိုဦးအံ့။ ကထံ ဘာဝေတဗ္ဗာတိ ဧတ္ထ၊ကထံ ဘာဝေတဗ္ဗာ ဟူသော ပြဿနာ၌။ ယသ္မာ၊ အကြင် ကြောင့်။ ဣမာယ ပညာယ၊ ဤဝိပဿနာပညာ၏။ ခန္ဓာယတနဓာတုဣန္ဒြိယသစ္စပဋိစ္စသမုပ္ပါဒါဒိဘေဒါ၊ ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပါဒ်စသည်အပြား ရှိကုန်သော။ ဓမ္မာ၊သဘောတရားတို့သည်။ ဘူမိ၊ဖြစ်ရာဘုံမည်၏။ သလက္ခဏာဒိဂ္ဂဟဏဝသေန၊မိမိတို့လက္ခဏာ စသည်ကို မှတ်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တိဋ္ဌာန ဘာဝတော၊ ဖြစ်ရာဌာန၏ အဖြစ်ကြောင့်တည်း။သီလဝိသုဒ္ဓိ စေဝ၊သီလဝိသုဒ္ဓိဎင်း။ စိတ္တဝိသုဒ္ဓိ စ၊ စိတ္တဝိသုဒ္ဓိဎင်း။ ဣတိ ဣမာ ဒွေ ဝိသုဒ္ဓိယော၊ ဤ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ နှစ်ပါးတို့သည်။ မူလံ၊ အမြစ်အခြေမည်၏။ ပတိဋ္ဌာဘာဝတော၊ တည်ရာ၏ အဖြစ်ကြောင့်တည်း။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိဎင်း။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဎင်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဎင်း။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဎင်း။ ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဎင်း။ ဣတိ ဣမာ ပဉ္စ ဝိသုဒ္ဓိယော၊ ဤငါးပါးသော ဝိသုဒ္ဓိတို့သည်။ သရီရံ၊ကိုယ်မည်၏။ ပရိဗြူဟေတဗ္ဗတော၊ ပွားစေအပ်သည်၏ အ ဖြစ် ကြောင့် တည်း။ တသ္မာ၊ ထိုကြောင့်။ဘူမိဘူတေသု၊ဘူမိဖြစ်၍ဖြစ်ကုန်သော။တေသု

မမွေသု၊ ထိုခန္ဓာစသော တရားတို့၌။ ဥဂ္ဂဟပရိပုစ္ဆာဝသေန၊ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း၏ အစွမ်းဖြင့်။ ဝါ၊ သင်ခြင်း မေးမြန်းခြင်း၏ အစွမ်းဖြင့်။ ဉာဏပရိစယံ၊ ဉာဏ်ဖြင့်လေ့ကျက်ခြင်းကို။ ကတွာ၊ပြု၍။ မူလဘူတာ၊အမြစ်အခြေဖြစ်ကုန်သော။ ဒွေ ဝိသုဒ္ဓိယော၊ နှစ်ပါးသော ဝိသုဒ္ဓိတို့ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ သရီရဘူတာ၊ ကိုယ်ဖြစ်၍ဖြစ်ကုန်သော။ ပဉ္စ ဝိသုဒ္ဓိယော၊ငါးပါးသော ဝိသုဒ္ဓိတို့ကို။ သမ္ပာဒေန္တေန၊ပြည့်စုံစေ၍။ဘာဝေတဗ္ဗာ၊ ပွားအပ်၏။

ဤသို့ ဝိသုဒ္ဓိ ခုနစ်ပါးတို့၏ အစဉ်အတိုင်း ပွားဟန်ကို မဂ္ဂသစ္စာ၌ တွေ့လတ္တံ့။ ထိုစကားသင့်စွ။ ထိုစကားကို ထင်စွာဆိုဦးအံ့။ ။''နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ၊ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ'' ဟူသော ဝစနတ္ထနှင့်အညီ နိဗ္ဗာန်ကို ရှာမှီးခြင်း ကိလေသာကိုသတ်လျက် နိဗ္ဗာန်ကိုသွားခြင်း ရောက်ခြင်း ဟူသောအနက်ကြောင့် မဂ်မည်၏။ ထိုမဂ်သည်လည်း သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ် အားဖြင့် လေးပါး, အာဝတ္တန အားဖြင့်တပါး,ဟူသော ဇာတိဘေဒကို ရအပ်၏။ ထိုလောကုတ္တရာမဂ်သည် လောကီအကုသိုလ် ကုသိုလ်မဂ်တို့ကဲ့သို့ ဇနကအကြောင်းမဟုတ်။ နိဗ္ဗာန်သို့ ရောက်စေတတ်သောအကြောင်းဖြစ်၍ သမ္ပာပက အကြောင်းသာဖြစ်၏။ နိဗ္ဗာန်သည် အရိယာ မဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အကျိုးမည်၏။

> "ဌေ စ နိဗ္ဗာနံ ပတ္တဗ္ဗော အဌော၊ မဂ္ဂေါ သမ္ပာပကော ဟေတု''။ ။အဘိဓမ္မတ္ထဝိကာသနိဋ္ဌိကာ။
>
> ''ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန၊န ဥပ္ပါဒေတဗ္ဗံ''[1]။ ။ဝိသုဒ္ဓိမဂ်။

ဌေစ၊ ဤအဌငါးပါး တို့တွင်လည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပတ္တဗ္ဗော၊ အရိယာမဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော။ အဌော၊အကျိုးဖြစ်သော အနက်မည်၏။ မဂ္ဂေါ၊အရိယာ

မဂ်သည်။ သမ္ပာပကော၊နိဗ္ဗာန်သို့ရောက်စေတတ်သော။ ဟောတု၊ အကြောင်းမည်၏။ ။ဟိ သစ္စံ၊မှန်၏။ တံ၊ထိုနိဗ္ဗာန်သည်။မဂ္ဂေန၊ အရိယာမဂ်သည်။ ပတ္တဗ္ဗမေဝ၊ ရောက်အပ်သော အကျိုးတရား သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ဥပ္ပါဒေတဗ္ဗံ၊ အရိယာမဂ်သည် ဖြစ်စေအပ်သော ဇာည်နိဗ္ဗတ္တေတဗ္ဗ အကျိုးတရားသည်။န ဟောတိ၊ မဖြစ်။ ။ထိုသမ္ပာပကအကြောင်းဖြစ်သော အရိယာမဂ်သည် စင်စစ် နိဗ္ဗာန်သို့ရောက်ကြောင်းအမှန်ဖြစ်သော မဂ္ဂသစ္စာမည်၏။ ။ မဂ္ဂသစ္စာ။

ဤသို့ သစ္စာလေးပါးတို့၏ သဘောကိုသိအပ်၏။ ကိစ္စအားဖြင့် ကား ၎င်းသစ္စာလေးပါးကိုမြင်ရာ၌ လောကီဝိပဿနာဖြင့် မြင်ခြင်း(၁)၊ လောကုတ္တရာ မဂ်ဉာဏ်ဖြင့်မြင်ခြင်း(၂) ဟူ၍ မြင်ခြင်း နှစ်ပါး အပြားရှိ၏။ ထိုတွင် နာမ်ရုပ်ကိုပိုင်းခြား၍သိခြင်းဖြင့် ဒုက္ခ သစ္စာကို မြင်ခြင်း, ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သမုဒယသစ္စာကို ပယ်ခြင်း, အနိစ္စ အစရှိသော လောကီ မဂ္ဂသစ္စာကို ပွားခြင်း, ဒုက္ခသစ္စာ၏ ဖြစ်ခြင်းကို မြင်သဖြင့် မဖြစ်ခြင်းရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ဘုရားအစရှိသော သူတော်ကောင်းတို့ ပြောဟောသံကို အစဉ် လျှောက်၍ အောက်မေ့သဖြင့် သိမ်းဆည်းလျက် လောကီပစ္စက္ခ လောကုတ္တရာဉာဏ် အနုမာနအားဖြင့် မြင်ခြင်းသည် လောကီ ဝိပဿနာဉာဏ်တို့၏ မြင်ခြင်းမည်၏။

ကထံ ပန အာဒိကမ္မိကော နိရောဓ မဂ္ဂ သစ္စာနိ ပရိဂ္ဂဏှာတီတိ။အနုဿဝါဒိသိဒ္ဓ မာကာရံ ပရိဂ္ဂဏှာတိ။ ။
သုတ်မဟာဝါဋ္ဌကာ။

ကထံ ပန၊အဘယ်သို့လျှင်။ အာဒိကမ္မိကော၊ မဂ်ဖိုလ်ကို မရ သေးသော အာဒိကမ္မိကပုဂ္ဂိုလ်သည်။ နိရောဓမဂ္ဂသစ္စာနိ၊နိရောဓ သစ္စာ မဂ္ဂသစ္စာ တို့ကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍ သိမ်းဆည်းနိုင် သနည်း။ ဣတိ၊ဤကားအမေးတည်း။ အနုဿဝါဒိသိဒ္ဓံ၊ အဆင့် ကြားခြင်း အစရှိသည်ဖြင့် ပြီးသော။ အာကာရံ၊ နိရောဓသစ္စာ

မဂ္ဂသစ္စာအခြင်းအရာ အရိပ်အရောင် အတုမျှကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍ သိမ်းဆည်းနိုင်၏။

လောကုတ္တရာမဂ်ဉာဏ်ဖြင့် မြင်ရာ၌ကား လောကုတ္တရာဉာဏ် ပစ္စက္ခလောကီဝိပဿနာဉာဏ် အဝုတ္တသိဒ္ဓိအားဖြင့် မြင်ပေ၏။ ။ ''အဝုတ္တသိဒ္ဓေါ ဟိ တဿ ဘာဝနာပဋိဝေဓော''။ ။သုတ်မဟာဝဋီကာ။ ။ဟိ၊ သင့်စွ။ တဿ၊ ထိုမဂ္ဂသစ္စာ၏။ ဘာဝနာပဋိဝေဓော၊ ဘာဝနာဖြင့် ထိုးထွင်း၍သိခြင်းသည်။ အဝုတ္တသိဒ္ဓေါ၊ မဆိုသဖြင့်ပြီး၏။

ဤသို့မဂ္ဂသစ္စာသည် နိဗ္ဗာန်ကိုအာရုံပြု၍ မြင်လိုက်သဖြင့် ကြွင်းသော သစ္စာတို့သည် အလိုလိုမြင်ခြင်းတို့သည် ပြီးရတော့သည် သာတည်း။ ကာလတပါး၌ခြား၍ မြင်ခြင်းကိုမယူအပ်။ တပြိုင်နက် တချက်တည်းသော မြင်ခြင်းဖြင့်မြင်သည်ကို သစ္စာလေးပါး၌ မြင်သောဉာဏ်ဟူ၍ဆိုအပ်၏။

> န စေတံ ကာလန္တရဒဿနံ သန္ဓာယ ဝုတ္တံ၊ အထခေါ ဧကပဋိဝေဓမေဝါတိ ဒဿေန္တေန မဂ္ဂသမင်္ဂိဿ ဉာဏံ ဒုက္ခေပေတံ ဉာဏန္တိ အာဒိနာ အပရံ သုတ္တပဒံ အာနီတံ။
>
> မဟာဋီကာ။

စေတံ ဒဿနံ၊ ဤသို့သစ္စာ တပါးကိုမြင်က သစ္စာသုံးပါး၌ ပြီးသော မြင်ခြင်းကို။ ကာလန္တရဒဿနံ၊ ကာလတပါး၌မြင်ခြင်းကို။ သန္ဓာယ၊ ရည်၍။ န စ ဝုတ္တံ၊ ဆိုလည်းမဆိုအပ်။ အထခေါ၊ စင်စစ် သော်ကား။ ဧကပဋိဝေဓမေဝါတိ၊ ဧ က ပ ဋိ ဝေ ဓ မေ ဝ ဟူ၍။ ဒဿေန္တေန၊ ပြခြင်းကြောင့်။ မဂ္ဂသမင်္ဂိဿ၊ မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ စေတံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဒုက္ခေပိ၊ ဒုက္ခသစ္စာ၌ လည်း။ ဉာဏံ၊သိသောဉာဏ်မည်၏။ (ပိသဒ္ဒါဖြင့် ကျန်သစ္စာကို ဆည်း) ။ဣတိအာဒိနာ၊ဤသို့အစရှိသဖြင့်။အပရံ သုတ္တပဒံ၊တပါး သောသုတ်ပုဒ်ကို။ အာနီတံ၊ဆောင်အပ်၏။

အဘယ်သို့ဆောင်အပ်သနည်းဟူမူ—

''ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိပဋိပ ဒမ္ပိ ပဿတိ(၁)။ ။ယော ဘိက္ခဝေ ဒုက္ခသမုဒယံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ(၂)။ ။ယော ဘိက္ခဝေ ဒုက္ခ နိရောဓံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ(၃)။ ။ ယော ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနိပဋိပဒံ ပဿတိ၊ ဒုက္ခမ္ပိ သော ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ''(၄)။

ဤသို့ရှင်ပင်ဘုရားဟောတော်မူသည်ကိုဆောင်အပ်၏။ ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ယော၊အကြင်သူသည်။ ဒုက္ခံ၊ တေ ဘူမက ဝဋ်ဒုက္ခကြီးကို။ ပဿတိ၊မြင်၏။ သော၊ ထိုသူသည်။ ဒုက္ခ သမုဒယမ္ပိ၊ ဒုက္ခ၏ဖြစ်ကြောင်းကိုလည်း။ ပဿတိ၊မြင်။ ဒုက္ခနိရော ဓမ္ပိ၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကိုလည်း။ ပဿတိ၊မြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ၊ ဒုက္ခ၏ ချုပ်ရာချုပ်ကြောင်း အကျင့် ကောင်းဟုဆိုအပ်သော မဂ္ဂသစ္စာကိုလည်း။ ပဿတိ၊မြင်၏။ ။ အနက်လွယ်၏။

ဤသို့ဟောတော်မူအပ်သော စတုက္ကသုတ် လေး ပါး တို့ တွင် တတိယ စတုတ္ထ စတုက္ကနှစ်ပါးတို့သည် ဤကောပဋ္ဌိဝေခ၌ရအပ်၏။ ထိုကြောင့် လောကုတ္တရာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လိုက်သော အခါ ပရိညေယျကိစ္စ ပဟာတဗ္ဗကိစ္စ သစ္ဆိကာတဗ္ဗကိစ္စ ဘာဝေ တဗ္ဗကိစ္စ ဤကိစ္စလေးပါးတို့ကို မဂ်ဉာဏ်သည်နိဗ္ဗာန်ကို အာရမ္မဏ ပဋိဝေဓ၊ကြွင်းသော သစ္စာသုံးပါးကို အသမ္မောဟ ပဋိဝေဓတို့ဖြင့် မရှေးမနှောင်း တပြိုင်နက် တချက်တည်း ကိစ္စပြီးအောင် ပြုတော် မူနိုင်၏။ ဥပမာကား မီးသိသော သာမဏေယ်သည် မီးကို သိသည်နှင့်တပြိုင်နက် မီးစာကိုလည်း လောင်စေ၏၊ အမိုက်ကို လည်း ပျောက်စေ၏၊ အလင်းကိုလည်းရောက်စေ၏၊ ဆီကိုလည်း

ခန်းစေ၏။ ဤသို့ လေးပါးသောကိစ္စကို တပြိုင်နက် တချည်တည်း ပြုသကဲ့သို့ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာလေးပါး၌ ပြုသင့်ပြုထိုက်သော လေးပါးသောကိစ္စကို တပြိုင်နက် တချက်တည်းပြုတော်မူ၏။

ဝုတ္တဉ္စေတံ ပေါရာဏေဟိ ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ ကိစ္စာနိ ကရောတိ၊ ဝဋ္ဋိံ ဈာပေတိ၊ အန္ဓကာရံ ဝိဓမတိ၊ အာလောကံ ပရိဝိဒံသေတိ၊ သိနေဟံ ပရိယာဒိယတိ။ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိသမေတိ၊ ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိ သမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိ သမေတိ။ ကိံ ဝုတ္တံ ဟောတိ၊ နိရောဓံ အာရမ္မဏံ ကရိတွာ စတ္တာရိပိ သစ္စာနိ ပါပုဏာတိ၊ ပဿတိ ပဋိဝိဇ္ဈတီတိ။ ။ဝိသုဒ္ဓိမဂ်။

ဟိ သစ္စံ၊ မှန်၏။ ပေါရာဏေဟိ၊ ရှေးအဋ္ဌကထာဆရာတို့သည်။ ယထာ ပဒီပေါ။ပ။ ပဋိဝိဇ္ဈတီတိ၊ ဟူသော။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ပဒီပေါ၊ဆီမီးသည်။ အပုဗ္ဗံ၊မရှေး။ အစရိမံ၊ မနှောင်း။ အပုဗ္ဗံ အစရိမံ၊ မရှေးမနှောင်း။ ဧကက္ခဏေန၊ တခုသောခဏ၌။ စတ္တာရိ ကိစ္စာနိ၊ လေးပါးသော ကိစ္စတို့ကို။ ကရောတိ၊ပြု၏။ ဝဋ္ဋိံ၊ဆီမီးစာကို။ ဈာပေတိ၊လောင်စေ၏။ အန္ဓကာရံ၊ မှောင်အမိုက်ကို။ ဝိဓမတိ၊ ဖျက်ဆီး၏။ အာလောကံ၊ အရောင်အလင်းကို။ ပရိဝိဒံသေတိ၊ ပြ၏။ သိနေဟံ၊ ဆီဟူသော အစေးကို။ ပရိယာဒိယတိ ယထာ၊ ကုန်စေသကဲ့သို့။ ဧဝမေဝ၊ ဤဆီမီးအတူသာလျှင်။ မဂ္ဂဉာဏံ၊မဂ်ဉာဏ်သည်။ အပုဗ္ဗံ အစရိမံ၊ နှောင်း။ ဧကက္ခဏေန၊ ၌။ စတ္တာရိသစ္စာနိ၊ လေးပါးသောသစ္စာတို့ကို။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာဘိသမယေန၊ အကြွင်း မဲ့ပိုင်းခြား၍ သိခြင်းဟု ဆိုအပ်သော

ထိုးထွင်း၍ သိခြင်းဖြင့်။ အဘိသမေတိ၊ သမ္မောဟကို ပယ်သော အားဖြင့် ထိုးထွင်း၍သိ၏။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာဘိသမယေန၊ သမုစ္ဆေဒပဟာန်ဟုဆိုအပ်သော ထိုးထွင်း၍ သိခြင်းဖြင့်။ အဘိသမေတိ၊ သမ္မောဟကိုပယ်သောအားဖြင့် ထိုးထွင်း၍သိ၏။ မဂ္ဂံ၊သမ္မာသက်ပ္ပ စသော ကြွင်းသော သတ္တင်္ဂမဂ်ကို။ ဘာဝနာဘိသမယေန၊ သဟဇာတ စသော ပစ္စည်း၏အစွမ်းဟု ဆိုအပ်သော ပွါးစေခြင်း အဘိသမယဖြင့်။ အဘိသမေတိ၊ပုဗ္ဗဘာဂိယဘာဝနာကြောင့် ဖြစ်သော အရိယမဂ္ဂ ဘာဝနာဟုဆိုအပ်သော ထိုးထွင်း၍သိခြင်းဖြင့်သိ၏။မဂ္ဂံ၊အဋ္ဌင်္ဂိကမဂ်ကို။ အသမ္မောဟတော၊ မတွေမဝေသောအားဖြင့်သာ။ ဝါ၊မောဟကို ဖျက်ဆီးသောအားဖြင့်သာ။ အဘိသမေတိ၊ ထိုးထွင်း၍သိ၏။ နိရောဓံ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာဘိသမယေန၊ မျက်မှောက်ပြုခြင်းဟုဆို အပ်သော ထိုးထွင်း၍သိခြင်းဖြင့်။ အဘိသမေတိ၊၏။ ကိံ၊အဘယ် သို့သော အနက်သဘောသည်။ ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊နည်း။ နိရောဓံ၊နိရောဓသစ္စာကို။ အာရမ္မဏံ ကရိတွာ၊ အာရုံပြု၍။ စတ္တာရိပိ သစ္စာနိ၊ လေးပါးသောသစ္စာတို့ကိုလည်း။ ပါပုဏာတိ အဓိဂစ္ဆတိ၊ရ၏။ ဝါ၊သိ၏။ ပဿတိ၊ မြင်၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ ဣတိ၊ဤသို့။ ဝုတ္တံ၊သည်။ ဟောတိ၊၏။

ဤစကားရပ်၌။ "နိရောဓံ အာရမ္မဏံ ကရိတွာ စတ္တာရိပိ သစ္စာနိ ပါပုဏာတိ ပဿတိ ပဋိဝိဇ္ဈတိ"ဟူ၍ အဋ္ဌကထာရှင်မိန့် ရကား မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်လိုက်ရာ၌ နိရောဓံ အာရမ္မဏံ ကရိတွာ ဟု သာမညသဒ္ဒါဖြင့် ဟောခဲ့၏။ ထိုသို့ဟောရာ၌။ နိရောဓသဒ္ဒါသည် ကိလေသနိဗ္ဗာန်ကိုလည်း ရအပ်၏။ ခန္ဓနိဗ္ဗာန်ကို လည်း ရအပ်၏။ သဉပါဒိသေသနိဗ္ဗာန်ကိုလည်း ရအပ်၏။ အနုပါဒိသေသနိဗ္ဗာန်ကိုလည်း ရအပ်၏။ ဤမှတပါးသော အနိမိတ္တ အပ္ပဏိဟိတ သုညတ စသော နိဗ္ဗာန် တို့ကို လည်း ရအပ်၏။ အသင်္ခတနိဗ္ဗာန်ကိုလည်း ရအပ်၏။ ထို သို့ ရ အပ် သော ကြောင့် ဧင်းမဂ်ဉာဏ်ရှင်ကြီးသည် မုချပရိယာယ်အားဖြင့် ဟော်တော်မူ

အပ်ကုန်သော ဤကိလေသနိဗ္ဗာန် စသည်တို့တွင် အဘယ်နိဗ္ဗာန်ကို မြင်တော်မူသနည်းဟုမေး။ ၎င်း မင်း ညောင် ရှင် ကြီး သည် ကေန်အားဖြင့် အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကိုသာလျှင် မြင်တော်မူ၏ဟုဖြေ။ တနည်း ထိုအသင်္ခတနိဗ္ဗာန်ကို မြင်တော်မူလျှင် ကိလေသနိဗ္ဗာန် ခန္ဓနိဗ္ဗာန်ကိုလည်း မြင်သည်မည်၏။သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ကိုလည်း မြင်သည်မည်၏။ ဤမှတပါးသော မုချပရိယာယ်တို့ဖြင့် ဟော တော် မူ အပ်သော နိဗ္ဗာန်တို့ကိုလည်း မြင်သည်မည်၏။ ထိုစကားသင့်စွ။ ၎င်းမင်းညောင်ရှင်သည် အသင်္ခတနိဗ္ဗာန်ကို ကေန်မြင်တော်မူပါလျှင် ကိလေသာတို့ကိုလည်း ကုန်စေ၏။ ဖြစ်ထိုက်သော ခန္ဓာကိုလည်း ကုန်စေ၏။ထို့ကြောင့် လေးပါးသောကိစ္စကို တချက်တည်းပြုတော်မူသည်ဖြစ်၍ မြင်တော်မူပေ၏။

တတ္ထ ကတမာ အသင်္ခတာ ဓာတု၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ အသင်္ခတာ ဓာတု။ ။အာယတနဝိဘင်းပါဠိတော်။

ဤသို့ ဟောတော်မူသော ဒေသနာတော်လည်း အများပင် ရှိတော်မူသည်။

တတ္ထ၊ထိုဓမ္မာယတနအပေါင်းတို့တွင်။အသင်္ခတာ၊အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ ဓာတု၊ သဘာဝရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်သည်။ ကတမာ၊ အဘယ်နည်း။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ချုပ်ငြိမ်းရာသည်။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ချုပ်ငြိမ်းရာသည်။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ချုပ်ငြိမ်းရာသည်။အတ္ထိ၊ရှိ၏။အယံ၊ ဤ ရာဂ,ဒေါသ,မောဟ တို့၏ ချုပ်ငြိမ်းရာဖြစ်သော တရားတော်မြတ်ကို။ အသင်္ခတာ၊ အကြောင်းတရားတို့သည် မပြုပြင်မစီမံအပ်သော။ ဓာတု၊ သဘာဝရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာနဓာတ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အသင်္ခတာ ဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ၊ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။

ဟူ၍ မိန့်အပ်၏။

အသင်္ခတာ ဓာတူတိ၊ အသင်္ခတဓာတ်ဟူသည်ကား။ အသင်္ခတသဘာဝံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သောသဘောဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ပန၊ ဆက်၍ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဧတံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကို။ အာဂမ္မ၊ အာရုံပြု၍။ ရာဂါဒယော၊ ရာဂစသည် တို့သည်။ ခီယန္တိ၊ ကုန်ဆုံးချုပ်ငြိမ်းကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောဟူ၍။ ဝုတ္တံ၊ ဟောတော်မူ၏။

အာဂမ္မာတိ သဗ္ဗသင်္ခါရေဟိ နိဗ္ဗိန္ဒဿ ဝိသင်္ခါရနိန္နဿ ဂေါတြဘုနာ ဝိဝဋ္ဋမာနသဿ မဂ္ဂေန သစ္ဆိကရဏေနာတိ အတ္ထော။ သစ္ဆိကိရိယမာနဉ္စိ တံ အဓိဂန္တွာ အာရမ္မဏပစ္စယဘူတဉ္စ ပဋိစ္စ အဓိပတိပစ္စယဘူတော စ တမ္ပိ ပရမဿာသဘာဝေန ဝိနိမုတ္တသင်္ခါရဿ စ ဂတိဘာဝေန ပတိဋ္ဌာနဘူတော ပတိဋ္ဌာယ ခယသင်္ခါတော မဂ္ဂေါ ခေပေတီတိ တံသစ္ဆိကရဏာဘာဝေ ရာဂါဒီနံ အနုပ္ပတ္တိနိရောဓဂမနာဘာဝါ တံ အာဂမ္မ ရာဂါဒယော ခီယန္တီတိ ဝုတ္တံ။

မူလဋီကာ။

အဂမ္မာတိ၊ အာဂမ္မ ဟူသည်ကား။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော သင်္ခါရတရားတို့မှ။ နိဗ္ဗိန္ဒဿ၊ ငြီးငွေ့သည်ဖြစ်၍။ ဝိသင်္ခါရနိန္နဿ၊ သင်္ခါရတရားတို့မှကင်းရာ နိဗ္ဗာန်သို့ညွတ်သော။ ဂေါတြဘုနာ၊ ဂေါတြဘူဉာဏ်ဖြင့်။ ဝိဝဋ္ဋမာနသဿ၊ သံသရာဝဋ်မှ ဆုတ်နစ်သောစိတ်ရှိသော ယောဂီပုဂ္ဂိုလ်၏။ မဂ္ဂေန၊ မဂ်ဉာဏ်ဖြင့်။ သစ္ဆိကရဏေန၊ မျက်မှောက်ပြုခြင်းဖြင့်။ ဣတိ အယံ၊ ဤသည်ကား။

အတွေ့သွား၊အနက်တည်း။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ သစ္စိကိရိယမာနံ၊ မျက်မှောက်ပြုအပ်သော။ တံ၊ ထိုအသခ်တဓာတ် နိဗ္ဗာန်မြတ်ကို။ အဓိဂန္တွာ၊ရ၍။ ဝါ၊ သိ၍။ ဝါ၊ မျက်မှောက်ပြု၍။ အာရမ္မဏပစ္စယဘူတဥ္စ၊ အာ ရမ္မ ဏ ပစ္စည်း ဖြစ်၍ဖြစ်သည်ကို။ ပဋိနွ၊ စွဲ၍။ အဓိပတိပစ္စယဘူတေ စ၊ အဓိပတိပစ္စည်းဖြစ်၍ ဖြစ်သော။ တမှိ၊ထိုနိဗ္ဗာန်၌။ ပရမဿာသဘာဝေန စ၊ လွန်စွာသက်သာရာကို ရသည်အဖြစ်ဖြင့်ငှင်း။ ဝိနိမုတ္တသင်္ခါရဿ၊သင်္ခါရတရားတို့မှလွတ်သော ရဟန္တာပုဂ္ဂိုလ်၏။ ဂတိဘာဝေန စ၊ လားရာ၏အဖြစ်ဖြင့်ငှင်း။ ပတိဋ္ဌာနဘူတေ၊ တည်ရာဖြစ်၍ဖြစ်သော။ တမှိ စ၊ ထိုအသခ်တဓာတ် နိဗ္ဗာန်မြတ်၌လည်း။ ပတိဋ္ဌာယ၊တည်၍။ ခယသင်္ခါတော၊ ကိလေသာကို ကုန်စေတတ်သောကြောင့် ခယ ဟူ၍ဆိုအပ်သော။ မဂ္ဂေါ၊မဂ်သည်။ ရာဂါဒယော၊ ရာဂစသည်တို့ကို။ ခေပေတိ၊ ကုန်စေတတ်၏။ တံသစ္ဆိကရဏဘာဝေ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမရှိသည်။ သတိ၊ရှိသော်။ ရာဂါဒိနံ၊ရာဂစသည်တို့၏။ ဣတိ တဿ အနုပ္ပတ္တိနိရောဓ ဂမနဘာဝေါ၊ ထိုသို့တဘန်မဖြစ်သောအားဖြင့် ချုပ်ခြင်းမရှိခြင်းကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊စွဲ၍။ ရာဂါဒယော၊ရာဂစသည်တို့သည်။ ခိယန္တိ၊ကုန်ခြင်းသို့ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊မိန့်ဆိုအပ်၏။

### ၆၆ အသခ်တဓာတ်မြတ်သောနိဗ္ဗာန်ကို အမှတ်မရှိသောအရပ်ကနေ၍ သီလဝိသုဒ္ဓိနှင့်ပြည့်စုံသောသူတို့သည်မြင်နိုင်ခြင်း၊

ထိုအသခ်တဓာတ် နိဗ္ဗာန်ကိုသာလျှင် မြင် ရာ ၏ ဟု ဆို သော် အဘယ်အရပ်၌ မြင်ရအံ့နည်းဟူမူ။ နိဗ္ဗာန်ကိုမြင်ရာ၌ လူ့ပြည်၌ဖြစ်စေ, နတ်ပြည်၌ဖြစ်စေ ဗြဟ္မာပြည်၌ဖြစ်စေ, အမှတ်မရှိ တပါးပါးသောအရပ်၌ မျက်စိအမြင်နှင့်ပြည့်စုံသောသူသည် ထိုထိုအရပ်တို့၌နေ၍ ကောင်းကင်ကိုမြင်ရသကဲ့သို့ ထိုအတူ အကြင်အမှတ်မရှိ တပါးပါးသောအရပ်၌ သီလဝိသုဒ္ဓိ စသည်တို့၌ တည်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ယထာ မဟာရာဇ ယော ကောစိ စက္ခုမာ ပုရိသော သက္ကဘဝနေပိ စိနဝိလာတေပိ အလသန္ဒေပိ နိဂုမ္ဗေပိ ကာသိကောသလေပိ ကသ္မီရေပိ ဂန္ဓာရေပိ နာဂမုဒ္ဓနိပိ ဗြဟ္မလောကေပိ ယတ္ထ ကတ္ထစိပိ ဌိတော အာကာသံ ပဿတိ၊ ဧဝမေဝ ခေါ မဟာရာဇ သီလေ ပတိဋ္ဌိတော ယောနိသော မနသိကရောန္တော သက္ကဘဝနေပိ။ ပ။ ယတ္ထ ကတ္ထစိပိ ဌိတော သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ။

မိလိန္ဒပဥှာ။

မဟာရာဇ၊မြတ်။ ယထာ၊ဥပမာမည်သည်ကား။ယော ကောစိ၊ အမှတ်မရှိ တယောက်ယောက်သော။ စက္ခုမာ၊ မျက်စိအမြင်နှင့် ပြည့်စုံသော။ပုရိသော၊ယောကျ်ားသည်။ သက္ကဘဝနေပိ၊သိကြား ပြည်၌သော်၎င်း။ စိနဝိလာတေပိ၊ စိနဝိလာတအရပ်၌သော်၎င်း။ အလသန္ဒေပိ၊ အလသန္ဒကျွန်း၌သော်၎င်း။ နိဂုမ္ဗေပိ၊ နိဂုမ္ဗအရပ်၌ သော်၎င်း။ ကာသိကောသလေပိ၊ကာသိတိုင်း ကောသလတိုင်း၌ သော်၎င်း။ ကသ္မီရေပိ၊ ကသ္မီရ တိုင်း၌သော်၎င်း။ ဂန္ဓာရေပိ၊ ဂန္ဓာရတိုင်း၌ သော်၎င်း။ နာဂမုဒ္ဓနိပိ၊ နာဂ မုဒ္ဓိအရပ်၌သော်၎င်း။ ဗြဟ္မလောကေပိ၊ ဗြဟ္မာ့ပြည်၌သော်၎င်း။ ယတ္ထကတ္ထစိပိ၊အကြင် အမှတ်မရှိ တပါးပါးသောအရပ်၌လည်း။ ဌိတော၊ တည်လျက်။ အာကာသံ၊ ကောင်းကင်ကို။ ပဿတိ၊မြင်၏။ မဟာရာဇ၊ မင်း မြတ်။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ သီလေ၊ သီလ၌။ ပတိဋ္ဌိတော၊ တည်သော။ ယောနိသော၊ အသင့်အားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်းသောသူသည်။ သက္ကဘဝနေပိ၊ သိကြား ပြည်၌သော်၎င်း။ ပ။ ယတ္ထကတ္ထစိပိ၊ အကြင်အမှတ်မရှိ တပါးပါး သောအရပ်၌လည်း။ ဌိတော၊ တည်လျက်။ သမ္မာ၊ ကောင်းစွာ။ ပဋိပန္နော၊ကျင့်သောသူသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်၏။

အမှတ်မရှိ တပါးပါးသောအရပ်၌တည်သောသူသည် ကောင်း ကင်ကိုမြင်သကဲ့သို့ မြင်၏ဟူသော် ဟူးဟူးငြားငြားသောသူတိုင်း

ပင် မြင်လေသလောဟူမူ။ မြင်လိုသူတိုင်း မြင်သည်မဟုတ်။စင်စစ်သော်ကား ပညာတည်းဟူသော အရိယစက္ခု ရှိမှသာလျှင် ထိုနိဗ္ဗာန်ကို မြင်နိုင်၏။ ထင်စေအံ့— အကြင်သူသည် ယခုဘဝ၌ တိဟိတ်ပဋိသန္ဓေလည်း နေခဲ့၏။ ဝိပဿနာပညာလည်း ရှိထိုက်၏။ ပါရိဟာရိယပညာလည်း ရှိထိုက်၏။ ထိုသူသည် တနေ့ခြင်းဖြင့်သာလျှင် ပိဋကတ်သုံးပုံတို့ကို ဆောင်နိုင်ပါသော်လည်း ထိုနိဗ္ဗာန်ကိုမမြင်ထိုက်။ အဘယ်ကြောင့်နည်းဟူမူ။ ထိုနိဗ္ဗာန်ကိုမြင်ခြင်းဟူသည် တဘဝတည်းပညာရှိရုံမျှနှင့်လည်း မမြင်နိုင်။ အနှစ်တရာတိုင်တိုင် အားထုတ်နိုင်သော ဝီရိယရှိရုံမျှနှင့်လည်း မမြင်နိုင်။ စွမ်းအားဗလသတ္တိ ရှိရုံမျှနှင့်လည်း မမြင်နိုင်။ ကေန်သော်ကား အယုတ်ဆုံးအားဖြင့် ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်,တဘဝ စသည်တို့ဖြင့် ကျင့်ဘူးသော အရိယစက္ခုရှင်တို့သည်သာလျှင် မြင်ထိုက်ပေသော တရားထူးကြီးတခုပေတည်း။

> တတ္ထ ဒုဒ္ဒသန္တိ သဘာဝဂမ္ဘီရတ္တာ အတိသုခုမသဏှသဘာဝတ္တာ စ အနုပစိတဉာဏသမ္ဘာရေဟိ ပဿိတုံ န သက္ကာတိ ဒုဒ္ဒသံ။ ။ဥဒါန်းအဋ္ဌကထာပါဠိ။

တတ္ထ၊၌။ ဒုဒ္ဒသန္တိ၊ ဒုဒ္ဒသံဟူသည်ကား။သဘာဝဂမ္ဘီရတ္တာ စ၊ သဘောအားဖြင့် နက်သည်အဖြစ်ကြောင့်၎င်း။ အတိသုခုမသဏှသဘာဝတ္တာ စ၊ အလွန်နူးညံ့သိမ်မွေ့သော သဘောရှိသည်၏အဖြစ်ကြောင့်၎င်း။ အနုပစိတဉာဏသမ္ဘာရေဟိ၊ မဆည်းပူးအပ်သော ဝိဝဋ္ဋ ပုညသမ္ဘာရတို့ကြောင့်ဖြစ်သော ဉာဏသမ္ဘာရ ရှိသောသူတို့သည်။ ပဿိတုံ၊မြင်ခြင်းငှါ။နသက္ကာ၊မတတ်ကောင်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒုဒ္ဒသံ၊ ဒုဒ္ဒသမည်၏။ ဒုဒ္ဒသံ၊အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်မည်၏။

၎င်းနိဗ္ဗာန်ကို ဉာဏ်ဝီရိယဗလကောင်းရုံမျှနှင့် မမြင်နိုင်။ အမှန်သော်ကား ရှေးရှေးသော ဘဝတို့၌ ဆည်းပူးခဲ့အပ်သော ဝိဝဋ္ဋနိဿိတ ဖြစ်သော ဒါန, သီလ, ဘာဝနာ တို့ကြောင့် ရအပ်သော ကမ္မနိယာမသတ္တိကြီးဖြစ်ပေ၍ ဆည်းပူးခဲ့အပ်သော ဉာဏသမ္ဘာရ

ရှိသောသူတို့သည်သာလျှင် မြင်ထိုက်သော တရားထူး ကြီး တ ခု ပေတည်း။

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာ
နေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿဒွိန္နံ ဖလာနံ အည
တရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိ ဝါ ဥပါဒိ
သေသေ အနာဂါမိတာ။ ။သတိပဋ္ဌာန်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊ အကြင်အမှတ်မရှိသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သီတင်းသည်ယောကျ်ား, သီတင်းသည်မိန်းမ ဖြစ်သောသူသည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွါးများအံ့။ တဿ၊ ထို ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သီတင်းသည် ယောကျ်ား, သီတင်းသည်မိန်းမအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်တရား အကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ဉာဏသမ္ဘာရဖြစ်အောင် ဆည်းပူးခြင်းသည်လည်း ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်, တဘဝ, နှစ်ဘဝ, စသည်တို့ဖြင့် ဝိဝဋ္ဋနိဿိတ ဖြစ်အောင် ဆည်းပူးခဲ့ဘူးပါမှ ဒုတိယစသော ဘဝတို့၌ ဧကန် မဂ်ဖိုလ်ကိုရခြင်းအကြောင်းရှိ၏။ ဘာနတ်သား လင်းနို့သားငါးရာ စသည်တို့ကဲ့သို့တည်း။ ဤစကား၌ ခုနစ်ရက် စသည်တို့ဟူသည် အတုအပဖြစ်သောသီလ, အတုအပဖြစ်သော သမာဓိ, အတုအပ ဖြစ်သောပညာတို့ကို ပြုရုံမျှနှင့် မရနိုင်။ စင်စစ်သော်ကား သီလ စစ်စစ်, သမာဓိစစ်စစ်, ပညာစစ်စစ် ဆည်းပူးခဲ့ဘူးပါမှ မြင်နိုင် သောတရားထူးကြီးပေတည်း။(ခဲလှလေစွ)။ ။ကမ္ဘာ ရာ,ထောင်,

သောင်း,သိန်း, တသင်္ချေနှင့် ကမ္ဘာတသိန်း, နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း, လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ဆည်းပူးတော်မူကြကုန်သော အလောင်းတော်ရှင်ကြီးတို့မှာကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း၊ မြင်ထိုက်တော်မူကြပေကုန်၏။

ဘဂဝါ ပန တိရစ္ဆာနဂတာနမ္ပိ အနုသာသနိပ္ပဒါနေန သတ္တာဃေဝ။တေ ပိ ဟိ ဘဂဝတော ဓမ္မသဝနေန ဥပနိဿယသမ္ပတ္တိံ ပတ္ဝာ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ ဝါ တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ၊မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။
ဝိသုဒ္ဓိမဂ်။

ဣတိ ခဏာဿ ဒုလ္လဘတ္တာ သုဋ္ဌုတရံ ခဏာယတ္တံ လောကုတ္တရဓမ္မာနံ ဥပကာရဘူတံ ကုသလံ ဒုလ္လဘမေဝ။
အဋ္ဌသာလိနီ။

ပန၊ စင်စစ်သော်ကား။ ဘဂဝါ၊ သည်။ တိရစ္ဆာနဂတာနမ္ပိ၊ တိရစ္ဆာန်တို့အားလည်း။ အနုသာသနိပ္ပဒါနေန၊ အဆုံးအမကိုပေးတော်မူသဖြင့်။ သတ္တာဃေဝ၊ ဆုံးမတတ်သော ဆရာမည်သည်သာလျှင်တည်း။ ဟိ ဝိတ္ထာရေမိ၊ အမှန်ကိုချဲ့ဦးအံ့။ တေပိ၊ ထိုတိရစ္ဆာန်တို့သည်လည်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မသဝနေန၊တရားတော်ကိုနာခံသဖြင့်။ ဥပနိဿယသမ္ပတ္တိံ၊တိဟေတုက ပဋိသန္ဓေ အစရှိသော မဂ္ဂဖလာဓိဂမ၏ ဗလဝကာရဏာသို့။ ပတ္ဝာ၊ ရောက်၍။ တာယ ဧဝ ဥပနိဿယသမ္ပတ္တိယာ၊ ထို တိဟေတုက ပဋိသန္ဓေအစရှိသော မဂ်ဖိုလ်ရခြင်း၏ အားကြီးသော အကြောင်းကြောင့်သာလျှင်။ ဒုတိယေ ဝါ အတ္တဘာဝေ၊နှစ်ခုမြောက်သော အတ္တဘော၌၎င်း။ ဝါ၊ဒုတိယဘဝ၌၎င်း။ တတိယေ ဝါ အတ္တဘာဝေ၊ သုံးခုမြောက်သော အတ္တဘော၌၎င်း။ ဝါ၊တတိယဘဝ၌၎င်း။ မဂ္ဂဖလဘာဂိနော၊ မဂ်ဖိုလ်ဟုဆိုအပ်သော အဘို့ရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ စ သဒ္ဒါ၊မှန်၏။ဧတ္ထ၊ဤတိရစ္ဆာန်

တို၏ ဓမ္မသဝနဖြင့် ဥပနိဿယသမ္ပတ္တိသို့ ရောက်ရာ၌။ မဏ္ဍူကဒေဝပုတ္တာဒယော၊ ဘားနတ်သားစသည်တို့သည်။ နိဒဿနံ၊ ညွှန်ပြကြောင်း သက်သေပေတည်း။ ။ဝိသုဒ္ဓိမဂ်အနက်။

ဇာတိတသ္မာ၊ ထိုမနုဿတ္တ စသည်တို့၏ ခဏအစိတ်၏ အဖြစ်ကြောင့်။ ခဏာဿ၊အပေါင်းဖြစ်သော နဝမခဏ စတုစက္ကသမ္ပတ္တိ ခဏ၏။ ဒုလ္လဘတ္တာ၊ ရခဲသည်၏အဖြစ်ကြောင့်။ သုဋ္ဌုတရံ၊ ရခဲသော ခဏထက်လွန်စွာ။ ခဏာယတ္တံ၊ ခဏနှင့်စပ်သော။ လောကုတ္တရမဂ္ဂါနံ၊ လောကုတ္တရာတရားတို့အား။ ဥပကာရဘူတံ၊ကျေးဇူးပြုတတ်သည်ဖြစ်၍ ဖြစ်သော။ ကုသလံ၊ ကုသိုလ်သည်။ ဒုလ္လဘမေဝ၊ရခဲသည်သာလျှင်။ ဟောတိ၊ဖြစ်၏။
အဋ္ဌသာလိနီအနက်။

## ၆၇-နိဗ္ဗာန်ကို အကြောင်းလေးပါးနှင့်ပြည့်စုံမှမြင်နိုင်ခြင်း။

ဆည်းပူးခဲ့အပ်သော ဉာဏသမ္ဘာရရှိသော သူတော်ကောင်းတို့သည်လည်း တိဟိတ်ပဋိသန္ဓေနေ၍ ပဓာနလမ်းရိုးကို လွန်စွာအားထုတ်ပါလျှင် သပ္ပုရိသသံသေဝ,သဒ္ဓမ္မသဝန, ယောနိသောမနသိကာရ, ဓမ္မာနုဓမ္မပဋိပတ္တိ ဤအင်္ဂါလေးပါးတို့နှင့် ပြည့်စုံပါက ဥမင်ခရီးဖြင့်သွားသော ယောကျ်ားသည် ဥမင်မှထွက်၍ ဟင်းလင်းကြီး ပွင့်သကဲ့သို့ မိမိ၏ဉာဏ်အစဉ်၌ ဖုံးလွှမ်းမြှေးယှက်စေတတ်သော သစ္စာပဋိစ္ဆာဒက ကိလေသာတို့သည် ကင်းခဲ့သည်ရှိသော် ဂေါတြဘူဉာဏ်သည် ကျေးဇူးပြုအပ်သော လွန်စွာစင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသော အသင်္ခတဓာတ်ကြီးကို မြင်တော်မူနိုင်၏၊ ကောင်းလိုက်လေစွ။

သတဉ္စ ဝိဝဋ္ဋံ ဟောတိ၊အာလောကော ပဿဘာမိဝ၊
သန္တိကေ န ဝိဇာနန္တိ၊ မဂါ ဓမ္မဿ အကောဝိဒါ။

သဋ္ဌာယတနသံယုယ်။

ဝိဂတေ သစ္စပဋိစ္ဆာဒကေ တမေ ဂေါတြဘူ ဉာဏာသံ
သုဝိသုဒ္ဓနိဗ္ဗာနံ အာရမ္မဏကရဏံ။ ။အဋ္ဌသာလိနီ။

တံ ဓမ္မံ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော တရားမြတ်သည်။ သတဥ္စ သတံ ပန၊ ဘုရားအစရှိကုန်သော အရိယာ ပညာရှိတို့အားကား။ ဝိဝဋံ၊အပိတ်အပင်မရှိ ဟင်းလင်းပွင့်သည်။ ဟောတိ၊ဖြစ်၏။ အာလောကော၊အရောင်အလင်းကို။ ပဿတာ ဣဝ၊ အရောင်ထင်ထင် မြင်သောသူကဲ့သို့။ တထာ၊ထိုအတူ။ ပဿတိ၊ အရောင်ထင်ထင်မြင်အပ်၏။ မဂ္ဂါ-မဂ္ဂဘူတာ၊ တောထဲနေငြားသမင်သားနှင့် အလားတူဖြစ်၍ ဖြစ်ကုန်သော။ဓမ္မဿ၊သစ္စာလေးပါး မြတ်တရား၌။ အကောဝိဒါ၊ ကျွမ်းကျင်လိမ္မာ ပညာမရှိကုန်သော သူတို့သည်။ သန္တိကေ သန္တိကေဝ၊ ကာယာနုပဿနာစသော တရားတို့ကို အားထုတ်လျှင် မြင်နိုင်လောက်သား နိဗ္ဗာန်နား၌နေလျက်။ န ဝိဇာနန္တိ၊နားရွက်နှင့်မျက်စိ ကြည့်တိုင်းဝေးလှမမြင်ရသို့ ကြည့်လိုက်တိုင်းသာ လွန်ဝေးကွာ၍ ကောင်းစွာမသိမမြင်နိုင်ကြကုန်။ ။သံယုတ်အနက်။

သစ္စပဋိစ္ဆာဒကေ၊ သစ္စာ လေး ပါး တ ရား ကို ဖုံးလွှမ်းတတ်သော။တမေ၊အမိုက်သည်။ ဝိဂတေ၊ကင်းသည်ရှိသော်။ဂေါတြဘူဉာဏာသံ၊ ဂေါတြဘူဉာဏ်၏။ သုဝိသုဒ္ဓနိဗ္ဗာနံ၊ အလွန်စင်ကြယ်သောနိဗ္ဗာန်ကို။ အာရမ္မဏကရဏံ၊ အာရုံပြုခြင်းကို။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ထိုကြောင့်ရှင်တော်ဘုရားသည်—

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
မူလပဏ္ဏာသပါဠိတော်။

သဗ္ဗတောပဘန္တိ သဗ္ဗသော ပဘာသမ္ပန္နံ။ နိဗ္ဗာနတော ဟိ အညော ဓမ္မော သပ္ပဘတရော ဝါ ဇောတိဝန္တတရော ဝါ ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ။

မူလပဏ္ဏာသအဋ္ဌကထာ။

တံ၊ထိုနိဗ္ဗာန်ကို။ ဝိညာဏံ၊ မနောဝိညာဏ်ဖြင့်သိအပ်၏။ [ဝိညာဏန္တိ ဝိဇာနိတဗ္ဗံ၊ ၎င်းအဋ္ဌကထာ]။ ။အနိဒဿနံ၊ စက္ခုဝိညာဏ်၏ မကပ်မရောက်နိုင်ခြင်းကြောင့်။ စက္ခုဝိညာဏ်ဖြင့် မမြင်အပ်။ [အနိဒဿနန္တိစက္ခုဝိညာဏဿ အနုပဂမနတော အနိဒဿနံ နာမ။ ၎င်းအဋ္ဌကထာ]။ ။အနန္တံ၊ ဥပါဒ်ဘင် ဟူသော အစွန်းမရှိ။ [အနန္တန္တိ တယိဒံ ဥပ္ပါဒဝယအန္တရဟိတတ္တာ အနန္တံနာမ။ ၎င်းအဋ္ဌကထာ]။ ။သဗ္ဗတောပဘံ၊ အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့်ပြည့်စုံ၏။ ။ ပါဠိတော်အနက်။

သဗ္ဗတောပဘန္တိ၊ သဗ္ဗတောပဘံ ဟူသည်ကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဘာသမ္ပန္နံ၊ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့်ပြည့်စုံ၏။ ဟိ တဒေဝ သစ္စံ၊နိဗ္ဗာန်သည် အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏ဟု ငါဆိုသော ထိုစကားသည်လျှင်မှန်၏။ နိဗ္ဗာနတော၊နိဗ္ဗာန်အာရုံထက်။သုပ္ပဘာဝန္တတရော ဝါ၊အလွန်အရောင်အဆင်းရှိသည် လည်းဖြစ်သော။ သုဇောတိဝန္တတရော ဝါ၊ အလွန်ထွန်းလင်း တောက်ပခြင်း ရှိသည်လည်းဖြစ်သော။ ပရိသုဒ္ဓတရော ဝါ၊ ထက်ဝန်းကျင်မှ စင်ကြယ်သန့်ရှင်းသည်သည်း ဖြစ်သော။ ပဏ္ဍရတရော ဝါ၊ ဖြူစင်သန့်ရှင်းသည်လည်း ဖြစ်သော။ အညော၊ တပါးသော။ ဓမ္မော၊တရားမည်သည်။ နတ္ထိ၊မရှိ။

''ဝေမေဝ ခေါမဟာရာဇ အတ္ထိ ဓမ္မသ နိဗ္ဗာနဿ န သဏ္ဌာရူပံ ဝါ သဏ္ဌာနံ ဝါ ဝယံ ဝါ ပမာဏံ ဝါ ဩပမ္မေန ဝါ ကာရဏေန ဝါ ဟေတုနာ ဝါ နယေန ဝါ ဥပဒဿယိတုန္တိ '' ဟူ၍ မိလိန္ဒပဥှာ၌ အရှင်နာဂသိန်သည် ဟောတော်မူရကား နိဗ္ဗာန်၌ အဆင်းကိုရင်း, သဏ္ဌာန်ကိုရင်း, အရွယ်ကိုရင်း, ပမာဏကိုရင်း, ဥပမာအားဖြင့်ရင်း, အကြောင်းအားဖြင့်ရင်း,ယုတ္တိအားဖြင့်ရင်း, နည်းအားဖြင့်ရင်း, ဆောင်၍ပြခြင်းငှါမတတ်ကောင်းဟု ဟောတော်မူပါလျက် ဆရာ၏စကားမှာ ( လွန်စွာ စင်ကြယ်သန့်ရှင်း

ထွန်းလင်းတောက်ပသောနိဗ္ဗာန်)ဟု ဆိုခြင်းသည် ရူပက္ခန္ဓာ ရူပါယတန ရူပဓာတ်ထိုက်သော သင်္ခတ အရပ်မထွက်ပါလော ဟူမူ။ ကောင်းသောမျက်နှာရှိသော ငါ့ရှင်စောဒက။ နာဦးလော့။အရှင်နာဂသိန်မထေရ်မှတ်တော်မူအပ်သော "နသက္ကာ ရူပံ ဝါ သဏ္ဍာနံ ဝါ" အစရှိသော ဤစကားတော်သည် ရူပက္ခန္ဓာ ရူပါယတန ရူပဓာတ်ထိုက်သော သင်္ခတတရားမျိုးသက်သက်ကိုသာလျှင် ရည်၍ ဟောတော်မူသည်။ အသင်္ခတဖြစ်သောတရားမျိုးကို ရည်၍ ဟောတော်မူသည်မဟုတ်။ ထင်စေအံ့။ လွန်စွာစင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသော နိဗ္ဗာန်ဟူသည် လောကဓာတ်၌ ထွန်းလင်းတောက်ပကြသော မီးရောင်, နေရောင်,လရောင် တို့ကဲ့သို့မဟုတ်။ အကြောင်းမူ ထို မီးရောင်, နေရောင်,လရောင်တို့သည် စကြဝဠာတောင်, မြင်းမိုရ်စသည်တို့ကို ဘောက်ထွင်း၍ မထွန်းနိုင်။ ထိုအရောင်မျိုးတို့သည် မြဲသောသဘောလည်းမရှိ။နိဗ္ဗာန်၏ အရောင်တော်မှာမူကား စကြဝဠာ မြင်းမိုရ်တောင် စသည်တို့သည် ဆီးတားပိတ်ပင်ခြင်းငှါ မစွမ်းနိုင်။စကြဝဠာတခုကို ထားဘိဦး။အနန္တစကြဝဠာ,အနန္တရေ,အနန္တမြေ တို့သည်လည်း ဆီးတားပိတ်ပင်ခြင်းငှါ မစွမ်းနိုင်။ ထိုနိဗ္ဗာန်၏ အရောင်တော်ကြီးသည် အဘယ်ကမ္ဘာကစ၍ ဖြစ်၏ ဟူ၍လည်းမရှိ။ အဘယ်ကမ္ဘာ၌ ဆုံးအံ့ဟူ၍လည်းမရှိရကား မြဲသောအရောင်လည်းရှိ၏။ အကြောင်းရင်းမှာမူ ထိုနိဗ္ဗာန်၏ အရောင်တော်ကြီး၏အတွင်း၌ ကိလေသာဟူဟူသမျှသော အညစ်အကြေး သင်္ခတတရား ပညတ်တရားထိုက်သော ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်, ဇူန္ဒြေ,ပစ္စည်း, ပစ္စယုပ္ပန်သဘာဝ ဤသို့သောအညစ်အကြေးဟူဟူသမျှတို့သည် ပရမာဏုမျှခန့်မျှ မရှိရကား ထက်ဝန်းကျင် အခါခပ်သိမ်း လွန်စွာစင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသော သဘောရှိ၏။ မီးရောင်,နေရောင် စသော အရောင်မျိုးတို့မှာ ရုပ်စသော ဒြပ်တို့၏ ဂုဏ်ရောင်သာတည်း။ အသင်္ခတဓာတ်ကြီးမှာ ဝိရာဂ ဝိသုဒ္ဓိမ္မလ စသော ဂုဏ်တို့ဖြင့် တန်းဆာဆင်အပ်သည် ဖြစ်၍ "သဗ္ဗတောပဘံ" ဟုဆိုအပ်သော ဂုဏ်ရောင်ကြီးပေတည်း။ ထိုကြောင့်

ရှင်တော်ဘုရားသည် ''သမ္ဘဝေါပဘော''စသည်ဖြင့် ဟောတော်မူသည်။ ထိုရှင်တော်ဘုရား၏ အာဘော်ကို သိတော်မူသော ၄င်းအဋ္ဌကထာရှင်ကြီးတို့သည်လည်း ''နိဗ္ဗာနဓာတု ဟိ''အစရှိသဖြင့် ဘွင့်ပြတော်မူသည်။ ထိုရှင်တော်ဘုရား အဋ္ဌကထာရှင်တို့၏ အာဘော်ကို သိတော်မူသော ဋီကာရှင်ကြီးတို့သည်လည်း—

အပဘာသရဘာဝဟေတူနံ သမ္ဘဝေါ အဘာဝေါ သမ္ဘဝေါ ပဘာဝေါတိ သမ္ဘဝေါပဘော၊ ဝေနာဟ နိဗ္ဗာနဓာတု ဟီတိ အာဒိ၊ တထာ ဟိ ဝုတ္တံ တမေဝ တတ္ထ န ဝိဇ္ဇတီတိ။ ။မူလပဏ္ဏာသဋီကာ။

သမ္ဘဝေါပဘာန္တိ ကိလေသန္ဓကာရာဘာဝတော သမန္တတော ပဘာသရံ။ ။ဥပရိပဏ္ဏာသဋီကာ။

အပဘာသရဘာဝဟေတူနံ၊ အရောင်အဆင်းကို မဖြစ်စေတတ်သောအကြောင်းတို့၏။ သမ္ဘဝေါ၊ အချင်းခပ်သိမ်း။ အဘာဝေါ၊ မရှိသည်အဖြစ်ကြောင့်။ သမ္ဘဝေါ၊အခါခပ်သိမ်း။ ပဘာ၊တောက်ပတော်မူ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သမ္ဘဝေါပဘော၊သမ္ဘဝေါပဘောမည်၏။ ဝေန၊ထို့ကြောင့်။ အာဟ၊ အဋ္ဌကထာရှင်မိန့်တော်မူ၏။ နိဗ္ဗာနဓာတုဟီတိအာဒိ၊ နိဗ္ဗာနဓာတုဟိ အစရှိသည်တည်း။ မယာ၊ငါဋီကာရှင်သည်။ ဝုတ္တံ၊ဆိုအပ်သော။ သာဓကံ၊သက်သေဖြစ်သော။ တထာ တံဝစနံ၊ ထိုစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဟိ ယသ္မာ၊အကြင်ကြောင့်။ ဝုတ္တံ၊ဟောတော်မူဘူးပါသနည်းဟူမူကား။ တမေဝ တတ္ထ န ဝိဇ္ဇတီတိ၊ တမေဝ တတ္ထ န ဝိဇ္ဇတိ ဟူ၍။ ဝုတ္တံ၊ဟောဘူးပေ၏။ ။မူလပဏ္ဏာသဋီကာအနက်။

သမ္ဘဝေါပဘာန္တိ၊ ဟူသည်ကား။ ကိလေသန္ဓကာရာဘာဝတော၊ကိလေသာအမိုက်တိုက် မတွယ်မဝင်လာနိုင်သည်၏ အဖြစ်ကြောင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ တံ၊ ထိုနိဗ္ဗာန်သည်း ပဘာသရံ၊ အရောင်တလက်လက် ပြိုးပြက်ထိန်လင်း ဝင်းဝင်းကြီး။ နေပေ၏။ ။ဥပရိပဏ္ဏာသဋီကာအနက်။

### ၆၈-နိဗ္ဗာန်ကိုအာရုံပြုခြင်းအကြောင်း။

လွန်စွာစင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသော ဤနိဗ္ဗာန်ကြီးကိုမြင်၏ဟူရာ၌ ''နိဗ္ဗာနံသန္တိကရောတိ'' အစရှိသော ပုဒ်မျိုးတို့ဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြု၍ မျက်မှောက်ပြုသည် မည်၏။ သိစေအံ့— အာရမ္မဏသည် ဩလုမ္ပအာရမ္မဏ ပစ္စယအာလမ္ဗဏဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝိပဿနာဉာဏ်တို့အခိုက်၌ သင်္ခတတရားတို့ကိုသာ အာရုံပြုသည်ဖြစ်၍ ဩလုမ္ပအာရမ္မဏ မည်၏။ ၎င်းအခိုက် ရာဂစသော ကိလေသာတို့ ကင်းခြင်းကား နိဗ္ဗာန်ကို အာရုံပြုသည်ဖြစ်၍ ပစ္စယအာလမ္ဗဏမည်၏။ အာရမ္မဏနှစ်ပါး မစုံညီခဲ့၊ ဇကြင်အခါကို မြင်နိုက်၌ကား မဂ်ဉာဏ်သည် အသင်္ခတနိဗ္ဗာန်ကို အာရုံပြုသည်ဖြစ်၍ ဩလုမ္ပ အာရမ္မဏလည်း မည်၏။ ရာဂစသော ကိလေသာတို့ ကင်းခြင်းကြောင့် နိဗ္ဗာန်ကိုအာရုံပြုရကား ပစ္စယအာရမ္မဏလည်းမည်၏။ ဤသို့ အာရမ္မဏ နှစ်ပါးတို့သည် စုံညီစေလျက် မျက်မှောက်ပြုတော်မူ၏။ ထိုမျက်မှောက်ပြုခြင်းသည်လည်း ဖဿဟုဆိုအပ်သော ကာယသစ္ဆိကိရိယ, အဘိညာဏ်ဟုဆိုအပ်သော သတိသစ္ဆိကိရိယ, စက္ခုသစ္ဆိကိရိယ, ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ပညာသစ္ဆိကိရိယ ဟူ၍ လေးပါး အပြားရှိ၏။

ထိုတွင် အာရဒ္ဓဝိရိယသုတ်၌ ''ဖုဋ္ဌုံသမ္မောဓိ မုတ္တမံ'' ဟူ၍ ဟောတော်မူသောကြောင့် အသင်္ခတဓာတ်နိဗ္ဗာန်ကို နာမကာယတည်းဟူသော ဖဿဖြင့် မျက်မှောက်ပြုရကား ကာယသစ္ဆိကိရိယ မည်၏။ ဖဿသစ္ဆိကိရိယလည်းမည်၏ (၁)။

အဘိညာဏ်ရသောသူသည် ရှေး ရှေး သော ဘ ဝ အ စဉ် ကို အောက်မေ့နိုင်ရာ၌ သတိသစ္ဆိကိရိယမည်၏ (၂)။

အဘိညာဏ်ရသောသူသည် ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်ရာ၌ စက္ခုသစ္ဆိကိရိယမည်၏ (၃)။

ဝိပဿနာပညာ မိုလ်ပညာ ပစ္စဝေက္ခဏာပညာ တို့သည် ပညာသစ္ဆိကိရိယမည်၏ (၄)။

ထိုလေးပါးသော သစ္ဆိကိရိယ တို့တွင် ဤနိဗ္ဗာန်ကိုမြင်ရာ၌ ကာယသစ္ဆိကိရိယ ဖဿသစ္ဆိကိရိယ တို့ကိုသာလျှင်ရအပ်၏။

စတ္တာရောမေ ဘိက္ခဝေ သစ္ဆိကရဏီယာ ဓမ္မာ။ ကတမေ စတ္တာရော။ အတ္ထိ ဘိက္ခဝေ ဓမ္မာ ကာယေန သစ္ဆိကရဏီယာ၊ အတ္ထိ ဘိက္ခဝေ ဓမ္မာ သတိယာ သစ္ဆိကရဏီယာ၊ အတ္ထိ ဘိက္ခဝေ ဓမ္မာ စက္ခုနာ သစ္ဆိကရဏီယာ၊ အတ္ထိ ဘိက္ခဝေ ဓမ္မာ ပညာယ သစ္ဆိကရဏီယာ။

ကတမေ စ ဘိက္ခဝေ ဓမ္မာ ကာယေန သစ္ဆိကရဏီယာ၊ အဋ္ဌ ဝိမောက္ခာ ဘိက္ခဝေ ကာယေန သစ္ဆိကရဏီယာ၊ ကတမေ စ ဘိက္ခဝေ ဓမ္မာ သတိယာ သစ္ဆိကရဏီယာ၊ ပုဗ္ဗေနိဝါသော ဘိက္ခဝေ သတိယာ သစ္ဆိကရဏီယော။ ကတမေ စ ဘိက္ခဝေ ဓမ္မာ စက္ခုနာ သစ္ဆိကရဏီယာ၊ သတ္တာနံ စုတူပပါတော ဘိက္ခဝေ စက္ခုနာ သစ္ဆိကရဏီယော။ ကတမေ စ ဘိက္ခဝေ ဓမ္မာ ပညာယ သစ္ဆိကရဏီယာ၊ အာသဝါနံ ခယော ဘိက္ခဝေ ပညာယ သစ္ဆိကရဏီယော။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော သစ္ဆိကရဏီယာ ဓမ္မာတိ။ ။စတုက္ကင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ သစ္ဆိကရဏီယာ၊ မျက်မှောက်ပြုအပ်ကုန်သော။ ဓမ္မာ၊တရားတို့သည်။ ဣမေ စတ္တာရော၊ဤလေးပါးတို့တည်း။ စတ္တာရော၊ လေးပါးကုန်သောတရားတို့သည်။ ကတမေ၊ အဘယ်သည်တို့ပါနည်း။ ဘိက္ခဝေ၊တို့။ ကာယေန၊ နာမကာယဖြင့်။ သစ္ဆိကရဏီယာ၊ မျက်မှောက်ပြုအပ်ကုန်သော။ ဓမ္မာ၊တရားတို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။ ဘိက္ခဝေ၊တို့။ သတိယာ၊ ရှေး၌နေဘူးသော ခန္ဓာကိုယ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော သတိဖြင့်။ သစ္ဆိကရဏီယာ၊ ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။ ဘိက္ခဝေ၊ တို့။ စက္ခုနာ၊ဒိဗ္ဗစက္ခုအဘိညာဏ်

ဖြင့်။ သန္တိကရဏီယာ၊ကုန်သော။ ဓမ္မာ၊တို့သည်။ အတ္ထိသန္တိ၊ရှိကုန်၏။ ဘိက္ခဝေ၊တို့။ ပညာယ၊ ဝိပဿနာပညာ ဖိုလ်ပညာ ပစ္စဝေက္ခဏာပညာဖြင့်။ သန္တိကရဏီယာ၊ကုန်သော။ ဓမ္မာ၊တို့သည်။ အတ္ထိသန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။ ကာယေန၊နာမကာယဖြင့်၊ သန္တိကရဏီယာ၊ မျက်မှောက်ပြုအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ စ၊ အဘယ်သည်တို့ နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိမောက္ခ ၊ဝိမောက္ခတို့ကို။ ကာယေန၊ဖြင့်။ သန္တိကရဏီယာ၊ မျက်မှောက်ပြုအပ်ကုန်၏။ ဘိက္ခဝေ၊ တို့။ သတိယာ၊ ရှေးရှေး၌နေဘူးသော ခန္ဓာကိုယ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော သတိဖြင့်။ သန္တိကရဏီယာ၊ ကုန်သော။ ဓမ္မာ၊တို့သည်။ ကတမေ စ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊တို့။ ပုဗ္ဗေနိဝါသော၊ရှေး၌နေဘူးသော ခန္ဓာကိုယ်ကို။သတိယာ၊အစဉ်လျှောက်၍ အောက်မေ့နိုင်သော သတိဖြင့်။ သန္တိကရဏီယော၊ ၏။ ဘိက္ခဝေ၊တို့။ စက္ခုနာ၊ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့်။ သန္တိကရဏီယာ ကုန်သော။ ဓမ္မာ၊တို့သည်။ ကတမေ စ၊ ကား။ ဘိက္ခဝေ၊ တို့။ သတ္တာနံ၊ သတ္တဝါတို့၏။ စုတူပပါတော၊ စုတိပဋိသန္ဓေကို။ စက္ခုနာ၊ဖြင့်။ ကရဏီယော၊၏။ ဘိက္ခဝေ၊တို့။ ပညာယ၊ဖြင့်။သန္တိကရဏီယာ၊ကုန်သော။ဓမ္မာ၊တို့သည်။ကတမေ စ၊ ကား။ဘိက္ခဝေ၊ တို့။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ ပညာယ၊ပစ္စဝေက္ခဏာပညာဖြင့်။ သန္တိကရဏီယော၊ မျက်မှောက်ပြုအပ်၏။ ဘိက္ခဝေ၊ တို့။ သန္တိကရဏီယာ၊ မျက်မှောက်ပြုအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဣမေ ခေါ စတ္တာရော၊ ဤလေးပါးတို့တည်း။ ဣတိ၊ဤသို့။ အဝေါစ၊မိန့်တော်မူ၏။

ဝိမောက္ခရှစ်ပါးဟူသော်ကား။ ။သုညတဝိမောက္ခ,အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, အဇ္ဈတ္တဝုဋ္ဌာနဝိမောက္ခ။ ၎င်းနည်းတူ သုညတစသည်သုံးပါး, ဗဟိဒ္ဓဝုဋ္ဌာနဝိမောက္ခ ဤရှစ်ပါး

တို့တည်း။ ။ဤဖဿသတ္တိကိရိယဖြင့် အသင်္ခတဓာတ်ကို မျက်မှောက်ပြုခြင်းမည်သည် အလွန်ရခဲ၏။ ကမ္မနိယာမတို့တည်း။ ထိုဖဿသတ္တိကိရိယကို ဧကန် မျက် မှောက် ပြု ရ လျှင် ပြုပြင်ခြင်းမရှိ အသင်္ခတဓာတ်ကို သြလုမ္ဗအာရမ္မဏဖြင့် အာရုံပြု၍ မိမိဟု ဆိုအပ်သော အာရမ္မဏိက သင်္ခါရ၌ ရာဂ စသော အကြောင်း မျိုး တို့သည် ကုန်ငြိမ်းရသည်ဖြစ်၍ ပစ္စယအာလမ္ဗဏလည်းမည်၏။ဤသို့ အာရုံပြုသောအခါမှစ၍ ထိုသူ တော်ကောင်း ၏ သင်္ခါရ် ဝယ် အသင်္ခတဓာတ်၏ သဘာဝကြီးသည် အခါခပ်သိမ်း စိုစွတ်၍နေတော်မူရ၏။ အဘယ်နံ့ရောအခါမှ ခြောက်သွေ့ရခြင်းမရှိ။

အသင်္ခတော ပန အတ္တနော စိတ္တေန ဥပနယနံ အရဟတီတိ သြပနယိကော၊ သစ္ဆိကိရိယာဝသေန အလ္လီယနံ အရဟတီတိ အတ္တော။ ။ဝိသုဒ္ဓိမဂ်။

ပန၊အသင့်ကိုဆိုအံ့။ အသင်္ခတော၊ မပြုပြင်အပ်သော။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရား သည်၊ အတ္တနော၊ မိမိ၏။ စိတ္တေန၊စိတ်ဖြင့်။ ဥပနယနံ၊ အာရုံပြုခြင်းဟုဆိုအပ်သော ဆောင်ခြင်းကို။ အရဟတိ၊ထိုက်၏။ ဣတိတသ္မာ၊ကိုကြောင့်။ သြပနယိကော၊သြပနယိကမည်၏။ သစ္ဆိကိရိယာဝသေန၊ မျက်မှောက်ပြုခြင်း၏ အစွမ်းဖြင့်။အလ္လီယနံ ဖုသနံ၊ တွေ့ခြင်းကို။ အရဟတိ၊ထိုက်၏။ ဣတိ အယံ၊ဤသည်ကား။ အတ္တော၊အနက်တည်း။

ထိုဖဿသတ္တိကိရိယဖြင့် ပြုပြင်ခြင်းမရှိသော အကြောင်းတရားတို့၏ ကုန်ငြိမ်းခြင်းဟုဆိုအပ်သော နိဗ္ဗာန်ကို တွေ့သည်နှင့်တပြိုင်နက် အသင်္ခတကို သိသည်လည်းမည်၏၊မျက်မှောက်ပြုသည်လည်းမည်၏၊ ထိုးထွင်း၍သိသည်လည်းမည်၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီတိ။ ။ဝိနည်းမဟာဝါ။

ယသ္မာ ပစ္စယာနံ ခယသဉ္စိတံ နိဗ္ဗာနံ အဝေဒိ အညာသိ ပဋိဝိဇ္ဈိ။ ။ဋင်းအဋ္ဌကထာ။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော။ ဈာယတော၊မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။မြာဟ္မဏဿ၊မကောင်းမှုကို အပပြုပြီးထသော။ ဒိဏာသဝဿ၊ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊အကြင်အခါ၌။ ဟဝေ၊စင်စစ်။ ဓမ္မာ၊တရားတို့သည်။ ပါတုဘဝန္တိ၊ထင်ရှားဖြစ်ကုန်၏။အထ၊ထိုအခါ၌။ ယတော ယသ္မာ၊ အကြင်ကြောင့်။ ပစ္စယာနံ၊အဝိဇ္ဇာအစရှိသောအကြောင်းတို့၏။ ခယံ၊ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိတော်မူပြီ။ ။ပါဠိတော်အနက်။

ယသ္မာ၊အကြင်ကြောင့်။ ပစ္စယာနံ၊အကြောင်းတို့၏။ ခယသဉ္စိတံ၊ ကုန်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အဝေဒိ၊ သိ၏။ အညာသိ၊ သိ၏။ ပဋိဝိဇ္ဈိ၊ ထိုးထွင်း၍မြင်၏။ ။ဋင်းအဋ္ဌကထာအနက်။

ထိုသို့ သိသည်နှင့်တပြိုင်နက် မျက်မှောက်ပြုသည်နှင့်တပြိုင်နက် ထိုးထွင်း၍ သိသည်နှင့်တပြိုင်နက် ကိလေသာလည်းကုန်၏။နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရ၏။ နိဗ္ဗာန်ကိုမြင်ခြင်း, ကိလေသာကုန်ခြင်း ဤနှစ်ပါးတို့သည် တပြိုင်နက်တချက်တည်း။"တက္ကစ္စ ဒဏ္ဍော ပတတိ"ဟူသော သမာနကြိယာမျိုးတို့ကဲ့သို့ မရှေးမနှောင်း လှံတံသည် မြေသို့လည်းအကျ တျက်တျက်လည်း မည်သည်နှင့်အတူ အကြင်အခါ အကြောင်းကုန်သော နိဗ္ဗာန်ကိုလည်းမြင်၏။ထိုအခါ အသခ်တဓာတ် နိဗ္ဗာန်မြတ်ကြီးလည်း အရှိန်တလင်းလင်း ဝင်းဝင်းကြီးတောက်ရ၏။ ကြိုကြိုက်ခဲလေစွ ပညာရှင်ကြီးတို့။

ယံ ပရိယောဒပိတံ အယံ နိရောဓောတိ ယဒိပိ အသခ်တဓာတု ကေနစိ သံကိလေသေန န ကိလိဿတိ၊ အဓိဂစ္ဆန္တဿ ပန ပုဂ္ဂလဿ ဝသေန ဧဝံ ဝုတ္တံ။ တဿ ဟိ ယာဝ သံကိလေသာ နပိဂစ္ဆန္တိ၊ တာဝ အသခ်တဓာတု အပရိယောဒပိတာတိ ဝုစ္စတိ။ ။နေတ္တိအဋ္ဌကထာ။

ယံ ပရိယောဒပိတံ အယံ နိရောဓောတိ၊ ဟူသည်ကား။ ယဒိဒံ၊ အကယ်၍လည်း။ အသင်္ခတဓာတု၊ အသင်္ခတဓာတ်သည်။ ကေနစိ၊ တစုံတခုသော။ သံကိလေသေန၊ ညစ်နွမ်းကြောင်းဖြစ်သော ကိလေသာကြောင့်။ န ကိလိဿတိ၊ မညစ်နွမ်း။ ပန၊ စင်စစ်သော်ကား။ အဓိဂန္တဗ္ဗဿ၊ ရအပ်ရောက်အပ်သော။ ပုဂ္ဂလဿ၊ ၏။ ဝသေန၊ အစွမ်းဖြင့်။ ဧဝံ၊ ပရိယောဒပိတံ-ဟူသော ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ၊ ငါဆိုသောစကားသင့်စွ။ တဿ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုသောသူအား။ ဝါ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုသောသူသည်။ ယာဝ၊ အကြင်မျှလောက်။ သံကိလေသာ၊ ညစ်နွမ်းကြောင်းဖြစ်သော ကိလေသာတို့သည်။ နဝိဂစ္ဆန္တိ၊ မကင်းကုန်သေး။ ဝါ၊ မကုန်သေးကုန်။ တာဝ၊ ထိုမျှလောက်။ အသင်္ခတဓာတု၊ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို။ အပရိယောဒပိတာတိ၊ မထွန်းလင်း မတောက်ပသေးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကိလေသာကုန်ခဲ့သော် အသင်္ခတလည်း တောက်ပ၏။ အသင်္ခတ တောက်ပခဲ့သော် ကိလေသာလည်းကုန်၏ဟု ဗျတိရိက်ပြန်လေ။ ။ထိုသို့ လွန်စွာစင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသောနိဗ္ဗာန်ကို မြင်သောသူမှန်ပေလျှင်။ ။"အာရကာ ကိလေသေ ကရိဿတီတိ အရိယာ၊ အနယေ န ဣရိယတီတိ အရိယာ၊ အယေ ဣရိယတီတိ အရိယာ၊ သဒေဝကေန လောကေန အရိယတီတိ အရိယာ" ဟူသော ဝစနတ္ထတို့ကြောင့် အရိယာမည်တော်မူပေ၏။

ထိုအရိယာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုမြင်ပါလျှင်။ ။"နိဗ္ဗာနံ ဟိ အာရမ္မဏံ ကတွာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂဓမ္မာ အနဝသေသတော ကိလေသေ သမုစ္ဆိန္ဒန္တိ" ဟူ၍ ဇာတိဝုတ်အဋ္ဌကထာဆရာ မိန့်မှာတော်မူရကား သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးတို့သည် နိဗ္ဗာန်ကိုအာရုံပြု၍ အကြွင်းမရှိသော ကိလေသာတို့ကို ဖြတ်ကုန်၏ဟုဆိုခဲ့၏။ ဤသို့အတိုင်းအားဖြင့် ဖြတ်ကုန်သည်

ရှိသော် အောက်မင်္ဂသုံးပါးတို့သည် အကြွင်းမဲ့ဖြတ်နိုင်ပါကုန်၏ လော ဟူမှု။ ဤအဋ္ဌကထာ၏ စကာ ကား ဥက္ကဋ္ဌနည်းကိုသာလျှင် ရည်၍ ဖွင့်တော်မူသည်။ ထို့ကြောင့် ရှင်တော်ဘုရားသည်။ ။ ''ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧဝံ ပဋိပန္နော ဟောတိ။ပ။ သော ဘဝေ န ရဇ္ဇတိ၊ သမ္ဘဝေ န ရဇ္ဇတိ၊ အထုတ္တရိ ပဒံ သန္တံ သမ္မပ္ပ ညာယ ပဿတိ၊ တဉ္စ ခွဿ ပဒံ န သဗ္ဗေန သဗ္ဗံ သစ္ဆိကတံ ဟောတိ'' ဟူ၍ ဟောတော်မူသည်။ ။အင်္ဂုတ္တိုရ်ပါဠိတော်။ ။ ''န သဗ္ဗေန သဗ္ဗန္တိ ဧကစ္စာနံ ကိလေသာနံ အပ္ပဟီနတ္တာ သစ္စ ပဋိစ္ဆာဒကတမဿ သဗ္ဗသော အဝိဒ္ဓံသိတတ္တာ န သဗ္ဗာကာ ရေ န သဗ္ဗံ''ဟူ၍ဖွင့်တော်မူသည်။ ။၎င်းအဋ္ဌကထာ။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ဤငါဘုရား၏ သာ သ နာ တော်၌။ ဘိက္ခု၊ရဟန်းသည်။ ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ပ။ သော၊ထိုရဟန်းသည်၊ ဘဝေ၊ အတိတ်ဖြစ်သော ခန္ဓာ ငါးပါးအပေါင်း၌။ န ရဇ္ဇတိ၊ တဏှာ-ဒိဋ္ဌိ တို့ဖြင့် ပြင်းစွာမတပ်။ သမ္ဘဝေ၊အနာဂတ်ဖြစ်သော ခန္ဓာငါးပါးအပေါင်း၌။ န ရဇ္ဇတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် ပြင်းစွာမတပ်။ အထ၊ထိုသို့အတိတ်အနာဂတ်ဖြစ် သော ခန္ဓာငါးပါးအပေါင်း၌ ပြင်းစွာမတပ်သည်မှ။ ဥတ္တရိ၊လွန် မြတ်သော။ သန္တံ၊ငြိမ်းချမ်းသော။ ပဒံ၊အမြိုက်နိဗ္ဗာန်ကို။ပညာယ၊ ဝိပဿနာပညာ အနာဂါမိမဂ်ပညာ ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဿတိ၊မြင်၏။ အဿ၊ ထိုကောင်းစွာမြင်ပြီးသော အနာဂါမ် ရဟန်းသည်။ သဗ္ဗေန၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဗ္ဗံ၊ အလုံးစုံသော။ တဉ္စ ပဒံ၊ ထိုအမြိုက်နိဗ္ဗာန်ကိုလည်း။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သည်။ န ဟောတိ၊မဖြစ်။ ။ပါဠိတော်အနက်။

န သဗ္ဗေန သဗ္ဗန္တိ၊ ဟူသည်ကား။ ဧကစ္စာနံ၊အချို့ကုန်သော။ ကိလေသာနံ၊မာန ဘ ဝရာဂ အဝိဇ္ဇာ အနုသယ ကိလေသာတို့ကို။ အပ္ပဟီနတ္တာ၊ မပယ်နိုင်သေးသည်၏ အဖြစ်ကြောင့်။ သစ္စပဋိစ္ဆာ ဒကတမဿ၊ သစ္စာကိုဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို။ သဗ္ဗ သော သဗ္ဗာကာရေန၊ ခပ် သိမ်း သော အ ခြင်း အ ရာ အား ဖြင့်။

အဝိဋ္ဌံသိတတ္တာ၊ မဖျက်ဆီးနိုင်သေးသည်၏ အဖြစ်ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။တဥ္စ ပဒံ၊ထိုအမြိုက်နိဗ္ဗာန်ကိုလည်း။သစ္ဆိကတံ၊မျက်မှောက်ပြုအပ်သည်။ န ဟောတိ၊ မဖြစ်။ ။( ဤသို့ပါဠိတော်မှာ လှမ်း၍စပ်လေ )။ အဋ္ဌကထာအနက်။

### ၆၉-ဝိဋ္ဋုပမမဂ်,ဝဇိရူပမမဂ် တို့ကို ပြခြင်း။

ဤသို့သောနည်းနှင့်အတူ ရှင်တော်ဘုရားသည် ဝိဋ္ဋုပမမ္မာ, ဝဇိရူပမ ဓမ္မာ, ဟူသော ဒုက်ကို ဟောတော်မူသည်။ ထိုစကားကို ထင်စေအံ့— မဂ်တို့သည် ဝိဋ္ဋုပမမဂ်, ဝဇိရူပမမဂ် ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အောက်မဂ်သုံးပါးသည် ဝိဋ္ဋုပမမဂ်မည်၏။ အရဟတ္တမဂ်သည် ဝဇိရူပမမဂ်မည်၏။

အကြောင်း ဥပမာ ကား— မျက်စိအမြင်နှင့် ပြည့် စုံ သော ယောကျ်ားသည် မိုဃ်းမှောင်ကျသောတောအုပ်၌ ညဥ့်အခါ ခရီးသွား၏။ ထိုသူအား မှောင်မိုက်သည် အဖြစ်ကြောင့် ခရီးကိုဍင်း, ကြမ်းကြုတ်သော ဆူးငြောင့်စသည်ကိုဍင်း မမြင်ခဲ့။ ထိုအခိုက်၌ မိုဃ်းလုံးကျွတ်လင်းသောလျှပ်စစ်သည် ပြက်ခဲ့၏။ ထိုအခါ၌ ခရီးသွားသောယောကျ်ားသည် အမိုက်ပျောက်သည်ဖြစ်၍ ခရီးစသည် ထင်ရှားလာ၏။ ဤစကားရပ်၌ မျက် စိ အ မြင်နှင့် ပြည့်စုံသော ယောကျ်ားသည် ခရီးသွားသည်နှင့် သောတာပတ္တိမဂ်ကိုရအောင် အားထုတ်သောသူနှင့်တူ၏။ မှောင်အတွင်း၌ ခရီးစသည်ကိုမထင်ခြင်းနှင့် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာကိုမမြင်သည်နှင့်တူ၏။ လမ်းခရီးဆူးငြောင့် စသည်မြင်၍ သွားသောသူသည် မဂ္ဂသမင်္ဂီပုဂ္ဂိုလ်နှင့်တူ၏။ အရောင်အလင်းကြီးကား နိဗ္ဗာန်နှင့် တူ၏။

ဤဥပမာဥပမေယျ၌ ညဥ့် မှောင် အ တွင်း ၌ ခရီးသွားသော ယောကျ်ားအား မိုဃ်း လုံး ကျွတ် ပြက် သော လျှပ်စစ်ကြီးသည် ရှိရှိသမျှသောလမ်းခရီး ကြမ်းကြုတ်သောဆူးငြောင့် အလယ်အလတ်ဖြစ်သောဆူးငြောင့် နူးညံ့သောဆူးငြောင့် စ သည် တို့ ကို

တချက်တည်းမြဲ၍ ပြက်လိုက်၏။ သို့ပါသော်လည်း ထိုယောက်ျား သည် တကြိမ်တခါတည်း ကြည့်လိုက်ရသဖြင့် အကုန်အစင် မမြင်နိုင်။ ထို့အတူ သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်ကို တကြိမ် တခါတည်းသာ မျက်မှောက်ပြုလိုက်ရသဖြင့် အကုန်အစင် မပယ် နိုင်။

တဘန် ထိုယောက်ျားသွားစဉ် အမိုက်ဖြစ်ခြင်း, လျှပ်စစ်ပျက် ခြင်း, ခရီးစသည်ထင်ခြင်းတို့သည် ဖြစ်ပြန်၏။ ထိုအတူ သကဒါ ဂါမိမဂ်ပုဂ္ဂိုလ်သည်လည်း သောတာပတ္တိမဂ်က ရုန့်ရင်းသော လမ်းခရီး ဆူးငြောင့်စသည်ကိုမြင်ရကား အလယ်အလတ်ဖြစ်သော လမ်းခရီးဆူးငြောင့် စသည်ကို သတိပညာရင့်သည်ဖြစ်၍ ပယ်နိုင် ပြန်၏။ ဥပမာဥပမေယျဟပ်ခြင်းမှာ သောတာပတ္တိမဂ်နှင့်တူ၏။

တဘန် ထိုယောက်ျား၏ ရှေ့သို့တက်၍သွားခြင်း, မှောင် မိုက်ခြင်း, လျှပ်စစ်ပြက်ခြင်း စသည်တို့သည် ဖြစ်ပြန်၏။ ထိုသူအား သတိပညာတို့သည် ရေးကထက်သာ၍ ရင့်ပြန်သောကြောင့် လျှပ် စစ်ပြက်သောအခါ၌ နူးညံ့သောလမ်းခရီးဆူးငြောင့် စသည်ကို သာ၍ထင်ပြန်သကဲ့သို့ အနာဂါမိမဂ်ပုဂ္ဂိုလ်သည် နူးညံ့သော သစ္စပဋိစ္ဆာဒကကိလေသာတို့ကို ဉာဏ် ရင့်သဖြင့် သာ၍ပယ်နိုင် ပြန်၏။

ထိုယောက်ျားသည် ခရီးသွားစဉ် နေအရုဏ်တက်သည်ဖြစ်၍ လင်းခဲ့၏။ ထိုသူအားအမိုက်ဟူသောအညစ်အကြေး ရုန့်ရင်းသော အလယ်အလတ်ဖြစ်သော နူးညံ့သော အလွန်နူးညံ့သော သစ္စ ပဋိစ္ဆာဒက ကိလေသာတို့ကို ကြွင်းမဲ့ဉသုံ အကုန်ပင် ပယ်နိုင်၏။ ထို့ကြောင့် ထိုအရဟတ္တမဂ်၌ ဝဇိရစိန်စက်သွား၏ ဥပမာကိုငှင်း နေလုလင်တက်သောဥပမာကိုရင်း ထား၍ ရှင်တော်ဘုရားဟော တော်မူအပ်သည်၊ ထို့ကြောင့်။ ''အနဝသေသတော ကိလေသေ သမုစ္ဆိန္ဒန္တိ''ဟူသောပါဠိကို ဇာတိဝုတ်အဋ္ဌကထာဆရာ ဘွင့်လှစ် တော်မူသည်။

တတ္ထ စက္ခုမတော ပုရိသဿ အန္ဓကာရေ မဂ္ဂပဋိပဇ္ဇနံ ဝိယ အရိယသာဝကဿ သောတာပတ္တိမဂ္ဂတ္ထာယ ဝိပဿနာရမ္ဘော၊ အန္ဓကာရေ မဂ္ဂဿ အပညာယနကာလော ဝိယ သစ္စစ္ဆာဒကတမံ၊ ဝိဇ္ဇုယာ နိစ္ဆရိတွာ အန္ဓကာရဿ ဝိဒ္ဓံသိတကာလော ဝိယ သောတာပတ္တိမဂ္ဂေါဘာသေန ဥပ္ပဇ္ဇိတွာ သစ္စစ္ဆာဒကတမဿ ဝိနောဒိတကာလော၊ ဝိဂတေ အန္ဓကာရေ မဂ္ဂဿ ပါကဋကာလော ဝိယ သောတာပတ္တိမဂ္ဂဿ စတုန္နံ သစ္စာနံ ပါကဋကာလော၊ မဂ္ဂဿ ပါကဋံ ပန မဂ္ဂသမင်္ဂိနော ပုဂ္ဂလဿ ပါကဋမေဝ။

အစရှိသဖြင့် အဋ္ဌသာလိနီ၌ ဘွင့်တော်မူသည်။

တတ္ထ ပုရိသဿ အန္ဓကာရေ မဂ္ဂပဋိပဇ္ဇနာဒီသု၊ ထိုယောက်ျား၏ အန္ဓကာရ၌ ခရီးသွားခြင်းစသည်တို့၌။ စက္ခုမတော၊ မျက်စိအမြင်နှင့်ပြည့်စုံသော။ ပုရိသဿ၊ ယောက်ျား၏။ အန္ဓကာရေ၊ အမိုက်မှောင်၌။ မဂ္ဂပဋိပဇ္ဇနံ ဝိယ၊ ခရီးသွားခြင်းကဲ့သို့။ အရိယသာဝကဿ၊ အရိယသာဝက၏။ သောတာပတ္တိ မဂ္ဂတ္ထာယ၊ သောတာပတ္တိမဂ်ကို ရခြင်းအကျိုးငှါ။ ဝိပဿနာရမ္ဘော၊ ဝိပဿနာကိုအားထုတ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အန္ဓကာရေ၊ အမိုက်မှောင်၌။ မဂ္ဂဿ၊ ခရီး၏။ အပညာယနကာလော ဝိယ၊ မထင်ရှားသကဲ့သို့။ သစ္စစ္ဆာဒကတမံ၊ သစ္စာလေးပါးကို ဖုံးလွှမ်းမြှေးယှက်တတ်သော မောဟကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝိဇ္ဇုယာ၊ လျှပ်စစ်သည်။ နိစ္ဆရိတွာ၊ ပြက်၍။ အန္ဓကာရဿ၊ အမိုက်မှောင်ကို။ ဝိဒ္ဓံသိတကာလော ဝိယ၊ ဖျက်ဆီးအပ်သော ကာလကဲ့သို့။ သောတာပတ္တိမဂ္ဂေါဘာသေန၊ သောတာပတ္တိမဂ်ရောင်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်လာ၍။ သစ္စစ္ဆာဒကတမဿ၊ သစ္စာလေးပါးကို ဖုံးလွှမ်း မြှေးယှက်တတ်သော မောဟကို။ ဝိနောဒိတကာလော၊ ပယ်ဖျောက်အပ်သော ကာလကို။ ဝေဒိတဗ္ဗော၊၏။ အန္ဓကာရေ၊ သည်။ ဝိဂတေ၊ ကင်းသည်ရှိသော်။ မဂ္ဂဿ၊ လမ်းခရီး၏။ ပါကဋကာလော ဝိယ၊ ထင်ရှားသောအခါကဲ့သို့။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိ

မဂ်အား။ စတုန္နံ သစ္စာနံ၊သစ္စာလေးပါးတို့၏။ ပါကဋကာလော၊ ထင်ရှားဖြစ်ရာကာလကို။ ဝေဒိတဗ္ဗော၊ ၏။ ပန၊ဆက်။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။ ပါကငံ၊ထင်ရှားသော စတုသစ္စာသည်။ မဂ္ဂသမင်္ဂီနော၊မဂ်နှင့်ပြည့်စုံသော။ ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ပါကဋ မေဝ၊ ထင်ရှားသည်သာလျှင်။ ဟောတိ၊ဖြစ်၏။

ထိုဝိဋ္ဋူပမမဂ်-ဝဇိရူပမမဂ်တို့တွင် ရှေးဦးစွာသော သောတာပတ္တိမဂ်သည် သဒ္ဓါအစရှိသော ဇုန္ဒြေငါးပါးသို့ ရောက်ရုံသာရှိသေးသည်။ ကောင်းစွာမလိမ္မာသေး။ သကဒါဂါမိမဂ်သည် ဇုန္ဒြေလည်းရှိ၏။ လိမ္မာခြင်းသို့လည်း ရောက်၏။ အနာဂါမိမဂ်သည် ဇုန္ဒြေလည်းရှိ၏။ အထူးသဖြင့်လည်း လိမ္မာ၏။ အရဟတ္တမဂ်မှာမူကား ဇုန္ဒြေငါးပါးလည်းရှိ၏။ အထူးသဖြင့် အလွန်လည်းလိမ္မာ၏။ ထို့ကြောင့် ဝဇိရူပမာဖြင့်ဟောတော်မူသည်။

> တဋ္ဌ နေသံ တသာ ပဟာနံ မဂ္ဂဓမ္မေသု ဇုန္ဒြိယာနံ အပါဋဝ ပါဋဝ ပါဋဝတရ ပါဋဝတမ ဘာဝေန ဟောတီတိ ယော ဝဇိရူပမဓမ္မေသု မတ္တကပတ္တာနံ အဂ္ဂမဂ္ဂဓမ္မာနံ ပဋုတမဘာဝေါ၊ အယံ ဣဓ မဂ္ဂဿ တိက္ခတာတိ အဓိပ္ပေတာ။ ။နေတ္တိအဋ္ဌကထာ။

တထာ၊ ထိုအပိုင်းအခြားအားဖြင့်။တဋ္ဌ ပဟာနံ၊ထိုကိလေသာကို ပယ်ခြင်းသည်လည်း။ မဂ္ဂဓမ္မေသု၊ မဂ်လေးပါးတို့၌။ နေသံ ဇုန္ဒြိယာနံ၊ ထိုဇုန္ဒြေငါးပါးတို့၏။ အပါဋဝ ပါဋဝ ပါဋဝတရ ပါဋဝတမ ဘာဝေန၊ မလိမ္မာခြင်း,လိမ္မာခြင်း,အထူးသဖြင့်လိမ္မာခြင်း, အထူးသဖြင့် အလွန်လိမ္မာခြင်း၏ အဖြစ်ဖြင့်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝဇိရူပမဓမ္မေသု၊ ဝဇိရူပမဖြစ်ကုန်သော တရားတို့၌။ မတ္တကပတ္တာနံ၊အကြီးသို့ ရောက်ကုန်သော။ အဂ္ဂမဂ္ဂဓမ္မာနံ၊ အရဟတ္တမဂ်တရားတို့၏။ ယော ပဋုတမဘာဝေါ၊ အကြင်အထူးသဖြင့် လိမ္မာသောအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤပဋုတမ အဖြစ်ကို။ ဣဓ၊ဤအရာ၌။ မဂ္ဂဿ၊မဂ်၏။ တိက္ခတာတိ၊တိက္ခတာ ဟူ၍။ အဓိပ္ပေတာ၊အလိုရှိအပ်၏။

ဤနေရာ၌ နာဂဏ်ငယ် နာဂဏ်ကြီးတို့၏ပုစ္ဆာကိုပြလိုက်အံ့— အခါတပါး၌ ပေါက္ကံပြည်ဝယ် နာဂဏ်ငယ် မည်သော ရဟန်းက နာဂဏ်ကြီးအား ရှေးပုရပိုက်မှု၌တွေ့ဘူးသော အရိယပုဂ္ဂိုလ်ပုစ္ဆာကို လျှောက်ထားမေးမြန်းလေ၏။ ။ပုစ္ဆာကား အမောင်သော်တာပန် အမောင်သည် ကေန်နိဗ္ဗာန်ကိုမြင်ဘူး၏ဟု ဆိုသော် တပါးသောအရသာကိုမြင်၍ တပါးသောအရသာကို စားရပါ၏လော ၁။ ။နှစ်ပါးမှထ၍ နှစ်ပါးမှ ပြန်နိုင်ပါ၏လော ၂။ ။ သုံးပါးမှလွတ်၍ သုံးပါးကို ပြုရပါ၏လော ၃။ ။လေးပါးလုံးကို တခါတည်းပြု၍ လေးပါးလုံးမှ လွတ်ပါ၏လော ၄။ ။ဤသို့လေးနက်၊ ပုစ္ဆာချက်ကို၊ လက်ဝယ်တင်ထား၊ ပတ္တမြားသို့၊ ပိုင်းခြားသိထွေ၊ ဖြေနိုင်ပေမူ၊ ခြည်တထောင်ထက်၊ အရောင်ထွက်သည့်၊ ဘဝဂ်ပါရဂူ၊ သောင်နိဗ္ဗူကို၊ သိသူတယောက်၊ ဖြစ်ပေလောက်၍၊ ထက်အောက် ရပ်ခွင်၊ တွေ့စမ်းချင်သည်၊ လွယ်လျှင်ဖြေဘိ၊ ကျမ်းအရှိ-ဟူသောပုစ္ဆာကို ဖြေ၍ပေးတော်မူပါဟု လျှောက်ထားဘူးသတတ်။

နာဂဏ်ကြီးဖြေကြား အမိန့်ရှိလိုက်သည် တပည့်နာဂဏ်ငယ်။ တပါးသောအရသာကိုမြင်၍ တပါးသောအရသာကို စားရပါ၏လောဟူရာ၌ နိဗ္ဗာန်ကိုမြင်သောသူသည် သေက္ခပုဂ္ဂိုလ်အား ဓမ္မရသ၊ အသေက္ခပုဂ္ဂိုလ်အား ဝိမုတ္တိရသကိုစားရမည် ငါ့ရှင် ၁။ ။ နှစ်ပါးမှထ၍ နှစ်ပါးမှပြန်နိုင်ပါ၏လော ဟူရာ၌။ နိဗ္ဗာန်ကို မြင်သောသူသည် နိမိတ္တ,ပဝတ္တ တို့မှထ၍ အသင်္ခတာရမ္မဏ သမ္မုတိသစ္စာရမ္မဏနှစ်ပါးတို့မှ ပြန်ရမည်ငါ့ရှင် ၂။ ။သုံးပါးမှလွတ်၍ သုံးပါးကို မျက်မှောက်ပြုရပါ၏လော ဟူရာ၌ နိဗ္ဗာန်မြင်သောသူသည် ကာလသုံးပါးမှလွတ်၍ ကိလေသ နိဗ္ဗာန် ခန္ဓ နိဗ္ဗာန် အသင်္ခတနိဗ္ဗာန်သုံးပါးလုံးကို တပြိုင်နက် မျက်မှောက်ပြုရပါမည် ငါ့ရှင် ၃။ ။လေးပါးလုံးကို တခါတည်းပြု၍ လေးပါးလုံးမှလွတ်ပါ၏လောဟူရာ၌။ နိဗ္ဗာန်ကိုမြင်သောသူသည် ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗတို့ကို တချက်တည်းပြု၍ ရုပ်,နာမ်,

သုခ,ဒုက္ခ ဟိုမှ လွတ်ရမည်ငါ့ရှင် ၄။ ။ဤ သို့ အ မြင် မှန် လျှင် နိဗ္ဗာန်ကိုမြင်သောသူဟု ဖြေကြားတော်မူလိုက်၏။

ထိုအခါ နာဂဏ်ငယ်သည် နာဂဏ်ကြီးအား ပုထုဇ္ဇန်တို့၏ ကြည်ညိုခြင်းကိုလွတ်၍ အထူးသဖြင့် ကြည်ညိုသတတ်။ ထိုနာဂဏ်ကြီးသည် နောင်အခါ မရဏာညောင်စောင်း၌ တပည့်တို့အား ငါ သေလျှင် ခေါင်းလောင်းသုံးချက်ထိုးရစ်တော့ဟု မှာတော်မူခဲ့သတတ်။ သာဓု-သာဓု-သာဓု။

ဤသို့ဆိုအပ်ပြီးသော ကျမ်းဂန်တို့နှင့်အညီ လွန်စွာ စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပသော နိဗ္ဗာန်ကို မြင်သောသူသည် ထိုခဏ၌ လေးပါးသောသစ္စာတို့ကို ကေပဋိဝေဓ ပရိညာအဘိသမယဖြင့် ထိုးထွင်း၍သိ၏။ သမုဒယသစ္စာကို ပဟာနပဋိဝေဓ ပဟာနအဘိသမယဖြင့် ထိုးထွင်း၍သိ၏။ နိရောဓသစ္စာကို သစ္ဆိကိရိယပဋိဝေဓ သစ္ဆိကိရိယအဘိသမယဖြင့် ထိုးထွင်း၍သိ၏။ မဂ်သစ္စာကို ဘာဝနာပဋိဝေဓ ဘာဝနာအဘိသမယဖြင့် ထိုးထွင်း၍သိ၏။ ထိုသို့သိခြင်းသည်လည်း တပါးတပါးသော ဉာဏ်ဖြင့် သိသည်မဟုတ်။ တခုတည်းသောမဂ်ဉာဏ်ဖြင့်သာလျှင် ထိုသူသည် နိဗ္ဗာန်ကို အာရမ္မဏပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။ ကြွင်းသော သစ္စာသုံးပါးတို့ကို ကိစ္စပဋိဝေဓ အသမ္မောဟပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။

ထိုစကားသင့်စွ။ထိုနိဗ္ဗာန်မြင်ခိုက်၌ မဂ်စိတ္တုပ္ပါဒ်တချက်တည်း ဖြစ်၍ ထိုမဂ်စိတ္တုပ္ပါဒ်တို့၏သဘောသည် နိဗ္ဗာန်ကိုသာလျှင် အာရုံပြုမြဲသာတည်း။ အကယ်၍ ဒုက္ခသစ္စာကိုငှင်း, သမုဒယသစ္စာကိုငှင်း, မဂ္ဂသစ္စာကိုငှင်း နှလုံးသွင်းနိုင်တော့သည်မဟုတ်။ နှလုံးသွင်းခဲ့ပါသော် ထိုမဂ်စိတ်သည် သခ်တတရားကို အာရုံပြုခဲ့ရာ၏။ စင်စစ်သော်ကား ထိုမဂ်စိတ်ကား နိဗ္ဗာန်ကိုအာရုံပြုခြင်းကြောင့် ထိုမဂ်ဉာဏ်သည် ပရိညေယျကိစ္စ,ပဟာနကိစ္စ,ဘာဝနာကိစ္စတို့ကို ပြီးအောင်ပြုတော့သည်သာလျှင်တည်း။ ဤသို့ပြုသည်ရှိသော် ထိုသူ၏ ဥပါယ်တည်းဟူသော မဂ်ဉာဏ်သည် သ က္ကာ ယ ဒိဋ္ဌိ ဝိစိ

ကိစ္စာ သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးပါးစသည်တို့ကို မဂ် အားလျော်စွာ ပယ်တော်မူကြကုန်၏။ ထိုမဂ်တို့ အဆင့်ဆင့်ပယ် ဟန်ကို ယောဂီပါရဂူကျမ်း၌လည်းရှိ၏။ တပါးသော ကျမ်းတို့၌ လည်း ပေါများ၏။ ထို့ကြောင့်မရေးတော့ပြီ။

တသ္မိံ ခဏေ စတ္တာရိ သစ္စာနိ ဧကပဋိဝေဓေနေဝ ပဋိဝိဇ္ဈတိ၊ဧကာဘိသမယေန အဘိသမေတိ။ဒုက္ခံ ပရိညာပဋိဝေဓေန သမုဒယံ ပဟာနပဋိဝေဓေန, မဂ္ဂံ ဘာဝနာပဋိဝေဓေန။ ဒုက္ခဉ္စ ပရိညာဘိသမယေန အဘိသမေတိ။ပ။ မဂ္ဂံ ဘာဝနာဘိသမယေန အဘိသမေတိ။ နော စ ခေါ အညမညေန ဉာဏေန။ ဧကဉာဏေနေဝ ဟိ ဧသ နိရောဓံ အာရမ္မဏတော သေသာနိ ကိစ္စတော ပဋိဝိဇ္ဈတိစေဝ အဘိသမေတိ စ။ န ဟိဿ တသ္မိံ သမယေ ဧဝံ ဟောတိ အဟံ ဒုက္ခံ ပရိဇာနာမီတိ ဝါ။ပ။မဂ္ဂံ ဘာဝေမီတိ ဝါ။အပိစ ခွဿ အာရမ္မဏံ ကတွာ ပဋိဝေဓ ဝသေန နိရောဓံ သစ္ဆိကရောတော ဧဝံ ဉာဏံ ဒုက္ခံ ပရိညာကိစ္စံပိ သမုဒယံ ပဟာနကိစ္စံပိ မဂ္ဂံ ဘာဝနာကိစ္စံပိ ကရောတိယေဝ။တဿ ဧဝံ ဉပါယေန ယောနိသော မနသိကရောတော တိဏ္ဏံ သံယောဇနာနံ ပဟီယန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

တသ္မိံ ခဏေ၊ ထိုမဂ်ခဏ၌။ စတ္တာရိ သစ္စာနိ၊လေးပါးသော သစ္စာတို့ကို။ ဧကပဋိဝေဓေနေဝ၊တပြိုင်နက်ထိုးထွင်း၍ သိခြင်းဖြင့် သာလျှင်။ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။ ဧကာဘိသမယေန၊တပြိုင် နက်ထူးသောဉာဏ်ဖြင့်။ အဘိသမေတိ၊သိ၏။ ဒုက္ခံ၊ဒုက္ခသစ္စာကို။ ပရိညာပဋိဝေဓေန၊ ပရိညာပဋိဝေဓဖြင့်။ ပဋိဝိဇ္ဈတိ၊ သိ၏။ သမု ဒယံ၊သမုဒယသစ္စာကို။ ပဟာနပဋိဝေဓေန၊ ပဟာနပဋိဝေဓဖြင့်။ ပဋိဝိဇ္ဈတိ၊သိ၏။ မဂ္ဂံ၊မဂ္ဂသစ္စာကို။ ဘာဝနာပဋိဝေဓေန၊ဘာဝနာ ပဋိဝေဓဖြင့်။ ပဋိဝိဇ္ဈတိ၊သိ၏။ ဒုက္ခဉ္စ၊ ဒုက္ခသစ္စာကိုလည်း။ ပရိ ညာဘိသမယေန၊ ပရိညာဘိသမယဖြင့်။ အဘိသမေတိ၊၏။ပ။ မဂ္ဂံ၊မဂ္ဂသစ္စာကို။ ဘာဝနာဘိသမယေန၊ဘာဝနာဘိသမယဖြင့်။

အဘိသမေတိ၊သိ၏။ ခေါ၊စင်စစ်သော်ကား။ အညမညေန၊တပါး ပါးစီသော။ ညာဏေန၊ဉာဏ်အားဖြင့်။ နေဝ ပဋိဝိဇ္ဈတိ၊ သိသည် မဟုတ်။ နေဝ စ အဘိသမေတိ၊ သိသည်မဟုတ်။ ဟိ၊ ထိုစကား သင့်စွ။ သေ သေ၊ ဤမဂ္ဂသမင်္ဂီပုဂ္ဂိုလ်သည်။ ဧကညာဏေနေဝ၊ တခုတည်းသော မဂ်ဉာဏ်ဖြင့်သာလျှင်။ နိရောဓံ၊ နိဗ္ဗာန်ကို။ အာ ရမ္မဏတော၊အာရုံပြုသောအားဖြင့်။ ဝါ၊အာရမ္မဏပဋိဝေဓအား ဖြင့်။ ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။ သေသာနိ၊ ကြွင်းသော သစ္စာ သုံးပါး တို့ကို။ ကိစ္စတော၊ကိစ္စပဋိဝေဓအားဖြင့်။ ဝါ၊အသမ္မောဟ ပဋိဝေဓအားဖြင့်။ ပဋိဝိဇ္ဈတိ စေဝ၊ ၏။ အဘိသမေတိ စ၊ထူးသော ဉာဏ်ဖြင့်လည်းသိ၏။ ဟိ၊အံ့။ အဿ၊ထိုသူအား။ တသ္မိံ သမယေ၊ ထိုမဂ်ရသောအခါ၌။ အဟံ၊သည်။ ဒုက္ခံ၊ကို။ ပရိဇာနာမိ၊ သိ၏။ ဣတိ ဝါ၊ဤသို့ငင်း။ပ။ မဂ္ဂံ၊ကို။ ဘာဝေမိ၊၏။ ဣတိ ဝါ၊ငင်း။ ဧဝံ၊ ဤသို့နှလုံးသွင်းခြင်းသည်။ န ဟောတိ၊မဖြစ်နိုင်။ အပိစ ခေါ၊စင် စစ်သော်ကား။ အာရမ္မဏံ ကတွာ၊ နိဗ္ဗာန်ကိုအာရုံပြုရ၍။ပဋိဝေဓ ဝသေန၊ထိုးထွင်း၍သိသည် အစွမ်းအားဖြင့်။ နိရောဓံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတော၊ မျက်မှောက်ပြုရသော။ အဿ၊ အား။ ဧဝံ၊ဤသို့ မျက်မှောက်ပြုသည်ရှိသော်။ တံ ဉာဏံ၊ ထိုမဂ်ဉာဏ်သည်။ ဒုက္ခံ၊ကို။ ပရိညာကိစ္စံပိ၊ ပရိညာကိစ္စကိုငင်း။ သမုဒယံ၊ကို။ ပဟာနကိစ္စံပိ၊ ပဟာနကိစ္စကိုငင်း။ မဂ္ဂံ၊ ကို။ ဘာဝနာကိစ္စံပိ၊ ဘာဝနာကိစ္စကို ငင်း။ ကရောတိယေဝ၊ ပြုတော့သည်သာလျှင်တည်း။ ဧဝံ ဣမိနာ နယေန၊သော။ ဥပါယေန၊မဂ်တည်းဟူသော အကြောင်းဖြင့်။ တဿ၊အား။ ယောနိသော၊အသင့်။ မနသိကရောတော၊ရှိသော်။ တီဏိ၊သုံးပါးကုန်သော။ သံယောဇနာနိ၊သံယောဇဉ်တို့ကို။ ပဟီ ယန္တိ၊ ပယ်နိုင်ကုန်၏။

ဤသို့ သစ္စာလေးပါးကို တခုတည်းသောဉာဏ်ဖြင့် တပြိုင်နက် တချက်တည်း သိနိုင်ခြင်းသည် ဧကပဋိဝေဓ အဘိသမယနာကာရ နည်းမည်၏။ ထိုဧကပဋိဝေဓ အဘိသမယနာကာရ နည်းသည် အတ္တဘာဝ အဘိသမယနာကာရ, အညဘာဝ အဘိသမယနာကာရ နည်းနှစ်ပါးတို့ကို အုပ်စိုးလျက်မြင်တော်မူ၏။ ထင်စေအံ့— ဉာဏ်

သည် အနုမာနဉာဏ်, အနုဗောဓဉာဏ်, ပစ္စက္ခဉာဏ်, သမ္ဗောဓဉာဏ်ဟူ၍ အစိတ်အားဖြင့် လေးပါး, အပေါင်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် အနုမာနဉာဏ်, အနုဗောဓဉာဏ်တို့ဖြင့် သစ္စာလေးပါးတို့ကို သိခြင်းသည် လောကီဝိသုဒ္ဓိမျှလည်းရှိ၏။ လောကီဗောဓိပက္ခိယမျှလည်းရှိ၏။ လောကီပညာမျှလည်းရှိ၏။ သစ္စာလေးပါးအားလျော်သော သစ္စာနုလောမိကဉာဏ်မျှလည်း ရှိ၏။ အနုလောမခန္တီမျှလည်းရှိ၏။ ထိုကြောင့် ၎င်းဉာဏ်နှစ်ပါးသည် ဘယ်လိုပင် မြင့်ပါသော်လည်း အတ္တဘာဝ အာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရနည်းမျှသာရှိ၏။ သံဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနယိက, ပစ္စတ္တံဝေဒိတဗ္ဗဟူသော ဓမ္မပစ္စက္ခဂုဏ် ငါးပါး၊ ဒိဋ္ဌဓမ္မ, ပတ္တဓမ္မ, ဝိဒိတဓမ္မ, ပရိယောဂါဠ္ဟဓမ္မ, တိဏ္ဏဝိစိကိစ္ဆာဓမ္မ, ဝိဂတကထံကထဓမ္မ, ဝေသာရဇ္ဇပတ္တဓမ္မ, အပရပစ္စယဓမ္မ ဟူသော မဂ်ဂုဏ်ရှစ်ပါးတို့ကို သံသယကင်းပြတ်အောင် မဆောင်ရွက်နိုင်။ ပစ္စက္ခဉာဏ် သမ္ဗောဓဉာဏ် နှစ်ပါးတို့မှာမူကား ဆိုအပ်ခဲ့ပြီးသော ဓမ္မဂုဏ်ငါးပါး, မဂ်ဂုဏ်ရှစ်ပါးတို့ကို လောကီဝိသုဒ္ဓိဟုဆိုအပ်သော သဘာဝတရားမျိုးတို့ကို အစိုးရလျက် အစမထင်သော သံသရာမှစ၍ ဤယနေ့သို့ ရောက်သည်တိုင်အောင် အိပ်မက်တွင်မျှ မတွေ့ဘူးမကြားဘူး မမြင်ဘူး မရဘူးသော အာရုံတော်ကြီးကို မြင်ရ ရရသဖြင့် ဘောက်ပြန် ပျက်စီးစေတတ်သော ဒွေဠ္ဟကဝိစိကိစ္ဆာနှလုံးတို့ကို သိမ်းကျုံး ကုန်စင်အောင် ဖြတ်တောက်လျက် မြင်တော်မူနိုင်၏။

ထိုကြောင့်“တဇ္ဇ ဉာဏံ န အနုမာနိတံ၊သံသယာဘာဝတော”ဟူသောပါဠိကို မဟာဋီကာရှင် ပြတော်မူသည်။ ။တဇ္ဇ ဉာဏံ၊ ထိုမဂ်ဉာဏ်သည်လည်း။ ဝါ၊ သမ္ဗောဓိသုံးပါးတို့၏ ဉာဏ်တော်သည်လည်း။ န အနုမာနိတံ၊ အနုမာနဉာဏ်မဟုတ်။ ဝါ၊ရော်ရမ်းမှန်းဆ၍သိသောဉာဏ်မဟုတ်။ ကသ္မာ၊အဘယ်ကြောင့် နည်းဟူမူကား။ သံသယာဘာဝတော၊ သံသယမရှိသည် အဖြစ်ကြောင့်တည်း။ ဝါ၊ဟုတ်လေသလော မဟုတ်လေသလောဟု တွေးတောမှန်းဆ ဒွေဠ္ဟကမရှိသည်အဖြစ်ကြောင့်တည်း။

## ၇၀-နိဗ္ဗာန်၌ အတ္တဘာဝ အာဝိဘာဝနာကာရ, အညဘာဝ အာဝိဘာဝနာကာရနည်းတို့ကို ပြခြင်း။

ထိုကြောင့် ကေပဋိဝေဓအာဝိဘာဝနာကာရနည်းသည် အတ္တဘာဝအာဝိဘာဝနာကာရ အညဘာဝအာဝိဘာဝနာကာရနည်းနှစ်ပါးတို့ကိုအစိုးရတော်မူ၏။ ဆောင်ဟန်ကား။ အကြင်အခါ ကေပဋိဝေဓဖြင့် နိဗ္ဗာန်ကိုထိုးထွင်း၍ သိတော်မူ၏။ ထိုအခါ မဂ္ဂသမင်္ဂီ ပုဂ္ဂိုလ် မြင်တော်မူအပ်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်သည် ''သဗ္ဗသင်္ခါရေဟိ ဝူပသမတ္တာ သန္တိ''ဟူသော ပရိဘာသာနှင့်အညီ အလုံးစုံသော ကိလေသဒုက္ခ ခန္ဓဒုက္ခ ဘေးအပေါင်းတို့၏ လွန်စွာငြိမ်းဧခြင်းလက္ခဏာ ရှိ၏ဟု ပက္ခန္ဒန အစရှိသော ဓာတ်သို့ပြေးဝင်အောင် တကယ်သိသော ဉာဏ်ရှင်သည် တဒင်္ဂ နိဿရဏ, ဝိက္ခမ္ဘနနိဿရဏ, သမုစ္ဆေဒနိဿရဏ, ပဋိပ္ပဿဒ္ဓိနိဿရဏ, သင်္ခါရနိဿရဏ တရားအပေါင်းတို့တွင် သင်္ခါရနိဿရဏသို့ ညွတ်သော သမုစ္ဆေဒ အစရှိသော နိဿရဏသို့ သက်ဝင်ရကား ထိုနိဗ္ဗာန်၏ နိဿရဏကိုလည်း သိသည်မည်၏။ လောကုတ္တရာဉာဏ်ဖြင့်လည်း မျက်မှောက်ပြုသည်လည်းမည်၏။အဘယ်ကြောင့်နည်းဟူမူ အလုံးစုံသော ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ စသည်တို့မှ ထွက်မြောက်ခြင်း၏ အကြောင်းကို ရသောကြောင့်တည်း။ ထွက်ကြောင်းဖြစ်သော ဤနိဗ္ဗာန်ကြီးသည် ကာယ,စိတ္တ,ဥပဓိ တို့မှဆိတ်ရကား ဝိဝေကလည်းမည်၏။ ဤ ဝိဝေကဖြစ်သော နိဗ္ဗာန်ကြီးသည် အသင်္ခတဓာတ် အစစ်ဖြစ်သော သဘာဝတရားကြီးကို ထားဘိဦး။ ထိုအသင်္ခတသဘောကို ကေန်မျက်မှောက်ပြုတော်မူကြသော ကျေးဇူးတော်ရှင်ကြီးတို့၏ သန္တာန်၌သော်လည်း အသစ်တဘန်ဖြစ်အောင် ပုညာဘိသင်္ခါရစသည်ကို ပြုခြင်း, ကာယသင်္ခါရစသည်ကိုပြုခြင်း, သင်္ခတသင်္ခါရ, အဘိသင်္ခတသင်္ခါရ, အဘိသင်္ခရဏသင်္ခါရ, ပယောဂါဘိသင်္ခါရ စသည်တို့တွင် ယထာရဟ ဖြစ်သော သင်္ခါရတရားမျိုးတို့ဖြင့် ပြုပြင်ခြင်းမရှိ။ ဝိဝေက လေးပါးတို့မှ ဆိတ်သော အသင်္ခတအစစ်ဖြစ်သော သဘောကြီးမှာမူကား ဤ, စိတ်, ဥတု,

အာဟာရ တည်းဟူသော သခ်တအကြောင်း,အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်အကြောင်း, ဟေတု ဒအစရှိသော ပစ္စယအကြောင်း ဤအကြောင်းမျိုးတို့သည် အလျှင်းကင်းရကား အသခ်တလည်း မည်၏။ ပြုပြင်ကြောင်းမရှိသည်ဖြစ်၍ အသခ်တမည်သော နိဗ္ဗာန်ကြီးသည် ပြုပြင်တတ်သောတရားမရှိရကား တစုံတခု ဇာတိအားဖြင့် ဖြစ်ဘွယ်လည်းမရှိ။ ဇာတိမရှိသည်ရှိသော် ဇရာလည်းဖြစ်ဘွယ်မရှိ။ ဇရာမရှိသည်ရှိသော် သေတတ်သော အဘယ်တရားရှိ တော့အံ့နည်း။ စင်စစ် မရှိတော့သည်သာလျှင်တည်း။ ထိုမသေတတ်သော သဘာဝတရားသည် အမတ မည်၏။ ဤသို့သော အညဘာဝအာဝိဘာဝနာကာရ နည်းကိုလည်း အုပ်စိုးလျက် မြင်တော်မူ၏။ ။အာဂုံကိုပြခဲ့ပြီ။

အညဘာဝအာဝိဘာဝနာကာရ နည်းဖြင့်သော်ကား ရှင်တော်ဘုရားသည် ရှေးဦးစွာသော နိဿရဏဋ္ဌကို ဟောတော်မူခြင်းသည် သဘောအတိုင်းအားဖြင့် ဟုတ်သည်ဖြစ်၍ မှန်ပေ၏။ဒုတိယစသောပုဒ်တို့၏အနက်ကို အဘယ်သဘောတို့ကို မြင်တော်မူသောကြောင့် ဟောတော်မူသနည်းဟူမူ။ သိစေအံ့— ဇာတိ ဇရာ ဗျာဓိ မရဏ စသည်တို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်အပ်သော တေဘူမကတရားသည်ကား အလွန်ကြောက်ဘွယ်ကောင်းလှ၏၊ ထိုကြောက်ဘွယ်ကောင်းလှသော တေဘူမကတရားကြီးသည် အဘယ်ကြောင့် ဖြစ်သနည်းဟူမူ။ လောဘ အစရှိသော သမုဒယကြောင့် ဖြစ်၏။ နိဿရဏဟုဆိုအပ်သော ထွက်မြောက်ရာဖြစ်သော ဤနိဗ္ဗာန်ကြီး၌ကား ဤလောဘအစရှိသော အကြောင်းတရား ဆိတ်သည်ဖြစ်၍ အကျိုးတရားလည်း ဆိတ်၏။ ထိုကြောင့် ဆိတ်စေအပ်သော သမုဒယသစ္စာကိုမြင်တော်မူသဖြင့်။ ဝါ၊ သမုဒယသစ္စာကုန်ခြင်းကို မြင်တော်မူသဖြင့် ဆိတ်စေတတ်သော ဒုတိယ ဝိဝေက ကို ဟောတော်မူ၏။ တတိယအနက်ကိုကား ဘုံသုံးပါး၌ ဖြစ်ခြင်းအကြောင်း သမုဒယသစ္စာကို အဘယ်တရားဖြင့် ပယ်ရအံ့နည်းဟူမူ။ မဂ္ဂသစ္စာဖြင့် ပယ်အပ်၏ဟု သူစိ

လောမဘိလူးအား ဟောတော်မူခြင်းကြောင့် သမုဒယသစ္စာကို ပယ်နိုင်သော တေဘူမကတရားကို မပြုပြင်အပ်သော မဂ္ဂသစ္စာကို မြင်တော်မူသောကြောင့်။ ဝါ၊အကြောင်းမရှိသည်ကို မြင်တော်မူသောကြောင့် မပြုမပြင်တတ်သော တတိယ **အသင်္ခတ** အနက်ကို ဟောတော်မူ၏။ စတုတ္ထအနက်ကိုကား သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့် မပယ်ခဲ့သည်ရှိသော် တေဘူမကတရားသည် ဖြစ်ပေါ်လာရပြန်၏။ ထိုတေဘူမကတရား ဖြစ်ပေါ်ပြန်လျှင် ပဋိသန္ဓေနေခြင်း,အိုခြင်း,သေခြင်း သဘောတရားတို့သည် ဖြစ်ပေါ်လာရပြန်၏။ ဤအသင်္ခတဓာတ် နိဗ္ဗာန်ကြီး၌ကား ဤသို့မဟုတ်။ ထိုကြောင့် သေ တတ် သော ဒုက္ခသစ္စာကို မြင်တော်မူသဖြင့် မသေတတ်သော နိရောဓသစ္စာ၏ စတုတ္ထအနက် **အမတ** ကို ဟောတော်မူ၏။ ဝါ၊အဝိနာသိတအနက်ကို ကောင်းစွာ မြင်တော်မူသောကြောင့် ဟောတော်မူ၏။ ဤသို့လျှင် တပါးသောသဘောကို မြင် သ ဖြင့် မိမိ၏သဘောအား ထင်စွာပြခြင်းကို ကောင်းစွာမြင်သောဉာဏ်သည် နိရောဓသစ္စာ၌ အညဘာဝအာဝိဘာဝနာကာရ နည်းအားဖြင့် သိသောဉာဏ်မည်၏။ ။အာဂုံကိုပြဆိုခဲ့ပြီ။

ဤသို့လျှင် အတ္တဘာဝအာဝိဘာဝနာကာရနည်း အညဘာဝအာဝိဘာဝနာကာရ နည်းနှစ်ပါးတို့ကို အကြင်ယောဂီ ပုဂ္ဂိုလ်၏ အာရမ္မဏိကဖြစ်သော မဂ်စိတ်ဖြင့်အာရုံဖြစ်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကြီးကို ဧကန်မြင်သည်ရှိသော် ဧကပဋိဝေဓအာဝိဘာဝနာကာရနည်း မည်၏။ ထိုနည်းသည် နိဿရဏ,ဝိဝေက, အသင်္ခတ,အမတ ဟူသော သဘာဝတ္ထ လေးပါး တို့ နှင့် ပြည့်စုံသော နည်းအမျိုးမျိုးတို့ကို အထောင်မကသော နယတန်းဆာတို့နှင့်ဆင်ယင်လျက် အုပ်စိုးပိုင်နိုင်သည်ဖြစ်၍ ကိုယ့်အသက်ကိုလျက် ငဲ့ကွက်ညှာတာခြင်းမရှိ လွန်မင်းစွာအားထုတ်ကြကုန်သော သူတော်ကောင်းတို့သည် ဧကန်မုချ မြင်တော်မူကြကုန်၏။ ရတော်မူကြကုန်၏။ ရောက်တော်မူကြကုန်၏။ ထိုနိဗ္ဗာန်ကိုရအောင် အားထုတ်တော်မူကြပါကုန် သူတော်ကောင်းတို့။ဧကန်ဟုတ်ပါသည်။

အသိထိလပရက္ကမသိဒ္ဓေန ဉာဏဝိသေသေန အဓိဂမနီယတော သဗ္ဗညု၊ ဝစနတော စ ပရမတ္ထေန သမ္ဘာဝတော နိဗ္ဗာနံ နာဝိဇ္ဇမာနံ၊ ဝုတ္တဉှေတံ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ။ ။ဝိသုဒ္ဓိမဂ်။

အသိထိလပရက္ကမသိဒ္ဓေန၊ လျော့လျည်းမဟုတ် တင်းမာသော ဝိရိယကြောင့်ပြီးသော။ ဉာဏဝိသေသေန၊ လောကီမှထူးသော လောကုတ္တရာဉာဏ်ဖြင့်။ အဓိဂမနီယတော စ၊ သိအပ်သည်၏ အဖြစ်ကြောင့်ရင်း။ သဗ္ဗညု၊ ဝစနတော စ၊ သဗ္ဗညုရှင်စောဘုရားသည် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်ရင်း။ ပရမတ္ထေန၊ ပရမတ္ထအားဖြင့်။ သမ္ဘာဝတော၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်ရင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဝိဇ္ဇမာနံ၊ ပရမတ္ထအားဖြင့်မရှိသည်။ န၊ မဟုတ်။ ဝိဇ္ဇမာနမေဝ၊ ထင်ရှားရှိသည်သာလျှင်တည်း။ ဧတံ ဝစနံ၊ နိဗ္ဗာန်သည်ထင်ရှားရှိ၏ဟူ၍ ထိုငါဆိုသောစကား၏ သက်သေကို။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ၊ အတ္ထိ။ပ။ အသင်္ခတံဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ ဟိ ဝုတ္တံဧဝ၊ ဟောတော်မူဘူးသည်သာလျှင်တည်း။ ။သာဓက ပါဠိအနက်ကား— ဘိက္ခဝေ၊ ချစ်သားတို့။ အဇာတံ၊ ဝေဒနာ စသည်တို့ကဲ့သို့ ဟေတုပစ္စယသမဝါယ ဟုဆိုအပ်သော ကာရဏ သာမဂ္ဂီကြောင့်ဖြစ်သည် မဟုတ်သော။ အဘူတံ၊ အကြောင်းနှင့် ကင်း၍ ကိုယ်တိုင်သာလျှင် ထင်ရှားဖြစ်သည်လည်းမဟုတ်သော။ အကတံ၊ တစုံတခုသောအကြောင်းသည် ပြုအပ်သည်လည်းမဟုတ် သော။ အသင်္ခတံ၊ အသင်္ခတဖြစ်သောတရားသည်။ ဝါ၊ သင်္ခတ မဟုတ်သောတရားသည်။ အတ္ထိ၊ ရှိ၏။

နိရောဓသစ္စကထာ တတိယော။

### ၇၁-မဂ္ဂသစ္စာကို ပုစ္ဆာရှစ်ချက်ဖြင့် ပြခြင်း။

(၁) အဘယ်ကြောင့် မဂ္ဂမည်သနည်း။
(၂) အဘယ်ကြောင့် သစ္စာမည်သနည်း။
(၃) အဘယ်ကြောင့် မဂ္ဂသစ္စာမည်သနည်း။
(၄) ထိုမဂ္ဂသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း။
(၅) ထိုမဂ္ဂသစ္စာ၏ အာကာရတို့ကား အဘယ်နည်း။
(၆) ထိုမဂ္ဂသစ္စာ၏ အပြားကား အဘယ်မျှရှိသနည်း။
(၇) ထိုမဂ္ဂသစ္စာ၏ နယ်ကား အဘယ်မျှကျယ်သနည်း။
(၈) ထိုမဂ္ဂသစ္စာကို အဘယ်မျှသိရုံမျှနှင့် သံသရာမှ မလွတ် သနည်း။ အဘယ်မျှသိလျှင် သံသရာမှ လွတ်သနည်း။ ။ဟူ၍ ပုစ္ဆာရှစ်ချက်တို့ဖြင့် မေးအပ်၏။

### ၇၂-အဘယ်ကြောင့် မဂ္ဂမည်သနည်းဟူသော ပဌမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

ထိုမေးအပ်သော ပုစ္ဆာရှစ်ချက်တို့တွင်—

(၁) အဘယ်ကြောင့် မဂ္ဂမည်သနည်း-ဟူသော ပုစ္ဆာအဖြေ ဝိသုဒ္ဓိမဂ်ကား ဤသို့တည်း။ ။"နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ၊ နိဗ္ဗာနတ္ထိကေဟိ ဝါ မဂ္ဂီယတိ ဂဝေသီယတိ၊ ကိလေသေ ဝါ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ မဂ္ဂတိ ဂဝေသတိ၊ အာရုံပြုသဖြင့် ရှာမှီးတတ်၏။ ဣတိတသ္မာ၊ထိုသို့နိဗ္ဗာန်ကို အာရုံပြုသဖြင့် ရှာမှီးတတ်သောသတ္တိကြောင့်။ မဂ္ဂေါ၊ မဂ်မည် ၏။ [ နိဗ္ဗာန်ကို အာရုံပြုတတ်သည်ကိုပင် ရှာမှီးတတ်သည်ဟူလို သည် ]။ ။ဝါ၊တနည်းကား။ နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကိုအလို ရှိသော အရိယာပုဂ္ဂိုလ်တို့သည်။ မဂ္ဂီယတိ ဂဝေသီယတိ၊အာရုံပြု သဖြင့် ရှာမှီးအပ်၏။ ဣတိ တသ္မာ၊ ထိုသို့နိဗ္ဗာန်ကို အလိုရှိသော အရိယာပုဂ္ဂိုလ်တို့သည် အာရုံပြုသဖြင့် ရှာမှီးအပ်သော သတ္တိ ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ [မဂ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်အောင် ကျင့်ဆောင်အပ်သည်ကိုပင် ရှာမှီးအပ်သည်ဟူလိုသည်]။ ။ဝါ၊ တနည်းကား။ ကိလေသေ၊ကိလေသာတို့ကို။ မာရေန္တော၊ သတ်

ဖြတ်လျက်။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ဂစ္ဆတိ၊အာရုံပြုသဖြင့် သွားတတ်၏။ ဣတိ တသ္မာ၊ထိုသို့ကိလေသာတို့ကို သတ်ဖြတ်လျက် နိဗ္ဗာန်သို့ အာရုံပြုသဖြင့် သွားတတ်သော သတ္တိကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ [နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကိုသတ်ဖြတ်လျက် သွားတတ်သည်ဟူသည်။ မာရေန္တောဂေါ ရှိလိုလျက် နိရုတ္တိနည်းဖြင့် မဂ္ဂေါ ရှိသည်]။ ။တနည်း။ ။''ကိလေသေ မာရေတီတိ မော၊နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မော စ သော ဂေါ စာတိမဂ္ဂေါ''။ ။ကိလေသေ၊ ကိလေသာတို့ကို။ မာရေတိ၊ သတ်ဖြတ်တတ်၏။ဣတိ တသ္မာ၊ထိုသို့ ကိလေသာတို့ကို သတ်ဖြတ်တတ်သောသတ္တိကြောင့်။မော၊မ-မည် ၏။ ။နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ဂစ္ဆတိ၊သွားတတ်၏။ ဣတိ တသ္မာ၊ထိုသို့ နိဗ္ဗာန်သို့ သွားတတ်သောသတ္တိကြောင့်။ဂေါ၊ဂ-မည်၏။ ။သော၊ ထိုအင်္ဂါမဂ်သည်။မော စ၊ ကိလေသာတို့ကိုလည်း သတ်ဖြတ်တတ် ၏။ဂေါ စ၊နိဗ္ဗာန်သို့လည်းသွားတတ်၏။ဣတိ တသ္မာ၊ထိုသို့ကိလေ သာတို့ကို သတ်ဖြတ်တတ်သောသတ္တိ, နိဗ္ဗာန်သို့ သွားတတ်သော သတ္တိ, နှစ်ပါးကြောင့်။ မဂ္ဂေါ၊မဂ်မည်၏။ [ကိလေသာတို့ကို လည်း သတ်ဖြတ်တတ်သည်, နိဗ္ဗာန်သို့လည်း အာရုံပြုသဖြင့် သွား တတ်သည်, ဤသတ္တိနှစ်ပါးကိုစွဲ၍ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး သည် မဂ်မည်သည်ဟူလိုသည်]။

နိဗ္ဗာနံ မဂ္ဂတိ - ကား ကတ္တုသာဓန ကိတ် ဝိဂြိုဟ်။ မဂ္ဂေါကား ကတ္တုသာဓနကိတ်ပုဒ်။ မဂ္ဂမာတ်၊ မာရှေးရှိသောဂမဓာတ်၊ ကွိ ပစ္စည်း။ ။မဂ္ဂဓာတ်၏အရကား မဂ်ဉာဏ်ကို မုချအားဖြင့် ရ၏။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်ကို ဖလူပစာအား ဖြင့်ရ၏။ နောက်နောက်၌ဖြစ်သော စေတောပရိယဉာဏ် ဒေသ နာဉာဏ်စသည်ကို ကာရဏူပစာအားဖြင့်ရ၏။ ကွိပစ္စည်း၏ အရကား ထိုမုချဖလူကာရဏူပစာတွေ တို့ဖြင့် မှတ်အပ်သော ခန္ဓာပဉ္စကဒြပ်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော အတ္တပညတ်ကို ရ၏။ ပဌမပုစ္ဆာပြီး၏။ ။ဒုတိယပုစ္ဆာ တတိယပုစ္ဆာတို့ကား ဒုက္ခသစ္စာ ကို နည်းမှီး၍သိအပ်၏။

၇၃-ထိုမဂ္ဂသစ္စာ၏ လက္ခဏာ စသည်ကား အဘယ်နည်းဟူသော စောဒနာကို ဖြေရှင်း၍ပြခြင်း။

(၄) ထိုမဂ္ဂသစ္စာ၏ လက္ခဏာစသည်ကား အဘယ်နည်း ဟူ ရာ၌—

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပ္ပဟာနရသံ၊
ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ်။

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ နိယျာနလက္ခဏံ၊ ထွက်မြောက်ခြင်း လက္ခဏာရှိ၏။ ကိလေသပ္ပဟာနရသံ၊ ကိလေသာကို ပယ်ခြင်းကိစ္စ ရှိ၏။ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ သံသရာမှ ထမြောက်ခြင်းပစ္စုပဋ္ဌာန် ရှိ၏။

ဤသို့ပြခြင်းကား အပေါင်းအားဖြင့် ပြခြင်းမျှသာတည်း။ အစိတ်အားဖြင့် သိလိုသော်ကား။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တို့ ပင်တည်း။

ထိုတွင် သမ္မာဒိဋ္ဌိသည် ကောင်းစွာမြင်ခြင်းလက္ခဏာရှိ၏။ မိမိ၏သဘောကိုပြခြင်းကိစ္စ ရှိ၏။ အဝိဇ္ဇာတည်းဟူသော မှောင်ကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

သမ္မာသင်္ကပ္ပသည် စိတ်ကိုရှေးရှုဆောင်ခြင်းလက္ခဏာ၊ ဖြစ်စေခြင်းကိစ္စ၊ မိစ္ဆာသင်္ကပ္ပကိုပယ်ခြင်း ပစ္စုပဋ္ဌာန်။ ။သမ္မာဝါစာသည် သိမ်းဆည်းခြင်းလက္ခဏာ၊ ကြဉ်ခြင်းကိစ္စ၊ မိစ္ဆာဝါစာကို ပယ်ခြင်းပစ္စုပဋ္ဌာန်။ ။သမ္မာကမ္မန္တသည် ကောင်းစွာဖြစ်စေခြင်းလက္ခဏာ၊ ကြဉ်ခြင်းကိစ္စ၊ မိစ္ဆာကမ္မန္တကိုပယ်ခြင်း ပစ္စုပဋ္ဌာန်။ ။သမ္မာအာဇီဝသည် ဖြူစင်စေခြင်းလက္ခဏာ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို စောင့်ရှောက်၍ အသက်မွေးခြင်းကိစ္စ၊ မိစ္ဆာဇီဝ ကိုပယ်ခြင်းပစ္စုပဋ္ဌာန်။ ။သမ္မာဝါယာမသည် စေတသိက်တို့ကို ချီးမြှောက်ခြင်းလက္ခဏာ၊ မဖြစ်သေးသောအကုသိုလ်ကို မဖြစ်စေခြင်း အစရှိသောကိစ္စ၊ မိစ္ဆာဝါယာမကိုပယ်ခြင်းပစ္စုပဋ္ဌာန်။ ။သမ္မာသတိသည် ထင်ခြင်းလက္ခဏာ၊မတွေဝေခြင်းကိစ္စ၊ မိစ္ဆာသတိကို

ပယ်ခြင်းပစ္စုပဋ္ဌာန်။ ။သမ္မာသမာဓိ သည် မပျံ့လွင့်ခြင်းလက္ခဏာ၊ ကောင်းစွာထားခြင်းကိစ္စ၊ မိစ္ဆာသမာဓိကိုပယ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ။ပဒဋ္ဌာန်တို့မှာ သီလစသည်လျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊ ဟိရီ,ဩတ္တပ္ပ,သီလ,သမာဓိ လျှင် နီးစွာသော အကြောင်းရှိ၏။

သာ သမ္မာဒဿနလက္ခဏာ၊ ဓာတုပ္ပကာသနရသာ၊ အဝိဇ္ဇန္ဓကာရဝိဒ္ဓံသနပစ္စုပဋ္ဌာနာ။ ။သော သမ္မာ စိတ္တာဘိနိရောပနလက္ခဏော၊ အပ္ပနာရသော၊ မိစ္ဆာသင်္ကပ္ပပ္ပဟာနပစ္စုပဋ္ဌာနော။ ။သာ ပရိဂ္ဂဟလက္ခဏာ၊ ဝိရမဏရသာ၊မိစ္ဆာဝါစာပ္ပဟာနပစ္စုပဋ္ဌာနာ။ ။သော သမုဋ္ဌာနလက္ခဏော၊ဝိရမဏရသော၊ မိစ္ဆာကမ္မန္တပ္ပဟာနပစ္စုပဋ္ဌာနော။ ။သော ဝေါဒါနလက္ခဏော၊ ဉာယာဇီဝပဝတ္တိရသော၊ မိစ္ဆာဇီဝပ္ပဟာနပစ္စုပဋ္ဌာနော။ ။သော ပဂ္ဂဟလက္ခဏော၊ အနုပ္ပန္နအကုသလာနုပ္ပါဒနာဒိရသော၊ မိစ္ဆာဝါယာမပ္ပဟာနပစ္စုပဋ္ဌာနော။ ။သာ ဥပဋ္ဌာနလက္ခဏာ၊ အသမ္မုဿနရသာ၊ မိစ္ဆာသတိပ္ပဟာန ပစ္စုပဋ္ဌာနာ။ ။သော အဝိက္ခေပလက္ခဏော၊ သမာဓာနရသော၊ မိစ္ဆာ သမာဓိပ္ပဟာန ပစ္စုပဋ္ဌာနောတိ။ ။ဝိသုဒ္ဓိမဂ်။

သာ၊ထိုသမ္မာဒိဋ္ဌိသည်။သမ္မာဒဿနလက္ခဏာ၊မဖောက်မပြန်သစ္စာကိုမြင်ခြင်းလက္ခဏာရှိ၏။ ဓာတုပ္ပကာသနရသာ၊ ပရမတ္ထဖြစ်သော စတုသစ္စာကိုထင်ခြင်းကိစ္စရှိ၏။အဝိဇ္ဇန္ဓကာရဝိဒ္ဓံသနပစ္စုပဋ္ဌာနာ။ အဝိဇ္ဇာဟူသောအမိုက်မှောင်ကို ဖျက်ဆီးခြင်းဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏။ ဝါ၊ ဖျက်ဆီးခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ။သော၊ထိုသမ္မာသင်္ကပ္ပသည်။သမ္မာစိတ္တာဘိနိရောပနလက္ခဏော၊ မဖောက်မပြန် သမ္ပယုတ်စိတ်ကိုနိဗ္ဗာန်အာရုံသို့ ရှေးရှုတင်ခြင်းလက္ခဏာရှိ၏။အပ္ပနာရသော၊သမ္ပယုတ်တရားကို နိဗ္ဗာန်အာရုံ၌သွင်းခြင်းကိစ္စရှိ၏။ ဝါ၊ ဖြစ်စေခြင်းကိစ္စရှိ၏။ မိစ္ဆာသင်္ကပ္ပပ္ပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာသင်္ကပ္ပကို ပယ်

ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊ ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ။သာ၊ ထိုသမ္မာဝါစာသည်။ ပရိဂ္ဂဟလက္ခဏာ၊ နာသောသူတို့ကိုင်း,သမ္ပယုတ်တရားတို့ကိုင်း, သိမ်းဆည်းခြင်းလက္ခဏာရှိ၏။ ဝိရမဏာရသာ၊မိစ္ဆာဝါစာမှကြဉ်ခြင်းကိစ္စရှိ၏။ မိစ္ဆာဝါစာပဟာနပစ္စုပဋ္ဌာနာ၊ မိစ္ဆာဝါစာကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊ ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ။သော၊ထိုသမ္မာကမ္မန္တသည်။သမုဋ္ဌာနလက္ခဏော၊ အပြစ်ကင်းသောကိုယ်ဖြင့် ပြုအပ်သောအမှုတို့ကို ကောင်းစွာဖြစ်စေခြင်းလက္ခဏာရှိ၏။ ဝိရမဏရသော၊ သာဝဇ္ဇကတ္တဗ္ဗကိရိယာကို ဖြစ်စေတတ်သော မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စရှိ၏။ မိစ္ဆာကမ္မန္တပဟာနပစ္စုပဋ္ဌာနော၊ မိစ္ဆာကမ္မန္တကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုတတ်၏။ ။သော၊ ထိုသမ္မာအာဇီဝသည်။ ဝေါဒါနလက္ခဏော၊ကိုယ်နှုတ်တို့ကို။(ဝါ)ခန္ဓာအစဉ်ကို စင်ကြယ်စေခြင်းလက္ခဏာရှိ၏။ ဉာယာဇီဝပဝတ္တိရသော၊ ရှင်တော်ဘုရားစက်ဆုပ်တော်မမူအပ်သော ကောင်းသောအသက်မွေးခြင်းလျောက်ပတ်သော အသက်မွေးခြင်းကို ဖြစ်စေခြင်းကိစ္စရှိ၏။ မိစ္ဆာဇီဝပဟာနပစ္စုပဋ္ဌာနော၊ ရှင်တော်ဘုရားသည် စက်ဆုပ်တော်မူအပ်သော မိစ္ဆာဇီဝကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊ပယ်တတ်သောတရားဟူ၍ ဉာဏ်အားရှေးရှုထင်တတ်၏။ ။သော၊ထိုသမ္မာဝါယာမသည်။ ပဂ္ဂဟလက္ခဏော၊ သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်းလက္ခဏာရှိ၏။ ဝါ၊သံကိလေသပက္ခမှ ချီကြွခြင်းလက္ခဏာရှိ၏။ အနုပ္ပန္နအကုသလာနုပ္ပါဒနာဒိရသော၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသောကိစ္စရှိ၏။ မိစ္ဆာဝါယာမပဟာနပစ္စုပဋ္ဌာနော၏။ ။သာ၊ ထိုသမ္မာသတိသည်။ ဥပဋ္ဌာနလက္ခဏော၊ စိရကတ စိရဘာသိတစသော အာရုံသို့ကပ်၍ တည်ခြင်းလက္ခဏာရှိ၏။ ဝါ၊ အာရုံသို့သဘောအလျောက် မဘောက်မယွင်း မှတ်နိုင်ခြင်းလက္ခဏာရှိ၏။

အသမ္ဗုဒ္ဓသာနုရသာ၊ အာရုံကိုမမေ့မလျော့ခြင်းကိစ္စရှိ၏။ မိစ္ဆာသတိပစ္စုပဋ္ဌာနာ၊ ၏။ ။သော၊ ထိုသမ္မာသမာဓိသည်။ အဝိက္ခေပလက္ခဏာ၊ မပျံ့လွင့်ခြင်းလက္ခဏာရှိ၏။ ဝါ၊သမ္ပယုတ်တရားတို့၏ မပျံ့လွင့်ကြောင်း၏အဖြစ်လျှင် လက္ခဏာရှိ၏။ သမာဓာနရသော၊ သမ္ပယုတ်စိတ်ကို အညီအညွတ် ကောင်းစွာ အာရုံ၌ထားခြင်းကိစ္စရှိ၏။ မိစ္ဆာသမာဓိပစ္စုပဋ္ဌာနော၊ မိစ္ဆာသမာဓိကိုပယ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်သော အခြင်းအရာရှိ၏။ ဝါ၊မိစ္ဆာသမာဓိကိုပယ်တတ်သောတရားဟု ဉာဏ်အားရှေးထင်တတ်၏။ ။စတုတ္ထပုစ္ဆာပြီး၏။

### ၇၄-ထိုမဂ္ဂသစ္စာ၏ အာကာရတို့ကား အဘယ်နည်းဟူသော ပဉ္စမပုစ္ဆာကို ဖြေရှင်း၍ ပြခြင်း။

(၅) ထိုမဂ္ဂသစ္စာ၏ အာကာရတို့ကား အဘယ်နည်း- ဟူရာ၌— သမ္မာဒိဋ္ဌိအစရှိသော ဤမဂ္ဂင်ရှစ်ပါးတို့သည် မဂ္ဂသစ္စာ၌ ဟောအပ်သော ရှစ်ပါးသောအာကာရတို့ပေတည်း။

ကတမံ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊သေယျထိဒံ၊သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိတိ၊ ဧဝံမဂ္ဂနိဒ္ဒေသေ အဋ္ဌဓမ္မာတိ။

ကတမံ။ပ။ သမ္မာသမာဓိတိ၊ ဟူ၍။ ဧဝံ၊ သို့။ မဂ္ဂနိဒ္ဒေသေ၊ ၌။ ဝုတ္တာ၊ကုန်သော။ အဋ္ဌဓမ္မာ၊တို့ငင်း။

ထိုရှစ်ပါးသော မဂ္ဂင်တို့တွင် သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ ဤမဂ္ဂင်တရားသုံးပါးတို့သည် သီလက္ခန္ဓမဂ္ဂင်မည်ကုန်၏။

ယာ စာဝုသော ဝိသာခ သမ္မာဝါစာ ယော စ သမ္မာကမ္မန္တော ယော စ သမ္မာ အာဇီဝေါ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။ ။စူဠဝေဒလ္လသုတ်ပါဠိတော်။

အာဝုသော ဝိသာခ၊ တကာဝိသာခါ။ ယာ စ သမ္မာဝါစာ၊

အကြင်သမ္မာဝါစာသည်ရှင်း။ ယော စ သမ္မာကမ္မန္တော၊ အကြင်သမ္မာကမ္မန္တသည်ရှင်း။ ယော စ သမ္မာအာဇီဝေါ၊ အကြင်သမ္မာအာဇီဝသည်ရှင်း။ ဣမေ ဓမ္မာ၊ ဤမဂ္ဂင်တရားသုံးပါးတို့ကို။ သီလက္ခန္ဓေ၊သီလက္ခန္ဓမဂ္ဂင်၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ထိုနည်းတူစွာ၊ သီလကိုပြည့်စုံစေပြီးသော အမျိုးကောင်းသား ယောဂီသူတော်စင်သည် သမာဓိက္ခန္ဓမဂ္ဂင်ဟု ဆိုအပ်သော သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ တည်းဟူသောအဓိစိတ္တတရားကို အားသစ်ကြိုးစားပါလျှင် သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးနှင့် ပြည့်စုံသောသူမည်၏။

ယော စ သမ္မာဝါယာမော ယာ စ သမ္မာသတိ ယော စ သမ္မာသမာဓိ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။

ရှင်းပါဠိတော်။

ယော စ သမ္မာဝါယာမော၊ အကြင်သမ္မာဝါယာမသည်ရှင်း။ ယာ စ သမ္မာသတိ၊အကြင်သမ္မာသတိ တရားသည်ရှင်း။ ယော စ သမ္မာသမာဓိ၊ အကြင်သမ္မာသမာဓိတရားသည်ရှင်း။ ဣမေ ဓမ္မာ၊ ဤတရားသုံးပါးတို့ကို။ သမာဓိက္ခန္ဓေ၊သမာဓိက္ခန္ဓ၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

ရှင်းနည်းတူစွာ အဓိသီလ,အဓိစိတ္တ သိက္ခာတို့နှင့် ပြည့်စုံပြီးသား အမျိုးကောင်းသား ယောဂီသူတော်စင်သည် အဓိစိတ္တသိက္ခာကို ကောင်းစွာမြင်သောသူသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ တည်းဟူသော ပညာက္ခန္ဓမဂ္ဂင်နှစ်ပါးနှင့် ပြည့်စုံ၍ အဓိပညာသိက္ခာနှင့် ပြည့်စုံသောသူမည်၏။

ယာ စ သမ္မာဒိဋ္ဌိ ယော စ သမ္မာသင်္ကပ္ပော ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။

ယာ စ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိ တရားသည်ရှင်း။ ယော စ သမ္မာသင်္ကပ္ပော၊ အကြင်သမ္မာသင်္ကပ္ပတရားသည်။ ဣမေ ဓမ္မာ၊ဤတရားနှစ်ပါးတို့ကို။ ပညာက္ခန္ဓေ၊ပညာက္ခန္ဓာ၌။ သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် ဒုက္ခ၌သိသောဉာဏ်, ဒုက္ခသမုဒယ၌

သိသောဉာဏ်, ဒုက္ခနိရောဓ၌သိသောဉာဏ်, ဒုက္ခနိရောဓဂါမိနီပဋိပဒါ၌ သိသောဉာဏ် ဤဉာဏ်အပေါင်းကို သမ္မာဒိဋ္ဌိ ဆိုအပ်၏။ ။ နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက် ဤဝိတက်သုံးပါးအပေါင်းသည် သမ္မာသင်္ကပ္ပမည်၏။ ။မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ ဤဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။ ။ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ ဤကာယဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တမည်၏။ ။ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး လူ, လက်နက်, အရက်,အဆိပ်,အသား ကုန်ငါးပါးကို မသွယ်ခြင်းတို့ဖြင့် အသက်မွေးခြင်းသည် သမ္မာအာဇီဝမည်၏။ ။မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်စေခြင်း, ဖြစ်ပြီးသောကုသိုလ်ကိုပွါးစေခြင်းတို့ဖြင့် အားထုတ်ခြင်းသည် သမ္မာဝါယာမမည်၏။ ။ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် ဤသတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်၍ အဘိဇ္ဈာဒေါမနဿ မဖြစ်အောင် စောင့်ရှောက်သော သတိသည် သမ္မာသတိမည်၏။ ။ဤလောက၌ အကြင်သူသည်ကာမဂုဏ်ငါးပါး အကုသိုလ်တရားတို့မှ ဆိတ်စေလျက် ခဏိကသမာဓိ ဥပစာရသမာဓိတို့ထက် ကဲလွန်၍ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့နှင့်ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမည်၏။

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ ဉာဏံ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။ ယော ခေါ ဘိက္ခဝေ နေက္ခမ္မသင်္ကပ္ပေါ အဗျာပါဒသင်္ကပ္ပေါ အဝိဟိံသာ သင်္ကပ္ပေါ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ဤသို့အစရှိသဖြင့် ဟောတော်မူသည်။

မဟာဝဂ္ဂသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့၊ သမ္မာဒိဋ္ဌိ၊ကောင်းစွာယူခြင်းသည်။ ကတမာ စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ဒုက္ခေ၊ ဆင်းရဲ၌။ ယံ ဉာဏံ၊ အကြင်သိခြင်းသည်လည်းကောင်း။ ဒုက္ခသမုဒယေ၊ ဆင်းရဲဖြစ်ကြောင်း၌။ ယံ ဉာဏံ၊ အကြင်သိခြင်းသည်လည်းကောင်း။ ဒုက္ခနိရောဓေ၊ ဆင်းရဲ၏ ချုပ်ရာ၌။ ယံ ဉာဏံ၊ အကြင်သိခြင်းသည် လည်းကောင်း။ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ၊ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအကျင့်၌။ ယံ ဉာဏံ၊ အကြင်သိခြင်းသည်လည်းကောင်း၊ အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာဒိဋ္ဌိ၊ကောင်းစွာယူခြင်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်းသည်။ ကတမော စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ခေါ နေက္ခမ္မသင်္ကပ္ပေါ၊ အကြင်ထွက်မြောက်လိုသော အကြံသည်လည်းကောင်း။ ယော ခေါ အဗျာပါဒသင်္ကပ္ပေါ၊ အကြင်မနှိပ်စက်လိုသော အကြံသည် လည်းကောင်း။ ယော ခေါ အဝိဟိံသာ သင်္ကပ္ပေါ၊ အကြင်မညှင်းဆဲလိုသော အကြံသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာသင်္ကပ္ပေါ၊ကောင်းစွာကြံခြင်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

## ၇၅-သမ္မာဒိဋ္ဌိကို ပြခြင်း။

ဤသို့ပြခြင်းကား သာမညအားဖြင့် ပြခြင်းတည်း။ ဝိသေသ အားဖြင့်သော်ကား ထိုမဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိကို ရှင်တော် ဘုရား ဟောတော်မူသည်ကား—

တတ္ထ ကတမာ သမ္မာဒိဋ္ဌိ။ ယာ ပညာ ပဇာနနာ ဝိစယော ပဝိစယော ဓမ္မဝိစယော သလ္လက္ခဏာ ဥပလက္ခဏာ ပစ္စုပလက္ခဏာ ပဏ္ဍိစ္စံ ကောသလ္လံ နေပုညံ ဝေဘဗျာ စိန္တာ ဥပပရိက္ခာ ဘူရိ မေဓာ ပရိဏာယိကာ ဝိပဿနာ သမ္ပဇညံ ပတောဒေါ ပညာ ပညိန္ဒြိယံ ပညာဗလံ ပညာသတ္ထံ ပညာ ပါသာဒေါ ပညာ အာလောကော ပညာဩဘာသော

ပညာပဇ္ဇောတော ပညာရတနံ အမောဟော ဓမ္မဝိစယော
သမ္မာဒိဋ္ဌိ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ။
အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ။

တတ္ထ၊ ၌၊ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာ၊ နည်း။ ယာ ပညာ၊ အကြင် ပညာသည်။ ယာ ပဇာနနာ၊ အကြင်အပြားအားဖြင့် သိသော အခြင်းအရာသည်။ ယော ဝိစယော၊ အကြင်ဆင်ခြင်ခြင်းသည်။ ယော ဓမ္မဝိစယော၊ အကြင်သစ္စာတရားတို့ကို ဆင်ခြင်တတ်သောတရားသည်။ ယာ သလ္လက္ခဏာ၊ အကြင်ကောင်းစွာမှတ်ခြင်းသည်။ ယာ ဥပလက္ခဏာ၊ အကြင်ကပ်၍ မှတ်ခြင်းသည်။ ယာ ပစ္စုပလက္ခဏာ၊ အကြင်ရှေးရှုကပ်၍ မှတ်ခြင်းသည်။ ယံ ပဏ္ဍိစ္စံ၊ အကြင်ပညာရှိသောပုဂ္ဂိုလ်၏ အဖြစ်သည်။ ယံ ကောသလ္လံ၊ အကြင်လိမ္မာသောပုဂ္ဂိုလ်၏အဖြစ်သည်။ ယံ နေပုညံ၊ အကြင်နူးညံ့သော ပုဂ္ဂိုလ်၏ အဖြစ်သည်။ ယာ ဝေဘဗျာ၊ အကြင်ထင်ရှားခြင်းသည်။ ယာ စိန္တာ၊ အကြင်ကြံတတ်သော တရားသည်။ ယာ ဥပပရိက္ခာ၊ အကြင်ကပ်၍ စူးစမ်းတတ်သောတရားသည်။ ယာ ဘူရိ၊ အကြင်မြေကြီးကဲ့သို့ပြန့်တတ်သောတရားသည်။ တနည်းကား။ ဟုတ်မှန်သောအနက်၌ မွေ့လျော်သော တရားသည်။ ယာ မေဓာ၊ အကြင်ကိလေသာတို့ကို နှိပ်စက်တတ်သောတရားသည်။ တနည်းကား။ လျင်စွာမှတ်သော တရားသည်။ ယာ ပရိဏာယိကာ၊ အကြင်ထိုးထွင်း၍သိခြင်း၌ ညွှတ်စေတတ်သောတရားသည်။ ယာ ဝိပဿနာ၊ အကြင်သဘော တရားတို့ကို ရှုဘတ်သောတရားသည်။ ယံ သမ္ပဇညံ၊ အကြင်အပြားအားဖြင့် သိတတ်သောတရားသည်။ ယော ပတောဒေါ၊ အကြင်လှံတံကဲ့သို့သော ပညာသည်။ ပညာ၊ ပညာဟုဆိုအပ်သော။ ယံ ပညိန္ဒြိယံ၊ အကြင်ပညာသာလျှင်ဖြစ်သော ဣန္ဒြေသည်။ ယံ ပညာဗလံ၊ အကြင်ပညာသာလျှင်ဖြစ်သောဗိုလ်သည်။ ယံ ပညာသတ္ထံ၊ အကြင်ပညာဟူသော ဓားလက်နက်သည်။ ယော ပညာပါသာဒေါ၊ အကြင်ပညာဟူသော ပြာသာဒ်သည်။ ယော ပညာအာလောကော၊ အကြင်ပညာဟူသော အလင်းသည်။ ယော ပညာဩဘာ

သော၊ အကြင်ပညာဟူသော အရောင်သည်။ ယော ပညာပဇ္ဇောတော၊ အကြင်ပညာဟူသော ထွန်းပခြင်းသည်။ ယံ ပညာရတနံ၊ အကြင်ပညာဟူသော ရတနာသည်။ ယော အမောဟော၊အကြင်အမောဟဟူသော ပညာသည်။ ယော ဓမ္မဝိစယော၊အကြင်တရားကို ဆင်ခြင်ခြင်းသည်။ ယာ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိတည်းဟူသော မဂ္ဂင်သည်။ ယော ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊အကြင်ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ မဂ္ဂင်္ဂံ၊ မဂ်အင်္ဂါမည်၏။ မဂ္ဂပရိယာပန္နံ၊ မဂ်၌အကျုံးဝင်၏။ အယံ၊ကို။ သမ္မာဒိဋ္ဌိတိ၊ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ပရိယာယ်တို့ကိုလည်း တရားကိုယ်အားဖြင့် ကောက်သည်ရှိသော် ပညိန္ဒြေစေတသိက်ဟုဆိုအပ်သော သမ္မာဒိဋ္ဌိတလုံးကိုသာ ရအပ်၏။ ထိုသမ္မာဒိဋ္ဌိသည်လည်း လောကိယသမ္မာဒိဋ္ဌိ လောကုတ္တရာသမ္မာဒိဋ္ဌိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကမ္မဿကတာဉာဏ် သစ္စာနုလောမိကဉာဏ် နှစ်ပါးသည်။ ဝါ၊အာသဝနှင့်တကွဖြစ်သော အလုံးစုံသော လောကီပညာသည် လောကိယသမ္မာဒိဋ္ဌိမည်၏။ မဂ်ဖိုလ်နှင့်ယှဉ်သော ပညာသည် လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏။

> သာ စာ ယံ သမ္မာဒိဋ္ဌိ ဒုဝိဓာ ဟောတိ လောကိယာ လောကုတ္တရာတိ။ တတ္ထ ကမ္မဿကတာဉာဏံ သစ္စာနုလောမိကဉာဏံ စ လောကိယာ သမ္မာဒိဋ္ဌိ၊ သင်္ခေပတော ဝါ သဗ္ဗာပိ သာသဝါ ပညာ။ အရိယမဂ္ဂဖလသမ္ပယုတ္တာ ပညာ လောကုတ္တရာ သမ္မာဒိဋ္ဌိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

သာ အယံ သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိသည်။ လောကိယာ သမ္မာဒိဋ္ဌိ စ၊ လောကီသမ္မာဒိဋ္ဌိလည်းကောင်း။ လောကုတ္တရာ သမ္မာဒိဋ္ဌိ စ၊ လောကုတ္တရာသမ္မာဒိဋ္ဌိလည်းကောင်း။ ဣတိ၊ဤသို့။ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။ တတ္ထ တေသု ဒွီသု သမ္မာဒိဋ္ဌီသု၊ ထိုနှစ်ပါးသော သမ္မာဒိဋ္ဌိတို့တွင်။ ကမ္မဿကတာဉာဏဉ္စ၊ ကမ္မဿကတာဉာဏ်လည်းကောင်း။ သစ္စာနုလောမိကဉာဏဉ္စ၊ သစ္စာနုလောမိကဉာဏ်လည်းကောင်း။ ဝါ၊ တနည်းသော်ကား။

သခ်ေပတော၊ အကျဉ်းအားဖြင့်။ သာသဝါ၊ အာသဝနှင့်တကွ ဖြစ်သော။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ပညာ၊ ပညာ သည်။ လောကိယာ သမ္မာဒိဋ္ဌိ၊ လောကီသမ္မာဒိဋ္ဌိမည်၏။ အရိယ မဂ္ဂဖလသမ္ပယုတ္တပညာ၊ အရိယာ မဂ်ဖိုလ်နှင့် ယှဉ်သော ပညာ သည်။ လောကုတ္တရာ သမ္မာဒိဋ္ဌိ၊ လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏။

တနည်း သမ္မာဒိဋ္ဌိသည် ဝိပဿနာသမ္မာဒိဋ္ဌိ, ကမ္မဿကတာ သမ္မာဒိဋ္ဌိ,မဂ္ဂသမ္မာဒိဋ္ဌိ,ဖလသမ္မာဒိဋ္ဌိ, ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ အား ဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စသည်တို့ ကို သိသောဉာဏ်သည် ဝိပဿနာသမ္မာဒိဋ္ဌိမည်၏။ လှူသော အ ကျိုးသည် ရှိ၏ စသည်ဖြင့် သိသောဉာဏ်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ မည်၏။ သမ္မာဒိဋ္ဌိ သမ္မာသက်ပ္ပစသည်ကို ပေါင်း ရုံးနိုင် သိမ်းဆည်းနိုင်သောဉာဏ်သည် မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ မည်၏။ မိမိဖြင်အပ်ပြီးသော မဂ်ဖိုလ်စသည်ကို မဘောက်မပြန် အမှန်ထိုးထွင်း၍ သိစွမ်းနိုင်သောဉာဏ်သည် ပစ္စဝေက္ခဏာ သမ္မာ ဒိဋ္ဌိမည်၏။

> ဋီမသ္မိံ့ ပန သုတ္တေ ပဉ္စ သမ္မာဒိဋ္ဌိယော ကထိတာ ဝိပဿနာသမ္မာဒိဋ္ဌိ ကမ္မဿကတာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌီတိ။ တတ္ထ မိစ္ဆာဒိဋ္ဌိံ မိစ္ဆာဒိဋ္ဌီတိ ပဇာနာတီတိ အာဒိနာ နယေန ဝုတ္တာ ဝိပဿနာ သမ္မာဒိဋ္ဌိနာမ။ အတ္ထိဒိန္နန္တိ အာဒိနာ နယေန ဝုတ္တာ ကမ္မဿကတာသမ္မာဒိဋ္ဌိနာမ။သမ္မာဒိဋ္ဌိဿ ဘိက္ခဝေ သမ္မာသက်ပ္ပေါ ပဟောတီတိ ဧတ္ထ ပန မဂ္ဂသမ္မာဒိဋ္ဌိ ဖလ သမ္မာဒိဋ္ဌီတိ ဒွေပိ ကထိတာ။ သမ္မာ ဉာဏံ ပဟောတီတိ ဧတ္ထ ပန ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ကထိတာ ဝေဒိတဗ္ဗာ။

ဋီမသ္မိံ ပန သုတ္တေ၊ ဤမဟာစတ္တာရီသကသုတ်၌။ ဝိပဿနာ သမ္မာဒိဋ္ဌိ စ၊ ဝိပဿနာသမ္မာဒိဋ္ဌိလည်းကောင်း။ ကမ္မဿက တာသမ္မာဒိဋ္ဌိ စ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိလည်းကောင်း။ မဂ္ဂ

သမ္မာဒိဋ္ဌိ စ၊ မဂ္ဂသမ္မာဒိဋ္ဌိလည်းကောင်း။ ဖလသမ္မာဒိဋ္ဌိ စ၊ ဖလ
သမ္မာဒိဋ္ဌိလည်းကောင်း။ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ စ၊ ပစ္စဝေက္ခ
ဏာသမ္မာဒိဋ္ဌိလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ သမ္မာဒိဋ္ဌိယော၊
ငါးပါးသော သမ္မာဒိဋ္ဌိတို့ကို။ ကထိတာ၊ ဟောတော်မူအပ်ကုန်၏။
တတ္ထ တေသု ပဉ္စသု သမ္မာဒိဋ္ဌိသု၊ ထိုငါးပါးသော သမ္မာဒိဋ္ဌိတို့
တွင်။မိစ္ဆာဒိဋ္ဌိံ၊မှားသောအယူကို။ မိစ္ဆာဒိဋ္ဌီတိ၊ မှားသောအယူ
ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ဣတိ အာဒိနာ၊ ဤသို့
အစရှိသော။ နယေန၊နည်းဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်သော။
သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ဝိပဿနာသမ္မာဒိဋ္ဌိနာမ၊ ဝိပဿနာ
သမ္မာဒိဋ္ဌိမည်၏။ ဒိန္နံ၊ ပေးလှူအပ်သော အလှူ၏ အကျိုးသည်။
အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ဣတိ
အာဒိနာ၊ ဤသို့အစရှိသော။ နယေန၊နည်းဖြင့်။ ဝုတ္တာ၊ဟောတော်
မူအပ်သော။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ
နာမ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိမည်၏။ ဘိက္ခဝေ၊ရဟန်းတို့။သမ္မာ
သက်ပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ သမ္မာဒိဋ္ဌိဿ၊ သမ္မာဒိဋ္ဌိအား။
ပဟောတိ၊ လောက်၏။ ဝါ၊ပြည့်၏။ဣတိ၊ဤသို့။ ဧတ္ထ ပန၊ဤအရာ
၌ကား။ မဂ္ဂသမ္မာဒိဋ္ဌိ၊မဂ္ဂသမ္မာဒိဋ္ဌိဟူ၍၎င်း။ ဖလသမ္မာဒိဋ္ဌိ၊ ဖလ
သမ္မာဒိဋ္ဌိဟူ၍၎င်း။ ဣတိ၊ဤသို့။ ဒွေပိ၊နှစ်ပါးသော သမ္မာဒိဋ္ဌိတို့ကို
လည်း။ ကထိတာ၊ဟောတော်မူအပ်ကုန်၏။ ဉာဏံ၊ မဂ်၏အခြား
မဲ့၌ သိသောဉာဏ်သည်။ သမ္မာ၊ မဘောက်မပြန်။ ပဟောတိ၊ သိ
ခြင်းငှါစွမ်းနိုင်၏။ ဣတိ၊ဤသို့။ ဧတ္ထ ပန၊ ဤအရာ၌ကား။ပစ္စဝေက္ခ
ဏာသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိကို။ ကထိယာ၊၏။ဣတိ၊သို့။
ဝေဒိတဗ္ဗာ၊ ကုန်၏။

ထိုသမ္မာဒိဋ္ဌိငါးပါးတို့တွင် မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိ နှစ်ပါး
တို့သည် လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏။ ကြွင်းသော သမ္မာဒိဋ္ဌိ
သုံးပါးတို့သည် လောကီယသမ္မာဒိဋ္ဌိမည်၏။ ထိုလောကီ လော
ကုတ္တရာ သမ္မာဒိဋ္ဌိဟူသမျှ ပညိန္ဒြေတခုတည်းသာ ရအပ်၏။ ထို
ကြောင့် သမ္မာဒိဋ္ဌိဟူသည် ပါရမီဉာဏ်မှစ၍ နိဗ္ဗာန်သို့ရောက်သည်
တိုင်အောင် ယထာဘူတ သိသိသမျှသော ဉာဏ်အမြင်ဟူသမျှ

သည် သမ္မာဒိဋ္ဌိမည်၏။ ထိုစကားသင့်စွ။ အခါတပါး၌ရဟန်းတို့သည် အရှင်သာရိပုတ္တရာအား သမ္မာဒိဋ္ဌိဖြစ်ကြောင်းကို။ ။ ''ကိတ္တာဝတာနုခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတဿ ဒိဋ္ဌိ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော အာဂတော ဣမံ သဒ္ဓမ္မန္တိ''အစရှိသောစကားဖြင့်မေးလျှောက်ရာ အရှင်သာရိပုတ္တရာသည် သမ္မာဒိဋ္ဌိဖြစ်ကြောင်းတို့ကို ဟောတော်မူ၏။ ဟောဟန်ကား။ ငါ့ရှင်တို့သမ္မာဒိဋ္ဌိဟူသည် အကုသိုလ်ကိုလည်း သိ၏။ အကုသလမူလကိုလည်းသိ၏။ ကုသိုလ်ကိုလည်း သိ၏။ ကုသလမူလကိုလည်းသိ၏။ ဤလေးပါးသောအကြောင်းတို့ကို သိသောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။

ငါ့ရှင်တို့ အဆင့်ဆင့် ရှင်သာရိပုတ္တရာအား လျှောက်ထားရာ အာဟာရ, အာဟာရသမုဒယ, အာဟာရနိရောဓ,အာဟာရနိရောဓဂါမိနိပဋိပဒါ ဤလေးပါးသော အကြောင်းကိုသိသောဉာဏ်အမြင်သည် သမ္မာဒိဋ္ဌိမည်၏။ ငါ့ရှင်တို့ ဒုက္ခ, ဒုက္ခသမုဒယ, ဒုက္ခနိရောဓ, ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဤလေးပါးသော အကြောင်းကိုသိသော ဉာဏ်အမြင်သည်လည်း သမ္မာဒိဋ္ဌိမည်၏။ ငါ့ရှင်တို့ ဇရာမရဏ, ဇရာမရဏသမုဒယ,ဇရာမရဏနိရောဓ, ဇရာမရဏနိရောဓဂါမိနိပဋိပဒါ ဤလေးပါးသော အကြောင်းကို သိသော ဉာဏ်အမြင်သည်လည်း သမ္မာဒိဋ္ဌိမည်၏။ ငါ့ရှင်တို့ ဇာတိ၌လေးပါး ဘဝ၌လေးပါး ဥပါဒါန်၌လေးပါး တဏှာ၌ လေးပါး ဝေဒနာ၌လေးပါး ဖဿ၌လေးပါး သဠာယတန၌ လေးပါး နာမ်ရုပ်၌လေးပါး ဝိညာဉ်၌လေး သင်္ခါရ၌လေးပါး အဝိဇ္ဇာ၌လေးပါး ဤသို့သောအမျိုးတို့၌ သိသိသမျှသော ဉာဏ်အမြင်ဟူသမျှသည် သမ္မာဒိဋ္ဌိချည်းမည်၏။ ဤသို့ဖြေတော်မူ၏။

### ၇၆-သမ္မာသက်ပ္ပကို ပြခြင်း။

သမ္မာသက်ပ္ပ၌—

တတ္ထ ကတမော သမ္မာသက်ပ္ပေါ၊ ယော တက္ကော ဝိတက္ကော သက်ပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိ

ရောပနာ သမ္မာသင်္ကပ္ပေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နော၊ အယံ ဝုစ္စတိ သမ္မာသင်္ကပ္ပေါ။ ။ဝိဘင်းပါဠိတော်။

တတ္ထ၊ ၌။ သမ္မာသင်္ကပ္ပေါ၊ သည်။ ကတမော၊နည်း။ ယော တက္ကော၊အကြင်ကြံခြင်းသည်။ ယော ဝိတက္ကော၊အကြင်အားကြီးသော ကြံခြင်းသည်။ ယော သင်္ကပ္ပေါ၊ အကြင်ကောင်းစွာကြံတတ်သောတရားသည်။ ယာ အပ္ပနာ၊ အကြင်စိတ်ကိုအာရုံ၌ဖြစ်စေတတ်သောတရားသည်။ ယာ ဗျပ္ပနာ၊ အကြင်အလွန်စိတ်ကို အာရုံ၌ဖြစ်စေတတ်သောတရားသည်။ ယာ စေတသော အဘိနိရောပနာ၊ အကြင်စိတ်ကို အာရုံ၌ထားသောတရားသည်။ ယော သမ္မာသင်္ကပ္ပေါ၊ အကြင်အဟုတ်အဟတ် ချီးမွမ်းအပ်သော အကြံသည်။ မဂ္ဂင်္ဂံ၊ မဂ်၏အင်္ဂါမည်၏။ မဂ္ဂပရိယာပန္နော၊ မဂ်၌အကျုံးဝင်၏။ အယံ၊ကို။ သမ္မာသင်္ကပ္ပေါတိ၊ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤသို့ဟောတော်မူအပ်သော ပရိယာယ်ပုဒ် အပေါင်းတို့သည်လည်း တရားကိုယ်အားဖြင့် ဝိတက် စေတသိက်သာတည်း။ ထိုဝိတက်သည် ကုသလဝိတက် အကုသလဝိတက် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် နေက္ခမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက် သုံးပါးတို့သည် ကုသလဝိတက်မည်၏။ ကာမဝိတက် အစရှိသော ဝိတက်ကြီးသုံးပါး, ဝိတက်ငယ်ခြောက်ပါးတို့သည် အကုသလဝိတက်မည်၏။ ကုသလဝိတက်ဖြစ်သော် အကုသလဝိတက်မဖြစ်။ အကုသလဝိတက်ဖြစ်သော် ကုသလဝိတက်မဖြစ်။ ဤစကားရပ်၌ အကုသလဝိတက်မဖြစ်သော် ကုသလဝိတက်ဖြစ်ရာကို သမ္မာသင်္ကပ္ပဟုဆိုအပ်၏။ ထိုကြောင့် အကြင်ယောဂီပုဂ္ဂိုလ်သည် ထိုထိုသောအာရုံ၌ဖြစ်သော ကာမဝိတက်စသည်ကို သည်းမခံရာ မထုံရာ။ သည်းမခံရသော် အဘယ်သို့ပြုရမည်နည်း။ စွန့်ရ၏။ အမှိုက်ကို စွန့်ရသကဲ့သို့ စွန့်ရအံ့လော။ ဤသို့ကားမဟုတ်။ မပျောက်လျှင် ပျောက်အောင် ဖျောက်ရာ၏ နှင်ထုတ်ရာ၏။ နွားမိုက်ကို နှင်ထုတ်သကဲ့သို့ နှင်ထုတ်ရအံ့လော။ ဤသို့မဟုတ်။ စင်စစ်သော်ကား ထိုကာမဝိတက်စသည်ကို တခုခုသော သမထဝိပဿနာအာရုံ၌ စိတ်

ကို မြဲစွာထား၍ ကုန်အောင်ပြုရာ၏ ကင်းအောင်ပြုရာ၏။ အကြွင်းအခြင်းဖြင့် ကာမဝိတက်စသည်ကို ဘင်မတ္တမျှ မကြွင်းကျန်အောင်ပြုရာ၏။

သော စ ခေါ် အတ္တဇ္ဈာပါဒါယ သံဝတ္တတိတိ အာဒိနာ နယေန ယောနိသော ကာမဝိတက္ကေ အာဒီနဝံ ပစ္စဝေက္ခိတွာ တသ္မိံ တသ္မိံ အာရမ္မဏေ ဥပ္ပန္နံ ဇာတမဘိနိဗ္ဗတ္တံ ကာမဝိတက္ကံ နာဓိဝါသေတိ၊ စိတ္တံ အာရောပေတွာ န ဝါသေတိ၊ အဗ္ဘန္တရေ ဝါ န ဝါသေတိတိပိ အတ္ထော။အနဓိဝါသေန္တော ကိံ ကရောတိတိ။ ပဇဟတိ ဆဍ္ဍေတိ။ကိံ ကစဝရံဝိယ ပိဋကေနာတိ။ န ဟိ၊ အပိစခေါ နံ ဝိနောဒေတိ ဓုနာတိ ဝိဇ္ဈတိ နီဟရတိ။ ကိံ ဗလိဗဒ္ဒံဝိယ ပတောဒေနာတိ။ န ဟိ၊ အထခေါ နံ ဗျန္တိံ ကရောတိ၊ ဝိဂတန္တံ ကရောတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

သော စ ခေါ် အတ္တဇ္ဈာပါဒါယ သံဝတ္တတိတိ အာဒိနာ နယေန၊ သော စ ခေါ။ပ။ သံဝတ္တတိ၍သို့အစရှိသောနည်းဖြင့်။ ယောနိသော၊ အသင့်အတင့် နှလုံးသွင်းခြင်းရှိသော သူသည်။ ကာမဝိတက္ကေ၊ ကာမဝိတက်၌။ အာဒီနဝံ၊ အပြစ်ကို။ပစ္စဝေက္ခိတွာ၊ဆင်ခြင်၍။ တသ္မိံ တသ္မိံ အာရမ္မဏေ၊ ထိုထိုသောအာရုံ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ဇာတံ၊ ထင်စွာဖြစ်သော။ အဘိနိဗ္ဗတ္တံ၊ အလွန်ဖြစ်သော။ ကာမဝိတက္ကံ၊ကာမဝိတက်ကို။ နာဓိဝါသေတိ၊ သည်းမခံ။ စိတ္တံ၊ စိတ်၌။ အာရောပေတွာ၊တင်၍။ န ဝါသေတိ၊မထုံ။ အဗ္ဘန္တရေ ဝါ၊ ကိုယ်တွင်း၌မူလည်း။ န ဝါသေတိ၊မနေစေ။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။ အနဓိဝါသေန္တော၊သည်းမခံသောသူသည်။ ကိံ၊အသို့။ ကရောတိ၊ ပြုသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊အမေးတည်း။ ပဇဟတိ ဆဍ္ဍေတိ၊စွန့်ရ၏။ ကိံ၊အသို့နည်း။ ပိဋကေန၊ခြင်းတောင်းဖြင့်။ ကစဝရံဝိယ၊အမှိုက်ကိုစွန့်သကဲ့သို့။ ဆဍ္ဍေတိ၊စွန့်ရအံ့လော။ န ဟိ၊ဤသို့ကားမဟုတ်။ အပိ စ ခေါ၊

စင်စစ်သော်ကား။နံ၊ထိုအကုသိုလ်ဝိတက်ကို။ဝိနောဒေတိ၊ဖျောက်ရ၏။ ဗျန္တီကရောတိ၊ခါရ၏။ ဝိဋ္ဌတိ၊ပစ်ရ၏။ နီဟရတိ၊နှင်ထုတ်ရ၏။ကိံ၊အဘယ်သို့နည်း။ ပတောဒေန၊နှင်တံဖြင့်။ ဗလိဗဒ္ဒံဝိယ၊နွားရိုင်းကို နှင်ထုတ်သကဲ့သို့။ ကရောတိ၊ပြုရအံ့လော။ န ဟိ၊ ဤသို့ကားမဟုတ်။ အထခေါ၊စင်စစ်သော်ကား။ နံ၊ထိုအကုသလဝိတက်ကို။ဗျန္တီ၊ကုန်ခြင်းကို။ကရောတိ၊ပြု၏။ဝိဂတန္တံ၊ကင်းခြင်းကို၊ ကရောတိ၊ပြု၏။

ထိုစကားသင့်စွ အကုသလဝိတက်ဟူသည်။ ။''ဥပ္ပန္နံ ကုလ ပုတ္တံ အကုသလဝိတက္ကာ အဘိဘဝိတွာ အနမတဂ္ဂေ ဝဋ္ဋ ဒုက္ခေ သီဒေန္တိ''ဟူသော မူလပဏ္ဏာသ အဋ္ဌကထာဆရာ မိန့်မှာတော် မူသည်နှင့်အညီ ကာမဝိတက်စသည်ကို ကြံရာ၌ သတ္တဝါတို့၌ရင်း သင်္ခါရတို့၌ရင်း ကြံတတ်ကုန်၏။ ဗျာပါဒဝိတက်ကိုလည်း ထိုနည်း တူစွာ ကြံတတ်ကုန်၏။ဝိဟိံသာ ဝိတက်တို့ကား သတ္တဝါတို့၌သာ ကြံတတ်ကုန်၏။ထိုသို့ကြံ၍ အပါယ်စသည်တို့၌ဖြစ်တတ်ကြကုန်၏။ ထိုကြောင့် အကြင်သူသည် ရူပါရုံစသော ကာမဂုဏ်ငါးပါးကိုစွဲ၍ သတ္တဝါသင်္ခါရတို့၌ သာယာသဖြင့် ကြံအံ့။ ကာမဝိတက်ဖြစ်၏။ ထိုရူပါရုံစသော ကာမဂုဏ်ငါးပါးတို့ကို သိသည်နှင့်တပြိုင်နက် ဤဘရားတို့ကား ခယဓမ္မ ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ နေက္ခမ္မ ဝိဘက်ဖြစ်၏။ အနိစ္စစသည်ကိုလည်း ထင်ရ၏။ အကြင်သူသည် သတ္တဝါသင်္ခါရတို့၌ ပြစ်မှားသဖြင့် ကြံအံ့။ ဗျာပါဒဝိတက်ဖြစ်၏။ ထိုအာရုံတို့ကို ဤတရားတို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ အဗျာပါဒဝိတက်ဖြစ်၏။အကြင်သူသည် သတ္တဝါတို့၌ ညှဉ်းဆဲလိုသည်ဖြစ်၍ ကြံအံ့။ ဝိဟိံသာဝိတက်ဖြစ်၏။ ထိုအာရုံတို့ကို ဤတရားတို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ အဝိဟိံသာဝိတက်ဖြစ်၏။ တနည်း။ ၎င်းဝိတက်သုံးပါးတို့မှ ထွက်မြောက်၍ ပဉ္စမဈာန်ကိုရအံ့။ နေက္ခမ္မဝိတက်ဖြစ်၏။

၎င်းနည်းတူ ဉာတိဝိတက်, ဇနပဒဝိတက်, အမရာဝိတက်, ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက်, လာဘသက္ကာရသိလောကပဋိသံ

ယုတ္တဝိတက်, အနဝိညတ္တိပဋိသံယုတ္တဝိတက်ဟူ၍လည်း ဝိတက်ငယ် ခြောက်ပါး အပြားရှိ၏။ ထိုတွင် အကြင်သူသည် ငါတို့အမျိုး ငါတို့၏မိတ်ဆွေတို့သည် ချမ်းသာစွာရှိကုန်၏ဟူ၍ ကာမဂုဏ် စသည်တို့ကိုမှီ၍ ကြံအံ့။ ဉာတိဝိတက်မည်။ ဤသူတို့သည် ခယဓမ္မ-ဝယဓမ္မတို့သာတည်း စသည်ဖြင့် ကြံအံ့။ ဉာတိဝိတက်မဖြစ် ငါတို့မြို့ နိဂုံးဇနပုဒ်တို့၌ ဝပြော၏ သာယာ၏ စသည်ဖြင့် ကြံအံ့။ ဇနပဒ ဝိတက်ဖြစ်၏။ ဤသည်တို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ ဇနပဒဝိတက်မဖြစ်။ ဆောင့်ကြောင့်ထိုင်ခြင်း အစရှိသော ဒိဋ္ဌိအကျင့်တို့ဖြင့် ဘောက်လွဲဘောက်ပြန် မမှန်သောအကြံဖြင့် အ မရာမည်သောငါးကဲ့သို့ ဤကိုကြံလျှင် ထိုကိုကြံတတ်၏။ ထိုကိုကြံ လျှင် ဤကိုကြံတတ်၏။ ဤသို့ကြံခြင်းသည် အမရာဝိတက်မည်၏။ ဤတရားတို့သည် ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ အမရာ ဝိတက်မဖြစ်။ သူတပါးချစ်လျှင် နှစ်ဆတက်၍ချစ်ခြင်း, နှစ်ဆ တက်၍ သနားခြင်းစသည်ဖြင့် ကြံအံ့။ ပရာနုဒ္ဒယတာပဋိသံယုတ္တ ဝိတက်မည်၏။ ဤသည်တို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ ၎င်းဝိတက်မဖြစ်။ လာဘ်အပ္ပဇော် အကျော်အစောစသည် ကို ကြံအံ့။ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက် မည်၏။ ဤသည်တို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ ၎င်း ဝိတက်မဖြစ်။ ဤသူတို့သည် ငါ့အားမထေမဲ့မြင်ပြုကြကုန်၏။ မ ထေမဲ့မြင် ဆိုကြကုန်၏။ ငါသည် ဂုဏ်ရှိသောသူမဟုတ်လောဟု စသည်ဖြင့် ကြံအံ့။ အနဝိညတ္တိပဋိသံယုတ္တဝိတက်မည်၏။ ဤသည် တို့ကား ခယဓမ္မ-ဝယဓမ္မတို့သာတည်းဟု ကြံအံ့။ ၎င်းဝိတက် မဖြစ်။ ဤသို့လျှင် ဝိတက်ငယ်ခြောက်ပါးတို့၌ အကုသလဝိတက် ကုသလဝိတက်တို့ဖြစ်ဟန်ကို သိအပ်၏။ အကြောင်းမှာ ကုသလ ဝိတက်ဖြစ်သည်ရှိသော် သမ္မာသက်ပ္ပချည်းမည်၏။

ဉာတိဝိတက္ကနိဒ္ဒေသာဒီသု မယှံ ဉာတယော သုခဇီဝိ နော သမ္ပတ္တိယုတ္တာတိ ဧဝံ ပဥ္စကာမဂုဏသန္နိသိတေန ဂေဟသိတပေမေန ဉာတကေ အာရဗ္ဘ ဥပ္ပန္နဝိတက္ကော ဝ

ဉာတိဝိတက္ကော။ ခယံ ဂတာ ဝယံ ဂတာ သဒ္ဓါ ပသန္နာတိ ဇေဝံ ပဝတ္တော ပန ဉာတိဝိတက္ကောနာမ န ဟောတိ။အမှာကံ ဇနပဒေါ သုဘိက္ခော သမ္ပန္နသဿောတိ တုဋ္ဌမာနဿ ဂေဟသိတပေမဝသေနေဝ ဥပ္ပန္နဝိတက္ကော ဇနပဒ ဝိတက္ကော နာမ။အမှာကံ ဇနပဒေ မနုဿာ သဒ္ဓါ ပသန္နာ ခယံ ဂတာ ဝယံ ဂတာတိ ဇေဝံ ပဝတ္တော ပန ဇနပဒ ဝိတက္ကောနာမ န ဟောတိ။ ။သမ္မောဟ ဝိ နောဒနီ အဋ္ဌကထာ။

ဉာတိဝိတက္ကနိဒ္ဒေသာဒိသု၊တို့၌။ မယှံ၊ငါ၏။ ဉာတယော၊တို့ သည်။ သုခဇီဝိနော၊ချမ်းသာစွာအသက်မွေးခြင်းရှိကုန်၏။ သမ္ပတ္တိ ယုတ္တာ၊စည်းစိမ်နှင့်ပြည့်စုံကုန်၏။ ဇေဝံ၊သို့။ ပဉ္စကာမဂုဏသန္နိဿိ တေန၊ ငါးပါးသော ကာမဂုဏ်ကိုမှီ၍ဖြစ်သော။ ဂေဟသိတပေ မေန၊အိမ်ကိုမှီ၍ချစ်ခြင်းဖြင့်။ ဉာတကေ၊အဆွေအမျိုးတို့ကို။ အာ ရဗ္ဘ၊အကြောင်းပြု၍။ ဥပ္ပန္နဝိတက္ကော ဝ၊ ဖြစ်သောဝိတက်သည်သာ လျှင်။ ဉာတိဝိတက္ကော၊ ဉာတိဝိတက်မည်၏။ ခယံ၊ ကုန်ခြင်းသို့။ ဂတာ၊ ရောက်ကုန်ပြီ။ ဝယံ၊ ပျက်ခြင်းသို့။ ဂတာ၊ ရောက်ကုန်ပြီ။ သဒ္ဓါ၊သဒ္ဓါခြင်းရှိကုန်၏။ ပသန္နာ၊ကုန်၏။ ဣတိဇေဝံ၊သို့။ ပဝတ္တော၊ သော။ ဝိတက္ကောပန၊သည်ကား။ ဉာတိဝိတက္ကောနာမ၊မည်သည်။ န ဟောတိ၊မဖြစ်။ အမှာကံ၊ငါတို့၏။ ဇနပဒေါ၊ဇနပုဒ်သည်။ သု ဘိက္ခော၊ဝပြော၏။ သမ္ပန္နသဿော၊ ပြည့်စုံသော ကောက်ရှိ၏။ ဣတိ၊ သို့။ တုဋ္ဌမာနဿ၊ ဝမ်းမြောက်သောသူအား။ ဂေဟသိတ ပေမဝသေနေဝ၊ အိမ်ကိုမှီ၍ဖြစ်သောချစ်ခြင်း၏ အစွမ်းအားဖြင့် သာလျှင်။ ဥပ္ပန္နဝိတက္ကော၊သည်။ ဇနပဒဝိတက္ကောနာမ၊ မည်၏။ အမှာကံ၊ငါတို့၏။ဇနပဒေ၊၌။ မနုဿာ၊တို့သည်။ သဒ္ဓါ၊သဒ္ဓါခြင်း ရှိကုန်၏။ ပသန္နာ၊ကြည်ညိုကုန်၏။ ခယံ၊ ကုန်ခြင်းသို့။ ဂတာ၊ ပြီ။ ဝယံ၊ပျက်စီးခြင်းသို့။ ဂတာ၊ပြီ။ ဣတိဇေဝံ၊သို့။ ပဝတ္တော၊သော။ ဝိတက္ကော ပန၊ သည်ကား။ ဇနပဒဝိတက္ကောနာမ၊ မည်သည်။ နဟောတိ၊ မဖြစ်။

## ၇၇-သမ္ဘာဝါစာကိုပြခြင်း။

သမ္ဘာဝါစာ၌ကား—

တတ္ထ ကတမာ သမ္ဘာဝါစာ။ ယာ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာအနတိက္ကမော သေတုဃာတော သမ္ဘာဝါစာ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ။ အယံဝုစ္စတိ သမ္ဘာဝါစာ။ ။ဝိဘင်းပါဠိတော်။

တတ္ထ၊၌။ သမ္ဘာဝါစာ၊သည်။ ကတမာ၊နည်း။ စတူဟိ ဝစီဒုစ္စရိတေဟိ၊ ဝစီဒုစရိုက်လေးပါးတို့မှ။ ယာ အာရတိ၊အကြင်ကိုယ်နှုတ်ဖြင့်ကြဉ်ခြင်း။ ယာ ဝိရတိ၊ အကြင်အထူးသဖြင့်ကြဉ်ခြင်း။ ယာ ပဋိဝိရတိ၊ အကြင်အဘန်တလဲလဲကြဉ်ခြင်း။ ယာ ဝေရမဏီ၊ အကြင်ကြဉ်ခြင်း။ ယာ အကိရိယာ၊ အကြင်မပြုခြင်း။ယံ အကရဏံ၊အကြင်မပြုခြင်း။ယာ အနဇ္ဈာပတ္တိ၊အကြင်မလွန်ကျူးခြင်း။ ယော ဝေလာအနတိက္ကမော၊ အကြင်ကမ်းကို မလွန်ခြင်း။ ယော သေတုဃာတော၊အကြင်မိစ္ဆာဝစီဝတည်းဟူသော အကုသိုလ်၏အကြောင်းကိုဖြတ်ခြင်း။ ယာ သမ္ဘာဝါစာ၊ အကြင်ကောင်းသောစကားကိုဆိုခြင်း။ မဂ္ဂင်္ဂံ၊မဂ်၏အင်္ဂါတည်း။ မဂ္ဂပရိယာပန္နံ၊မဂ်၌အကျုံးဝင်၏။ အယံ၊ကို။ သမ္ဘာဝါစာ-တိ၊ဟူ၍။ ဝုစ္စတိ၊၏။

ဤသို့ ဆိုအပ်ပြီးသော ပရိယာယ်ပုဒ် အပေါင်းတို့လည်း သမ္ဘာဝါစာစေတသိက်တခုကိုသာလျှင် ရအပ်၏။ ထိုသမ္ဘာဝါစာသည်လည်း ကောင်းစွာကြွတော်မူပါ, လာတော်မူပါ စသည်ဖြင့် ဆိုတတ်ရုံမျှနှင့်မဖြစ်။ ပိဋကတ်သုံးပုံကို သရဇ္ဈာယ်၍နေသော်လည်း သမ္ဘာဝါစာမဖြစ်။ ထင်စေအံ့။ စကားဆိုခြင်းသည် သုံးဘုံသူတို့၌ ခြောက်ခွန်းသာရှိ၏။ အဘယ်နည်းဟူမူ—

(၁) ထင်ရှားလည်းမရှိ၊မှန်လည်းမမှန်၊ပစ္စုပ္ပန် သံသရာ အကျိုးလည်းမရှိ၊သူတပါးတို့လည်းမနှစ်သက်၊ထိုစကားကို ဘုရားရှင်တို့ ဆိုတော်မမူ။

''အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ အမနာပံ န ဝဒေ''။ ။ သီလဝန္တကို ဒုဿီလဟုဆိုသည်။ ။တခွန်း။

(၂) ထင်ရှားလည်းရှိသည်၊ မှန်လည်းမှန်၏၊ အကျိုးလည်းမရှိ၊ သူတပါးတို့လည်းမနှစ်သက်၊ ထိုစကားကို ဘုရားရှင်တို့ဆိုတော်မမူ။
''ဘူတံ တစ္ဆံ အနတ္ထသံဟိတံ အမနာပံ န ဝဒေ''။ ။ ဒုဿီလကို ဒုဿီလဟု ဆိုသည်။ ။နှစ်ခွန်း။

(၃) ထင်ရှားလည်းရှိ၏၊ မှန်လည်းမှန်၏၊ အကျိုးစီးပွားလည်း ရှိ၏၊ သူတပါးတို့ကား မနှစ်သက်၊ ထိုစကားကို ဘုရားရှင်တို့ ဆိုတော်မူ၏။
''ဘူတံ တစ္ဆံ အတ္ထသံဟိတံ အမနာပံ ဝဒေ''။ ။ဒေဝဒတ္တော အာပါယိကော စသည်ဖြင့်ဆို၏။ ။သုံးခွန်း။

(၄) ထင်ရှားလည်းမရှိ၊မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတပါးတို့ကားနှစ်သက်၏၊ ထိုစကားကို ဘုရားရှင်တို့ဆိုတော်မမူ။
''အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ မနာပံ န ဝဒေ''။ ။ ယဇ္ဇပူဇော်သော် နတ်ရွာရောက်၏ စသည်ဖြင့်ဆိုသည်။ ။ လေးခွန်း။

(၅) ထင်ရှားလည်းရှိ၏၊ မှန်လည်းမှန်၏၊ အကျိုးလည်းမရှိ၊ သူတပါးတို့လည်း နှစ်သက်၏၊ ထိုစကားကို ဘုရားရှင်တို့ ဆိုတော်မမူ။
''ဘူတံ တစ္ဆံ အနတ္ထသံဟိတံ မနာပံ န ဝဒေ''။ ။ကုန်းချောသော ပိသုဏဝါကိုဆိုသည်။ ။ငါးခွန်း။

(၆) ထင်ရှားလည်းရှိ၏၊ မှန်လည်းမှန်၏၊ အကျိုးစီးပွားလည်း ရှိ၏၊ သူတပါးတို့လည်းနှစ်သက်၏၊ထိုစကားကို ဘုရားရှင် တို့ဆိုတော်မူ၏။
''ဘူတံ တစ္ဆံ အတ္ထသံဟိတံ မနာပံ ဝဒေ''။ ။ဒါနကထာ သီလကထာ စသော စကားမျိုးတည်း။ ။ခြောက်ခွန်း။

ဤစကားတို့တွင် ဘုရားအစရှိသော သူတော်ကောင်းတို့သည် တတိယစကားနှင့် ဆဋ္ဌစကားကိုသာလျှင် ဆိုတော်မူကြကုန်၏။ ။ အာဂုမ်ကိုလိုမူ ဝိသုဒ္ဓိမဂ် သုဂတော ဟူသောပုဒ် အဘွင့်မှာ ယူလေ။

ထိုစကား ခြောက်ခွန်းတို့တွင် တတိယ ဆဋ္ဌ စကား တို့ ကို ကောင်းစွာဆိုအပ်သော်လည်း စေတနာဝါစာ ဝိရတိဝါစာ သဒ္ဒဝါစာ ဤဝါစာသုံးပါးတို့တွင် ကောင်းစွာဆိုခြင်း(၁) မကောင်းသဖြင့် မဆိုခြင်း(၂) အပြစ်မရှိခြင်း(၃) ပညာရှိအားမထိပါးခြင်း(၄) ဤစကားကောင်း အင်္ဂါလေးပါးတို့နှင့်ပြည့်စုံပေရကား စေတနာဝါစာမည်၏။ ဝစီဒုစရိုက်လေးပါးတို့မှ ကောင်းစွာကြဉ်ရှောင်ခြင်းသည် ဝိရတိဝါစာမည်၏။ သဒ္ဒါအနက်တို့ကို မပျက်မစီးရအောင် ပြောဆိုခြင်းသည် သဒ္ဒဝါစာမည်၏။ ထိုဝါစာ သုံးပါးတို့တွင် ဝိရတိဝါစာကိုသာလျှင် ဤသမ္မာဝါစာ၏အရာ၌ ယူအပ်၏။ ယူကြလေ။

> ဝစီကမ္မဒွါရကထာယံ ပန စေတနာ,ဝိရတိ,သဒ္ဒဝသေန တိဝိဓာ ဝါစာ နာမ။ တတ္ထ စတူဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နော ဒုဗ္ဘာသိတာ အနဝဇ္ဇာ စ အနနုဝဇ္ဇာ ဝိညူနန္တိ အယံ စေတနာဝါစာ နာမ၊ ယာ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ။ပ။ အယံ ဝုစ္စတိ သမ္မာဝါစာတိ အယံ ဝိရတိ ဝါစာ နာမ။ ဝါစာ ဂိရာ ဗျပ္ပထော ဥဒီရဏံ ဃောသော ဃောသကမ္မံ ဝါစာ ဝစီဘေဒေါတိ အယံ သဒ္ဒဝါစာနာမ။
> အဋ္ဌသာလိနီအဋ္ဌကထာ။

ပန၊ထို့မှတပါး။ ဝစီကမ္မဒွါရကထာယံ၊ ၌။ ဝါစာနာမ၊ဝါစာမည်သည်။စေတနာ ဝိရတိ သဒ္ဒဝသေန၊စေတနာ ဝိရတိ သဒ္ဒတို့၏ အစွမ်းဖြင့်။ တိဝိဓာ၊သည်။ဟောတိ၊၏။ တတ္ထ တာသု တီသု ဝါစာသု၊တို့တွင်။ ဘိက္ခဝေ၊တို့။ စတူဟိ၊ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ ဝါစာ၊စကားသည်။ သုဘာသိတာ၊

ကောင်းစွာဆိုအပ်သည်။ ဟောတိ၊ ၏။ ဒုဗ္ဘာသိတာ၊ မကောင်းသဖြင့်ဆိုအပ်သည်။ နောဟောတိ၊မဖြစ်။ အနဝဇ္ဇာ စ၊ အပြစ်မရှိသည်လည်း။ဟောတိ၊၏။ ဝိညူနံ၊ပညာရှိတို့သည်။ အနနုဝဇ္ဇာ စ၊ မကဲ့ရဲ့ထိုက်သည်လည်း။ ဟောတိ၊၏။ဣတိ ဧဝံ၊ဤပါဠိ၌။ အာဂတာ၊ လာသော။ အယံဝါစာ၊သည်။ စေတနာဝါစာနာမ၊မည်၏။ စတူဟိ၊ ကုန်သော။ ဝစီဒုစ္စရိတေဟိ၊ ဝစီဒုစရိုက်တို့မှ။ ယာ အာရတိ၊ အကြင်ဝေးစွာကြဉ်ခြင်းသည်။ ယာ ဝိရတိ၊အကြင်ကင်း၍ကြဉ်ခြင်းသည်။အတ္ထိ၊ ၏။ပ။ အယံ ဝိရတိ၊ကို။ သမ္မာဝါစာတိ၊ဟူ၍။ ဝုစ္စတိ၊၏။ ဣတိ၊သို့။ အာဂတာ၊လာသော။ အယံဝါစာ၊သည်။ ဝိရတိဝါစာ နာမ၊ မည်၏။ ဝါစာ၊ ဆိုအပ်သောစကား။ ဂိရာ၊ဆိုအပ်သောစကား။ ဗျပ္ပထော၊ အနက်ကို သိခြင်းငှာလိုသော သူတို့၏ အကြောင်းဖြစ်သောစကား။ ဥဒီရဏံ၊ မြွက်ဆိုအပ်သောစကား။ ဃောသော၊အသံ။ ဃောသကမ္မံ၊အသံဟူသောအမှု။ဝါစာ၊ဆိုအပ်သောစကား။ ဝစီဘေဒေါ ဝစီဝိသေသော၊လိုအပ်သောအနက်ကို သိစေတတ်သောစကားအထူး။ ဣတိ ဧဝံ၊ ၌။ အာဂတာ၊ လာသော။ အယံဝါစာ၊သည်။ သဒ္ဒဝါစာနာမ၊ ၏။

## ၇၈-သမ္မာကမ္မန္တကို ပြခြင်း။

သမ္မာကမ္မန္တ၌—

> တတ္ထ ကတမော သမ္မာသမ္မန္တော။ ယာ တီဟိ ကာယဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာအနတိက္ကမော သေတုဃာတော သမ္မာကမ္မန္တော မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ။ အယံ ဝုစ္စတိ သမ္မာကမ္မန္တော။

တတ္ထ၊၌။ သမ္မာကမ္မန္တော၊သည်။ ကတမော၊အဘယ်နည်း။ တီဟိ ကာယဒုစ္စရိတေဟိ၊ သုံးပါးသော ကာယဒုစရိုက်တို့မှ။ ယာ အာရတိ၊ အကြင်ကြဉ်ခြင်း။ ယာ ဝိရတိ၊ အကြင်အထူးသဖြင့် ကြဉ်ခြင်း။ ယာ ပဋိဝိရတိ၊ အကြင်အဘန်တလဲလဲကြဉ်ခြင်း။ ယာ ဝေရ

မဏိ၊ အကြင်ကြဉ်ခြင်း။ ယာ အကိရိယာ၊ အကြင်မပြုခြင်း။ ယံ အကရဏံ၊ အကြင်မပြုခြင်း။ ယာ အနဇ္ဈာပတ္တိ၊ အကြင်မလွန်ကျူးခြင်း။ ယော ဝေလာအနတိက္ကမော၊ အကြင် ကမ်း ကို မ လွန် ကျူး ခြင်း။ ယော သေတုဃာတော၊ အကြင်မိစ္ဆာဇီဝတည်းဟူသော အကုသိုလ်၏အကြောင်းကို ဖြတ်ခြင်း။ ယော သမ္မာကမ္မန္တော၊ အကြင်ကောင်းသောအမှုကိုပြုခြင်း။ မဂ္ဂင်္ဂံ၊တည်း။ မဂ္ဂပရိယာပန္နံ၊ ဝင်၏။ အယံ၊ကို။ သမ္မာကမ္မန္တောတိ၊ဟူ၍။ ဝုစ္စတိ၊၏။

ဤသမ္မာကမ္မန္တ၌ လှူဒါန်းခြင်း, ပေးကမ်းခြင်း, ဘုရားတည်ခြင်း, ကျောင်းဆောက်ခြင်း,သီလယူခြင်း, ဥပုသ်ယူခြင်း,ဝေယျာဝစ္စကိုဆောင်ရွက်ခြင်း, တံတားတည်ခြင်း စသော များစွာသော အကျိုးစီးပွားရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါသော်လည်း သမ္မာကမ္မန္တ မဖြစ်။ အနဝဇ္ဇကမ္မ မင်္ဂလာမျှသာဖြစ်သည်။ စင်စစ်သော်ကား။ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ သုံးပါးတို့ကို တပါးတပါးသောစိတ်ဖြင့် သမာဒါနဝိရတိ သမ္ပတ္တဝိရတိသို့ ရောက်အောင် မဂ်သို့မရောက်မီရှေးအဘို့၌ နာနာကိစ္စ နာနာဝိရမဏ အဖြစ်အားဖြင့် ကြဉ်၏။ မဂ်ခဏ၌ သုံးပါးသော ဒုစရိုက်တရားတို့ကို သမုစ္ဆေဒဝိရတိဖြင့် ဧကကိစ္စ ဧကဝိရမဏသို့ ရောက်အောင် ကြဉ်တတ်သော ဝိရတိစေတသိက်သည်သာလျှင် သမ္မာကမ္မန္တမည်၏။

အနဝဇ္ဇာနိ ကမ္မာနိနာမ ဥပေါသထင်္ဂသမာဒါနဝေယျာဝစ္စကရဏ,အာရာမဝနရောပန,သေတုကရဏာဒီနိ၊ တာနိ ဟိ နာနပ္ပကာရဟိတသုခါဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စန္တိ။ ။အနဝဇ္ဇာနိ ကမ္မာနိနာမ၊ အပြစ်မရှိသောအမှုတို့မည်သည်ကား။ ဥပေါသထင်္ဂသမာဒါနဝေယျာဝစ္စကရဏအာရာမဝနရောပန သေတုကရဏာဒီနိ၊ ဥပုသ်ခံယူခြင်း, ဝေယျာဝစ္စကိုပြုခြင်း, အရာမ်ဥယျာဉ်စိုက်ပျိုးခြင်း, တံတားတည်ခြင်း စသည်တို့တည်း။ ဟိ၊ ထိုစကားသင့်စွ။ တာနိ၊ ထိုဥပုသ်ခံယူခြင်းစသည်တို့ကို။ နာနပ္ပကာရဟိတသုခါဓိဂမဟေတုတော၊ များစွာသော စီးပွားချမ်းသာကို ရခြင်း၏ အကြောင်းကြောင့်။ မင်္ဂလန္တိ၊မင်္ဂလာဟူ၍။ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

သမ္မာကမ္မန္တနိဒ္ဒေသေပိ ယသ္မာ အညေနေဝ စိတ္တေန ပါဏာတိပါတာ ဝိရမတိ၊ အညေန အဒိန္နာဒါနာ၊ အညေန မိစ္ဆာစာရာ၊ တသ္မာ တိဿောပေတာ ဝေရမဏိယော ပုဗ္ဗဘာဂေ နာနာ။ မဂ္ဂက္ခဏေ ပန မိစ္ဆာကမ္မန္တသင်္ခါတာယ တိဝိဓာယ အကုသလဒုဿီလျစေတနာယ ပဒစ္ဆေဒတော အနုပ္ပတ္တိသာဓနဝသေန မဂ္ဂင်္ဂံ ပူရယမာနာ ဧကာဝ သမ္မာကမ္မန္တသင်္ခါတာ ကုသလဝေရမဏိ ဥပ္ပဇ္ဇတိ၊ အယံ သမ္မာကမ္မန္တော။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။

သမ္မာကမ္မန္တနိဒ္ဒေသေပိ၊ ၌လည်း။ ယသ္မာ၊ အကြင်ကြောင့်။ အညေနေဝ၊ သော။ စိတ္တေန၊ ဖြင့်။ ပါဏာတိပါတာ၊ မှ။ ဝိရမတိ၊ ၏။ အညေန၊ သော။ စိတ္တေန၊ ဖြင့်။ အဒိန္နာဒါနာ၊ မှ။ ဝိရမတိ၊ ၏။ အညေန၊ သော။ စိတ္တေန၊ ဖြင့်။ မိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ ဝိရမတိ၊ ၏။ တသ္မာ၊ ကြောင့်။ တိဿောပိ၊ သုံးပါး အပြားရှိသည်လည်းဖြစ်ကုန်သော။ ဧတာ ဝေရမဏိယော၊ တို့သည်။ ပုဗ္ဗဘာဂေ၊ ၌။ နာနာ၊ ကုန်၏။ မဂ္ဂက္ခဏေ ပန၊ ၌ကား။ မိစ္ဆာကမ္မန္တသင်္ခါတာယ၊ သော။ တိဝိဓာယ၊ သော။ အကုသလဒုဿီလျစေတနာယ၊ အကုသိုလ်ဖြစ်သော ဒုဿီလျစေတနာ၏။ ပဒစ္ဆေဒတော၊ ကြောင့်။ အနုပ္ပတ္တိသာဓနဝသေန၊ ဖြင့်။ မဂ္ဂင်္ဂံ၊ ကို။ ပူရယမာနာ၊ ၍။ ဧကာဝ၊ သော။ သမ္မာကမ္မန္တသင်္ခါတာ၊ သော။ ကုသလဝေရမဏိ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အယံ ဝေရမဏိ၊ သည်။ သမ္မာကမ္မန္တော နာမ၊ မည်၏။

## ၇၉-သမ္မာအာဇီဝကို ပြခြင်း။

သမ္မာအာဇီဝ၌ကား—

တတ္ထ ကတမော သမ္မာအာဇီဝေါ။ ယာ မိစ္ဆာအာဇီဝါ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏိ အကိရိယာ အကရဏံ အနဇ္ဈာပတ္တိ ဝေလာအနတိက္ကမော သေတုဃာတော သမ္မာအာဇီဝေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ ဝုစ္စတိ သမ္မာအာဇီဝေါ။ ။ဝိဘင်းပါဠိတော်။

တတ္ထ၊၌။သမ္မာအာဇီဝေါ၊သည်။ ကတမော၊နည်း။ မိစ္ဆာအာ
ဇီဝါ၊ မကောင်းသော အသက်မွေးခြင်းမှ။ ယာ အာရတိ၊ လည်း
ကောင်း။ ယာ ဝိရတိ၊ လည်းကောင်း။ ယာ ပဋိဝိရတိ၊ လည်း
ကောင်း။ ယာ ဝေရမဏီ၊လည်းကောင်း။ ယာ အကိရိယာ၊လည်း
ကောင်း။ ယံ အကရဏံ၊လည်းကောင်း။ ယာ အနဇ္ဈာပတ္တိ၊လည်း
ကောင်း။ ယော ဝေလာအနတိက္ကမော၊ လည်းကောင်း။ ယော
သေတုဃာတော၊လည်းကောင်း။ ယော သမ္မာအာဇီဝေါ၊လည်း
ကောင်း။ မဂ္ဂင်္ဂံ၊တည်း။ မဂ္ဂပရိယာပန္နံ၊ဝင်၏။ အယံ၊ကို။ သမ္မာ
အာဇီဝေါတိ၊ ဟူ၍။ ဝုစ္စတိ၊၏။

ဤသို့ဟောတော်မူအပ်သော ပရိယာယ်ပုဒ် အပေါင်းတို့တွင်
သမ္မာအာဇီဝ စေတသိက်တလုံးသာရှိ၏။ ထိုသမ္မာအာဇီဝသည်
ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သား မှန်သောသူ
သည် မိစ္ဆာဇီဝကိုပယ်၍ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကိုဖြစ်
စေ၏။ ထိုသမ္မာအာဇီဝသည် မဂ်၏ ရှေ့အဘို့၌ သမာဒါနဝိရတိ
သမ္ပတ္တဝိရတိ တို့ဖြင့် နာနာကိစ္စ နာနာဝိရမဏာရှိ၏။ မဂ်ခဏ၌
ကား သမုစ္ဆေဒဝိရတိဖြင့် ဧကကိစ္စ ဧကဝိရမဏာရှိ၏။ ဤဝိရတိသည်
သမ္မာအာဇီဝမည်၏။

သမ္မာအာဇီဝနိဒ္ဒေသေ ဇုဝေတိ ဇုမယ်ံ သာသနေ။
အရိယသာဝကောတိ အရိယဿ ဗုဒ္ဓဿ သာဝကော
မိစ္ဆာအာဇီဝံ ပဟာယာတိ ပါပကံ အာဇီဝံ ပဇဟိတွာ။
သမ္မာအာဇီဝေနာတိ ဗုဒ္ဓပသတ္ထေန ကုသလအာဇီဝေန၊
ဇီဝိတံကပ္ပေတီတိ ဇီဝိတပ္ပဝတ္တိံ ပဝတ္တေတိ။ ဧရဝိ ယသ္မာ
အညေနေဝ စိတ္တေန ကာယဒွါရဝိတိက္ကမာ ဝိရမတိ၊အညေ
န ဝစီဒွါရဝိတိက္ကမာ၊တသ္မာ ပုဗ္ဗဘာဂေ နာ နာက္ခဏေသု
ဥပ္ပဇ္ဇတိ။မဂ္ဂက္ခဏေ ပန ဒွိသု ဒွါရေသု သတ္တန္နံ ကမ္မပထာ
နံ ဝသေန ဥပ္ပန္နာယ မိစ္ဆာအာဇီဝဒုဿီလျစေတနာယ
ပဒစ္ဆေဒတော အနုပ္ပတ္တိသာနေဝသေန မဂ္ဂင်္ဂံ ပူရယမာ

နာ ကောဝ သမ္မာအာဇီဝသင်္ခါတာ ကုသလဝေရမဏီ
ဥပ္ပဇ္ဇတိ၊ အယံ သမ္မာအာဇီဝေါ နာမ။
သမ္မောဟဝိနောဒနီအဋ္ဌကထာ။

သမ္မာအာဇီဝနိဒ္ဒေသေ၊ဌ။ ဣဓ ခါတိ၊ကား။ဣမသ္မိံ သာသနေ၊ ဤငါဘုရားသာသနာ၌။ အရိယသာဝကောတိ၊ကား။ အရိယဿ ဗုဒ္ဓဿ၊အရိယာဖြစ်သော ငါဘုရား၏။ သာဝကော၊တပည့်သည်။ မိစ္ဆာအာဇီဝံ ပဟာယာတိ၊ကား။ ပါပကံ၊မကောင်းသော။ အာဇီဝံ၊အသက်မွေးခြင်းကို။ ပဇဟိတွာ၊ပယ်၍။သမ္မာအာဇီဝေနာတိ၊ ကား။ဗုဒ္ဓပသတ္ထေန၊မြတ်စွာဘုရားသည်ချီးမွမ်းအပ်သော။ကုသလ အာဇီဝေန၊ ကုသိုလ်နှင့်ယှဉ်သော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ ကပ္ပေတီတိ၊ကား။ ဇီဝိတပ္ပဝတ္တိံ၊အသက်မွေးခြင်းကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ ဣဓပိ၊ဤသမ္မာအာဇီဝနိဒ္ဒေသ၌လည်း။ ယသ္မာ၊ အကြင် ကြောင့်။ အညေနေဝ၊သော။ စိတ္တေန၊ဖြင့်။ ကာယဒွါရဝီတိက္ကမာ၊ ကာယဒွါရဖြင့် လွန်ကျူးခြင်းမှ။ ဝိရမတိ၊၏။ အညေန၊ သော။ စိတ္တေန၊ဖြင့်။ ဝစီဒွါရဝီတိက္ကမာ၊မှ။ ဝိရမတိ၊၏။ တသ္မာ၊ကြောင့်။ ပုဗ္ဗာဘာဂေ၊၌။ နာနာက္ခဏေသု၊အထူးထူးသောခဏတို့၌။ ဥပ္ပဇ္ဇ တိ၊၏။ မဂ္ဂက္ခဏေ ပန၊၌ကား။ ဒွိသု၊ကုန်သော။ ဒွါရေသု၊တို့၌။ သတ္တန္နံ၊ကုန်သော။ ကမ္မပထာနံ၊ကမ္မပထတို့၏။ ဝသေန၊အစွမ်း ဖြင့်။ ဥပ္ပန္နာယ၊သော။ မိစ္ဆာဇီဝဒုဿီလျစေတနာယ၊မိစ္ဆာဇီဝဟု ဆိုအပ်သော ဒုဿီလျစေတနာ၏။ ပဒစ္ဆေဒတော၊ အကြောင်းကို ဖြတ်ခြင်းကြောင့်။ အနုပ္ပတ္တိသာဓနဝသေန၊တဘန်မဖြစ်ခြင်းကို ပြီး စေခြင်း၏အစွမ်းအားဖြင့်။ မဂ္ဂင်္ဂံ၊ကို။ ပူရယမာနာ၊ပြည့်စေသည် ဖြစ်၍။ ဧကာဝ၊တခုသာလျှင်ဖြစ်သော။ သမ္မာအာဇီဝသင်္ခါတာ၊ သမ္မာအာဇီဝဟု ဆိုအပ်သော။ ကုသလဝေရမဏီ၊ ကုသိုလ်ဖြစ် သော ဝေရမဏီသည်။ ဥပ္ပဇ္ဇတိ၊ ၏။ အယံ၊ သည်။ သမ္မာအာဇီ ဝေါနာမ၊ မည်၏။

ဤသမ္မာအာဇီဝသည် ဝစီဒုစရိုက်လေးပါး, ကာယဒုစရိုက် သုံးပါးတို့ကို ကြဉ်၍ ကောင်းသော အသက် မွေး ခြင်းလျှင် ရှစ်ခု

မြောက်သော အာဇီဝဠမကသီလကို ပြည့်စုံအောင် ကျင့်ခြင်းပင် တည်း။ ဤသို့ကျင့်ဆောင်သည့်ရှိသော် သမ္မာအာဇီဝမည်၏။ ထိုမှ တပါးလည်း လူတို့ကို ရောင်းဝယ်ခြင်း,လက်နက်တို့ကို ရောင်းဝယ် ခြင်း, သားငါး စသည့်တို့ကိုသတ်၍ ရောင်းဝယ်ခြင်း, သေရည်သေ ရက်တို့ကို ရောင်းဝယ်ခြင်း, မိန်းမောတွေဝေ သေစေတတ်သော အဆိပ်ကို ရောင်းဝယ်ခြင်း, ဤကုန်ငါးပါးတို့ကို ရောင်းခြင်းဝယ် ခြင်းတို့မှ ကြဉ်ရှောင်၍ ကျင့်ရာ၏။ အသက်မွေးရာ၏။ ထိုကဲ့သို့ အသက်မွေးခြင်းသည် သမ္မာအာဇီဝ အသက်မွေးခြင်းမည်၏။

> စတုဗ္ဗိဓံ ပန ဝစီဒုစ္စရိတံ တိဝိဓံ ကာယဒုစ္စရိတံ ပဟာယ ဥဘယံ သုစရိတံ ပူရေန္တဿေဝ ယသ္မာ အာဇီဝဠမကံ သီလံ ပူရေတိ။ ။သမ္မောဟဝိနောဒနီ။

စတုဗ္ဗိဓံ၊သော။ ဝစီဒုစ္စရိတံ၊ကို။ တိဝိဓံ၊သော။ ကာယဒုစ္စရိတံ၊ ကို။ ပဟာယ၊ပယ်၍။ ဥဘယံ၊သော။ သုစရိတံ၊ကို။ ပူရေန္တဿေဝ၊ ဖြည့်သောသူအားသာ လျှင်၊အာဇီဝဠမကံ၊အာဇီဝလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ သီလံ၊သည်။ ယသ္မာ၊ ကြောင့်။ ပူရေတိ၊ ပြည့်စုံ၏။

> ပဉ္စိမာ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ။ ကတမာ ပဉ္စ။ သတ္ထဝါဏိဇ္ဇာ သတ္တဝါဏိဇ္ဇာ မံသဝါဏိဇ္ဇာ မဇ္ဇဝါဏိဇ္ဇာ ဝိသဝါဏိဇ္ဇာ။ ဣမာ ခေါ ဘိက္ခဝေ ပဉ္စ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာတိ။
>
> အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊တို့။ ဥပါသကေန၊ရတနာသုံးပါးသို့ ဆည်းကပ်သော ဒါယကာသည်။ပဉ္စ၊ငါးပါးကုန်သော။ဣမာ ဝါဏိဇ္ဇာ၊ဤကုန်သွယ် ခြင်းအမှုတို့ကို။ အကရဏီယာ၊မပြုမကျင့်အပ်ကုန်။ ပဉ္စ၊ငါးပါးကုန် သော ကုန်သွယ်ခြင်းတို့ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်း။ သတ္ထဝါဏိဇ္ဇာ၊လက်နက်ကုန်သွယ်ခြင်းဇင်း။ သတ္တဝါဏိဇ္ဇာ၊သတ္တ ဝါ ကုန်သွယ်ခြင်းဇင်း။မံသဝါဏိဇ္ဇာ၊အသား ကုန်သွယ်ခြင်းဇင်း။

မစ္ဆဝါဏိဇ္ဇာ၊ ယစ်မျိုးကုန်သွယ်ခြင်းငှင်း။ ဝိသဝါဏိဇ္ဇာ၊အဆိပ်ကို ကုန်သွယ်ခြင်းငှင်း။ ဣမာပဉ္စ၊ ဤငါးပါးတို့တည်း။ ဘိက္ခဝေ၊ရဟန်း တို့။ ဥပါသကေန၊ ရတနာသုံးပါးကို ဆည်းကပ်သော ဒါယကာ သည်။ ဣမာ ခေါ ပဉ္စ ဝါဏိဇ္ဇာ၊ ဤငါးပါးသော ကုန်သွယ်ခြင်း တို့ကို။ အကရဏီယာ၊မပြုမကျင့်အပ်ကုန်။ ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသမ္မာအာဇီဝသည် အလွန်ဖြစ်ခဲ၏။ အကြင်သူသည် ကာယ ဒုစရိုက်သုံးပါး,ဝစီဒုစရိုက်လေးပါး, မသွယ်သင့်သောကုန်ငါးပါး တို့ကိုရှောင်ကြဉ်၍ ကောင်းစွာအသက်မွေးသောသူသည်သာလျှင် သမ္မာအာဇီဝဖြစ်၏။ အကြင်သူသည်ကား ရှေးအခါ၌ ကာယ ဒုစရိုက်စသည်ကိုပြု၍ငှင်း ထိုကြောင့်ဖြစ်သောပစ္စည်းတို့နှင့် နောင် အခါ ငှင်းကာယဒုစရိုက်စသည်ကို ရှောင်ကြဉ်၍ အသက်မွေးပါ သော်လည်း သမ္မာအာဇီဝမဖြစ်နိုင်။ ထင်စွာဆိုဦးအံ့။ အခါတပါး ၌ ရှင်တော်ဘုရားသည် အနာထပိဏ်သူဌေးကြီးအား။ ။"ဒသ ယိမေ ဂဟပတိ ကာမဘောဂီ သန္တော သံဝိဇ္ဇမာနာ လောက သ္မိံ" ။အင်္ဂုတ္တိုရ်ပါဠိတော်။ ။အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်။ ။ဂဟပတိ၊သူဌေးကြီး။ ဣမေ ဒသ ကာမ ဘောဂိ၊ဤတကျိပ်သော ကာမဂုဏ်ကိုခံစားကုန်သော လူတို့သည်။ လောကသ္မိံ၊ လူ့ပြည်၌။သန္တော သံဝိဇ္ဇမာနာ၊ထင်ရှားရှိကုန်၏။

ထိုဒေသနာမြတ်ဝယ် အမိန့်ရှိသော်ကား အနာထပိဏ် သူ ဌေးကြီး၊ အကြင်ကာမဂုဏ်ကိုခံစားကုန်သော တကျိပ်သောလူတို့ သည် ဤလူ့ပြည်၌ထင်ရှားရှိကုန်၏။ တကျိပ်သော ကာမဂုဏ် ခံစားကုန်သောလူတို့သည် အဘယ်နည်းဟူမူကား—

အနာထပိဏ်သူဌေးကြီး ဤလောက၌ အချို့သော ကာမဂုဏ် ခံစားသောသူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ် ဥစ္စာတို့ကို ရှာမှီး၍ ထိုပစ္စည်းဥစ္စာဖြင့် မိမိချမ်းသာကိုခံစား၏။ သူ တပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုမပြု။ ကုသိုလ် ကောင်းမှုကိုလည်းမပြု (၁)။

သူဌေးကြီး ဤလောက၌ အချို့သောကာမဂုဏ်ကိုခံစားသောလူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု (၂)။

သူဌေးကြီး ဤလူ့ပြည်၌ အချို့သောကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်ပြု၍မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အားလည်း ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကို လည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏ (၃)။

သူဌေးကြီး ဤလောက၌ ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက်နှိပ်စက်၍လည်းကောင်း မနှိပ်စက်မူ၍လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း မပြု။ ကုသိုလ်ကောင်းမှုကိုလည်း မပြု (၄)။

သူဌေးကြီး ဤလောက၌ ကာမဂုဏ်ကိုခံစားသောလူသည် အနိုင်အထက်နှိပ်စက်သဖြင့် လည်းကောင်း အနိုင်အထက် မနှိပ်စက်သဖြင့်လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန် ခွဲ ခြမ်း ပေး ကမ်း ခြင်း ကို လည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု (၅)။

သူဌေးကြီး ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်စက်သဖြင့်လည်းကောင်း အနိုင်အထက်မနှိပ်စက်သဖြင့်လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။

သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏ (၆)၊

သူဌေးကြီး ဤလူ့ပြည်၌ အချို့သော ကာမဂုဏ်ကိုခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကိုမပြု။ တရားသဖြင့်စည်းစိမ် ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု။ ကုသိုလ်ကောင်းမှုကိုလည်း မပြု (၇)။

သူဌေးကြီး ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုကား ပြု၏။ကုသိုလ်ကောင်းမှုကိုကား မပြု(၈)။

သူဌေးကြီး ဤလူ့ပြည်၌ အချို့သောကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကိုမပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အားလည်း ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် ထိုစည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ရောက်၏။ သူတပါးတို့အား လွှမ်းမိုးခြင်းကိုလည်း ပြု၏။ ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကိုမရှုမူ၍ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း ပညာမှကင်းသည်ဖြစ်၍ သုံးဆောင်လေ့ရှိ၏(၉)။

သူဌေးကြီး ဤလူ့ပြည်၌ အချို့သောကာမဂုဏ်ကိုခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကိုမပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏။ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အားလည်း ဝေဘန်ခွဲခြမ်းပေးကမ်းခြင်းကိုလည်းပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် စည်းစိမ်ဥစ္စာဖြင့် တွေဝေမိန်းမောခြင်းသို့လည်း မရောက်။ သူတပါးတို့အား လွှမ်းမိုးနှိပ်စက်ခြင်းကို မပြု။ ထိုစည်း

စိမ်ဥစ္စာတို့၌ အပြစ်ကို ရှုလေ့ ရှိသည် ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပညာရှိသည်ဖြစ်၍ သုံးဆောင် ခံစားလေ့ရှိ၏ (၁၀)။

ဤသို့လျှင် ကာမဂုဏ်ကို ခံစားတတ်သောလူတို့သည် ဆယ်ပါး အပြားရှိသောအဖြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူသည်။ ။ ထိုဆယ်ပါးသော ကာမဂုဏ်ခံစားကုန်သောလူတို့တွင် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုမပြု။ ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ်ခံစားသောသူသည် သုံးပါးသောအကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သည်အဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကို မပြု။ ဤကာမဂုဏ်ခံစားသောပုဂ္ဂိုလ်သည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာပစ္စည်းတို့ကို ရှာမှီးခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း ဤအကြောင်းတရား နှစ်ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်းပြု၏။ ကုသိုလ်ကောင်းမှုကိုလည်းပြု၏။ ထိုကာမဂုဏ်ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍ စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေခြင်းဟူသော အကြောင်းတရားတပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ရောက်၏။

အနာထပိဏ်သူဌေးကြီး ထိုကာမဂုဏ် ခံစားကုန်သော လူတို့တွင် အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်နှိပ်

စက်၍လည်းကောင်း မနှိပ်စက်မူ၍လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ် ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုမပြု။ ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ်ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကို ဖြစ်စေခြင်း, သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုမပြုခြင်း, ကုသိုလ်ကောင်းမှုကိုလည်းမပြုခြင်း, ဤသုံးပါးသော အကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ရောက်၏။ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် ပစ္စည်းဥစ္စာတို့ကို ရှာမှီးခြင်းဟူသော တခုသောအကြောင်းတရားဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ခံစားသောလူသည် အနိုင်အထက်နှိပ်စက်၍လည်းကောင်း အနိုင်အထက် မနှိပ်စက်မူ၍လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကားမပြု။ ထိုကာမဂုဏ်ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်း ဤအကြောင်းတရားနှစ်ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။ အနိုင်အထက် မနှိပ်စက်မူ၍တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်း ဟူသော အကြောင်းတရားနှစ်ပါးတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကိုခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း မနှိပ်စက်မူ၍လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကိုချမ်းသာခြင်း နှစ်သက်ခြင်း

ကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကို လည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ခံစား သောလူသည် အနိုင်အထက်မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ် ဥစ္စာကို ရှာမှီးခြင်း သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်း, ကုသိုလ်ကောင်းမှုတို့ကိုပြုခြင်း ဤအကြောင်းတရားသုံးပါးတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။ အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်တို့ကိုရှာမှီးခြင်းဟူသော အကြောင်းတရား ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အနာထပိဏ်သူဌေးကြီး ထိုကာမဂုဏ်ခံစားသော လူတို့တွင် အကြင်ကာမဂုဏ်ကိုခံစားသောလူသည် အနိုင်အထက် မနှိပ်စက် မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ သူတပါးတို့အား ဝေ ဘန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု။ ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ်ခံစားသောလူသည် သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုမပြုခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း ဤ အကြောင်းတရားနှစ်ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက် ၏။ အနိုင်အထက်မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်းဟူသောအကြောင်းတရားဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် မနှိပ် စက်မူ၍ စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ မိမိကိုယ်ကိုချမ်းသာခြင်း နှစ် သက်ခြင်းကိုဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်း ခြင်းကိုလည်းပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။ ထိုကာမဂုဏ် ခံစားသောလူသည် အနိုင်အထက်မနှိပ်စက်မူ၍ တရားသဖြင့်စည်း စိမ်ဥစ္စာတို့ကိုဖြစ်စေခြင်း သူတပါးအား ဝေဘန်ခွဲခြမ်း ပေးကမ်း ခြင်းကိုပြုခြင်း ဤအကြောင်းတရားနှစ်ပါးတို့ဖြင့် ချီးမွမ်းအပ်သည် အဖြစ်သို့ရောက်၏။ ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်းဟူသော အ ကြောင်းတရားတပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် မနှိပ်

စက်မှု၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုရှာမှီး၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ခံစားသော လူသည် သုံးပါးသော အကြောင်းတရားတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။ ထိုသို့ရောက်သော်လည်း မိမိဥစ္စာတို့ကို မိန်းမောတွေဝေသည် ဖြစ်၍လည်းကောင်း ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကိုမရှုမူ၍ ဝဋ်မှထွက်မြောက်ကြောင်းပညာ မရှိသည်ဖြစ်၍ သုံးဆောင်ခံစားသည် ဖြစ်အံ့။ ထိုအကြောင်းတရားတပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက်မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အားဝေဘန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုတို့ကိုလည်းပြု၏။ ထိုကာမဂုဏ်ကိုခံစားသော လူသည် အကြောင်းတရားသုံးပါးတို့ဖြင့်လည်း ချီးမွမ်းအပ်သည် အဖြစ်သို့ ရောက်၏။ ထိုစည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ မရောက်မူ၍ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင် ခံစားခြင်းကို ပြု၏။ ဤအကြောင်းတရားတို့ဖြင့်လည်း ချီးမွမ်းအပ်သည်အဖြစ်သို့ ရောက်၏။

ထိုတကျိပ်သောလူတို့ကိုပြ၍ ဆုံးမတော်မူရာ ဆယ်ရပ်သော ဒေသနာတို့၌ စတုတ္ထ ပဉ္စမ ဆဋ္ဌ ပုဂ္ဂိုလ်တို့၏အရာကို ပြတော်မူရာ၌ ထိုကာမဂုဏ်ခံစားသောလူကို အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကိုဖြစ်စေခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း အကြောင်းတရားနှစ်ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ရောက်၏ဟု ဟောတော်မူသဖြင့် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကိုဖြစ်စေခြင်း၌ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းသို့ရောက်သော ပုဂ္ဂိုလ်၏ အဖြစ်ကို သိအပ်၏။ အနိုင်

အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာကို ဖြစ်စေခြင်း၌ သမ္မာအာဇီဝအဖြစ်ကို သိအပ်၏။ မိစ္ဆာဇီဝအဖြစ်ကို မပြုပါပြီဟု ဝန်ချ၍ တရားသဖြင့်ရသောပစ္စည်းဖြင့်အသက်မွေးသည်ကို သမ္မာအာဇီဝဟုဆိုအပ်၏။ အကယ်၍ မိစ္ဆာဇီဝအမှုကိုမပြုပါပြီဟု ဝန်ချသည်မှနောက်၌ ထိုမိစ္ဆာဇီဝပစ္စည်းကို သုံးဆောင်သဖြင့် အပြစ်မရှိခဲ့လျှင် ပုဂ္ဂိုလ်တယောက်တည်း၌ သာဝဇ္ဇ, အနဝဇ္ဇ နှစ်ပါးကို မဟောရာ၊ အနဝဇ္ဇကိုသာ ဟောတော်မူရာ၏။ ဤသို့ ပုဂ္ဂိုလ်တယောက်တည်း၌ပင် မိစ္ဆာဇီဝ သမ္မာဇီဝနှစ်ပါးကို ဘုရားဟောတော်မူချေရကား အာဇီဝကို ငဲ့သဖြင့် ဒုစရိုက် (၇) ပါးဖြင့် ရသောပစ္စည်းများရှိလျက် မိစ္ဆာဇီဝ အမှုကို မပြုပါပြီဟုဝန်ချ၍ ထိုအာဇီဝကိုငဲ့သဖြင့် ဒုစရိုက်(၇)ပါးကိုပြု၍ ရသောပစ္စည်းကို သုံးဆောင်ရာ၌ မိစ္ဆာဇီဝဖြစ်သင့်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန် ကျမှတ်ရာ၏။ဤစကားကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒသနိပါတ်အင်္ဂုတ္တိုရ်ပါဠိ အဋ္ဌကထာတို့မှာကြည့်လေ။

ပဌမပုဂ္ဂိုလ်၌ အကောင်းမရှိ။ မိစ္ဆာဇီဝ,အသံဝိဘာဂ,အပုည ဟူ၍ မကောင်းသုံးပါး။ ။ဒုတိယပုဂ္ဂိုလ်၌ သံဝိဘာဂ ဟူ၍ အကောင်းတပါး။ မိစ္ဆာဇီဝ,အပုည ဟူ၍ မကောင်းနှစ်ပါး။ ။တတိယပုဂ္ဂိုလ်၌ သံဝိဘာဂ,ပုည ဟူ၍ အကောင်းနှစ်ပါး။ မိစ္ဆာဇီဝ ဟူ၍ မကောင်းတပါး။ ။စတုတ္ထပုဂ္ဂိုလ်၌ သမ္မာအာဇီဝဟူ၍ အကောင်းတပါး။ မိစ္ဆာဇီဝ, အသံဝိဘာဂ,အပုည ဟူ၍ မကောင်းသုံးပါး။ ။ပဉ္စမပုဂ္ဂိုလ်၌ သမ္မာဇီဝ, သံဝိဘာဂ ဟူ၍ အကောင်းနှစ်ပါး။ မိစ္ဆာဇီဝ,အပုညဟူ၍ မကောင်းနှစ်ပါး။ ။ဆဋ္ဌပုဂ္ဂိုလ်၌ သမ္မာဇီဝ,သံဝိဘာဂ,ပုညဟူ၍ အကောင်းသုံးပါး။ မိစ္ဆာဇီဝဟူ၍ မကောင်းတပါး။ ။သတ္တမပုဂ္ဂိုလ်၌ သမ္မာဇီဝ ဟူ၍ အကောင်းတပါး။ အသံဝိဘာဂ, အပုည ဟူ၍ မကောင်းနှစ်ပါး။ ။အဋ္ဌမပုဂ္ဂိုလ်၌ သမ္မာဇီဝ,သံဝိဘာဂ ဟူ၍ အကောင်းနှစ်ပါး။ အပုည ဟူ၍ မကောင်းတပါး။ ။နဝမပုဂ္ဂိုလ်၌ သမ္မာဇီဝ, သံဝိဘာဂ, ပုည ဟူ၍အကောင်းသုံးပါး။ သမ္မောဟဟူ၍ မကောင်းတပါး။ ။

ဒသမပုဂ္ဂိုလ်၌ သမ္မာဒိဋ္ဌိ, သံဝိဘာဂ, ပုည, အသမ္မောဟ ဟူ၍ အကောင်းလေးပါး။ မကောင်းမရှိ။

အတိုကောက် ပါဠိ၏အနက် အကျဉ်းမှတ်ရန်။ ကာမဂုဏ်ကို ခံစားသည်ကို ကာမဘောဂီဆိုသည်။ မတရားသဖြင့် ရှာမှီး၍ အသက်မွေးသည်ကို မိစ္ဆာဇီဝဆိုသည်။ တရားသဖြင့်ရှာမှီး၍ အသက်မွေးသည်ကို သမ္မာဇီဝဆိုသည်။ ဝေဘန်ပေးကမ်းသည်ကို သံဝိဘာဂ ဆိုသည်။ မဝေဘန် မပေးကမ်းသည်ကို အသံဝိဘာဂ ဆိုသည်။ ကုသိုလ်ကောင်းမှုပြုသည်ကို ပုည ဆိုသည်။ ကုသိုလ်ကောင်းမှုမပြုသည်ကို အပုည ဆိုသည်။ သံသရာမှ ထွက်မြောက်ကြောင်း ပညာရှိသည်ကို အသမ္မောဟ ဆိုသည်။ သံသရာမှ ထွက်မြောက်ကြောင်းပညာ မရှိသည်ကို သမ္မောဟ ဆိုသည်။ ဤစကားစဉ်ကို ရေးဦးစွာသိအောင်ပြုလေဦး။ မိစ္ဆာဇီဝ, အသံဝိဘာဂ, အပုည, သမ္မောဟ မကောင်းလေးပါး။ ။သမ္မာဇီဝ,သံဝိဘာဂ, ပုည, အသမ္မောဟ အကောင်းလေးပါး။

### ၈၀-သမ္မာဝါယာမကို ပြခြင်း။

သမ္မာဝါယာမ၌—

တတ္ထ ကတမော သမ္မာဝါယာမော။ ယော စေတသိကော ဝီရိယာရမ္ဘော နိက္ကမော ပရက္ကမော ဥယျာမော ဝါယာမော ဥဿာဟော ဥဿောဠှီ ထာမော ဓိတိ အသိထိလပရက္ကမတာ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာ ဓုရသမ္ပဂ္ဂါဟော ဝီရိယံ ဝီရိယိန္ဒြိယံ ဝီရိယဗလံ သမ္မာဝါယာမော ဝီရိယသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ ဝုစ္စတိ သမ္မာဝါယာမော။ ။ဝိဘင်း။

တတ္ထ၊ ၌။ သမ္မာဝါယာမော၊ သည်။ ကတမော၊ နည်း။ စေတသိကော၊ စိတ်၌ဖြစ်သော။ ယော ဝီရိယာရမ္ဘော၊ အကြင်လုံ့လဟု ဆိုအပ်သော အားထုတ်ခြင်းသည်။ ယော နိက္ကမော၊ အကြင်ပျင်းရိခြင်းမှ ထွက်မြောက်ခြင်းသည်။ ယော ပရက္ကမော၊ အကြင် အဆင့်

ဆင့် ပျင်းရိခြင်းအရာကို နှင်းနယ်ခြင်းသည်။ ယော ဥယျာမော၊ အကြင်အထက်သို့ လုံ့လပြုခြင်းသည်။ ယော ဝါယာမော၊ အကြင် လုံ့လပြုခြင်းသည်။ ယော ဥဿာဟော၊ အကြင် အားထုတ်ခြင်းသည်။ ယာ ဥဿောဠှီ၊ အကြင် အလွန်အားထုတ်ခြင်းသည်။ ယော ထာမော၊ အကြင်ခိုင်ခြင်းသည်။ ယာ ဓိတိ၊ အကြင် ကုသိုလ်အစဉ်ကို ဆောင်တတ်သော တရားသည်။ ယာ အသိထိလပရက္ကမတာ၊ အကြင်မလျော့သော လုံ့လရှိသောပုဂ္ဂိုလ်၏ အဖြစ်သည်။ ယာ အနိက္ခိတ္တဆန္ဒတာ၊ အကြင်မချသော အလိုရှိသော ပုဂ္ဂိုလ်၏ အဖြစ်သည်။ ယာ အနိက္ခိတ္တဓုရတာ၊ အကြင်မချသော အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်၏အဖြစ်သည်။ ယော ဓုရသမ္ပဂ္ဂါဟော၊ အကြင် အဦးကို ချီးမြှောက်ခြင်းသည်။ ဝီရိယံ၊ ဝီရိယ ဟုဆိုအပ်သော။ ယံ ဝီရိယိန္ဒြိယံ၊ အကြင်လုံ့လသာလျှင် ဖြစ်သော ဣန္ဒြေသည်။ ယံ ဝီရိယဗလံ၊ အကြင်လုံ့လသာလျှင် ဖြစ်သော ဗိုလ်သည်။ ယော သမ္မာဝါယာမော၊ အကြင် အဟုတ်အဟတ်သော လုံ့လ သည်။ ယော ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ အကြင် ဝီရိယသမ္ဗောဇ္ဈင်သည်။ မဂ္ဂင်္ဂံ၊ မဂ်အင်္ဂါမည်၏။ မဂ္ဂပရိယာပန္နံ၊ မဂ်၌အကျုံးဝင်၏။ အယံ၊ ကို။ သမ္မာဝါယာမောတိ၊ ဟူ၍။ ဝုစ္စတိ၊၏။

ဤသို့ ဟောတော်မူအပ်သော ပရိယာယ်ပုဒ်အပေါင်းတို့သည်လည်း တရားကိုယ်အားဖြင့် ဝီရိယစေတသိက် တလုံးသာရအပ်၏။ ထိုဝီရိယစေတသိက်သည်လည်း အနုပ္ပန္နအကုသလကို အနုပ္ပါဒဖြစ်အောင် အားထုတ်ခြင်း, ဥပ္ပန္နအကုသလကို ပဟာနဖြစ်အောင် အားထုတ်ခြင်း, အနုပ္ပန္နကုသလကို ဥပ္ပါဒဖြစ်အောင် အားထုတ်ခြင်း, ဥပ္ပန္နကုသလကို ဘိယျောဘာဝါယ ဖြစ်အောင် အားထုတ်ခြင်းအားဖြင့် လေးပါးအပြားရှိ၏။

ထိုတွင် အနုပ္ပန္နအကုသလအနုပ္ပါဒ ဟူသည် ကား အစမထင် သံသရာမှစ၍ အဘယ်သတ္တဝါမဆို အကုသိုလ်မဖြစ်ဘူးသောသတ္တဝါမည်သည် မရှိ။အကုသိုလ်ဟူသမျှကို ဖြစ်ဘူးကြသည်သာတည်း။ သို့ပါသော်လည်း ယခုဘဝ၌အသစ်မဥပါဒ်ရသေးသောအကုသိုလ်

အာရုံကို မဖြစ်အောင်အားထုတ်ခြင်း စသည့်ဘို့ဖြင့်အားထုတ်ခြင်း သည် အနုပ္ပန္နအကုသလအနုပ္ပါဒမည်၏။ အရှင်မဟာကဿပကြီး တို့၏ စိတ်အစဉ်တော်ကဲ့သို့တည်း။

ဆင္ဘွေ အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော အနုပ္ပဇ္ဇတီတိ အသ မုဒါစာရဝသေန ဝါ အနနုဘူတာရမ္မဏဝသေန ဝါတိ ဒွိဓာဟေဝ ကာရဏေဟိ အနုပ္ပန္နော န ဥပ္ပဇ္ဇတိ။
အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဆင္ဘွေါ်။ အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော အနုပ္ပဇ္ဇတီတိ၊ ဟူသည် ကား။ အသမုဒါစာရဝသေန ဝါ၊ မဥပါဒ်သေးသည်၏ အစွမ်း အားဖြင့်၎င်း။ အနနုဘူတာရမ္မဏဝသေန ဝါ၊မဖြစ်ဘူးသေးသော အာရုံ၏ အစွမ်းအားဖြင့်၎င်း။ ဣတိ၊သို့။ ဒွိဓာဟေဝ၊ နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ကာရဏေဟိ၊အကြောင်းတို့ဖြင့်။ ဝါ၊အကြောင်းတို့ ကြောင့်။ အနုပ္ပန္နော၊ မဖြစ်ဘူးသေးသော အကုသိုလ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်နိုင်။

ဥပ္ပန္နအကုသလပဟာန ဟူသော်ကား အကြင်သူအား သတိ မေ့လျော့သည်ဖြစ်၍ ရူပါရုံအစရှိသော ကာမဂုဏ်ငါးပါး အာရုံ ခြောက်ပါးတို့၌တပ်သော ဆန္ဒရာဂ တို့ဖြင့် အဘိဇ္ဈာ စသည်တို့ သည်ဖြစ်ကုန်၏။ ထိုသူအား ထိုအကုသိုလ်ဖြစ်သောအခါ၌ ဩော် ငါ၏စိတ်သည် မလျောက်ပတ်သော အမှုကို ကြံလေစွ။ ဤစိတ် ကြောင့် အပါယ်စသည်ကို သွားရတော့လတ္တံ့ဟု ထိတ်လန့်သော သံဝေဂ ရသည်ဖြစ်၍ ယောနိသော မနသိကာရအားဖြင့် ထိုအကု သိုလ်စိတ် အစဉ်ကို မပြတ်လျှင် ပြတ်အောင် တခုခုသောကမ္မဋ္ဌာန်း ၏ အာရုံ၌ စိတ်ကိုတည်စေ၍ ကောင်းစွာဖြတ်၏။ ထိုသူ၏ ဝီရိယ သည် ဥပ္ပန္နအကုသလပဟာန မည်၏။ ။အဘယ်သူတို့ကဲ့သို့နည်း ဟူမူကား။ မဟာမလ္လာလာရာမဝါသီ မဟာတိဿဘူတမထေရ်ကြီး သည် ဆွမ်းခံစဉ်၌ ဝိသဘာဂအာရုံကိုမြင်ရာ ကာမဝိတက်သည် ဖြစ်၏။ ထိုကာမဝိတက်ကို ငါ့အား အိပ်မက်တွင်မျှ မဖြစ်စဘူး။

ထိုကာမဝိတက်ကို အမှီပြု၍ အပေါ်ယ်စသည့်တို့၌ နှင်-ဖြစ်ချင်တိ သလောဟု သံဝေဂကို ဖြစ်စေလျက် ဆရာကိုပန်ကြား၍ ကျောင်းမှ ထွက်ပြီးလျှင် မဟာသံဃရက္ခိတ မထေရ်အထံ၌ ရာဂပဋိက္ခေပ ဖြစ်သော အသုဘကမ္မဋ္ဌာန်းကိုယူ၍ အဘန်တလဲလဲအားထုတ်လျှင် အနာဂါမိမဂ်၌ တည်ရသကဲ့သို့တည်း။

ယဿ ပန ကာရကဿေဝ သတော သတိသမ္မောသေန သဟသာ အာသဝါ ဥပ္ပဇ္ဇန္တိ၊ တတော သံဝေဂ မာပဇ္ဇိတွာ ယောနိသော ပဒဟန္တော တေ အာသဝေ သမုစ္ဆိန္ဒတိ၊ တဿ ဥပ္ပန္နာ ပဟိယျန္တီတိ ဝုစ္စန္တိ၊ မဏ္ဍလာရာမဝါသီ မဟာတိဿဘူတတ္ထေရဿ ဝိယ။

မူလပဏ္ဏာသအဋ္ဌကထာ။

ကာရကဿေဝ၊ တရားအလုပ် အားထုတ်သောသူသည်သာ လျှင်။ သတော=သန္တဿ၊ဖြစ်လျက်။ ဝါ၊ဖြစ်သော။ ယဿ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ သတိသမ္မောသေန၊ သတိမေ့လျော့သ ဖြင့်။ သဟသာ၊အဆောတလျင်။ အာသဝါ၊ အာသဝတရားတို့ သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တတော၊ ထိုသို့ဖြစ်သောအခါမှ။ သံ ဝေဂံ၊ထိတ်လန့်သော သံဝေဂကို။ အာပဇ္ဇိတွာ၊ရောက်၍။ ယော နိသော။ အသင့်အားဖြင့်။ ပဒဟန္တော၊ အားထုတ်သောသူသည်။ တေ အာသဝေ၊ ကိုအာသဝေါတရားတို့ကို။ သမုစ္ဆိန္ဒတိ၊ ကောင်း စွာဖြတ်၏။ တဿ၊ထိုသူအား။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော အကု သိုလ်တရားတို့ကို။ ပဟိယျန္တီတိ၊ ပယ်အပ်ကုန်၏ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ယထာ၊ အဘယ်သူတို့ကဲ့သို့နည်း။ (ထည့်)။ မဏ္ဍ လာရာမဝါသီ၊ မဏ္ဍလာရာမကျောင်း၌ နေတော်မူသော။ မဟာ တိဿဘူတတ္ထေရဿ ဝိယ၊မဟာတိဿဘူတမထေရ်ကဲ့သို့တည်း။

အနုပ္ပန္နကုသလဥပ္ပါဒဟူသော်ကား အကြင်သူသည် ရှေးအခါ ၌ မရဘူးသေးသော ဈာန်, အဘိညာဏ်, သမာပတ်, ဝိပဿနာ ဉာဏ်, မဂ်ဉာဏ် တို့ကို မရှေ့လျှင်ရအောင်အားထုတ်၏။ ထိုသူ၏

ဝီရိယသည် အနုပ္ပန္နကုသလဥပ္ပါဒဖြစ်သော ဝီရိယမည်၏။

ဥပ္ပန္နကုသလဘိယျောဘာဝပါယ ဟူသော်ကား— အကြင်သူသည် ရှေးအခါ၌ဖြစ်စေ ယခုအခါ၌ဖြစ်စေ ရပြီးသော သမထဝိပဿနာတို့ကို ပွားများအောင် အားထုတ်ခြင်းပင်တည်း။ ထိုစကားသင့်စွ။ သမထဝိပဿနာ ဟူသည် မဂ်သို့မရောက်မီလည်း မဂ်သို့ရောက်ခြင်းအကျိုးငှာ အားထုတ်ရ၏။ အောက်မဂ်သို့ရောက်ပြီးသော သူသည်လည်း အထက်မဂ်ကိုရခြင်းအကျိုးငှာ, အထက်မဂ်ကို ရပြီးသော သူသည်လည်း ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ ပွားများရ၏။ ထိုသို့ ပွားများသောသူ၏ ဝီရိယ သည် ဥပ္ပန္နကုသလဘိယျောဘာဝပါယဖြစ်သော ဝီရိယမည်၏။မဂ်စိတ်ကိုကား တကြိမ်သာဖြစ်၍ ချုပ်တတ်သောကြောင့် ပွားများဘွယ်မရှိ။ ထိုကြောင့် သမထဝိပဿနာကိုသာ မှတ်ယူရ၏။ ဖိုလ်သည်လည်း ကုသိုလ်စိတ်မဟုတ်။

> တတ္ထ စ အနုပ္ပန္နာ ကုသလာ ဓမ္မာတိ သမထဝိပဿနာ စေဝ မဂ္ဂေါ စ။ ဥပ္ပန္နာ ကုသလာနာမ သမထဝိပဿနာဝ။ မဂ္ဂေါပန သကိံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈမာနော အနတ္ထာယ သံဝတ္တနကောနာမ နတ္ထိ၊ သော ဟိ ဖလဿ ပစ္စယံ ဒတွာဝ နိရုဇ္ဈတိ။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ။

တတ္ထ၊၌။ အနုပ္ပန္နာ ကုသလာ ဓမ္မာတိ၊ ကား။ သမထဝိပဿနာ စေဝ၊ သမထဝိပဿနာတို့သည်လည်းကောင်း။ မဂ္ဂေါ စ၊ မဂ်သည်လည်းကောင်း။ အနုပ္ပန္နာ ကုသလာ ဓမ္မာ၊ ကုန်၏။ ဥပ္ပန္နာ ကုသလာနာမ၊ တို့မည်သည်ကား။ သမထဝိပဿနာဝ၊ သမထဝိပဿနာ တို့သာတည်း။ မဂ္ဂေါ ပန၊ မဂ်သည်ကား။ သကိံ၊ တကြိမ်။ ဥပ္ပဇ္ဇိတွာ၊၍။ နိရုဇ္ဈမာနော၊သော်။ အနတ္ထာယ၊အကျိုးမရှိခြင်းငှာ။ သံဝတ္တနကောနာမ၊ ဖြစ်တတ်သောမည်သည်။ နတ္ထိ၊မရှိ။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ သော မဂ္ဂေါ၊ထိုမဂ်သည်။ ဖလဿ၊ဖိုလ်၏။ ပစ္စယံ၊အကြောင်းကို။ဒတွာဝ၊ပေး၍သာလျှင်။နိရုဇ္ဈတိ၊ချုပ်၏။

## ဂ၁-သမ္မာသတိကို ပြခြင်း။

သမ္မာသတိ၌—

တတ္ထ ကတမာ သမ္မာသတိ။ ယာ သတိ အနုဿတိ ပဋိဿတိ သတိ သရဏတာ ဓာရဏတာ အပိလာပနတာ အသံမုဿနတာ သတိ သတိန္ဒြိယံ သတိဗလံ သမ္မာသတိ သတိသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ ဝုစ္စတိ သမ္မာသတိ။ ။ဝိဘင်းပါဠိတော်။

တတ္ထ၊၌။ သမ္မာသတိ၊သည်။ကတမာ၊နည်း။ယာ သတိ၊အကြင် အောက်မေ့ခြင်းသည်။ ယာ အနုဿတိ၊ အကြင်အဘန်တလဲလဲ အောက်မေ့ခြင်းသည်။ ယာ ပဋိဿတိ၊အကြင်ရှေးရှုသွားသကဲ့သို့ အောက်မေ့ခြင်းသည်။ သတိ၊သတိဟုဆိုအပ်သော။ ယာ သရဏတာ၊ အကြင်အောက်မေ့သော အခြင်းအရာသည်။ ယာ ဓာရဏတာ၊ အကြင်ဆောင်တတ်သည်၏ အဖြစ်သည်။ ယာ အပိလာပနတာ၊ အကြင်မပေါ့သောအဖြစ်သည်။ ယာ အသံမုဿနတာ၊ အကြင်မေ့လျော့ခြင်း မရှိသည်၏အဖြစ်သည်။ သတိ၊သတိဟုဆိုအပ်သော။ ယံ သတိန္ဒြိယံ၊ အကြင်သတိသာလျှင်ဖြစ်သော ဣန္ဒြေသည်။ ယံ သတိဗလံ၊ အကြင်သတိသာလျှင်ဖြစ်သော ဗိုလ်သည်။ ယာ သမ္မာသတိ၊ အကြင်အဟုတ်အဟတ်သော အောက်မေ့ခြင်းသည်။ ယော သတိသမ္ဗောဇ္ဈင်္ဂေါ၊အကြင်သတိသမ္ဗောဇ္ဈင်သည်။ မဂ္ဂင်္ဂံ၊ မဂ်၏ အင်္ဂါတည်း။ မဂ္ဂပရိယာပန္နံ၊မဂ်၌အကျုံးဝင်၏။ အယံ၊ကို။ သမ္မာသတီတိ၊သမ္မာသတိဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤပရိယာယ်ပုဒ်တို့ဖြင့် ဟောတော်မူအပ်သော်လည်း တရားကိုယ်အားဖြင့် သတိစေတသိက် တခုကိုသာလျှင် ရအပ်၏။ထိုသတိစေတသိက် သည်လည်း ကာယာ နုပဿနာ၌ဖြစ်သောသတိ, ဝေဒနာ နုပဿနာ၌ ဖြစ်သောသတိ, စိတ္တာ နုပဿနာ၌ ဖြစ်သော သတိ, ဓမ္မာနုပဿနာ၌ ဖြစ်သောသတိအားဖြင့် လေးပါးအပြား ရှိ၏။

ထိုတွင် အာနာပါနပဗ္ဗ(၁) ဣရိယာပထပဗ္ဗ(၂) သမ္ပဇည ပဗ္ဗ(၃) ပဋိကူလ မနသိကာရပဗ္ဗ(၄) ဓာတုမနသိကာရပဗ္ဗ(၅) နဝသိဝထိကပဗ္ဗ (၉) ဤ(၁၄)ပါးသောတရားတို့၌ထင်စေအပ်သောသတိသည် ကာယာနုပဿနာ၌ဖြစ်သောသတိမည်၏။

သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ စသည်တို့၌ ထင်စေ အပ်သော သ တိ သည် ဝေဒနာနုပဿနာ၌ ဖြစ်သော သ တိ မည်၏။

သရာဂစိတ် ဝိရာဂစိတ်,သဒေါသစိတ် ဝိဒေါသစိတ်,သမောဟ ဝိမောဟ, သံခိတ္တ ဝိက္ခိတ္တ, မဟဂ္ဂတ အမဟဂ္ဂတ, သဉတ္တရ အနုတ္တရ, သမာဟိတ အသမာဟိတ, ဝိမုတ္တ အဝိမုတ္တ, ဤ(၁၆) ပါးသောစိတ်တို့၌ ထင်စေအပ်သောသတိသည် စိတ္တာနုပဿနာ၌ ဖြစ်သော သတိမည်၏။

နီဝရဏ (၅) ပါး ခန္ဓာ (၅) ပါး အာယတန (၁၂) ပါး ဗောဇ္ဈင်(၇)ပါး သစ္စာ (၄) ပါး အပေါင်းအားဖြင့် (၅) ပါး ဤသဘောတရားတို့၌ ထင်စေအပ်သောသတိသည် ဓမ္မာနုပဿ နာ ၌ဖြစ်သော သတိမည်၏။ ။တနည်း။ ။ဗောဓိပက္ခိယတရား ဟူဟူသမျှတို့၌ ထင်စေအပ်သော သဘောတရားသည် သတိမည် ၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော သတိအပေါင်းသည် သမ္မာသတိ မည်၏။

## ၇၂-သမ္မာသမာဓိကို ပြခြင်း။

သမ္မာသမာဓိ၌—

တတ္ထ ကတမာ သမ္မာသမာဓိ၊ ယာ စိတ္တဿ ဋ္ဌိတိ သဏ္ဌိ တိ အဝဋ္ဌိတိ အဝိသာဟာရော အဝိက္ခေပေါ အဝိသာဟဋ္ဌ မာနသတာ သမထော သမာဓိန္ဒြိယံ သမာဓိဗလံ သမ္မာသ မာဓိ သမာဓိသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ အယံ ဝုစ္စတိ သမ္မာသမာဓိ။ ။ဝိဘင်း။

တတ္ထ၊ ၌။ သမ္မာသမာဓိ၊ သည်။ ကတမော၊ နည်း။ စိတ္တဿ၊ ၏။ ယာ ဌိတိ၊ အကြင် တည်ခြင်းသည်။ ယာ သဏ္ဌိတိ၊ အကြင်ကောင်းသော တည်ခြင်းသည်။ ယာ အဝဋ္ဌိတိ၊ အကြင် ဝင်၍ တည်တတ်သောတရားသည်။ ယော အဝိသာဟာရော၊ အကြင် ပျံ့လွင့်ခြင်း ယုံမှားခြင်း၏ ဆန့်ကျင်ဘက်သည်။ ယော အဝိက္ခေပေါ၊ အကြင် ပျံ့လွင့်ခြင်း မရှိသောတရားသည်။ ယာ အဝိသာဟဋမာနသတာ၊ အကြင်ရွေ့ခြင်းမရှိသော စိတ်၏ အဖြစ်သည်။ ယော သမထော၊ အကြင် ငြိမ်းစေတတ်သော တရားသည်။ ယံ သမာဓိန္ဒြိယံ၊ အကြင် သမာဓိသာလျှင်ဖြစ်သော ဣန္ဒြေသည်။ ယံ သမာဓိဗလံ၊ အကြင် သမာဓိသာလျှင်ဖြစ်သော ဗိုလ်သည်။ ယော သမ္မာသမာဓိ၊ အကြင် အဟုတ်အဟတ် ချီးမွမ်းအပ်သော တည်ကြည်ခြင်းသည်။ ယော သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ အကြင် သမာဓိသမ္ဗောဇ္ဈင်သည်။ မဂ္ဂင်္ဂံ၊ မဂ်၏ အင်္ဂါတည်း။ မဂ္ဂပရိယာပန္နံ၊ ၏။ အယံ၊ ကို။ သမ္မာသမာဓိတိ။ ၍။ ဝုစ္စတိ၊ ၏။

၍ပရိယာယ်ပုဒ် အပေါင်းတို့ဖြင့် ဟောတော်မူအပ်သော သမာဓိသည် တရားကိုယ်အားဖြင့် ဧကဂ္ဂတာစေတသိက်တခုကိုသာ ရအပ်၏။ ထိုဧကဂ္ဂတာဖြစ်သော သမာဓိသည်လည်း ပုထုဇန်တို့ ရထိုက်သော သမာဓိ, အရိယာတို့သမာဓိအားဖြင့် နှစ်ပါးရှိ၏။ ထင်စေအံ့— ထိုစကားကို ဝိသုဒ္ဓိမဂ် သုံးခုမြောက်သော သမာဓိဘာဝနာဓိကာရ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၊ ပဌိသမ္ဘိဒါမဂ် သမာဓိနိဒ္ဒေသ၌ သမာဓိ၏အကြောင်းကို ပြဆိုရာ—

> ကော သမာဓိ၊ ကေနဋ္ဌေန သမာဓိ၊ ကာနဿ လက္ခဏ, ရသ,ပစ္စုပဋ္ဌာန, ပဒဋ္ဌာနာနိ၊ ကတိဝိဓော သမာဓိ၊ ကော စဿ သံကိလေသော၊ ကိံ ဝေါဒါနံ၊ ကထံ ဘာဝေတဗ္ဗော၊ သမာဓိ ဘာဝနာယ ကော အာနိသံသော။

ဟု-ရှစ်ခုသော ပုစ္ဆာမာတိကာကို ရှေးဦးစွာ ထားတော်မူသတည်း။

ကော၊အဘယ်သည်လျှင်။သမာဓိ၊ သမာဓိမည်သနည်း။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ သမာဓိ၊ သမာဓိမည်သနည်း။ ကာနိ၊ အဘယ်တို့သည်။ အဿ၊ ထိုသမာဓိ၏။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနာနိ၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့နည်း။ ဝါ၊ အဿ၊ထိုသမာဓိ၏။ လက္ခဏ,ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနာနိ၊ လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား။ ကာနိ၊ အဘယ်သည်တို့နည်း။ ။(ဤသို့လည်းမေး)။ ။သမာဓိ၊ သမာဓိသည်။ ကတိဝိဓော၊ အဘယ်မျှပြားသနည်း။ အဿ၊ ထိုသမာဓိ၏။ သံကိလေသော၊ ညစ်ညူးကြောင်းကား။ ကော၊ အဘယ်နည်း။ အဿ၊ ထိုသမာဓိ၏။ ဝေါဒါနံ၊ ဖြူစင်ကြောင်း ကား။ ကိံ၊ အဘယ်နည်း။ ကထံ၊ အသို့လျှင်။ သမာဓိ၊ သမာဓိကို။ ဘာဝေတဗ္ဗော၊ ပွါးအပ်သနည်း။ သမာဓိဘာဝနာယ၊ သမာဓိဘာဝနာ၏။ အာနိသံသော၊အကျိုးကား။ ကော၊အဘယ်နည်း။

ဤပုစ္ဆာကိုထားပြီးမှ " ကော သမာဓိ " ဟူ သော ပု စ္ဆာ ၏ ဝိသဇ္ဇနာ၌—

" သမာဓိ ဗဟုဝိဓော နာနပ္ပကာရကော၊ ကုသလစိတ္တေကဂ္ဂတာ သမာဓိ" ဟုဖြေတော်မူသတည်း။ ။သမာဓိ၊သမာဓိသည်။ ဗဟုဝိဓော၊ များသောအပြားရှိ၏။ နာနပ္ပကာရကော၊ အထူးထူးအပြားပြားများ၏။ ကုသလစိတ္တေကဂ္ဂတာ၊ ကုသိုလ်စိတ်နှင့် ယှဉ်သော ဧကဂ္ဂတာသည်။ သမာဓိ၊သမာဓိမည်၏။

"ကေနဋ္ဌေနသမာဓိ"ဟူသောပုစ္ဆာ၏ဝိသဇ္ဇနာ၌—

" သမာဓာနဋ္ဌေနသမာဓိ။ ကိမိဒံ သမာဓာနံနာမ၊ ဧက ရမ္မဏေ စိတ္တစေတသိကာနံ သမံ သမ္မာ စ အာဓာနံ ထပနန္တိ ဝုတ္တံ ဟောတိ" ဟု ဖြေတော်မူသတည်း။ ။သမာဓာနဋ္ဌေန၊ ကောင်းစွာထားခြင်းဟူသော အနက်ကြောင့်။ သမာဓိ၊ သမာဓိ မည်၏။ ဣဒံသမာဓာနံ နာမ၊ ဤကောင်းစွာထားခြင်း ဟူသည်။ ကိံ၊အဘယ်နည်း။ ဧကာရမ္မဏေ၊ တခုတည်းသောအာရုံ၌။ စိတ္တ

စေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သမံ၊အညီအညွတ်။သမ္မာစ၊ ကောင်းစွာလျှင်။ အာဓာနံ၊ ထားခြင်း။ ထပနံ၊ ထားခြင်းတည်း။ ဣတိ၊သို့။ ဝုတ္တံ ဝုတ္တော၊ဆိုလိုသည်။ ဟောတိ၊၏။

သမာဓိ၏အာနုဘော်ကြောင့် စိတ်စေတသိက်တို့ကို တခုတည်းသောအာရုံ၌ အညီအညွတ် ကောင်းစွာထားသဖြင့် မပျံ့လွင့်ဘဲ ဖရိုဖရဲမရှိ တည်သည်ကိုပင် ကောင်းစွာထားသည်ဟု မှတ်ရာ၏။ ထို့ကြောင့်လည်းကောင်း အဋ္ဌကထာ၌။ ။''ယဿ ဓမ္မဿ အာနုဘာဝေန ဧကာရမ္မဏေ စိတ္တစေတသိကာ သမံ သမ္မာစ အဝိက္ခိပမာနာ အဝိပ္ပကိဏ္ဏာ စ ဟုတွာ တိဋ္ဌန္တိ၊ ဣဒံ သမာဓာနန္တိ ဝေဒိတဗ္ဗံ။ ။ဟူသောပါဠိကို မိန့်ဆိုဘွင့်လှစ်တော်မူသတည်း။

ယဿ ဓမ္မဿ၊ အကြင်သမာဓိတရား၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ဧကာရမ္မဏေ၊ တခုတည်းသောအာရုံ၌။ စိတ္တစေတသိကာ၊စိတ်စေတသိက်တို့သည်။သမံ၊အညီအညွတ်။သမ္မာစ၊ ကောင်းစွာလျှင်။ အဝိက္ခိပမာနာ၊ မပျံ့လွင့်သည် ဖြစ်၍ လည်းကောင်း။ အဝိပ္ပကိဏ္ဏာစ၊ ဖရိုဖရဲမရှိသည်ဖြစ်၍ လည်းကောင်း။ ဟုတွာ၊ဖြစ်၍။ တိဋ္ဌန္တိ၊တည်ကုန်၏။ ဣဒံ၊ဤသို့တည်ခြင်းကို။သမာဓာနန္တိ၊ ကောင်းစွာထားခြင်းဟူ၍။ ဝေဒိတဗ္ဗံ၊သိအပ်၏။

'' ကာနဿ လက္ခဏာ ရဿ ပစ္စုပဋ္ဌာန ပဒဋ္ဌာနာနိ '' ဟူသောပုစ္ဆာ၏ ဝိသဇ္ဇနာ၌—

''အဝိက္ခေပလက္ခဏော သမာဓိ၊ ဝိက္ခေပဝိဒ္ဓံသနရသော၊ အဝိကမ္ပနပစ္စုပဋ္ဌာနော၊''သုခိနော စိတ္တံ သမာဓိယတိ'' တိ ဝစနတော သုခ မဿ ပဒဋ္ဌာနံ-ဟု ဖြေတော်မူသတည်း။ ။သမာဓိ၊ သည်။ အဝိက္ခေပလက္ခဏော၊မပျံ့လွင့်ခြင်းလက္ခဏာရှိ၏။ ဝိက္ခေပဝိဒ္ဓံသနရသော၊ ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ အဝိကမ္ပနပစ္စုပဋ္ဌာနော၊ မတုန်လှုပ်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ ဝါ၊ မတုန်လှုပ်ခြင်းလျှင်ထင်သောအကျိုးရှိ၏။''သုခိနော စိတ္တံ သမာဓိယတီ''တိ၊ သုခိနော စိတ္တံ သမာဓိယတိ ဟူ၍။ ဝစနတော၊ ဘုရား

ဟောတော်မူသောကြောင့်။ သုခံ၊သုခသည်။ အသယံ၊ထိုသမာဓိ၏။ ပဒဋ္ဌာနံ၊ပဒဋ္ဌာန်မည်၏။ ဝါ၊အကြောင်းမည်၏။

''ကတိဝိဓော သမာဓိ''ဟူသော ပုစ္ဆာ၏ဝိသဇ္ဇနာ၌—

''အဝိက္ခေပလက္ခဏေန တာဝ ဧကဝိဓော''။ ။အစရှိသည်ဖြင့် ဖြေတော်မူသည်။ ။ဤမှအထက်၌ ပါဠိသာဓကကို စိုးစဉ်းမျှ ထုတ်ဆောင်၍ အဓိပ္ပါယ်တွက်ကိုသာပြအံ့။ ။အဝိက္ခေပလက္ခဏေန၊ မပျံ့လွင့်ခြင်း လက္ခဏာအားဖြင့်။ တာဝ၊ ရှေးဦးစွာ။ သမာဓိ၊ သမာဓိသည်။ ဧကဝိဓော၊တပါးသောအဘို့ရှိ၏။

သမာဓိသည် သာမညလက္ခဏာအားဖြင့်တပါးသာ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဥပစာရသမာဓိ, အပ္ပနာသမာဓိဟူ၍ နှစ်ပါး၊ လောကိယသမာဓိ, လောကုတ္တရာသမာဓိဟူ၍ နှစ်ပါး၊ သပ္ပီတိကသမာဓိ, နိပ္ပီတိကသမာဓိဟူ၍ နှစ်ပါး၊ သုခသဟဂတသမာဓိ, ဥပေက္ခာသဟဂတသမာဓိဟူ၍ နှစ်ပါး, ဤသို့ ဒုကအားဖြင့် နှစ်ပါးလေးလီ ဖြစ်၏။

ဟီနသမာဓိ, မဇ္ဈိမသမာဓိ, ပဏီတသမာဓိ ဟူ၍ သုံးပါး၊ သဝိတက္က သဝိစာရ သမာဓိ, အဝိတက္က ဝိစာရ မတ္တသမာဓိ, အဝိတက္က အဝိစာရသမာဓိ ဟူ၍ သုံးပါး၊ ပီတိသဟဂတသမာဓိ, သုခသဟဂတသမာဓိ, ဥပေက္ခာသဟဂတသမာဓိ ဟူ၍ သုံးပါး၊ ပရိတ္တသမာဓိ, မဟဂ္ဂတသမာဓိ, အပ္ပမာဏသမာဓိ ဟူ၍ သုံးပါး၊ ဤသို့ တိကအားဖြင့် သုံးပါးလေးလီဖြစ်၏။

ဒုက္ခပဋိပဒါဒန္ဓာဘိညသမာဓိ, ဒုက္ခပဋိပဒါ ခိပ္ပါဘိည သမာဓိ, သုခပဋိပဒါ ဒန္ဓာဘိည သမာဓိ, သုခပဋိပဒါ ခိပ္ပါဘိည သမာဓိ ဟူ၍ လေးပါး၊ ပရိတ္တ ပရိတ္တာရမ္မဏ သမာဓိ, ပရိတ္တ အပ္ပမာဏာရမ္မဏသမာဓိ, အပ္ပမာဏ ပရိတ္တာရမ္မဏ သမာဓိ, အပ္ပမာဏ အပ္ပမာဏာရမ္မဏ သမာဓိ ဟူ၍ လေးပါး၊ ပဌမဈာန သမာဓိ, ဒုတိယ ဈာန သမာဓိ, တတိယ ဈာန သမာဓိ, စတုတ္ထ ဈာန သမာဓိ ဟူ၍ လေးပါး၊ ဟာနဘာဂိယသမာဓိ, ဌိတိဘာဂိယ

သမာဓိ, ဝိသေသဘာဂိယ သမာဓိ, နိဗ္ဗေဓဘာဂိယသမာဓိ ဟူ၍ လေးပါး၊ ကာမာဝစရသမာဓိ, ရူပါဝစရ သမာဓိ, အရူပါဝစရ သမာဓိ, အပရိယာပန္နသမာဓိဟူ၍ လေးပါး၊ ဆန္ဒသမာဓိ,ဝီရိယ သမာဓိ, စိတ္တသမာဓိ, ဝီမံသသမာဓိ ဟူ၍ လေးပါး, ဤသို့စတုက္က အားဖြင့် လေးပါးခြောက်လီဖြစ်၏။

ပဌမဈာနသမာဓိ, ဒုတိယဈာနသမာဓိ, တတိယဈာနသမာဓိ, စတုတ္ထဈာန သမာဓိ, ပဉ္စမဈာန သမာဓိ ဟူ၍ ပဉ္စကအားဖြင့် ငါးပါးဖြစ်၏။

ထိုပြဆိုခဲ့ပြီးသော သမာဓိဘေဒ၌ ဗုဒ္ဓါနုဿတိ စသော အနုဿတိရှစ်ပါး၊ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့၏ အစွမ်းအားဖြင့်ရအပ်သော သမာဓိသည်လည်းကောင်း, အပ္ပနာသမာဓိသို့ မရောက်မီ ရှေးအဘို့၌ဖြစ်သော သမာဓိသည်လည်းကောင်း,။ တနည်း ပထဝီ စသော ကသိုဏ်းကိုစီးဖြန်းသော ပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ် ထင်သည့် တိုင်အောင် ဖြစ်သော သမာဓိသည် ဥပစာရသမာဓိမည်၏။ ။''ပဌမဈာနဿ ပရိကမ္မံ ပဌမဈာနဿအနန္တရပစ္စယေန ပစ္စယော'' ဟူ၍ ဟောတော်မူသောကြောင့် ပရိကံ၏ အခြားမဲ့ဖြစ်သော သမာဓိသည် အပ္ပနာသမာဓိမည်၏။ ထိုသမာဓိနှစ်ပါးသည် ပုထုဇန်တို့ ရအပ်ရသင့်သော သမာဓိမည်၏။ ဤသို့ ပဌမဒုက၌ သမာဓိနှစ်ပါးတို့၏ အဓိပ္ပါယ်ကို သိရ၏။

ဒုတိယဒုက၌ ဘုံသုံးပါးတို့၌ ကုသိုလ်စိတ်နှင့်ယှဉ်သော သမာဓိသည် လောကိယ သမာဓိ မည်၏။ အရိယာမဂ်နှင့်ယှဉ်သော သမာဓိသည် လောကုတ္တရာ သမာဓိ မည်၏။ ထိုနှစ်ပါးတို့တွင် လောကိယသမာဓိသည် ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိ မည်၏။ ဤသို့ ဒုတိယဒုက၌ သမာဓိ နှစ်ပါးတို့၏ အဓိပ္ပါယ်ကို သိအပ်၏။

တတိယဒုက၌ စတုက္ကနည်းအားဖြင့် နှစ်ပါးကုန်သော ဈာန်တို့၌, ပဉ္စကနည်းအားဖြင့် သုံးပါးကုန်သောဈာန်တို့၌ ဖြစ်သော

သမာဓိ သည် သပ္ပိတိကသမာဓိ မည်၏။ ကြွင်းနှစ်ပါးကုန်သော ဈာန်တို့၌ဖြစ်သော သမာဓိသည် နိပ္ပိတိကသမာဓိ မည်၏။ ထို သမာဓိနှစ်ပါးသည် ပုထုဇန်ပုဂ္ဂိုလ်တို့ ရအပ်ရသင့်သော သမာဓိ ပင်တည်းဟု မှတ်ရာ၏။ ဤသို့ တတိယဒုကဌ် သမာဓိနှစ်ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။ ပြဆိုခဲ့ပြီးသော ဥပစာရသမာဓိသည်လည်း သပ္ပိတိကဥပစာရသမာဓိ နိပ္ပိတိကဥပစာရသမာဓိ ဟူ၍ နှစ်ပါး ရှိကောင်း၏။

စတုတ္ထဒုကဌ် စတုက္ကနည်း၌ သုံးပါးကုန်သောဈာန်, ပဉ္စက နည်း၌ လေးပါးကုန်သောဈာန်တို့၌ ဖြစ်သော သမာဓိသည် သုခ သဟဂတသမာဓိ မည်၏။ ကြွင်းသောဈာန်တို့၌ ဖြစ်သော သမာဓိ သည် ဥပေက္ခာသဟဂတသမာဓိ မည်၏။ ပြဆိုအပ်ခဲ့ပြီးသော ဥပစာရသမာဓိသည်လည်း သုခသဟဂတ ဥပစာရသမာဓိ ဥပေက္ခာသဟဂတ ဥပစာရသမာဓိ ဟူ၍ နှစ်ပါးရှိကောင်း၏။ ထို သမာဓိ နှစ်ပါးသည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိတည်းဟူ မှတ်ရာ၏။ ဤသို့ စတုတ္ထဒုကဌ် သမာဓိနှစ်ပါး တို့၏ အဓိပ္ပါယ်ကို သိရာ၏။

တိကတို့တွင် ပဌမတိကဌ် ရကာမတ္တသာဖြစ်သော သမာဓိသည် ဟီနသမာဓိမည်၏။ လွန်စွာမပွါးလွန်းသော သမာဓိသည် မဇ္ဈိမ သမာဓိ မည်၏။ လွန်စွာပွါးအပ်သော ဝသီဘော်သို့ ရောက်သော သမာဓိသည် ပဏီတသမာဓိမည်၏။ ထိုသမာဓိသုံးပါး သည် လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရအပ်ရသင့်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ ပဌမတိကဌ် သမာဓိသုံးပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ဒုတိယတိကဌ် ဥပစာရသမာဓိနှင့်တကွ ပဌမဈာန်သမာဓိသည် သဝိတက္က သဝိစာရ သမာဓိမည်၏။ ပဉ္စကနည်း၌ ဒုတိယဈာန် သမာဓိသည် အဝိတက္ကဝိစာရမတ္တသမာဓိမည်၏။ စတုက္ကနည်း၌ ဒုတိယဈာန် စသည်တို့ ပဉ္စကနည်း၌ တတိယဈာန် စသည်တို့ ဖြစ်သော သမာဓိ သည် အဝိတက္ကအဝိစာရသမာဓိ မည်၏။ ထို

သမာဓိသုံးပါးတို့သည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့် ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ ဒုတိယတိက၌ သမာဓိသုံးပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

တတိယတိက၌ စတုက္ကနည်း၌ အစရှာန်နှစ်ပါး, ပဉ္စကနည်း၌ အစရှာန်သုံးပါး, ၎င်းတို့၌ဖြစ်သော သမာဓိသည် ပီတိသဟဂတ သမာဓိမည်၏။ စတုက္ကနည်း၌ တတိယဈာန် ပဉ္စကနည်း၌ စတုတ္ထဈာန်၌ ဖြစ်သောသမာဓိသည် သုခသဟဂတသမာဓိ မည်၏။ စတုက္ကနည်း၌ စတုတ္ထဈာန် ပဉ္စကနည်း၌ ပဉ္စမဈာန်၌ ဖြစ်သော သမာဓိသည် ဥပေက္ခာသဟဂတသမာဓိမည်၏။ ထိုသမာဓိသုံးပါးတို့သည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ တတိယတိက၌ သမာဓိသုံးပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

စတုတ္ထတိက၌ ဥပစာရဘုံ၌ ဖြစ်သော သမာဓိသည် ပရိတ္တ သမာဓိ မည်၏။ ရူပါဝစရ အရူပါဝစရ ကုသိုလ်တို့၌ ရှိသော သမာဓိသည် မဟဂ္ဂတသမာဓိမည်၏။ အရိယာမဂ်နှင့်ယှဉ်သော သမာဓိသည် အပ္ပမာဏသမာဓိမည်၏။ ထိုသမာဓိ သုံးပါးတို့တွင် ပရိတ္တသမာဓိ မဟဂ္ဂတသမာဓိတို့သည် ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ဤသို့ စတုတ္ထတိက၌ သမာဓိသုံးပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ပဌမစတုက္က၌ ရှေးဦးစွာ ပထဝီကသိုဏ်း စသည်ကို အားထုတ်သည်မှစ၍ ထိုထိုသောဈာန်၏ ဥပစာရတိုင်အောင် ဖြစ်သော သမာဓိဘာဝနာသည် ပဋိပဒါမည်၏။ ဥပစာရမှစ၍ အပ္ပနာဖြစ်သည့်တိုင်အောင် ဖြစ်သောပညာသည် အဘိညာမည်၏။ ရှေးအဘို့၌လည်း အသပ္ပါယသေဝီ အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခပဋိပဒါဖြစ်၏။ နောက်အဘို့၌လည်း အသပ္ပါယသေဝီ အစရှိသော အကြောင်းတို့ကြောင့် ဒန္ဓာဘိညာဖြစ်၏။ ဤသို့ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာကို သိရာ၏။ ရှေးအဘို့၌ အသပ္ပါယသေဝီ စသော အကြောင်းတို့ကြောင့် ဒုက္ခပဋိပဒါ ဖြစ်၏။ နောက်အဘို့၌ သပ္ပါယ

သေဝီ အစရှိသော အကြောင်းတို့ကြောင့် ခိပ္ပါဘိညဖြစ်၏။ ဤသို့ ဒုက္ခပဋိပဒါ ခိပ္ပါဘိညကို သိရာ၏။ ရှေးအဘို့၌ သပ္ပါယသေဝီ အစ ရှိသော အကြောင်းတို့ကြောင့် သုခပဋိပဒါဖြစ်၏။ နောက်အဘို့၌ အသပ္ပါယသေဝီအစရှိသော အကြောင်းတို့ကြောင့် ဒန္ဓာဘိည ဖြစ်၏။ ဤသို့ သုခပဋိပဒါဒန္ဓာဘိညကို သိရာ၏။ ရှေးအဘို့၌လည်း သပ္ပါယသေဝီ အစရှိသော အကြောင်းတို့ကြောင့် သုခပဋိပဒါ ဖြစ်၏။ နောက် အ ဘို့ ၌ လည်း သပ္ပါယသေဝီ အစရှိသော အ ကြောင်းတို့ကြောင့် ခိပ္ပါဘိညဖြစ်၏။ ဤသို့ သုခပဋိပဒါခိပ္ပါဘိည ကို သိရာ၏။ ဤသို့ ပြဆိုခဲ့သောနည်းအားဖြင့် ပုဂ္ဂိုလ်တို့ အစဉ် အတိုင်းရအပ်သော သမာဓိကိုစွဲ၍ ဒုက္ခပဋိပဒါ ဒန္ဓာဘိညသမာဓိ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညသမာဓိ, သုခပဋိပဒါ ဒန္ဓာဘိညသမာဓိ, သုခပဋိပဒါခိပ္ပါဘိညသမာဓိ မည်၏။ ထိုသမာဓိလေးပါးတို့သည် လည်း ပုထုဇန်ပုဂ္ဂိုလ်တို့အား ရသင့်ရထိုက်သော သမာဓိပင် တည်းဟု မှတ်ရာ၏။ ဤသို့ ပဌမစတုက္က၌ သမာဓိလေးပါးတို့၏ အမိပ္ပါယ်ကို သိရာ၏။ အသပ္ပါယသေဝီတာဒိ၌ အာဒိအရ ဒုတိယ စတုတ္ထပုဗ္ဗကိစ္စ အပ္ပနာကောသလ္လ တဏှာဘိဘူတ အဝိဇ္ဇာဘိဘူတ အကတာဓိကာရ တိဗ္ဗကိလေသ တိက္ခိန္ဒြိယ စသည်ကိုယူ။

ဒုတိယစတုက္က၌ အကြင်သမာဓိသည် မလေ့ကျက်အပ်သည် ဖြစ်၍ အထက်ဈာန်၏အကြောင်းဖြစ်ခြင်းငှါမတတ်နိုင်၊ မပွါးအပ် သောအာရုံ၌ဖြစ်၏။ ထိုသမာဓိသည် ပရိတ္တပရိတ္တာရမ္မဏသမာဓိ မည်၏။ အကြင်သမာဓိသည် မလေ့ကျက်အပ်သည်ဖြစ်၍ အထက် ဈာန်၏အကြောင်းဖြစ်ခြင်းငှါမတတ်နိုင်၊ ပွါးများအပ်သောအာရုံ ၌ဖြစ်၏။ ထိုသမာဓိသည် ပရိတ္တအပ္ပမာဏာ ရမ္မဏသမာဓိမည်၏။ အကြင်သမာဓိသည် လေ့ကျက်အပ်သည် ကောင်းစွာပွါးများအပ် သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှါစွမ်းနိုင်၏။မပွါး အပ်သောအာရုံ၌ဖြစ်၏။ ထိုသမာဓိသည် အပ္ပမာဏပရိတ္တာရမ္မဏ သမာဓိမည်၏။ အကြင်သမာဓိသည် လေ့ကျက်အပ်ကောင်းစွာ ပွါးအပ်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်း ငှါလည်း စွမ်းနိုင်၏။ ပွါးအပ်သောအာရုံ၌လည်း ဖြစ်၏။ ထိုသမာဓိသည်

အပ္ပမာဏ အပ္ပမာဏာရမ္မဏသမာဓိမည်၏။ ထိုသမာဓိလေးပါးသည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ ဒုတိယစတုက္က၌ သမာဓိလေးပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

တတိယစတုက္က၌ ပဌမဈာန်နှင့်ယှဉ်သော သမာဓိသည် ပဌမဈာန်သမာဓိမည်၏။ ဒုတိယဈာန်နှင့် ယှဉ်သော သမာဓိသည် ဒုတိဈာန်သမာဓိ မည်၏။ တတိယဈာန်နှင့်ယှဉ်သော သမာဓိသည် တတိယဈာန်သမာဓိ မည်၏။ စတုတ္ထဈာန်နှင့်ယှဉ်သော သမာဓိသည် စတုတ္ထဈာန်သမာဓိမည်၏။ ထိုသမာဓိလေးပါးသည်လည်း ပုထုဇန် ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ တတိယစတုက္က၌ လေးပါးသော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

စတုတ္ထစတုက္က၌ သမာဓိ၏ ဆန့်ကျင်ဘက်တရားတို့ကို လေ့ကျက်သည်၏အစွမ်းဖြင့် ဖြစ်သောသမာဓိသည် ဟာနဘာဂိယ သမာဓိမည်၏။ ထိုဈာန်အားလျော်စွာ ဆန့်ကျင်ဘက်မရှိသောသတိဖြင့် တည်သော သမာဓိသည် ဌိတိဘာဂိယသမာဓိမည်၏။ အထက်၌ တရားအထူးကို ရခြင်း၏အစွမ်းဖြင့် ဖြစ်သော သမာဓိသည် ဝိသေသဘာဂိယသမာဓိမည်၏။ နိဗ္ဗိဒါဉာဏ်နှင့် တကွဖြစ်သော သမာဓိသည် နိဗ္ဗိဒါဘာဂိယသမာဓိ မည်၏။ ထိုသမာဓိလေးပါးသည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သောသမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ စတုတ္ထစတုက္က၌ လေးပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကိုသိရာ၏။

ပဉ္စမစတုက္က၌ ဥပစာရသမာဓိသည် ကာမာဝစရသမာဓိမည်၏။ ရူပါဝစရစိတ်၌ယှဉ်သော သမာဓိသည် ရူပါဝစရသမာဓိမည်၏။ အရူပါဝစရစိတ်၌ယှဉ်သော သမာဓိသည် အရူပါဝစရသမာဓိမည်၏။ လောကုတ္တရာစိတ်နှင့် ယှဉ်သော သမာဓိသည် အပရိယာပန္နသမာဓိမည်၏။ ထိုသမာဓိလေးပါးတို့တွင် ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိ သုံးပါးတို့

သည် ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ ပဉ္စမစတုက္ကၠ၌ လေးပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကိုသိရာ၏။

ဆဋ္ဌစတုက္က၌ ဆန္ဒာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဆန္ဒသမာဓိမည်၏။ ဝီရိယာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဝီရိယသမာဓိမည်၏။ စိတ္တာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် စိတ္တသမာဓိမည်၏။ ဝီမံသာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဝီမံသသမာဓိမည်၏။ ထိုသမာဓိလေးပါးတို့သည်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ဆဋ္ဌစတုက္က၌ လေးပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကိုသိရာ၏။

ပဉ္စကၠ၌ ပဌမဈာန်နှင့်ယှဉ်သော သမာဓိသည် ပဌမဈာန် သမာဓိမည်၏။ ဒုတိယဈာန်နှင့်ယှဉ်သော သမာဓိသည် ဒုတိယဈာန် သမာဓိမည်၏။ တတိယဈာန်နှင့်ယှဉ်သော သမာဓိသည် တတိယ ဈာန်သမာဓိမည်၏။ စတုတ္ထဈာန်နှင့်ယှဉ်သော သမာဓိသည် စတုတ္ထဈာန်သမာဓိမည်၏။ ပဉ္စမဈာန်နှင့်ယှဉ်သော သမာဓိသည် ပဉ္စမဈာန်သမာဓိမည်၏။ ထိုသမာဓိငါးပါးတို့သည်လည်း ပုထုဇန် ပုဂ္ဂိုလ်တို့ ရအပ်သောသမာဓိပင်တည်းဟု မှတ်ရာ၏။ ဤသို့ပဉ္စကၠ၌ ငါးပါးသော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။ စင်စစ်အားဖြင့် သော်ကား ယခုပြဆိုခဲ့ပြီးသော သမာဓိတို့တွင် လောကုတ္တရာ သမာဓိ, အပ္ပမာဏသမာဓိ, အပရိယာပန္နသမာဓိ ဤသုံးပါးမှ ကြွင်းသောသမာဓိတို့သည် ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ရထိုက်သော သမာဓိပင်တည်းဟု မှတ်ရာ၏။ ဤမှတပါးလည်း ပုထုဇန်အရိယာ တို့ ရသင့်ရထိုက်သော သမာဓိမျိုးသည်ရှိ၏။ ကျယ်အံ့မည်စိုး၍ မထည့်လိုက်ပြီ။

### ၁၃-သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးတို့၏အင်္ဂါကို ပြခြင်း။

မဂ္ဂင်ရှစ်ပါး၏အင်္ဂါကား။ ။အကြင် အခါ၌ သမ္မာဒိဋ္ဌိသည် ကောင်းစွာဖြစ်ခဲ့သည်ရှိသော် မိစ္ဆာဒိဋ္ဌိကိုရင်း, သမ္မာဒိဋ္ဌိနှင့် ဆန့်

ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို၎င်း, အဝိဇ္ဇာကို၎င်း ပယ်နိုင်၏။ (၁) ရုပ်နာမ်စသည်ကိုလည်း အာရုံပြု၏။ (လောကီဘို့)။ နိဗ္ဗာန်ကိုလည်း အာရုံပြုနိုင်၏။ (လောကုတ္တရာဘို့)၊ (၂) သမ္မယုတ်တရားတို့ကိုလည်း ကောင်းစွာမြင်စေ၏။ (၃) ထိုသို့မြင်စေခြင်းသည်လည်း အသမ္မောဟအစွမ်းအားဖြင့်မြင်စေ၏။အာရမ္မဏအစွမ်းမဟုတ်။ ထိုကြောင့် သမ္မာဒိဋ္ဌိမည်၏။ နောက်ကိုလည်း ၎င်းနည်းတူမှတ်။ ။သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့် တကွပယ်ခြင်း(၁)၊ ရုပ်နာမ်ကို အာရုံပြုခြင်း။ ဝါ၊နိဗ္ဗာန်ကိုအာရုံပြုခြင်း (၂)၊ သမ္မယုတ်တရားတို့ကို ရွေးရှုတင်ခြင်း(၃) အင်္ဂါသုံးပါးရှိ၏။ ။သမ္မာဝါစာသည် မိစ္ဆာဝါစာကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွပယ်ခြင်း(၁)၊ရုပ်နာမ်ကိုအာရုံပြုခြင်း။ ဝါ၊ နိဗ္ဗာန်ကိုအာရုံပြုခြင်း(၂)၊ သမ္မယုတ်တရားတို့ကို ကောင်းစွာစောင့်ရှောက်ခြင်း (၃) အင်္ဂါသုံးပါးရှိ၏။ ။သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွပယ်ခြင်း(၁)၊ ရုပ်နာမ်ကို အာရုံပြုခြင်း။ ဝါ၊ နိဗ္ဗာန်ကို အာရုံပြုခြင်း (၂)၊ သမ္မယုတ်တရားတို့ကို ကောင်းစွာဖြစ်စေခြင်း(၃) အင်္ဂါသုံးပါး။ ။သမ္မာအာဇီဝသည် မိစ္ဆာဇီဝကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွပယ်ခြင်း(၁)၊ ရုပ်နာမ်ကိုအာရုံပြုခြင်း။ ဝါ၊နိဗ္ဗာန်ကိုအာရုံပြုခြင်း(၂)၊ သမ္မယုတ်တရားတို့ကို ဖြူစင်စေခြင်း (၃) အင်္ဂါသုံးပါး။ ။သမ္မာဝါယာမသည် မိစ္ဆာဝါယာမကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွပယ်ခြင်း(၁)၊ ရုပ်နာမ်ကို အာရုံပြုခြင်း။ဝါ၊နိဗ္ဗာန်ကို အာရုံပြုခြင်း(၂)၊ သမ္မယုတ်တရားတို့ကို ချီးမြှောက်ခြင်း(၃) အင်္ဂါသုံးပါး။ ။သမ္မာသတိသည် မိစ္ဆာသတိကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်တကွပယ်ခြင်း (၁)၊ ရုပ်နာမ်ကိုအာရုံပြုခြင်း။ ဝါ၊ နိဗ္ဗာန်ကိုအာရုံပြုခြင်း(၂)၊ သမ္မယုတ်တရားတို့ကို ထင်စေခြင်း (၃) အင်္ဂါသုံးပါး။ ။သမ္မာသမာဓိသည် မိစ္ဆာသမာဓိကို ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာဥဒ္ဓစ္စတို့နှင့်တကွပယ်ခြင်း(၁)၊ရုပ်နာမ်ကို အာရုံပြုခြင်း။ဝါ၊နိဗ္ဗာန်ကို အာရုံပြုခြင်း

(၂)၊ သမ္မယုတ်တရားတို့ကို တည်စေခြင်း (၃) အင်္ဂါသုံးပါး။ ။ ဤသို့လျှင် မဂ္ဂင်ရှစ်ပါးတို့တွင် တပါးတပါး၌ အင်္ဂါသုံးပါးစီ သုံးပါးစီ ရအပ်၏။

တတ္ထ သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇမာနာ မိစ္ဆာဒိဋ္ဌိံ တပ္ပစ္စနီယကိလေသေ စ အဝိဇ္ဇံ စ ပဇဟတိ၊ နိဗ္ဗာနံ စ အရမ္မဏံ ကရောတိ၊ သမ္မယုတ္တဓမ္မေ စ ပဿတိ၊ တေ စ ခေါ အသမ္မောဟတော၊ နော အာရမ္မဏတော၊ တသ္မာ သမ္မာဒိဋ္ဌီတိ ဝုစ္စတိ။ သမ္မာသင်္ကပ္ပေါ မိစ္ဆာသင်္ကပ္ပံ တပ္ပစ္စနီယကိလေသေ စ ပဇဟတိ၊ နိဗ္ဗာနဉ္စ အာရမ္မဏံ ကရောတိ၊ သမ္ပယုတ္တဓမ္မေ စ သမ္မာ အဘိနိရောပေတိ၊ တသ္မာ သမ္မာသင်္ကပ္ပေါတိ ဝုစ္စတိ။

မူလပဏ္ဏာသအဋ္ဌကထာ။

တတ္ထ၊ ၌။ သမ္မာဒိဋ္ဌိ၊ သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည်ရှိသော်။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကိုလည်း။ တပ္ပစ္စနီယကိလေသေ စ၊ ထိုသမ္မာဒိဋ္ဌိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကိုလည်း။ အဝိဇ္ဇံ စ၊ အဝိဇ္ဇာကိုလည်း။ ပဇဟတိ၊ ပယ်နိုင်၏။ နိဗ္ဗာနံ စ၊ နိဗ္ဗာန်ကိုလည်း။ အာရမ္မဏံ၊ အာရုံကို။ ကရောတိ၊ ပြုနိုင်၏။ သမ္ပယုတ္တဓမ္မေ စ၊ သမ္ပယုတ်တရားတို့ကိုလည်း။ ပဿတိ၊ မြင်စေ၏။ တေ စ ခေါ၊ ထိုသမ္ပယုတ်တရားတို့သည်လည်း။ အသမ္မောဟတော၊ မတွေဝေသောအားဖြင့်။ ပဿန္တိ၊ မြင်ကုန်၏။ အာရမ္မဏတော၊ အားဖြင့်။ နော ပဿန္တိ၊ မမြင်ကုန်။ တသ္မာ၊ ထိုကြောင့်။ သမ္မာဒိဋ္ဌီတိ၊ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ မိစ္ဆာသင်္ကပ္ပံ၊ ကိုလည်း။ တပ္ပစ္စနီယကိလေသေ စ၊ တို့ကိုလည်း။ ပဇဟတိ၊ နိုင်၏။ နိဗ္ဗာနဉ္စ၊ ကိုလည်း။ အာရမ္မဏံ၊ ကို။ ကရောတိ၊ ၏။ သမ္ပယုတ္တဓမ္မေ စ၊ တို့ကိုလည်း။ သမ္မာ၊ ကောင်းစွာ။ အဘိနိရောပေတိ၊ အာရုံသို့ရှေးရှုတင်၏။ တသ္မာ၊ ကြောင့်။ သမ္မာသင်္ကပ္ပေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဉ္စမပုစ္ဆာပြီး၏။

### ၀၄-ထိုမဂ္ဂသစ္စာ၏အပြားကား အဘယ်မျှရှိသနည်းဟူသော ဆဋ္ဌပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။

(၆) ထို မဂ္ဂ သစ္စာ ၏ အ ပြား ကား အ ဘယ် မျှ ရှိ သ နည်း ဟူရာ၌—

ထိုမဂ္ဂသစ္စာသည် သာမညအားဖြင့် တပါးတည်းပင်ဖြစ်သော်လည်း ဝိသေသအားဖြင့် သီလ သမာဓိ ပညာ အပြားအားဖြင့် (၃)ပါး, မဂ္ဂင်အပြားအားဖြင့်(၈)ပါး, ဗောဓိပက္ခိယဓမ္မအားဖြင့် (၃၇) ပါး ရှိ၏။ ထိုတွင် သီလ သမာဓိ ပညာ တို့၏ ဓမ္မဘုမ္မိအစွမ်းအားဖြင့်ကား သီလဖြင့်တေဝိဇ္ဇ၏ ဥပနိဿယ၏အကြောင်း(၁)၊ သမာဓိဖြင့် အဘိညာဏ်ခြောက်ပါး၏ ဥပနိဿယ၏အကြောင်း (၂)၊ ပညာဖြင့် ပဋိသမ္ဘိဒါလေးပါး၏ ဥပနိဿယ၏အကြောင်း (၃)၊ ဤသို့ ဓမ္မဘုမ္မိအားဖြင့် သိအပ်၏။ (တဆင့်)။

သီလဖြင့် ကာမသုခလ္လိကာနုယောဂ ဟူသောအစွန်းကိုပယ်နိုင်ခြင်း(၁)၊ သမာဓိဖြင့် အတ္တကိလမထာနုယောဂ ဟူသောအစွန်းကို ပယ်နိုင်ခြင်း(၂)၊ ပညာဖြင့် မဇ္ဈိမပဋိပဒါကိုမှီဝဲနိုင်ခြင်း (၃)၊ (နှစ်ဆင့်)။

သီလဖြင့် အပါယ်ကို လွန်မြောက်နိုင်ခြင်း (၁)၊ သမာဓိဖြင့် ကာမလောကကို လွန်မြောက်နိုင်ခြင်း(၂)၊ ပညာဖြင့် ဘုံသုံးပါးကို လွန်မြောက်နိုင်ခြင်း(၃)၊ (သုံးဆင့်)။

သီလဖြင့် ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်ခြင်း (၁)၊ သမာဓိဖြင့် ကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်ခြင်း (၂)၊ ပညာဖြင့် ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်ခြင်း (၃)၊ (လေးဆင့်)။

သီလဖြင့် ဝီတိက္ကမကိလေသာကို ပယ်နိုင်ခြင်း(၁)၊ သမာဓိဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်ခြင်း(၂)၊ ပညာဖြင့် အနုသယကိလေသာကို ပယ်နိုင်ခြင်း(၃)၊ (ငါးဆင့်)။

သီလဖြင့် ဒုစ္စရိတသံကိလေသကို သုတ်သင်နိုင်ခြင်း(၁)၊ သမာဓိဖြင့် တဏှာသံကိလေသကို သုတ်သင်နိုင်ခြင်း (၂)၊ ပညာဖြင့် ဒိဋ္ဌိသံကိလေသကို သုတ်သင်နိုင်ခြင်း(၃)၊ (ခြောက်ဆင့်)။

သီလဖြင့် သောတာပန် သကဒါဂါမိ ဖြစ်ကြောင်းကိုရ၏(၁)၊ သမာဓိဖြင့် အနာဂါမိဖြစ်ကြောင်းကိုရ၏(၂)၊ ပညာဖြင့် ရဟန္တာဖြစ်ကြောင်းကို ရ၏ (၃)။ (ခုနစ်ဆင့်)။ ။ဤသို့ ဓမ္မဘုမ္မိတို့၏ အစွမ်းအားဖြင့် မဂ္ဂသစ္စာ၏အပြားကို သိအပ်၏။

> ဝုတ္တံ ဟိ တထာ သီလေန တေဝိဇ္ဇတာယ ဥပနိဿယော ပကာသိတော ဟောတိ၊ သီလ သမ္ပတ္တိဉှိ နိဿာယ တိဿော ဝိဇ္ဇာ ပါပုဏာန္တိ၊ န တတောပရံ။ သမာဓိနာ ဆဠဘိညတာယ ဥပနိဿယော ပကာသိတော ဟောတိ၊ သမာဓိသမ္ပဒဉှိ နိဿာယ ဆ အဘိညာ ပါပုဏာတိ၊ န တတောပရံ။ ပညာယ ပဋိသမ္ဘိဒါပဘေဒဿ ဥပနိဿယော ပကာသိတော ဟောတိ၊ ပညာသမ္ပတ္တိဉှိ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာန္တိ၊ န အညေန ကာရဏေန။

ဤသို့ စသည်ဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဘွင့်တော်မူသည်။

ဝုတ္တံ၊ဆိုအပ်သော။ တထာ တံဝစနံ၊ထိုစကားကို။ ဟိ၊ထင်စေအံ့။ သီလေန၊သီလဖြင့်။ တေဝိဇ္ဇတာယ၊ဝိဇ္ဇာသုံးပါး၏။ ဝါ၊ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခုအာသဝက္ခယ၏။ ဥပနိဿယော၊ အားကြီးသော ဖြစ်ကြောင်းကို။ ပကာသိတော၊ ပြအပ်သည်။ ဟောတိ၊၏။ ဟိ၊ထိုစကားသင့်စွ။ သီလသမ္ပတ္တိံ၊သီလ၏ပြည့်စုံခြင်းကို။ နိဿာယ၊ မှီ၍။ တိဿော၊သုံးပါးကုန်သော။ ဝိဇ္ဇာ၊ ဝိဇ္ဇာတို့သို့။ ပါပုဏာန္တိ၊ ရောက်ကုန်၏။ တတောပရံ၊ထိုထက်အလွန်။ နပါပုဏန္တိ၊ မရောက်ကုန်။ သမာဓိနာ၊ သမာဓိဖြင့်။ ဆဠဘိညတာယ၊ အဘိညာ၆ ခြောက်ပါး၏။ ဥပနိဿယော၊ အားကြီးသော ဖြစ်ကြောင်းကို။ ပကာသိတော၊ ပြအပ်သည်။ ဟောတိ၊၏။ ဟိ၊ ထိုစကားသင့်စွ။ သမာဓိသမ္ပဒံ၊ သမာဓိ၏ ပြည့်စုံခြင်းကို။ နိဿာယ၊ မှီ၍။ ဆ အဘိညာ၊ ခြောက်ပါးသော အဘိညာ၆တို့သို့။ ပါပုဏာတိ၊ ရောက်လာ၏။ တတောပရံ၊ ထိုထက်အလွန်။ နပါပုဏာတိ၊ မရောက်။ ပညာယ၊ပညာဖြင့်။ ပဋိသမ္ဘိဒါပဘေဒဿ၊ လေးပါး

သော ပဋိသမ္ဘိဒါအပြားကိုရခြင်း၏။ ဥပနိဿယော၊ အားကြီးသောအကြောင်းကို။ ပကာသိတော၊သည်။ ဟောတိ၊၏။ ဟိ၊ ထိုစကားသင့်စွ။ ပညာသမ္ပတ္တိ၊ ပညာ၏ပြည့်စုံခြင်းကို။ နိဿာယ၊ မှီ၍။ စတသော၊လေးပါးကုန်သော။ပဋိသမ္ဘိဒါ၊ပဋိသမ္ဘိဒါတို့သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ အညေန၊ တပါးသော။ ကာရဏေန၊ အကြောင်းဖြင့်။ နပါပုဏန္တိ၊ မရောက်ကုန်။

ဤါတို့၏ကျေးဇူးရှင်ကြီးတို့ အဆက်ဆက် ဆောင်၍ ဟောအပ်သော မဂ္ဂင်ရှစ်ပါးတို့၏ ဘုံဆင့်ဟန်ကား။ ၊ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး, ကုန်ငါးပါးတို့ကိုရှောင်ကြဉ်၍ အသက်မွေးသောသူသည် သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ မဂ္ဂင်နှင့်ပြည့်စုံ၏။သီလနှင့်ပြည့်စုံသည်ဖြစ်၍ ကသိုဏ်းအစရှိသော ဘာဝနာတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကိုမပျက်မစီးအောင် အားထုတ်သောသူသည် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်နှင့်ပြည့်စုံ၏။ သမာဓိနှင့်ပြည့်စုံသောသူသည် ရုပ် နာမ် ခန္ဓာ စသည်တို့၌ သဘာဝလက္ခဏာ သာမညလက္ခဏာ နှစ်ပါးတို့ဖြင့် မဘောက်မပြန် နှလုံးသွင်းသောသူသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်နှင့်ပြည့်စုံ၏ (၁ ဆင့်)၊ ။သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးနှင့်ပြည့်စုံလျှင် သီလက္ခန္ဓမဂ္ဂင်ဖေါင်ကို စီးနိုင်၏။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်သုံးပါးနှင့်ပြည့်စုံလျှင် သမာဓိက္ခန္ဓမဂ္ဂင်ဖေါင်ကို စီးနိုင်၏။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးနှင့် ပြည့်စုံလျှင် ပညာ က္ခန္ဓ မဂ္ဂင် ဖေါင် ကို စီး နိုင် ၏ (၂ ဆင့်)။ ။သီလက္ခန္ဓမဂ္ဂင်ဖေါင်ကိုစီးနိုင်လျှင် ကာယကံ ဝစီကံကိုနိုင်၏။ သမာဓိက္ခန္ဓမဂ္ဂင်ဖေါင်ကိုစီးနိုင်လျှင် ရုန့်ရင်းသော မနောကံကိုနိုင်၏။ ပညာက္ခန္ဓမဂ္ဂင်ဖေါင်ကိုစီးနိုင်လျှင် ဝိပလ္လာသဖြင့်ဖြစ်ထိုက်သော ဥပ္ပတ္တိရဟကံကိုနိုင်၏ (၃ဆင့်)။ ။ကာယကံ ဝစီကံကိုနိုင်လျှင် ဝီတိက္ကမကိလေသာကို ပယ်နိုင်၏။ ရုန့်ရင်းသော မနောကံကိုနိုင်လျှင် ပရိယုဋ္ဌာနကိလေသာကိုပယ်နိုင်၏။ ဥပ္ပတ္တိရဟကံကိုနိုင်လျှင် ဝိပလ္လာသကိလေသာကို ပယ်နိုင်၏။ဝါ၊အနုသယကို

ပယ်နိုင်၏။ သစ္စာလေးပါးကို မြင်ရှာတော့၏။ ဝါ၊ နိဗ္ဗာန်ကို မြင်ရှာတော့၏ (၄ ဆင့်)။ ။ဤသို့လည်းသိအပ်သေး၏။ မဂ္ဂင်တို့၏ အပြားကိုကား သိလောက်ပြီ။ ။ဆဋ္ဌပုစ္ဆာပြီး၏။

**၇၅-ထိုမဂ္ဂသစ္စာ၏နယ်ကား အဘယ်မျှကျယ်သနည်းဟူသော သတ္တမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။**

(၇) ထိုမဂ္ဂသစ္စာ၏နယ်ကား အဘယ်မျှ ကျယ်သနည်း ဟူရာ၌—

မဂ္ဂသစ္စာသည် လောကီမဂ္ဂသစ္စာ လောကုတ္တရာမဂ္ဂသစ္စာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် လောကီမဂ္ဂသစ္စာ၏နယ်ကား ဘုံ၏အစွမ်းအားဖြင့် ဘဝဂ်, ဓမ္မ၏အစွမ်းအားဖြင့် ဂေါတြဘူတိုင်အောင် ဒုက္ခသစ္စာ သမုဒယသစ္စာ တို့နှင့်အတူနယ်ကျယ်၏။ ။ လောကုတ္တရာမဂ္ဂသစ္စာ၌ကား ဘုံ၏အစွမ်းအားဖြင့် ဘဝဂ်, ဓမ္မ၏ အစွမ်းအားဖြင့် မဂ်စိတ္တုပ္ပါဒ်တို့၏သဘောသည် တချက်တည်းဖြစ်၍ ချုပ်တတ်ရကား ဥပါဒ် ဌီ ဘင် မျှရှိ၏။ အလွန်ထင်ရှားလှ၏။ အာဂုံကိုမရေးတော့ပြီ။ ။သတ္တမပုစ္ဆာပြီး၏။

**၇၆-ထိုမဂ္ဂသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှ မလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှလွတ်သနည်း ဟူသော အဋ္ဌမပုစ္ဆာကို ဖြေရှင်း၍ပြခြင်း။**

(၈) ထိုမဂ္ဂသစ္စာကို အဘယ်သို့သိရုံမျှနှင့် သံသရာမှမလွတ်သနည်း။ အဘယ်သို့သိလျှင် သံသရာမှလွတ်သနည်းဟူရာ၌—

ဤမဂ္ဂသစ္စာသည် ဘာဝေတဗ္ဗရှိ၏။ ဘာဝေတဗ္ဗသည်လည်း ဥပ္ပါဒဘာဝနာ, ဝဍ္ဍနဘာဝနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် မဂ္ဂင်ရှစ်ပါးတို့သည် မိမိ၏သန္တာန်၌ မပျက်မစီး ဖြစ်စေခြင်းသည် ဥပ္ပါဒဘာဝနာမည်၏။ တနေ့ထက်တနေ့ မင်္ဂဉာဏ်ကို မရလျှင် ရအောင် ပွါးစေခြင်းသည် ဝဍ္ဍနဘာဝနာမည်၏။ ထိုကြောင့် မဂ္ဂင်ရှစ်ပါး ဤတရားတို့တွင် သီလက္ခန္ဓမဂ္ဂင်ကို ရှေးဦးစွာ ဖြစ်စေလျက် သမာဓိက္ခန္ဓမဂ္ဂင် ပညာက္ခန္ဓမဂ္ဂင်တို့ကို ပွါးစီးစေရာ၏။

တနည်း ထိုမဂ္ဂင်ရှစ်ပါးတို့တွင် သီလက္ခန္ဓမဂ္ဂင်သုံးပါးသည် ဝိရတိဘာဝနာမည်၏။ သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးသည် ဧကဂ္ဂတာဘာဝနာမည်၏။ ပညာက္ခန္ဓမဂ္ဂင်နှစ်ပါးသည် ဒဿနဘာဝနာမည်၏။ ထိုကြောင့် ဝိရတိဘာဝနာကို ရှေးဦးစွာဖြစ်စေလျက် ဧကဂ္ဂတာဘာဝနာ ဒဿနဘာဝနာတို့ကို ကြီးပွါးမြင့်မြတ်စေရာ၏။

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေဇဋံ။
သံယုတ်ပါဠိတော်။

သပညော၊တိဟိတ်ပဋိသန္ဓေ ပညာဖြင့်သိမြင်သော ပညာလည်းရှိသော။ နရော၊ယောကျ်ားမြတ်ဖြစ်သောသူသည်။ သီလေ၊သမထဝိပဿနာ၏ ဥပနိဿယ ပါဒကဖြစ်သော လောကိယသီလ လောကုတ္တရာသီလ၌။ပတိဋ္ဌာယ၊ပြည့်စုံသည်ဖြစ်၍ မကျိုးမပျက်စေသဖြင့် ကောင်းစွာတည်ဦး၍၊ စိတ္တဉ္စ၊ စိတ်လျှင်သီသရှိသော ဥပစာရသမာဓိ အပ္ပနာသမာဓိကိုလည်းကောင်း။ ပညဉ္စ၊ဝိပဿနာပညာကိုလည်းကောင်း။ ဘာဝယံ ဘာဝယမာနော၊ ပွါးစေတတ်ထသော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိထသော။နိပကော၊လုံ့လသည့် ချီးမြှောက်အပ်သောအားဖြင့် ခပ်သိမ်းသောကိစ္စ၌ အကြီးမြှောက်သော ပါရိဟာရိယကပညာလည်းရှိထသော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဣဓသာသနေ၊ ဤငါဘုရား၏ အဆုံးအမ တည်းဟူသော သာသနာတော်၌။ အတ္ထိ၊ရှိ၏။ သော တာဒိသော ဘိက္ခု၊ ထိုသို့သောသီလ, သမာဓိ, သုံးပါးသောပညာ, ဝီရိယ, တည်းဟူသော ခြောက်ပါးသောတရားတို့နှင့်ပြည့်စုံသောရဟန်းသည်။ ဣမံ ဇဋံ၊ဤသတ္တဝါတို့ကို ဘုံသုံးပါး၌မြှေးယှက်တတ်သော တဏှာတည်းဟူသော ချုံကို။ဝိဇဋယေ ဝိဇဋယေယျ သံဆိန္ဒေယျ သမ္ပဒါလေယျ၊ ထွင်းနိုင်ဖြတ်နိုင် လှစ်ခွါနိုင်သည်ဖြစ်ရာ၏။

ထိုသို့ဟောတော်မူအပ်သော ဒေသနာတော်မြတ်နှင့်လျော်ညီစွာ မဂ္ဂင်ရှစ်ပါးကို ဖြစ်စေခြင်း ပွါးစေခြင်း ရှိသောသူသည် မဂ္ဂ

သစ္စာကိုလည်းသိသောသူမည်၏။ ထိုကြောင့် မဂ္ဂသစ္စာကို သိလိုသောသူတော်ကောင်းတို့သည် ရှေးဦးစွာ သရဏဂုံသုံးပါးတို့နှင့်တကွ သီလက္ခန္ဓမဂ္ဂင်ကို ဖြစ်စေရာ၏။ ထိုနောက်မှ သမာဓိက္ခန္ဓမဂ္ဂင် ပညာက္ခန္ဓမဂ္ဂင်တို့ကို ကိစ္စပြီးအောင် ပွါးစေရာ၏။

## ၁၇-သရဏဂုံသုံးပါးကို ဖြစ်ခြင်း။

ရှုရှုဆိုဦးအံ့။ ဤစကားရပ်၌ သရဏဂုံတည်သည်ဖြစ်၍ ဥပါသကာ ဥပါသကီဖြစ်လိုသော သူတော်ကောင်းတို့သည်။ ။''ကိတ္တာဝတာ နု ခေါ ဘန္တေ ဥပါသကော ဟောတီတိ။ ယတော စ ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော၊ ဓမ္မံ သရဏံ ဂတော၊ သံဃံ သရဏံ ဂတော၊ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတီတိ'' ဟူသော မဟာဝဂ္ဂသံယုတ် ပါဠိတော်နှင့်အညီ '' ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'' ဤသို့သော နည်းဖြင့် ရဟန်းသာမဏေတို့အထံ၌ဖြစ်စေ, ရပ်ပွါးဆင်းတု စေတီပုထိုး အထံ၌ဖြစ်စေ, သရဏဂုံလက္ခဏာကိုသိသော ဥပါသကာတို့အထံ၌ဖြစ်စေ, မိမိတို့အလိုအလျောက်ဖြစ်စေ, ရတနာသုံးပါး၌ ရှိသေမြတ်နိုးခြင်းကိုဖြစ်စေ၍ ကောင်းစွာဆောက်တည်အပ်၏။

ဘန္တေ၊ ရှေ့ဘုန်းတော် အရှင်ဘုရား။ ကိတ္တာဝတာ နု ခေါ၊ အဘယ်သို့သော အကြောင်းကြောင့်သာလျှင်။ ဥပါသကော၊ ဥပါသကာမည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ သို့။ အဝေါစ၊ လျှောက်၏။ မဟာနာမ၊ မဟာနာမ်မင်း။ ယော၊အကြင်သူသည်။ ယတော ခေါ၊ အကြင်ကြောင့်။ ဗုဒ္ဓံ၊ဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်၏။ ဓမ္မံ၊တရားကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ သံဃံ၊သံဃာကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်၏။ မဟာနာမ၊ မဟာနာမ်မင်း။ ဧတ္တာဝတာ ခေါ၊ ဤသို့ ရတနာသုံးပါးကို ကိုးကွယ်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင်။ သော၊ထိုသူသည်။ ဥပါသကော၊ ဥပါသကာမည်သည်။ ဟောတိ၊ ၏။ ဣတိ၊သို့။အဝေါစ၊ မိန့်တော်မူ၏။

သရဏဂုံအနက်ကား။ ။အဟံ၊အကျွန်ုပ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ သရဏံဇတိ၊ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊တရားတော်မြတ်ကို။ သရဏံ သရဏံဇတိ၊ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ သရဏံဇတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။

ထိုသုံးပါးသောသရဏဂုံတို့တွင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၌ ဗုဒ္ဓမည်သည်ကား ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးတို့၌ ဖြစ်သော သဗ္ဗညုတဉာဏ်တော်၏ အကြောင်းဖြစ်သော အနုတ္တရဝိမောက္ခတို့ဖြင့် ထုံအပ်သော ခန္ဓာတော်အစဉ်ကိုလည်းကောင်း, သဗ္ဗညုတဉာဏ်၏ နီးစွာသောအကြောင်းဖြစ်သော သစ္စာလေးပါးတရားကို သိတော်မူတတ်သော အတုမရှိသော အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း, စွဲ၍ ပညတ် အပ်သော ခပ်သိမ်းသော သတ္တဝါတို့ထက် လွန်မြတ်တော်မူသော မြတ်စွာဘုရားသည် ဗုဒ္ဓမည်၏။

> ဗုဒ္ဓေါတိ သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရဝိမောက္ခာဓိဂမ ပရိဘာဝိတ ခန္ဓသန္တာနံ သဗ္ဗညုတညာဏ ပဒဋ္ဌာနံ ဝါ သစ္စာဘိသမ္ဗောဓိံ ဥပါဒါယ ပညတ္တော သတ္တာတိသယော ဗုဒ္ဓေါ။
>
> မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။

ဗုဒ္ဓေါတိ၊ဗုဒ္ဓမည်သည်ကား။ သဗ္ဗဓမ္မေသု၊အလုံးစုံသော တရားအပေါင်းတို့၌။ အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရဝိမောက္ခာဓိဂမ ပရိဘာဝိတခန္ဓသန္တာနံ၊ပိတ်ပင်ဆီးတားခြင်းမရှိသော သဗ္ဗညုတဉာဏ်တော်၏အကြောင်းဖြစ်သော အနုတ္တရဝိမောက္ခအဓိဂမတို့ဖြင့်ထုံအပ်သော ခန္ဓာအစဉ်ကိုငင်း။ သဗ္ဗညုတညာဏ ပဒဋ္ဌာနံ၊ သဗ္ဗညုတဉာဏ်၏ နီးစွာသောအကြောင်းဖြစ်သော။ သစ္စာဘိသမ္ဗောဓိံ ဝါ၊ သစ္စာလေးပါးကိုသိတတ်သော အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း။ဥပါဒါယ၊စွဲ၍။ ပညတ္တော၊ ပညတ်အပ်သော။

သဗ္ဗာဘတိသယော၊ ခပ်သိမ်းသောသတ္တဝါတို့ထက် လွန်ကဲသော မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏။

ယင်းသို့ ဆိုအပ်ပြီးသော သတ္တဝိသေသဟုဆိုအပ်သော ဘုရား ကိုယ်တော်မြတ်ကို ရည်မှတ်၍ ဤမြတ်စွာဘုရားသည် ဆင်းရဲကို ပယ်ဖျောက်တားမြစ်၍ စီးပွါးချမ်းသာကို ဆောင်တတ်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ကိုးကွယ်ဆည်းကပ်သော သူသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ သရဏဂုံကို ဆောက်တည်သည် မည်၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ၌ ဓမ္မမည်သည်ကား မဂ်လေးတန် ဖိုလ် လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသောတရား အပေါင်းသည် ဓမ္မမည်၏။

> ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စတူသု အပါယေသု ဝဋ္ဋ ဒုက္ခေသု စ အပတမာနေ ကတွာ သတ္တေ ဓာရေတီတိ ဓမ္မော၊ အရိယမဂ္ဂေါစေဝ နိဗ္ဗာနဉ္စ။
>
> မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။

ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ယထာနုသိဋ္ဌံ၊ ဆုံးမတော်မူတိုင်း။ ပဋိပဇ္ဇမာနေ၊ကျင့်ကုန်သော။ သတ္တေ၊သတ္တဝါတို့ကို။ စတူသု၊ လေးပါးကုန်သော။ အပါယေသု စ၊အပါယ်ဘုံတို့၌၎င်း။ ဝဋ္ဋဒုက္ခေသု စ၊ ဝဋ်ဆင်းရဲတို့၌၎င်း။ အပတမာနေ၊မကျသည်တို့ကို။ ကတွာ၊ပြု၍။ ဓာရေတိ၊ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ဓမ္မော၊ ဓမ္မမည်၏။ အရိယမဂ္ဂေါစေဝ၊ အရိယမဂ်ကိုလည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ပရိယတ်ကိုလည်းကောင်း။ လဗ္ဘတိ၊ရအပ်၏။

ဤသို့သော ဝစနတ္ထဖြင့် မြတ်စွာဘုရားဆုံးမတော်မူတိုင်း ကျင့်သဖြင့် မိမိကိုရွက်ဆောင်ကုန်သောသတ္တဝါတို့ကို အပါယ်လေးပါး တည်းဟူသော ဝဋ်ဆင်းရဲ၌ မကျရအောင် ဆောင် တတ် သော ကြောင့် ဓမ္မမည်၏။ ယင်းသို့ဆိုအပ်ပြီးသော ဆယ်ပါးသောတရား

ကိုရည်မှတ်၍ ဤတရားတော်သည် ဆင်းရဲကိုပယ်ဖျောက် တား မြစ်၍ စီးပွါးချမ်းသာကိုရွက်ဆောင်တတ်သည်ဖြစ်၍ ကိုးကွယ်ရာ ဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ကိုးကွယ် ဆည်းကပ်သောသူသည် ဓမ္မသရဏဂမန ခေါ်မိ သရဏဂုံကို ဆောက်တည်သည်မည်၏။

သံဃသရဏဂမနခေါ်မိ၌ သံဃာမည်သည်ကား မဂ္ဂဋ္ဌာန်လေး ယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းသည် သံဃာမည်၏။

ဒိဋ္ဌိသီလသာမညေန သံဟတော ဃဋိတော သမူ တောတိ သံဃော အဋ္ဌအရိယ ပုဂ္ဂလသမူဟော။
မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။

ယော ဂဏော၊ အကြင်အရိယာပုဂ္ဂိုလ်အပေါင်းကို။ ဒိဋ္ဌိသီလ သာမညေန၊ အယူသီလ တူသည်၏အဖြစ်ဖြင့်။ သံဟတော ဃဋိ တော သမူတော၊ ပေါင်းအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သော ဂဏော၊ ထိုအရိယာ ရှစ်ယောက်အပေါင်းသည်။ သံဃော၊သံဃာ မည်၏။ အဋ္ဌအရိယပုဂ္ဂလသမူဟော၊ ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်အပေါင်းကို။ လဗ္ဘတိ၊ရအပ်၏။

ဤသို့သော ဝစနတ္ထဖြင့် အရိယာဖြစ်သောအယူ အရိယာဖြစ် သောသီလ၏ အချင်းချင်းမထူးမပြား တယောက်သည်တယောက် တူမျှညီညွတ်သည်၏အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃာ မည်၏။ ။ယင်းသို့ ဆိုအပ်ပြီးသော ရှစ်ယောက်သော ပရမတ္ထ သံဃာတော်ကို ရည်မှတ်၍ ဤသံဃာတော်သည် ဆင်းရဲကိုပယ် ဖျောက်တားမြစ်၍ စီးပွါးချမ်းသာကို ဆောင်ပေတတ်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ဆည်းကပ်ကိုးကွယ်သော သူသည် သံဃသရဏဂမနခေါ်မိ သရဏဂုံကို ဆောက်တည်သည် မည်၏။ ။ဤသို့ဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ သော ဘုရား,တရား,သံဃာ ဤရတနာသုံးပါးသာလျှင် မကောင်း ကျိုးကို ဖျောက်၍ ကောင်းကျိုးချမ်းသာကို ပေးတတ်၏ဟူ၍ ဆည်း

ကပ်ကိုးကွယ်ခြင်းသည် သရဏဂုံသုံးပါးကို ဆောက်တည်သည် မည်၏။

### ၈၈-လောကီသရဏဂုံ လောကုတ္တရာသရဏဂုံကိုပြခြင်း။

ထိုသရဏဂုံသည်။ ။''သရဏဂမနဘေဒေပန ဒုဝိဓံ သရဏဂမနံ လောကုတ္တရံ လောကိယဉ္စ'' ဟူသော အဋ္ဌကထာပါဠိနှင့် အညီ လောကုတ္တရာသရဏဂုံ လောကီသရဏဂုံ ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လောကုတ္တရာသရဏဂုံမည်သည် ကား မဂ်ကိုရသဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိခြင်းသည် လောကုတ္တရာသရဏဂုံ မည်၏။ ထိုသရဏဂုံသည် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကိုသိကုန်သော အရိယာပုဂ္ဂိုလ်တို့အား မဂ်ဖြစ် သောခဏ၌ သရဏဂုံ၏ညစ်ညူးကြောင်းဖြစ်သော ကိလေသာ တို့ကို အကြွင်းမဲ့ပယ်သည်ဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြုလျက် ကိစ္စအား ဖြင့် အလုံးစုံသော ရတနာသုံးပါးအပေါင်း၌ တပြိုင်နက်ပြည့်စုံ သည်သာဖြစ်၏။

> တတ္ထ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏဂမနုပက္ကိလေသ သမုစ္ဆေဒေန အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ ကိစ္စတော သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။
> မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။

တတ္ထ၊ ထိုနှစ်ပါးသော သရဏဂုံတို့တွင်။ လောကုတ္တရံ၊ လောကုတ္တရာသရဏဂုံသည်။ ဒိဋ္ဌသစ္စာနံ၊ မြင်အပ်သော သစ္စာရှိကုန် သောပုဂ္ဂိုလ်တို့အား။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ သရဏဂမနုပက္ကိ လေသ သမုစ္ဆေဒေန၊ သရဏဂုံညစ်ညူးခြင်း၏ အကြောင်း ဖြစ် သော ကိလေသာကိုဖြတ်သဖြင့်။ ဣဇ္ဈတိ၊ပြီး၏။ အာရမ္မဏတော၊ အာရုံအားဖြင့်။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်လျှင်အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကိစ္စတော၊ ကိစ္စအားဖြင့်။ သကလေပိ၊ အလုံးစုံလည်းဖြစ် သော။ ရတနတ္တယေ၊ ရတနာသုံးပါးအပေါင်း၌။ ဣဇ္ဈတိ၊ ပြီး၏။

လောကီသရဏဂုံသည်ကား ဆယ်ပါးသောပုညကြိယာဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ္မပုညကြိယာဝတ္ထုဟု ဆိုအပ်သော ဘုရားအစရှိသော ရတနာသုံးပါးတို့၌ ယုံကြည်သဒ္ဓါခြင်းတည်းဟူသော သဒ္ဓါတရားကိုရခြင်းသည်လည်းကောင်း, သဒ္ဓါလျှင် အကြောင်းရင်းရှိသော မြတ်စွာဘုရား၏ အရဟံ အစရှိသောဂုဏ်တော်, သွာက္ခာတတာ အစရှိသောတရားတော်၏ဂုဏ်တော်, သုပ္ပဋိပန္နတာ အစရှိသောသံဃာတော်၏ဂုဏ်တော်, ထိုရတနာသုံးပါး၏ဂုဏ်ကို ဟုတ်မှန်စွာ သိခြင်းဟု ဆိုအပ်သော သမ္မာဒိဋ္ဌိသည်လည်းကောင်း လောကီသရဏဂုံမည်၏။

လောကိယံ ပန ပုထုဇ္ဇနာနံ သရဏဂမနုပက္ကိလေသေ ဝိက္ခမ္ဘနေန အာရမ္မဏတော ဗုဒ္ဓါဒိဂုဏာရမ္မဏံ ဟုတွာ ဣဇ္ဈတိ၊ တံ အတ္ထတော ဗုဒ္ဓါဒီသု သဒ္ဓါပဋိလာဘော၊ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ၊ ဒသသု ပုညကြိယဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။ ။ငှင်းအဋ္ဌကထာ။

လောကိယံ ပန၊ လောကီသရဏဂုံသည်ကား။ ပုထုဇ္ဇနာနံ၊ ပုထုဇန်တို့အား။ သရဏဂမနုပက္ကိလေသေ၊ သရဏဂုံ၏ညစ်ညူးကြောင်းဖြစ်သောကိလေသာတို့ကို။ ဝိက္ခမ္ဘနေန၊ ပယ်ခွါသဖြင့်။ အာရမ္မဏတော၊ အာရုံအားဖြင့်။ ဗုဒ္ဓါဒိဂုဏာရမ္မဏံ၊ ဘုရားအစရှိသော အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဣဇ္ဈတိ၊ ပြီး၏။ တံ၊ ထိုသရဏဂုံသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝတ္ထူသု၊ ရတနာသုံးပါးတို့၌။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရားကိုရခြင်းတည်း။ သဒ္ဓါမူလိကာ၊ သဒ္ဓါအရင်းရှိသော။ သမ္မာဒိဋ္ဌိ စ၊ ပညာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒသသု၊ ဆယ်ပါးကုန်သော။ ပုညကြိယဝတ္ထူသု၊ ပုညကြိယာဝတ္ထုတို့တွင်။ ဒိဋ္ဌိဇုကမ္မန္တိ၊ ဒိဋ္ဌိဇုကမ္မဟူ၍။ ဝုစ္စတိ၊ မိန့်အပ်၏။ ။ဤအဋ္ဌကထာဝယ် သဒ္ဓါပဋိလာဘော ဟူသောပါဌ်ဖြင့် ဉာဏဝိပ္ပယုတ်သရဏဂုံကို ပြသည်။ သမ္မာဒိဋ္ဌိဟူသောပါဌ်ဖြင့် ဉာဏသမ္ပယုတ်သရဏဂုံကို ပြသည်ဟု ငှင်းဋီကာ၌ဆို၏။

**၈၉-အတ္တသန္နိယျာတနစသော သရဏဂုံလေးပါးကိုပြခြင်း။**

ထိုလောကီသရဏဂုံသည်လည်း။ ။"တယိဒံ စတုဗ္ဗိဓံ ပဝတ္တတိ အတ္တသန္နိယျာတနေန တပ္ပရာယဏတာယ သိဿဘာဝူပဂမနေန ပဏိပါတေနာတိ"ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ အတ္တသန္နိယျာတနသရဏဂုံ,တပ္ပရာယဏတာ မည်သော သရဏဂုံ,သိဿဘာဝူပဂမန မည်သောသရဏဂုံ,ပဏိပါတမည်သော သရဏဂုံ ဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် အတ္တသန္နိယျာတနသရဏဂုံ ဟူသည်ကား ယနေ့ကိုအစပြု၍ အကျွန်ုပ်ကိုယ်ကို ဘုရားအား အပ်နှင်းပါ၏, တရားတော်အား အပ်နှင်းပါ၏, သံဃာတော်အား အပ်နှင်းပါ၏, ဟု ဘုရားအစရှိသော ရတနာသုံးပါးတို့အား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးငှါ မိမိကိုယ်ကိုစွန့်ခြင်းသည် အတ္တသန္နိယျာတနသရဏဂုံမည်၏။

တပ္ပရာယဏတာသရဏဂုံ ဟူသည်ကား ယနေ့ကို အစပြု၍ ငါကား ဘုရားသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိ၏, တရားသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိ၏, သံဃာသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိ၏,ဟူ၍ အကျွန်ုပ်ကိုမှတ်တော်မူပါလော့။ ဤသို့ အစရှိသည်ဖြင့် ထိုရတနာသုံးပါးသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိသောသူ၏ အဖြစ်သည် တပ္ပရာယဏတာ မည်သော သရဏဂုံမည်၏။

သိဿဘာဝူပဂမနသရဏဂုံ မည်သည်ကား ယနေ့ကိုအစပြု၍ ငါကား ဘုရား၏အနီးနေတပည့်တည်း,တရားတော်၏ အနီးနေ တပည့်တည်း, သံဃာတော်၏ အနီးနေ တပည့်တည်း, ဤသို့ အကျွန်ုပ်ကို မှတ်တော်မူပါလော့ဟု မိမိကိုယ်ကို ရတနာသုံးပါးတို့၏ တပည့်အဖြစ်သို့ ရောက်စေခြင်းသည် သိဿဘာဝူပဂမနသရဏဂုံ မည်၏။

ပဏိပါတသရဏဂုံမည်သည်ကား ယနေ့ကိုအစပြု၍ ငါကား ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေကျိုးနွံ တုပ်ဝပ်ခြင်းကို

ရတနာသုံးပါးအားသာလျှင်ပြုပါ၏။ ဤသို့အကျွန်ုပ်ကို မှတ်တော်မူပါလော့ဟု ရတနာသုံးပါးတို့၌ လွန်စွာကျိုးနွံ တုပ်ဝပ်ခြင်း ရှိသေခြင်းသည် ပဏိပါတသရဏာဂုံ မည်၏။

တယိဒံ စတုဓာ ပဝတ္တတိ အတ္တသန္နိယျာတနေန တပ္ပရာယနတာယ သိဿဘာဝူပဂမနေန ပဏိပါတေနာတိ။

တယိဒံ တံဣဒံ၊ ထိုလောကီသရဏာဂုံသည်။ အတ္တသန္နိယျာတနေန၊ မိမိကိုယ်ကိုဆောင်နှင်းသဖြင့်၄င်း။ တပ္ပရာယဏတာယ၊ထိုရတနာသုံးပါးသာလျှင် လည်းလျောင်းရာရှိသော အဖြစ်ဖြင့်၄င်း။ သိဿဘာဝူပဂမနေန၊တပည့်၏အဖြစ်သို့ ကပ်ရောက်သဖြင့်လည်းကောင်း။ ပဏိပါတေန၊ ကျိုးနွံနှိမ့်ချသဖြင့်လည်းကောင်း။ ဣတိ၊ သို့။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။

ဤလေးပါးသော သရဏာဂုံတို့တွင် တပါးပါးသော သရဏာဂုံကို ဆောက်တည်လျှင်ပင် သရဏာဂုံဆောက်တည်သည်မည်၏။ ။ ယခုကာလဆောက်တည်ကြသော သရဏာဂုံသည်ကား တပ္ပရာယဏတာ အခြင်းအရာအားဖြင့် ဆောက်တည်သည်ဖြစ်၍ တပ္ပရာယဏတာ သရဏာဂုံမည်၏။

### ၉၀-ဥာတိဘယစသော ပဏိပါတသရဏာဂုံလေးပါးကိုပြခြင်း။

ထိုပဏိပါတသရဏာဂုံသည်လည်း ဉာတိပဏိပါတ,ဘယပဏိပါတ, အာစရိယပဏိပါတ, ဒက္ခိဏေယျပဏိပါတဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် အကြင်သာကီယမင်းမျိုးသည်လည်းကောင်း အကြင်ကောလိယမင်းမျိုးသည်လည်းကောင်း မြတ်စွာဘုရားသည် ငါတို့၏အဆွေအမျိုးဖြစ်သည်ဟူ၍ နှလုံးပြုသဖြင့် ဆွေဝတ်မျိုးဝတ်၏ အစွမ်းအားဖြင့် ဘုရားအား ရှိခိုးပူဇော် နှိမ့်ချတုပ်ဝပ် ကျိုးနွံခြင်းစသည်ကိုပြုခြင်းသည် ဉာတိပဏိပါတမည်၏။

အကြင်သူသည် အရှင်ဂေါတမသည် မင်းစိုးရာဇာ ပူဇော်ထိုက်သောသူတည်း။ ကြီးသောအာနုဘော်ရှိသောသူတည်း။ ရှိမခိုးမကျိုးနွံဘဲနေသည့်ရှိသော် ဘေးအန္တရာယ်ကိုလည်းပြုရာ၏ဟု နှလုံးသွင်း၍ ကြောက် သော အား ဖြင့် ရှိခိုးပူဇော် ကျိုးနွံခြင်းစသည်ကိုပြုခြင်းသည် ဘယပဏိပါတမည်၏။

အကြင်သူသည်လည်း ဘုရားဖြစ်တော်မမူမီ ဘုရားလောင်းလက်ထက်က တစုံတခုသော အတတ်ပညာ သင် ဘူး သည် ကို အောက်မေ့၍ဖြစ်စေ။ ဘုရားဖြစ်တော်မူပြီးသော ကာလ၌လည်း ပစ္စုပ္ပန် အကျိုးစီးပွါးနှင့်စပ်သော အဆုံးမတော်ကို နာဘူးသင်ဘူး၍ဖြစ်စေ။ ဤအရှင်ဂေါတမသည် ငါ၏ဆရာဖြစ်ဘူးသောသူတည်းဟု နှလုံးသွင်း၍ ဆရာဝတ် တပည့်ဝတ်အစွမ်းဖြင့် ရှိခိုးပူဇော် ကျိုးနွံတုပ်ဝပ်ခြင်း စသည်ကို ပြုခြင်းသည် အာစရိယပဏိပါတမည်၏။

အကြင်သူသည် လူနတ်တို့အား လိုအပ်တောင့်တအပ်သော လောကီ လောကုတ္တရာကောင်းကျိုးကို ပေးတတ်သည်ဖြစ်၍ လောက၌ မြတ်သော အလှူပူဇော်ခြင်းစသည်ကို ခံတော်မူထိုက်သတည်းဟု နှလုံးသွင်း၍ ကျိုးနွံတုပ်ဝပ် ရှိခိုးပူဇော်ခြင်းကိုပြုခြင်းသည် ဒက္ခိဏေယျပဏိပါတမည်၏။

ဤလေးပါးသော ပဏိပါတတို့တွင် ရတနာသုံးပါးသည် အမြတ်အထွတ်ဖြစ်သည်ဟု နှလုံးပြု၍ ဒက္ခိဏေယျအဖြစ်ဖြင့် ကျိုးနွံတုပ်ဝပ်ရှိခိုးပူဇော်ခြင်းစသည်ကို ပြုခြင်းသည်သာလျှင် သရဏဂုံဆောက်တည်သည် မည်၏။ ဆွေမျိုးဖြစ်ဘူးသောအားဖြင့်၎င်း, ကြောက်ရွံ့သောအားဖြင့်၎င်း, ဆရာဖြစ်ဘူးသောအားဖြင့်၎င်း ဤသို့ ဉာတိ ဘယ အာစရိယ အဖြစ်ဖြင့် နှလုံးသွင်း၍ ရှိခိုးခြင်း တုပ်ဝပ်ခြင်း စသည်ကို ပြုသော်လည်း သရဏဂုံဆောက်တည်သည် မမည်။

သော ပနေသ ဉာတိဘယအာစရိယ ဒက္ခိဏေယျဝသေန
စတုဗ္ဗိဓော ဟောတိ၊ တတ္ထ ဒက္ခိဏေယျတာဟေတုကေန

ပဏိပါတေန သရဏာဂမနံ ဟောတိ၊ န ဇူတရေဟိ။
ဋ္ဌင်းအဋ္ဌကထာ။

သော ပနေသ သော ပန ဧသော၊ ထိုပဏိပါတသည်။ ဉာတိ ဘယအာစရိယ ဒက္ခိဏေယျဝသေန၊ အမျိုးဟူ၍ ကိုးကွယ်ခြင်း, ကြောက်၍ကိုးကွယ်ခြင်း, ဆရာဟူ၍ကိုးကွယ်ခြင်း, အမြတ်ဟူ၍ ကိုးကွယ်ခြင်းကိုပြုသည့် အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိသည်။ ဟောတိ၊၏။တတ္ထ၊ထိုလေးပါးတို့တွင်။ဒက္ခိဏေယျ တာဟေတုကေန၊ မြတ်သောအလှူကို ခံထိုက်သောအဖြစ်လျှင် အကြောင်းရှိသော။ ပဏိပါတေန၊ ကျိုးနွံခြင်းဖြင့်။ သရဏာဂမနံ၊ သရဏာဂုံဆောက်တည်ခြင်းမည်သည်။ ဟောတိ၊ဖြစ်၏။ ဇူတရေဟိ၊ ဒက္ခိဏေယျမှတပါးသော ဉာ တိ ဘ ယ အာ စ ရိ ယ တို့ ဖြင့်။ နဟောတိ၊ သရဏာဂုံဆောက်တည်သည်မဖြစ်။

ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ဒက္ခိဏေယျ အဖြစ်ဖြင့် သရဏာဂုံ ဆောက်တည်ကုန်သော ဥပါသကာယောက်ျား ဥပါသိကာမိန်းမ တို့အား သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့အား ထိုတိတ္ထိ တို့အထံ၌ ရဟန်းပြုသောဆွေမျိုး လူဖြစ်သောဆွေမျိုး ထိုဆွေမျိုး တို့ကို ဆွေဝတ်မျိုးဝတ်မပျက်စေသည့် အစွမ်းဖြင့် ရှိခိုးပူဇော်ခြင်း ကို ပြုသော်ငြား, တိုင်းနိုင်ငံကို အစိုးရသောမင်းတို့ကို ကြောက် သည်၏အစွမ်းဖြင့် ရှိခိုးပူဇော်ခြင်းကို ပြုသော်လည်းကောင်း သရ ဏာဂုံ မပျက်။

ဇဝံ ဂဟိတသရဏဿ ဥပါသကဿ ဝါ ဥပါသိကာယ ဝါ အညတိတ္ထိ ယေသု ပဗ္ဗဇိတမ္ပိ ဉာတိံ ဉာတကော မေ အယန္တိ ဝန္ဒတော သရဏာဂမနံ န ဘိဇ္ဇတိ၊ ပဂေဝ အပဗ္ဗ ဇိတံ။ တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော၊ သော ဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထံပိ ကရေယျာတိ တထာ ယံကိဉ္စိ သိပ္ပသိက္ခာပနတိတ္ထိယံပိ အာစရိယော မေ အယန္တိ ဝန္ဒန္တဿာပိ န ဘိဇ္ဇတီတိ။

မူလပဏ္ဏာသအဋ္ဌကထာ။

ဓဝံ၊ ဤသို့။ ဂဟိတသရဏာသ၊ အဂ္ဂဒက္ခိဏေယျအဖြစ်ဖြင့်ယူအပ်သော သရဏဂုံရှိသော။ ဥပါသကဿ ဝါ၊ ဒါယကာ ယောက်ျားအားငှင်း။ ဥပါသိကာယ ဝါ၊ ဒါယိကာမိန်းမအားငှင်း။ အညတိတ္ထိယေသု၊ သာသနာမှ အပဖြစ်သောတိတ္ထိတို့၌။ပဗ္ဗဇိတံ၊ရဟန်းပြုသော။ ဉာတိံ ပိ၊ ဆွေမျိုးကိုလည်း။ အယံ၊ဤရဟန်းသည်။ မေ၊ ငါ၏။ ဉာတကောတိ၊ ဆွေမျိုးတည်းဟု။ ဝန္ဒတော ပိ၊ ရှိခိုးသော်လည်း။ သရဏဂမနံ၊ သရဏဂုံသည်။ န ဘိဇ္ဇတိ၊ မပျက်။ အပဗ္ဗဇိတံ၊ ရဟန်းမပြုသောသူကို။ ဝန္ဒနေ၊ ရှိခိုးခြင်း၌။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ န ဘိဇ္ဇတိ ဧဝ၊ မပျက်သည်သာလျှင်တည်း။ တထာ၊ ထိုအတူ။ ရာဇာနံ၊ မင်းကို။ ဘယဝသေန၊ ကြောက်သည်၏အစွမ်းဖြင့်။ ဝန္ဒတော၊ ရှိခိုးသော်လည်း။ န ဘိဇ္ဇတိ၊ မပျက်။ ဟိ သစ္စံ၊ မှန်၏။ သော ရာဇာ၊ ထိုမင်းသည်။ ရဋ္ဌပူဇိတတ္တာ၊ တိုင်းနိုင်ငံသားတို့သည် ပူဇော်အပ်သည်အဖြစ်ကြောင့်။ အဝန္ဒိယမာနော၊ ရှိမခိုးသည်ရှိသော်။ အနတ္ထံ ပိ၊ အကျိုးမဲ့ကိုလည်း။ ကရေယျ၊ ပြုရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဝန္ဒတော ပိ၊ ရှိခိုးသော်လည်း။ န ဘိဇ္ဇတိ၊ မပျက်။ တထာ၊ ထို့အတူ။ ယံကိဉ္စိ၊ အလုံးစုံသော။ သိပ္ပံ၊ သိက္ခာပနတိတ္ထိယမ္ပိ၊ အတတ်ပညာသင်သော တိတ္ထိကိုလည်း။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ အာစရိယောတိ၊ ဆရာဟူ၍။ ဝန္ဒတော ပိ၊ ရှိခိုးသော်လည်း။ သရဏဂမနံ၊ သရဏဂုံသည်။ န ဘိဇ္ဇတိ၊ ပျက်၏။

ထိုတိတ္ထိဆွေမျိုးမင်း စသောသူတို့ကို အမြတ်အထွတ် အဂ္ဂဒက္ခိဏေယျအဖြစ်ကို နှလုံးသွင်း၍ ရှိခိုးခြင်းစသည်ကိုပြုမူကား သရဏဂုံပျက်၏။

''သေဋ္ဌဝသေနေဝ ဟိ သရဏံ ဂယှတိ၊ သေဋ္ဌဝသေန ဘိဇ္ဇတိ''။ ။မူလပဏ္ဏာသအဋ္ဌကထာ။

ဟိ သစ္စံ၊ မှန်၏။ သေဋ္ဌဝသေနေဝ၊ မြတ်သည်၏အစွမ်းအားဖြင့်သာလျှင်။ သရဏံ၊ သရဏဂုံကို။ ဂယှတိ၊ ယူအပ်၏။ သေဋ္ဌဝသေန၊ မြတ်သည်အစွမ်းဖြင့်။ ဘိဇ္ဇတိ၊ ပျက်၏။

ယခင်ဆိုအပ်ပြီးသော လောကုတ္တရာ သရဏဂုံ လောကီ သရဏဂုံ နှစ်ပါးတို့တွင်။ ။''တတ္ထ လောကုတ္တရဿ ပန နတ္ထိ သံကိလေသော''ဟူသော ၎င်းအဋ္ဌကထာပါဠိနှင့်အညီ လောကုတ္တရာ သရဏဂုံ၌ ညစ်နွမ်းခြင်းမည်သည်မရှိ။ ။တတ္ထ၊ထိုနှစ်ပါးသော သရဏဂုံတို့တွင်။ လောကုတ္တရဿ ပန၊ လောကုတ္တရာသရဏဂုံ၏ကား။ သံကိလေသော၊ ညစ်နွမ်းခြင်းသည်။နတ္ထိ၊မရှိ။

ပုထုဇန်တို့ဆောက်တည်သော လောကီသရဏဂုံသည်ကား ရတနာသုံးပါးတို့ ဂုဏ်ကို မသိမမြင်ခြင်းသည်လည်းကောင်း ထို ရတနာသုံးပါးတို့ဂုဏ်၌ ဖုံးလွှမ်း ပိတ်ပင် တွေဝေ တတ် သော မောဟတရားဖြစ်၍ ဘုရားဟုတ်ပါလေ၏လော, ဘုရားမဟုတ်လေ သလော, ဤသို့အစရှိသောနည်းဖြင့် ယုံမှားတွေးတောခြင်းသည် လည်းကောင်း အညာဏမည်၏။ ထိုရတနာသုံးပါးတို့၏ဂုဏ်ကို ဂုဏ်မရှိသော အဖြစ်၌ကြံသဖြင့် ဖောက် ပြန် သော အ ယူ သည် မိစ္ဆာဉာဏ်မည်၏။ ဤသို့အစရှိသော အကုသိုလ်တရားတို့သည် ဖြစ်လတ်သည်ရှိသော် သရဏဂုံညစ်နွမ်း၏။ အရောင်အဝါမရှိ။ ကြီးမားပြန့်ပြောသောအကျိုးကို မဖြစ်စေနိုင်သည်သာဖြစ်၏။

လောကိယ သရဏဂမနံ ပန တီသု ဝတ္ထူသု အညာဏ သံသယမိစ္ဆာဉာဏာဒီဟိ သံကိလိဿတိ၊ န မဟာဇုတိကံ ဟောတိ၊ န စ မဟာဝိပ္ဖါရံ။ ။၎င်းအဋ္ဌကထာ။

လောကိယ သရဏဂမနံ ပန၊ လောကီသရဏဂုံ သည်ကား တီသု၊သုံးပါးကုန်သော။ ဝတ္ထူသု၊ ရ တ နာ တို့ ၌ ။ အ ညာ ဏ သံသယမိစ္ဆာဉာဏာဒီဟိ၊ ရတနာသုံးပါးတို့၏ဂုဏ်ကို မသိခြင်း, ရတနာသုံးပါးတို့၌ယုံမှားခြင်း,မှားသောအယူ ဖောက်ပြန်သော အမြင်ကိုမြင်ခြင်း အစရှိသည်တို့ဖြင့်။ သံကိလိဿတိ၊ ညစ်ညူး၏။ မဟာဇုတိကံ၊မြတ်သောအရောင်အဝါရှိသည်။ နဟောတိ၊ မဖြစ်။ မဟာဝိပ္ဖါရံ၊မြတ်သောပြန့်ပြောခြင်းရှိသည်။ နဟောတိ၊မဖြစ်။

ထိုလောကုတ္တရာသရဏဂုံ လောကီသရဏဂုံ နှစ်ပါးတို့တွင်။ ။

''လောကုတ္တရဿ ပန နေ၀တ္ထိ ဘေဒေါ''ဟူသော အဋ္ဌကထာပါဠိ နှင့်အညီ အရိယာပုဂ္ဂိုလ်တို့သည် ဘ၀တပါး ပြောင်းသွားသော်လည်း ရတနာသုံးပါးမှတပါး တိတ္ထိတက္ကတွန်း အစရှိသောသူတို့ကို ဆရာဟူ၍ညွှန်ခြင်း, ကိုးကွယ်ခြင်း, ဆည်းကပ်ခြင်းကို ပြုသောမည်သည် မရှိသောကြောင့် လောကုတ္တရာသရဏဂုံ၌ ပျက်ခြင်းမည်သည်မရှိ။ ။အနက်ကား။ ။လောကုတ္တရဿ ပန၊ လောကုတ္တရာ သရဏဂုံ၏ကား။ ဘေဒေါ၊ ပျက်ခြင်းသည်။ နေ၀ အတ္ထိ၊ မရှိသည်သာလျှင်တည်း။

ထို လော ကီ သ ရ ဏ ဂုံ သည်လည်း။ ။''လောကိယဿ စ သရဏဂမနဿ ဒုဝိဓောဘေဒေါ သာ၀ဇ္ဇော စ အန၀ဇ္ဇော စ'' ဟူသော သာရတ္ထဒီပနီဋီကာနှင့်အညီ အပြစ်ရှိသောအားဖြင့် ပျက်ခြင်းဟုဆိုအပ်သော သာ၀ဇ္ဇဘေဒ, အပြစ်မရှိသောအားဖြင့် ပျက်ခြင်းဟုဆိုအပ်သော အန၀ဇ္ဇဘေဒအားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတို့တွင်။ ။''တတ္ထ သာ၀ဇ္ဇော အညသတ္ထာရာဒိသု အတ္တသန္နိယျာတနာဒိဟိ ဟောတိ၊ သော အနိဋ္ဌဖလော''ဟူသော ဋီကာပါဠိနှင့်အညီ မိမိကိုယ်ကို ဆောင်နှင်းခြင်းဟု ဆိုအပ်သော အတ္တသန္နိယျာတန, ထိုရတနာသုံးပါးသာလျှင် လည်းလျောင်းရာရှိသည်အဖြစ်ဟုဆိုအပ်သော တပ္ပရာယဏတာ, တပည့်အဖြစ်သို့ကပ်ရောက်ခြင်းဟု ဆိုအပ်သော တိဿဘာ၀ူပဂမန, ကျိုးနွံရှိမ့်ချခြင်း တည်းဟူသော ပဏိပါတ ဤလေးပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာတို့ဖြင့် သာသနာတော်မှ တပါးဖြစ်သော တိတ္ထိစသောဆရာတို့၌၎င်း, ထိုတိတ္ထိ စသော ဆရာတို့သည် ပြောကြားဆုံးမအပ်သော တရားတို့၌၎င်း, ထိုဆရာတို့၏ တပည့်တို့၌လည်းကောင်း ရတနာသုံးပါးကဲ့သို့ဂုဏ်ကို ယုံကြည်လေးမြတ်သောအားဖြင့် ၀ဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးငှါ ဒက္ခိဏေယျဟု နှလုံးသွင်း၍ ကိုယ်ကိုဆောင်နှင်းခြင်း အစရှိသော တပါးပါးသောအခြင်းအရာဖြင့် ရှိခိုးပူဇော်ခြင်းကိုပြုသည်ရှိသော် အပါယ်သို့လားခြင်း အစရှိသော အနိဋ္ဌဖလအကျိုးရှိသောကြောင့် အပြစ်နှင့်တကွပျက်သော သရဏဂုံမည်၏။

လောကိယသ သရဏဂမနဿ စ ဒုဝိဓော ဘေဒေါ သာဝဇ္ဇော စ အနဝဇ္ဇော စ၊ တတ္ထ သာဝဇ္ဇော အညသတ္ထာရာဒိသု အတ္တသန္နိယျာတနာဒီဟိ ဟောတိ၊ သော စ အနိဋ္ဌဖလော တိ။

လောကိယဿ၊ လောကီဖြစ်သော။ သရဏဂမနဿ စ၊ သရဏဂုံ၏ကား။ ဘေဒေါ၊ ပျက်စီးခြင်းသည်။ သာဝဇ္ဇော စ၊ အပြစ်ရှိသော ပျက်စီးခြင်းရင်း။ အနဝဇ္ဇော စ၊ အပြစ်မရှိသော ပျက်စီးခြင်းရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သာဝဇ္ဇော၊ အပြစ်ရှိသော ပျက်စီးခြင်းသည်။ အညသတ္ထာရာဒိသု၊ သာသနာတော်မှ တပါးသော တိတ္ထိဆရာ စသည်တို့၌။ အတ္တသန္နိယျာတနာဒီဟိ၊ မိမိကိုယ်ကိုဆောင်နှင်းခြင်း အစရှိသည်တို့ဖြင့်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုအပြစ်ရှိသောပျက်စီးခြင်းသည်။ အနိဋ္ဌဖလော၊ ဒုဂ္ဂတိသို့လားရခြင်းဟုဆိုအပ်သော မကောင်းသောအကျိုးရှိ၏။

အနဝဇ္ဇဘေဒအဖြစ်ဖြင့် အပြစ်မရှိသော သရဏဂုံပျက်ခြင်းမည်သည်ကား ဤ၍ဤမျှ နေ့ညဥ့်ပတ်လုံး သရဏဂုံကို ဆောက်တည်မည်ဟု နေ့ရက်ကာလကို ပိုင်းခြား၍ ဆောက်တည်၏။ ထိုပိုင်းခြားသော နေ့ရက်ကာလကိုလွန်သဖြင့် အလိုလိုပင်သရဏဂုံ ပျက်လေတော့သည်။ ထိုသို့ပျက်သော်လည်း တစုံတခု ဆန့်ကျင်ဘက်ဖြစ်သော အညသတ္ထာရ အစရှိသောအကြောင်းကြောင့် ပျက်သည်မဟုတ်။ ပိုင်းခြားအပ်သော ကာလကိုလွန်သဖြင့် အလိုလိုပင်ပျက်သောကြောင့် အပြစ်မရှိသောအားဖြင့် ပျက်ခြင်းမည်၏။ ထိုသို့မဟုတ် ဤ၍ဤမျှလောက် ဆောက်တည်မည်ဟု နေ့ရက်ကာလကို မပိုင်းခြားဘဲ ဆောက်တည်သောသူ၏သရဏဂုံသည် သရဏဂုံပျက်ခြင်းအကြောင်း မရှိခဲ့သည်ရှိသော် အသက်ထက်ဆုံးတည်၏။ သေသောကာလ၌ သာလျှင် ပျက်၏။ ထိုသို့ ပျက် သော် လည်း တဏှာဒိဋ္ဌိဟုဆိုအပ်သော အကုသိုလ်အစွမ်းဖြင့် ပျက်သည်မဟုတ်သောကြောင့် အပြစ်မရှိသောအားဖြင့် သရဏဂုံပျက်ခြင်းမည်၏။

> အနုဝဇ္ဇော ပန ကာလံကိရိယာယ ဟောတိ၊လောကိယံ ဟိ သရဏာဂမနံ သိက္ခာပဒသမာဒါနံ ဝိယ အဂဟိတကာလ ပရိစ္ဆေဒေ ဇီဝိတပရိယန္တမေဝ ဟောတိ၊ တသ္မာ တဿ ခန္ဓဘေဒေန ဘေဒေါ ဟောတိ၊ သော အဝိပါကတ္တာ အဖလော။ ။ဋီကာ။

အနုဝဇ္ဇော ပန၊ အပြစ်မရှိသောပျက်ခြင်းမည်သည်ကား။ ကာလံကိရိယာယ၊သေသဖြင့်။ ဟောတိ၊ဖြစ်၏။ ဟိ သစ္စံ၊မှန်၏။လောကိယံ၊ လောကီဖြစ်သော။ သရဏာဂမနံ၊ သရဏဂုံသည်။ သိက္ခာပဒသမာဒါနံ ဝိယ၊ဆောက်တည်သော သိက္ခာပုဒ်ကဲ့သို့။အဂဟိတကာလပရိစ္ဆေဒေ၊ မယူအပ်သော ကာလအပိုင်းအခြား၌။ ဇီဝိတပရိယန္တမေဝ၊ အသက်ဆုံးသည်တိုင်အောင်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ တဿ၊ထိုသရဏဂုံ၏။ ခန္ဓဘေဒေန၊ ခန္ဓာပျက်သဖြင့်။ ဘေဒေါ၊ပျက်ခြင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုပျက်ခြင်းသည်။ အဝိပါကတ္တာ၊ အကျိုးမပေးလတ္တံ့သည်၏ အဖြစ်ကြောင့်။ အဖလော၊အကျိုးမရှိ။

ဤသို့ဆိုအပ်ပြီးသော သာဝဇ္ဇ အနဝဇ္ဇ နှစ်ပါးတို့တွင် လောကီသရဏဂုံကို ဆောက်တည်သောသူအား သာသနာတော်မှ အပဖြစ်သော တိတ္ထိဆရာစသောသူတို့၌ ကိုယ်ကိုဆောင်နှင်းခြင်းဟုဆိုအပ်သော အတ္တသန္နိယျာတန အစရှိသည်တို့ကြောင့် ပျက်ခြင်းတည်းဟူသော သာဝဇ္ဇဘေဒအားဖြင့် သရဏဂုံကိုမပျက်စေမူ၍ စုတိစိတ်ကျသဖြင့် ပျက်ခြင်းတည်းဟူသော အနဝဇ္ဇဘေဒအဖြစ်ဖြင့် ပျက်ခြင်းသို့ရောက်စေရမည်။ အကယ်၍ တစုံတယောက်သော သူသည် ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊သံဃာကို သံဃာမဟုတ်ဟုဆိုရမည်။ ထိုသို့မဆိုသည်ရှိသော် ထက်လှစွာသော သန်လျက်ဖြင့် သင်၏ဦးခေါင်းကို ဖြတ်မည်ဟုဆိုလာငြားသော်လည်း ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်ဟု မဆိုမူ၍ သရဏဂုံကို ဆောက် တည်အပ်၏။

အပိ သစေ မေ တိခိဏေန အသိနာ သီသံ ဆိန္ဒေယျ၊ နေဝ ဗုဒ္ဓံ အဗုဒ္ဓေါတိ ဝါ ဓမ္မံ အဓမ္မောတိ ဝါ သံဃံ အသံဃောတိ ဝါ ဝဒေယျ။ ။ငြင်းအဋ္ဌကထာ။

အပိ၊စင်စစ်။ မေ၊ငါ၏၊ သီသံ၊ဦးခေါင်းကို။ တိခိဏေန၊ ထက်လှစွာသော။ အသိနာ၊ သန်လျက်ဖြင့်။ သစေ ဆိန္ဒေယျ၊အကယ်၍ဖြတ်သည်ဖြစ်အံ့။ ဗုဒ္ဓံ၊ဘုရားကို။ အဗုဒ္ဓေါတိ ဝါ၊ ဘုရားမဟုတ်ဟူ၍ငြင်း။ ဓမ္မံ၊တရားကို။ အဓမ္မောတိ ဝါ၊ တရားမဟုတ်ဟူ၍ငြင်း။ သံဃံ၊သံဃာကို။ အသံဃောတိ ဝါ၊ သံဃာမဟုတ်ဟူ၍ငြင်း။ နေဝ ဝဒေယျ၊ မဆိုရာ။

ထိုသို့ဆိုအပ်ပြီးသော လောကုတ္တရာသရဏဂုံ လောကီသရဏဂုံ နှစ်ပါးတို့တွင် လောကုတ္တရာသရဏဂုံ၏ အကျိုးကား။ ။ ''သကလဿ ပန ဝဋ္ဋဒုက္ခဿ အနုပ္ပါဒနိရောဓာနိသံသံ''ဟူသော ငြင်းအဋ္ဌကထာပါဠိနှင့်အညီ အလုံးစုံသော ဝဋ်ဆင်းရဲ၏ တဘန်မဖြစ်ခြင်း ချုပ်ခြင်းအကျိုးရှိ၏။ ။သကလဿ၊ အလုံးစုံသော။ ဝဋ္ဋဒုက္ခဿ ပန၊ ဝဋ်ဆင်းရဲ၏ကား။ အနုပ္ပါဒနိရောဓာနိသံသံ၊ တဘန်မဖြစ်ခြင်းချုပ်ခြင်းအကျိုးရှိ၏။

လောကီသရဏဂုံကို ဆောက်တည်သောသူ၏ အကျိုးကား လူနတ်တို့၏ အဖြစ်ကို ရခြင်းဟုဆိုအပ်သော ဘဝသမ္ပတ္တိ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းဟုအပ်သော ဘောဂသမ္ပတ္တိသည် လောကီသရဏဂုံ၏ အကျိုးမည်၏။ ။ထို့ကြောင့် —

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ဟု ဟောတော်မူ၏။

ယေကေစိ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတာသေ၊ရောက်ကုန်ငြားအံ့။တေ၊

ထိုသူတို့သည်။ အပါယဘူမိံ၊ အပါယ်လေးဘုံသို့။ နဂမိဿန္တိ၊ မရောက်ရကုန်လတ္တံ့။ တေ၊ထိုသူတို့သည်။ မာနုသံ ဒေဟံ၊ လူ၏ ကိုယ်ကို။ ပဟာယ၊စွန့်၍။ ဒေဝကာယံ၊ နတ်၏ကိုယ်ကို။ ပရိပူရေဿန္တိ၊ ပြည့်စေကုန်လတ္တံ့။

အမိပ္ပါယ်ကား ဘုရား တရား သံဃာ တည်းဟူသော ရတနာသုံးပါးတို့ကို ကိုးကွယ်မှီခိုရာဟူ၍ ဆည်းကပ်ကုန်သော သူတို့သည် သရဏဂုံ ဆောက်တည်ရသော ကုသိုလ်စေတနာ၏ အစွမ်းကြောင့် သေသည်အခြားမဲ့၌ အပါယ်သို့ မလားမူ၍ နတ်ပြည်သို့ ရောက်ရသဖြင့် များစွာသောနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားစံစားရကုန်လတ္တံ့။ ထိုနတ်ဘုံ၌ ဖြစ်သော်လည်း တပါးသောနတ်တို့နှင့်မတူ။ အာယု, ဝဏ္ဏ, သုခ, ယသ, အဓိပတေယျ ရူပ,သဒ္ဒ, ဂန္ဓ,ရသ,ဖေါဋ္ဌဗ္ဗ ဟုဆိုအပ်သော ဆယ်ပါးသော အရာအထူးတို့ဖြင့် တပါးသောနတ်တို့ထက် သာလွန်၏။ ပဒေသရာဇ် ဧကရာဇ် စကြဝတေး မန္ဓာတ် အစရှိသောသူတို့၏ စည်းစိမ်မှာမူ ဆိုဘွယ်မရှိဟူလိုသည်။ ဤသို့သရဏဂုံတည်သောသူသည် အပါယ်မှလွတ်ခြင်း အကျိုးသာ မဟုတ်သေး။ ဤမြတ်စွာ ဘု ရား သာ သ နာတော်၌ ရှေရင်တော်နှစ် သားတော်စစ် အဖြစ်သို့လည်း သက်ရကုန်သေး၏။

ယသ္မာ ဇုမိနာ မဂ္ဂေန ဒေဝမနုဿာ ဥပါသကဘာဝေန ပဗ္ဗဇိတဘာဝေန ဝါ သာသနံ ဩတရန္တိ။
ခုဒ္ဒကပါဌအဋ္ဌကထာ။

ယသ္မာ၊အကြင်ကြောင့်။ ဇုမိနာ မဂ္ဂေန၊ ဤသရဏဂုံတည်းဟူသော ခရီးကြောင်းဖြင့်။ ဒေဝမနုဿာ၊နတ်လူတို့သည်။ ဥပါသကဘာဝေန ဝါ၊ ဥပါသကာအဖြစ်ဖြင့်လည်းကောင်း။ ပဗ္ဗဇိတဘာဝေန ဝါ၊ ရဟန်းသာမဏေ အဖြစ်ဖြင့်လည်းကောင်း။ သာသနံ၊ သာသနာတော်တွင်းသို့။ ဩတရန္တိ၊သက်ရကုန်၏။

ဤမှတပါးလည်း တိသရဏဂမနိယထေရ်၏ ဝတ္ထုကို ထောက်သဖြင့် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အထံတော်၌ ကျွတ်

ရအံ့သော အကျိုးလည်းရှိ၏။ ထိုကြောင့် သရဏဂုံယူခြင်း၌ အသက်ကိုစွန့်ခြင်း (၁) သရဏဂုံယူခြင်း (၂) မြတ်စွာဘုရားအထံ၌ ဝန်ခံခြင်း (၃) အသက်ထက်ဆုံး ကိုယ်နှုတ်နှလုံးတို့ဖြင့် ယုံကြည်မြတ်နိုးခြင်း (၄) ဤအခြင်းအရာလေးပါးတို့နှင့် ပြည့်စုံအောင်ယူမှ သရဏဂုံတည်သည်။ ဤအခြင်းအရာလေးပါးတို့နှင့် ညီညွတ်အောင် တည်သောသူသည် အပါယ်မှ လွတ်ရခြင်း (၁) နတ်ရွာသို့ လားရခြင်း (၂) ဘုရားသားတော် သမီးတော် ဖြစ်ရခြင်း(၃) နောင်အခါ ဘုရားချွတ်ခံရခြင်း(၄) ဤအကျိုးလေးပါးကို မုချရတော့မည် မလွဲတည်း။

သရဏဂုံပြီး၏။

## ၉၁-ပဥ္စသီလစသည်ကိုပြခြင်း။

သီလဟူရာ၌ ရဟန်းသာမဏေတို့၏သီလ, လူတို့၏သီလ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ရဟန်းသာမဏေတို့၏သီလသည် လွန်စွာ ကျယ်ပြော၏။ ဥဘတောဝိဘင်းနှင့်တကွလာ၏။ ရဟန်း သာမဏေတို့၏ အရာသာတည်း။ ။လူတို့၏ သီလမှာကား ပဉ္စင်သီလ (၁)၊ ဗြဟ္မစရိယ ပဉ္စမသီလ(၂)၊ ဧကဘတ္တိက ဗြဟ္မစရိယသီလ(၃)၊ အာဇီဝဋ္ဌမကသီလ(၄)၊ အဋ္ဌင်္ဂသီလ(၅)၊ ဒသင်္ဂသီလ(၆) ဟူ၍ ခြောက်ပါးအပြားရှိ၏။ ထိုတွင် ထိုသီလတို့၏ အဆုံးအဖြတ်ကိုကား သမုဒယသစ္စာစသည်တို့၌ ဆိုအပ်ပြီးရကား မရေးတော့ပြီ။ ။ခံယူဆောက်တည်ခြင်းအခြင်းအရာကိုသာလျှင် ဘော်ပြလိုက်ပေတော့အံ့။

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗ ဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုး ငှါ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ်သုံးပါး အပေါင်းတို့ကို အကျွန်ုပ် လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမျှော် မာန် လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ကန်တော့ရသော အကျိုး

အပါယ်လေးပါး ကပ်သုံးပါး အရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိ တရားလေးပါး ဗျသနတရားငါးပါး အနာအမျိုး ကိုးဆယ်ရှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ မဂ်ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရရပါလို၏အရှင်ဘုရား။

အရှင်ဘုရား ပေးသနားတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ အရှင်ဘုရား။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ။ဒုတိယမ္ပိ, တတိယမ္ပိ, ထည့်၍ သုံးခေါက်ဆိုလေ။

အာမဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃-ခေါက်ဆို။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမဘန္တေ။

(၁) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

ငါးပါးသီလခံယူပုံပြီး၏။

ဧင်းသီလ၏အနက်ကား။ ။ဘန္တေ၊အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊တကွ။ ပဥ္စသီလံ၊ငါးပါးသော်သီလတော်မြတ်ဟု ဆိုအပ်သော။ ဓမ္မံ၊ကျင့်ဝတ်ပဋိပတ်ကို။ ယာစာမိ၊တောင်းပန်ပါ၏။ ဘန္တေ၊အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ မေ မမ၊အကျွန်ုပ်အား။ အနုဂ္ဂဟံ၊ချီးမြှောက် ထောက်ပံ့တော်မူခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ သီလံ၊သီလတော်မြတ်ကို။ ဒေထ၊ပေးတော်မူပါကုန်လော့။ ။ဧင်းနည်းတူ။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဤမျှသာထူးသည်။ ။အဟံဘန္တေသုံးပုဒ်အနက်။

ဘန္တေ၊ အရှင်ဘုရား။ အာမ ဝဒါမိ၊ ဩော်အတုလိုက်၍ဆိုပါအံ့။ ။အာမဘန္တေအနက်။

အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် အပူဇော်ကိုလည်း ခံတော်မူထိုက်ထသော။ ဝါ၊ သံသရာ တည်းဟူသောစက် အကွက်အကန့်ကိုလည်း ချိုးဖဲ့ဖျက်ဆီးတော်မူတတ်ထသော။ ဝါ၊ တထောင်ငါးရာ ကိလေသာကို လျှင်စွာသတ်ဖြတ်တော် မူတတ် ထ သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်တည်းဟု ဆိုအပ်သော ဉေယျဓံတရား ငါးပါးအပေါင်းတို့ကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူတတ်ထသော။ တဿ ဘဂဝတော၊ထိုမြတ်စွာဘုရားအား။ နမော နမကာရော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်ပါစေသတည်း။ ။နမောတဿအနက်။

အဟံ၊ငါသည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ သရဏံ ဣတိ၊ ကိုယ်ကိုအပ်နှင်းသောအားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊ ဘုရားကား

ဆရာ ငါကားတပည့်ဟူသော အမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊ဘုရားသည် ငါတို့မှီခိုရာ လည်းလျှောင်းရာ ပုန်းအောင်းရာ ကိုးကွယ်ရာဟူ၍။ ဝါ၊ ဘုရားသည် ငါတို့ရှိခိုးကော်ရော် အပူဇော်ကို ခံထိုက်ပေ၏ဟူသော အမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။အဟံ၊ငါသည်။ ဓမ္မံ၊မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကို။ သရဏံ သရဏံ ဣတိ၊ ကိုယ်ကိုအပ်နှင်းသောအားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊ တရားကားဆရာ ငါကားတပည့်ဟူသောအမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊တရားသည် ငါတို့မှီခိုရာ လည်းလျှောင်း ပုန်းအောင်း ကိုးကွယ်ရာဟူ၍။ ဝါ၊တရားသည် ငါတို့ရှိခိုးကော်ရော် အပူဇော်ကိုခံထိုက်ပေ၏ဟူသော အမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ။အဟံ၊ငါသည်။သံဃံ၊ကလျာဏပုထုဇဉ်နှင့်တကွ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်အပေါင်းကို။ သရဏံ သရဏံ ဣတိ၊ ကိုယ်ကိုအပ်နှင်းသောအားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊သံဃာကား ဆရာ ငါကားတပည့်ဟူသော အမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဝါ၊သံဃာသည် ငါတို့မှီခို လည်းလျှောင်း ပုန်းအောင်း ကိုးကွယ်ရာဟူ၍။ ဝါ၊သံဃာသည် ငါတို့ရှိခိုးကော်ရော် အပူဇော်ကို ခံထိုက်ပေ၏ ဟူသောအမှတ်အားဖြင့် ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။ ။နောက်နောက်အကြိမ်တို့မှာ။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊သုံးမြောက်လည်း-ဟူ၍ ထည့်ကာထည့်ကာ ဟပ်၍ပေးကြလေ။ ။သရဏဂုံ ၃-ပါးအနက်။

(၁) ပါဏာတိပါတာ၊သူ၏အသက်ကို လျင်စွာချခြင်းမှ။ ဝါ၊ မပြတ်ဖြစ်၍နေသော ဇီဝိတိန္ဒြေအစဉ်ကို ဖျက်ခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ပါ၏။ ဣတိ၊ဤသို့။ သိက္ခာပဒံ၊သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ၊အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ၊ရှောင်ကြဉ်ပါ၏။ဣတိ၊ ဤသို့။ သိက္ခာပဒံ၊ကို။ သမာဒိယာမိ၊ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ၊ မ သွား လာ အပ် သော ဝတ္ထု ကို လွန်ကျူးခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ပါ၏။

(၄) မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ပါ၏။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ပါ၏။

(၅) သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ သေရည် သေရက် မူး ယစ်စေတတ်သောဝတ္ထုကို သုံးဆောင်ခြင်းမှ။ ဝေရမဏီ၊ ရှောင် ကြဉ်ပါ၏။ ဣတိ၊ သို့။ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ပါ၏။ ။ သိက္ခာပုဒ်အနက်။

ဘန္တေ၊ အရှင်ဘုရား။ အာမ သမာဒိယာမိ၊ ဩဝါဒကောင်းစွာ ကျင့်သုံးဆောက်တည်ပါအံ့။ ။အာမဘန္တေ အနက်။

ငါးပါးသီလအနက် ပြီး၏။

ငင်းငါးပါးသီလခံယူရာ၌ အမှားအမှန်တို့ကို ဆင်ခြင်ရန်ကား-

ကန်တော့ခန်းဝယ် ဩဂါသ ဩဂါသဟု မဆိုနှင့်။ ဩကာသ ဩကာသ ဟုဆို။ ။ကာယဂံ ဝစီဂံ မနောဂံ ဟု မဆိုနှင့်။ကာယကံ ဝစီကံ မနောကံ ဟု ဆို။ ။သပ္ပဒေါသ ဟု မဆိုနှင့်။ သဗ္ဗဒေါသ ဟုဆို။ ။ခပ်သိမ်းဒေါ ဟု မဆိုနှင့်။ ခပ်သိမ်းသော ဟု ဆို။ ။ ဘုရားရဓနာ တရားရဓနာ သံဃာရဓနာ ဟု မဆိုနှင့်။ ဘုရားရတနာ တရားရတနာ သံဃာရတနာ ဟု ဆို။ ။ရဓနာမြတ်သုံးပါး တို့ကို ဟု မဆိုနှင့်။ ။ရတနာမြတ်သုံးပါးတို့ကို ဟု ဆို။ ။အက္ခရာ တို့ကို သတိထားပါလေ။

အဟံဘန္တေသုံးပုဒ်၌ အဟံဘန်းတေ ဟု မဆိုနှင့်။ အဟံဘန္တေ ဟု ဆို။ ။တိသရဏေနနှင့် သဟ ပေါင်း၍ဆို။ ။ပျဉ္စသီလံ ဟု မဆိုနှင့်။ ပဉ္စသီလံ ဟု ဆို။ ။ဓမံယာစာမိ ဟု မဆိုနှင့်။ ဓမ္မံယာ စာမိ ဟု ဆို။ ။သီလံဒေးထ ဟု မဆိုနှင့်။ သီလံဒေထ ဟု ဆို။ ။ မေဘန်းတေ ဟု မဆိုနှင့်။ မေဘန္တေ ဟု ဆို။ ။ဒုတီယမ္ပိ တတီယမ္ပိ ဟု မဆိုနှင့်။ ဒုတိယမ္ပိ တတိယမ္ပိ ဟုဆို။

အာမဘာန်းတေ ဟု မဆိုနှင့်။ အာမဘာန္တေ ဟု ဆို။

နမောတဿ ၌ တဿနှင့် ဘဂဝတော ကိုပေါင်း၍ တဿဘဂဝတော ဟုဆို။ ။သရဏာဂုံသုံးပါးတို့၌ သေးသေးတင်ဟူသမျှကို နှုတ်ခမ်းကိုပိတ် နှာသံပါအောင်ဆို။ ။သရဏံ၌ သယဏံဟုယငယ်သံ မဆိုနှင့်။ သရဏံဟု ရကောက်သံနှင့်ဆို။

အာမဘာန္တေ မှာ တူပြီ။

သိက္ခာပုဒ်၌ အဒိန္နဒါနာ ဟု မဆိုနှင့်။ အဒိန္နာဒါနာဟုဆို။ ။မှုသာဝါဒါ ဟု မဆိုနှင့်။ မုသာဝါဒါ ဟု ဆို။ ။သူရာမေရယ ဟု မဆိုနှင့်။ သုရာမေရယ ဟု ဆို။ ။မျဇ္ဇပမာဒဋ္ဌာနာ ဟု မဆိုနှင့်။ မဇ္ဇပမာဒဋ္ဌာနာ ဟု ဆို။ ။အာမဘာန္တေ တူပြီ။

ပြင်ဆင်ချက်ပြီး၏။

ငင်းငါးပါးသီလ ခံယူရာ၌နှလုံးသွင်းရန်ကား။ ဩကာသ ဩကာသ ဟူသည် ဤရတနာသုံးပါးအပေါင်းသည် ငါတို့ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်းတို့၏တည်ရာ ငါတို့၏မှီခိုခြင်း အားကိုးခြင်း ပုန်းအောင်းခြင်း စသည်တို့၏တည်ရာ ပေတည်းဟု နှလုံးသွင်းရန်ကိုဆိုသည်။ ။တနည်း ဩတာသ ဩကာသ ဟူသောပုဒ်သည် အရှင်ဘုရား တပည့်တော်သည် ကန်တော့ရန်အခွင့်တောင်းပါ၏။ ကန်တော့ပါရစေ။ ကန်တော့ပါရစေဟု အခွင့်တောင်းသည်ကိုဆိုသည်။ ။ကာယကံအစ ကန်တော့ပါ၏ အရှင်ဘုရားတိုင်အောင် စကားရပ်တို့မှာ အနမတဂ္ဂသံသရာကစ၍ ဤယနေ့သို့ ရောက်အောင်သောအတွင်း၌ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်, ပါရမီ,ဉာဏ်,ကံ စသည်ကို သုံးပါးသော ကံတို့တွင် တပါးပါးသော ကံဖြင့် ပြစ်မှားဘူးသည်ဖြစ်အံ့။ ထိုအပြစ်များကို ပျောက်ပါစေခြင်း အကျိုးငှါလည်းကောင်း၊ ဤယနေ့ကစ၍ နိဗ္ဗာန်ရသောဘဝတိုင်အောင် အပါယ်စသော ဝဋ်ဒုက္ခမျိုးတို့မှ လွတ်ပါရစေခြင်း အကျိုး ငှါ ငင်း။ ဤအကျိုးသာမကသေး မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကိုလည်း ရရခြင်းအကျိုးငှါငင်း ရည်၍ကန်တော့ခြင်းကို

ဆိုသည်။ ။၎င်းတို့သဘောမှာ ရတနာသုံးပါးတို့တွင် တပါးပါးကို ပြစ်မှားဘူးသောသူတို့၏ အလွန်လေးလန်စွာ ပြစ်မှားသော အပြစ်များမှာ ကန်တော့သော်လည်းမရ။ အနည်းငယ်သက်သာရာကိုသာ ရရာ၏။ အရှင်ဒေဝဒတ် ဇဋ္ဋိလသူဌေး စသည်တို့ကဲ့သို့တည်း။ သာမန်ကာ ပြစ်မှားဘူးသောသူတို့မှာ ကန်တော့လျှင် ကန်တော့ခြင်း ကြေပျောက်၏။ သောရေယျ သူဌေးသားစသည်ကဲ့သို့တည်း။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ်လေးဘုံတည်း။ ။ရောဂန္တရကပ်၊ သတ္ထန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ကပ်သုံးပါး။ ။ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ်အရူပ၊ ဝိကလိန္ဒြိယပုဂ္ဂိုလ်၊ မိစ္ဆာဒိဋ္ဌိ၊ ပစ္စန္တရာဇ်၊ ဗုဒ္ဓသုညတိဟိတ်၊ ရပ်ပစ်ရှစ်ပါး။ ။ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ ရန်သူမျိုးငါးပါး။ ။ကာလဝိပတ္တိ၊ ပယောဂဝိပတ္တိ၊ ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ဝိပတ္တိလေးပါး။ ။ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသန၊ ဗျသနတရားငါးပါး။

မျက်စိနာ၊ နားတွင်းနာ၊ နှာခေါင်းနာ၊ လျှာနာ၊ ကိုယ်နာ၊ ဦးခေါင်းနာ၊ နားရွက်နာ၊ ခံတွင်းနာ၊ သွားနာ၊ ချောင်းဆိုးနာ (၁၀)။ ။ကုတ်ဟီးနာ၊ ပန်းနာ၊ ဖွတ်သိုနာ၊ ကိုယ်တွင်းပူလောင်သောအနာ၊ ဖျားသောအနာ၊ ဝမ်း၌ဖြစ်သောအနာ၊ မိန်းမောသောအနာ၊ ဝမ်းသွေးကျသောအနာ၊ ကိုက်ခဲသောအနာ၊ ဝမ်းလားသောအနာ (၁၀)။ ။နူနာ၊ ထွတ်မြင်းနာ၊ ခရုသင်းသမင်ရက်နာ၊ သွေးသားခန်းခြောက်သောအနာ၊ ဝက်ရူးနာ၊ ဆိတ်သည်းနူနာ၊ ဝဲနာဟူ၏။ပွေးနာ၊ လက်သည်းခြေသည်းကျွတ်သောအနာ၊လက်ဘဝါးခြေဘဝါးကွဲသောအနာ၊ပိတ်ကိုက်နာ(၁၀)။ ။ထူလာသရောနာ၊ အရိယိုသောအနာ၊ ကိုက်ခဲသောအနာ၊အသားတိုးသောအနာ (၄)။ ။ဤအနာမျိုး(၃၄)ပါး တို့တွင် ဝက်ရူးနာ၊ လက်သည်း ခြေသည်း ကျွတ်သောအနာ၊ နှစ်ပါးကိုနုတ်၍ကြွင်း(၃၂)ပါးတို့မှာ သည်းခြေပျက်သောကြောင့် (၃၂)ပါး။

သလိပ်ပျက်သောကြောင့် (၃၂) ပါး။ လေပျက်သောကြောင့် (၃၂)ပါးဖြစ်ကြရကား (၉၆)ပါးဖြစ်လေ၏။ နုတ်ထားသော အနာနှစ်ခုကိုထည့်လျှင်(၉၈)ပါးသော ရောဂါဖြစ်လေ၏။ အနာ အမျိုး(၉၈)ပါးရှိ၏ဟု သိကြလေ။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တ မဂ်၊ မဂ်လေးပါး။ ။သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊အနာ ဂါမိဖိုလ်၊ အရဟတ္တဖိုလ်၊ ဖိုလ်လေးပါး။ ။၎င်းမဂ်လေးပါး ဖိုလ် လေးပါးနှင့်တကွ ပစ္စက္ခဘာဝ၌လည်း ကိလေသဒုက္ခ ခန္ဓဒုက္ခတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော သန္တိလက္ခဏာ, အစ္စုတိရသ, အနိမိတ္တပစ္စု ပဋ္ဌာန်ရှိသော နိဗ္ဗာန်ကို အမှန်ထိုးထွင်း၍ မြင်ရခြင်းဟု ဆိုအပ် သော ပဋိဝေဓအားဖြင့်ရခြင်း စုတိကမ္မဇရုပ်ချုပ်ငြိမ်းခြင်းတကာ တို့၏ နောက်ဆုံးပိတ် ချုပ်ကြီးချုပ်ပြီး၍လည်း သန္တိလက္ခဏာ စသည်တို့ဖြင့် ရအပ်သောနိဗ္ဗာန်ကို တမလွန်၌ ကေန်ရောက်ရခြင်း ဟုဆိုအပ်သော ပဋိလာဘအားဖြင့် ရခြင်း ဤရခြင်း နှစ်ပါး တို့ဖြင့် ရရပါလို၏ဟု ဆုတောင်းရှာလေ၏ ဟူလို။ ။သြကာသ သဘော။

အဟံဘန္တေသုံးပုဒ်တို့မှာ သရဏဂုံသုံးပါးနှင့်တကွ သီလ စသည်ကို တောင်းပန်သောနည်းတည်း။ ၎င်းနည်းကိုလည်း ကျမ်း ဂန်တို့၌ အပြည့်အစုံမလာ။ မဟာဝါအဋ္ဌကထာ ဝိမတိဆရာတို့၏ အရိပ်အမြွက်ကို ဝါကျပြည့်စုံအောင် ထည့်သွင်း၍ ယသ ဝဆုန ဝတ္ထု ဆရာကြီးသည် သီကုံး၍ ပေးသနားတော်မူခဲ့သော နည်း တို့ပေတည်း။ ။အဟံဘန္တေ သဘော။

နမောတဿမှာ သိကြားမင်း ဗြဟ္မာယုပုဏ္ဏားစသောသူတော် ကောင်းကြီးတို့သည် ဘုရားကိုအမှီပြု၍ မိမိတို့မှီခိုရာကိုရှာကြ၍ လွန် စွာဝမ်းမြောက်လှသဖြင့် မြေကိုလက်ဖြင့်သုံးသပ်၍ ဥဒါန်းကျူး ကျူး ရှိခိုးသောပဏာမတို့ပေတည်း။ ။နမောတဿ သဘော။

သရဏဂုံသုံးပါးတို့မှာ ဗုဒ္ဓံ ဟူသည် ကာလသုံးပါးတို့၌ ဖြစ် သော တရားအပေါင်း၌ အပိတ်အပင် အဆီးအတား မရှိသော

သဗ္ဗညုတဉာဏ်တော်၏ အကြောင်းဖြစ်သော အနုတ္တရဝိမောက္ခတို့ဖြင့် ထုံအပ်သော ခန္ဓာတော်အစဉ်ကိုလည်းကောင်း, သဗ္ဗညုတဉာဏ်၏ ပဒဋ္ဌာန်ဖြစ်သော သစ္စာလေးပါးကိုသိတော်မူတတ်သော အတုမရှိသော အရဟတ္တ မဂ်ဉာဏ်ကိုလည်းကောင်း စွဲ၍ ပညတ်အပ်သော သတ္တဝါဟူသမျှထက် လွန်မြတ်တော်မူသော မြတ်စွာဘုရားသည် ဗုဒ္ဓံ မည်၏။ ဤသတ္တာတိသယ ဖြစ်တော်မူသော ဘုရားကို ရည်မှတ်၍ ဤမြတ်စွာဘုရားသည် ဆင်းရဲကိုပယ်ဖျောက်၍ စီးပွါးချမ်းသာကို ဆောင်တတ်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ကိုးကွယ် ဆည်းကပ်သောသူသည် ဗုဒ္ဓံသရဏံဂစ္ဆာမိ ဟူသော သရဏဂုံကို ဆောက်တည်သည် မည်၏။ ။ဓမ္မံ ဟူသည်ကား မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်သည် ဓမ္မ မည်၏။ ထိုထိုဓမ္မတို့တွင် အားထုတ်အပ် ကျင့်အပ်သော တရားမျိုးတို့ကို မြတ်စွာဘုရားဆုံးမတော်မူတိုင်း ကျင့်သဖြင့် အပါယ်စသော ဝဋ်ဆင်းရဲတို့၌ မကျရအောင်ဆောင်ပေ၏ဟု ယုံကြည်သဖြင့် ဤတရားတော်သည် ဆင်းရဲကိုတားမြစ်၍ စီးပွါးချမ်းသာကို ဆောင်ရွက်တတ်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ကိုးကွယ်ဆည်းကပ်တတ်သောသူသည် ဓမ္မံသရဏံဂစ္ဆာမိ သရဏဂုံကို ဆောက်တည်သည်မည်၏။ ။သံဃံဟူသည်ကား မဂ္ဂဋ္ဌာန်လေး ယောက် ဖလဋ္ဌာန်လေးယောက်သည် အယူသီလ တူမျှသည်ဖြစ်၍ ပေါင်းအပ်သောကြောင့် သံဃာ မည်၏။ ဤသံဃာတော်သည် ဆင်းရဲကို ပယ်ဖျောက်၍ စီးပွါးချမ်းသာကို ဆောင်တတ်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟု နှလုံးသွင်းခြင်းဖြင့် ဆည်းကပ်ကိုးကွယ်သောသူသည် သံဃံသရဏံဂစ္ဆာမိ သရဏဂုံကို ဆောက်တည်သည်မည်၏။ ။သရဏဂုံ သဘော။ ။သိက္ခာပုဒ်တို့၏ အဆုံးအဖြတ်ကိုကား ရေးခဲ့ပြီ။ ထူးသည်ကိုသာဆိုအံ့။

## ၉၂ ဗြဟ္မစရိယ ပဉ္စမသီလ စသည်ကို ပြခြင်း။

ဗြဟ္မစရိယပဉ္စမသီလ ကောဘတ္တိက ဗြဟ္မစရိယသီလ တို့ကို ခံယူဆောက်တည်လိုမူ ပဉ္စသီလ, အဋ္ဌင်္ဂသီလ, ဒသသီလ, ခံယူဆောက်

တည်နည်းတို့ကိုလိုက်၍ ခံယူဆောက်တည်သင့်၏။ မိမိအလိုလို လည်း ခံယူဆောက်တည်အပ်၏။ စေတီတော်အပြင် ဗောဓိပင် ရှိရာ ရဟန်းသာမဏေ လူဥပါသကာတို့ထံ၌လည်း ခံယူဆောက် တည်အပ်၏။ တပေါင်းတည်းလည်းဆောက်တည်အပ်၏။ အသီး အသီး တပါးစီတပါးစီခြား၍လည်း ဆောက်တည်အပ်၏။ဆောက် တည်ရန်ကား— ပဉ္စသီလ, အဋ္ဌင်္ဂသီလ, ဒသသီလ တို့မှာ ထင် ရှားကုန်စွ၊ တပေါင်းတည်း ခံယူဆောက်တည်လိုမူ။ ။"ဗြဟ္မ စရိယပဉ္စမသီလံ သမာဒိယာမိ" ဆို၍ ဆောက်တည်လေ။ ။ ဗြဟ္မစရိယပဉ္စမသီလံ၊မြတ်သောအကျင့်ဟုဆိုအပ်သော ဗြဟ္မစရိယ လျှင် ငါးခုမြောက်ရှိသောသီလကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။ ။တောင်း၍ သရဏဂုံနှင့်တကွဆောက် တည်လိုမူ။ ။"အဟံဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယ ပဉ္စမ သီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ" ဟူ၍ သုံးကြိမ်တောင်း။ ။နမော၊ဗုဒ္ဓံသရဏံ စသည်တို့ဆိုပြီ။ ။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။ (၁)။ အဒိန္နာ။ပ။မိ။(၂)၊ အဗြဟ္မစရိယာ။ပ။မိ။(၃)၊ မုသာဝါဒါ။ပ။ မိ။(၄)၊ သုရာမေ။ပ။မိ။(၅) ဟူ၍ ဆောက်တည်လေ။ ။ဆရာ ဖြစ်သူတို့က ဆောင်နှင်းတိုက်တွန်းစကားမှာ။ ။"တိသရဏေန သဟ ဗြဟ္မစရိယပဉ္စမသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာ ဒေထ" ဟူ၍ဆိုရာ၏။ ။(ဤကား ဗြဟ္မစရိယပဉ္စမသီလဘို့)။

ဧကဘတ္တိကဗြဟ္မစရိယသီလကို တပေါင်းတည်းခံယူဆောက် တည်လိုမူ။ ။"ဧကဘတ္တိကဗြဟ္မစရိယသီလံ သမာဒိယာမိ" ဟု ဆို၍ဆောက်တည်လေ။ ။ဧကဘတ္တိကဗြဟ္မစရိယသီလံ၊ နေမလွဲ ခင် စားခြင်းဟုဆိုအပ်သော တထပ်သာ စားခြင်းနှင့်ယှဉ်သော မြတ်သောအကျင့်တည်းဟူသော သီလကို။ သမာဒိယာမိ၊ကောင်း စွာခံယူဆောက်တည်ပါ၏။ သရဏဂုံနှင့်တကွ တောင်း၍ခံယူ ဆောက်တည်လိုမူ။ ။"အဟံ ဘန္တေ တိသရဏေနသဟ ဧက ဘတ္တိကဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံကတွာ သီလံ ဒေ

ထ မေ ဘန္တေ’’။ ။နမော၊ ဗုဒ္ဓံသရဏံ စသည်ဆိုမြဲ။ ။ပါဏာ တိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (၁)၊ အဒိန္နာ။ ပ။ မိ။ (၂)၊ အဗြဟ္မစရိယာ။ ပ။မိ။(၃)၊ မုသာဝါဒါ။ပ။မိ။ (၄)၊ သုရာမေ။ ပ။မိ။ (၅)၊ ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။(၆)ဟူ၍ ဆောက်တည်လေ။ ။ဆရာဖြစ်သူတို့က ဆောင်နှင်းထိုက်သော စကားမှာ။ ။‘‘တိသရဏေန သဟ ဧက ဘတ္တိက ဗြဟ္မစရိယသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာ ဒေထ’’ ဟူ၍ ဆိုရာ၏။ ။(ဤကား ဧကဘတ္တိကဗြဟ္မစရိယ သီလတည်း)။

ဥပါသကာသီလ အာဇီဝဋ္ဌမကသီလတို့ကို ကျင့်လိုမူ ဤသို့ တည်း—

ဥပသကာ ဥပါသကီတို့ကျင့်ရန် သရဏဂုံသီလကား— ကန် တော့၍ အဟံဘန္တေ သုံးခေါက်။ နမောတဿ သုံးခေါက်။ ငါး ပါးသီလအတိုင်းဆိုလေ။

ပြီးမှ— ‘‘အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာ တေမိ။ ။အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိ ။ အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိ’’။ ။ဒုတိ ယမ္ပိ, တတိယမ္ပိ ထည့်၍ သုံးကြိမ်ဆိုလေ။ ။‘‘အဇ္ဇတဂ္ဂေ ပါဏု ပေတံ ပါဏာတိပါတာ ဝိရမာမိ။ ။အဇ္ဇတဂ္ဂေ ပါဏုပေတံ အဒိန္နာဒါနာ ဝိရမာမိ။ ။အဇ္ဇတဂ္ဂေ ပါဏုပေတံ ကာမေသု မိစ္ဆာစာရာ ဝိရမာမိ။ ။အဇ္ဇတဂ္ဂေ ပါဏုပေတံ မုသာဝါဒါ ဝိရ မာမိ။ ။အဇ္ဇတဂ္ဂေ ပါဏုပေတံ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝိရမာမိ သိက္ခာပဒံသမာဒိယာမိ’’။ ။အာမဘန္တေ။

အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇာဒိံ ကတွာ၊ ဤယနေ့ကို အစပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ ဆောင်းနှင်းပါ၏။ ။ကျွန်ုင်းနည်းတူ။ ။သရဏဂုံအနက်။ ။ အဇ္ဇတဂ္ဂေ၊ ဤယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။

ပါဏာတိပါတာ၊ သူ၏အသက်ကို လျှင်စွာချခြင်းမှ။ ဝိရမာမိ၊ ရှောင်ကြဉ်ပါ၏။ ။၎င်းနည်းကိုမှီး၍ ပေးလေ။ ။ဤသီလကား ငါသည် ဤယနေ့ကစ၍ အသက်ထက်ဆုံး ဥပါသကာ ဥပါသိကာ ဖြစ်တော့အံ့ဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ကြကုန်သော ယောကျ်ား မိန်းမတို့သည် ကျင့်အပ်သောသီလပေတည်း။

ထိုသူတို့သည် ဤသီလကိုကျင့်၍ ဥပါသကာအင်္ဂါငါးပါးတို့ကို ပြည့်စုံစေရာ၏။ ။ငါးပါးဟူသော်ကား—

ဥပါသကာ (၁)

ဥပါသကသီလ (၂)

ဥပါသကအာဇီဝ (၃)

ဥပါသကသမ္ပတ္တိ (၄)

ဥပါသကဝိပတ္တိ (၅) တို့တည်း။

ထိုအင်္ဂါငါးပါးတို့တွင် ရတနာမြတ်သုံးပါး၏ဂုဏ်ကို ယုံကြည်လှ၍ ကိုယ်အသက်ကိုလျက် ငဲ့ကွက်ခြင်းမရှိသဖြင့် သရဏဂုံကို ဆောက်တည်သောသူသည် ဥပါသကာမည်၏ (၁)။

ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျားအောင် ကိုယ်အသက်ကို မငဲ့ကွက်ဘဲ ဆောင်နိုင်သောသူသည် ဥပါသက သီလရှိသူမည်၏ (၂)။

သတ္တဝါ၊လက်နက်၊အဆိပ်၊သေရည်သေရက်၊အမဲ သား ငါး၊ ဤကုန်ငါးပါးတို့ကို မရောင်းမချမူ၍ ကောင်းသော လယ်လုပ်ခြင်း၊ ကောင်းသော ကုန်သွယ်ခြင်း စသည်တို့ဖြင့် အသက်မွေးသောသူ သည် ဥပသက အာဇီဝရှိသူမည်၏ (၃)။

သဒ္ဓါတရားရှိခြင်း၊ သီလရှိခြင်း၊ ဒိဋ္ဌသုတမုတမင်္ဂလာတို့ကို မယုံခြင်း၊ ကံကိုယုံကြည်ခြင်း၊ သာသနာတော်၌သာ ဒက္ခိဏေယျ ရှိဦးတင်ခြင်း ဤသို့သော ကျေးဇူးတို့နှင့်ပြည့်စုံသောသူသည် ဥပါ သကသမ္ပတ္တိရှိသောသူမည်၏ (၄)။

ဝိပတ္တိမှာကား အပြစ်မရှိသောပျက်ခြင်း, အပြစ်ရှိသော ပျက်ခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ရတနာသုံးပါးတို့၌ကား ကိုယ်ကို မအပ်နှင်းမူ၍ သာသနာပ အညတိတ္ထိတို့၌ ကိုယ်ကို အပ်နှင်းခြင်းဟုဆိုအပ်သော အသဒ္ဓ, ငါးပါး သော သီ လ မရှိခြင်း ဒုဿီလ, ဒိဋ္ဌသုတမုတမင်္ဂလာ ဟု ဆိုအပ်သော ကောတုဟလမင်္ဂလာကို ယုံကြည်ခြင်း, ကံကိုမယုံကြည်ခြင်း, သာသနာတော်မှအပ ဒက္ခိဏေယျ ရှာမှီးခြင်း ဤသို့သော အာကာရတို့နှင့် ပြည့်စုံသော သူသည် အပြစ်ရှိသော ပျက်ခြင်းမည်၏။ ။ဤမှပြန်သောအားဖြင့် အသဒ္ဓ ဒုဿီလ ကောတုဟလမင်္ဂလသဒ္ဒဟ နောကမ္မသဒ္ဒဟ သာသနာတော်မှတပါး ဒက္ခိဏေယျပရိယေသ တို့ကို မပြုမကျင့်မူ၍ မိမိအသက်ဆုံးကာလမှ ပျက်ရ၍။ အ ပြစ် မ ရှိ သော ပျက် ခြင်း မည်၏။

ဥပါသကသီလပြီး၏။

မဂ္ဂင်တို့နှင့်တကွ အာဒိဗြဟ္မစရိယသီလဟုဆိုအပ်သော အာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်လိုမူ ကန်တော့၍။ ။"အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ"။ ။ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍တောင်း။ ။နမောတဿသုံးခေါက်။ ။ဗုဒ္ဓံ သရဏံသုံး ကြိမ်" ပြီးလျှင်။ ။ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ ။အဒိန္နာဒါနာ။ပ။မိ။ ။ကာမေသု။ပ။မိ။ ။မုသာဝါဒါ။ပ။မိ။ ။ပိသုဏာဝါစာယ ဝေရမဏိသိက္ခာပဒံ။ပ။မိ။ ။ဖရုသဝါစာယ ဝေရဏိသိက္ခာ။ပ။ယာမိ။ ။သမ္ဖပ္ပလာပဝါစာယ ဝေရမဏိသိက္ခာ။ပ။ယာမိ။ ။မိစ္ဆာအာဇီဝါ ဝေရဏိသိက္ခာပဒံ သမာဒိယာမိ။ ။အာမဘန္တေ။

အနက်မှာ ငါးပါးသီလကိုမှီး၍ပေးလေ။ ။အာဇီဝဋ္ဌမကသီလံ၊ အသက်မွေးခြင်းလျှင် ရှစ်ခုမြောက်သောသီ လဟု ဆိုအပ်သော။ ဤမျှသာထူးသည်။ သိက္ခာပုဒ်၌လည်း။ ပိသုဏာဝါစာယ၊ ချောပစ်ကုန်းတိုက်သော စကားကိုပြောဆိုခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်

ပါ၏။ ဉတိ၊ဤသို့။ သိက္ခာပဒံ၊ကို။ သမာဒိယာမိ၊ ၏။ ။ဖရုသဝါစာယ၊ လွှသွားကဲ့သို့ ရှန့်ရင်းကြမ်းကြုတ်သော စကားကို ပြောဆိုခြင်းမှ။ပ။၏။ ။သမ္ဖပ္ပလာပဝါစာယ၊ ဘာရတမင်းတို့၏ စစ်ထိုးခြင်း, သီတာမိန်းမကိုဆောင်ယူခြင်း စသော အပြိန်းအဖျင်းဖြစ်သောစကားကို ပြောဆိုခြင်းမှ။ပ။၏။ ။မိစ္ဆာအာဇီဝါ၊ အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ယုတ်မာသော အသက်မွေးခြင်းမှ။ ပ။၏။ ။အာဇီဝဋ္ဌမကသီလပြီး၏။

ရှစ်ပါးသီလယူနည်း။ ။အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။ ။ဒုတိယမ္ပိ,တတိယမ္ပိ,ထည့်၍ သုံးခေါက်ဆို။ ။အာမဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။( သုံးခေါက်ဆို )။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမဘန္တေ။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နစ္စ-ဂီတ - ဝါဒိတ - ဝိသူက ဒဿန - မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။ ။ရှစ်ပါးသီလခံယူပုံ ပြီး၏။

ဆယ်ပါးသီလခံယူပုံနည်း။ ။အဟံ ဘန္တေ တိသရဏေန သဟ ဒသဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ။ဒုတိယမ္ပိ, တတိယမ္ပိ, ထည့်၍ သုံးခေါက်ဆို။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။ ( သုံးခေါက်ဆို )။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ ။အာမ ဘန္တေ။

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရဏိသိက္ခာပဒံ သမာဒိယာမိ။

မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဉစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

ဆယ်ပါးသီလခံယူပုံ ပြီး၏။

ထိုသီလအမျိုးမျိုး၌ ပါဏာတိပါတာအစ, မုသာဝါဒါအဆုံးရှိသောသိက္ခာပုဒ်တို့၏ အဆုံးအဖြတ်, မိစ္ဆာစာရတို့၏ အဆုံးအဖြတ်တို့ကား နောက်ကရေးခဲ့ပြီးဖြစ်၍ မရေးတော့ပြီ။ ကြွင်းသောသိက္ခာပုဒ်တို့၏ အဆုံးအဖြတ်ကိုကား ဤသို့မှတ်ရာ၏—

### ၉၃-သုရာမေရယသိက္ခာပုဒ်အဆုံးအဖြတ်ကိုပြခြင်း။

သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ— ဟူသော ပဉ္စမသိက္ခာပုဒ်၌။ ။ "သုရာတိ ပိဋ္ဌသုရာ ပူဝသုရာ ဩဒနသုရာ ကိဏ္ဏပက္ခိတ္တာ သမ္ဘာရသံယုတ္တာ'တိ ပဉ္စသုရာ" ဟူသော ပါဠိတ်

ပါဠိတော်နှင့်အညီ ပိဋ္ဌသုရာ, ပူဝသုရာ, ဩဒနသုရာ, ကိဏ္ဏပက္ခိတ္တသုရာ, သမ္ဘာရသံယုတ္တသုရာ ဟူ၍ ငါးပါးအပြားရှိ၏။ ။''မေရယန္တိ ပုပ္ဖါသဝေါ ဖလာသဝေါ မဓွါသဝေါ ဂုဠာသဝေါ သမ္ဘာရသံယုတ္တောတိ ပဉ္စ အာသဝါ'' ဟူသော ပါဠိတော်နှင့်အညီ ပုပ္ဖါသဝအရက်, ဖလာသဝအရက်, မဓွါသဝအရက်, ဂုဠာသဝအရက်, သမ္ဘာရသံယုတ္တအရက် ဟူ၍ အရက်ငါးပါးအပြားရှိ၏။

အနက်ကား။ ။သုရာတိ၊ သုရာဟူသည်ကား။ ပိဋ္ဌသုရာ၊ မုံ့ညက်ဖြင့် ပြုအပ်သောသေရင်း။ ပူဝသုရာ၊ မုံ့ဖြင့် ပြုအပ်သောသေရင်း။ ဩဒနသုရာ၊ ထမင်းဖြင့် ပြုအပ်သောသေရင်း။ ကိဏ္ဏပက္ခိတ္တာ၊ သေရည်ကို ခတ်လောင်း၍ ပြုသောသေရင်း။ သမ္ဘာရသံယုတ္တာ၊ သစ်မြစ်သစ်သီး အစရှိသော အဆောက်အဦး တို့နှင့်ယှဉ်၍ပြုသောသေရင်း။ ဣတိ၊ ဤသို့။ သုရာ၊ သေတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ။မေရယန္တိ၊ မေရယဟူသည်ကား။ ပုပ္ဖါသဝေါ၊ သစ်ပွင့်ဖြင့် ပြုအပ်သောအရက်ရင်း။ ဖလာသဝေါ၊ သစ်သီးဖြင့်ပြုအပ်သော အရက်ရင်း။ မဓွါသဝေါ၊ မုဒရက်သီးအရည်ဖြင့် ပြုအပ်သောအရက်ရင်း။ ဂုဠာသဝေါ၊ တင်လဲဖြင့် ပြုသော အရက်ရင်း။ သမ္ဘာရသံယုတ္တော၊ အထူးထူးသော အဆောက်အဦတို့၏ အရည်ဖြင့်ပြုသောအရက်ရင်း။ ဣတိ၊ ဤသို့။ အာသဝါ၊ အရက်တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။

သုရာတိ ပိဋ္ဌသုရာ ပူဝသုရာအစရှိသဖြင့် ဟောတော်မူအပ်သော ငါးပါးသောသုရာ တို့တွင်။ ။''တတ္ထ ပိဋ္ဌသုရာတိ ပိဋ္ဌံ ဘာဇနေ ပက္ခိပိတွာ တဇ္ဇံ ဥဒကံ ဒတွာ မဒ္ဒိတွာ ကတာ။ဝေံ ပူဝသုရာ ဩဒနသုရာပိ ကတာ''။ ။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ ။ပိဋ္ဌသုရာမည်သည်ကား မုံ့ညက်ကို အိုး၌ ထည့်၍ ထိုမုံ့ညက်နှင့် တန်လောက်ရုံသောရေကို လောင်းပြီးလျှင် နယ်၍ပြုအပ်သော သုရာသည် ပိဋ္ဌသုရာမည်၏။ ပူဝသုရာ ဩဒနသုရာ တို့ကိုလည်း ပိဋ္ဌသုရာကဲ့သို့အတူ ပြုအပ်၏။ ။အနက်ကား။ ။တတ္ထ၊ ထိုငါးပါးသော သုရာတို့တွင်။ ပိဋ္ဌသုရာတိ၊ ပိဋ္ဌသုရာဟူသည်ကား။ ပိဋ္ဌံ၊ မုံ့

ညက်ကို။ ဘာဇနေ၊အိုး၌။ ပက္ခိပိတွာ၊ထည့်၍။ တဓ္မ ဥဒကံ၊ ထိုမှုံ့ညက်နှင့် တန်ရုံလောက်သော ရေကို။ ဒတွာ၊ ထည့်လောင်း၍။ မဒ္ဒိတွာ၊ နယ်၍။ ကတာ၊ပြုအပ်၏။ ဧဝံ၊ဤအတူ။ ပူဝသုရာ ဩဒနသုရာပိ၊ ပူဝသုရာ ဩဒနသုရာ တို့ ကို လည်း။ ကတာ၊ ပြုအပ်ကုန်၏။

ကိဏ္ဏပက္ခိတ္တသုရာ မည်သည်ကား။ ။"ကိဏ္ဏာတိ သုရာယ ဗီဇံ ဝုစ္စတိ၊ယေ သုရမောဒကာတိပိ ဝုစ္စန္တိ၊တေ ပက္ခိပိတွာ ကတာ ကိဏ္ဏပက္ခိတ္တာ နာမ"။ ။ငှင်းအဋ္ဌကထာ။ ။သေ၏မျိုးစေ့ကို ငှင်း အကြင်ဝတ္ထုကို သေဟူ၍ ဆိုအပ်ကုန်၏။ထိုသေရည်တို့ကိုငှင်း ထည့်ခတ်၍ ပြုသော သေသည် ကိဏ္ဏပက္ခိတ္တသုရာမည်၏။ ။အနက်ကား။ ။ကိဏ္ဏာတိ၊ကိဏ္ဏာဟူသည်ကား။ သုရာယ၊သေ၏။ ဗီဇံ၊မျိုးစေ့ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ယေ၊ အကြင်ဝတ္ထုတို့ကို။ သုရမောဒကာတိပိ၊ သေရည်တို့ဟူ၍လည်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေ၊ထိုသေရည်တို့ကို။ ပက္ခိပိတွာ၊ထည့်၍။ ကတာ၊ ပြုအပ်သော သေရည်သည်။ ကိဏ္ဏပက္ခိတ္တာ နာမ၊ ကိဏ္ဏပက္ခိတ္တမည်၏။

သမ္ဘာရသံယုတ္တသေ မည်သည်ကား။ ။"ဇာတကိ သာသပါဒိ နာနာသမ္ဘာရေဟိ သံယောဇိတာ သမ္ဘာရသံယုတ္တာ နာမ"။ ။ငှင်းအဋ္ဌကထာ။ ။ပိတ်တကျည်သီး မုန်ညင်းဆန် အစရှိသော အထူးထူးသော အဆောက်အဦတို့နှင့် ယှဉ်၍ ပြုသော သေသည် သမ္ဘာရသံယုတ္တသေမည်၏။ ။အနက်ကား။ ။ဇာတကိ သာသပါဒိ နာနာသမ္ဘာရေဟိ၊ ပိတ်တကျည်သီး မုန်ညင်းဆန် အစရှိသော အထူးထူးသော အဆောက်အဦ တို့ဖြင့်။ သံယောဇိတာ၊ ယှဉ်၍ပြုအပ်သော သေသည်။ သမ္ဘာရသံယုတ္တာ နာမ၊ သမ္ဘာရသံယုတ္တသေ မည်၏။

မေရယန္တိ ပုပ္ဖါသဝေါ ဖလာသဝေါ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အရက်တို့တွင်။ ။"ပုပ္ဖါသဝေါနာမ မဓုက ပုပ္ဖါဒိဝသေန ကတော"။ ။ပါဠိတ်အဋ္ဌကထာ။ ။ပုပ္ဖါသဝ

အရက် မည်သည်ကား သစ်မည်စည်ပွင့် အစရှိသည်တို့၏ အရည်ဖြင့် ပြုအပ်သော အရက်သည် ပုပ္ဖါသဝအရက် မည်၏။ ၊အနက်ကား။ ။ပုပ္ဖါသဝေါနာမ၊ ပုပ္ဖါသဝမည်သည်ကား။ မဓုကပုပ္ဖါဒိ ဝသေန၊ သစ်မည်စည်ပွင့် အစရှိသည့်တို့၏အရည်ဖြင့်။ ကတော၊ ပြုအပ်သောအရက်တည်း။

ဖလာသဝ အရက်မည်သည်ကား မုဒရက်သီး အစရှိသည်တို့ကို ထောင်းနယ်၍ ထိုမုဒရက်သီးတို့၏ အရည်ဖြင့်ပြုအပ်သော အရက်သည် ဖလာသဝအရက်မည်၏။ ။"ဖလာသဝေါနာမ မုဒ္ဒိကဖလာဒိနိ မဒ္ဒိတွာ တေသံ ရသေန ကတော"။ ။ငင်းအဋ္ဌကထာ။ ။ ဖလာသဝေါနာမ၊ ဖလာသဝအရက်မည်သည်ကား။ မုဒ္ဒိကဖလာဒိနိ၊ မုဒရက်သီးအစရှိသည်တို့ကို။ မဒ္ဒိတွာ၊နယ်၍။ တေသံ၊ ထိုမုဒရက်သီး အစရှိသည်တို့၏။ ရသေန၊အရည့်ဖြင့်။ ကတော၊ ပြုအပ်သော အရက်တည်း။

"မဓွါသဝေါနာမ မုဒ္ဒိကာနံ ဇာတိရသေန ကတော၊ မက္ခိကမဓုနာ ကရိယတီတိ ဝဒန္တိ"။ ။ငင်းအဋ္ဌကထာ။ ။မုဒရက်သီးတို့၏ ပကတိသောအရည်ဖြင့် ပြုအပ်သော အရည့်သည်လည်းကောင်း ပျားကြီးပျားငယ် ပျားသုံး ပျားအောင်းတို့၏ အရည်ကို ပြုသော အရက်သည်လည်းကောင်း မဓွါသဝအရက်မည်၏။ ။ အနက်ကား။ ။မဓွါသဝေါနာမ၊ မဓွါသဝအရက် မည်သည်ကား။ မုဒ္ဒိကာနံ၊ မုဒရက်သီးတို့၏။ ဇာတိရသေန၊ ပကတိသောအရည်ဖြင့်။ ကတော၊ ပြုအပ်သောအရက်တည်း။ မက္ခိကမဓုနာ၊ ယင်ပျားရည်ဖြင့်။ ကရိယတိ၊ပြုအပ်၏။ ဣတိ၊ဤသို့။ ကေစိ အာစရိယာ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ဆိုကြကုန်၏။

"ဂုဠာသဝေါနာမ ဥစ္ဆုရသာဒီဟိ ကရိယတိ"။ ။ငင်းအဋ္ဌကထာ။ ။ဂုဠာသဝအရက်မည်သည်ကား ကြံရည် အစရှိသည်တို့ဖြင့်ပြုအပ်သော အရက်သည် ဂုဠာသဝအရက်မည်၏။ ။ဂုဠာသဝေါနာမ၊ ဂုဠာသဝအရက် မည်သည်ကား။ ဥစ္ဆုရသာဒီဟိ၊ ကြံရည် အစရှိသည်တို့ဖြင့်။ ကရိယတိ၊ပြုအပ်သောအရက်တည်း။

သမ္ဘာရသံယုတ္တအရက် မည်သည်ကား။ "ဟရိတကာ မလက ကဋုက ဘလ္လာဒိနာနာသမ္ဘာရာနံ ရသော စိရပရိဝါသိတော သမ္ဘာရသံယုတ္တောနာမ"။ ။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ ။ သဖန်းခါးသီး တြိကဋုက်သစ်ဆိမ့်သီး အစရှိသော အဆောက်အဦ တို့၏ ရှည်မြင့်စွာ သိမ်းအပ် ထုံအပ်သောအရည်ဖြင့် ပြုအပ်သော အရက်သည် သမ္ဘာရသံယုတ္တအရက်မည်၏။ ။အနက်ကား။ ။ ဟရိတကာ မလက ကဋုက ဘလ္လာဒိနာနာသမ္ဘာရာနံ၊ သဖန်း ခါးသီး ဆီးဖြူသီး တြိကဋုက် သစ်ဆိမ့်သီး အစရှိသော အထူး ထူးသော အဆောက်အဦတို့၏။ စိရပရိဝါသိတော၊ ရှည်မြင့်စွာ သိမ်းအပ် ထုံအပ်သော။ ရသော၊အရည်သည်။ သမ္ဘာရသံယုတ္တော နာမ၊ သမ္ဘာရသံယုတ္တအရက်မည်၏။

ထိုသို့ ဆိုအပ်ပြီးသော သုရာငါးပါး, မေရယငါးပါး ကိုသာ လျှင် ဤသိက္ခာပုဒ်၌ ယူအပ်သည်မဟုတ်။ သုရာငါးပါး, မေရယ ငါးပါးမှတပါး, ယစ်ခြင်းမူးခြင်းကို ဖြစ်စေတတ်ကုန်သော ဘိန်း, ဘင်း, အာသာဝတီနွယ်သီး အစရှိသော အသီး, အပွင့်, အရွက်, အခေါက်တို့သည်၎င်း, ထိုအပွင့်,အသီး, အရွက်,အခေါက် မှဖြစ် သော အရည်တို့သည်၎င်း, ယေဝါပနက၏ အစွမ်းအားဖြင့် မဇ္ဇ မည်၏။ ။"ယံ ဝါ ပန ညံပိ ကိဉ္စိ အတ္ထိ မဒနိယံ၊ ယေန ပီတေန မတ္တော ဟောတိ ပမတ္တော၊ ဣဒံ ဝုစ္စတိ မဇ္ဇံ"။ ။၎င်းအဋ္ဌကထာ။ ။ အညံပိ၊ထိုဆယ်ပါးသောယစ်မျိုးမှ တပါးသော။ ယံ ဝါ ပန ကိဉ္စိ၊ အလုံးစုံသော။ မဒနိယံ၊ယစ်ခြင်း၏အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ယေန ယံ မဒနိယံ၊ အကြင် ယစ်ခြင်း၏ အကြောင်းကို။ ပီတေန၊ သောက်သဖြင့်။ မတ္တော၊မေ့လျော့သည်။ ပမတ္တော၊ အပြားအား ဖြင့် မေ့လျော့သည်။ ဟောတိ၊၏။ ဣဒံ၊ ဤယစ်မျိုးကို။ မဇ္ဇံ၊ မဇ္ဇ မည်၏ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ထိုသုရာမေရယ သည် ယစ်စေတတ်သောကြောင့် မဇ္ဇမည်၏။ မေ့လျော့ခြင်းကို ဖြစ်စေတတ်သောကြောင့် ပမာဒဋ္ဌာန မည်၏။ ထိုသုရာမေရယကို အကြင်စေတနာဖြင့် သောက်၏။ ထိုသောက်လို

သော စေတနာ၏ အမည်သာဟု မှတ်အပ်၏။ ။ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌။ ။"ပိဋ္ဌပူဝါဒိ နိဗ္ဗတ္တာ သုရာ-စေဝ ပုပ္ဖါဒိနာ မေရယဉ္စ သုရာမေရယံ၊တဒေဝ မဒနိယဋ္ဌေန မဇ္ဇမေဝ ပမာဒကရဏဋ္ဌေန ပမာဒဋ္ဌာနဉ္စ၊တံ ယာယ စေတနာယ ပိဝတိ၊တဿာ တေံ အဓိဝစနံ"ဟု မိန့်၏။ ။ပိဋ္ဌပူဝါဒိ နိဗ္ဗတ္တာ၊မုံ့ညက်စသည်မှ ဖြစ်သော ယစ်မျိုးသည်။ သုရာစေဝ၊သုရာလည်းမည်၏။ ပုပ္ဖါဒိနာ၊ သစ်ပွင့်စသည်မှ။ နိဗ္ဗတ္တံ၊ဖြစ်သောယစ်မျိုးသည်။မေရယဉ္စ၊မေရယ လည်းမည်၏။ သုရာမေရယံ၊ သုရာမေရယမည်၏။ တဒေဝ၊ ထို သုရာမေရယသည်ပင်လျှင်။ မဒနိယဋ္ဌေန၊ ယစ်ခြင်းကိုဖြစ်စေတတ် သော အနက်ကြောင့်။ မဇ္ဇမေဝ၊ မဇ္ဇလည်းမည်၏။ ပမာဒကရဏဋ္ဌေန၊ မေ့လျော့ခြင်းကို ပြုတတ်သောအနက်ကြောင့်။ ပမာဒဋ္ဌာနဉ္စ၊ ပမာဒဋ္ဌာနလည်းမည်၏။ တံ၊ ထိုယစ်မျိုးကို။ ယာယ စေတနာယ၊ အကြင် သောက် လို သော စေတနာဖြင့်။ ပိဝတိ၊ သောက်၏။ တေံ၊ထိုပမာဒဋ္ဌာန ဟူသော အမည်သည်။ တဿာ၊ ထိုသောက်လိုသော စေတနာ၏။ အဓိဝစနံ၊အမည်တည်း။

သုရာမေရယကို ယစ်မူးအောင်သောက်မှသာ အပြစ်ရှိသည် မဟုတ်။ သက်ကယ်ချောင်းဖြင့်ဇင်း, သမန်းမြက်ဖျားဖြင့်ဇင်း, ကော်၍ ဆီး နှင်းပေါက် မျှ လောက် သော သေကိုသောက်ရာ၌ အပြစ်ရှိ၏။ ။ထိုကြောင့်။ ။"အန္တမသော ကုသဂ္ဂေန ပိဝတိ" ဟူသော ပဒဘာဇနီပါဠိတ်ပါဠိတော်။ ထိုပါဠိ၏အဘွင့်ဖြစ်သော အဋ္ဌကထာ၌။ ။"အန္တမသော ကုသဂ္ဂေန ပိဝတီတိ တေံ သုရံဝါ မေရယံဝါ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေန ပိဝတော ပါစိတ္တိယန္တိ အတ္ထော"ဟု မိန့်၏။ ။အန္တမသော ကုသဂ္ဂေန ပိဝတီတိ၊ပိဝတိ ဟူသည်ကား။တေံ သုရံဝါ၊ထိုငါးပါးသော သေကိုလည်းကောင်း။ တေံ မေရယံဝါ၊ ထိုငါးပါးသော မေရယကိုလည်းကောင်း။ ဗီဇတော၊ မျိုးစေ့မှ။ ပဋ္ဌာယ၊ စ၍။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ပိဝတော၊သောက်သောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။ ဣတိ၊ဤသည်လျှင်။ အတ္ထော၊အနက်တည်း၊ ဝါ၊ မြတ်စွာ ဘုရားအလိုတော်တည်း။

ဤအဋ္ဌကထာတွင် ဗီဇတော ပဌာယ ဟူသောပါဌ်ဖြင့် ပြအပ်သော သေမျိုးစေ့ဗီဇဟူသည်ကား ယစ်ခြင်း, မေ့လျော့ခြင်းကို ဖြစ်စေသတ်သော အသီး,အပွင့်,အရွက်,အခေါက်,အမြစ် အစရှိသော အဆောက်အဦတို့ကို စိရင်ပြီးလျှင် ပကတိထွက်မြဲတိုင်းသော ထန်းရည်, ပေရည်, အုန်းရည် အစရှိသည်တို့ကို ထည့်၍ ထားသောအိုး၌ သုရာမေရယ ဖြစ်စိမ့်သောငှါ ထိုယစ်ခြင်း မေ့လျော့ခြင်းကို ဖြစ်စေတတ်သော အဆောက်အဦတို့ကို ထည့်ခတ်သည်ဖြစ်အံ့။ လက်မှလွတ်၍ ထိုအရည်ထဲသို့ ကျကာမျှဖြင့်ပင်လျှင် သေ၏ဗီဇဖြစ်၍ မသောက်အပ်။ ယစ်ခြင်း မေ့လျော့ခြင်းကို ဖြစ်စေတတ်သော အဆောက်အဦတို့ကို အိုး၌ထည့်ပြီးလျှင် ထန်းခိုင်, အုန်းခိုင်, ပေဖူး အစရှိသည်တို့၌ ခံသည်ဖြစ်အံ့။ ယိုသစ်စ ထွက်သစ်စပင် ဖြစ်သော်လည်း အခိုင်မှလွတ်၍ အိုးထဲသို့ကျသည်နှင့် တပြိုင်နက် သုရာမေရယဗီဇဖြစ်၍ မသောက်အပ်ဟု သိမှတ်အပ်၏။ ။ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌။ ။" ဗီဇတော ပဌာယာတိ သမ္ဘာရေ ပဋိယာဒေတွာ စာဋိယံ ပက္ခိတ္တ ကာလတော တာလနာဠိကေရာဒီနံ ရသော ဂဟိတာဘိနဝကာလတော ယေဝ စ ပဌာယ" ဟု မိန့်၏။ ။ဗီဇတောပဌာယာတိ၊ ဟူသည်ကား။ သမ္ဘာရေ၊ ယစ်ခြင်းကို ဖြစ်စေတတ်သော အသီး, အပွင့်, အစရှိသော အဆောက်အဦတို့ကို။ ပဋိယာဒေတွာ၊ စီရင်၍။ စာဋိယံ၊အိုး၌။ ပက္ခိတ္တကာလတော၊ ထည့်သောကာလမှ။ ပဌာယ၊ စ၍။ ဗီဇံ၊ဗီဇမည်၏။ တာလနာဠိကေရာဒီနံ၊ ထန်း အုန်း အစရှိသည်တို့၏။ ရသော၊ အရည်သည်။ ဂဟိတာဘိနဝကာလတော ယေဝ စ၊ ယိုသစ် ထွက်သစ်သော ကာလမှလျှင်။ ပဌာယ၊ စ၍။ ဗီဇံ၊ ဗီဇမည်၏။

ဤ၌ အချို့သောဆရာတို့သည်။ ။"တာလနာဠိကေရာဒီနံ ရသော ဂဟိတာဘိနဝကာလတော ယေဝ စ ပဌာယ" ဟူသော ဋီကာပါဌ်ကိုမြင်သဖြင့် ယိုထွက်သစ်စ ဖြစ်သော ထန်းရည် ပေရည် အုန်းရည် တို့သည် သုရာမေရယဗီဇ ဖြစ်၏ဟု ထိုဋီကာပါဌ်၏ အနက်အဓိပ္ပါယ်ကိုယူ၍ ထန်းရည်, ပေရည်, အုန်းရည် တို့ကို

မသောက်အပ်ဟု ဆိုကြကုန်၏။ ထိုဆရာတို့သည် ဋီကာဆရာ၏ အာဘော်နှလုံးသွင်းကို မသိသဖြင့် ဋီကာပါဌ်၏ အနက်အဓိပ္ပါယ်ကို မှန်ကန်စွာ သဘောကျနအောင် မယူမဆနိုင်သောကြောင့် ဆိုခြင်းမျှသာဖြစ်၍ ထိုစကားကို မမှတ်မယူအပ်။ ။ပယ်အပ်သည် သာတည်း။ ။အဘယ်ကြောင့်နည်းဟူမူ။ ။"တာလနာဠိကေရာဒီနံ ရသော ဂဟိတာဘိနဝကာလတောယေဝ စ ပဌာယ" ဟူသော ဤဋီကာပါဌ်သည် ယိုသစ်ထွက်စ ဖြစ်သော ထန်းရည်, ပေရည်,အုန်းရည်တို့ကို သေ၏ဗီဇဖြစ်၍ မသောက်အပ်ကြောင်းကို ပြသောပါဌ်မဟုတ်၊ စင်စစ်သော်ကား ယစ်ခြင်း, မေ့လျော့ခြင်းကို ဖြစ်စေတတ်သော အသီး, အပွင့် အစရှိသော အဆောက်အဦတို့ကို ခံအိုးစသည်တို့၌ ထည့်ပြီးလျှင် ထန်းခိုင်, အုန်းခိုင်, ပေဖူးစသည်တို့၌ အရည်ကိုခံသဖြင့် ထိုအခိုင်မှလွတ်၍ အိုးထဲသို့ကျသည်နှင့်တပြိုင်နက် ယိုသစ်စဖြစ်သော အရည်ပင်ဖြစ်သော်လည်း သုရာဗီဇဖြစ်၍ မသောက်အပ်ကြောင်းကို ပြဆိုသောပါဌ်သာဖြစ်သည်။ ထိုကြောင့် ယစ်မူးခြင်းကို ဖြစ်စေတတ်သော အဆောက်အဦတို့ကို ထည့်၍ ထားသော အိုးမှတပါး အခြားသော ပကတိသော အိုးတို့နှင့်ခံ၍ ထန်းရည်,အုန်းရည်,ပေရည် စသည်တို့ကို သောက်ရာ၌ အပြစ်မရှိဟု မှတ်အပ်သိအပ်၏။ ။အဘယ်ပါဌ်ကို မြင်သဖြင့် သိအပ်သနည်းဟူမူကား။ ။"မဓုကတာလနာဠိကေရာဒီနံ ပုပ္ဖရသော စိရပရိဝါသိတော ပုပ္ဖါသဝေါ" ဟူသောပါဌ်ကို မြင်၍ သိရာ၏။ ထိုကြောင့် သုရာမေရယဖြစ်စိမ့်သောငှါ ပဲကြီးစေ့အစရှိသော သေ၏ အဆောက်အဦ ဖြစ်သော အမြစ်, အရွက်, အသီး, အပွင့် အစရှိသည်တို့ကို ထည့်သော အိုးမှတပါး ပကတိသောအိုးဖြင့်ခံ၍ သောက်ရာ၌ အပြစ်မရှိဟု သန္နိဋ္ဌာန်ကျမှတ်။ ထိုပဲကြီးစေ့အစရှိသော သေ၏အဆောက်အဦတို့ကို ထည့်၍ထားသော အိုး၌လည်းကောင်း သေကြွင်းသေကျန်နှင့်တကွ သေချီးကပ်သော အိုး၌လည်းကောင်း ကျသောအရည်ကိုကား ကျသည်နှင့်တပြိုင်နက် သေ၏ဗီဇဖြစ်၍ မသောက်အပ်ဟုမှတ်။

ဤသို့ဆိုအပ်ပြီးသော ဘိန်း,ဘင်း အစရှိသော ယေဝါပနက

ယစ်မျိုးနှင့်တကွ သုရာငါးပါး,မေရယငါးပါးတို့ကို သောက်သော သူတို့သည် အကုသိုလ်စိတ်ဖြင့်သာလျှင် သောက်သောကြောင့် စင်စစ်အားဖြင့် အပြစ်ကြီးကြောင်းကို။ ။''အကုသလစိတ္တေနေ၀ သော ပါတဗ္ဗတော ဧကန္တေန သာ၀ဇ္ဇဘာ၀ေါ''ဟု မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌လာ၏။ ။အသော၊ ထိုသုရာမေရယကို။ အကု သလစိတ္တေနေ၀၊ အကုသိုလ်စိတ်ဖြင့်သာလျှင်။ ပါတဗ္ဗတော၊ သောက်အပ်သည်၏ အဖြစ်ကြောင့်။ ဧကန္တေန၊ စင်စစ်အားဖြင့်။ သာ၀ဇ္ဇဘာ၀ေါ၊အပြစ်ရှိသည်အဖြစ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

အရိယာသောတာပန်ပုဂ္ဂိုလ်တို့အားကား နို့ရည်နှင့်သေကို ရော၍တိုက်သော်လည်း မင်ဖြင့်ပယ်အပ်ပြီးသော ဝတ္ထု ဖြစ်သော ကြောင့် နို့ရည်သာ၀င်၍ သေမ၀င်ကြောင်းကိုလည်း။ ။''အရိယ သာ၀ကာနံ န ၀တ္ထုံ အဇာနန္တာပိ မုခံ ပဝိသတိ'' ဟု ၎င်းအဋ္ဌ ကထာ၌လာ၏။ ။အရိယသာ၀ကာနံ၊ သောတာပန် စသော အရိယာသာ၀ကတို့အား။ ၀တ္ထုံ၊ သေအရက်ဟူသော ၀တ္ထုကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ မုခံ၊ခံတွင်းသို့။ န ပဝိသတိ၊ မ၀င်နိုင်။ ။အရိယာ သောတာပန် ပုဂ္ဂိုလ်တို့အား သေမှန်းမသိ မူ၍ သောက်သော်လည်း ခံတွင်းသို့ မ၀င်နိုင်သည်ကား လွန်စွာ အပြစ်ကြီးသော၀တ္ထုဖြစ်၍ မ၀င်နိုင်ဟုမှတ်အပ်၏။ ကြိုးကြာငှက် တို့အား နို့ရည်နှင့်သေကိုရော၍ တိုက်သော်လည်း နို့ရည်သာ၀င် ၍ သေမ၀င်သည်ကား ကြိုးကြာငှက်တို့သဘောတည်း။

ထိုသေအရက်တို့ကို တလက်ဘက်မျှ သောက်သော် အပြစ် နည်း၏။ တခွက်တဖလားသောက်သော် ထိုထက်အပြစ်ကြီး၏။ ကိုယ်ကိုတုန်လှုပ်စေတတ်သော များစွာသော သေအရက်တို့ကို သောက်၍ ရွာပြည်ဖျက်ဆီးခြင်း စသည်ပြုရာ၌ လွန်စွာအပြစ်ကြီး ၏။ ။''ပသဋ္ဌမတ္တသ ပါနံ အပ္ပသာ၀ဇ္ဇံ၊အဍ္ဍာဠကမတ္တသ ပါနံ တတော မဟာသာ၀ဇ္ဇံ၊ကာယပစလကမတ္တံ ဗဟုံပိ ပိဝိတွာ ဂါမ ဃာတကာဒိကမ္မံ ကရောန္တဿ မဟာသာ၀ဇ္ဇမေ၀''။ ။၎င်းအဋ္ဌ ကထာ။ ။ပသဋ္ဌမတ္တဿ၊တလက်ဘက်မျှကို။ ပါနံ၊သောက်ခြင်း

သည်။ အပ္ပသာဝဇ္ဇံ၊အပြစ်နည်း၏။ အစုဒ္ဒကမတ္တာသာ၊ တခွက် တဖလားမျှကို။ ပါနံ၊ သောက်ခြင်းသည်။ တတော၊ ထိုထက်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏။ ကာယပစလာသမတ္တံ၊ ကိုယ်ကိုတုန် လှုပ်ခြင်းငှာ စွမ်းနိုင်သော။ ဗဟုံပိ၊ များစွာသော သေအရက်ကို လည်း။ ပိဝိတွာ၊သောက်၍။ ဂါမဃာတကာဒိကမ္မံ၊ ရွာဖျက်ခြင်း အစရှိသောအမှုကို။ ကရောန္တဿ၊ပြုသောသူအား။ မဟာသာဝဇ္ဇ မေဝ၊ ကြီးသောအပြစ်ရှိသည်သာလျှင်တည်း။

ပါဏာတိပါတကံ, အဒိန္နာဒါနကံ, ကာမေသုမိစ္ဆာစာရကံ, မုသာဝါဒကံ,သုရာမေရယကံ ဤကံငါးပါး တို့တွင် ပါဏာတိ ပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဤကံသုံးပါးကို လွန် ကျူးသောသူထက် မုသာဝါဒကံကိုလွန်ကျူးသောသူသည် အပြစ် ကြီး၏၊ထိုမုသာဝါဒကံကို လွန်ကျူးသောသူထက် သုရာမေရယကံ ကို လွန်ကျူးသောသူသည် အပြစ်ကြီး၏။ အပြစ်ကြီး ကြောင်း ကိုလည်း—

> သဗ္ဗေဟိပိ စေတေဟိ မုသာဝါဒေန သံဃဘေဒေါ မဟာသာဝဇ္ဇော၊ တံ ဟိ ကတွာ ကပ္ပံ နိရယေ ပစ္စတိ။ တတော သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော။ ကသ္မာ၊ မနုဿ ဘူတဿာပိ ဥမ္မတ္တကဘာဝံ ပဝတ္တနေန အရိယမဂ္ဂန္တရာယ ကရဏတော။ ။ခုဒ္ဒကပါဌအဋ္ဌကထာ။

သဗ္ဗေဟိပိ စ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဧတေဟိ၊ ထိုကံတို့ ထက်။ မုသာဝါဒေန၊ မုသာဝါဒကြောင့်။ ပဝတ္တော၊ ဖြစ်သော။ သံဃဘေဒေါ၊သံဃာကို သင်းခွဲသောကံသည်သာလျှင်။ မဟာ သာဝဇ္ဇော၊အပြစ်ကြီး၏။ ဟိ သစ္စံ၊မှန်၏။ တံ၊ထိုသံဃဘေဒကကံ ကို။ ကတွာ၊ပြု၍။ကပ္ပံ၊ အာယုကပ်ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စတိ၊ ကျက်၏။ တတော၊ ထိုသံဃဘေဒက မုသာဝါဒကံထက်။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနမေဝ၊ ယစ်ခြင်း မေ့လျော့ခြင်း၏ အ ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်း သည်သာလျှင်။

မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏။ တထာ၊ ထိုသုရာမေရယကံနှင့်အတူ။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ အစရှိသောကံတို့သည်။ မဟာသာဝဇ္ဇာ၊အပြစ်ကြီးကုန်သည်။ န၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ မနုဿဘူတဿာပိ၊ လူဖြစ်သော သူအားလည်း။ ဥမ္မတ္တကဘာဝံ၊ရူးသောအဖြစ်သို့။ ပဝတ္တနေန၊ဖြစ်စေသဖြင့်။ အရိယမဂ္ဂန္တရာယ ကရဏတော၊ မြတ်သော မဂ်ဖိုလ်တရား၏အန္တရာယ်ကို ပြုသောကြောင့်တည်း။

ထိုသို့ကျမ်းဂန်တို့၌ လာသောကြောင့် ပဉ္စသီလ၏ ငါးပါးကံတို့တွင် သေအရက်ကိုသောက်စားခြင်းဟုဆိုအပ်သော သုရာမေရယကံကို လွန်စွာအပြစ်ကြီးသောကံဟု မှတ်အပ်၏။ ။ထိုကြောင့် သေအရက်ကို သောက်စားခြင်းဟု ဆိုအပ်သောသုရာမေရယကံကို အသက်ထက်ဆုံး ရှောင်ကြဉ်အပ်၏။

ယင်းသို့ဆိုအပ်ခဲ့ပြီးသော သေအရက်တို့ကိုလည်း သွေးသလိပ်အစရှိသော အနာရောဂါတို့ကို ပျောက်စိမ့်သောငှါ ဆီအစရှိသော ဆေးတို့ကို ချက်ရာ၌၎င်း, အမဲဟင်း, ငါးဟင်း အစရှိသော ဟင်းတို့၌၎င်း, အနံ့ထုံစိမ့်သောငှါ အနည်းငယ်မျှခတ်၍ ချက်မူကား အပ်၏။ ထိုသေအရက်ခတ်၍ ချက်သောဆေး, သေအရက်ခတ်၍ ချက်သော အမဲဟင်း, ငါးဟင်း တို့ကို လူဖြစ်စေ, ရဟန်းဖြစ်စေ စားသောက်သုံးဆောင်ခြင်း၌ အပြစ်မရှိဟု မှတ်အပ်၏။

> သူပသံပါကေတိ ဝါသဂဟဏတ္ထံ ဤသကံ မဇ္ဇံ ပက္ခိပိတွာ သူပံ ပစန္တိ၊ တသ္မိံ အနာပတ္တိ။ မံသသံပါကေပိ ဧသေဝ နယော။ ။ပါစိတ်အဋ္ဌကထာ။

သူပသံပါကေတိ၊ သူပသံပါကေ ဟူသည်ကား။ ဝါသဂဟဏတ္ထံ၊အနံ့ထုံစိမ့်သောငှါ။ဤသကံ၊စဉ်းငယ်။ မဇ္ဇံ၊ယစ်မျိုးကို။ပက္ခိပိတွာ၊ထည့်၍။ သူပံ၊ဟင်းကို။ ပစန္တိ၊ချက်ကုန်၏။ တသ္မိံ၊ ထိုယစ်မျိုး ထည့်၍ချက်သောဟင်း၌။ အနာပတ္တိ၊ အာပတ်မသင့်။ မံသသံပါကေပိ၊ အမဲချက်ရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။

ထိုသေအရက်ခတ်၍ချက်သောဆေး, ထိုသေအရက်ခတ်၍ချက်သောဟင်း တို့ကိုလည်း သေအရက်တို့၏အနံ့အရသာကင်းမှသာ သုံးဆောင်အပ်၏။ သေအရက်တို့၏ အနံ့အရသာမကင်းသော်ကား အချင်းခပ်သိမ်း မစားကောင်း မသုံးဆောင်ကောင်း။ ထိုသို့ မစားကောင်း, မသုံးဆောင်ကောင်းသည့်အဖြစ်ကိုလည်း—

ယံ ပန တိက္ခတ္တမဇ္ဇံ ဟောတိ၊ ယတ္ထ မဇ္ဇဿ ဝဏ္ဏ ဂန္ဓ ရသာ ပညာယန္တိ။ တသ္မိံ အာပတ္တိယေဝ။
ဋီကာအဋ္ဌကထာ။

ယံ ပန၊အကြင်သေထည့်၍ ချက်သော ဟင်း,ဆေး သည်ကား။ တိက္ခတ္တမဇ္ဇံ၊ ထက်မြက်သောယစ်မျိုးသည်။ ဟောတိ၊ဖြစ်၏။ယတ္ထ၊ အကြင်သေထည့်၍ ချက်သောဟင်းဆေး၌။ မဇ္ဇဿ၊သေအရက်၏။ ဝဏ္ဏ ဂန္ဓ ရသာ၊အဆင်းအနံ့အရသာတို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ တသ္မိံ၊ထိုဟင်းဆေး၌။ အာပတ္တိယေဝ၊ အာပတ်သင့်သည်သာလျှင်တည်း။

သေ၏အနံ့အရသာရှိသော ဟင်းဆေးတို့ကိုကား အချင်းခပ်သိမ်း မစားမသောက်အပ်ဟု မှတ်အပ်၏။ သေ၏အနံ့အရသာရှိသော ဆီးဖြူ ရှစ်ရှား သဖန်းခါး အစရှိသော အသီး,အရွက်, အပွင့်,အခေါက်တို့ကို ပေါင်းသဖြင့် ပြုအပ်သော အရိဋ္ဌမည်သော ဆေးကို လူဖြစ်စေ,ရဟန်းဖြစ်စေ သုံးဆောင်ခြင်း၌ အပြစ်မရှိ။

အရိဋ္ဌောနာမ မဇ္ဇံ န ဟောတိ၊ တသ္မိံ အနာပတ္တိ။ ။
ဋီကာအဋ္ဌကထာ။

ဤသုရာမေရယ၌ အင်္ဂါကား။ ။"တဿ မဇ္ဇဘာဝေါ, ပါတုကမျတာ စိတ္တံ, တဇ္ဇော ဝါယာမော, အဇ္ဈောဟရဏန္တိစတ္တာရော သမ္ဘာရာ"ဟူသော ပါဠိနှင့်အညီ အင်္ဂါလေးပါးတည်း။ ။တဿ၊ ထိုဝတ္ထု၏။ မဇ္ဇဘာဝေါ၊သေ၏အဖြစ်၎င်း။ ပါတုကမျတာစိတ္တံ၊ သောက်လိုသောစိတ်၎င်း။ တဇ္ဇော ဝါယာမော၊ ထိုသောက်လိုသောစိတ်နှင့်လျော်သောလုံ့လ၎င်း။အဇ္ဈောဟရဏံ၊မျိုခြင်း၎င်း။

ဇူတိ၊ ဤသို့။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ စတ္တာရော၊ လေး ပါးတို့တည်း။

### ၉၄-ဝိကာလဘောဇနသိက္ခာပုဒ် အဆုံးအဖြတ်ကို ပြခြင်း။

ဝိကာလဘောဇနာ ဝေရမဏီ ဟူသော သိက္ခာပုဒ်၌၊ အရုဏ်တက်သည်ကစ၍ မွန်းတည့်သည် တိုင်ရုံသောကာလသည် ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ အစာစားရာကာလမည်၏။ မွန်းလွဲသည်မှစ၍ အရုဏ်တက်သည်တိုင်အောင် အရိယာသူတော်ကောင်းတို့ အစာမစားသောကာလဖြစ်၍ ဝိကာလ မည်၏။ ။“အရုဏုဂ္ဂမနတော ပဋ္ဌာယ ယာဝ မဇ္ဈန္တိကာ အရိယာနံဘောဇနဿ ကာလော နာမ၊ တဒညော ဝိကာလော”။ ။ဝိနယာလင်္ကာရဋီကာ။ ။အရုဏုဂ္ဂမနတော၊ အရုဏ်တက်သည်မှ။ ပဋ္ဌာယ၊စ၍။ ယာဝ မဇ္ဈန္တိကာ၊မွန်းတည့်သည်တိုင်အောင်။ အရိယာနံ၊ အရိယာတို့၏။ ဘောဇနဿ၊ အစာစားခြင်း၏။ကာလော နာမ၊ကာလမည်၏။ တဒညော၊ထိုမွန်းတည့်သည်မှတပါး မွန်းလွဲသောကာလသည်။ ဝိကာလော၊ ဝိကာလမည်၏။ ။ဘောဇနမည်သည်ကား၊ အလုံးစုံသော ယာဝကာလိကဝတ္ထုသည် စားအပ်သောကြောင့် ဘောဇနမည်၏။ ။“ဘုဉ္ဇိတဗ္ဗဋ္ဌေန ဘောဇနန္တိ ဣဒံ သဗ္ဗံ ယာဝကာလိကံ ဝုစ္စတိ”။ ။၎င်းအဋ္ဌကထာ။ ။ဘုဉ္ဇိတဗ္ဗဋ္ဌေန၊ စားအပ်သောအနက်ကြောင့်။ ဘောဇနန္တိ ဣဒံ၊ ဘောဇနံ ဟူသောဤပုဒ်ကို။သဗ္ဗံ၊အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိကဝတ္ထုကို။ ဝုစ္စတိ၊ဆိုအပ်၏။ ။ထိုဝိကာလဘောဇနသည်တရားကိုယ်အားဖြင့် နေလွဲသောအခါ၌ ယာဝကာလိကဝတ္ထုကိုမျိုခြင်း အဇ္ဈောဟရဏ စေတနာသည် ဝိကာလဘောဇနမည်၏။ ။“တံ အတ္ထတော ဝိကာလေ ယာဝကာလိကအဇ္ဈောဟရဏစေတနာ”။ ။၎င်းအဋ္ဌကထာ။ ။တံ၊ထိုဝိကာလဘောဇနသည်။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဝိကာလေ၊ နေလွဲသောကာလ၌။ ယာဝကလိကအဇ္ဈောဟရဏ စေတနာ၊ ယာဝကလိကဝတ္ထုကိုမျိုခြင်း အဇ္ဈောဟရဏစေတနာသာတည်း။

ဤသိက္ခာပုဒ်၌ အဗ္ဗောဟာရိကကိစ္စရှိသော ကာလိကဟူသည်ကား။ ။"ကာလိကာနိပိ စတ္တာရိတိ ဧတ္ထ ယာဝကာလိကံ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကန္တိ ဣမာနိ စတ္တာရိ ကာလိကာနိ ဝေဒိတဗ္ဗာနိ" ဟူသော ပါစိတ်အဋ္ဌကထာနှင့်အညီ ယာဝကာလိကလည်း တပါး, ယာမကာလိကလည်း တပါး, သတ္တာဟကာလိကလည်းတပါး, ယာဝဇီဝိကလည်းတပါး ဤသို့အားဖြင့် လေးပါးတည်း။ ။ထိုလေးပါးတို့တွင် အလုံးစုံသော ခဲဘွယ်ဘောဇဉ်သည် ယာဝကာလိက မည်၏။ ထိုနှစ်ပါးသော ခဲဘွယ်ဘောဇဉ်တို့တွင် ဘောဇနမည်သည်ကား။ ။"ဘောဇနာနိနာမ ဩဒနော ကုမ္မာသော သတ္တု မစ္ဆော မံသန္တိ ပဉ္စဘောဇနာနိ"။ ။ဋ္ဌင်းအဋ္ဌကထာ။ ။ထမင်းလည်းတပါး, မုယောဆန်ဖြင့်ပြုအပ်သော မုံ့ညက်လည်းတပါး, မုံ့လုံးလည်းတပါး, ငါးလည်းတပါး, အမဲလည်းတပါး ဤသို့အားဖြင့် ငါးပါးတည်း။ ။ဘောဇနာနိနာမ၊ ဘောဇဉ်တို့မည်သည်ကား။ ဩဒနော၊ထမင်းလည်းကောင်း။ ကုမ္မာသော၊ မုံ့ညက်လည်းကောင်း။ သတ္တု၊ မုံ့လုံးလည်းကောင်း။ မစ္ဆော၊ ငါးလည်းကောင်း။ မံသံ၊ အမဲလည်းကောင်း။ ဣတိ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့သည်၊ ဘောဇနာနိ၊ ဘောဇဉ်မည်ကုန်၏။

ထိုငါးပါးသော ဘောဇဉ်တို့တွင် ဩဒနမည်သည်ကား သလေးစပါး, ကောက်ကြီးစပါး, မုယောစပါး, နတ်ကောက်စပါး, ဆပ်, ပြောင်း, လူး ဟုဆိုအပ်သော စပါးမျိုးခုနစ်ပါးတို့၏ ဆန်ကိုထောင်းယူ၍ ထမင်းကိုသော်လည်းချက်အပ်။ ယာဂုကိုသော်လည်းကျိုအပ်။ အမှတ်မရှိတခုခုကိုရည်၍ ကျိုချက်သောယာဂုထမင်းသည် ပူသည်မူလည်းဖြစ်စေ၊ အေးသည်မူလည်းဖြစ်စေ စားကုန်သောသူတို့၏ စားသောအခါ၌ ထိုယူသောအရပ်တွင် ယူဆောင်သောလက်ရာသည် ထင်သည်ဖြစ်အပ်။ ဩဒနမည်၏။

ဩဒနောနာမ သာလိ ဝီဟိ ယဝေါ ဂေါဓုမော ကင်္ဂု
ဝရကော ကုဒြူသကောတိ ဣမေသံ သတ္တန္နံ ဓညာနံ တဏ္ဍုလေ

လေ ဂဟေတွာ ဘတ္တံ ပစာမာတိ ဝါ ယာဂုံ ပစာမာတိ ဝါ ယံကိဉ္စိ သန္ဓာယ ပစန္တု၊ သစေ ဥဏှံ ဝါ သီတလံ ဝါ ဘုဉ္ဇန္တာနံ ဘောဇနကာလေ ဂဟိတဋ္ဌာနေ ဩမိ ပညာ ယတိ ဩဒနော္တိ။

ဩဒနော္တနာမ၊ ထမင်းမည်သည်။ သာလိ၊ သလေးစပါးငင်း။ ဝီဟိ၊ ကောက်ကြီးစပါးငင်း။ ယဝေါ၊ မုယောစပါးငင်း။ ဂေါဓု မော၊ နတ်ကောက်စပါးငင်း။ ကင်္ဂု၊ဆပ်ငင်း။ ဝရကော၊ ပြောင်း ငင်း။ ကုဒြူသကော၊လူးငင်း။ ဣတိ ဣမေသံ သတ္တန္နံ ဓညာနံ၊ ဤ စပါးမျိုး ခုနစ်ပါးတို့၏။ တဏ္ဍုလေ၊ဆန်တို့ကို။ဂဟေတွာ၊ထောင်း ယူ၍။ ဘတ္တံ၊ထမင်းကို။ ပစာမ၊ချက်ကုန်အံ့။ ဣတိ ဝါ၊ ဤသို့ငင်း။ ယာဂုံ၊ ယာဂုကို။ ပစာမ၊ကျိုကုန်အံ့။ ဣတိ ဝါ၊ဤသို့ငင်း။ ယံကိဉ္စိ၊ အမှတ်မရှိတခုခုကို။သန္ဓာယ၊ရည်၍။ ပစန္တု၊ကျိုချက်သည်မူလည်း ဖြစ်စေကုန်။ ဥဏှံ ဝါ၊ အပူကိုငင်း။ သီတလံ ဝါ၊ အအေးကိုငင်း။ ဘုဉ္ဇန္တာနံ၊ စားကုန်သောသူတို့၏။ ဘောဇနကာလေ၊ စားသော အခါ၌။ ဂဟိတဋ္ဌာနေ၊ ယူရာအရပ်၌။ ဩမိ၊ လက်ရာသည်။ သစေ ပညာယတိ၊ အကယ်၍ထင်သည်ဖြစ်အံ့။ ဩဒနော၊ထမင်းမည်၏။

ကုမ္မာသမည်သည်ကား။ ။''ကုမ္မာသောနာမ ယဝေဟိ က တော'' ဟူသော ငင်းအဋ္ဌကထာနှင့်အညီ မုယောဆန်တို့ဖြင့် ပြု အပ်သော မုံ့ညက်သည် ကုမ္မာသမည်၏။ ။ကုမ္မာသောနာမ၊ ကုမ္မာသ မည်သည်ကား။ ယဝေဟိ၊မုယောဆန်တို့ဖြင့်။ ကတော၊ ပြုအပ်သည်တည်း။

သတ္တုမည်သည်ကား။ ။''သတ္တုနာမ သတ္တဓညာနိ ဘဇ္ဇိတွာ ကတော'' ဟူသော ငင်းအဋ္ဌကထာနှင့်အညီ စပါးမျိုး ခုနစ်ပါး တို့ကိုလှော်၍ ပြုအပ်သောဝတ္ထုသည် သတ္တုမည်၏။ ။သတ္တုနာမ၊ မုံ့လုံး မည်သည်ကား။ သတ္တဓညာနိ၊ စပါးမျိုး ခုနစ်ပါးတို့ကို။ ဘဇ္ဇိတွာ၊ လှော်၍။ ကတော၊ပြုအပ်သည်တည်း။ ။ထိုဘောဇဉ် ငါးပါးတို့တွင် — မဏ္ဍု၊ငါး။ မံသ၊အမဲ။ ဤဘောဇဉ်နှစ်ပါးကိုကား

ကျမ်းဂန်၌အထူးမပြသောကြောင့် ရှိတိုင်းပကတိသာမှတ်အပ်၏။ ဤသည်ကား ဘောဇဉ်ငါးပါး၏သရုပ်သဘောကို ပြသောစကားတည်း။

ခါဒနီယမည်သည်ကား။ ။"ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ ထပေတွာ အဝသေသံ ခါဒနီယံ နာမ"။ ။ပါစိတ်အဋ္ဌကထာ။ ။ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိက ဟုဆိုအပ်သော သုံးပါးသော ကာလိကကိုထား၍ ထိုကာလိက သုံးပါးမှကြွင်းကုန်သော ခုနစ်ပါးသောစပါးမျိုး ပဲကြီး, ပဲလွမ်း အစရှိသော ပဲမျိုး ထိုစပါးမျိုး, ပဲမျိုးတို့ကို ပြုအပ်သော။ သက္ခလိမောဒကာနိ၊ မုံ့ချိ, ကတွတ်မုံ့, မုံ့လက်ကောက်, အစရှိသော မုံ့ခဲဘွယ်တို့မှတပါး အာမိသနှင့်အလားတူသော တော၌ဖြစ်သော သစ်မြစ်,သစ်ဥစသော ခဲဘွယ်သည်ကား။ မူလခါဒနီယံ၊ မုံလာမြစ် အစရှိသောအမြစ် ခဲဘွယ်။ ကန္ဒခါဒနီယံ၊နှမ်းပဲပင်ငယ် အဖု အစရှိသော အဖုခဲဘွယ်။ မုဠာလခါဒနီယံ၊ ပဒုမာကြာစွယ် အစရှိသော အစွယ်ခဲဘွယ်။ မတ္ထကခါဒနီယံ၊ ထန်းပင်ညှောက် အစရှိသော အညှောက်ခဲဘွယ်။ ခန္ဓခါဒနီယံ၊ ကြံပင်စည် အစရှိသော ပင်စည်ခဲဘွယ်။ တစခါဒနီယံ၊ အရည်နှင့်တကွသော ကြံခေါက်အစရှိသော အခေါက်ခဲဘွယ်။ ပတ္တခါဒနီယံ၊ ဗုဇ္ဇန်စာရွက် အစရှိသော အရွက်ခဲဘွယ်။ ပုပ္ဖခါဒနီယံ၊ ဟင်းနုနွယ်ပွင့် အစရှိသော အပွင့်ခဲဘွယ်။ ဖလခါဒနီယံ၊အုန်းသီး, ထန်းသီး, ဗျူးသီး, ဖရုံသီး အစရှိသော အသီးခဲဘွယ်။ အဋ္ဌိခါဒနီယံ၊ ပိန္နဲစေ့ အစရှိသော အစေ့ခဲဘွယ်။ ပိဋ္ဌခါဒနီယံ၊ ဆန်ညက်မုံ့ အစရှိသော မုံ့ညက်ခဲဘွယ်။ နိယျာသခါဒနီယံ၊ မဟာလှေကား အစရှိသော အစေးခဲဘွယ်။ ဤသို့ဆိုအပ်ပြီးသော အမြစ်အစရှိသော တဆယ့်နှစ်ပါးသော ဝတ္ထုတို့သည်လည်း ခဲဘွယ်ဟူသော ရေတွက်ခြင်းသို့ ရောက်သောကြောင့် ခါဒနီယ မည်၏။ ။ဤကား ခါဒနီယ ဝတ္ထုတို့၏ သရုပ်ကိုဆိုသောစကားတည်း။

ဤသို့ဆိုအပ်ပြီးသော ထမင်းအစရှိသော ငါးပါးသော ဘောဇဉ်တို့ကိုရင်း, မုံ့လက်ကောက် အစရှိသော မုံ့ခဲဘွယ်နှင့်တကွ

မုံလာမြစ် အစရှိသော တဆယ့်နှစ်ပါးသော ခဲဘွယ်တို့ကိုငင်း, အရက်တက်သည်ကစ၍ မွန်းတည့်သည်တိုင်အောင် ပုရေဘတ္တဟု ဆိုအပ်သော နံနက်အခါ၌သာ သုံးဆောင်အပ်သောကြောင့် ယာဝကာလိကမည်၏။

တတ္ထ ပုရေဘတ္တံ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗံ ယံကိဉ္စိ ခါဒနီယဘောဇနီယံ ယာဝ မဇ္ဈန္ဟိက သမ်ါတော ကာလော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာဝကာလိကံ။

ငင်းအဋ္ဌကထာ။

တတ္ထ၊ထိုလေးပါးသော ကာလိကတို့တွင်။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ပဋိဂ္ဂဟေတွာ၊အကပ်ခံ၍။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်သော။ ယံကိဉ္စိ၊အလုံးစုံသော။ ခါဒနီယဘောဇနီယံ၊ ခဲဘွယ်ဘောဇဉ်ကို။ ယာဝ၊အကြင်မျှလောက်။ မဇ္ဈန္ဟိကသမ်ါတော၊ မွန်းတည့်သည်ဟုဆိုအပ်သော။ ကာလော၊အခါသည်။ အတ္ထိ၊ရှိ၏။ တာဝ၊ ထိုမျှလောက်။ ပရိဘုဉ္ဇိတဗ္ဗတော၊ သုံးဆောင်အပ်သောကြောင့်။ ယာဝကာလိကံ၊ ယာဝကာလိကမည်၏။ ။ဤကား ယာဝကာလိကအရကို ပြဆိုသော စကားတည်း။

ယာမကာလိကမည်သည်ကား။ ။''အနုလောမပါနေဟိ သဒ္ဓိံ အဋ္ဌဝိဓံပါနံ'' ဟူသော ငင်းအဋ္ဌကထာနှင့်အညီ အလျော်ဖြစ်သော အဖျော်တို့နှင့်တကွ ခွင့်ပြုတော်မူအပ်သော ရှစ်ပါးသော အဖျော်သည် ယာမကာလိကမည်၏။ ။ခွင့်ပြုတော်မူအပ်သော အဖျော်ရှစ်ပါး ဟူသော်ကား။ ။'' အနုဇာနာမိ ဘိက္ခဝေ အဋ္ဌ ပါနာနိ အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မုဒ္ဒိကပါနံ မဓုကပါနံ သာလူကပါနံ ဖါရုသကပါနန္တိ''။ ။မဟာဝါပါဠိတော်။ ။အမ္ဗပါနံ၊ သရက်သီးအဖျော်။ ဇမ္ဗုပါနံ၊ သပြေသီးအဖျော်။ စောစပါနံ၊ အိမ်ငှက်ပျောသီးအဖျော်။ မောစပါနံ၊ တောငှက်ပျောသီး အဖျော်။ မုဒ္ဒိကပါနံ၊ မုဒရက်သီး အဖျော်။ မဓုကပါနံ၊ သစ်မည်စည်သီး အဖျော်။ သာလူကပါနံ၊ ကြာစွယ်အဖျော်။ ဖါရုသကပါနံ၊ ဖက်သက်သရော်သီး အဖျော်။ ဘိက္ခဝေ၊

ရဟာန်းတို့။ အင္ဂပါနာနိ၊ ၅စ်ပါးသော အဖျော်တို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။ဤကား ခွင့်ပြုတော်မူအပ်သော အဖျော်ရှစ်ပါးတို့တည်း။

ထိုသို့ ခွင့်ပြုတော်မူအပ်သော အဖျော်ရှစ်ပါးတို့နှင့်လျော်သော အနုလောမ အဖျော်မည်သည်ကား။ ။''အဝသေသာနိ ဝေတ္တတိန္တိဏိက မာတုလုင် ကပိဋ္ဌ ကောသမ္ဗက ကရဝိန္ဒာဒိခုဒ္ဒကဖလပါနာနိ အင္ဂပါန ဂတိကာနိ'' ဟူသော ပါဠိတ်အဋ္ဌကထာနှင့်အညီ။ ။အဝသေသာနိ၊ဆိုအပ်ပြီးသော ခွင့်ပြုတော်မူအပ်သော အဖျော်ရှစ်ပါးမှ ကြွင်းကုန်သော။ ဝေတ္တ၊ ကြိမ်သီး။ တိန္တိဏိက၊ မန်ကျည်းသီး။ မာတုလုင်၊ ရှောက်သီး။ ကပိဋ္ဌ၊ သီးသီး။ ကောသမ္ဗက၊ ကြို့သီး။ ကရဝိန္ဒာဒိခုဒ္ဒကဖလပါနာနိ၊ ခံသီး ဤသို့အစရှိသော အသီးငယ်တို့နှင့်တကွ လွန်သီး,ဆီးသီး အစရှိသော အသီးငယ်သို့ဖြင့် ပြုအပ်သော အဖျော်တို့သည်။ အင္ဂပါန ဂတိကာနိ၊ရှစ်ပါးသော အဖျော်တို့နှင့် အလားတူရကား အနုလောမအဖျော်မည်ကုန်၏၊ ။ဤသို့ဆိုအပ်ပြီးသော အနုလောမအဖျော်နှင့်တကွ ခွင့်ပြုတော်မူအပ်သော အဖျော်ရှစ်ပါးတို့သည် ယာမကာလိက မည်၏။

ယင်းသို့ ဆိုအပ်ပြီးသော အသီးအဖျော်ရည်တို့သည်သာလျှင် ယာမကာလိက မည်သည်မဟုတ်သေး။ ။''အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ဖလရသံ ထပေတွာ ဓညဖလရသန္တိ'' ဟု ပါဠိတော်၌ လာသောကြောင့် စပါးမျိုးခုနစ်ပါးတို့၏ အသီး အရည် ကို လည်းကောင်း။ ထိုစပါးမျိုးခုနစ်ပါးတို့၏ အသီးအရည်နှင့်လျော်သော သာနုလောမဓညဖလရသ ဖြစ်သော။ တာလ၊ ထန်းသီး။ နာလိကေရ၊ အုန်းသီး။ ပနသ၊ ပိန္နဲသီး။ လဗုဇ၊တောင်ပိန္နဲသီး။ အလာဗု၊ ဗူးသီး။ ကုမ္ဘဏ္ဍက၊ဖရုံသီး။ ပုဿဖလ၊သခွါးသီး။တိပုသ၊ သခွါးဆစ်သီး။ ဧဠာလုက၊ သခွါးငကြောင်သီး။ ဤသို့ မဟာဖလဖြစ်သော အသီးကြီး ကိုးလုံးတို့၏ အသီးရည်ကိုငင်း။ အလုံးစုံသော ပုဗ္ဗဏ္ဏာပရဏ္ဏ ဖြစ်သော ပဲကြီး, ပဲလွမ်း အစရှိသော ပဲမျိုးတို့၏

အရည်ကိုရင်းထား၍ ကြွင်းသော အလုံးစုံသော အသီးအရည်တို့သည်ရင်း။ ။"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပတ္တရသံ ထပေတွာ ဍာကရသန္တိ " ဟု ပါဠိတော်၌လာသောကြောင့် ဟင်းရွက်ကျက်ရည်ကိုထား၍ ယာဝကာလိက ဖြစ်သော သစ်ရွက်ရည်တို့ကိုလည်း ရေအေးဖြင့်နယ်၍ ပြုအပ်သော အရည်သည်မှုလည်းဖြစ်စေ၊ နေပူဖြင့်ကျက်သော သစ်ရွက်ရည်မှုလည်းဖြစ်စေ၊ ဤသို့ဆိုအပ်ပြီးသော ယာမကာလိက ဖြစ်သော သစ်ရွက်ရည်တို့သည်ရင်း။ ။"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပုပ္ဖရသံထပေတွာ မဓုကပုပ္ဖရသန္တိ"ဟု ပါဠိတော်၌ လာသောကြောင့် သစ်မည်စည်ပွင့်အရည်ကိုထား၍ ကြွင်းသော အလုံးစုံသော အပွင့်အရည်တို့သည်ရင်း ဤဆိုအပ်ပြီးသော အလုံးစုံသော အသီးအရွက်အပွင့်တို့သည် ယာမကာလိက မည်ကုန်၏။ ထိုသို့ဆိုအပ်ပြီးသော မန်ကျည်းအဖျော်,ဇီးအဖျော် အစရှိသော အဖျော်ရည်တို့ကို မွန်းလွဲသည်မှစ၍ ပစ္ဆိမယာမ် ဟုဆိုအပ်သော ညဥ့်အခါ၌ သုံးဆောင်အပ်သောကြောင့် ယာမကာလိက မည်၏။ ။"ယာဝ ရတ္တိယာ ပစ္ဆိမ ယာမ သင်္ခါတော ယာမော၊ တာဝ ပရိဘုဉ္ဇိတဗ္ဗတော ယာမော ကာလော အဿာတိ ယာမကာလိကံ"။ ။ပါဠိတ်အဋ္ဌကထာ။ ။ယာဝ၊ အကြင်မျှလောက်။ ရတ္တိယာ၊ညဥ့်၏။ ပစ္ဆိမယာမသင်္ခါတော၊ အဆုံးစွန်သော ယာမ် ဟုဆိုအပ်သော။ ယာမော၊ယာမ်သည်။ အတ္ထိ၊ရှိ၏။ တာဝ၊ထိုမျှလောက်။ ပရိဘုဉ္ဇိတဗ္ဗတော၊သုံးဆောင်အပ်သောကြောင့်။အဿ၊ ထိုအဖျော်အား။ ယာမော၊ပစ္ဆိမယာမ် ဟုအပ်သော။ ကာလော၊ ကာလသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ထိုကြောင့်။ တံ၊ ထိုအဖျော်သည်။ ယာမကာလိကံ၊ ယာမကာလိက မည်၏။ ။ဤကား ယာမကာလိက အရကိုဆိုသောစကားတည်း။

သတ္တာဟကာလိက မည်သည်ကား။ ။"သတ္တာဟကာလိကံ နာမ သပ္ပိ နဝနီတံ တေလံ မဓု ဖါဏိတန္တိ ဣမာနိ ပဉ္စ ဘေသဇ္ဇာနိ နာမ"။ ။ပါဠိတ်အဋ္ဌကထာ။ ။သပ္ပိ၊ထောပတ်။ နဝနီတံ၊ဆီဦး။ တေလံ၊ဆီ။ မဓု၊ပျား။ ဖါဏိတံ၊တင်လဲ။ ။ဤငါးပါးသော ဆေးတို့သည်။ သတ္တာဟကာလိက မည်၏။ ။ထိုငါးပါးသောဆေးတို့

တွင် လူ,ဝံ,သစ်,ကျား,အောင်း, ခြင်္သေ့,မြင်း, ခွေး,မြွေ,ဆင် ဟု ဆိုသော ဆယ်ကောင်သောသတ္တဝါတို့၏အသားသည် ရဟန်းတို့အား မစား,မသုံးဆောင်အပ်သောကြောင့် အကပ္ပိယမံသမည်၏။ ဤအကပ္ပိယမံသ ဖြစ်သော သတ္တဝါတို့၏ နို့မှဖြစ်သော ထောပတ်ကိုထား၍ အသားကို သုံးဆောင်ခြင်းငှါ အပ်သော သတ္တဝါတို့၏ နို့မှဖြစ်သော နွားနို့ထောပတ်, ဆိတ်နို့ထောပတ်, ကျွဲနို့ထောပတ် ဤသို့အစရှိသော ထောပတ်သည် သပ္ပိမည်၏။ ။"တတ္ထ သပ္ပိနာမ ဂေါသပ္ပိဝါ အဇိကာသပ္ပိဝါ မဟိံသသပ္ပိဝါ ယေသံ မံသံ ကပ္ပတိ၊ တေသံ သပ္ပိ"။ ။ငှင်းအဋ္ဌကထာ။ ။တတ္ထ၊ ထိုငါးပါးတို့တွင်။ သပ္ပိနာမ၊ ထောပတ်မည်သည်ကား။ ဂေါသပ္ပိဝါ၊ နွားနို့ထောပတ်ငှင်း။ အဇိကာသပ္ပိဝါ၊ ဆိတ်နို့ထောပတ်ငှင်း။ မဟိံသသပ္ပိဝါ၊ ကျွဲနို့ထောပတ်ငှင်း။ ယေသံ၊အကြင်သတ္တဝါတို့၏။ မံသံ၊အသားသည်။ ကပ္ပတိ၊အပ်၏။ တေသံ၊ထိုသတ္တဝါတို့၏။ သပ္ပိ၊ ထောပတ်တည်း။

ဆီဦးမည်သည်ကား ထိုအသားအပ်သော သတ္တဝါတို့၏နို့ကို ထောပတ်ချက်သောအခါ ရှေးဦးစွာ တက်၍လာသော အဦးဖြစ်သော ဆီသည် နဝနီတ မည်၏။ ။"နဝနီတံနာမ တေသံယေဝ နဝနီတံ"။ ။ငှင်းအဋ္ဌကထာ။ ။နဝနီတံနာမ၊ ဆီဦးမည်သည်ကား။ တေသံယေဝ၊ ထိုသတ္တဝါတို့၏သာလျှင်။ နဝနီတံ၊ဆီဦးတည်း။

ဆီမည်သည်ကား နှမ်းဆီ,မုန်ညင်းဆီ,သစ်မည်စည်ဆီ, ကြက်ဆူဆီ။ ။ကျွဲ,နွား အစရှိသော ဆူသောသတ္တဝါတို့၏ အသားနှင့်စပ်၍တည်သော မေဒဖြစ်သော အဆီခဲသည် ယာဝကာလိကဝတ္ထု ဖြစ်၍ ဝသာတေလ မမည်။ ထိုကျွဲ,နွား အစရှိသောသတ္တဝါတို့၏ အသားချက်သောအခါ ရေပေါ်သို့တက်၍တည်သော ဝသာတေလ မည်သော သားဆီကြည် ဤသို့အစရှိသော ဆီတို့သည် တေလ မည်၏။ ။"တေလံနာမ တိလတေလံ သာသပတေလံ မဓုကတေလံ ဧရဏ္ဍကတေလံ ဝသာတေလံ"။ ။ငှင်း အဋ္ဌ

ကထာ။ ။တေလံနာမ၊ဆီမည်သည်ကား။ တိလတေလံ၊ နှမ်းဆီ ရင်း။ သာသပတေလံ၊ မုန်ညင်းဆီရင်း။ မဓုကတေလံ၊ သစ်မည် စည်ဆီရင်း။ ဧရဏ္ဍကတေလံ၊ကြက်ဆူဆီရင်း။ ဝသာတေလံ၊သား ဆီကြည်ရင်း။ ဣတိ၊ဤသည်တို့တည်း။

ပျားမည်သည်ကား ပျားကြီး,ပျားငယ်,ပျားသုံး,ပျားအောင်း အစရှိသော ပျားတို့သည်လည်း ယင်ပျားနှင့်တူသောကြောင့် မဓု ပျားမည်၏။ ဤအရာ၌ မက္ခိကမဓု ကိုသာ ယူအပ်၏။ ဘမရမဓုကို ကား မယူအပ်။ အဘယ်ကြောင့်နည်းဟူမူ ထိုဘမရမဓုသည် အ ရည်မရှိ ပျားချေးကဲ့သို့ဖြစ်၍ ယာဝကာလိက ဝတ္ထုနှင့်ရောလျက် တည်သောကြောင့် သတ္တာဟကာလိက မဖြစ်နိုင်။ ထိုကြောင့် မယူအပ်။

တင်လဲမည်သည်ကား ကြံမှဖြစ်သောတင် လဲသည် ဖါဏိတ မည်၏။ ထိုကြောင့် ဋ္ဌကထာ၌။ ။''ဖါနိတံနာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ-ဟု မိန့်၏။ ။ဖါဏိတံနာမ၊တင်လဲမည်သည်ကား။ဥစ္ဆုမှာ၊ ကြံမှ။ နိဗ္ဗတ္တံ၊ဖြစ်သောတင်လဲတည်း။ ။ထန်း,အုန်း,ပေ တို့မှဖြစ် သော တင်လဲသည်လည်း ထိုအတူ သတ္တာဟကာလိက မည်၏။ ထိုသတ္တာဟကာလိက ဖြစ်သော ထောပတ် အစရှိသော ဆေးငါး ပါးတို့ကို ရဟန်းတို့မှာ အကပ်ခံ၍ ခုနစ်ရက်ပတ်လုံး သုံးဆောင် အပ်သောကြောင့် သတ္တာဟကာလိက မည်၏။ ။''သပ္ပိအာဒိ ပဥ္စ ဝိဓံ ဘေသဇ္ဇံ ပဋိဂ္ဂဟေတွာ သတ္တာဟံ နိဓေတဗ္ဗတော သတ္တာ ဟော ကာလော အဿာတိ သတ္တာဟကာလိကံ''။ ။ဋ္ဌ ကထာ။ ။သပ္ပိအာဒိ ပဥ္စဝိဓံ၊ ထောပတ်စသော ငါးပါးအပြား ရှိသော။ ဘေသဇ္ဇံ၊ဆေးကို။ ပဋိဂ္ဂဟေတွာ၊အကပ်ခံ၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိဓေတဗ္ဗတော၊ သိုမှီး၍စားအပ်သောကြောင့်။ အဿ၊ထိုဆေးအား။ သတ္တာဟော၊ ခုနစ်ရက်ဟုဆိုအပ်သော။ကာ လော၊ကာလသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထိုကြောင့်။ တံ၊ ထိုဆေး ငါးပါးသည်။ သတ္တာဟကာလိကံ၊သတ္တာဟကာလိကမည်၏။

ယာဝဇီဝိက မည်သည်ကား ကာလဝိမုတ် ဖြစ်သော ရေကို ထား၍ အာဟာရကိစ္စကို မပြီးစေနိုင်သော ဇာတိပ္ဖိုလ်, လေး ညှင်း,ငြုပ်,ပိတ်ချင်း အစရှိသော အမြစ်,အရွက်, အသီး, အပွင့်, အခေါက်, အနှစ် ဟုဆိုအပ်သော ဒႋလုံးစုံသောဝတ္ထုတို့ကို ရဟန်း တို့မှာ အကပ်ခံ၍ အသက်ထက်ဆုံး သုံးဆောင်အပ်သောကြောင့် ယာဝဇီဝိက မည်၏။ ။"ထပေတွာ ဥဒကံ အဝသေသံ သဗ္ဗံပိ ပဋိဂ္ဂဟိတံ ယာဝဇီဝံ ပရိဟရိတွာ သတိ ပစ္စယေ ပရိဘုဉ္ဇိတဗ္ဗတော ယာဝဇီဝိကန္တိ ဝုစ္စတိ"။ ။ငင်းအဋ္ဌကထာ။ ။ဥဒကံ၊ ရေကို။ ထပေတွာ၊ထား၍။ အဝသေသံ၊ ရေမှကြွင်းသော။ သဗ္ဗံပိ၊ အလုံးစုံ သောဆေးမျိုးကိုလည်း။ပဋိဂ္ဂဟိတံ၊အကပ်ခံသည်ကို။ကတွာ၊ပြု၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပရိဟရိတွာ၊ ဆောင်၍။ ပစ္စယေ၊ အကြောင်းသည်။ သတိ၊ရှိခဲ့သော်။ ပရိဘုဉ္ဇိတဗ္ဗတော၊သုံးဆောင် အပ်သောကြောင့်။ ယာဝဇီဝိကန္တိ၊ ယာဝဇီဝိကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဆိုအပ်ပြီးသော ကာလိကလေးပါးတို့တွင် ထမင်း,ဟင်း, မုံ့ အစရှိသော ယာဝကာလိက ကိုကား အရုဏ်တက်သည်ကစ၍ မွန်းတည့်သည်တိုင် ပုရေဘတ္တ ဟု ဆိုအပ်သော နံနက်အခါ၌သာ သုံးဆောင်အပ်၏။ ယာမကာလိကဖြစ်သော မန်ကျည်းအဖျော်, ဆီးအဖျော်, ရှောက်သီး အစရှိသော အဖျော်ရည်တို့ကိုကား နေ မွန်းလွဲသည်ကစ၍ မဇ္ဈိမယာမ် တိုင်အောင် ပစ္ဆာဘတ္တ ဖြစ်သော ညဥ့်အခါ၌ သုံးဆောင်အပ်ကုန်၏။ ဆီ,ပျား,တင်လဲ အစရှိသော သတ္တာဟကာလိက ဖြစ်သော ဆေးတို့ကိုကား ရဟန်းတို့မှာ ဆွမ်း စသော အာမိသ နှင့် မရောမူ၍ ခုနစ်ရက်ပတ်လုံး အကပ်ခံ၍ သုံး ဆောင်အပ်ကုန်၏။ သီလဆောက်တည်သော လူတို့မှာကား နေ့ ရက်အပိုင်းအခြားမရှိ သုံးဆောင်အပ်၏။ ယာဝဇီဝိက ဖြစ်သော ဇာတိပ္ဖိုလ်,လေးညှင်း အစရှိသော ဆေးတို့ကိုကား လူဖြစ်စေ, ရဟန်း ဖြစ်စေ နေ့-ရက် အပိုင်းအခြားမရှိ အသက်ထက်ဆုံး သုံး ဆောင်အပ်ကုန်၏။

**၉၅ - နစ္စ-ဂီတ-ဝါဒိတ သိက္ခာပုဒ်အဆုံးအဖြတ်ကို ပြခြင်း။**

နစ္စ-ဂီတ-ဝါဒိတ-ဝိသုက-ဒဿနာ ဝေရမဏီ ဟူသော သတ္တမ သိက္ခာပုဒ်၌ နစ္စ-ကခြင်းမည်သည်ကား ကချေသည် အစရှိသော သူတို့သည် ကကုန်သည်မူလည်းဖြစ်စေ၊ ထန်းရေ,အရက်မူးသော သူတို့သည် ကကုန်သည်မူလည်းဖြစ်စေ၊ အယုတ်သဖြင့် ဒေါင်း, မျောက်, ကျေးသား အစရှိသော တိရစ္ဆာန်တို့သည် ကကုန်သည် မူလည်းဖြစ်စေ၊ ဤအလုံးစုံသော သူတို့၏ ကခြင်းသည် နစ္စ မည်၏။ ။"တတ္ထ နစ္စန္တိ နဋာဒယော ဝါ နစ္စန္တု သောဏ္ဍာ ဝါ၊ အန္တမသော မောရ သုက မက္ကဋာဒယောပိ၊ သဗ္ဗမေတံ နစ္စ မေဝ"။ ။သမန္တပါသာဒိကအဋ္ဌကထာ။ ။တတ္ထ၊ ဤသိက္ခာပုဒ်၌။ နစ္စန္တိ၊ နစ္စံဟူသည်ကား။ နဋာဒယော၊ကချေသည် အစရှိသောသူ တို့သည်။ နစ္စန္တု၊ က သည်ဖြစ်စေကုန်။သောဏ္ဍာ ဝါ၊ သေသောက် ကြူးတို့သည်လည်း။ နစ္စန္တု၊ က သည်ဖြစ်စေကုန်။ အန္တမသော၊ ယုတ်သော အပိုင်း အခြား ဖြင့်။ မောရ သုက မက္ကဋာဒယော၊ ဥဒေါင်း, ကျေးသား, မျောက် အစရှိသောသတ္တဝါတို့သည်လည်း။ နစ္စန္တု၊က သည်ဖြစ်စေကုန်၏။တေံ သဗ္ဗံပိ၊ထိုအလုံးစုံသောသူတို့၏ ကခြင်းသည်လည်း။ နစ္စမေဝ၊နစ္စမည်သည်သာလျှင်တည်း။

ဂီတ-သီချင်းမည်သည်ကား ကချေသည် အစရှိသောသူတို့၏ သီအပ်သောသီချင်း သည်မူလည်းဖြစ်စေ၊ အရိယာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်ပြုသောကာလ၌ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်သော ကောင်းချီးပေးသော ကစားခြင်းဖြင့် သီသည်မူလည်း ဖြစ်စေ၊ တရားဟောသော ရဟန်းတို့၏တရားကို ဧယဉ်ယဉ် ဆွဲ ငင်၍ ဟောသဖြင့် သီသည်မူလည်းဖြစ်စေ၊အယုတ်သဖြင့် နှုတ်ခမ်း နှစ်ဘက်ကိုစုန့်၍ လေချွန်သဖြင့် သီသည်မူလည်းဖြစ်စေ၊ အကြင် သီခြင်းကို သီအံ့ဟူ၍ ရှေးအဘို့၌ ယဉ်သည်ကိုပြုအံ့။ ထိုအလုံးစုံ သော သီခြင်းသည် ဂီတ မည်၏။

ဂီတန္တိ နဋာဒီနံ ဝါ ဂီတံ ဟောတု၊ အရိယာနံ ပရိ နိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသံဟိတံ သာဓုကီဠန

ဂီတံ ဝါ ဇႃသညုတဘိက္ခႃနံ မွေဘာဂကာကဂီတံ ဝါ အန္တ မသော ဒန္တဂီတံပိ၊ ယံ ဂါယိဿာမာတိ ပုဗ္ဗဘာဂေ သြက္က ဇန္တာ ကရောန္တိ။ ။ငင်းအဋ္ဌကထာ။

ဂီတန္တိ၊ ဂီတံဟူသည်ကား။ နဋ္ဋာဒိနံ၊ ကချေသည် အစရှိသော သူတို့၏။ ဂီတံ ဝါ၊ သီသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုသောအခါ၌။ ရတနတ္တယဂုဏူပသံဟိတံ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်သော။ သာဓုကီဠနဂီတံ ဝါ၊ ကောင်းချီးပေးသော ကစားခြင်း ဖြင့် သီသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အသညတဘိက္ခူနံ၊ မစောင့်စည်းသော ရဟန်းတို့၏။ ဓမ္မဘာဏကဂီတံ ဝါ၊ တရား ဟောသဖြင့် သီသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အန္တမသော၊ အယုတ်သဖြင့်။ ဒန္တဂီတံပိ၊ လေချွန်သဖြင့် သီသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ယံ၊ အကြင်သီခြင်းကို။ ဂါယိဿာမ၊ သီကုန်အံ့။ ဣတိ၊ ဤသို့။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့၌။ သြက္ကဇန္တာ၊ ဃေဉ်သည်ကို။ ကရောန္တိ၊ ပြုကုန်အံ့။ တော် သမ္ဘံ၊ ထိုအလုံးစုံသော သီခြင်းသည်။ ဂီတမေဝ၊ ဂီတမည်သည်သာလျှင်တည်း။

ဝါဒိတ-တီးမှုတ်ခြင်းမည်သည်ကား။ တဘက်သာပိတ်၍ တီး အပ်သော အာတတစည်, နှစ်ဘက်ပိတ်၍ တီးအပ်သော ဝိတတ စည်, အလုံးစုံပိတ်၍ တီးအပ်သော စောင်း, တယော စသော အာတတဝိတတစည်,အခေါင်းဖြင့်ပြုအပ်သော နှဲ,ပြွေ,ခရကောက် စသော သုသိရစည်, တခဲနက်တီးအပ်သော မောင်းကြေးနင်း ခွက်ခွင်း အစရှိသော ဃနစည်, ဤသို့ အစ ရှိသော အာတတ ဝိတတ, အာတတဝိတတ, သုသိရ, ဃန စည် တည်းဟူသော ပဉ္စင်္ဂတူရိယာတို့ကို တီးသည်မူလည်းဖြစ်စေ ရေအိုးကိုမှောက်၍ တီးသည်မူလည်း ဖြစ်စေ ပန်းကန်ကို တီးသည်မူလည်း ဖြစ်စေ ရေ၌ လက်ဖြင့် တီးသည်မူလည်းဖြစ်စေ ဤသို့အစရှိသဖြင့် အလုံးစုံ သော တီးခြင်းမှုတ်ခြင်းသည် ဝါဒိတ မည်၏။ ။"ဝါဒိတံနာမ တန္တိဗဒ္ဓါဒိဝါဒနီယဘဏ္ဍံ ဝါ ဟောတု၊ ကုဋဘေရိဝါဒိတံ ဝါ၊

အန္တမသော ဥဒကဘေရိဝါဒိတံ ဝါ၊ သဗ္ဗမေတံ နဝင္ဂတိ''။ ။ ၎င်းအဋ္ဌကထာ။ ။ဝါဒိတံနာမ၊ ဝါဒိတမည်သည်ကား။ တန္တိ ဗဒ္ဓါဒိဝါဒနီယဘဏ္ဍံ ဝါ၊ ညှို့တံရှည်တရက်ကြိုးဖြင့် ဘွဲ့အပ် ကြက် အပ်သောစည် ဘဏ္ဍာအစရှိသည်ကို တီးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ကုဋဘေရိဝါဒိတံ ဝါ၊အိုးစည်ကို တီးသည်မူလည်း။ ဟော တု၊ဖြစ်စေ။အန္တမသော၊အယုတ်အားဖြင့်။ ဥဒကဘေရိဝါဒိတံ ဝါ၊ ရေ၌ ပုတ်တီးသည်မူလည်း။ ဟောတု၊ဖြစ်စေ။ ဧတံ သဗ္ဗံ၊၎င်းအလုံးစုံ သော တီးမှုတ်ခြင်းသည်။ န ဝဋ္ဋတိ၊မအပ်။

ဝိသုကဒဿန မည်သည်ကား၊ သာသနာတော်၏ ပြောင့်တံ ကျင် သဘွယ်ဖြစ်၍ဖြစ်သော ဆိုအပ်ပြီးသော ကခြင်း,သီခြင်း, တီး မှုတ်ခြင်း အစရှိသည်တို့ကို ကြည့်ရှုခြင်းသည် ဝိသုကဒဿန မည် ၏။ ။''သာသနဿ အနနုလောမတ္တာ ဝိသုကံ ပဋာဏိဘူတံ ဒဿနံ''။ ။ဝိနယာလင်္ကာရဋီကာ။ ။သာသနဿ၊ သာသနာ တော်၏။ အနနုလောမတ္တာ၊မလျော်သည်၏အဖြစ်ကြောင့်။ဝိသုကံ ပဋာဏိဘူတံ၊ ပြောင့်ဖြစ်၍ဖြစ်သော ကခြင်း,သီခြင်း,တီးမှုတ်ခြင်း အစရှိသည်ကို။ ဒဿနံ၊ကြည့်ရှုခြင်းသည်။ ဝိသုကဒဿနံ၊ဝိသုက ဒဿန မည်၏။

၌ ဝိသုကဒဿန ဟူ သော အ မည် သည် ဆို အပ် ပြီး သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်းအမည်သာမဟုတ်။ ထို ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့၏၎င်း အနက်ကစားခြင်း အစရှိ သော အလုံးစုံသော ကစားခြင်းတို့၏၎င်း အမည်ဖြစ်၍ ကျွဲတိုက် ခြင်း, ဆင်တိုက်ခြင်း, နွားတိုက်ခြင်း, ကြက်တိုက်ခြင်း, ခွေးတိုက် ခြင်း, စစ်ထိုးခြင်း, လက်ဝှေ့သတ်ခြင်း, လက်ပမ်းလုံးခြင်း,ငုံးတိုက် ခြင်း, ခါတိုက်ခြင်း, ဆိတ်ကုလားတိုက်ခြင်း, ဆိတ်မြန်မာတိုက် ခြင်း, တုတ်လှံတံ ကစားခြင်း, ကျည်းသားတောက်ခြင်း,ကျားထိုး ခြင်း, သံတွေသံလုံး ကစားခြင်း, ချိုးတိုက်ခြင်း; ခဲ-ပဆစ်-ကြွေအန် ကုတ်ကျစ် - မက်တီး - ခုန်ညင်းထိုး ပိုက်ဆန်ပစ် ပိုက်ဆန်မြှောက် အစရှိသော ၌သို့သဘောရှိသော ဆိုအပ်ပြီးသော အမူအရာတို့ကို

ကြည့်ရှုခြင်းသည်လည်း ဝိသုကဒဿန မည်၏။ ။''ဝိသုကဒဿနန္တိ နစ္စ ဂီတဝါဒိတဒဿနသဝနာနဉ္စေဝ ဝဋ္ဋကယုဒ္ဓဇူတကီဠာဒိသမ္ဗန္ဓကီဠာနဉ္စ နာမံ''။ငင်းဋီကာ။ ။ဝိသုကဒဿနန္တိဧတံ၊ဝိသုကဒဿနံ ဟူသော ဤအမည်သည်။နစ္စဂီတဝါဒိတဒဿနသဝနာနဉ္စေဝ၊ကခြင်း, သီခြင်း အစရှိသည်ကိုရှုခြင်း နာခြင်းတို့၏ငင်း။ ဝဋ္ဋကယုဒ္ဓဇူတကီဠာဒိသမ္ဗန္ဓကီဠာနဉ္စ၊ ငုံးတိုက်ခြင်း, အန်ကစားခြင်း အစရှိသော အလုံးစုံသော ကစားခြင်းတို့၏ငင်း။ နာမံ၊အမည်တည်း။ ။အင်္ဂုတ္တရအဋ္ဌကထာ၌လည်း။ ။''နစ္စ ဂီတဝါဒိတဟတ္ထိ မဟိံသယုဒ္ဓါဒိနံ ဒဿနသဝနန္တိ အတ္ထော''ဟူ မိန့်၏။

သိက္ခာပုဒ်၌ ဒဿနသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် ဆိုအပ်ပြီးသော ကခြင်း, သီခြင်း အစရှိသော အခြင်းအရာတို့ကို ကြည့်ရှုခြင်း တည်းဟူသော အနက်တပါး ကိုသာ ယူအပ်သည် မဟုတ်။ ။''စက္ခာဒိဒွယံ အသမ္ဘတ္တဝသေန ဂေါစရဂ္ဂါဟိကရူပံ'' ဟူသော သင်္ဂြိုဟ်နှင့်အညီ စက္ခုဝိညာဏ် သောတဝိညာဏ် တို့သည် မရောက်သောအာရုံကို ယူသည်၏အဖြစ်ဖြင့် အသမ္ပတ္တဂါဟ တရားဖြစ်၍ အာရုံကိုယူခြင်း သဘောတူသည်၏အဖြစ်ကြောင့် ဆိုအပ်ပြီးသော ကခြင်း,သီခြင်း,အန်ကစားခြင်း အစရှိသော အခြင်းအရာတို့ကို နားထောင်ခြင်းတည်းဟူသောအနက်ကိုလည်း ဒဿနသဒ္ဒါဖြင့် သင်္ဂြိုဟ်ရေတွက်အပ်၏။ ။''ဒဿနန္တိစေတ္ထ ပဉ္စန္နံ ဝိညာဏာနံ ယထာသကံ ဝိသယဿ အာလောစနသဘာဝတာယ ဒဿန သဒ္ဒေန သင်္ဂဟေတဗ္ဗတ္တာ သဝနံပိ သင်္ဂဟိတံ''။ ။အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ။ဒဿနန္တိဧတ္ထ၊ ဒဿနံဟူသောဤပုဒ်၌။ ပဉ္စန္နံ၊ငါးပါးကုန်သော။ ဝိညာဏာနံ၊ဝိညာဏ်တို့၏။ယထာသကံ၊ မိမိတို့အာရုံအားလျော်စွာ။ ဝိသယဿ၊အာရုံ၏။ အာလောစနသဘာဝတာယ၊ ရှုခြင်းသဘောတူသည်၏ အဖြစ်ဖြင့်။ ဒဿနသဒ္ဒေန၊ဒဿနသဒ္ဒါဖြင့်။ သင်္ဂဟေတဗ္ဗတ္တာ၊ သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့်။ သဝနံပိ၊ နားထောင်ခြင်းကိုလည်း။ သင်္ဂဟိတံ၊ ယူအပ်၏။ ဝါ၊ရေတွက်အပ်၏။

ထိုသို့ဒဿနသဒ္ဒါဖြင့် နာခြင်းကိုလည်း ရေတွက်အပ်သော ကြောင့် ဆိုအပ်ပြီးသော ကခြင်း,သီခြင်း,တီးမှုတ်ခြင်း အစရှိသော အသံကိုလည်း သာယာသောအားဖြင့် မနာအပ်။ အယုတ်သဖြင့် ရဟန်းတို့သည် ဧယေဥ်ယဉ် ဆွဲငင်၍ဟောအပ်သော ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ ဟူသော တရားကိုသော်လည်း သီချင်းဟု နှလုံးသွင်း၍ သာယာ တပ်နှစ်သက်သောအားဖြင့် တဏှာစိတ်ဖြင့် မနာခံအပ်။ ။'' ဂီတူပသဥ္ဟိတော ပန ဓမ္မော နဝဋ္ဋတိ ''။ ၎င်း အဋ္ဌကထာ။ ။ဂီတူပသဥ္ဟိတော၊ သီချင်းသံနှင့်စပ်သော။ ဓမ္မော ပန၊ ကုသလာဓမ္မာအစရှိသော တရားတော်သည်ကား။ နဝဋ္ဋတိ၊ မအပ်။

ထိုကုသလာဓမ္မာ အကုသလာဓမ္မာ အစရှိသော တရားကိုပင် ဧယေဥ်ယဥ် ရှည်ရှည်လံလံဆွဲငင်၍ သီချင်းကဲ့သို့ဟောသော်လည်း သီချင်းဟူသောအမှတ် နှလုံးသွင်းခြင်းကိုမပြုမူ၍ သာယာနှစ်သက် သောအားဖြင့် တဏှာစိတ်ဖြင့် မနာမခံဘဲ တရားတော်ဟူသော အမှတ်ဖြင့် သဒ္ဒါစိတ်နှင့်နာခံမူကား နာခံခြင်းငှါအပ်၏။ ။''ဓမ္မူ ပသဥ္ဟိတံ ဝါဒိ ဧတ္ထ ဂီတံ ဝဋ္ဋတိ''။ ၎င်းအဋ္ဌကထာ။ ။ဧတ္ထ၊ ဤသို့ နားထောင်ရာ၌ကား။ ဓမ္မူပသဥ္ဟိတံ၊ တရားတော်နှင့်စပ် သော။ ဂီတံ ဝါဒိ၊ သီချင်းသည်လည်း။ ဝဋ္ဋတိ၊အပ်၏။

ထိုသို့ဖြစ်၍ ရဟန်းသာမဏေ တို့ သည် လည်း ကောင်း, သီလ ဆောက်တည်သော လူတို့သည်လည်းကောင်း, ထိုသို့ဟောအပ် ရွတ်အပ် ဘတ်အပ် သောဝတ်ကိုဖျက်၍ အကြွရာ,ပုဒ်, ဗျည်း,ဒီဃ, ရဿ,ဂရု,လဟု တို့ကို ချွတ်ယွင်းပျက်စီးစေသဖြင့် ရှည်စွာသော အသံကိုပြု၍ ယေဥ် ဖြည်းညင်း သာယာစွာ ကုသလာဓမ္မာ အစရှိ သောတရားကိုသော်လည်း မဟောအပ်။ ပါရမီခန်း ဘုံခန်း ဘုရား ဟော ဇာတ်နိပါတ် ဝတ္ထုသက်သေတို့ကိုသော်လည်း မရွတ် မဘတ်အပ်။ ဟောပြော ရွတ်ဘတ်သောရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်၏။ လူအားသိက္ခာပုဒ်ပျက်၏။ ။ထိုကြောင့်။ ။ ''န ဘိက္ခဝေ ဂီတဿရေန ဓမ္မော ဘာသေတဗ္ဗော။ ယော ဘာ

သေယျ၊ အာပတ္တိ ဒုက္ကဋဿ'' ဟု ဟောတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဂီတဿရေန၊သီချင်းသံဖြင့်။ဓမ္မော၊တရားကို။နဘာသေတဗ္ဗော၊မဟောအပ်။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ ဘာသေယျ၊ဟောငြားအံ့။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊၏။

ထိုသို့မဟုတ် အက္ခရာ,ပုဒ်ဗျည်း တို့ကို ပြတ်ပြတ်သားသား ခြားနားသိသာစေလျက် အဝန်းညီစွာ ဒီဃ,ရဿ,ဂရု,လဟု ထင်စိမ့်သောငှါ ပကတိသောအသံကိုဖြစ်စေလျက် တရားဟူသော အမှတ်သညာဖြင့် အသံကိုပြုပြင်၍ ဘတ်ရွတ် ဟောပြောမူကား ဟောပြော ဘတ် ရွတ် ခြင်း ငှါ အပ် ၏။ ။ ထိုကြောင့် အဂ္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။''စတုရဿေန ဝတ္တေန ပရိမဏ္ဍလာနိ ပဒဗျဉ္ဇနာနိ ဒဿေတဗ္ဗာနိ'' ဟု မိန့်၏။ ။စတုရဿေန၊ ပြည့်စုံစွာသော။ ဝတ္တေန၊ဟောသောဝတ်ဖြင့်။ ပရိမဏ္ဍလာနိ၊အဝန်းညီကုန်သော။ ပဒဗျဉ္ဇနာနိ၊ပုဒ်ဗျည်းတို့ကို။ ဒဿေတဗ္ဗာနိ၊ပြအပ်ကုန်၏။

ဤ ဆို အပ် ပြီး သော နည်း ဖြင့် အဇ္ဈတ္တိကသီလ, ဒသင်္ဂသီလ ကို ဆောက်တည်သောသူသည် ဆိုအပ်ပြီးသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ကြွေအန်ကစားခြင်း စသည်တို့ကို မိမိ ကိုယ် တိုင် လည်းမပြုအပ်။ သူတပါးကိုလည်း မပြုစေအပ်။ တပါးသူပြုသော ကခြင်း,သီခြင်း,တီးမှုတ်ခြင်း စသည်ကိုလည်း ကြည့်ရှုနားထောင်ခြင်းအကျိုးငှါ ထို ကခြင်း,သီခြင်း,တီးမှုတ်ခြင်း စသည်ရှိရာအရပ်သို့သွား၍ မကြည့်ရှုအပ်။ မနာခံအပ်။ အယုတ်သဖြင့် ဥဒေါင်းကခြင်း, မျောက် ကခြင်း, လေချွန်ခြင်း, လက်ခုပ်တီးခြင်း စသည်များကိုမူလည်း မကြည့်ရှုအပ်။ မနာခံအပ်။ ပါရမီခန်း ဇာတ်ခန်း ဘုရားဟော ဇာတ်နိပါတ် ဝတ္ထုသက်သေများကိုလည်း တဏှာဖြစ်စိမ့်သောငှါ ယေဉ်ယဉ်ဆွဲငင်၍ သီချင်းသံကဲ့သို့ အသံကိုပြုပြင်၍ မိမိလည်း မဘတ်မရွတ်အပ်။ သူတပါးကိုလည်း မဘတ်မရွတ်စေအပ်။ သူတပါးဘတ်ရွတ်သော အသံကိုလည်း မနာခံအပ်။ ထို ကခြင်း, သီခြင်း, တီးမှုတ်ခြင်း စသည်တို့ကို ကြည့်ရှု နားထောင်

သောသူအား နစ္စ-ဂီတ-ဝါဒိတ-ဝိသုက-ဒဿန သိက္ခာပုဒ်ပျက်၏။ ထိုကခြင်း, သီခြင်း, တီးမှုတ်ခြင်း စသည်တို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတီစေတနာသည် နစ္စ-ဂီတ-ဝါဒိတ-ဝိသုက-ဒဿနာ ဝေရမဏီ မည်၏။

ထိုကခြင်း,သီခြင်း စသော ပွဲသဘင်ကိုလည်း ထိုကခြင်း, သီခြင်း စသော ပွဲသဘင်ရှိရာအရပ်သို့သာ သွား၍ မကြည့်မရှုအပ်။ မိမိတို့ သီတင်းသီလ ဆောက်တည်၍ နေသော အရာမ်အတွင်းသို့ ရောက်သဖြင့် ရှေးရှုထင်သော ပွဲသဘင်ကိုကား ကြည့်ရှုနာခံခြင်း ငှါ အပ်၏။ သိက္ခာပုဒ်မပျက်။ ။"သဗ္ဗံ အန္တောရာရာမေ ဌိတဿ ပဿတော အနာပတ္တိ"။ ၎င်းအဋ္ဌကထာ။ ။သဗ္ဗံ၊ အလုံးစုံသော ကခြင်း,သီခြင်း အစရှိသော ပွဲသဘင်ကို။ အန္တောရာရာမေ၊ အရာမ် အတွင်း၌။ ဌိတဿ၊ တည်လျက်။ ပဿတော၊ ကြည့်ရှုသောရဟန်း အား။ အနာပတ္တိ၊ အာပတ်မသင့်။

ယင်းသို့ အရာမ်တွင်းသို့ရောက်သော ပွဲသဘင်ကို ကြည့်ရှုရာ၌ လည်း မိမိနေမြဲတိုင်းသော အရာမ်, ကျောင်း, စရပ် တို့၏ အနီး၌ ရှေးရှုထင်သော ပွဲသဘင်ကိုသာ ကြည့်ရှုအပ်၏။ တခုသော အရာမ် မှသည် တခုသော အရာမ်သို့၎င်း, တခုသော ကျောင်းမှသည် တခုသော ကျောင်းသို့၎င်း, တခုသော စရပ်မှသည် တခုသော စရပ်သို့၎င်း, ပြောင်းရွှေ့၍ မကြည့်ရှုအပ် မနာခံအပ်။ ရွှေ့ပြောင်း ၍ နာခံကြည့်ရှုသောသူအား သိက္ခာပုဒ်ပျက်၏။ ။"ပဿိဿာမီတိ ဝိဟာရတော ဝိဟာရံ ဂစ္ဆန္တဿ အာပတ္တိယေဝ"။ ။၎င်းအဋ္ဌ ကထာ။ ။ပဿိဿာမီတိ၊ ရှုအံ့ဟူ၍။ ဝိဟာရတော၊ မိမိနေရာ ကျောင်းမှ။ ဝိဟာရံ၊ တကျောင်းသို့။ ဂစ္ဆန္တဿ၊ သွား၍ကြည့်ရှု နားထောင်သော ရဟန်းအား။ အာပတ္တိယေဝ၊အာပတ်သင့်သည် သာလျှင်တည်း။

ထိုသို့မဟုတ် ဆွမ်းစားစရပ် စသည်တို့၌ ထိုင်ခြင်း, လျောင်း ခြင်း အစရှိသော ဣရိယာပုထ်တို့တွင် ထိုင်လျက်နေစဉ် ရှေးရှုထင် လာသော ပွဲသဘင်ကိုကား ကြည့်ရှုနာခံအပ်၏။ သိက္ခာပုဒ်

မပျက်။ ။ထို့ကြောင့်။ ။''အာသနသာလာယံ နိသိန္နော ပဿတိ၊ အနာပတ္တိ'' ဟု မိန့်၏။ ။အာသနသာလာယံ၊ဆွမ်းစားစရပ်၌။ နိသိန္နော၊ထိုင်လျက်။ ပဿတိ၊ရှုအံ့။ အနာပတ္တိ၊အာပတ်မသင့်။

ထိုသို့ထိုင်လျက် ကြည့်ရှုနာခံသည်ကို ထိုင်လျက်သာ မကြည့်ရှုမနာခံဘဲ ထ၍ကြည့်ရှုအံ့ဟု သွားသော ရဟန်းအား အာပတ်သင့်၏။ သီလဆောက်တည်သောသူအား သိက္ခာပုဒ်ပျက်၏။ ။ထို့ကြောင့်။ ။''ပဿိဿာမီတိ ဥဋ္ဌဟိတွာ ဂစ္ဆတော အာပတ္တိ''။ ၎င်းအဋ္ဌကထာ။ ။ပဿိဿာမီတိ၊ ရှုအံ့ဟူ၍။ ဥဋ္ဌဟိတွာ၊ ထ၍။ ဂစ္ဆတော၊သွားသောရဟန်းအား။ အာပတ္တိ၊ အာပတ်သင့်၏။

မိမိတို့သွားရာ ခရီးလမ်းအနီး၌ တည်သော ပွဲသဘင်ကိုလည်း သွားမြဲတိုင်း မသွားမူ၍ ထိုခရီးလမ်း၌ ရပ်လျက် လည်ပင်းကို စောင်းငဲ့၍ ကြည့်သောရဟန်းအား အာပတ်သင့်၏။ သာမဏေအား ဒဏ်ထိုက်၏။ သီလဆောက်တည်သောသူအား သိက္ခာပုဒ်ပျက်၏။ ။'' ဝီထိယံ ဌတွာ ဂီဝံ ပရိဝတ္တေတွာ ပဿတောပိ အာပတ္တိယေဝ''။၎င်းအဋ္ဌကထာ။ ။ဝီထိယံ၊ခရီး၌။ ဌတွာ၊ရပ်၍။ဂီဝံ၊လည်ကို။ ပရိဝတ္တေတွာ၊ ပြန်၍။ ပဿတောပိ၊ ရှုသောရဟန်းအားလည်း။ အာပတ္တိယေဝ၊အာပတ်သင့်သလျှင်ကတည်း။

ထိုသို့မဟုတ် တစုံတယောက်သောသူတို့က စာရေးတံဆွမ်းအစရှိသော အထူးထူးသော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းလို၍ ပင့်ဘိတ်သဖြင့် ထိုဆွမ်းအစရှိသည်တို့ကို အလှူခံခြင်းအကျိုးငှါ၎င်း, ထိုဆွမ်းအလှူခံခြင်းမှတပါး တခြားသော ပြုဘွယ်ကိစ္စတို့ဖြင့်၎င်း, သွား၍ရောက်ရာအရပ်၌ ရှေးရှုထင်သော ပွဲသဘင်ကို ထခြင်း, ထိုင်ခြင်း, သွားခြင်း ဣရိယာပုထ်ကိုမဖျက်မူ၍ ကြည့်ရှုနားထောင်သော ရဟန်းအား အာပတ်မသင့်။ သီလဆောက်တည်သောသူအား သိက္ခာပုဒ်မပျက်။ ။''သလာက ဘတ္တာဒိနံ အတ္ထာယ အညေန ဝါ ကေနစိ ကရဏီယေန ဂန္ဒွာ ဂတဋ္ဌာနေ ပဿတိ ဝါ သုဏာတိ ဝါ အနာပတ္တိ''။၎င်းအဋ္ဌကထာ။ ။သလာက ဘတ္တာ

ဒီနံ၊ သလာကဘတ် အစရှိသည်တို့၏။ အတ္တာယ ဝါ၊ အကျိုးငှါ ၄င်း။ အညေန၊ တပါးသော။ ကေနစိ၊ တစုံတခုသော။ ကရဏီယေန ဝါ၊ ပြုဘွယ်ကိစ္စဖြင့်၄င်း။ ဂန္တွာ၊ သွား၍။ ဂတဋ္ဌာနေ၊ ရောက်ရာအရပ်၌။ ပဿတိ ဝါ၊ ရှုမူလည်းရှုအံ့။ သုဏာတိ ဝါ၊ နာမူလည်းနာအံ့။ အနာပတ္တိ၊ အာပတ်မသင့်။

ထိုသို့မဟုတ် ရဲသောဆင်, ရဲသောကျွဲ, ရဲသောကျွား အစရှိသော ဘေးရန်ရှိသောအခါတို့၌ ထိုးခြင်း, ခတ်ခြင်း, ကိုက်ခြင်း အစရှိသောဘေးရန်သည် နှိပ်စက်အပ်သည်ဖြစ်သောကြောင့် ထိုဘေးရန်မှ ကင်းငြိမ်းစေခြင်းငှါ ပွဲသဘင်ရှိရာအရပ်သို့ဝင်၍ ကြည့်ရှုနားထောင်သော ရဟန်းအား အာပတ်မသင့်။ သီလဆောက်တည်သောသူအား သိက္ခာပုဒ်မပျက်။ ။"အာပဒါသု တာဒိသေန ဥပဒ္ဒဝေန ဥပဒ္ဒုတော သမဇ္ဇဋ္ဌာနံ ပဝိသတိ၊ ဧဝံ ပဝိသိတွာ ပဿန္တဿ ဝါ သုဏန္တဿ ဝါ အနာပတ္တိ"။ ။အင်္ဂုတ္တရအဋ္ဌကထာ။ ။အာပဒါသု၊ ဘေးရန်ရှိသောအခါတို့၌။ တာဒိသေန၊ ထိုသို့သဘောရှိသော။ ဥပဒ္ဒဝေန၊ ဘေးရန်သည်။ ဥပဒ္ဒုတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ သမဇ္ဇဋ္ဌာနံ၊ သဘင်ရှိရာအရပ်သို့။ ပဝိသတိ၊ ဝင်၏။ ဧဝံ၊ သို့။ ပဝိသိတွာ၊ ဝင်၍။ ပဿန္တဿ ဝါ၊ ကြည့်သော ရဟန်းအားလည်းကောင်း။ သုဏန္တဿ ဝါ၊ နာသောရဟန်းအားလည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။

ရဟန်းသာမဏေတို့သည်လည်းကောင်း, သီလဆောက်တည်သောသူတို့သည်လည်းကောင်း, အရာမ်တွင်း စသည်တို့၌ ရှေးရှုထင်သော ပွဲသဘင်ကို ကြည့်ရှုခြင်းငှါ အပ်၏ဟု ဆိုသော်လည်း မိမိတို့လုံ့လပယောဂမပါဘဲ သဘင်လှူလိုသော လိမ်မာသော ဒါယကာတို့သည် ဘာသာအလျောက်ပြုသော ပွဲသဘင်ကိုသော် ၄င်း, ထိုလိမ်မာသော ဒါယကာတို့သည် ရဟန်းသာမဏေတို့၏ အထံ၌ဖြစ်စေ သီလဆောက်တည်၍နေသော ဒါယကာယောကျ်ား ဒါယိကာမိန်းမတို့ အထံ၌ဖြစ်စေ၊ ချဉ်းကပ်၍ အကျွန်ုပ်တို့သည် အရှင်တို့၏ စေတီဘုရားအား လုပ်ကျွေးခြင်းပြုပါအံ့ဟု အပ်သော

ကပ္ပိယ စကားဖြင့် ဆိုလာသည်ရှိသော် ဥပါသကာတို့ လုပ်ကျွေး ခြင်း မည်သည်ကား ကောင်း၏။ သင့်မြတ်၏ဟု ဤသို့ဆိုအပ် သော ကပ္ပိယ စကားဖြင့် လျှောက်၍ အပ်သော ဝန်ခံခြင်းဖြင့် ဝန် ခံ၍ အရာမ်အတွင်းသို့ ရောက်သဖြင့် ရှေးရှုထင်သောပွဲသဘင်ကို ၎င်း, ကြည့်ရှုနာခံခြင်း၄ါအပ်၏။ ထိုသို့မဟုတ် ဤအရာမ်တွင်း၌ သဘင်ကိုပြုကြလော့ဟုဆို၍၎င်း, ဤစေတီဘုရားပွဲတော်၌ သဘင် ပွဲလမ်းထည့်၍ လှူကြလော့ဟူ၍၎င်း, မတိုက်တွန်းအပ် မပြော အပ်၊ အယုတ်သဖြင့် ဒါယကာတို့သည် လာ၍ အရှင်ဘုရားတို့၏ စေတီတော်အား ပွဲသဘင်ပြုပါမည်ဟု ပြောလာသောစကားကို လည်း မအပ်သော အကပ္ပိယ စကားဖြစ်၍ ပွဲသဘင်ကိုပြုခြင်းသည် ကောင်း၏၊ သင့်မြတ်၏ဟူသော စကားကိုမျှလည်းမဆိုအပ်။ ဝန် မခံအပ်ဟု မှတ်အပ်၏။ ဤတွင် နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ ဝေရမဏီ ဟူသော သိက္ခာပုဒ်၏ အကျဉ်းဖြစ်သော အဆုံးအဖြတ် တည်း။

## ၉၆-မာလာဂန္ဓ ဝိလေပနသိက္ခာပုဒ် အဆုံးအဖြတ်ကို ပြခြင်း။

မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ ဟူသော သိက္ခာပုဒ်၌ မာလာမည်သည်ကား သစ်မှဖြစ်သော အညွန့် အခက် အရွက် အပွင့် အဖူး အစရှိသော ပန်းဖြစ်စေ၊ အယုတ်သဖြင့် ချည်ဖြင့်ပြီးသောပန်း, မုံ့ညက်ဖြင့် ပြုအပ်သော ပန်း, စအုဖြင့်ပြုအပ်သောပန်း ဤသို့အစရှိသော အလုံးစုံသော ပန်းကို တန်းဆာအလို့၄ါ ပန်သည်ရှိသော် မာလာမည်၏။ ။ "မာလာဒိသု မာလာတိ ယံကိဉ္စိ ပုပ္ဖံ အန္တမသော သုတ္တာဒိမယံပိ အလင်္ကာရတ္ထာယ ပိလန္ဓိယမာနံ မာလာတွေဝ ဝုစ္စတိ"။ ။ တိကနိပါတ် ဝိသာခုပေါသထသုတ်အဋ္ဌကထာ။ ။မာလာဒိသု၊ မာလာဂန္ဓအစရှိသောပုဒ်တို့၌။ မာလာတိ၊ မာလာဟူသည်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ ပုပ္ဖံ၊ ပန်းတည်း။ အန္တမသော၊ အယုတ် သဖြင့်။ သုတ္တာဒိမယံပိ၊ ချည်စသည်ဖြင့် ပြီးသည်လည်းဖြစ်သော။ အလင်္ကာရတ္ထာယ၊ တန်းဆာအလို့၄ါ။ ပိလန္ဓိယမာနံ၊ ပန်အပ်

သော ဝတ္ထုကို။ မာလာဝတ္တေဝ၊ ပန်းဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆို အပ်၏။

ဂန္ဓမည်သည်ကား လိမ်းကျံခြင်းအကျိုးငှါ သွေးအပ်သော နံ့သာအရည်မှတပါး ဆုံဖြင့်ငင်း, ကျောက်ဖြင့်ငင်း, ထောင်းအပ် ကြိတ်အပ်သော အထုံအမုန့်အစရှိသော အလုံးစုံသောအမုန့်ပြုအပ် သော အမွှေးနံ့သာမုန့်သည် ဂန္ဓမည်၏။ ။"ဂန္ဓန္တိ ဝိလေပန တော အညံ ဝါသစုဏ္ဏာဒိ ယံကိဉ္စိ ဂန္ဓဇာတံ"။ငင်းအဋ္ဌကထာ။ ။ ဂန္ဓန္တိ၊ ဂန္ဓံဟူသည်ကား။ ဝိလေပနတော၊လိမ်းကျံအပ်သော နံ့ သာရည်မှ။ အညံ၊ တပါးသော။ ဝါသစုဏ္ဏာဒိ၊ အထုံအမုန့်အစ ရှိသော။ ယံကိဉ္စိ၊ အလုံးစုံသော။ ဂန္ဓဇာတံ၊ အမွှေးမျိုးနံ့သာ တည်း။

ဝိလေပနဟူသည်ကား လိမ်းကျံခြင်းအကျိုးငှါ သွေး၍ယူအပ် သော အရေ အသားတို့၌ တပ်နှစ်သက်ခြင်းကို ပြုတတ်သော အရည်သည် လည်းကောင်း မွှေးမျိုးနံ့သာရည်သည် လည်း ကောင်း ဝိလေပနမည်၏။ ။"ဝိလေပနန္တိ ဝိလေပနတ္ထံ ဃံသိတွာ ဂဟိတံ ဆဝိရာဂကရဏဉ္စေဝ ဂန္ဓဇာတဉ္စ"။ငင်းအဋ္ဌကထာ။ ။ ဝိလေပနန္တိ၊ ဝိလေပနံဟူသည်ကား။ ဝိလေပနတ္ထံ၊ လိမ်းကျံအံ့ သောငှါ။ ဃံသိတွာ၊ သွေး၍။ ဂဟိတံ၊ ယူအပ်သော။ ဆဝိရာဂ ကရဏဉ္စေဝ၊ အရေအသားတို့၌ တပ်ခြင်းကိုပြုတတ်သောအရည် သည် လည်းကောင်း။ ဂန္ဓဇာတဉ္စ၊ မွှေးမျိုးနံ့သာရည်သည် လည်းကောင်း။ ဝိလေပနံ၊ ဝိလေပနမည်၏။

ဓာရဏ မည်သည်ကား ပန်းကိုပန်ခြင်းသည် ဓာရဏမည် ၏။ ။မဏ္ဍနမည်သည်ကား နံ့သာမုန့်စသည်တို့ဖြင့် နိမ့်ရာအရပ် ကို ပြည့်အောင်ဖို့ခြင်းသည် မဏ္ဍန မည်၏။ ။ဝိဘူသနမည်သည် ကား မွှေးကြိုင်သောအနံ့၏ အစွမ်းအားဖြင့်ငင်း, အရေ အသား၌ တပ်သည်၏ အစွမ်းအားဖြင့်ငင်း, သာယာခြင်းသည် ဝိဘူသန မည်၏။ ။"တတ္ထ ပိလန္ဓန္တော ဓာရေတိနာမ၊ ဦနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိနာမ၊ ဂန္ဓဝသေန ဆဝိရာဂ ဝသေန စ သာဒိယန္တော

ဝိဘူသေတိနာမ''။ ။ဋ္ဌင်းအဋ္ဌကထာ။ ။တတ္ထ၊ ထိုစကား၌။ ပိလန္ဓန္တော၊ ပန်းကိုပန်ခြင်းသည်။ ဓာရေတိနာမ၊ ဓာရဏမည်၏။ ဦနဋ္ဌာနံ၊ နိမ့်ရာအရပ်ကို။ ပူရေန္တော၊ ပြည့်အောင်ဖို့ခြင်းသည်။ မဏ္ဍေတိနာမ၊ မဏ္ဍနမည်၏။ ဂန္ဓဝသေနစ၊ အနံ့အစွမ်းအားဖြင့်ငင်း။ဆဝိရာဂဝသေနစ၊ အသား အရေ၌ တပ်သည်၏ အစွမ်းအားဖြင့်ငင်း။ သာဒိယန္တော၊သာယာခြင်းသည်။ ဝိဘူသေတိနာမ၊ ဝိဘူသန မည်၏။ ။''မာလာဒီနိ ဓာရဏာဒီဟိ ယထာသင်္ချံ ယောဇေတဗ္ဗာနိ''-ဟူသော ဋ္ဌင်းအဋ္ဌကထာပါဠိနှင့်အညီ မာလာဟူသော ပုဒ်ကို ဓာရဏပုဒ်နှင့်စပ်၍, ဂန္ဓဟူသောပုဒ်ကို မဏ္ဍနပုဒ်နှင့်စပ်၍, ဝိလေပနဟူသောပုဒ်ကို ဝိဘူသနပုဒ်နှင့်စပ်၍, ပန်းကိုပန်ခြင်း, နံ့သာမှုန့်ဖြင့် နိမ့်ရာအရပ်ကိုဖို့ခြင်း, နံ့သာရည်ဖြင့် လိမ်းကျံခြင်း, ဤသို့သောအနက်ကို မှတ်အပ်၏။ ။အနက်ကား။ ။မာလာဒီနိ၊ မာလာ ဂန္ဓ ဝိလေပန ဟူသော သုံးပုဒ်တို့ကို။ ဓာရဏာဒီဟိ၊ ဓာရဏ မဏ္ဍန ဝိဘူသန သုံးပုဒ်တို့နှင့်။ ယထာသင်္ချံ၊ အစဉ်အတိုင်း။ ယောဇေတဗ္ဗာနိ၊ ယှဉ်အပ်ကုန်၏။

ဋ္ဌာနာဝေရမဏီမည်သည်ကား ရာဂပြဓာန်းသော ကိလေသာစေတနာသည် ဒုဿီလျ အဖြစ်ကို ပြုတတ်သောကြောင့် ဋ္ဌာန အကြောင်းမည်၏။ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း အစရှိသော ကြိယာသည် အကျိုးမည်၏။ ထိုအကျိုးဖြစ်သော ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း အစရှိသည်ကို ပယ်သဖြင့် အကြောင်းဖြစ်သော ရာဂပြဓာန်းသောဒုဿီလျစေတနာကိုလည်း ပယ်သည်မည်၏။ ။ ''ဋ္ဌာနံ ဝုစ္စတိ ကာရဏံ၊ တသ္မာ ယာယ ဒုဿီလျ စေတနာယ တာနိ မာလာဓာရဏာဒီနိ မဟာဇနော ကရောတိ၊ တတော ပဋိဝိရတော အတ္တော''ဋ္ဌင်းအဋ္ဌကထာ။ ။ကာရဏံ၊အကြောင်းကို။ ဋ္ဌာနံ၊ ဋ္ဌာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထိုကြောင့်။ ယာယ ဒုဿီလျ စေတနာယ၊ အကြင်သီလမရှိသည်၏ အဖြစ်ကို ပြုကြောင်း ဖြစ်သော စေတနာဖြင့်။ တာနိ မာလာဓာရဏာဒီနိ၊ ထိုပန်းပန်ခြင်း အစရှိသည်တို့ကို။ မဟာဇနော၊ လူများအပေါင်း

သည်။ ကရောတိ၊ ပြုတတ်၏။ တတော၊ ထိုပန်းပန်ခြင်း အစရှိသည့်မှ။ ပဋိဝိရတော၊ ကြဉ်ခြင်းတည်း။ ဧတိ၊ ဤသည်လျှင်။ အင်္ဂေါ၊ အနက်တည်း။

ထိုသို့ဆိုအပ်ပြီးသော ပန်းနံ့သာပျောင်း စသည်တို့ကို ပန်ဆင်ခြင်း အစရှိသည်တို့၏ အကြောင်းဖြစ်သော ကာယဒွါရ၌ဖြစ်သော ဒုဿီလျစေတနာသည် ပရမတ္ထသဘာဝအားဖြင့် မာလာဂန္ဓ-ဝိလေပန-ဓာရန-မဏ္ဍန ဝိဘူသနဋ္ဌာနမည်၏။ ထိုမာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတိစေတနာသည် မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန ဝိဘူသနဋ္ဌာနာဝေရမဏီမည်၏ဟု သိအပ်မှတ်အပ်၏။

အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလ ကို ခံယူဆောက်တည်သောသူသည် ရာဂပြဓာန်းသော ကိလေသာစေတနာဖြင့် တန်းဆာဆင်ခြင်း အကျိုးငှါ ထိုအဋ္ဌင်္ဂသီလ,ဒသင်္ဂသီလကို ခံယူပြီးသော နောက်ကာလ၌ ပန်းနံ့သာလိမ်းကျံပန်ဆင်ခြင်းငှါ မအပ်။ လိမ်းကျံပန်ဆင်သူအား သိက္ခာပုဒ်ပျက်၏။ ထိုရာဂပြဓာန်းသော ကိလေသာစေတနာဖြင့် တန်းဆာဆင်ခြင်းအကျိုးငှါ မပန်မဆင် မလိမ်းမကျံမူ၍ သွေးနာ,လေနာ,မျက်စိနာ,ခေါင်းခဲနာ အစရှိသောအနာတို့တွင် တခုခုသော အနာစွဲကပ်သဖြင့် ထိုအနာပျောက်စိမ့်သောငှါ နံ့သာစသည်တို့ကို လိမ်းကျံခြင်း၌ မပြစ်မရှိ။ သိက္ခာပုဒ်မပျက်။ ဘီလူး, သံဘက်, တစ္ဆေ, မြေဘုတ် ဖမ်းသော အန္တရာယ်ရောက်သဖြင့် ထိုအန္တရာယ်တို့ကို ပျောက်စေခြင်းငှါ ပရိတ်ပန်းစသည့်တို့ကို ပန်ဆင်ရာ၌အပြစ်မရှိ သိက္ခာပုဒ် မပျက်။ တန်းဆာဆင်ခြင်း၌ မသာယာမူ၍ ဦးခေါင်း၌၎င်း, နား၌၎င်း စိုက်ထိုးပန်ဆင်သော်လည်း အပြစ်မရှိ သိက္ခာပုဒ်မပျက်။ ထိုသို့ အပြစ်မရှိသဖြင့် သိက္ခာပုဒ် မပျက်ကြောင်းကိုလည်း။ ။တိကနိပါတ်ဝိသာခုပေါသထသုတ်အဋ္ဌကထာ၌။ ။"ဘေသဇ္ဇတ္ထံ ပန ဝဋ္ဋတိ၊ ဝိဘူသနတ္ထံ စ အဘိဟတံ အသာဒိယန္တော န ကေနစိ ပရိယာယေန န ဝဋ္ဋတိ" ဟု မိန့်၏။ ။ဘေသဇ္ဇတ္ထံ ပန၊ဆေးအကျိုးငှါကား။ ဝဋ္ဋတိ၊အပ်၏။

ဝိဘူသနတ္ထံ၊တန်းဆာအလို့ငှါ။ အဘိဟတံစ၊ ဆောင်ခဲ့သောပန်းနံ့သာ အစရှိသည်ကိုလည်း။ အသာဒိယန္တော၊ မသာယာသည်ရှိသော်။ကေနစိ ပရိယာယေန၊တစုံတခုသော ပရိယာယ်အကြောင်းဖြင့်။ န ဝဋ္ဋတိ၊မအပ်သည်ကား။ နှ၊ ဟုတ်။ ဝဋ္ဋတိ ဧဝ၊ အပ်သည်သာလျှင်တည်း။

ဤသို့ဖြစ်၍ အဋ္ဌင်္ဂသီလ ဟု ဆိုအပ်သော ဥပေါသထသီလ ကို ခံယူဆောက်တည်သောသူသည် ဥပုသ် မ ဆောက် တည် မီ ရှေ့ အဘို့၌ ပန်းနံ့သာ စသည်တို့ကို၎င်း,ပုတီး,နားဒေါင်း,လက်စွပ်, လက်ကြပ်, လက်ကောက် စသည်တို့ကို၎င်း, ပုဆိုး, အင်္ကျီ, ထမီ, တဘက် စသည်တို့ကို၎င်း, လိမ်းကျံပန်ဆင် ဝတ်စား၍ ထိုလိမ်းကျံပန်ဆင်ဝတ်စားမြဲတိုင်းသော တန်းဆာဖြင့်ပင် ဥပုသ်ဆောက်တည်ခြင်းငှါအပ်၏၊ ။အဘယ်ကိုထောက်၍ သိရသနည်းဟူမူကား။ ။ဘုရားလောင်း၏အမိ မာယာမိဖုရားသည် ဘုရားလောင်း ပဋိသန္ဓေယူမည့်နေ့၌ မွှေးမျိုးနံ့သာရည်နှင့် ရောသောရေကို ချိုးပြီးလျှင် မိဖုရားတို့ ဆင်ရာတန်းဆာကိုဆင်၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပေါသထသီလ ဆောက်တည်ကြောင်းကို၎င်း, ဇာတက သူဌေးသည် လက်စွပ် လက်ကြပ် စသော အထူးထူးသော တန်းဆာတို့ကိုဆင်၍ အင်္ဂါရှစ်ပါး နှင့် ပြည့် စုံ သော ဥပေါသထသီလ ဆောက်တည်ကြောင်းကို၎င်း, ကျမ်းဂန်တို့၌ လာသည်ကို သိအပ်၏။

အချို့သောဆရာတို့က ဤသိက္ခာပုဒ်၌ နံ့သာစသော ဝတ္ထုသည်သာလျှင် သိက္ခာပုဒ်အင်္ဂါအဖြစ်ဖြင့် ပါဝင်၏။ ပုတီး, နားဒေါင်း စသော ဝတ္ထုသည်ကား သိက္ခာပုဒ်အင်္ဂါ၏အဖြင့်ဖြစ် မပါဝင်ဖြစ်၍ သီလခံယူပြီးသောနောက်ကာလ၌ ပန်းနံ့သာ စသော ဝတ္ထုကိုသာ မလိမ်းကျံအပ် မပန်ဆင်အပ်။ ပုတီး,နားဒေါင်း စသောဝတ္ထုကိုကား သိက္ခာပုဒ် အင်္ဂါအဖြစ်ဖြင့် မပါဝင်သော ကြောင့် သီလဆောက်တည်ပြီးသော နောက်ကာလ၌လည်း ပန်ဆင်ဝတ်စားခြင်းငှါအပ်၏ဟုဆိုကုန်၏။ ။ထိုသို့ဆိုသော်လည်း

ထိုဆရာတို့၏စကားကို အမြဲအားဖြင့် မမှတ်မယူသာ။ အဘယ်ကြောင့်နည်းဟူမူကား ပုတီး,နားဒောင်း စသော ဝတ္ထုသည်လည်း ထိုပန်းနံ့သာ စသော ဝတ္ထုလိုပင် တန်းဆာဆင်ခြင်းဟု ဆိုအပ်သော အလင်္ကာရဝတ္ထုအဖြစ်ဖြင့် တူသောကြောင့်တည်း။ အဘယ်ကို ထောက်၍ သိအပ်သနည်းဟူမူကား နစ္စ- ဂီတ- ဝါဒိတ- ဝိသူကဒဿနာ ဝေရမဏီ ဟူသော သတ္တမသိက္ခာပုဒ်၌ ကခြင်း,သီခြင်း, တီးမှုတ်ခြင်း စသည်ကို ကြည့်ရှုခြင်းတည်းဟူသော ဒဿနအနက်တပါးသာ သိက္ခာပုဒ်အင်္ဂါတွင် ပါဝင်သည်ဖြစ်လျက် သောတဝိညာဏ်သည်လည်း စက္ခုဝိညာဏ်ကဲ့သို့ အသမ္ဘိန္နဂါဟတရားဖြစ်၍ အာရုံကိုယူခြင်း သဘောတူသည် အဖြစ်ကြောင့် နာခံ နားထောင်ခြင်းဟုဆိုအပ်သော သဝနအနက်ကိုယူ၍ ထို ကခြင်း,သီခြင်း,တီးမှုတ်ခြင်း စသည်တို့ကို ကြည့်ရှုခြင်းကြောင့်သာ သိက္ခာပုဒ်ပျက်သည်မဟုတ်။ နာခံ နားထောင်ခြင်းကြောင့်လည်း သိက္ခာပုဒ်ပျက်၏ဟုဆိုသော အင်္ဂုတ္တရအဋ္ဌကထာ စကားကိုထောက်၍ သိအပ်၏။ ထိုကြောင့် ပုတီး,နားဒောင်း စသော ဝတ္ထုသည်လည်း ပန်းနံ့သာ စသော ဝတ္ထုကဲ့သို့ပင် သာယာခြင်းဟု ဆိုအပ်သော သာဒိယန္တအဖြစ်ဖြင့် ဆင်ယင်ဝတ်စားအပ်သော တန်းဆာ သဘောတူသည်၏အဖြစ်ကြောင့် ထို ပုတီး, နားဒောင်း, လက်စွပ်, လက်ကောက်စသော ဝတ္ထုတို့ကိုလည်း သီလခံယူပြီးသော နောက်ကာလ၌ မဆင်ယင်အပ် မဝတ်စားအပ်။ အဋ္ဌင်္ဂသီလကို ဆောက်တည်သောသူတို့မှာ သတ္တမ ဖြစ်သော နစ္စဂီတ သိက္ခာပုဒ် အဋ္ဌမဖြစ်သော မာလာဂန္ဓ သိက္ခာပုဒ်နှစ်ပါးကို အင်္ဂါ တပါးတည်းပြု၍ ဆောက်တည်အပ်၏။ ။ဤတွင် မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ ဟူသော အဋ္ဌမသိက္ခာပုဒ်၏ အကျဉ်းဖြစ်သော အဆုံးအဖြတ်ပြီး၏။

### ၉၇-ဥစ္စာသယန မဟာသယန သိက္ခာပုဒ် အဆုံးဖြတ်ကိုပြခြင်း။

ဥစ္စာသယနမဟာသယနာ ဝေရမဏီ ဟူသော နဝမသိက္ခာပုဒ်၌ ပမာဏထက်လွန်သော ညောင်စောင်းအင်းပျဉ်သည် ဥစ္စာ

သယနမည်၏။ ထိုညောင်စောင်းအင်းပျဉ်၏ပမာဏ ဟူသည်ကား အကြင်ညောင်စောင်း အင်းပျဉ်၏ ခြေအပြင်မှ အထက်အပေါင်တိုင်အောင် အောက်အစွန်းဖြင့် မြတ်စွာဘုရားလက်သစ်တော် ရှစ်သစ်ပမာဏရှိသော, မဇ္ဈိမဒေသအရပ်၌ ဖြစ်သောယောက်ျား၏ လက်ဖြင့် တတောင်ပမာဏ အခြေရှိသော ညောင်စောင်းအင်းပျဉ်သည် ပမာဏနှင့်ယှဉ်သည်ဖြစ်၍ အပ်သော ညောင်စောင်းအင်းပျဉ်မည်၏။ မြတ်စွာဘုရားရှစ်သစ် မဇ္ဈိမပုရိသတို့၏ တတောင်ထက်လွန်သော ညောင်စောင်း အင်းပျဉ်သည် ပမာဏထက် လွန်သည်ဖြစ်၍ မအပ်သော ညောင်စောင်းအင်းပျဉ်မည်၏။ ထိုကြောင့် တိကနိပါတ်ဝိသာခုပေါသထသုတ်၌။ ။"ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ၊ တဿ ပမာဏံ ပန ယဿ ပါဒတလတော ယာဝ အဋနိယာ ဟေဋ္ဌိမန္တေန သုဂတင်္ဂုလေန အဋ္ဌင်္ဂုလပ္ပမာဏော မဇ္ဈိမပုရိသဿ ဟတ္ထေန ရတနပ္ပမာဏော ပါဒကော ဟောတိ၊တံ ပမာဏိကံနာမ ဝဋ္ဋတိ၊ တတော အဓိကံ ပမာဏာတိက္ကန္တံနာမ၊ န ဝဋ္ဋတိ" ဟု မိန့်၏။

ပမာဏာတိက္ကန္တံ၊ ပ မာ ဏ ထက် လွန် သော အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို။ ဥစ္စာသယနံ၊ဥစ္စာသယနဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ တဿ၊ ထိုညောင်စောင်းအင်းပျဉ်၏။ ပမာဏံ ပန၊ ပမာဏ ဟူသည်ကား။ ယဿ၊ အကြင်ညောင်းစောင်း၏။ ပါဒ တလတော၊ ခြေအပြင်မှ။ ယာဝအဋနိယာ၊ အထက်အပေါင်တိုင်အောင်။ ဟေဋ္ဌိမန္တေန၊အောက်အစွန်းဖြင့်။ သုဂတင်္ဂုလေန၊ မြတ်စွာဘုရားလက်သစ်တော်ဖြင့်။ အဋ္ဌင်္ဂုလပ္ပမာဏော၊ လက်ရှစ်သစ်ပမာဏရှိသော။ မဇ္ဈိမပုရိသဿ၊ မဇ္ဈိမယောက်ျား၏။ ဟတ္ထေန၊ လက်ဖြင့်။ ရတနပ္ပမာဏော၊တတောင်ပမာဏရှိသော။ပါဒကော၊ အခြေသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုညောင်စောင်းအင်းပျဉ်သည်။ ပမာဏိကံနာမ၊ ပမာဏနှင့် ယှဉ်သည်မည်၏။ ဝဋ္ဋတိ၊အပ်၏။ တတော၊ထိုပမာဏထက်။ အဓိကံ၊ လွန်မှုကား။ ပမာဏာတိက္ကန္တံနာမ၊ ပမာဏထက် လွန်သော ညောင်စောင်းအင်းပျဉ်မည်၏။ န ဝဋ္ဋတိ၊မအပ်။

မြတ်စွာဘုရား တလက်သစ်သည် မဇ္ဈိမပုရိသတို့၏ လက်သုံးသစ်ရှိရကား မြတ်စွာဘုရား လက်ရှစ်သစ်သည် မဇ္ဈိမပုရိသ၏ နှစ်ဆယ့်လေးသစ်ရှိ၏။ ထို ၂၄ သစ်ကို အတောင်ဘွဲ့သော်ကား မဇ္ဈိမပုရိသတို့ တတောင်ဖြစ်၏။ ထိုမဇ္ဈိမပုရိသတို့ တတောင်သည် ပကတိလူတို့ တတောင့်ထွာ ဖြစ်၏။ ထို့ကြောင့် ယခုလူတို့ တတောင့်ထွာထက် အခြေရှည်သော ညောင်စောင်းအင်းပျဉ်သည် ပမာဏထက်လွန်သည်မည်၏။ မြတ်စွာဘုရား လက်ရှစ်သစ်, မဇ္ဈိမပုရိသတို့ တတောင်, ပကတိလူတို့ တတောင့်ထွာ အခြေရှည်သော ညောင်စောင်းအင်းပျဉ်သည် ပမာဏိကဖြစ်၍ သီလဆောက်တည်သော သူတို့အား အိပ်ခြင်း, နေခြင်းငှါ အပ်၏။ ထို့ကြောင့်။ ။"အနုဇာနာမိ ဘိက္ခဝေ အဋ္ဌင်္ဂုလပရမံ မဉ္စပဋိပါဒကံ" ဟု ဟောတော်မူ၏။ ။ဘိက္ခဝေ၊ရဟန်းတို့။ အဋ္ဌင်္ဂုလပရမံ၊ လက်ရှစ်သစ် အတိုင်းအရှည်ရှိသော။မဉ္စပဋိပါဒကံ၊ညောင်စောင်းခြေကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

မဟာသယနမည်သည်ကား။ ။"မဟာသယနံ ဝုစ္စတိ အကပ္ပိယသန္ထတံ၊ တဒ္ဒာယံ ဇဝံ သရူပတော ဝုတ္တံ၊ အာသန္ဒိ ပလ္လင်္ကော ဂေါနကော စိတ္တကော ပဋိကာ ပဋလိကာ တူလိကာ ဝိကတိကာ ဥဒ္ဒလောမိ ဧကန္တလောမိ ကဋ္ဋိဿံ ကောသေယျံ ကုတ္တကံ ဟတ္ထတ္ထရဏံ အဿတ္ထရဏံ ရထတ္ထရဏံ အဇိနပဝေဏီ ကဒလိမိဂပဝရပစ္စတ္ထရဏံ သဥတ္တရစ္ဆဒံ ဥဘတောလောဟိတကူပဓာနန္တိ" ဟူသော အဋ္ဌကထာနှင့်အညီ မအပ်သောအခင်းသည် မဟာသယနမည်၏။ ထိုနှစ်ပါးသော ဥစ္စာသယန မဟာသယန အစဉ်ကို မြတ်စွာဘုရားဟောတော်မူ၏။ ။ဟောဟန်ကား။ ။အာသန္ဒိ၊ပမာဏထက်လွန်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်။ပလ္လင်္ကော၊ အခြေ၌ သားရဲရုပ်ထုသောပလ္လင်။ ဂေါနကော၊ လက်လေးသစ်ထက် လွန်၍ရှည်သော အမွေးရှိသော ကော်ဇောကြီး။ စိတ္တကော၊ ရတနာတို့ဖြင့် ဆန်းကြယ်သော သားမွေး ဖြင့် ရက် အပ်သော အခင်း။ ပဋိကာ၊သားမွေးဖြင့်ရက်သော ဖြူသောအခင်း။ ပဋလိကာ၊ တခဲနက် ပန်းပွင့်ပန်းပြောက်ရှိသော သားမွေးဖြင့်ပြီးသော

အခင်း။ တူလိကာ၊ လဲသွတ်သော သားမွေးဖြင့်ရက်သော အခင်း။ ဝိကတိကာ၊ ခြင်္သေ့ရုပ်, ကျားရုပ် စသည်တို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်ရက်သောအခင်း။ ဥဒ္ဒလောမိ၊တဘက်၌ အမွေးဘော်၍ သားမွေးဖြင့်ရက်သောအခင်း။ ဧကန္တလောမိ၊ နှစ်ဘက်မှ အမွေးဘော်၍ ရက်အပ်သော သားမွေးဖြင့်ပြီးသောအခင်း။ ကဋ္ဋိဿံ၊ ရွှေချည်ဖြင့်ချုပ်သော ပိုးချည်တို့၏အကြား၌ ရွှေချည်တို့ကိုသွင်း၍ ရက်သဖြင့်ပြီးသောအခင်း။ ကောသေယျံ၊ ရွှေချည်တို့ဖြင့် ချုပ်အပ်သော ပိုးချည်ဖြင့်ရက်သော အခင်း။ ကုတ္တကံ၊ တကျိပ်ခြောက်ယောက်သော ကခြေသည်တို့သည် ကလောက်သော သားမွေးဖြင့်ပြီးသော အခင်း။ ဟတ္ထတ္ထရဏံ၊ ဆင်၌ခင်းသော ဆင်ကုန်းနှီး။ အဿတ္ထရဏံ၊မြင်း၌ခင်းသော မြင်းကုန်းနှီး။ ရထတ္ထရဏံ၊ရထား၌ ခင်းသော အခင်း။ အဇိနပဝေဏိ၊ဩောင်စောင်းနှင့်အမျှ သစ်နက်ရေကို နှစ်ထပ် သုံးထပ်ချုပ်၍ ရတနာတို့ဖြင့် ပြုအပ်သော အခင်း။ ကဒလိမိဂပဝရပစ္စတ္ထရဏံ၊ ဝံပိုင်ရေဖြင့် ပြုအပ်သော မြတ်သော အခင်း။ သဥတ္တရစ္ဆဒံ၊အထက်၌ကြက်သောဗိတာန်နှင့် တကွသော အခင်း။ ဥဘတောလောဟိတကူပဓာနံ၊ နှစ်လုံး နီသောခေါင်းအုံး ခြေအုံး။ ။ဤသို့သော အခင်းတို့ကို ဥစ္စာသယန မဟာသယန မည်၏ဟု ဟောတော်မူ၏။ ။မဟာသယနံ ဝုစ္စတိ အစရှိသော ဤပါဠိ၌ အာသန္ဒီ ပလ္လင်္ကောဟူသောပါဠိဖြင့် မဟာသယနကို ပြတော်မူ၏။ ။ဤအခင်းတို့ကို ပြဆိုရာစကား၌ အဋ္ဌကထာပါဠိတို့ကိုထည့်သွင်း၍ပြလျှင် စကား ကျယ် ပွါး လေ ရာ သော ကြောင့် အဓိပ္ပါယ်မျှကိုယူ၍ ပြလိုက်သည်။

တိုနေရာအခင်းတို့တွင် အာသန္ဒီမည်သောနေရာ ပလ္လင်မည်သောနေရာ တူလိကအခင်း ဤသုံးပါးသောနေရာအခင်းကို ထား၍ ကြွင်းသော ဂေါနက အစရှိသော လူတို့၏ဥစ္စာဖြစ်သော အခင်းတို့၌ကား အိပ်ခြင်းငှါသာမအပ်။ ဆွမ်းကျွေးရာအရပ် တရားနာရာ အရပ် တရားဟောရာအရပ်တို့၌ခင်းသော် ထိုအခင်းတို့၌ ထိုင်ခြင်း ငှါကားအပ်၏။ ။ထို့ကြောင့်။ ။''အနုဇာနာမိ ဘိက္ခဝေ ထပေတွာ တီဏိ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကတံ အဘိနိ

သိဒိတုံ၊ နတွေ ဝ အဘိနိပ္ပဇ္ဇိတုံ''ဟု ဟောတော်မူ၏။ ၊ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ်၊သုံးပါးကုန်သော။ အာသန္ဒိ၊ပမာဏထက်လွန်သော ညောင်းစောင်းအင်းပျဉ်ကိုလည်းကောင်း။ ပလ္လင်္ကော၊ အခြေ၌ ခြင်္သေ့ သစ်ကျား သားရဲရုပ်ထုသော ပလ္လင်ကိုလည်းကောင်း။ တူလိကံ၊ လက်ပံမဟာလှေကား အစရှိသော သစ်ပင်မှဖြစ်သော လဲ, ဂုံ ခွေးတောက် အစရှိသော နွယ်မှဖြစ်သော လဲ,မြက်ပင်မှဖြစ်သော လဲ, ဤသို့ဆိုအပ်ပြီးသောလဲ တို့ကို သွင်း၍ချုပ်သဖြင့် ပြုအပ်သောအခင်းကိုလည်းကောင်း။ ထပေတွာ၊ ထား၍။ ဂိဟိဝိကတံ၊ လူတို့၏ဥစ္စာဖြစ်သော နေရာအခင်းကို။ အဘိနိသိဒိတုံ၊ ထိုင်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ အဘိနိပ္ပဇ္ဇိတုံ၊ အိပ်စိမ့်သောငှါ။ နတွေ ဝ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မမူ။

ဤသို့ ဆို အပ် ပြီး သော မြင့်သောနေရာ မြတ်သောနေရာတို့၌ အိပ်ခြင်း နေခြင်းသည် ဥစ္စာသယနမဟာသယနမည်၏။ တည်ရာအာဓာရဖြစ်သော အာသန္ဒိ အစရှိသော အခင်းနေရာတို့ကို ပယ်သည်ရှိသော် ထိုအိပ်ရာနေရာ၌ အိပ်ခြင်းနေခြင်း ကြိယာကိုလည်း ပယ်ခြင်းကိစ္စ ပြီးလေသောကြောင့် ဥစ္စာသယန မဟာသယနဟု ဟောတော်မူ၏။ ပရမတ္ထအားဖြင့် ထိုဥစ္စာသယန မဟာသယနမှ ရှောင်ကြဉ်ကြောင်း ဝိရတိ စေ တ နာ သည် ဥစ္စာသယန မဟာသယနာဝေရမဏီ မည်၏။ ။''ယသ္မာ ပန အာဓာရေ ပဋိက္ခိတ္တေ တဒါဓာရကိရိယာ ပဋိက္ခိတ္တာဝ ဟောတိ၊ တသ္မာ ဥစ္စာသယနမဟာသယနံ ဧတွေဝ ဝုတ္တံ၊ အတ္ထတော ပန တံ ဥပဘောဂဘူတံ နိသဇ္ဇနနိပ္ပဇ္ဇနေဟိ ဝိရတိ ဒဿိတာတိ ဒဋ္ဌဗ္ဗာ''။ ။မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ။ ။အာဓာရေ၊ တည်ရာဖြစ်သော ညောင်းစောင်းအင်းပျဉ် စသည်ကို။ ပဋိက္ခိတ္တေ၊ ပယ်သည်ရှိသော်။ တဒါဓာရကိရိယာ၊ ထိုညောင်စောင်းအင်းပျဉ် အစရှိသည်၌ ထိုင်ခြင်း, အိပ်ခြင်း ကြိယာကို။ ပဋိက္ခိတ္တာဝ၊ ပယ်အပ်သည်သာလျှင်။ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထိုကြောင့်။ဥစ္စာသယန

မဟာသယနံ ဇူရွေ၀၊ ဥစ္စာသယန မဟာသယနဟူ၍ သာလျှင်။ ဝုတ္တံ၊ဟောအပ်၏။ အတ္တတော ပန၊ သဘောအားဖြင့်ကား။ ဥပဘောဂဘူတံ၊ သုံးဆောင်ရာဝတ္ထုဖြစ်၍ဖြစ်သော။ တံ၊ ထိုညောင်စောင်းအင်းပျဉ် စသည်ကို။ နိသဇ္ဇနနိပဇ္ဇနေဟိ၊ ထိုင်ခြင်း အိပ်ခြင်းတို့မှ။ ဝိရတိ၊ ကြဉ်ခြင်းကို။ဒဿိတာ၊ပြအပ်၏။ဇူတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤသိက္ခာပုဒ်၌ ဥစ္စာသယန မဟာသယနာ သနာ ဝေရမဏီ ဟု ဟောတော်မူအပ်လျက် အိပ်ရာကို ဟောသော သယနသဒ္ဒါဖြင့် နေရာဟုဆိုအပ်သော အာသနကိုလည်း သင်္ဂြိုဟ်အပ်သောကြောင့် ဥစ္စာသယန မဟာသယနာဝေရမဏီဟု ဟောတော်မူ၏။ ။ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။''အာသနံ ပေတ္ထ သယနေန သင်္ဂဟိတံ''ဟုမိန့်၏။ ။ဧတ္ထ၊ဤဥစ္စာသယန မဟာသယန သိက္ခာပုဒ်၌။ အာသနံပိ၊ နေခြင်းကြိယာကိုလည်း။ သယနေန၊သယနသဒ္ဒါဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။

အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလ ကို ခံယူဆောက်တည်သောသူသည်။ ဆိုအပ်ပြီးသော အခြေ၌ ခြသေ့ သစ် ကျား သားရဲရုပ် တပ်သော ပလ္လင်, မြတ်စွာဘုရား လက်သစ်တော်အားဖြင့် ရှစ်သစ်, မဇ္ဈိမပုရိသတို့၏ အတောင်အားဖြင့် တတောင်, ယခုလူတို့၏ အတောင်အားဖြင့် တတောင့်ထွာထက် အခြေရှိသော မြင့်သောနေရာဖြစ်သော ညောင်စောင်းအင်းပျဉ်၌၎င်း။ လက်လေးသစ်ထက် ရှည်သော အမွေးရှိသော ကော်ဇော်ကြီးဟုဆိုအပ်သော ဂေါနကအခင်း, ရတနာတို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်ရက်သော စိတ္တကအခင်း, ဤ သို့ အ စ ရှိ သော မြတ်သောအခင်းတို့၌၎င်း။ သာယာခြင်းကို အရင်းပြုသဖြင့် အိပ်ခြင်း နေခြင်းကို မပြုအပ်။ အိပ်ခြင်း နေခြင်းကို ပြုမိသောသူအား ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ပျက်၏ဟု မှတ်အပ် သိအပ်၏။ ။ဤတွင် အဋ္ဌင်္ဂသီလ၏ အဆုံးအဖြတ်အကျဉ်းပြီး၏။

အဋ္ဌင်္ဂသီလဝိနိစ္ဆယော နိဋ္ဌိတော။

၉၈-ဇာတရူပရဇတသိက္ခာပုဒ်ကို ဆုံးဖြတ်၍ပြခြင်း။

ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီ ဟူသော ဒသမသိက္ခာပုဒ်၌ ဇာတရူပ မည်သည်ကား အမှတ်မရှိ အလုံးစုံသောရွှေသည် ဇာတရူပ မည်၏။ ဤအရာ၌ တိကနိပါတ်အင်္ဂုတ္တိုရ်, အဘိဓာန်ဋီကာ စသော အထူးထူးသော ကျမ်းတို့၌လာသော ရွှေတို့၏ အပြားကိုပြပေအံ့။ ။ရွှေသည် ယုတ္တိကရွှေ ဒသဝိဓရွှေ သကယုပ္ပန္နရွှေ စာမရီရွှေ ဟူ၍ မနုဿဘောဂ ရွှေမျိုးလေးပါး, သာတကုမ္ဘမည်သောရွှေ ဇမ္ဗုနဒ မည်သောရွှေ သိင်္ဂီမည်သောရွှေ ဟူ၍ ဒိဗ္ဗဘောဂရွှေမျိုးသုံးပါး, ဤသို့အားဖြင့် ၇ ပါး အပြားရှိ၏။ ထို ၇ ပါးတို့တွင် ကြေးနီ သံ အစရှိသည်ဖြင့် ရောစွ၍ပြုသောရွှေသည် ယုတ္တိကရွှေ မည်၏။ ဖိုဝ၌ ဆယ်ကြိမ်ဆယ်ဘန် လှော်အပ်သော ရွှေသည် ဒသဝိဓရွှေ မည်၏။ ဤရွှေသည် ယခုလူတို့ခေါ်ဝေါ်အပ်သော ဆယ်မှုးရည်ရွှေပင်တည်း။ အလိုအလျောက်မပြုပြင်ဘဲမြေမှ ၎င်း, ကျောက်မှ၎င်း, ဖြစ်သောရွှေသည် သကယုပ္ပန္နရွှေ မည်၏။ စာမရီမည်သောသစ်ပွင့်ကို မီးဖြင့်ချက်၍ပြုအပ်သောရွှေသည် စာမရီရွှေမည်၏။ ကျောက်ညွန့်မှဖြစ်သော ပဒုမာကြာ၏ အဆင်းနှင့်တူသော အဆင်းရှိသောရွှေသည် သာတကုမ္ဘရွှေ မည်၏။ကျွန်းဦး သပြေပင်၏ ခက်မတို့အောက် စီးသွားသောမြစ်တို့၌ ဆင်ခေါင်းပမာဏ အိုးစရည်း ပမာဏရှိကုန်သော ဇမ္ဗူသပြေသီးတို့ ကြွေကျသဖြင့် ထိုအစေ့တို့မှဖြစ်သောရွှေသည် ဇမ္ဗုနဒရွှေမည်၏။ နွားချိုနှင့်တူစွာ မြေမှပေါက်သောရွှေသည် သိင်္ဂီရွှေမည်၏။

ထိုမှတပါးလည်း ကဉ္စနရွှေ, ဇာတရူပရွှေ, ဟာတကရွှေ, ဝါလိကရွှေ, နိက္ခရွှေ အစရှိသောအားဖြင့် များသောအပြားရှိ၏။ ထိုအပြားတို့တွင် တောင်ထွတ်တောင်အတွင်းတို့၌ဖြစ်သော ရွှေသည် ကဉ္စနရွှေမည်၏။မြေမှ၎င်း,ကျောက်မှ၎င်း ဖြစ်သောရွှေကို အကြိမ်များစွာ လှော်၍ပြုအပ်သော အလွန်ဝါရွှေသော အဆင်းဖြင့် တင့်တယ်သောရွှေသည် ဇာတရူပရွှေ မည်၏။ ပိုးရွ ခြပုန်းတို့သည် ဆောင်အပ်သော မြေမှုန့်တို့ကို ကျင်၍ရသောရွှေသည် ဟာတကရွှေမည်၏။ ချောင်း, မြောင်း, မြစ်, ကမ်း သဲသောင်တို့၌ဖြစ်သော

ရွှေသည် ဝါလိကရွှေ မည်၏။ တနိက္ခပမာဏရှိသောရွှေဖြင့်ပြုအပ်သောရွှေသည် နိက္ခရွှေ မည်၏။

ထိုမှတပါး လူတို့ ပယောဂကြောင့်ဖြစ်သော ရွှေမျိုးတို့သည်ကား— နိဖလံရွှေ, နာရနီရွှေ, နာရဝေါရွှေ, နာလိကရွှေ, နာလမုတ္တရွှေ, အဥ္ဇနရွှေ, အဥ္ဇနီမုတ္တရွှေ, အဇာတဝနီရွှေ, ဇာတရူပရွှေ, ဥရနီတရွှေ, သိင်္ဂီနိက္ခရွှေ, ဇမ္ဗုရစ်ရွှေ ဟူ၍ ရွှေမျိုး တဆဲ့နှစ်ပါး အပြားရှိ၏။ ထိုတဆဲ့နှစ်ပါးတို့တွင် ကြေးသံ အငန် အဖန် စင်သော နိဖလံရွှေ ၈၀ ကို ၆၀ တင်အောင်လှော်မှ နာရနီရွှေဖြစ်၏။ ထိုနာရနီရွှေ ၆၀ ကို ၄၅ ကျပ်တင်အောင်လှော်မှ နာရဝေါရွှေ ဖြစ်၏။ ၎င်းနာရဝေါရွှေ ၄၅ ကျပ်ကို ၃၃ ကျပ်နှင့် ၇ မူးပဲ တင်အောင်လှော်မှ နာလိကရွှေ ဖြစ်၏။ ထိုနာလိကရွှေ ၃၃ ကျပ်နှင့် ၇ မူးပဲကို ၂၅ ကျပ် ၃ မူး ၂ ရွေး တင်အောင်လှော်မှ နာလမုတ္တရွှေ ဖြစ်၏။ ထိုနာလမုတ္တရွှေ ၂၅ ကျပ် ၃ မူး ၂ ရွေးကို ၁၉ ကျပ် ၂ ရွေးတင်အောင်လှော်မှ အဥ္ဇနရွှေ ဖြစ်၏။ ထိုအဥ္ဇနရွှေ ၁၉ ကျပ် ၂ ရွေးကို ၁၄ ကျပ် ၂ မူးတပဲ တင်အောင်လှော်မှ အဥ္ဇနီမုတ္တရွှေ ဖြစ်၏။ ထိုအဥ္ဇနီမုတ္တရွှေ ၁၄ ကျပ် ၂ မူးတပဲကို ၁၀ ကျပ် ၆ မူးတပဲလေးရွေး တင်အောင်လှော်မှ အဇာတဝနီရွှေဖြစ်၏။ ထိုအဇာတဝနီရွှေ ၁၀ ကျပ် ၆ မူးတပဲ လေးရွေးကို ၈ ကျပ်တရွေး တင်အောင်လှော်မှ ဇာတရူပရွှေဖြစ်၏။ ထိုဇာတရူပရွှေ ၈ ကျပ်တရွေးကို ၆ ကျပ် တင်အောင်လှော်မှ ဥရနီတရွှေ ဖြစ်၏။ ထိုဥရနီတရွှေ ၆ ကျပ်ကို ၄ ကျပ် ၂ မတ် တင်အောင်လှော်မှ သိင်္ဂီနိက္ခရွှေ ဖြစ်၏။ ထိုသိင်္ဂီနိက္ခရွှေ ၄ ကျပ် ၂ မတ်ကို ၃ ကျပ် ၃ မူး လေးရွေးတင်အောင်လှော်မှ ဇမ္ဗုရစ်ရွှေ ဖြစ်၏။ ဤကား ရွှေတို့၏အပြားတည်း။

ဤသိက္ခာပုဒ်၌ ဇာတရူပသဒ္ဒါဖြင့်ဟောသောကြောင့် ဇာတရူပ မည်သော ရွှေကိုသာယူအပ်၏ဟု မမှတ်အပ် မကြံစည်အပ်။ ရွှေဟူသော အနက်ကို ဟောတတ်သော မာဂဓသဒ္ဒါတွင် ဤဇာတရူပသဒ္ဒါဖြင့်သာ မှတ်၍ဟောသောကြောင့် အလုံးစုံသော ရွှေသည်ပင် ဇာတရူပ မည်၏ဟု မှတ်ယူအပ်၏။ ။''ဇာတရူပန္တိ

သုဝဏ္ဏဿနာမံ''။ ။ပါရာဇိကကဏ်အဋ္ဌကထာ။ ။ဇာတရူပန္တိ၊ ဇာတရူပံ ဟူသည်ကား။ သုဝဏ္ဏဿ၊ ရွှေ၏။နာမံ၊အမည်တည်း။

ရဇတ မည်သည်ကား ကြေးနီ ခဲပုပ် အစရှိသော ဒေါသစင်ကြယ်သော ငွေစင်သာလျှင် ရဇတမည်သည် မဟုတ်။ ။''ဣဓ ပန ယံကိဉ္စိ ဝေါဟာရ ဂမနိယံ ကဟာပဏာဒိ ဝေဒိတဗ္ဗံ'' ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဠိနှင့်အညီ ဤဇာတရူပ သိက္ခာပုဒ်၌ ရောင်းဝယ်ခြင်းသို့ရောက်သော ရွှေသပြာဟု ဆိုအပ်သော ကဟာပဏ ငွေသပြာဟုဆိုအပ်သော ကဟာပဏ ပကတိသော အသပြာဟု ဆိုအပ်သော ကဟာပဏ ဤကဟာပဏ တို့သည်လည်းကောင်း, ထိုမှတပါး ကြေးနီ စသည်တို့ဖြင့် ပြုအပ်သော မာသက သည်လည်းကောင်း, အမှတ်မရှိသော သစ်သားတို့၏ အနှစ်တို့ဖြင့်၎င်း ဝါးခြမ်းစိတ်ဖြင့်၎င်း ယုတ်သော အပိုင်းအခြားအားဖြင့် ထန်းရွက်ဖြင့်သော်လည်း ဆင် မြင်း ဥဒေါင်း လဝန်းဆောက်ပုတ်သဏ္ဌာန် အစရှိသော အ ရုပ် ထုလုပ်၍ ပြုအပ်သော မာသက သည်လည်းကောင်း, အမှတ်မရှိသော ဆီး အစရှိသော ချိပ်ဖြင့်လည်းကောင်း သစ်စေးသားရိုးဖြင့်လည်းကောင်း ဆိုခဲ့ပြီးသော အရုပ်သဏ္ဌာန် ထုလုပ်၍ပြုအပ်သော မာသကသည်လည်းကောင်း, အလျော်အားဖြင့် ရဇတငွေမည်၏။

> ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ။ လောဟမာသကောတိ တမ္ဗလောဟာဒီဟိ ကတမာသကော။ဒါရုမာသကောတိ သာရဒါရုနာ ဝါ ဝေဠုပေသိကာယ ဝါ အန္တမသော တာလပဏ္ဏေနပိ ရူပံ ဆိန္ဒိတွာ ကတမာသကော။ ဇတုမာသကောတိ လာခါယ ဝါ နိယျာသေန ဝါ ရူပံ သမုဋ္ဌာပေတွာ ကတမာသကော။ ။၎င်းအဋ္ဌကထာ။

ကဟာပဏောတိ၊ ကဟာပဏောဟူသည်ကား။ သောဝဏ္ဏမယော ဝါ၊ ရွှေဖြင့်ပြီးသော ကဟာပဏ၎င်း။ ရူပိယမယော ဝါ၊ ငွေဖြင့်ပြီးသော ကဟာပဏ၎င်း။ ပါကတိကော ဝါ၊ ပကတိသော

ကဟာပဏာၐင်း။ လောဟမာသကောတိ၊ လောဟမာသကော ဟူသည်ကား။ တမ္ဗလောဟာဒီဟိ၊ ကြေးနီ စသည်တို့ဖြင့်။ ကတမာသကော၊ ပြုအပ်သောမာသကတည်း။ ဒါရုမာသကောတိ၊ ဒါရုမာသကော ဟူသည်ကား။ သာရဒါရုနာ ဝါ၊ သစ်အနှစ်ဖြင့်ၐင်း။ဝေဠုပေသိကာယ ဝါ၊ ဝါးခြမ်းစိတ်ဖြင့်ၐင်း။ အန္တမသော၊ အယုတ်သဖြင့်။ တာလပဏ္ဏေနပိ၊ ထန်းရွက်ဖြင့်မူလည်း။ ရူပံ၊ အရုပ်ကို။ ဆိန္ဒိတွာ၊ထု၍။ ကတမာသကော၊ ပြုအပ်သော မာသကတည်း။ ဇတုမာသကောတိ၊ဇတုမာသကော ဟူသည်ကား။ လာခါယ ဝါ၊ ချိပ်ဖြင့်ၐင်း။ နိယျာသေန ဝါ၊ သစ်စေးဖြင့်ၐင်း။ ရူပံ၊ အရုပ်ကို။ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍။ကတမာသကော၊ပြုအပ်သော မာသကတည်း။

အကြင်အကြင် မြို့, ရွာ, တိုင်း, နိုင်ငံ, နိဂုံး, ဇနပုဒ်တို့၌ ထိုထိုမြို့, ရွာ, တိုင်း,နိုင်ငံ,ဇနပုဒ်တို့၏ အလေ့အားလျော်စွာ ဆင်,မြင်း အစရှိသော သတ္တဝါတို့၏ အရိုးဖြင့်ပြီးသည်မူလည်း ဖြစ်စေ၊ ထိုဆင်,မြင်း အစရှိသော သတ္တဝါတို့၏ အရေဖြင့်ပြီးသည်မူလည်းဖြစ်စေ၊ အမှတ်မရှိသောသစ်သီး အမှတ်မရှိသောသစ်စေ့ဖြင့်ပြီးသည်မူလည်းဖြစ်စေ၊ ထို အရိုး, သားရေ, သစ်သီး, သစ်စေ့ တို့ကို လူတို့သည် တံဆိပ်,အမှတ်,အရုပ် ထုလုပ်သည်မူလည်းဖြစ်စေ၊ မထုလုပ်သည်မူလည်းဖြစ်စေ၊ ရောင်းဝယ်ခြင်း အစရှိသောအကြောင်းဖြင့် သုံးစွဲကြသော အလုံးစုံသောဝတ္ထု ဟူသမျှသည်လည်း အလျော်အားဖြင့် ရဇတငွေ မည်၏။

ယေ ဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာ ပန ပဒေန ယော ယော ယတ္ထ ယတ္ထ ဇနပဒေ ယဒါ ယဒါ ဝေါဟာရံ ဂစ္ဆတိ၊ အန္တမသော အဋ္ဌိမယောပိ စမ္မမယောပိ ရုက္ခဖလဗီဇမယောပိ သမုဋ္ဌာပိတရူပေါပိ အသမုဋ္ဌာပိတရူပေါပိ သဗ္ဗော သင်္ဂဟိတော။ ။ၐင်းအဋ္ဌကထာ။

ယေ ဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာ ပန ပဒေန၊ ယေ ဝေါဟာရံ ဂစ္ဆန္တိ ဟူသော ဤပုဒ်ဖြင့်ကား။ ယော ယော မာသကော၊အကြင်

အကြင် မာသက သည်။ ယတ္ထ ယတ္ထ ဇနပဒေ၊ အကြင်အကြင်ဇန ပုဒ်၌။ ယဒါ ယဒါ ယသ္မိံကာလေ၊ အကြင်အကြင်အခါ၌။ ဝေါ ဟာရံ၊ရောင်းဝယ်ခြင်းသို့။ဂစ္ဆတိ၊ရောက်၏။တတ္ထ တတ္ထ ဇနပဒေ၊ ထိုထိုဇနပုဒ်၌။ အန္တမသော၊အယုတ်သဖြင့်။ အဍ္ဎမယောပိ၊အရိုး ဖြင့်ပြီးသော မာသကကိုရင်း။ စမ္မမယောပိ၊ သားရေဖြင့်ပြီးသော မာသကကိုရင်း။ ရုက္ခဖလဗီဇမယောပိ၊ သစ်သီး သစ်စေ့ဖြင့် ပြီး သော မာသကကိုရင်း။ သမုဋ္ဌာပိတရူပေါပိ၊ လူတို့ ပြုပြင်သော မာသက ကိုရင်း။ အသမုဋ္ဌာပိတရူပေါပိ၊ လူတို့မပြုပြင်သော မာ သက ကိုရင်း။ သဗ္ဗော၊အလုံးစုံကို။ သင်္ဂဟိတော၊ရေတွက်အပ်၏။ ဝါ၊ ယူအပ်၏။

ယခုကာလသုံးစွဲကြသော ကြေးနီပိုက်ဆန်, ခဲပိုက်ဆန်, အဘိုး တန်စက္ကူ တို့သည်လည်း မာသက မည်ကုန်၏။ ဆိုအပ်ပြီးသော ဒါရုမာသက ကဟာပဏ တို့သည်လည်းကောင်း။ မုတ္တာ၊ ပုလဲ။ မဏိ၊ပတ္တမြား။ ဝေဠုရိယော၊ ကြောင်မျက်ရွဲ။ သင်္ခေါ၊ ခရုသင်း။ သိလာ၊ကျောက်သလင်း။ ပဝါဠံ၊သန္တာ။ လောဟိတင်္ကော၊ပတ္တ မြားနီ။ မသာရဂလ္လ၊ပတ္တမြားပြောက်။ ဤအလုံးစုံသော ရတနာတို့ သည် လည်းကောင်း။ သာလိ၊သလေး။ ဝီဟိ၊ကောက်။ဂေါဓုမော၊ နတ်ကောက်။ ဝရကော၊ ပြောင်း။ ယဝေါ၊မုယော။ ကင်္ဂု၊ ဆပ်။ ဤစပါးမျိုးတို့သည်လည်းကောင်း,။ခေတ္တ၊လယ်၊ဝတ္ထု၊ယာ အစရှိ သည်တို့သည်လည်းကောင်း,။ ဤဆိုအပ်ပြီးသော အလုံးစုံသော ဝတ္ထုတို့သည်အလျော်အားဖြင့် ရဇတငွေ မည်ကုန်၏။

ဇာတရူပရဇတ ပဋိဂ္ဂဟဏာတိ ဧတ္ထ ရဇတသဒ္ဒေန ဒါရုမာသကာဒိသဗ္ဗရူပိယံ သင်္ဂဟိတံ၊ မုတ္တာမဏိအာဒ ယော ပေတ္ထ ခေ့ခေတ္တဝတ္ထာဒယော စ သင်္ဂဟိတာနီတိ ဒဋ္ဌဗ္ဗာ။ ။ဋီကာ။

ဇာတရူပရဇတ ပဋိဂ္ဂဟဏာတိ ဧတ္ထ၊ ဇာတရူပရဇတ ပဋိဂ္ဂ ဟဏာ ဟူသောပုဒ်၌။ ရဇတသဒ္ဒေန၊ရဇတသဒ္ဒါဖြင့်။ ဒါရုမာသ ကာဒိသဗ္ဗရူပိယံ၊ဒါရုမာသကအစရှိသော အလုံးစုံသောရူပိယကို။

သင်္ဂဟိတံ၊ ရေတွက်အပ်၏။ ဧတ္တ၊ ဤအရာ၌။ မုတ္တာမဏိအာဒယောပိ၊ ပုလဲ,ပတ္တမြား အစရှိသော ရတနာတို့ကိုရင်း။ ခေဠခေတ္တဝတ္ထာဒယော စ၊ စပါး, လယ်, ယာ အစရှိသော ဝတ္ထုတို့ကိုရင်း။ သင်္ဂဟိတာနီတိ၊ ရေတွက်အပ်ကုန်၏ဟူ၍။ ဒဠ္ဗဗ္ဗာ၊ မှတ်အပ်ကုန်၏။

ပဋိဂ္ဂဟဏ မည်သည်ကား မိမိကိုယ်တိုင်ကိုင်ခံခြင်း, သူတပါးကို ခံစေခြင်း,သာယာခြင်း, ဤသုံးပါးသောအခြင်းအရာတို့သည် ပဋိဂ္ဂဟဏ မည်၏။ ဤအရာ၌အချို့သောဆရာတို့ကား ကိုင်ခြင်းဟူသော အနက်တပါးကိုသာဟော ပဋိဂ္ဂဟဏသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် မိမိကိုယ်တိုင်သာ မကိုင်မခံအပ်။ သူတပါးကို ခံယူစေခြင်း,သာယာခြင်းငှါကားအပ်၏။ လူတို့အား သိက္ခာပုဒ် မပျက်ဟု ဆိုကုန်၏။ ထိုဆရာတို့သည် ကျမ်းဂန်တို့၌ ဗဟုသုတနည်းသည်ဖြစ်၍ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌လာသော ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ ဟူသော ဤသိက္ခာပုဒ်၏အဘွင့်ကို မတွေ့မမြင်ဘူးသောကြောင့်ရင်း, အကယ်၍ တွေ့မြင်ဘူးသော်လည်း အဋ္ဌကထာ,ဋီကာ,ပါဠိ၏ အနက်အဓိပ္ပါယ်ကို မှန်ကန်စွာ မယူဆနိုင်သောကြောင့်ရင်း ပြောဆိုခြင်းမျှသာဖြစ်၍ ထိုဆရာတို့၏စကားကို မမှတ်ယူအပ်၊ ပယ်အပ်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူကား ဤ ပဋိဂ္ဂဟဏသဒ္ဒါသည် ကိုယ်တိုင်ခံယူခြင်းဟူသော အနက်တပါးကိုသာ ဟောနိုင်သည် ပြနိုင်သည်မဟုတ်၊ သူတပါးကို ခံယူစေခြင်း, ခံယူလိုသောစိတ်ဖြင့် သာယာခြင်း, ဤအနက်နှစ်ပါးကိုလည်း ဟောခြင်း, ပြခြင်းငှါစွမ်းနိုင်သော သဒ္ဒသတ္တိရှိသည်ဖြစ်၍ရင်း, ပဋိဂ္ဂဟဏသဒ္ဒါသည် ဟောအပ်သော ခံခြင်းမည်သည် ကိုယ်ဖြင့်ခံခြင်း, နှုတ်ဖြင့်ခံခြင်း, စိတ်ဖြင့်ခံခြင်း ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် မိမိကိုယ်တိုင်ခံခြင်းသည် ကိုယ်ဖြင့်ခံခြင်းမည်၏, သူတပါးကိုခံစေခြင်းသည် နှုတ်ဖြင့်ခံခြင်းမည်၏, သာယာသိမ်းဆည်းခြင်းသည် စိတ်ဖြင့်ခံခြင်း မည်၏ ဤသုံးပါးသော ခံခြင်းကိုပင် ခံခြင်းကြီးယာအဖြစ်ဖြင့် တူသောကြောင့် သာမညနိဒ္ဒေသနည်းအားဖြင့်ရင်း "ပဋိဂ္ဂဟဏောစ ပဋိဂ္ဂဟဏောစ

ပဋိဂ္ဂဟဏော စ''ဟု ဟောတော်မူအပ်လျက် သုံးပါးသောခံခြင်း ကြိယာကိုဟောသော ရှေးပဋိဂ္ဂဟဏသဒ္ဒါနှစ်ခုကိုချေ၍ နောက် ပဋိဂ္ဂဟဏသဒ္ဒါတခုကိုသာ အကြွင်းထား၍ ကေသေသနည်းအား ဖြင့်ငှင်း, ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီ ဟု ဟောတော် မူ၏။ ထိုသို့ဟောတော်မူသည်ဖြစ်၍ ပဋိဂ္ဂဟဏသဒ္ဒါတခုဖြင့်ပင် မိမိကိုယ်တိုင်ခံခြင်း, သူတပါးကိုခံစေခြင်း, သာယာခြင်း, သိမ်း ဆည်းခြင်း ဤသုံးပါးသောကြိယာကိုဟောခြင်း ပြခြင်းငှါစွမ်းနိုင် သည်ဖြစ်သောကြောင့် ဒသင်္ဂသီလကို ခံယူဆောက်တည်သောသူ သည် ခံယူဆောက်တည်ပြီးသောနောက်ကာလ၌ သူတပါးတို့က ပေးကမ်းစွန့်လှူသောအားဖြင့်ဖြစ်စေ, တစုံတခုသောအကြောင်း ဖြင့်ဖြစ်စေ ရသော ရွှေ ငွေ မာသက ကဟာပဏတို့ကိုငှင်း, မိမိ၌ ရှိပြီးဖြစ်သော ရွှေ ငွေ မာသက ကဟာပဏ တို့ကိုငှင်း, မိမိကိုယ် တိုင်လည်း မကိုင် မခံအပ်,သူတပါးကိုမူလည်း မခံယူစေအပ်,သာ ယာသိမ်းဆည်းခြင်းကိုမူလည်း မပြုအပ်။ ထို့ကြောင့်—

''ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ပဋိဝိရတော'' ဟူသော မူလ ပဏ္ဏာသပါဠိတော် ထိုပါဠိတော်၏အဘွင့်ကိုပြသော ဗုဒ္ဓမတည်း မူလပဏ္ဏာသအဋ္ဌကထာဆရာသည် ''တဿ ဥဘယဿပိ ပဋိဂ္ဂ ဟဏာ ပဋိဝိရတော နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာပေတိ န ဥပ နိက္ခိတ္တံ သာဒိယတီတိ အတ္ထော''ဟု ဘွင့်ပြတော်မူ၏။ ငှင်းအဋ္ဌ ကထာ၏အဘွင့်ကိုပြသော ဋီကာဆရာသည်လည်း ''အညေဟိ ဂါဟာပနေ ဥပနိက္ခိတ္တ သာဒိယနေစ ပဋိဂ္ဂဟဏဿော လဗ္ဘတီတိ အာဟ နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယ တီတိ။အထဝါ တိဝိဓံ ပဋိဂ္ဂဟဏံ ကာယေန ဝါစာယ မနသာတိ။ တတ္ထ ကာယေန ပဋိဂ္ဂဟဏံ ဥဂ္ဂဟဏံ၊ ဝါစာယ ပဋိဂ္ဂဟဏံ ဥဂ္ဂ ဏှာပနံ၊ မနသာပဋိဂ္ဂဟဏံ သာဒိယနန္တိ တိဝိဓံ ပဋိဂ္ဂဟဏံ သာ မညနိဒ္ဒေသေန ကေသေသ နယေန ဝါ ဂဟေတွာ ပဋိဂ္ဂဟဏာတိ ဝုတ္တံ၊ တသ္မာ နေဝ ဥဂ္ဂဟေတုံ န ဥဂ္ဂဟာပေတုံ န ဥပနိက္ခိတ္တံ သာဒိယိတုံ ဝဋ္ဋတိ''ဟု မိန့်၏။

အဋ္ဌကထာပါဠိ၏အနက်ကား ဥဘယသာပိ၊ နှစ်ပါးစုံလည်းဖြစ်သော။ တဿ၊ ထိုဇာတရူပရဇတကို။ ပဋိဂ္ဂဟဏာ၊ခံခြင်းမှ။ ပဋိဝိရတော၊ ကြဉ်၍။ နံ၊ထိုဇာတရူပရဇတကို။ နေဝ ဥဂ္ဂဏှာတိ၊ ကိုယ်တိုင်လည်းမခံ။ န ဥဂ္ဂဏှာပေတိ၊ သူတပါးကိုလည်းမခံမယူစေ။ ဥပနိက္ခိတ္တံ၊ အနီးသို့ဆောင်၍ပေးကမ်းစွန့်လှူအပ်သည်ကိုလည်း။ နသာဒိယတိ၊ မသာယာ။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။

ဋီကာပါဠိ၏အနက်ကား အညေဟိ၊တပါးသောသူတို့ကို။ ဂါဟာပနေစ၊ ခံယူစေခြင်း၌လည်းကောင်း။ ဥပနိက္ခိတ္တ သာဒိယနေစ၊ အနီးသို့ဆောင်၍ ပေးကမ်းစွန့်လှူအပ်သည်ကို သာယာခြင်း၌လည်းကောင်း။ ပဋိဂ္ဂဟဏတ္တော၊ ခံယူခြင်းအနက်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ဤသို့ရအပ်သောကြောင့်။ နေဝ နံဥဂ္ဂဏှာတိ န ဥဂ္ဂဏှာ ပေတိ န ဥပနိက္ခိတ္တံ သာဒိယတီတိ၊ နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာ ပေတိ န ဥပနိက္ခိတ္တံ သာဒိယတိ ဟူ၍။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊မိန့်ဆိုတော်မူ၏။ အထဝါ၊တနည်းကား။ ပဋိဂ္ဂဟဏံ၊ခံခြင်းမည်သည်။ ကာယေန၊ကိုယ်ဖြင့်။ ပဋိဂ္ဂဟဏံ၊ခံခြင်းလည်းကောင်း။ ဝါစာယ၊နှုတ်ဖြင့်။ ပဋိဂ္ဂဟဏံ၊ခံခြင်းလည်းကောင်း။မနသာ၊စိတ်ဖြင့်။ပဋိဂ္ဂဟဏံ၊ခံခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊သုံးပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။ တတ္ထ၊ ထိုသုံးပါးအပြားရှိသော ခံခြင်းတို့တွင်။ ဥဂ္ဂဟဏံ၊ကိုယ်တိုင်ခံခြင်းသည်။ ကာယေန ပဋိဂ္ဂဟဏံ၊ ကိုယ်ဖြင့်ခံခြင်းမည်၏။ ဥဂ္ဂဏှာပနံ၊ သူတပါးကို ခံစေခြင်းသည်။ ဝါစာယ ပဋိဂ္ဂဟဏံ၊ နှုတ်ဖြင့်ခံခြင်းမည်၏။ သာဒိယနံ၊ ကိုယ်နှုတ်နှစ်ပါးတို့တွင် တပါးပါးဖြင့် အနီးသို့ဆောင်၍ ပေးကမ်း စွန့်လှူအပ်သည်ကို သာယာခြင်းသည်။ မနသာပဋိဂ္ဂဟဏံ၊ စိတ်ဖြင့်ခံခြင်းမည်၏။ ဣတိ၊ဤသို့။ တိဝိဓံ၊သုံးပါးအပြားရှိသည်လည်းဖြစ်သော။ ပဋိဂ္ဂဟဏံ၊ ခံခြင်းကို။ သာမည နိဒ္ဒေသေနဝါ၊ သာမညနိဒ္ဒေသနည်းအားဖြင့်လည်းကောင်း။ ဧကသေသ နယေန ဝါ၊ ဧကသေသ နည်းအားဖြင့် လည်းကောင်း။

ဂဟေတွာ၊ယူ၍။ ပဋိဂ္ဂဟဏာတိ၊ ပဋိဂ္ဂဟဏာ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ဟောတော်မူအပ်၏။တသ္မာ၊ထိုကြောင့်။ ဥဂ္ဂဟေတုံ၊မိမိကိုယ်တိုင်ခံခြင်းငှါလည်း။ နေဝ ဝဋ္ဋတိ၊မအပ်သည် သာတည်း။ ဥဂ္ဂဏှာပေတုံ၊သူတပါးကို ခံစေခြင်းငှါလည်း။ န ဝဋ္ဋတိ၊မအပ်။ ဥပနိက္ခိတ္တံ၊ ကိုယ်ဖြင့် လည်းကောင်း နှုတ်ဖြင့် လည်းကောင်း အနီးသို့ဆောင်၍ ပေးကမ်းစွန့်လှူအပ်သည်ကို။ သာဒိယိတုံ ဝါ၊သာယာခြင်းငှါလည်း။ န ဝဋ္ဋတိ၊မအပ်။

ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီ ဟူသော ပါဠိတော်၏ အနက်ကို။ ''တဒုဘယမ္ပိ ဇာတရူပရဇတံ၊ တဿ ယေနကေနစိ ပကာရေန သာဒိယနံ ပဋိဂ္ဂဟောနာမ၊ န သော ယေနကေနစိ ပရိယာယေန ဝဋ္ဋတိ'' ဟူ၍ အဋ္ဌကထာဘွင့်ပြ၏။ ။တဒုဘယမ္ပိ၊ ပကတိသော ရွှေငွေဟု ဆိုအပ်သော ကဟာပဏ ရောင်းဝယ် ကြောင်းဖြစ်သော လောဟမာသက ဇတုမာသက အစရှိသော နှစ်ပါးစုံသော ဝတ္ထုသည်လည်း။ ဇာတရူပရဇတံ၊ ဇာတရူပ ရဇတ မည်၏။ တဿ၊ထိုဇာတရူပရဇတကို။ ယေနကေနစိ ပကာရေန၊တစုံတခုသော အခြင်းအရာအားဖြင့်။ သာဒိယနံ၊ သာယာ သိမ်းဆည်းခြင်းသည်။ ပဋိဂ္ဂဟောနာမ၊ ခံခြင်းမည်၏။ သော၊ထို သာယာသိမ်းဆည်းသောအားဖြင့် ခံခြင်းသည်။ ယေနကေနစိ ပရိယာယေန၊ တစုံတခုသော အခြင်းအရာအကြောင်း ပရိယာယ် အားဖြင့်။ န ဝဋ္ဋတိ၊မအပ်။

ဋီကာ၌လည်း။ ။''ပဋိဂ္ဂဟဏာသဒ္ဒေန ပန ပဋိဂ္ဂဟဏာသာဒိယနာနိပိ သင်္ဂဟိတာနိ'' ဟု မိန့်၏။ ။ပဋိဂ္ဂဟဏာသဒ္ဒေန ပန၊ ပဋိဂ္ဂဟဏာသဒ္ဒါဖြင့်ကား။ ပဋိဂ္ဂဟဏာ သာဒိယနာနိပိ၊သူတပါးကို ခံစေခြင်း သာယာသိမ်းဆည်းခြင်းတို့ကိုလည်း။ သင်္ဂဟိတာနိ၊ရေတွက်အပ်ကုန်၏။

ထိုသို့အဋ္ဌကထာ ဋီကာတို့၌ ဤဇာတရူပသိက္ခာပုဒ်၏ အနက် သဘောကို ထင်လင်းစွာဘွင့်ပြလျက်ရှိသောကြောင့် ရွှေ ငွေ မာသက ကဟာပဏ စသည်တို့ကို ကိုင်ခံခြင်းအနက်တပါးကို ဟော

သော ပဋိဂ္ဂဟဏသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် မိမိကိုယ်တိုင်သာ မကိုင်မခံအပ်။ သူတပါးကို ခံယူစေခြင်း သာယာခြင်းတို့၌ သိက္ခာပုဒ်မပျက်ဟုဆိုသော ထိုဆရာ တို့ ၏ စ ကား ကို ဤအဋ္ဌကထာဋီကာပါဌ်တို့ဖြင့် ပယ်လိုက်အပ်၏။ ထို့ကြောင့် ဒသဂ်သီလကို ခံယူဆောက်တည်သောသူသည် ခံယူဆောက်တည်ပြီးသော နောက်ကာလ၌ သူတပါးတို့က ပေးကမ်းစွန့်လှူသောအားဖြင့်လည်းကောင်း,တစုံတခုသော အကြောင်းဖြင့် လည်းကောင်း, ရသော ရွှေ ငွေ မာသက ကဟာပဏ အစရှိသော အကပ္ပိယဝတ္ထုတို့ကိုလည်းကောင်း, မိမိ၌ ရှိပြီးဖြစ်သော ရွှေ ငွေ မာသက ကဟာပဏ ဟုဆိုအပ်သော အကပ္ပိယဝတ္ထုကိုလည်းကောင်း, မိမိကိုယ်တိုင်လည်း မကိုင်မခံအပ်။ သူတပါးကိုလည်း မကိုင်မခံယူစေအပ်။ သာယာသိမ်းဆည်းခြင်းကိုမူလည်း မပြုအပ်။ ကိုယ်တိုင်ခံခြင်း, သူတပါးကိုခံယူစေခြင်း, သာယာ သိမ်းဆည်းခြင်းကို ပြုသောသူအား ဇာတရူပရဇတ ပဋိဂ္ဂဟဏ သိက္ခာပုဒ် ပျက်၏။ ကိုယ်တိုင်ခံခြင်း,သူတပါးကို ခံယူစေခြင်း,သာယာသိမ်းဆည်းခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော ဝိရတိစေတနာ သည် ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏီ မည်၏ဟုမှတ်။ ။ဤတွင် ဇာတရူပရဇတ ပဋိဂ္ဂဟဏာဝေရမဏီ ဟူသော ဒသမ သိက္ခာပုဒ်၏ အကျဉ်းဖြစ်သော အဆုံးအဖြတ်ပြီး၏။ ။ဤသရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလ အစရှိသော သီလက္ခန္ဓမဂ္ဂင်တို့ကို ရှေးဦးစွာ တည်စေရာ၏။ ။သီလဝိသုဒ္ဓိ၏နယ်တည်း။

သီလက္ခန္ဓမဂ္ဂင်ပြီး၏။

သမာဓိက္ခန္ဓမဂ္ဂင်, ပညာက္ခန္ဓမဂ္ဂင် တို့ကို ယောဂိပါရဂူကျမ်း၌ အစဉ်အတိုင်း ကြည့်ရှုတော်မူကြပါကုန်။ တနည်း စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိအစဉ်တို့ကိုလည်း ယောဂိပါရဂူကျမ်း၌ အစဉ်အတိုင်း ကြည့်ရှုတော်မူကြပါကုန်။ ယောဂိပါရဂူကျမ်းက ရေးခဲ့ပြီ။

မဂ္ဂသစ္စကဏ္ဍော စတုတ္ထော နိဋ္ဌိတော။

### ၉၉-ဤကျမ်း၌ အပြစ်ဒေါသ တို့ကို ပညာရှင်ကြီးတို့အား တောင်းပန်ခြင်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သဒ္ဒါအစဉ် အနက်အစဉ် တို့ဖြင့် "ကရိဿံ သစ္စပါရဂုံ" ဟု ဝန်ခံခဲ့ပြီးသောအတိုင်း ငါသည် အကျဉ်းအားဖြင့် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားဝေဘန်၍ နှောင်လာနောက်သား မျိုးလေးပါးတို့၏အကျိုးငှါ ရေးသားအပ်သော သစ္စပါရဂူကျမ်းကြီးသည် နိဂုံးကမ္ပတ် အပြီးသတ်ခြင်းသို့ ရောက်လေပြီ။ ထိုသစ္စပါရဂူကျမ်းကြီး၌ သတိချွတ်ချော်၍ မလျော်သော ပုဒ်, ပါဌ်, အက္ခရာ, သဒ္ဒါ, လိင်အန် စသည်တို့ကို အကြင်ပညာရှိအပေါင်းတို့သည် တွေ့ရှိကုန်ငြားအံ့။ ထို ပုဒ်, ပါဌ်, အက္ခရာတို့ကို ငါ့အားရင်း, သတ္တဝါတို့အားရင်း သနားသည်ကို အငင်းပြု၍ ကြည့်ရှုပြင်ဆင် ယူငင်သုံးဆောင်တော်မူကြစေကုန်သတည်း။

### ၁၀၀-ကျမ်းပြီးနိဂုံး။

မဇ္ဈိမ မဏ္ဍလဿ နိမိတ္တဘူတာယ သလ္လာဝတီ နဒိယာ မကုဋသဒိသဿ ကန္ဒိနဂရဿ ဒက္ခိဏအနုဒိသာဘာဂေ ဒွိယောဇနမတ္တေ ကမ်းပြုတိနာမကေ မဟာဂါမေ ဇာတိ ဝါဒေန အနုပကုဋ္ဌာ ဝိသာလကုလသမ္ဘဝါ ဥဋ္ဌာရ သဒ္ဓါဒိဂုဏသမ္ပန္နာ ရတနတ္တယာဘိမာမကာ အာဝသန္တိ မဟာကုလာ။

တေသု အနာကုလေန သုဇာတော သီလာဒိဂုဏောဟိ အနေကဂုဏသမ္ပန္နာနံ အမှာကံ အနန္တဂုဏင္ဌာနိယာနံ သေဋ္ဌာစရိယာနံ အန္တေဝါသိကော သောဘိတောတိ နာမေန သုပါကဋော ယော။

ကန္ဒိနဂရဿ ဒက္ခိဏအနုဒိသာဘာဂေ ဒက္ခိဏာ စလဿ မကုဋဘူတေ စေကုန္တိမဟာစေတိယဿ ဒက္ခိဏ အနုဒိသာဘာဂေ သုဝိသုဒ္ဓတလဘူမိပဒေသေ သုဝဏ္ဏသိမာရညဝိဟာရနာမကေ ဌာနေ အဋ္ဌိ သဗ္ဗသန္တာရမ္မဏာရာမော။

တသ္မိံ ပဌမသင်္ဂီတျာရုဠှ ဓမ္မရာဇုနော ဒက္ခိဏာဂေဟ နာယက ရတနမဟေသိမဏ္ဍာနံ နတ္တုဟိ ဘာတုဘဂိနီဟိ ကာရိတေ သုဇနာရာမေ ဝိဟာရေ ဝသန္တေန အနန္တဂုဏာသမ္ပန္နဿ အနန္တညာဏာဓိဝါသဿ အသင်္ချေယျဂုဏဂဏာဓာရဿ ဗုဒ္ဓဿ ဘဂဝတော ဩဝါဒေ သာသနေ မဏ္ဍဿင်္ဃေ သာကေ ဗဏ္ဍုဋ္ဌိကေ သမ္ပတ္တေ ဝေသာခမာသဿ ကာလပက္ခစတုဒ္ဒိနေ ဇေဋ္ဌေန စန္ဒေ သုယောဇိတေ စန္ဒရဒိနေ အယံ ဂန္ထော နိဋ္ဌင်္ဂတော အမှာကံ အဘိမာမကေဟိ သိဿေဟိ အာယာစိတော သုကာရိတော၊ သဒ္ဒါနံ ပါရင်္ဂတဟေတုဘူတတ္တာ သဒ္ဒါပါရဂူ နာမ ဟောတိ နာမေနာတိ။

မဇ္ဈိမ မဏ္ဍလဿ၊ အဝန်းယူဇနာ ကိုးရာ ရှိသော မဇ္ဈိမတိုက်ကြီး၏။ နိမိတ္တဘူတာယ၊ အရှေ့တောင်အရပ် အမှတ်တံဆိပ် နိမိတ်အပိုင်းအခြားဖြစ်၍ဖြစ်သော။ သလ္လဝတီ နဒိယာ၊ သလ္လဝတီ အမည်ရှိသော ချင်းတွင်းမြစ်၏။ မကုဋသဒိသဿ၊ အထွဋ်ဦးစိုက် မကိုက်တန်းဆာနှင့် အလားတူသော။ ကန္ဒိနာရဿ၊ ကန္ဒီမြို့၏။ ဒက္ခိဏ အနုဒိသာဘာဂေ၊ အနောက်တောင်ထောင့်အရပ် အဘို့ ရှိသော။ ဒွိယောဇနမတ္တေ၊ နှစ်ယူဇနာအတိုင်းအရှည် ရှိသော။ ကမ်းပြုတိနာမကေ၊ ကမ်းပြုအမည်ရသော။ မဟာဂါမေ၊ ရွာကြီး၌။ ဇာတိဝါဒေန၊ အမျိုးကိုစွဲ၍ဖြစ်သောစကားဖြင့်။ အနုပကုဋ္ဌာ၊ မသမ္မာအယူရှိသောသူတို့ ငြူစူချောက်ချား ပျက်ပြားအောင်မစွပ်စွဲနိုင်ကုန်သော။ ဝိသာလကုလသမ္ဘဝါ၊ ပြန့်ပြော မွန်မြတ်သော အမျိုး၌ ကောင်းစွာဖြစ်ခြင်း ရှိ ကုန် ထ သော။ ဥဠာရသဒ္ဓါဒိဂုဏသမ္ပန္နာ၊ မွန်မြတ်စင်ကြယ်သော သဒ္ဓါ စသော ဂုဏ်ကျေးဇူးတို့နှင့် တင့်တယ်ပြည့်စုံခြင်းရှိကုန်ထသော။ ရတနတ္တယာဘိမာမကာ၊ သုံးတန်သောရတနာ၌ လွန်စွာစုံမက် မ ရက် မ စက် မြတ်နိုးကုန် ထ သော။ မဟာကုလာ၊ မြတ်သောအမျိုးတို့သည်။ အာသဝန္တိ၊ မြဲမြံခိုင်ကြံ့ တည်တန့်စွာနေထိုင်ကြကုန်၏။

တေသု ကုလေသု၊ ထိုအမျိုးတို့၌။ အနာကုလေန၊ ဘေးရန်မမှောင့် နှောင့်ရှက်ခြင်း မရှိသဖြင့်။ သုဇာတော၊ ကောင်းစွာမွေးဖွါးသော။ သီလာဒိဂုဏောဟိ၊ သီလအစရှိသော ဂုဏ်တို့ဖြင့်။ အနေကဂုဏာသမ္ပန္နာနံ၊ တပါးမက များလှစွာသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်ထသော။ အမှာကံ၊ ငါတို့၏။ ဝါ၊ငါတို့အား။ အနန္တဂုဏာဌာနိယာနံ၊ အနန္တဂုဏ်ငါးပါးတို့တွင် တပါး အပါအဝင်ဖြစ်သော အရာ၌ တည်ကုန် ထသော။ သေဋ္ဌာစရိယာနံ၊ တောသုံးထောင်သေဋ္ဌနှင်း ခြသေ့ၤမင်း၏ပမာ ပရိယတ္တိ သာသနာ၌ရွှ ရှားခြင်း ကင်းကုန်သောဆရာမြတ်တို့၏။ ဝါ၊ အရည်ကင်ရတဂ်ါဒိ အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသော ဆရာမြတ်တို့၏။ အန္တေဝါသိကော၊ လက်ပါးထံရင်း အတွင်းနေ တပည့်ဖြစ်သော။ သောဘိတောတိ နာမေန၊ဆရာသခင် ကျေးဇူးရှင်တို့သည် ကြည်လင်လေးမြတ် မှည့်ခေါ်အပ်သော သောဘိတဟူသောအမည်ဖြင့်။ သုပါကဋော၊ ကောင်းစွာထင်ရှားသော။ ယော၊ အကြင်မထေရ်သည်။ အတ္ထိ၊ ရှိ၏။

တေနမယာ၊ထိုငါသည်။ [သုကာရိတောမှာစပ်]။ ကန္ဒီနဂရသ်၊ ကန္ဒီမြို့၏။ ဒက္ခိဏ အနုဒိသာဘာဂေ၊ အနောက်တောင်ထောင့် အရပ်မျက်နှာ အဘို့၌။ ဒက္ခိဏာစလသ်၊ ကန္ဒီမြို့အနောက်တောင် စဥ်းငယ်ယွန်းသော တောင်ကြီး၏။ မကုဋ္ဌဘူတေ၊ အထွတ်ဦးစိုက် မကိုဋ်တန်းဆာ သဘွယ်ဖြစ်၍ ဖြစ်သော။ စေကုန္တိမဟာစေတိယသ်၊ စေကုန်ဟူ၍ အမည်ရသော တောင်ညွန့်စေတီတော်ကြီး၏။ ဒက္ခိဏ အနုဒိသာဘာဂေ၊ အနောက်တောင်မျက်နှာအဘို့၌။ သုဝိသုဒ္ဓတလဘူမိပဒေသေ၊ ငွေပြားအဆင်းနှင့်တူသော သန့်ရှင်းသော သဲတို့ဖြင့် တန်းဆာဆင်အပ်သော မြေထူးမြေမြတ်အရပ်လည်း ဖြစ်ထသော။ သုဝဏ္ဏသီမာရည ဝိဟာရ နာမကေ၊ ရွှေသိမ်တော်တောရဟု အမည်ရသော။ ဌာနေ၊ အရပ်၌။ သဗ္ဗသန္တာရမ္မဏာရာမော၊ ခပ်သိမ်းကုန်သော သူတော်ကောင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော်စေတတ်သော တိုက်အရာမ်သည်။ အတ္ထိ၊ရှိ၏။

တသ္မိံ၊ ထိုအရညကင်ကျောင်း၌။ ပဌမသင်္ဂီတျာရုဠ္ဌ ဓမ္မရာဇ္ဇနော၊ ပဌမသင်္ဂါယနာတင်ဘုရင်မင်းတရားကြီး၏။ ဒက္ခိဏဂေဟနာယက ရတနမဟေသီမစ္ဆာနံ၊ လက်ယာဝင်းတော်မှူး ရတနာတောင်ညာဒေဝီ မဟေသီဘွဲ့ထူးရသော နန်းမတော်မိဖုရားခေါင်ကြီး၏ နာရီအတွင်းတော်ဝန် နန်းမတော်ဝန် အမတ်ကြီးတို့၏။ နတ္တုဟိ၊ မြေးရင်းအစစ် ဖြစ်ကြကုန်သော။ ဘာတုဘဂိနီဟိ၊မောင်တော်ကနောင်မြို့သူကြီး ဇနီးကျောင်းအမ တို့သည်။ ကာရိတေ၊ ကောင်းစွာချီးမြှောက် ဆောက်လုပ်လှူဒါန်းအပ်သော။ သုဇနာရာမေ၊ သူတော်ကောင်းတို့သည် မွေ့လျော်ရာဖြစ်သော။ ဝိဟာရေ၊ကျောင်း၌။ ဝသန္တေန၊ နေလေ့ရှိသော။ [တေနမယာ၌ ပြန်စပ်]။ အနန္တဂုဏသမ္ပန္နဿ၊ တစ်နှစ်ရေသုံး ဂဏန်းကျုံးလည်း မဆုံးမကုန်နိုင်သော ကျေးဇူးတော်အပုံ ဂုဏ်အပေါင်းနှင့်လည်း ပြည့်စုံတော်မူထသော။ အနန္တညာဏာဓိဝါသဿ၊ အဆုံးမရှိသော သဗ္ဗညုတညာဏ် အနာဝရဏ စသောဉာဏ်တို့၏ ကိန်းစက် တည်နေရာလည်း ဖြစ်တော်မူထသော။ အသင်္ချေယျ ဂုဏဂဏာ ဓာရဿ၊ ဂဏန်းသင်္ချေ မရေတွက်သာ များလှစွာသော ဂုဏ်တော်အပေါင်းတို့၏ စုဝေးတည်နေရာလည်း ဖြစ်တော်မူထသော။ ဘဂဝတော၊ ဇူဿရိယ ဒ္ဓစ ပယတ္တ အဆုံး ဘုန်းတော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူထသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သြဝါဒ၊ဩဟာကြားညွှန်ပြ ဆုံးမရာဖြစ်တော်မူသော။ သာသနေ၊ သာသနာတော်မြတ်သည်။ မန္တဃဋ္ဌေ၊ ၂၄၇၅-ခုနှစ်သို့။ [သမ္ပတ္တေ-မှာစပ်]။ သာကေ၊ မြန်မာ့ဝေါဟာ ဂေါဇာတွက်စစ် သက္ကရာဇ်သည်။ ဗဏ္ဏုဋ္ဌိကေ၊ ၁၂၉၃-ခုသို့။ သမ္ပတ္တေ၊ရောက်လတ်သော်။ ဝါ၊ ရောက်သောနှစ်၌။ ဝေသာခမာသဿ၊ ကဆုန်လ၏။ ကာလပက္ခစတုဒ္ဒိနေ၊ လဆုတ်ပက္ခ လေးရက်နေ့၌။ ဇေဋ္ဌေနှ၊ ဇေဋ္ဌနက္ခတ်နှင့်။ စန္ဒေ၊ လမင်းသည်။ သုယောဇိတေ၊ ကောင်းစွာယှဉ်ပြိုင်စဉ်။ ဝါ၊ ယှဉ်ပြိုင်ဆဲအခါ၌။ ဝါ၊ယှဉ်ပြိုင်ခဲ့သည့်ရှိသော်။ ဝါ၊ ယှဉ်ပြိုင်တုံးက။ စန္ဒရဒိနေ၊ တနင်းလာနေ့၌။ အမှာကံ၊ငါတို့၏။ ဝါ၊ငါတို့အား။ အဘိမာမကေဟိ၊ အလွန်မြတ်နိုးခြင်းရှိကုန်သော။ သိသော

ဟိ၊ တပည့်တို့သည်။ အာယာစိတော၊ အကြိမ်ကြိမ် ရှိသေစွာ တောင်းပန်အပ်သည်ဖြစ်၍။ သုကာရိတော၊ကောင်းစွာ စီရင်အပ်သော။ အယံဂန္ထော၊ဤကျမ်းကြီးသည်။ နိဋ္ဌံတော၊ အပြီးအဆုံး နိဂုံးကမှတ် သတ်ခြင်းသို့ ရောက်ခဲ့လေပြီ။ နာမေန၊ ကျမ်း၏နာမ အန္တတ္ထအားဖြင့်။ သစ္စာနံ၊ သစ္စာလေးပါး မြတ်တရားတို့၏။ ပါရင် တပေတုဘူတတ္တာ၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဟိုမှာဘက်ကမ်းသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ သစ္စပါရဂူ နာမ၊ သစ္စပါရဂူအမည်ထူးရှိသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသည် လျှင် နိဂုံးစကားတရပ် အပြီးသတ်သတည်း။

နိပုဏသုဒ္ဓစေတသာ၊ သုကာရိတံ ဣမံ ဂန္ထံ။
မမံဝသုဒ္ဓစေတသာ၊ သာဓု သုဒ္ဓေန ပဿန္တု။

ဝိပရီတမထျာဝတ္တဂါထာ။

သုနိပုဏော အယံ ဂန္ထော၊ နိဋ္ဌံတော အနာကုလံ။
အယံ ပဇ္ဇာ ဝေဓမေဝ၊ သဗ္ဗဒါ ဟောန္တု သုခိတာ။

တတိယရကာရဝိပုလာဂါထာ။

တေန ပုညကမ္မေန၊ အညေန ကုသလေန စ။
သီဃံ ပပ္ပေါမိ နိဗ္ဗာနံ၊ ဣဓမေဝ အနာကုလန္တိ။

ပထျာဝတ္တဂါထာ။

နိပုဏသုဒ္ဓစေတသာ၊ သိမ်မွေ့ဖြူစင်သောစိတ်ရှိသော။ သုဒ္ဓ စေတသာ၊စင်ကြင်သောစိတ်တရားဖြင့်။ မမံဝ မမဝေ၊အကျွန်ုပ်၏ သာလျှင်။ သုကာရိတံ၊ ကောင်းစွာစီရင်အပ်ပြီးသော။ ဣမံ ဂန္ထံ၊ ဤကျမ်းကို။ သာဓု၊သူတော်ကောင်းတို့သည်။ သုဒ္ဓေန၊ ကြည်လင် ယိုဖိတ် သဒ္ဓါစိတ်ဖြင့်။ ပဿန္တု၊ရှုကြပါကုန်လော။

သုနိပုဏော၊ကောင်းမြတ်သိမ်မွေ့လှစွာသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ အနာကုလံ၊နှောင့်နှေးခြင်းမရှိဘဲ။ နိဋ္ဌံတော၊ ပြီး

ဆုံးခြင်းသို့ရောက်သည်။ ဟောတိ ဇူဝ၊ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤ အတ္တသာလျှင်။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သုခိတာ၊ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဧတေန ပုညကမ္မေန စ၊ဤကျမ်းကိုရေးသားပြုပြင် စီရင်ရသော ကောင်းမှုကံကြောင့်ရင်း။ အညေန ကုသလေန စ၊ ဤကောင်းမှုမှ တပါး ကုသိုလ်အများကြောင့်ရင်း။ ဇူဓမေဝ၊ ဤယခုဘဝ ပစ္စက္ခ၌ သာလျှင်။ အနာကုလံ၊နှောင်းနှေးခြင်းမရှိသည်ဖြစ်၍။ သီဃံ၊ဆော လျင်စွာ။ နိဗ္ဗာနံ၊အသခ်ံတဓာတ် နိဗ္ဗာန်မြတ်သို့၊ ဇူတိပပ္ပေါမိ၊ဤသို့ ယခု မြတ်ကောင်းမှုကြောင့် ရောက်ရပါလို၏။

သစ္စပါရဂူကျမ်းပြီးပြီ။